www.burmeseclassic.com



## ဟစ်တလာ၏စစ်သူကြီး

# ဗိုလ်ချုပ်ကြီးရွှန်းမဲလ်

### ရဲဘော်ဝေသန်း

www.burmeseclassic.com

www.burmeseclassic.com

ဟစ်တလာ၏စစ်သူကြီးဗိုလ်ချုပ်ကြီးရွှန်းမဲလ်၊ ရဲဘော်ဖေသန်း
စာမျက်နှာ ၄၁၇ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဟိုးရိုင်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဧပြီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀။
၁၉၆၆ စပယ်ဖြူစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၅၀၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

စိတ်ကူးချိုချိုစာအုပ်

# ဟစ်တလာ၏စစ်သူကြီး ဗိုလ်ချုပ်ကြီးရွှန်းမဲလ်

## ရဲဘော်ဖေသန်း



ပထမအကြိမ်၊ ၂၀၁၈

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ကျွန်ုပ်သည် တပ်သားများထံမှ ကျွန်ုပ်ပေးသောအမိန့်ကို ခြွင်းချက်မရှိ နာခံရန် အမြဲတမ်းတောင်းဆိုခဲ့၏။

ကျွန်ုပ်ကိုယ်တိုင်လည်း အထက်မှပေးသော အမိန့်ကို ခြွင်းချက်မရှိ နာခံရန် အမြဲတမ်း ကြိုးစားခဲ့၏။

ရွှန်းမဲလ်

www.burmeseclassic.com

www.burmeseclassic.com



"ကမ်းခြေစခန်းမှ စစ်ထိုင်တိုက်နေလို့ ဘယ်ရေကြောင်း ဗိုလ်ချုပ်မှ ရေကြောင်းတိုက်ပွဲတွေကို နိုင်နိုင်မယ် မဟုတ်ဘူး"

ရွှန်းမဲလ်



## မှီငြမ်းပြုသော စာအုပ်များ


* ROMMEL
  by
  Desmond Young
* ALAMEIN
  by
  C.E.Lucas Phillips
* THE FOXES OF THE DESERT
  by
  Paul Carell
* WITH ROMMEL IN THE DESERT
  by
  Heinz Werner Schmidt
* THE FATAL DECISIONS
  by
  Richardson and Freidin
* HELF. MAN. HALF. TANK.
  FIELD MARSHAL ROMMEL.
  by
  Jules Archer


www.burmeseclassic.com

www.burmeseclassic.com



## ဤသို့ မြန်မာပြန်သည်

DESMOND YOUNG ၏ ROMMELကို ကျောရိုးပြု၍ ရှေ့တွင် ဖော်ပြထားသည့် စာအုပ်များမှ ဆီလျော်အောင် ဖြည့်စွက်ပြန်ဆိုသည်။

ရဲဘော်ဖေသန်း



## ဤစာအုပ်တွင် အသုံးပြုသော ဝေါဟာရ

| | | |
|---|---|---|
| (F.Marshal) | Army | တပ်မတော် (ဗိုလ်မှူးချုပ်) |
| (Lt. Gen) | Corps | တပ်မကြီး (ဗိုလ်ချုပ်ကြီး) |
| (Mrj-Gen) | Div | တပ်မ (ဗိုလ်ချုပ်) |
| (Bring) | Bde | တပ်ပေါင်း (ဗိုလ်မှူးချုပ်) |
| (Lt.Col) | Bn (Regt) | တပ်ရင်း (ဒု-ဗိုလ်မှူးကြီး) |
| (Maj) | Coy (Bty) | တပ်ခွဲ (ဗိုလ်မှူး) |
| (Lt) | Pl | တပ်စု (ဗိုလ်) |

□

www.burmeseclassic.com

www.burmeseclassic.com



သို့....

တပ်မှူးအားလုံးနှင့် ဦးစီးအရာရှိချုပ်များ။

မှ....

စစ်ဌာနချုပ်
ဗြိတိသျှမစ္ဈိမအရှေ့ပိုင်းတပ်။

..........................................................................................

ရွှန်းမဲလ်သည် သာမန် ဂျာမန်စစ်ဗိုလ်ချုပ် ရိုးရိုးထက်ပိုပြီး တန်ခိုးအာနိသင်ရှိသူဟု ယုံမှတ် စွဲလမ်းနေခြင်းကို သင်တို့ အတတ်နိုင်ဆုံး ပယ်ဖျောက်စေလိုသည်။

အရေးအကြီးဆုံးအချက်မှာ ယခုအခါ လစ်ဗီးယားမှ ရန်သူ့အကြောင်းပြောတိုင်း ရွှန်းမဲလ်အကြောင်း မပါမပြီး ဖြစ်မနေရန် သတိထားရမည်။

ငါတို့သည် "ဂျာမန်"သို့မဟုတ် "ဝင်ရိုးတန်းအင်အားစု"သို့မဟုတ် "ရန်သူ"ဟူ၍သာ ရည်ညွှန်း ပြောဆိုအပ်သည်။

ဤအမိန့်ကို ချက်ချင်း လိုက်နာကြပါစေ။ ဤကိစ္စသည် စိတ်ဓာတ်ဘက်မှကြည့်လျှင် အရေးအကြီးဆုံးပင်ဖြစ်ကြောင်း တပ်မှူးအားလုံး လေးလေးနက်နက် နားလည်ပါစေ"

(ပုံ) စီရေျ အော့ချင်လက်
ဗိုလ်မှူးချုပ်
စစ်သေနာပတိ မစ္ဈိမအရှေ့ပိုင်းတပ်

## မာတိကာ

### အပိုင်း (၁)


၁။ အညတရ ရဲဘော်ကလေးများ၏ ဗိုလ်ချုပ်ကြီးရွှန်းမဲလ် ၃
၂။ စစ်နှစ်စစ်အတွင်းမှ ရွှန်းမဲလ် ၄၂
၃။ ရွှန်းမဲလ်နှင့် အမျိုးသားဆိုရှယ်လစ်ဝါဒ ၅၉
၄။ ရွှန်းမဲလ်နှင့် ဟစ်တလာ ၆၄
၅။ မမြင်သော်လည်း အကန်းမဟုတ် ၉၁
၆။ စစ်သည်တော်ရွှန်းမဲလ်နှင့် ပလ္လင်ပေါ်ကစစ်သားများ ၉၉
၇။ ရွှန်းမဲလ်နှင့် ဝေဘဲလ် ၁၀၄
၈။ ခရူးဆိတ်ဒါစစ်ဆင်ရေး ၁၂၅
၉။ အဲလစ်ဇင်းဒီရီးယားမှခ်ဦးသို့ ၁၃၈
၁၀။ ရန်သူကောင်းတစ်ယောက်၊ မိတ်ဆွေကောင်းတစ်ရာ ၁၅၀
၁၁။ ရွှန်းမဲလ်နှင့် အရာရှိလောက ၁၆၅
၁၂။ ရွှန်းမဲလ်နှင့် အီတာလျံတပ်သားများ ၁၆၈
၁၃။ လူကြီးလူကောင်းတို့၏ စစ်ပွဲ ၁၇၂
၁၄။ ရွှန်းမဲလ်ဆန့်ကျင်သည့် ဟစ်တလာ၏ ကမ္ဘာကျော်အမိန့် ၁၇၈
၁၅။ ပြည်ဖုံးကားချ အာဖရိက ၁၈[illegible]


www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (၂)


၁၆။ ရွှန်းမဲလ်နှင့် အတ္တလန္တိတ်တံတိုင်း ၂၁၉
၁၇။ ရွှန်းမဲလ်နှင့် မိုင်းဗုံးများ ၂၄၁
၁၈။ ရွှန်းမဲလ်နှင့် ရန်းစတက် ၂၄၈
၁၉။ ရွှန်းမဲလ်နှင့် အနီးကပ်ထိုးဆင်းလာသော လေယာဉ်တစ်စီး ၂၆၇
၂၀။ ရွှန်းမဲလ်နှင့် နိုင်ငံရေးသမားများ ၂၇၇
၂၁။ ရွှန်းမဲလ်နှင့် တော်လှန်ရေးသမားများ ၂၈၆
၂၂။ ရွှန်းမဲလ်နှင့် နိုင်ငံတော်သမ္မတရာထူး ၂၉၅
၂၃။ ရွှန်းမဲလ်နှင့် ငြိမ်းချမ်းရေးခေါ်သံ ၃၀၀
၂၄။ ရွှန်းမဲလ်နှင့် လူသတ်သမား၏ ခြေရာ ၃၀၇
၂၅။ ရွှန်းမဲလ်နှင့် ဂက်စတာပို ဗိုလ်ချုပ်ကြီးနှစ်ဦး ၃၁၄
၂၆။ ရွှန်းမဲလ်နှင့် တစ်လမ်းသွားခရီး ၃၂၉
၂၇။ ရွှန်းမဲလ်နှင့် နိုင်ငံတော် ဈာပန ၃၃၅
၂၈။ ရွှန်းမဲလ်နှင့် ရွှန်းမဲလ်၏ လျှောင်းစက်ရာမြေ ၃၅၁
၂၉။ ရွှန်းမဲလ်နှင့် ရွှန်းမဲလ်၏ ကျောက်ဆစ်ရုပ်တု ၃၅၅
၃၀။ ရှုထောင့် အထွေထွေမှ ရွှန်းမဲလ် ၃၆၉
၃၁။ ဗိုလ်ချုပ်ကြီးနှစ်ဦး၏ စစ်စွမ်းရည် နှိုင်းယှဉ်ချက် ၄၁၃
– ဘာသာပြန်သူ၏ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ် ၄၁၇


❑

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

## အညတရ ရဲဘော်ကလေးများ၏ ဗိုလ်ချုပ်ကြီးရှွန်းမဲလ်

မည်သည့်စစ်ပွဲ၊ မည်သည့်စစ်မျက်နှာတွင်ဖြစ်စေ တစ်ဖက်ရန်သူ ကြည်ညိုလေးစားလာအောင် စွမ်းဆောင်နိုင်သော ဗိုလ်ချုပ်မျိုးမဆိုထားဘိ မိမိအုပ်ချုပ်သောတပ်မှ အရာရှိ၊ အကြပ်၊ တပ်သားများ ကြည်ညိုလေးစား လာအောင် စွမ်းဆောင်နိုင်သော ဗိုလ်ချုပ်ဦးရေသည်ပင်လျှင် ဗိုလ်ချုပ်ကြီးများ ထင်ကြေးပေးလိုသော အရေအတွက်ထက် နည်းပါးပေသည်။

ပထမကမ္ဘာစစ်ကြီးအတွင်းတွင် ဗြိတိသျှတပ်သားကလေးများ သည် မိမိတို့၏ တပ်မမှူးအမည်ကိုပင် မသိကြဟု အဆိုရှိသည်။ ထိုစကား မှာ မှန်သင့်သလောက် မှန်ပေသည်။

အကြပ် တပ်သား ရဲဘော်ကလေးများ အမှတ်တရဖြစ်နေသည့် ထိပ်တန်းအရာရှိ ဦးရေကော မည်ရွေ့မည်မျှ ရှိလေသနည်း။

ထို ရှားရှားပါးပါး စာရင်းထဲတွင် ပထမကမ္ဘာစစ်ကြီးအတွင်းက ဗိုလ်ချုပ်ကြီးဟိဂ်၏ အမည်ကို ကြားဖူးကြသည့် အကြပ်တပ်သား အမြောက် အမြား ရှိခဲ့သည်။ အဘယ်ပုံကြားဖူးခဲ့ကြသနည်း၊ စစ်ကြီးပြီးငြိမ်း၍ တပ်ပျက် ကာမှပင် အသက်မသေ ကျန်ရစ်သူများက ဗိုလ်ချုပ်ကြီးဟိဂ်၏ စေတနာနှင့် လုပ်ဆောင်ချက်များကို သိခွင့်ရကြသည့် နောင်မှသိသော သိခြင်းမျိုးသာလျှင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျှင် ဗိုလ်ချုပ်ကြီး ပလူးမားနှင့် ဗိုလ်ချုပ်ကြီးအဲလင်ဘီတို့ကော လူချစ်လူခင် ပေါများသော ဗိုလ်ချုပ်များ မဟုတ်ပေဘူးလားဟု စောဒက တက်ဖွယ်ရှိပါ၏။

မှန်သည်။ ယင်း ဗိုလ်ချုပ်ကြီးများသည်လည်း အကြပ်တပ်သား ရဲဘော်ကလေးများ၏ ချစ်ကြည်လေးစားမှုကို အထိုက်အလျောက် ခံယူနိုင်ခဲ့ကြသော ဗိုလ်ချုပ်ကြီးများဖြစ်ကြောင်း ဝန်ခံရပေမည်။

သို့သော် ဗိုလ်ချုပ်ကြီးဘင်း၊ ဗိုလ်ချုပ်ကြီးရော်လင်ဆင်နှင့် အခြားအခြားသော ဗိုလ်ချုပ်ကြီးများကိုမူ အရည်ပြည့်အသွေးမီ ဗိုလ်ချုပ်ကြီးများဖြစ်ကြပါလျက် အကြပ်တပ်သားများက မိမိတို့အား အုပ်ချုပ်သွားသည့် ဗိုလ်ချုပ်ကြီးများအဖြစ်ပင် သိလိုက်ကြပါ၏လော။

ဗြိတိသျှစစ်ဘက်ထိပ်တန်း အရာရှိကြီးများစာရင်းတွင် ရဲဘော်ကလေးများက သူ့ရဲကောင်းကြီးများအဖြစ် မြင်သော ဗိုလ်ချုပ်များ လုံးဝမရှိဟူ၍တော့မဟုတ်၊ ရှိပါ၏။

ဗိုလ်ချုပ်ကြီး ဝဲလင်တန်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးမှသည် လော့မောင်ဂိုရီ*လို ပုဂ္ဂိုလ်ကြီးအထိ ဝေးဝေးလံလံ ပြန်လည်တွက်စစ်လျှင်မူကား လူဆန်းကြီး ဆာ ရက်ဒ်ဗားဘူးလားလို ပုဂ္ဂိုလ်မျိုးကိုလည်း ထည့်တွက်ရပေလိမ့်မည်။

ဒုတိယကမ္ဘာစစ်ကြီး အတွင်းကလည်း ဗိုလ်ချုပ်ကြီး 'မွန်တီ' မောင်ဂိုမာရီနှင့် ဗိုလ်ချုပ်ကြီး ဘီလ်စလင်း၊ ဗိုလ်ချုပ်ကြီး ဒစ်ကီမောင့်ဘက်တန်တို့သည်း အခြား အခြားသော ဗိုလ်ချုပ်များထက် အကြပ်တပ်သားများ၏ ခင်တွယ်မှုကို ရယူနိုင်သကဲ့သို့ မည်သူမျှ တွေးထင်မိကြမည်မဟုတ်သော ဗိုလ်ချုပ်ကြီး အဲလစ်ဇင်းဒါးသည်လည်း အကြပ်တပ်သားများ၏ ချစ်ခင်မှုကို အနည်းအများ ရယူနိုင်ခဲ့သော ဗိုလ်ချုပ်တစ်ဦးပင် ဖြစ်ပေသည်။

ထို့အတူ ဗိုလ်ချုပ်ကြီး ဝေဘဲလ်ကိုလည်း စကားအလွန်နည်း၍ ဘာသိဘာသာနေတတ်သည့်ကြားမှ ၎င်း၏ဦးဆောင်မှု အရည်အချင်းကို အကြပ်တပ်သားများ သံသယမရှိ ယုံကြည်ခဲ့ကြသည်။

* Sir Roger de Montgomery William the Conqueror (ခေတ်မှ)



ထိပ်တန်း ဗိုလ်ချုပ်ကြီးများအဆင့်မှ ဒုတိယတန်းအဆင့် ဆင်းကြည့်လျှင်လည်း ဗွတ်(စ)ကင်းဘဲလ် စသော အရာရှိများအပြင် အခြားစစ်မျက်နှာများတွင် အကြပ်တပ်သားများ၏ တွယ်တာမှုကို ရယူနိုင်ခဲ့ကြသော အရာရှိများ ရှိကြဦးမည်မှာ သံသယမရှင်းဖွယ် မလိုပြီ။

သို့သော် ရဲဘော်ကလေးများ၏ အကြွင်းမဲ့ ယုံကြည်လေးစားခင်မင်ခြင်းခံရသော ရာနှုန်းပြည့် အချစ်တော် ဗိုလ်ချုပ်မျိုးကား ရှားပါးလှပေသည်။ ထို့ထက် တစ်ဆင့်တက်၍ မိမိတပ်မတော်ကသာမက တစ်ဖက်ရန်သူ အကြပ်တပ်သားအရာရှိအားလုံးကပါ ကြည်ညိုလေးစားခြင်းခံရသော ဗိုလ်ချုပ်မျိုးဆိုလျှင်မူ မရှိသလောက် ရှားပေသည်။

ထို မရှိသလောက် ရှားသည့် ဗိုလ်ချုပ်အမျိုးအစားထဲတွင် ထူးထူးခြားခြား စံထားထိုက်သည့် ပုဂ္ဂိုလ်ကား ဗိုလ်ချုပ်ကြီး **ရွှန်းမဲလ်** ပါတည်း။

ရှေ့တွင်ဖော်ပြခဲ့သော ဗိုလ်ချုပ်မှူး အော့ချင်လက်၏ ညွှန်ကြားချက်ကို ကိုင်ရိုမြို့တွင်ထုတ်ပြန်စဉ်က အရာရှိလောကတွင် အတော်ပင် ဂယက်ရိုက်သွားခဲ့သည်။

ထိုညွှန်ကြားချက်ကို ထုတ်သင့်သည်ဟူ၍ ထောက်ခံခဲ့သူများရှိသကဲ့သို့ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချသူများလည်း မနည်းလှပါပေ။

သို့သော် ဗိုလ်ချုပ်မှူး အော့ချင်လက်၏ ညွှန်ကြားချက်သည် မထုတ်မဖြစ်သော ညွှန်ကြားချက်ဖြစ်သည်။ စင်စစ် ထို့ထက်ပင် အချိန်စော၍ ထုတ်သင့်ပေသည်။

ထိုညွှန်ကြားချက်မထုတ်ခင်ကပင် ရွှန်းမဲလ်သည် အကျော်ကြားကြီး ကျော်ကြားနေခဲ့ပြီး တစ်ဖက်ရန်သူ အထင်ကြီးအောင် ပြုလုပ်ထားနိုင်ပြီဖြစ်၍ အမေရိကန် စစ်သတင်းထောက်များသာမက ကိုင်ရိုမြို့ပေါ်ရှိ ဗြိတိသျှကို လိုလားသော ပုဂ္ဂလိကပိုင်သတင်းစာများကပါ ရွှန်းမဲလ်၏ ဂုဏ်သတင်းများကို ရှေ့တန်းတင်၍ အလွန်အကျွံ ရေးနေသည့်အထိ အခမဲ့ ဝါဒဖြန့်ချိမှုကိုပင် ရရှိနေပေပြီဖြစ်၏။

ထိုသို့ သတင်းစာများက လက်လွန်ခြေလွန် ရေးသားမှုကြောင့် ရွှန်းမဲလ်ဆိုလျှင် မသိသူမရှိသလောက် ဖြစ်နေရုံမျှမက မဇ္ဈိမအရှေ့တစ်ခွင်

www.burmeseclassic.com

www.burmeseclassic.com



တွင် အကျော်ကြားဆုံး ပုဂ္ဂိုလ်တစ်ယောက်ပင် ဖြစ်နေပြီဆိုလျှင်လည်း ဝေးဝေး လံလံ မှားနိုင်လှမည် မဟုတ်ချေ။

ကျွန်ုပ်တို့၏တပ်သားများက ရွှန်းမဲလ်ကို "ဒီ....ရွှန်းမဲလ်"ဟု ချစ်စနိုးခေါ်နေကြ၏။ ထိုနာမည်မှာ အာဖရိကကိုး တပ်သားများက ၎င်းတို့၏ဗိုလ်ချုပ်ကြီးရွှန်းမဲလ်ကို ချစ်စနိုးခေါ်သည့်နာမည်အတိုင်း တစ်သဝေမတိမ်း သံယောင်လိုက် ခေါ်နေကြခြင်းဖြစ်ကြောင်း မကြာခင်ကမှ ကျွန်ုပ်သိခဲ့ရ၏။

ထိုသို့ ကျွန်ုပ်တို့၏ တပ်သားများက ရန်သူ ဗိုလ်ချုပ်တစ်ယောက်အား ရန်သူတပ်သားများ ချစ်စနိုးခေါ်သည့် လေသံအတိုင်း သံယောင်လိုက်နေကြရုံမျှမက မကြာမကြာ "ဒီနေရာမှာတော့ ရွှန်းမဲလ်ကို သွားမစမ်းနဲ့ဟေ့" "ဟိုနေရာမှာတော့ ရွှန်းမဲလ်ကို အရှုံးပေးရမယ်ကွ" စသည့် နောက်ဆက်တွဲကလေးများပင် ရွှန်းမဲလ်၏ ချစ်စနိုးနာမည် နောက်တွင် ဖြည့်စွက်၍ ကောက်ချက်ချနေလိုက်ကြသေး၏။

ထိုသည်တို့ကို ကြည့်ခြင်းဖြင့်ပင် ကျွန်ုပ်တို့တပ်သားများ၏ စိတ်ဓာတ်ရေးရာ အခြေအနေအမှန်ကို စိတ္တဗေဒပညာရှင်များ၏ အကူအညီကို မယူဘဲနှင့် အကဲခတ်နိုင်လောက်ပေပြီ။

အမှန်လည်း စိတ်ဓာတ်ရေးရာအရ အရေးနိမ့်ခဲ့ရပါ၏။ သဲကန္တာရထဲသို့ နောက်မှရောက်လာသော လူသစ်များသာမက "သဲကန္တာရကြွက်"ဟု နာမည်ရနေသော တိုက်ရည်ဝ လူဟောင်းအချို့ကပင် တိုက်ပွဲတွင် အရေးနိမ့်လာလျှင် "ကျွန်တော်တို့ ဂျာမန်တွေနဲ့ ရင်ဆိုင်တိုးခဲ့ရလို့ပါ"ဟု အစီရင်ခံလိုက်ရုံဖြင့် အရေးနိမ့်လာရခြင်းသည် ၎င်းတို့အပြစ်မဟုတ်ကြောင်း ခိုင်လုံသော အကြောင်းပြချက်အဖြစ် မှတ်ယူနေကြ၏။

နောက်ဆုံး ရွှန်းမဲလ်နှင့် အာဖရိကကိုး ဗြိတိသျှ တပ်တွင်း စိတ်ဓာတ်ရေးရာ အခြေအနေမှန်သိရှိသွားလျှင် အလွန်အကျွံ စိတ်ဓာတ်တက်ကြွသွားမည့် အန္တရာယ်မျိုး ပေါ်ပေါက်လာမည်ကိုပင် စိုးရိမ်နေရ၏။

စင်စစ် ကျွန်ုပ်တို့ အီတာလျံများအပေါ် အလွယ်တကူ အောင်ပွဲခံနိုင်လိုက်ခြင်းသည်ပင်လျှင် ကျွန်ုပ်တို့အတွက် ကောင်းလှသည်မဟုတ်ပေ။

သတင်းစာများက ရွှန်းမဲလ်ကို ချီးမြှောက်၍ အလွန်အကျွံ ရေးနေ



သည်ကား မှန်ပါ၏။

သို့သော် ရွှန်းမဲလ် ထိုမျှ မြန်မြန်ဆန်ဆန် နပိုလီယံ ဖြစ်မှန်းမသိ ဖြစ်သွားရသည်ကိုလည်း စဉ်းစားစရာ ဖြစ်နေ၏။

နပိုလီယံဘုန်းလက်ရုံး လျှမ်းလျှမ်းတောက်စဉ်က နပိုလီယံနာမည်ကြားရုံဖြင့် ကျောချမ်းခဲ့ကြသကဲ့သို့ ယခုလည်း တပ်နောက်ပိုင်းနယ်များနှင့် ကိုင်ရိုမြို့ရှိ အရပ်သူအရပ်သားများက ရွှန်းမဲလ် နာမည်ကြားရုံဖြင့် ကျောစိမ့်အောင် သိမ့်သိမ့်တုန်နေကြသည်။ ရှေ့တန်းစစ်မျက်နှာတွင် တိုက်ပွဲဝင်နေရသူများအဖို့ဆိုလျှင်မူကား ဆိုဖွယ်မရှိပြီ။

ရွှန်းမဲလ် မြောက်အာဖရိကစစ်မျက်နှာသို့ ဝင်ရောက်လာပုံမှာ မထင်မရှား ဝင်ရောက်လာခြင်းမျိုး မဟုတ်ပေ။ စထွက်ကတည်းက ခပ်ကြမ်းကြမ်းခပ်ရမ်းရမ်း ဝင်လာသူဖြစ်သည်။

သို့စဉ်လျက် ကျွန်ုပ်တို့ထောက်လှမ်းရေးဌာနက ရွှန်းမဲလ်၏ အရပ်သားဘဝ ကိုယ်ရေးရာဇဝင်ကိုလည်းကောင်း၊ စစ်မှုထမ်းဘဝ ကိုယ်ရေးရာဇဝင်ကိုလည်းကောင်း သိခဲ့သည်မဟုတ်ပေ။ အပြောလွတ် သိသည်ဆိုရုံမျှ သိထားခြင်းမျိုးသာလျှင် ရှိ၏။

ထိုသို့ဖြစ်ရသည်မှာလည်း ရန်သူတပ်မှူးများ၏ အရည်အချင်းကို ဗြိတိသျှတပ်မှူးများ ကြိုတင်ခန့်မှန်းနိုင်ရန်အတွက် ဂျာမန်တပ်မှူးများ၏ ကိုယ်ရေးရာဇဝင် မှတ်တမ်းများ ရရှိရေးတွင် မဟာမိတ်ဖြစ်သော ပြင်သစ်ကို အများဆုံး အားကိုးနေရခိုက် ရုတ်တရက် ပြင်သစ်ပြည် ရန်သူလက်တွင်းသို့ ကျရောက်သွားသဖြင့် သတင်းရရှိနေသော ပြင်သစ်စစ်ဝန်ကြီးဌာနနှင့် အဆက်အသွယ် ပြတ်သွားခဲ့ရခြင်းကြောင့် ဖြစ်လေသည်။

ထိုသို့ဖြင့် စစ်ရုံးက ရွှန်းမဲလ်၏ ကိုယ်ရေးရာဇဝင်နှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးဝေဘဲလ်နှင့် ၎င်း၏ စစ်ဦးစီးအဖွဲ့အား မရေရာသော သတင်းများကိုသာလျှင် ပေးနိုင်ခဲ့လေသည်။

စစ်ရုံးမှ စုဆောင်းရမိသော သတင်းများအရ ရွှန်းမဲလ်သည် စိတ်ဓာတ်ပြင်းထန်သူတစ်ယောက်ဖြစ်ပြီး ပထမကမ္ဘာစစ်ကြီးအတွင်းတွင် နာမည်ရသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်ဟူ၍လည်းကောင်း၊ ပြင်သစ်စစ်ပွဲတွင် တပ်မတစ်တပ်ကို သီးခြားအုပ်ချုပ်ခွင့်ရသော တပ်မှူး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အဖြစ် ပါဝင်ခဲ့သည်ဟူ၍လည်းကောင်း ဆိုထား၏။

သို့သော် ဂျာမန်ထိပ်တန်း ဗိုလ်ချုပ်များစာရင်းတွင် မပါဝင်ဟု သတင်းပေးထား၏။ ထိုတွင်မက ရွှန်းမဲလ်အား အာဖရိကစစ်မျက်နှာသို့ ရွေးချယ်စေလွှတ်လိုက်သည်မှာလည်း နာဇီပါတီဝင်တစ်ဦးဖြစ်သဖြင့် မျက်နှာလိုက်၍ ရွေးချယ်လိုက်ခြင်းဖြစ်သည်ဟု ဆိုထားပြန်လေ၏။

သို့ဖြစ်ရကား ဗိုလ်ချုပ်ကြီး ဝေဘဲလ်၏ လက်ဝယ်သို့ ရောက်ရှိလာသော စစ်ရုံးမှသတင်းများမှာ ယေဘုယျဖြစ်လွန်းရုံမျှမက မှန်လည်း မမှန်ကန်ချေ။

ရွှန်းမဲလ်၏ ဇာတိ၊ အရပ်သားဘဝ ကိုယ်ရေးရာဇဝင်၊ စစ်မှုထမ်းဘဝ ကိုယ်ရေးရာဇဝင်များကို မည်သူမျှ ခိုင်ခိုင်လုံလုံ သိရှိထားဟန်မတူဘဲ လုပ်ကြံဇာတ်လမ်းများကိုသာ ပြောဆိုရေးသားနေကြ၏။ ထိုသို့ မဟုတ်မဟာတ်လုပ်ကြံရေးသားနေသူများအနက် ထင်ရှားသော သာဓကတစ်ရပ်မှာ Defeat in the West ဟု ဆိုသော စာအုပ်တွင် ရွှန်းမဲလ်သည် ဂိုရင်း၊ ဟက်စ်၊ ရိုးအင်မ်၊ ဘောမင် စသော လူစုနှင့်အတူ လွတ်လပ်ရေးတပ်ဖွဲ့* ဝင်တစ်ဦးဖြစ်ကြောင်း၊ လွတ်လပ်ရေးတပ်ဖွဲ့ဆိုသည်မှာလည်း ၁၉၁၈ ခုနှစ် စစ်ပြေငြိမ်းပြီးသည့်နောက် ဂျာမနီတွင် ပေါ်ပေါက်လာသော မငြိမ်သက်မှုများကို နှိမ်နင်းရာမှ တစ်စစ ပိုမိုကြမ်းကြုတ်လာသည့် တာဝန်မဲ့ လူရမ်းတစ်စု၏ အဖွဲ့အစည်းသာလျှင်ဖြစ်ပြီး နောင်တွင် ပေါ်ပေါက်လာမည့် လူသတ်ဂိုဏ်းများဖြစ်ကြသော သူလျှိုတပ်နှင့် မုန်တိုင်းတပ်*များအတွက် သစ္စာရှိ ခေါင်းဆောင်များပေါ်ထွက်လာရာ လူစုလည်းဖြစ်ကြောင်း ရေးသားထားပေသည်။

အချို့သော သတင်းများကလည်း ရွှန်းမဲလ်သည် အလုပ်သမားကြီးတစ်ဦး၏ သားဖြစ်သည်ဟူ၍ဆိုပြီး အချို့ကလည်း ရွှန်းမဲလ်သည် ပထမကမ္ဘာစစ်ကြီးအတွင်းက သာမန်ရဲဘော်ကလေးဘဝမှ တက်ခဲ့ရသော အကြပ်တစ်ဦးဖြစ်သည်ဟူ၍လည်းကောင်း၊ စစ်နှစ်စစ်အကြားတွင် ရဲအဖွဲ့ဝင်တစ်ဦးမျှသာ ဖြစ်သည်ဟူ၍လည်းကောင်း အမျိုးမျိုး ရေးသားခဲ့ကြလေသည်။

---

* Free Corps

* Hitlerite S.A. and S.S.



သို့သော် ရွှန်းမဲလ်၏ကိုယ်ရေးရာဇဝင် အစစ်အမှန်မှာမူကား အများခြယ်မှုန်းထားသကဲ့သို့မဟုတ်၊ ရှုပ်ထွေးပွေလီခြင်းမရှိ၊ ရိုးရိုးရှင်းရှင်းကလေးမျှသာ ဖြစ်သည်။

ရွှန်းမဲလ်သည် ဂျာမန်တပ်မတော်ထဲသို့ ဝင်ရောက်အမှုထမ်းသည့်နေ့မှစ၍ အရာရှိအဖြစ် ဝင်ရောက်လာသူဖြစ်ပြီး သေသည့်တိုင် တပ်မတော်မှ ထွက်ခဲ့ခြင်းမရှိကြောင်း ရွှန်းမဲလ်၏ စစ်မှုထမ်းမှတ်တမ်းတွင် အထင်အရှား တွေ့မြင်ရမည် ဖြစ်၏။

ရွှန်းမဲလ်သည် မည်သည့်အခါမှ ရဲအဖွဲ့ဝင်တစ်ယောက် မဖြစ်ဖူး သကဲ့သို့ လွတ်လပ်ရေးတပ်ဖွဲ့တွင်လည်း ပါဝင်ဖူးခြင်းမရှိ၊ မုန်တိုင်းတပ်သား ဖြစ်ရန်မဆိုထားဘိ၊ နာဇီပါတီကိုပင် ဝင်ဖူးသူမဟုတ်ပေ။ ဟစ်တလာနှင့် သိကျွမ်းခဲ့ကြခြင်းမှာလည်း ကံအားလျော်စွာ တွေ့ကြပြီး ရင်းနှီးခဲ့ကြခြင်းသာ ဖြစ်သည်။

ထိုသို့ ရွှန်းမဲလ်အကြောင်း ရေးသားထားသည့် ယုံတမ်းပုံပြင်အချို့ကိုမူ မည်သည့်နေရာမှ ပေါ်ပေါက်လာခဲ့ကြောင်း ခဲရာခဲဆစ် ရှာဖွေရန်ပင်မလိုဘဲ အလွယ်တကူ တွေ့ရှိနိုင်ပါ၏။

၁၉၄၁ ခုနှစ် နွေရာသီ၌ ဝါဒဖြန့်ချိရေးဌာနတာဝန်ခံ ဂိုးဘဲလ်၏ ဒက်စ်ရိုက်ချ်သတင်းစာတွင် အမည်မဖော်လိုသူ ဆောင်းပါးရှင်တစ်ဦးက ရွှန်းမဲလ်သည် အလုပ်သမားကြီးတစ်ဦး၏ သားဖြစ်ကြောင်း၊ ပထမကမ္ဘာစစ်ကြီးအပြီးတွင် တပ်မတော်မှထွက်၍ တူဘင်ဂင်တက္ကသိုလ်၌ ပညာဆက်လက်ဆည်းပူးကြောင်း၊ ရွှန်းမဲလ်သည် မုန်းတိုင်းတပ်ကို ဦးဆုံးခေါင်းဆောင်ခဲ့သူများထဲတွင် တစ်ယောက်အပါအဝင်ဖြစ်ပြီး ဟစ်တလာနှင့် ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြလိုက်ခြင်းမှ အစပြုခဲ့လေသည်။

ထိုဆောင်းပါး၏ ရည်ရွယ်ချက်မှာ ဘာလင်မြို့တွင်ရှိသော နိုင်ငံခြားစစ်သတင်းထောက်များ သိစေချင်သဖြင့် လုပ်ဇာတ်ခင်း၍ ဝါဒ ဖြန့်လိုက်ခြင်းပင် ဖြစ်သည်။

ထိုဆောင်းပါးကို မြောက်အာဖရိကတွင် ရွှန်းမဲလ်ဖတ်မိသည်နှင့် သူ့အကြောင်း ထိုသို့ သားပုပ်လေလွင့် မဖွယ်မရာ ရေးရပါမည်လားဟုဆိုသော

www.burmeseclassic.com

www.burmeseclassic.com



ဝါဒဖြန့်ချိရေးဌာနသို့ ချက်ချင်းစာရေး၍ ဖြေရှင်းချက်တောင်းဆိုလိုက်လေသည်။

ဝါဒဖြန့်ချိရေးဌာနကလည်း ကိုယ်လွတ်ရုန်းကာ ပြင်သစ်ပြည်တွင် ရွှန်းမဲလ် အုပ်ချုပ်ခဲ့သော အမှတ် ၇ ပန်ဇာတပ်မအကြောင်း စာအုပ်ရေးသားပြုစုသူ ဗိုလ်ရှင်ပ်ခီပေးသော သတင်းအာဘော်အတိုင်း ရေးသားရခြင်းဖြစ်ကြောင်း ပခုံးပြောင်းလိုက်ပြန်လေသည်။

သို့သော် ထိုကိစ္စ ထိုမျှနှင့် ပြီးဆုံးသွားသည်ကား မဟုတ်ချေ။ ရွှန်းမဲလ်သည် ဝါဒဖြန့်ချိရေးဌာန၏ ဖြေရှင်းချက်ကို ပြန်လည် ထိုးနှက်လိုသော်လည်း မျက်မှောက်ပြုနေရသော စစ်ပွဲများကြောင့် ဆက်လက် အရေးမယူနိုင်ဘဲ ခေတ္တရပ်ဆိုင်းထားလိုက်ရပြီးနောက် တဲလ်ဖာယာတောင်ကြားတိုက်ပွဲအပြီး အချိန်အနည်းငယ်ရခိုက် ဝါဒဖြန့်ချိရေးဌာနမှ ပခုံးပြောင်းထားသော ကံဆိုးသူ ဗိုလ်ရှင်ပ်ခီဘက်သို့ စစ်ဦး လှည့်ပြန်လေတော့သည်။

ကံဆိုးသူ ဗိုလ်ရှင်ပ်ခီ ခမျာလည်း ထိုမဖွယ်မရာသော အပြုအမူမျိုး မိမိမလုပ်ရကြောင်း၊ ထိုသတင်းကို ပေးလည်းမပေး၊ ရေးလည်း မရေးရကြောင်းဖြင့် ရွှန်းမဲလ်အား တိုးလျှိုးဖြေရှင်းချက်ပေးရှာ၏။ ထိုတွင်မက ဗိုလ်ရှင်ပ်ခီသည် ဝါဒဖြန့်ချိရေးဌာနသို့ မိမိအပေါ် ဗိုလ်ချုပ်ကြီးရွှန်းမဲလ် သံသယရှိနေမှုကို ဖြေရှင်းပေးရန် စာရေးဖြေရှင်းချက် တောင်းလိုက်ပြန်လေသည်။

ဗိုလ်ရှင်ပ်ခီထံ ၁၉၄၁ ခု၊ အောက်တိုဘာလ ၁၀ ရက်နေ့စွဲပါ ဝါဒဖြန့်ချိရေးဌာနမှ ပြန်စာတစ်စောင် ရောက်ရှိလာ၏။ စာအဆုံး ဟေးဟစ်တလာ ဟူသည့် ကြွေးကြော်ချက်အောက်တွင် ဒေါက်တာ မေစနာဆိုသူက လက်မှတ်ရေးထိုးထား၏။

ထိုစာတွင် ရွှန်းမဲလ်အကြောင်း ရေးသားထားသည့် ဆောင်းပါးပါ အကြောင်းအရာများသည် ထိုပုဂ္ဂိုလ်ကြီး၏ ဂုဏ်သရေကို မည်သို့မျှ ထိခိုက်နိုင်ဖွယ်ရာ မရှိကြောင်း၊ စင်စစ် နိုင်ငံခြား စစ်သတင်းထောက်များ ကရုဏာသက်လာစေရန်နှင့် ပိုမိုရင်းနှီးမှုရလာစေရန် ဖန်တီးလိုက်ခြင်းသည်ပင်လျှင် ဗိုလ်ချုပ်ကြီး ရွှန်းမဲလ်အတွက် ပို၍ကောင်းကြောင်း၊ ဆောင်းပါးပါအကြောင်းအရာများသည် မဟုတ်မမှန်ဟု ဝန်ခံရမည်ဖြစ်သော်လည်း ဝါဒဖြန့်ချိရေး



ရှုထောင့်မှကြည့်လျှင် ဆောင်းပါးပါ ထိုအကြောင်းအရာများသာ မှန်မည်ဆိုက အလွန်အဖိုးတန်လှမည်ဖြစ်ကြောင်း စသဖြင့် ဒေါက်တာမေစနာက ပြန်ကြားလိုက်၏။

ထိုဝါဒဖြန့်ချိရေးဌာန၏ ဟာသရသ ဂုဏ်မြောက်လှသော ပြန်ကြားစာကို ကြည့်ခြင်းဖြင့်ပင် ဂျာမန် ဝါဒဖြန့်ချိရေးဌာန၏ လုပ်ငန်းများသည် ရေရှည်တွင် မည်သို့မျှ အကျိုးသက်ရောက်မှု ရှိနိုင်မည်မဟုတ်ကြောင်း အကဲခတ်နိုင်ပေသည်။

ဗိုလ်ရှင်ပ်ခီသည် ဝါဒဖြန့်ချိရေးဌာန၏ ပြန်စာကို ရွှန်းမဲလ်ထံ ပို့လိုက်သည်။

ရွှန်းမဲလ်သည် ထိုစာကို ၎င်း၏စစ်မှတ်တမ်းများနှင့်အတူ ကောင်းစွာ သိမ်းဆည်းထားခဲ့လေသည်။

ရွှန်းမဲလ်သည် ဗိုလ်ရှင်ပ်ခီ၏ စာကလေးကို တရိုတသေ သိမ်းဆည်းထားသည့်နည်းတူ ဝါဒဖြန့်ချိရေးဌာနနှင့် သော်လည်းကောင်း၊ ပြည်သူ့ဆက်ဆံရေးဌာနနှင့် သော်လည်းကောင်း ပတ်သက်လာလျှင် မည်သူ့ကိုမဆို မုန်းတီးသောစိတ်၊ မယုံကြည်သောစိတ်များကိုလည်း သေသည့်တိုင်အောင် မွေးမြူသွားခဲ့လေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးမကြာမီပင် ရွှန်းမဲလ်၏ ရှေ့မှောက်သို့ ပထမဦးဆုံး ဓားစာခံအဖြစ် ရောက်ရှိလာသူမှာ ဘန့်တ်ဆိုသူ အရာရှိကလေးတစ်ယောက်ပင် ဖြစ်သည်။

အရာရှိကလေး ဘန့်တ်မှာ ဝါဒဖြန့်ချိရေးဌာနတွင် အမှုထမ်းနေရာမှ အာဖရိကကိုးသို့ ပြောင်းရွှေ့အမှုထမ်းရန် ရောက်ရှိလာသူဖြစ်သည်။

ရွှန်းမဲလ်သည် အရာရှိကလေး ဘန့်တ် သတင်းပို့သည့် ပထမနေ့ညနေမှာပင် သဲကန္တာရထဲတွင် အစိမ်းသက်သက်ဖြစ်သော အန့်တ်အား ဗြိတိသျှစစ်ကြောင်း နောက်ပိုင်းကို ကင်းထောက်ရန် အမိန့်ပေးလေတော့သည်။

ဘန့်တ်သည် သတ္တိလည်းကောင်း၊ ဉာဏ်စွမ်းဉာဏ်စလည်း ခေသူမဟုတ်ပေရာ ရွှန်းမဲလ်၏အမိန့်ကို ဦးထိပ်ရွက်၍ စေလွှတ်ရာသို့ ထွက်ခွာသွားပြီး အပြန်တွင် အဖိုးတန် သတင်းများနှင့်အတူ စစ်သုံ့ပန်းအချို့ကိုပါ

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးခေါ်ဆောင်လာနိုင်ခဲ့လေသည်။

ထိုအချိန်မှစ၍ ရွှန်းမဲလ်သည် သူမုန်းတီးသည့် လူများစာရင်းတွင် အရာရှိကလေးဘန့်တ်အား ခြင်းချက်ထားလိုက်လေတော့သည်။

နောင်တွင် ဘာလင်မြို့သို့ အစီရင်ခံစာ ပေးပို့ရာတွင် ပို့ရိုးပို့စဉ်လမ်းကြောင်းမှ မပေးပို့လိုသော လျှို့ဝှက်အစီရင်ခံစာများကို အရာရှိကလေး ဘန့်တ်အား ပေးပို့စေတော့သည်။ သို့သော် အာဖရိကကိုးသို့ သတင်းယူရန် ရောက်ရှိလာတတ်သော သတင်းထောက်များကိုမူ ယုံယုံကြည်ကြည် ဆက်ဆံသည်ဟူ၍ မရှိချေ။

ရိုးလ်ဘဲလ်၏ တပည့်များက ရွှန်းမဲလ်၏ ကိုယ်ရေးရာဇဝင် အမှန်ကိုသိလျက်နှင့် မသိဟန်ဆောင်နေကြကောင်း ဆောင်နေကြပေမည်။ သို့သော် ရွှန်းမဲလ်၏ အတ္တုပ္ပတ္တိအမှန်ကို တကယ်ပင် မသိဟုဆိုလျှင်မူကား စစ်ဝန်ကြီး ဌာနတွင်သော်လည်းကောင်း၊ ရွှန်းမဲလ်၏ မိသားစုထံမှသော်လည်းကောင်း အလွယ်တကူ ရယူနိုင်သော ကိစ္စများသာဖြစ်သည်။

အာဝင်ဂျိုဟန်နိစ်ယူဂျင်ရွှန်းမဲလ်သည် အူမ်းအနီး ဝူတင်ဘက်ပြည်နယ် ဟောဒင်ဟိမ်မြို့ကလေး၌ သက္ကရာဇ် ၁၈၉၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ မွန်းတည့်အချိန်တွင် မွေးဖွားခဲ့သည်။ ရွှန်းမဲလ်၏ ဖခင်အမည်မှာ ရွှန်းမဲလ်ကဲ့သို့ပင် အာဝင်ရွှန်းမဲလ်ဖြစ်ပြီး ကျောင်းဆရာတစ်ယောက်ပင် ဖြစ်သည်။ ရွှန်းမဲလ်အဘိုးမှာလည်း ကျောင်းဆရာတစ်ဦးပင် ဖြစ်သည်။ ဘိုးအေကော ဖခင်ပါ ထူးချွန်သော သချာၤဗေဒပညာရှင်များ ဖြစ်ကြသည်။ ယင်းခေတ်အခါက ဂျာမနီပြည်တွင် နိုင်ငံရေး အဖွဲ့အစည်းတစ်ရပ်အား သစ္စာစောင့်သိ ရှိသေခြင်းထက် ပညာရေးကို ဦးစားပေးသောခေတ်ဖြစ်သဖြင့် ဟောဒင်ဟိမ်မြို့ကလေးတွင် ပါမောက္ခကြီး ရွှန်းမဲလ်အား လူတိုင်းပင် ကြည်ညို လေးစားကြသည်။

၁၈၈၆ ခုနှစ်တွင် ရွှန်းမဲလ်၏ဖခင် ပါမောက္ခကြီး ရွှန်းမဲလ်သည် ဝူတင်ဘက်ပြည်နယ် အစိုးရအဖွဲ့ဥက္ကဋ္ဌ ကာလ်ဗွန်လုဖ်၏သမီးဦး ဟယ်လီနာနှင့် အကြောင်းပါလေရာ ဝူတင်ဘက်ပြည်နယ် မျက်နှာဖုံးအဖြစ် ထင်ရှားပြန်လေသည်။ ၎င်းတို့တွင် သားသမီးငါးယောက် ထွန်းကားသည့်အနက် သားအကြီးဆုံး မန်းဖရက်မှာ ငယ်စဉ်ကပင် သေဆုံးသွားပြီး မန်းဖရက်အောက်



ဟဲလ်လီနာမှာမူ ယခုတိုင် အိမ်ထောင်မပြုသေးဘဲ စတာ့ဂတ်တွင် ကျောင်းဆရာမအဖြစ် အသက်မွေးဝမ်းကျောင်း ပြုနေလေသည်။ ဟဲလ်လီနာ၏ အောက်တွင် ရွှန်းမဲလ်ဖြစ်ပြီး ၎င်းအောက်တွင် ညီငယ်များဖြစ်ကြသော ကားလ်နှင့် ဂါးဟတ်တို့ ဖြစ်သည်။

ကားလ်မှာ ၁၉၁၄–၁၈ ခုနှစ် စစ်ပွဲအတွင်းက တူရကီနှင့် မက်ဆိုပိုတေးမီးယားတွင် လေယာဉ်ဦးစီးအဖြစ် အမှုထမ်းစဉ် ငှက်ဖျားရောဂါ စွဲကပ်သဖြင့် လုံးဝ ချည့်နဲ့လျက်ရှိသည်။ ဂါးဟတ်တစ်ဦးတည်းသာလျှင် မွေးချင်းပေါက်ဖော်များအနက် တစ်မူကွဲ၍ မိမိလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးကို စွန့်လွှတ်ကာ ဂီတနယ်ထဲသို့ ဝင်သွားခဲ့လေသည်။ အနုပညာနယ်တွင် မအောင်မြင်သော်လည်း ယခုတိုင် ဇွဲနပဲကြီးစွာဖြင့် ဆက်လက် ကြိုးစားလျက်ပင် ရှိနေသေး၏။

ထိုသို့ ဂါးဟတ် ဂီတနယ်ထဲသို့ ဝင်ရောက်သည်ကို အူမ်းတွင်ရှိသော သားချင်းများက သဘောမတူသဖြင့် အပြစ်တင်၍မဆုံး ဖြစ်နေကြသည်။

၁၈၉၈ ခုနှစ်တွင် ရွှန်းမဲလ်၏ ဖခင်သည် ရီယယ်ဂျက်မနီစီယံတွင် ဒါရိုက်တာလူကြီး ဖြစ်လာ၏။ တစ်နည်းဆိုသော် ရှေးဟောင်း ဂန္ထဝင်စာပေများကို သင်ကြားခြင်းမပြုဘဲ ခေတ်သစ်စာပေ သက်သက်ကိုသာလျှင် ပို့ချသော ကျောင်းတစ်ကျောင်းတွင် ကျောင်းအုပ်ကြီး ဖြစ်လာခြင်းဖြစ်သည်။

၁၉၁၃ ခုနှစ်တွင် ကျောင်းအုပ်ကြီး ရွှန်းမဲလ်သည် ရောဂါတစ်ခုဖြင့် ခွဲစိတ်ကုသရာမှ ရုတ်တရက် ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ရလေသည်။

မိခင်မှာမူ ခင်ပွန်းသည်ထက် လူ့ပြည်တွင် အသက် ၂၇ နှစ်မျှ ပို၍နေခဲ့ရပြီး ၁၉၄၀ ခုနှစ်တွင် ကွယ်လွန်သွားသည်။

မသေမီ ဒုတိယသားဖြစ်သူ ရွှန်းမဲလ်အား ဗိုလ်ချုပ်ကြီးဘဝတွင် မြင်တွေ့ခွင့်ရသွားရှာသည်။

ရွှန်းမဲလ်၏ နာမည်ရှေ့တွင် ဝိသေသနတစ်ခု ဖြည့်စွက်ပါဆိုလျှင် "တောင့်တင်းသော"ဟူသည့် ဝိသေသနကိုပင် ဖြည့်စွက်ရပေမည်။ သို့သော် ငယ်စဉ်က ရွှန်းမဲလ်သည် ထိုဝိသေသနနှင့် လုံးဝဆန့်ကျင်ခဲ့သည်။ ရွှန်းမဲလ်သည် ငယ်စဉ်က အလွန်ပျော့သည်ဟု အစ်မလုပ်သူက ဆိုဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှန်းမဲလ် ငယ်ငယ်က အလွန်နုနည့် သိမ်မွေ့တာပဲရှင်၊ မေမေ့ဘက် နွယ်လို့ အသက်နဲ့မမျှအောင် ညွက်တယ်၊ အသားက ဖြူရတဲ့အထဲ ဆံပင် ကလည်း ဖွေးဖွေးလှုပ်နေလွန်းလို့ ကျွန်မတို့က သူ့ကို "ဝက်ဝံဖြူကလေး"လို့ ခေါ်ကြတယ်၊ စကားတစ်လုံးပြောဖို့အရေး အချိန်အကြာကြီး စဉ်းစားပြီးမှ ပြောတယ်၊ စိတ်သဘော အင်မတန် ဖြူစင်ပြီး သတ္တိလည်း ကောင်းတယ်၊ ကြောက်ရမှန်းလည်း မသိဘူး၊ မီးခိုးတိုင်ကျပ်ခိုးတွေ လိုက်သိမ်းတဲ့ တံမြက် လှည်းသမားတွေ အလုပ်ပြီးလို့ ဦးထုပ်ကြီးတွေဆောင်းပြီး ကျပ်ခိုးပေနေတဲ့ မျက်နှာမည်းမည်းကြီးတွေနဲ့ ထွက်လာပလားဆိုရင် ကလေးတိုင်း ကြောက် လန့်ထွက်ပြေးတတ်ကြတယ်၊ အဲဒီလို ထွက်ပြေးတဲ့ကလေးတွေထဲမှာ ရွှန်းမဲလ် မပါဘူး၊ သူက မကြောက်တဲ့အပြင် အဲဒီလူတွေအနား ကပ်သွား ပြီး လက်တောင်ဆွဲ နှုတ်ဆက်လိုက်သေးတယ်၊ ကြင်နာတဲ့ မိဘနှစ်ပါးရဲ့ အရိပ်အာဝါသအောက်မှာ ကြီးပြင်းလာရလေတော့ ကျွန်မတို့ မောင်နှမ တစ်စုရဲ့ ငယ်စဉ်ဘဝဟာ အလွန်ပဲ သာယာခဲ့ပါတယ်ရှင်၊ မိဘနှစ်ပါးရဲ့ သင်ကြားမှုကြောင့် ကျွန်မတို့မောင်နှမတွေဟာ သဘာဝအလှကို ချစ်တတ် လာကြပါတယ်။ ကျွန်မတို့ငယ်စဉ်ကဆိုရင် ကျောင်းမသွားခင် လယ်ကွင်း တွေထဲမှာဖြစ်စေ၊ တောစပ်ခင်တန်းတွေ အနားမှာဖြစ်စေ၊ ပန်းခြံတွေထဲမှာ ဖြစ်စေ ကစားလေ့ ရှိခဲ့ကြပါတယ်"

ဟောဒင်ဟိမ်မြို့ကလေးတွင် လွတ်လပ်ခြင်း၏ အရသာကို အပြည့် အဝ ခံစားခွင့်ရခဲ့သော ရွှန်းမဲလ်ကလေးအဖို့ အာလင်မြို့မှကျောင်းကို ပျော်စရာ ကျောင်းတော်ကြီးအဖြစ် မမြင်နိုင်ရှာတော့ပေ။ အတန်းထဲတွင် အခြား သက်တူကျောင်းသားကလေးများထက် စာနောက်ကျသဖြင့် မအိပ်မနေ မီအောင် လိုက်နေရ၏။ သို့နှင့် အအိပ်ပျက် အစားပျက်ဖြစ်ကာ အသားအရေသည်ပင် သွေးဆုတ်သကဲ့သို့ ဖြူရော်ရော် ဖြစ်လာတော့သည်။

ကြာသော် သက်တူကလေးများကို မီအောင်မလိုက်နိုင်တိုင်း စိတ် ထောင်းကိုယ်ကြေဖြစ်လာကာ စာကိုလည်း ဂရုမစိုက်၊ ကြိုးစားချင်စိတ်များ လည်း ကုန်ခန်းသွား၏။

နောက်ဆုံးတွင် အပျင်းထူလွန်းနေသော ရွှန်းမဲလ်ကလေးအား အတန်းထဲတွင် အညံ့ဆုံးကျောင်းသားအဖြစ် အတန်းပိုင်ဆရာမလုပ်သူက



စတင် ပြောဆိုသည်အထိ ဖြစ်လာလေတော့သည်။

"ရွှန်းမဲလ်သာ သတ်ပုံကို အမှားမပါအောင် တစ်ခါလောက် ရေးပြ နိုင်ရင် တို့များ ဘင်ခရာတီးဝိုင်းတစ်ဝိုင်းငှားပြီး တစ်နေကုန် အပျော်ခရီး ထွက်ကြမယ်ဟေ့"ဟူ၍ တစ်နေ့ အတန်းပိုင်ဆရာက ဆိုလာသည်တွင် ရွှန်းမဲလ်ကလေးသည် တွေဝေနေရာမှ ရုတ်ခြည်းနိုးကြားလာပြန်ကာ သတ်ပုံ ရေးရာတွင် ဝါကျအထားအသိုမှအစ ပုဒ်ထီး၊ ပုဒ်မ အဖြတ်အတောက်ပါ မကျန် မှန်ကန်အောင် ကြိုးစား၍ ရေးသားပြလိုက်ပြန်လေသည်။

သို့သော် ဆရာပေးထားသော ကတိအတိုင်း အကောင်အထည် ပေါ်မလာသောအခါတွင်မူ ရွှန်းမဲလ်ကလေးသည် နေမြဲတိုင်း အေးစက်စက် ဖြစ်သွားပြန်လေတော့သည်။

ဤသို့လျှင် ရွှန်းမဲလ်ကလေးသည် စာကိုလည်း စိတ်မဝင်စား၊ ကစားခုန်စားကိုလည်းဝါသနာမပါနှင့် တွေဝေနေသော ကျောင်းသား ကလေးအဖြစ် ၄-၅ နှစ်မျှ ဆက်လက် အချိန်ဖြုန်းနေပြန်လေသည်။

နောင်တွင် ထင်ရှားလာမည့် ရွှန်းမဲလ်၏ များစွာသော အရည် အချင်းများအနက် တစ်ခုဖြစ်သည့် ကိုယ်ကာယကြံ့ခိုင်မှုကိုလည်း ထိုစဉ်က အရိပ်အယောင်မျှပင် မတွေ့ရပေ။

သို့နှင့် ရွှန်းမဲလ်ကလေး ဆယ်ကျော်သက်သို့ ကူးပြောင်းလာပြန် သည်။ အရွယ်ရောက်၍ အားမာန်သစ်များစည်ပင်လာသည့်နည်းတူ ဉာဏ်သစ်၊ အသိသစ်၊ စိတ်ဓာတ်သစ်များသည်လည်း ရုတ်ခြည်း ရှင်သန် နိုးကြားလာကြ၏။ ပညာရေးတွင် ဖခင်နှင့်ဘိုးအေ၏ သင်္ချာဗေဒ အမွေ အနှစ်ကို ခံယူနိုင်သည့် လက္ခဏာများကိုလည်း တွေ့မြင်ရစပြုလာ၏။

ကိုယ်ကာယဖွံ့ဖြိုးမှုတွင်လည်း နွေအခါ၌ စက်ဘီးစီးခြင်းဖြင့် လည်းကောင်း၊ ဆောင်းအခါ၌ စကိတ်စီးခြင်းဖြင့်လည်းကောင်း အားလပ် သောအချိန်များကို ကုန်လွန်စေ၏။ စာမေးပွဲများကိုလည်း ဂုဏ်ထူးနှင့် အောင်မြင်နေ၏။

ထိုတွင်မက တွေဝေနေသော စိတ္တဇနယ်မြေမှထွက်ကာ ဂျာမနီပြည် တွင် ပညာရှင်များ ထွန်းကားရာဒေသဟု ကျော်ကြားသည့် ဝူတင်ဘာဂ်ပြည် နယ်သား ပီသကြောင်း အစွမ်းပြစပြုလာ၏။ စိတ်ကူးယဉ်သမားဘဝမှသည်

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့သမားဘဝအဖြစ်သို့ ပြောင်းလဲလာ၏။ ခေါင်းမာတတ်ပြီး ငွေကြေးသုံးစွဲရာတွင် စေ့စပ်သေချာလာ၏။ ဤသည်မှာလည်း ဝူတင်ဘက်ပြည်နယ်သားတို့၏ ပင်ကိုစရိုက်တစ်ခု ဖြစ်ပေသည်။

အရင်းနှီးဆုံးသူငယ်ချင်း ကီးတဲလ်*နှင့်အတူ လေယာဉ်ဆောက်လုပ်သော အတတ်ပညာကို လေ့လာဆည်းပူးကြသည်။ လူငယ်နှစ်ယောက်သည် ပုံစံထုတ်ထားသော လေယာဉ်ငယ်ကလေးများကို စတင် ဆောက်လုပ်ကြပြီး နောင်တွင် ဂလိုက်ဒါခေါ် စက်မဲ့လေယာဉ်ကြီးများအထိ ဆောက်လုပ်ကာ မြေပြင်မှတက်နိုင်ရန် အချည်းနှီးသော ကြိုးစားခြင်းမျိုးဖြင့် အကြိမ်ကြိမ် ကြိုးစားခဲ့ကြလေသည်။ ထိုသို့ဖြင့် လူငယ်နှစ်ယောက်သည် ၎င်းတို့၏ရှေ့ရေးကို စတင်တွေးတောစ ပြုလာကြသည်။ သူငယ်ချင်းဖြစ်သူ ကီးတဲလ်ကမူ အရွယ်ရောက်လျှင် အင်ဂျင်နီယာတစ်ယောက်အဖြစ် အသက်မွေးဝမ်းကျောင်းပြုမည်ဟူ၍ လည်းကောင်း၊ ထိုအတတ်ပညာဖြင့်ပင် ဇက်ဖလင်စက်ရုံကြီးတွင် ဝင်ရောက်အမှုထမ်းမည်ဟူ၍ လည်းကောင်း ဆုံးဖြတ်ထားသည်ဟု ဆိုလာ၏။

ကီးတဲလ်သည် ငယ်စဉ်က ဆုံးဖြတ်ချက်အတိုင်း နောင်တွင် ဇက်ဖလင်စက်ရုံကြီး၌ ဝင်ရောက်အမှုထမ်းခဲ့လေသည်။

ရွှန်းမဲလ်သည်လည်း ဖခင်လုပ်သူကသာ ထိုစဉ်က ခွင့်ပြုခဲ့လျှင် သူငယ်ချင်းဖြစ်သူနှင့်အတူ ဇက်ဖလင်စက်ရုံကြီးတွင် အင်ဂျင်နီယာတစ်ယောက်အဖြစ် အရိုးထုတ်မည်မလွဲပေ။

ရွှန်းမဲလ်မိသားစုတွင် ရွှန်းမဲလ်ဖခင်မှလွဲ၍ စစ်မှုထမ်းဖူးသူ မရှိချေ။ ဖခင်လုပ်သူ စစ်မှုထမ်းဖူးသည် ဆိုရာတွင်လည်း အမြောက်တပ်ဗိုလ်အဖြစ်အမှုထမ်းပြီး မကြာမီ အငြိမ်းစားယူကာ ကျောင်းဆရာဘဝသို့ ကူးပြောင်းလာခဲ့ခြင်းသာ ဖြစ်သည်။

ထိုသို့ မိသားစုထဲတွင် စစ်မှုထမ်းရိုး အစဉ်အလာ မရှိရုံမျှမက ဩဇာတိက္ကမရှိသော စစ်ဘက်အရာရှိ အဝန်းအဝိုင်းတွင်လည်း မိတ်ဆွေသင်္ဂဟာပင် ရှိရာသူများ မဟုတ်ပေ။

ရွှန်းမဲလ်မိသားစုသည် လူသူလေးစားခြင်း ခံရသည့် ဆွာဘီယံ

* စစ်သူကြီး ကီးတဲလ်နှင့် အမျိုးမတော်စပ်။



မိသားစုဖြစ်ပြီး ရသမျှဝင်ငွေပေါ်တွင် ရောင့်ရဲတင်းတိမ်လျက် ပျော်မွေ့ရာ ပညာရေးအသိုင်းအဝိုင်း၌ အေးအေးလူလူနေတတ်သူများ ဖြစ်သည့် အလျောက် ခလေ့စရိုက် ခြားနားသော ပရုပ်ရှင်း စစ်ဘက်ထိပ်တန်းအရာရှိ အဝန်းအဝိုင်းနှင့် အဆက်အစပ်မရှိ ဖြစ်ရသည်မှာ သဘာဝပင်။

အာဖရိက စစ်မျက်နှာ၌ ရွှန်းမဲလ်လက်အောက်တွင် အမှုထမ်းရသော ဗိုလ်ချုပ်များသည် မှူးကြီးမတ်ရာ အမျိုးအနွယ်များ ဖြစ်ရုံသာမက ငွေကြေးကုံလုံကြွယ်ဝ၍ အဆက်အသွယ် ကောင်းကြသူများလည်း ဖြစ်ပေရာ ရွှေဇွန်းကိုက်မွေးဖွားလာပြီး ရာဇပလ္လင်ဖင်ကပ်ပါလာသူများဟု ဆိုရပေမည်။

ထိုသူများသည် တပ်မတော်ထဲဝင်လာစဉ်ကပင် မိမိစိတ်ကြိုက် တပ်ကို ရွေးချယ်ခွင့်ရှိပြီး အတန်အသင့် အရည်အချင်းရှိရုံဖြင့်ပင် ရာထူး ဌာနန္တရ တစ်ဟုန်ထိုး တိုးတက်နိုင်သူများလည်း ဖြစ်ပေသည်။

ရွှန်းမဲလ်မှာမူ ထိပ်တန်းရာထူးကြီးများကို တက်လှမ်းနိုင်ရန် ကိုယ့်အားကိုယ်ကိုးရမည်သာ ဖြစ်သည်။ မည်သူတစ်ဦး၏ အကူအညီကိုမှ ရယူနိုင်ရန် လမ်းမမြင်ပေ။

ယင်းကြောင့်လည်း ရွှန်းမဲလ်ကဲ့သို့ အဆက်အသွယ်မဲ့၊ ကော်မဲ့၊ တွယ်ရာမဲ့သူများ စစ်ထဲဝင်လျှင် လုပ်သက်တစ်ဆုံး ကုန်းကျုံးလုပ်နိုင်ပါမှ အမြင့်ဆုံး ဗိုလ်မှူးကြီးရာထူးတွင် တန့်နေမည်ဖြစ်ပြီး ယောဒင်ဟိမ်လို မထင်မရှား မြို့ကလေးတစ်မြို့တွင် မဝရေစာ အငြိမ်းစား လခလေးဖြင့် နေထိုင်သွားနိုင်လျှင်ပင် ကံကောင်းသည်ဟု ဆိုရမည့် အခါသမယလည်း ဖြစ်လေသည်။

၁၉၁၀ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ရွှန်းမဲလ်သည် ဝိန်ဂါတင်မြို့ရှိ ၁၂၄ ခြေလျင်တပ်ရင်းသို့ ဗိုလ်လောင်း*အဖြစ် စတင်ဝင်သည်။

ဂျာမန်တပ်မတော် ဖွဲ့စည်းပုံဥပဒေတွင် ဗိုလ်လောင်းတစ်ဦးအား စစ်တက္ကသိုလ်သို့ တက်ရောက်ခွင့်မပြုမီ သာမန်တပ်သားအဖြစ် အမှုထမ်းရဦးမည်ဟု ပါရှိလေရာ ရွှန်းမဲလ်သည် တပ်မတော်ထဲဝင်စဉ် ပညတ်အားဖြင့်သာ ဗိုလ်လောင်းဖြစ်ပြီး ရာထူးအဆင့်အားဖြင့်မူ သာမန်ရဲဘော်ကလေးမျှ

* As an aspirant of approximately officer cadet. ဗိုလ်လောင်းဟု ပညတ် မတပ်သော်လည်း အကြမ်းအားဖြင့် ဗိုလ်လောင်းနှင့် ညီမျှသည်။

www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်နေခဲ့သည်။

ထိုမှ အောက်တိုဘာလတွင် တပ်ကြပ်ရာထူးတိုးမြှင့်ခြင်း ခံရသည်။ ဒီဇင်ဘာလကုန်တွင် တပ်ကြပ်ကြီး ဖြစ်လာပြီး ၁၉၁၁ ခု၊ မတ်လ တွင်မူ စစ်တက္ကသိုလ်သို့ ဗိုလ်လောင်းသင်တန်း တက်ခွင့်ရလေတော့သည်။

ဒန်းဇစ်မြို့ကလေး၌ ရွှန်းမဲလ် သင်တန်းတက်နေသော အချိန်များသည် ရွှန်းမဲလ်ဘဝတွင် အရေးကြီးသောအချိန်များ ဖြစ်ခဲ့သည်။ စစ်တက္ကသိုလ်တွင် ပညာသင်ကြားရင်း နောင်အခါ ချစ်ဇနီးကောင်းဖြစ်လာမည့် အမျိုးသမီးနှင့် စတင်တွေ့ဆုံခဲ့သည်။ ထိုအမျိုးသမီးသည် ရွှန်းမဲလ် ဘဝတွင် တစ်ဦးတည်းသော ချစ်သူဖြစ်သကဲ့သို့ တစ်ဦးတည်းသောဇနီးသည်လည်း ဖြစ်သည်။

အမျိုးသမီးနှင့် ရွှန်းမဲလ်တို့ သိကျွမ်းခဲ့ရပုံမှာ ထူးထွေလှသည်တော့ မဟုတ်၊ ဖြစ်ရိုးဖြစ်စဉ် တစ်ခုမျှသာဖြစ်သည်။ အမျိုးသမီးသည် စစ်တက္ကသိုလ်တွင် ပညာသင်ကြားနေသော ရွှန်းမဲလ်သူငယ်ချင်းနှင့် နှမဝမ်းကွဲ တော်စပ်သည်။ ရွှန်းမဲလ်သည် သူငယ်ချင်းကို အကြောင်းပြု၍ ဝင်ထွက်သွားလာရာမှ အစပြုကာ အမျိုးသမီးနှင့် အကျွမ်းဝင်ခဲ့ကြခြင်း ဖြစ်သည်။

သူမအမည် အပြီးအပြည့်မှာ လူစီမာရီယာမော်လင်ဖြစ်ပြီး ၁၃ ရာစု ခန့်မှစ၍ အနောက် ပရပ်ရှားတွင် အခြေစိုက်ခဲ့ကြသော အီတာလျံ အမျိုး အနွယ်တော် ဖြစ်သည်။

သူမဖခင်မှာ မြေပိုင်ရှင်ကြီးဖြစ်ပြီး သူမ လူလားမမြောက်မီ ကွယ်လွန်သွားခဲ့သည်။ ဖတဆိုးကလေး မော်လင်သည် မိမိဝမ်း မိမိကျောင်း လာခဲ့ရာမှ ယခု ဘာသာစကားဆိုင်ရာ ဆရာဖြစ်သင်တန်းတက်ရောက်ရန် ဒန်းဇစ်မြို့သို့ ရောက်ရှိနေခဲ့ခြင်း ဖြစ်သည်။

ရွှန်းမဲလ်နှင့် မော်လင်သည် မြင်မြင်ချင်း မေတ္တာမျှခဲ့ကြသော်လည်း နောင်လေးနှစ်ကြာခဲ့သည့်တိုင် တရားဝင် စေ့စပ်ကြောင်းလမ်းခြင်း မပြုနိုင်ခဲ့ကြချေ။

သို့ရာတွင် တစ်ဦးကိုတစ်ဦး သံသယမရှိ အကြွင်းမဲ့ယုံကြည် ချစ်မြတ်နိုးခဲ့ကြသည်။

ကျန်ရစ်သူဇနီးသည်၏ ပြောပြချက်အရ ရွှန်းမဲလ်သည် ထိုစဉ်



ကပင် လေးလေးနက်နက် တွေးခေါ်မြော်မြင်တတ်သူဖြစ်ပြီး မိမိ နေ့စဉ် သင်ကြားနေရသော စစ်ပညာတွင်သာ အာရုံစိုက်နေတတ်သူ ဖြစ်သည်ဟု သိရသည်။

သို့ရာတွင် ရွှန်းမဲလ်သည် လက်တွေ့ ကွင်းဆင်းစစ်ရေးသင်ခန်းစာများကို ကျွမ်းကျွမ်းကျင်ကျင် လိုက်နိုင်သော်လည်း ရေးဖြေစာမေးပွဲတွင်မူ ခဲရာခဲဆစ် ဖြေဆိုနေရပေသေးသည်။ ထို့ကြောင့်လည်း စာကို အထူး ကြိုးစားကျက်မှတ်နေရသည်။

မည်သို့ဆိုစေ...

ဒန်းဇစ်မြို့သည် သာသောင့်သာယာရှိသော မြို့တစ်မြို့ဖြစ်သည့် အလျောက် ချစ်ကျွမ်းသစ်လွင် မောင်မယ်နှစ်ဦးသည် ထိုမြို့ကလေးအား ရွှေပြည်သာစွ နတ်နန်းတမျှ ထင်မှတ်လျက်ရှိကြသည်။ ယောက်ဖလောင်း ဖြစ်သူ၏ အလိုက်သိတတ်မှုကြောင့်လည်း ကျောင်းအားရက်တိုင်းပင် မြို့ပြင်သို့ အပျော်ခရီး ထွက်ခြင်းဖြင့်လည်းကောင်း၊ ကပွဲများ တက်ရောက်ခြင်းဖြင့်လည်းကောင်း တူမောင်မယ်နှစ်ဖော် ပြုံးပျော်မော်ကြရင်းဖြင့် နွေရာသီကို ကုန်ဆုံးစေခဲ့သည်။

သို့နှင့် သင်တန်းပြီးဆုံးချိန် တိုင်ခဲ့၏။ ရွှန်းမဲလ်သည် သင်တန်းဆင်းစာမေးပွဲကြီးကို အောင်အောင်မြင်မြင် ဖြေဆိုနိုင်ခဲ့သည်။ ဂုဏ်ထူးများဖြင့် အောင်မြင်သည်မဟုတ်သော်လည်း ရရှိသောအမှတ်များမှာမူ ပျမ်းမျှသတ်မှတ်ထားသော အမှတ်များထက်ပိုလေသည်။

၁၉၁၂ ခုနှစ်၊ ဇန်နဝါရီလအကုန်တွင် ဒု-ဗိုလ်ကလေးရာထူးကို ခံယူကာ မိခင်တပ်ရင်းသို့ ပြန်ခဲ့သည်။

ဤသို့ ချစ်သူနှစ်ဦး မရှောင်မလွှဲသာ ခွဲခွာလာရသော်လည်း နှစ်ဦးကြား လေသွေးမခံကြ၊ နေ့စဉ်စာမှန်မှန်ရေး၍ ချစ်တေးသီနေကြမြဲ ဖြစ်သည်။

ဝိန်ဂါတင်မြို့တွင် မိခင်တပ်ရင်းသည် ကွန်ကရစ်ဖြင့်ပြီးသော ဘုန်းကြီးကျောင်းအိုကြီးထဲ၌ စခန်းချထားသည်ဖြစ်လေရာ ရွှန်းမဲလ်သည် တပ်ရင်းစခန်းတည်ရာ ဘုန်းကြီးကျောင်းအိုကြီးထဲတွင် နှစ်နှစ်တိုင် တပ်သားသစ်များကို လေ့ကျင့်ပေးနေရ၏။ စစ်ရေးလေ့ကျင့်ခန်းပေးရာ၌ လည်းကောင်း၊ တပ်သားများနှင့်ဆက်ဆံရာ၌လည်းကောင်း အထူးကျွမ်းကျင်သူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး မောင်ဂိုမာရီ ငယ်စဉ်ကကဲ့သို့ အသေးစိတ် စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုတွင် ထူးထူးခြားခြား စိတ်ပါဝင်စားလေ့ရှိသည်။

ထိုစဉ် ထိုသည်မှလွဲ၍ ထူးခြားသော လက္ခဏာများ ရွှန်းမဲလ်တွင် မတွေ့ရသေးပေ။

ကိုယ်ကာယ ဖွံ့ဖြိုးမှုတွင်လည်း အားရဖွယ်မရှိ၊ သေးကွေးသော ကိုယ်နေဟန်သာရှိသည်။ သို့သော် ကျစ်လျစ်သန်မာ၏။ ဉာဏ်ပညာ ဖွံ့ဖြိုးမှုတွင်လည်း ပျမ်းမျှအဆင့်ထက် မပိုပေ။ မောင်ဂိုမာရီနှင့် ခြားနားသောအချက်မှာမူ ငြင်းခုံခြင်းနှင့် ဆင်ခြေတက်ခြင်းများကို ဝါသနာမပါခြင်းပင် ဖြစ်သည်။ ရွှန်းမဲလ်သည် စကားကို အချွေတာဆုံးပြောပြီး သူများပြောသောစကားကို အများဆုံးနားထောင်တတ်သူတည်း။ ထိုကျင့်ဝတ်ကို သေသည့်တိုင်အောင် ထိန်းသိမ်းသွားနိုင်ခဲ့သူ ဖြစ်သည်။

ရွှန်းမဲလ်သည် ဆေးလိပ်လည်း မသောက်တတ်၊ သေရည်သောက်စားခြင်းလည်း မပြုသည့်အပြင် မိမိချစ်သူနှင့် တရားဝင် စေ့စပ်ကြောင်းလမ်းခြင်း မပြုရသေးသော်လည်း တရားဝင် စေ့စပ်ကြောင်းလမ်းပြီးသည့်အလား မှတ်ယူထားသူ ဖြစ်လေရာ စစ်တပ်များ တပ်စွဲထားရာ မြို့များတွင် ရှိတတ်မြဲဖြစ်သည့် ညအခါ ပျော်ပါးမှုမျိုးကို စိတ်ဝင်စားခြင်း အလျှင်းမရှိပေ။ အခြားဘဝတူ ဗိုလ်ကလေးများက ရွှန်းမဲလ်အား အေးတိအေးစက်နိုင်လွန်းသူ ဟူ၍လည်းကောင်း၊ ငယ်ငယ်ရွယ်ရွယ်နှင့် လူကြီးစိတ်ဝင်နေသူ ဟူ၍လည်းကောင်း ထင်မှတ်ကြသော်လည်း စင်စစ် ရွှန်းမဲလ်သည် စိတ်သဘောထား ကောင်းမွန်ပြီး လိုက်လျောညီထွေနေတတ်သူ ဖြစ်သည်။ အပျော်အပါး ဝါသနာပါသော ဗိုလ်ကလေးများ ညအချိန် အပြင်ထွက်လိုလျှင် ထိုအပြင်ထွက်လိုသည့် ဗိုလ်ကလေးများ တာဝန်ကျရာနေရာတွင် အစားဝင်စောင့်ပေးရန် သို့မဟုတ် တာဝန်လွှဲပြောင်းယူရန် အမြဲအသင့်ဖြစ်နေတတ်သည်။ သို့သော် တမင်သက်သက် တင်စီးခြင်းမျိုးကိုမူ ခေါင်းငုံ့ခံတတ်သူမဟုတ် စသည့် ရွှန်းမဲလ်၏ အခြားအရည်အချင်းများကိုလည်း သိကြလေသည်။ ရွှန်းမဲလ်ကို အနီးကပ်လေ့လာကြသော ဗိုလ်ကလေး တစ်ယောက်နှစ်ယောက်ကမူ ရွှန်းမဲလ်တွင် အချုပ်အချယ်မခံလိုသောစိတ်ဓာတ်နှင့် မပြောင်းမလဲ တစ်သမတ်တည်း ထားတတ်သော တည်ကြည် ကြံ့ခိုင်သည့်စိတ်ဓာတ်



ရှိသည့်အပြင် ဟာသဉာဏ်ရွှင်တတ်သူလည်းဖြစ်ကြောင်း သိခဲ့ကြလေသည်။ ထိုနည်းတူစွာပင် တပ်ကြပ်များကလည်း ရွှန်းမဲလ်ရောက်ရှိပြီး မကြာမီပင် စည်းကမ်းမဲ့မှုနှင့် တာဝန်ပေါ့လျော့မှုများကို သည်းခံတတ်ခြင်းမရှိကြောင်း အကဲခတ်မိခဲ့ကြလေသည်။

ထိုသန္တေပါ အရည်အချင်းများကပင် ရွှန်းမဲလ်အား အရာရှိကောင်း တစ်ယောက်ဖြစ်ရန် တွန်းပို့ပေးခဲ့ခြင်းဖြစ်ပြီး နောင်အချိန်တွင်လည်း ထို အရည်အချင်းများကြောင့်ပင် တပ်ရေးကောင်းတစ်ယောက် ဖြစ်လာရပြန်လေသည်။

တပ်ရေးဘဝတွင် စည်းကမ်းမဲ့သူများနှင့် အရည်မပြည့် အသွေးမမီသူများ အဝန်းအဝိုင်းတွင် ရွှန်းမဲလ်အနေနှင့် မည်သို့မျှ လူချစ်လူခင် ပေါများနိုင်မည် မဟုတ်သည်မှာ ထင်ရှားလှပေသည်။

သို့သော် ရွှန်းမဲလ်သည် အခြားလူငယ်များကဲ့သို့ ထင်ပေါ်ကျော်ကြားမှုကို ခုံမင်တတ်သူ မဟုတ်ကြောင်း ထိုစဉ်က ရွှန်းမဲလ်၏ အပြုအမူများက သက်သေပြလျက် ရှိနေပါ၏။

ရွှန်းမဲလ်၏ ထိုစဉ်က အရည်အသွေးများကို အားလုံးခြုံလိုက်သော် ပါးနပ်လိမ္မာခြင်း၊ အလုပ်ကို အလုပ်သဘောအရ ဆောင်ရွက်တတ်ခြင်း၊ စေ့စပ်သေချာခြင်းနှင့် ခေါင်းမာခြင်း စသည့် ဂုတင်ဘာဂ်ပြည်နယ်သားတို့တွင် ရှိတတ်သည့် အရည်အချင်းအားလုံး ရွှန်းမဲလ်တွင် ကုံလုံနေခြင်းပင်တည်း။

၁၉၁၄ ခုနှစ်၊ မတ်လအစလောက်တွင် ရွှန်းမဲလ်အား အုမ်းမြို့၌ တပ်စွဲထားသော မြေပြင်ပစ်အမြောက်တပ်သို့ ပို့လိုက်သည်။

ရွှန်းမဲလ်သည် အမြောက်တပ် စစ်ဝတ်စုံ ဆင်မြန်းနေရသည်ကိုပင် ဂုဏ်ယူနေလေ့ရှိပြီး မြင်းစီးနေရသည်ကိုလည်း သဘောအကျကြီး ကျနေလေသည်။

သို့ဖြင့် ဇူလိုင်လ ၃၁ ရက်နေ့၏ ညနေချမ်းသို့ ရောက်လာသည်။

ထိုအချိန်တွင် မြင်းစီးထွက်လာရာမှ တပ်တွင်းသို့ပြန်လာသော ရွှန်းမဲလ်သည် တပ်တွင်းရှိ ကွက်လပ်တွင် မြင်းများ အားလုံးအသင့် ကောက်ထားသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်ပြင် မူလတပ်ရင်းသို့ ချက်ချင်း ပြန်ရန် ဆင့်ခေါ်လိုက်သည့် အမိန့်စာကိုလည်း တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မိခင်တပ်ရင်းသို့ ရောက်ရှိလာသော ရွန်းမဲလ်သည် တပ်ရင်း စစ်ထွက်ရန် အသင့်ပြင်ဆင်ထားနှင့်သည်ကို တွေ့ရပြန်သည်။

ထိုနေ့ညနေမှာပင် တပ်ရင်းမှူးသည် လက်နက်အသင့် တပ်ဆင်ထားသည့်တပ်ရင်းကို စတင်စစ်ဆေးပြီး စစ်ချီအံ့ဆဲဆဲ ရဲဘော်များ စိတ်ဓာတ်တက်ကြွစေမည့် မိန့်ခွန်းတစ်ရပ်ကိုလည်း မြွက်ကြားလေသည်။ မိန့်ခွန်းအဆုံးတွင် နောက်တစ်နေ့ စစ်ထွက်ရန် အမိန့်တစ်ရပ် ထုတ်ဆင့်ပြန်လေတော့လေသည်။

တပ်ရင်းမှူး၏ မိန့်ခွန်းအဆုံးတွင် ထောင်သောင်းမကသော အောင်စည်အောင်မောင်းများကို တစ်ပြိုင်နက် တီးခတ်စေ့ဆော်လိုက်သည့်ပမာ စစ်ထွက်ရန် စိတ်ဓာတ်တက်ကြွနေသော ဂျာမန်လူငယ် စစ်သည်ကျော်များ၏ တစ်ခဲနက် ကြွေးကြော်သံများသည် တပ်စခန်းချရာ ရှေးဟောင်းဘုန်းကြီးကျောင်းဝင်းကြီး တစ်ဝန်းလုံးအား ပဲ့တင်ထပ်စေလေတော့သည်ဟူ၍ စစ်ချီအံ့ဆဲဆဲ ဂျာမန်လူငယ် စစ်သည်ကျော်များက ကြွေးကြော်ခဲ့ကြောင်းဖြင့် ရွန်းမဲလ်၏ 'ခြေလျင်တပ်တိုက်နည်း'* စစ်ကျမ်းတွင် ရေးသားထားသည်ကို တွေ့ရလေသည်။ ထိုရေးသားထားချက်များအပြင် လိုသည်ထက်ပို၍ ကွန့်ထားသော မှတ်ချက်အချို့ကိုလည်း ထိုစာအုပ်တွင် ဖတ်လိုက်ရသည်။ ရွန်းမဲလ်အရေးအသားနှင့်ကွဲပြားသော ထိုမှတ်ချက်များကို ထောက်ရှုခြင်းဖြင့် ၁၉၃၇ ခုနှစ်တွင် အများပြည်သူဖတ်ရှုနိုင်ရန် ရွန်းမဲလ်၏ ခြေလျင်တပ်တိုက်နည်း စစ်ကျမ်းကို ပြန်လည်ရိုက်နှိပ်စဉ်က ဂျာမန်ဝါဒဖြန့်ချိရေးဌာနမှ ရွန်းမဲလ်၏ စာအုပ်ထဲတွင် တမင် ရွှေမှုန်ဝင်ကြဲထားကြောင်း ထင်ရှားလှပေသည်။

မည်သို့ပင်ဖြစ်စေ အကယ်၍သာ စိတ်ဓာတ်တက်ကြွလွန်းလှပါသည်ဆိုသော ဂျာမန်လူငယ်များသည် ယခုတိုင် အုမ်းရှိ ဘုရားရှိခိုးကျောင်းကြီးတွင် ထားရှိသည့် ဝူတင်ဘာဂ်တပ်ရင်းများမှ ထောင်ပေါင်းများစွာသော အရာရှိ အကြပ်တပ်သားများ၏ သေစာရင်းမှတ်တမ်းကို ဖတ်ရှုနိုင်စွမ်း ရှိခဲ့ပါမူ စစ်ချီအောင်တေးများကို ထိုမျှအထိ ရဲရဲရင့်ရင့် သီဆိုနိုင်ခဲ့ကြမည်

* Infanterie Greift An (Infantry Attacks) ရွန်းမဲလ်၏ ခြေလျင်တပ်တိုက်နည်း (နည်းပရိယာယ်များ)။



မဟုတ် ပါချေ။

နောက်တစ်နေ့တွင် အမှတ် ၁၂၄ ခြေလျင်တပ်ရင်း စစ်ထွက်ခဲ့လေသည်။

မည်သည့် တပ်မတော်တွင်ဖြစ်စေ စစ်မှုထမ်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရသည့် ကြေးစား စစ်မှုထမ်းများထဲတွင် မိမိလုပ်နေရသော အလုပ်နှင့် ပကတိ အံဝင်ခွင်ကျ ဖြစ်နေသူဟူ၍ အလွန်ရှားပါးလှပေသည်။ အပျော်တမ်း စစ်မှုထမ်းများနှင့် အရေးပေါ် စစ်မှုထမ်းများထဲတွင်မူကား ပို၍ပင် ရှားပါးပေလိမ့်မည်။

ထိုရှားပါးလှသော စာရင်းထဲတွင် ဗွီစီ၊ ဒီအက်(စ်) အို၊ အမ်စီ သူရဲကောင်းဘွဲ့ သုံးခုရရှိပြီး ၁၉၁၇ ခုနှစ် ကင်ဘရေစစ်ပွဲကြီး၌ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် ကျဆုံးခဲ့ရသော ဗိုလ်ချုပ် "ဘွိုင်း" ဘရက်ဖိုဒ်နှင့် အောက်စဖို့ဒ်တက္ကသိုလ်တွင် ကျွန်ုပ်နှင့်အတူ တက်ခဲ့ကြဖူးသော ကျောင်းနေဖက်သူငယ်ချင်းလည်းဖြစ် စစ်မှုထမ်းဘဝတွင်လည်း တစ်တပ်တည်းအတူ စစ်မှုထမ်းခဲ့ဖူးသော ဒီအက်(စ်)အိုဘွဲ့ရ အေအက်(စ်)အင်ဂျက်ဆင်သည် ထိုရှားရှားပါးပါးစာရင်းထဲတွင် ထူးထူးခြားခြား စံတင်ထိုက်သူများ ဖြစ်သည်။

ထိုပုဂ္ဂိုလ်များသည် သန္ဓေပါစစ်ပညာရှင်များ ဟူ၍ပင် ယိုးစွပ်ရမည့်အလား မိမိလုပ်ဆောင်သောအလုပ်နှင့် အံဝင်ခွင်ကျသူများ ဖြစ်ကြသည်။ စစ်ကတောင်းဆိုသမျှ ခြွင်းချက်မရှိ လိုက်လျောနိုင်သူများပါတည်း။

ထိုအရေအတွက် နည်းပါးလှသော ထူးချွန်သည့်လူငယ် စစ်ပညာရှင်များစာရင်းထဲတွင် ရွန်းမဲလ် ပါဝင်ပေသည်။ သို့သော် ရန်သူဘက်မှဖြစ်၍ ဘက်မှားနေသည်ဟု ဆိုရပေမည်။

ရွန်းမဲလ်သည် ပထမဦးဆုံး တိုက်ပွဲဝင်သည့်နေ့မှာပင် မိုးသီးမိုးပေါက်ပမာ ကျဆင်းနေသော ရန်သူ့ကျည်များအောက်တွင် သွေးနုံ့ရနေသည့် ကျားရဲတစ်ကောင်ကဲ့သို့ တွန့်ဆုတ်ခြင်းမရှိ၊ ပကတိတည်ငြိမ်အေးဆေးသော ဣန္ဒြေဖြင့် ရပ်လင့်ပြီး တိုက်ပွဲတွင် လိမ္မာပါးနပ်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ မမောမပန်း မနွမ်းမရိ သက်လုံကောင်းခြင်း၊ မဆိုင်းမတွမနှောင့်မနှေး ဆုံးဖြတ်နိုင်ခြင်း၊ မယုံကြည်နိုင်လောက်အောင် ရဲရင့်ခြင်း စသည့်

www.burmeseclassic.com

www.burmeseclassic.com



သန္ဓေပါ စစ်သည်ကျော်တို့တွင် ရှိမြဲဖြစ်သည့် ကြန်အင်လက္ခဏာများကို ပြသခဲ့သည်။

အချိန်ကား ၁၉၁၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် အရုဏ်ကျင်းစ နံနက် ၅ နာရီခန့်တွင် ဖြစ်သည်။

ရွှန်းမဲလ်၏ ဖွဲဆော်ဦးစစ်ပွဲမှာ လောင်ဝီမြို့အနီး ဘလိဒ်ရွာကလေးတွင် ပြင်သစ်များနှင့် စတင်ဖြစ်ပွားသော တိုက်ပွဲမှအစပြုခဲ့လေသည်။

ထိုအချိန်တွင် ရွှန်းမဲလ်သည် ၂၄ နာရီသော အချိန်ကို ကင်းလှည့်ရင်း ကုန်ဆုံးစေခဲ့သည်။

အစာအိမ်မှ အစာဟောင်းများသည် အဆိပ်သင့်လျက်ရှိပြီး ပင်ပန်းနွမ်းနယ်လွန်းသဖြင့် မြင်းကုန်းထက်မှ လိမ့်မကျစေရန် မိမိကိုယ်မိမိ အနိုင်နိုင်ကြိုးစားတွယ်ကပ်နေရသည်။

ထိုအချိန်တွင် ရွှန်းမဲလ်အား မလှမ်းမကမ်းရှိ ရန်သူတပ်စွဲရာ ဘလိဒ်ရွာကလေးတစ်ပိုက်သို့ ရန်သူ့အခြေအနေ စုံစမ်းထောက်လှမ်းရန် စေလွှတ်ခြင်းခံရပြန်လေသည်။

နှင်းများကား ပိန်းပိတ်မျှ ကျဆင်းနေပါ၏။

သက်လုံကောင်းလှသော ရွှန်းမဲလ်သည် မြင်းကုန်းထက်တွင် မိမိကိုယ်မိမိ အနိုင်နိုင်ထိန်းရင်း တဖွဲဖွဲကျဆင်းနေသော နှင်းထုကို ထွင်းဖောက်၍ ချီရပြန်သည်။

မကြာမီပင် တွေ့လိုသော ရွာကလေးကို နှင်းမှုန်ကြားမှ မှုန်ပျပျ တွေ့လိုက်ရသည်။

သို့ဖြင့် တပ်ခွဲစောင့်ဆိုင်းနေရာသို့ ချက်ချင်း နောက်တုံ့ပြန်ခဲ့ပြီး တပ်စုကိုခေါ်ဆောင်ကာ ရွာကလေးရှိရာသို့ ဦးဆောင်ချီခဲ့ပြန်လေသည်။

ရွှန်းမဲလ်ဦးဆောင်သည့် တပ်စု ရန်သူ့နယ်မြေအတွင်း ချင်းနင်းဝင်မိသည်နှင့် ရန်သူ၏ စတင် တိုက်ခိုက်မှုကို ခံလိုက်ရသည်။

ရွှန်းမဲလ်သည် တပ်စုကို ခေတ္တရပ်တန့်စေပြီး တပ်ကြပ်တစ်ယောက်နှင့် ရဲဘော်ကလေးနှစ်ယောက်ကို ခေါ်ငင်ကာ ရန်သူ့တပ်စခန်းရှိရာ ဦးတည်ထွက်ခဲ့သည်။

ခြေလှမ်းအနည်းငယ်မျှဆန့်မိသည်တွင် ရှေ့တူရူ နှင်းထုထဲမှ



ဘွားခနဲပေါ်လာသော လယ်တဲကြီးတစ်လုံးနှင့် ယင်းတဲအား ဝိုင်းရံကာဆီးထားသည့် မြင့်မားသော ခြံစည်းရိုးကို တွေ့လိုက်ရသည်။

တစ်ချိန်တည်းမှာပင် အနောက်ဘက် လယ်တဲတစ်လုံးသို့ကူးသော လူသွားလမ်းကလေးကိုလည်း တွေ့လိုက်ရသည်။

ရွှန်းမဲလ်သည် လူသွားလမ်းကလေးအတိုင်း ကိုက်အနည်းငယ်ခန့် လျှောက်မိသည်တွင် ထောင့်ချိုးကွေ့သို့ ရောက်လာသဖြင့် ချိုးကွေ့လိုက်သည်။ ထိုစဉ် အသင့်ဆီးကြိုနေဟန်ရှိသော ရန်သူ ၁၀ ယောက်၊ အယောက် ၂၀ ခန့်ကို အမှတ်မထင် တွေ့လိုက်ရသည်။

နောက်ပြန်ဆုတ်၍ တပ်စုကို ခေါ်မည်လော...။

မိမိ ရင်ဆိုင်နေရသည့် ရန်သူကိုပင် ရရာလက်နက်၊ ရှိသမျှအင်အားဖြင့် တိုက်ခိုက်မည်လော...။

ဤကား မြင်ကွင်းတွင် ဘွားခနဲ ပေါ်လာသော ရန်သူနှင့် ရင်ဆိုင်နေရသည့် ရွှန်းမဲလ်၏ ပထမဦးဆုံး ဆုံးဖြတ်ရမည့် ဆုံးဖြတ်ချက်ပင် ဖြစ်သည်။

ပထမဦးဆုံး ဆုံးဖြတ်ရမည့် အဆုံးအဖြတ်ဟူသည် မည်သည့်အခါမျှ လွယ်ကူရိုးထုံးတမ်းမရှိပေ။

လူတစ်ယောက်၏ အနာဂတ်သည် ထိုတဒင်္ဂ၌ ဆုံးဖြတ်သော အဆုံးအဖြတ်ပေါ်တွင် တည်နေပေသည်။

ရွှန်းမဲလ်သည် ထိုစဉ်က နောင်တွင် ထပ်တလဲလဲ လုပ်လေ့လုပ်ထရှိသော လုပ်နည်းလုပ်ဟန်ဖြင့်ပင် မျက်မှောက်ပြုနေရသော အခက်အခဲကို ဖြေရှင်းလိုက်လေသည်။

ရွှန်းမဲလ်သည် ရန်သူအား အငိုက်ဖမ်းသော နည်းပရိယာယ်ကို အသုံးပြုရန် ဆုံးဖြတ်လိုက်ပြီးနောက် မိမိနှင့် အတူပါလာသည့် ရဲဘော်သုံးယောက်ကို စုရုံးကာ ရင်ဆိုင်နေရသည့် ရန်သူများကို တရကြမ်း စတင်တိုက်ခိုက်လေသည်။

ဖြစ်ရပ်ကား လျင်မြန်လွန်းလှ၏။

ရွှန်းမဲလ်သည် ရန်သူများကို မတ်တတ်ရပ်လျက်ဖြင့် ပစ်ခတ်၏။ ရန်သူများ အတုံးအရုံး ကျသူကျ၊ ခြေဦးတည့်ရာ ပြေးသူပြေး၊

www.burmeseclassic.com

www.burmeseclassic.com



ရရာအကာအကွယ်ယူ၍ ပြန်လှန်ပစ်ခတ်သူ ပစ်ခတ်နှင့် အခြေအနေ ရှုပ်ထွေးသွားတော့သည်။

ယင်းသို့ ရွှန်းမဲလ်ဦးဆောင်သည့် ကင်းထောက်အဖွဲ့ငယ်နှင့် တစ်ဖက်ရန်သူများ တိုက်ပွဲဖြစ်ပွားနေခိုက် နောက်ပါးတွင် စောင့်ဆိုင်းရစ်သော ရွှန်းမဲလ်၏ တပ်စုသည် တိုက်ပွဲဖြစ်ပွားရာသို့ အားဖြည့်ရန် ရောက်ရှိလာ၏။

ရွှန်းမဲလ်သည် တပ်စုကို အဖွဲ့ငယ်နှစ်ဖွဲ့ ဖွဲ့စည်းလိုက်ပြီး တစ်ဖွဲ့ကို အနီးဝန်းကျင် ကောက်ရိုးပုံများမှ ကောက်ရိုးထုံးများကို ယူစေသည်။ ကျန်တစ်ဖွဲ့ကိုမူ ရွာဝင်စီးမည့် ကောက်ရိုးထုံးကိုင် အဖွဲ့အား ကာပစ်ပစ်ပေးရန် အမိန့်ပေးလိုက်သည်။

သို့ ခန့်ခွဲပြီးသည်နှင့် ရွှန်းမဲလ်သည် ကောက်ရိုးထုံးကိုင်အဖွဲ့ကို ဦးဆောင်လေသည်။

အိမ်တံခါးများ၊ စပါးကျီတံခါးများကို ဖြိုဖျက်ပြီးနောက် မီးလျှံညီးညီးတောက်လောက်နေသည့် ကောက်ရိုးထုံးများကို ပစ်သွင်းကြသည်။

ဤနည်းဖြင့် ရန်သူများ အခိုင်အမာ တပ်စွဲထားရာ ရွာကလေးအား ရွာလုံးကျွတ် ရှင်းလင်းပြီး ဖြစ်သွားတော့သည်။

ထိုတိုက်ပွဲကလေးကား စင်စစ် အရေးတယူ မှတ်တမ်းပြုလောက်သည့် တိုက်ပွဲမဟုတ်ပါပေ။ သာမည တိုက်ပွဲကလေးမျှသာ ဖြစ်သည်။

သို့သော် ထိုသာမညတိုက်ပွဲကလေးသည်ပင် ရွှန်းမဲလ် ပထမဦးဆုံး တိုက်ခိုက်ရသည့် ပွဲဦးထွက်တိုက်ပွဲဖြစ်သကဲ့သို့ တိုက်ပွဲတွင် ရဲရဲရင့်ရင့် ရင်ဆိုင်ခြင်း၊ မျက်မှောက်ပြုနေရသော အခြေအနေပေါ်တွင် အနှောင်အဖွဲ့ကင်းမဲ့စွာ လွတ်လွတ်လပ်လပ် သုံးသပ်ဆုံးဖြတ်တတ်ခြင်း စသည့် ရွှန်းမဲလ်၏ စစ်သက်တမ်းတစ်လျှောက် ပြသခဲ့သော အရည်အချင်းများကို စတင်ပြသခဲ့သည့် တိုက်ပွဲလည်း ဖြစ်ပေသည်။

ရွှန်းမဲလ်သည် ထိုခေတ်ထိုအခါက ကျင့်သုံးခဲ့သော အမြဲတစေ ရွေ့လျားနေရမည်ဟူသည့် "ရွေ့လျားဗျူဟာ" စစ်ဆင်နည်းကြောင့် မလှုပ်မရှားနိုင်အောင် ပင်ပင်နွမ်းနယ်ပြီး ဖျားနာနေသည့်တိုင် တာဝန်မပျက် ထမ်းဆောင်နေလေသည်။

တစ်ခါတစ်ရံ မြင်းကုန်းထက်တွင် ထိုင်ရင်း မေ့မြောသွားတတ်



သည်အထိ ကျန်းမာရေးအခြေအနေ ဆိုးရွားနေပေသည်။

ယင်းသို့ ကျန်းမာရေး ယိုင်နဲ့နေသည့်တိုင် ရွှန်းမဲလ်သည် ခွင့်ရက်ယူခြင်းမပြု၊ ပေးအပ်သောတာဝန်ကို မြဲမြဲမြံမြံဆက်လက် ထမ်းရွက်ဆဲပင်ဖြစ်သည်။

သို့ဖြင့် ၂၄ ရက်နေ့၌ ရွှန်းမဲလ်သည် ဗာရင်နက်(စ်)အနီး သစ်တောတွင် ပြင်သစ်စစ်သားသုံးယောက်အား ကျည်မပါသည့် သေနတ်ကိုဆွဲကိုင်လျက် တစ်ယောက်တည်း ခုခံတိုက်ခိုက်ရင်း ပေါင်တွင် ကျည်ဆန်သင့်ခံခဲ့ရလေသည်။

ထိုအချိန်မှစ၍ တပ်ရင်းမှူးသည် ခဲရာခဲဆစ်အလုပ်များနှင့် စွန့်စွန့်စားစား ထမ်းဆောင်ရမည့် တာဝန်မှန်သမျှ ရွှန်းမဲလ်ကိုပင် အားကိုးတကြီး တာဝန်ပေးလေ့ရှိပြီး အိုင်းယင်းခရော့ (ဒုတိယဆင့်)ကို ချီးမြှင့်ရန်လည်း ထောက်ခံလိုက်လေသည်။

သုံးလခန့်ကြာသောအခါတွင်မူ ရွှန်းမဲလ်သည် ပေါင်တွင် ကျည်သင့်သောဒဏ်ရာ ပျောက်ကင်းသဖြင့် မိခင်တပ်ရင်းသို့ ပြန်လာခဲ့သည်။

ဇန်နဝါရီလ အလယ်လောက်တွင် တပ်ရင်းနှင့်အတူ အာဂွန်းစစ်မျက်နှာသို့ ရွှန်းမဲလ် ရောက်ရှိလာခဲ့ပြန်သည်။

၁၉၁၅ ခု၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ရွှန်းမဲလ်သည် အိုင်းယင်းခရော့ (ပထမဆင့်)ကို အောင်အောင်မြင်မြင် ဆွတ်ခူးနိုင်ခဲ့လေတော့သည်။

လူသာမန်များ ရတောင့်ရခဲသော အနီ သူရဲကောင်းဘွဲ့ ပထမဆင့်ကို ရွှန်းမဲလ် ဆွတ်ချူနိုင်ခဲ့ပုံမှာ ဤသို့တည်း။

တစ်နေ့...

ရွှန်းမဲလ်သည် ပေတစ်ရာခန့်မျှ နက်ရှိုင်း၍ သွပ်ဆူးကြိုးများဖြင့် အလုံအခြုံ ဝန်းရံလျက်ရှိသည့် ပြင်သစ်တို့၏ အချက်အချာစခန်းတစ်ခုအတွင်းသို့ တပ်စုတစ်စုကို ဦးဆောင်၍ လပ်နေသော တစ်ကိုယ်စာ မလွယ်ပေါက်ကလေးမှ မိကျောင်းတွားသွားနည်းဖြင့် ချီဝင်ခဲ့သည်။

ရန်သူ့စခန်းအတွင်း ရောက်သည်နှင့် ရန်သူ့ခံတပ် လေးခုကို ရုတ်တရက်စီးနင်းလိုက်ပြီး တပ်ရင်းတစ်ရင်းမျှ အင်အားရှိသည့် ရန်သူများကို တိုက်ထုတ်လိုက်သည်။ တစ်ချိန်တည်းတွင်ပင် အပိုင်အနိုင် သိမ်းဆည်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့လက်တွင်း ပြန်ကျသွားခဲ့ရသည့် ခံတပ်တစ်ခုကို ပြန်လည် သိမ်းပိုက်လိုက်ပြန်သည်။ နောက်ဆုံးတွင် အငိုက်မိခံလိုက်ရသဖြင့် ကစဥ့်ကလျားဖြစ်သွားသော ရန်သူများ ပြန်လည်တိုက်စစ်မဆင်နိုင်မီ တစ်ဒါဇင်မျှပင် မပြည့်သော အကျအဆုံးဖြင့် မိမိတပ်စခန်းရှိရာသို့ အောင်မြင်ချောမောစွာ ဆုတ်ခွာလာနိုင်ခဲ့လေသည်။

ယင်းတိုက်ပွဲသည်လည်း သာမည တိုက်ပွဲကလေးသာဖြစ်သည်။ သို့သော် ထိုတိုက်ပွဲတွင် ရှန်းမဲလ်သည် အခြေအနေတစ်ရပ်ကို အခွင့်ကောင်းယူရာ၌ လမ်းစွန်လမ်းဖျားအထိ ယူရန် အမြဲတစေ အသင့်ရှိနေတတ်သည်ကိုလည်းကောင်း၊ သို့ အခွင့်ကောင်းယူရာတွင် မည်သည့် ဘေးအန္တရာယ်မျိုးနှင့် ရင်ဆိုင်ရသည်ဖြစ်စေ တုန်လှုပ်ခြင်း အလျှင်းမရှိကြောင်း ပြသခဲ့ပေသည်။

ထိုသို့ အသက်ကိုပင် ပဓာနမထားဘဲ အခြေအနေက တောင်းဆိုလျှင် တောင်းဆိုသလို စွန့်စွန့်စားစား ရှုပ်ရှုပ်ချုံချုံ ရင်ဆိုင်တတ်ခြင်းကြောင့်လည်း ရှန်းမဲလ်သည် အကျပ်အတည်းများနှင့် မကြာခဏ ကြုံဆုံရတတ်သည်။

မည်သို့ပင် အခက်အခဲ အကျပ်အတည်းဖြင့် ကြုံဆုံရစေ ယင်းသို့ ရဲရဲတောက် စွန့်စားခြင်းကြောင့်ပင်လျှင် တိုက်ပွဲတစ်ရပ်ဆင်နွှဲတိုင်း အခွင့်အရေးမှန်သမျှ တစ်စမကျန် ရယူနိုင်ခဲ့ခြင်းလည်း ဖြစ်ပေသည်။

အသက်သည် သာမည၊ အောင်ပွဲသည် အဓိက ဟူသော စိတ်ဓာတ်ထူးကြောင့်လည်းကောင်း၊ လူတစ်ယောက် စွမ်းဆောင်နိုင်သော စွမ်းပကားထက် မယုတ်မလျော့သည့် တိုက်အားကိုပေးနိုင်ပြီး တစ်ကိုယ်တော် စွန့်စားလုပ်ဆောင်တတ်ခြင်းကြောင့် လည်းကောင်း ရှန်းမဲလ်အား အသစ်စက်စက် ဖွဲ့စည်းခဲ့သည့် "တောင်ပေါ်တပ်ရင်း"* သို့ ပို့ဆောင်လိုက်ခြင်းဖြစ်သည်မှာ ယုံမှားဖွယ် မရှိချေ။

ထိုတောင်ပေါ်တပ်ရင်းသို့ မရွှေ့ပြောင်းရသေးမီ ရှန်းမဲလ်သည် ပေါင်တွင် ဒုတိယအကြိမ် ထပ်မံဒဏ်ရာရရှိပြီး ဗိုလ်အဆင့်သို့ ရာထူးတိုးမြှင့်ခြင်း ခံရသည်။

---

* Mountain Battalion (W.G.B)
အသစ်ဖွဲ့စည်းလိုက်သည့် ဂျာမန်တောင်ပေါ်တပ်ရင်း။



၎င်းတပ်ရင်း ဖွဲ့စည်းပုံမှာ သာမန်တပ်ရင်းနှင့်မတူပေ။ ရိုင်ဖယ်တပ်ခွဲခြောက်တပ်၊ တောင်ပေါ်ပစ် စက်ကြီးကိုင် တပ်စုခြောက်စုဖြင့် ဖွဲ့စည်းထားသော တပ်ရင်းဖြစ်သည့်အတိုင်း သာမန်တပ်ရင်းတစ်ရင်းထက် လူအင်အား၊ လက်နက်အင်အား သာလွန်ပေသည်။ ၎င်းတပ်ရင်းသည် မည်သည့်အခါမျှ တပ်ရင်းအနေဖြင့် အလုံးအရင်း တိုက်ပွဲဝင်လေ့မရှိဘဲ စစ်ဆင်ရေး အစုကြီး နှစ်စု၊ သို့မဟုတ် ထို့ထက်ပိုသောအစုများခွဲ၍ တိုက်ခိုက်လေ့ရှိသည်။ အစုခွဲဖွဲ့စည်းသည့် အခြေခံဖွဲ့စည်းပုံ ဥပဒေမှာ မျက်မှောက်ပြုနေရသော စစ်ပွဲ၏ပမာဏပေါ်တွင် မူတည်ဖွဲ့စည်းလေသည်။

စစ်ဆင်ရေး အစုကြီးများ၏ သီးခြား တာဝန်မှာကား သီးခြားအစုခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်တွင် တိုက်ပွဲဝင်ရပြီး တစ်နေ့လျှင် တစ်ကြိမ်သာ တပ်ရင်းသို့ သတင်းပို့ရသည်ဖြစ်ရာ အစုခေါင်းဆောင်များအဖို့ မိမိတပ်စုကြီးများအား လွတ်လွတ်လပ်လပ် အုပ်ချုပ်နိုင်ခြင်း၊ တိုက်ပွဲတွင် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စိတ်ကြိုက် ဆုံးဖြတ်နိုင်ခြင်း စသည့် အခွင့်အရေးများ ရရှိလေသည်။

တောင်ပေါ်တပ်ရင်းသည် တောင်ပေါ်စစ်ဆင်နည်းများကို ဩစတြေးရီးယားတွင်လည်းကောင်း၊ စစ်အေးကာလအတွင်း ဗိုဂျက်(စ်) မြို့၏ ဆိတ်ငြိမ်နယ်မြေတစ်ခုတွင် လည်းကောင်း တစ်နှစ်နီးပါးခန့် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြီးနောက် ရူမေးနီးယား စစ်မျက်နှာတွင် တိုက်ပွဲဝင်နေရသော နာမည်ကျော် အောလ်ပင်ကိုး တပ်မကြီးနှင့် လာရောက်ပေါင်းစည်းလိုက်သည်။

ရှန်းမဲလ်သည် ရူးမေးနီးယား စစ်မျက်နှာတွင် စစ်ဆင်ရေး အစုကြီးတစ်စုကို သီးခြားအုပ်ချုပ်ခွင့် ရရှိလေသည်။ ထိုစစ်ဆင်ရေး အစုကြီးများသည် ပေးအပ်ခြင်းခံရသည့် တာဝန်နှင့်ညီမျှသော ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းထားခြင်းဖြစ်လေရာ တပ်ခွဲတစ်ခွဲအင်အားမှ တပ်ရင်းတစ်ရင်းအင်အားမျှအထိ တောင့်တင်းနိုင်မာလေသည်။

ရှန်းမဲလ်သည် ရူမေးနီးယားစစ်မျက်နှာတွင် တာဝန်ထမ်းဆောင်နေခိုက် ရက်တိုခွင့်ယူကာ ဒန်းဇစ်မြို့သို့ တိတ်တဆိတ် ထွက်ခွာလာခဲ့ပြီး ၁၉၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် တစ်ဦးတည်းသောချစ်သူ...

www.burmeseclassic.com

www.burmeseclassic.com



မာရီယာမော်လင်နှင့် တရားဝင် လက်ထပ်လိုက်လေသည်။

လက်ထပ်စဉ် အမှတ်တရ ရိုက်ကူးထားသော ဓာတ်ပုံကိုကြည့်လျှင် မော်လင်အား အီတာလျံချော ချောသည့် မိန်းကလေးတစ်ဦးဖြစ်ကြောင်း မြင်တွေ့ရမည် ဖြစ်ပေသည်။

ဓာတ်ပုံရိုက်ကူးစဉ်က ဣန္ဒြေရရ တည်တည်ခံ့ခံ့ ရိုက်ကူးထားသဖြင့် ပျော်ပျော်ရွှင်ရွှင်နေတတ်သော သူမ၏ ပင်ကိုဗီဇနှင့် စိတ်နေစိတ်ထားကို ပီပီပြင်ပြင် ကွက်ကွက်ကွင်းကွင်း ဖော်ပြနိုင်စွမ်းမရှိသော်လည်း စာပေမွေ့လျော်ခြင်း၊ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်တည်မတ်ခြင်း၊ ထောင်လိုက်ကျကျ ပြားလိုက်ကျကျ ဘဝကို ရဲရဲရင့်ရင့် ရင်ဆိုင်နိုင်မည့်သတ္တိ စသော အရည်အချင်းများနှင့် ပြည့်စုံသည့် ဥပမိရုပ်ကိုမူ ထင်ထင်လင်းလင်း တွေ့မြင်ရပေမည်။

မော်လင်သည် ကြမ်းကြုတ်ခြင်း၊ သော့သရမ်းခြင်း၊ ရက်စက်ခြင်း အတိပြီးသော စစ်မြေပျော် စစ်သည်တော်အတွက် အလွန်သင့်လျော်သော မယားကောင်းမယားမြတ်ပင် ဖြစ်ပါ၏။

ရုမေနီးယားနှင့် အီတလီ စစ်မျက်နှာတွင် သူမတူအောင် စွမ်းစွမ်းတမံ အမှုထမ်းခဲ့သော ရွှန်းမဲလ်၏ သက်စွန့်ဆံဖျား စွမ်းဆောင်ချက်များသည် အံ့ဖွယ်လိလိပင် ဖြစ်သည်။ ထိုစဉ်က ရွှန်းမဲလ်နှင့်အတူ တိုက်ပွဲဝင်ခဲ့သော တိုက်ဖော်တိုက်ဖက်များနှင့် ကိုယ်တိုင်ကိုယ်ကျ မျက်မြင်ဒိဋ္ဌများသာ မရှိလျှင် ယုံတမ်းပုံပြင်သဖွယ် ထင်မှတ်ကြပေမည်။

အတိုဆုံးနှင့်အကျဉ်းရုံးသော် ရွှန်းမဲလ်၏ သေနင်္ဂဗျူဟာမှာ လူအင်အားအနည်းငယ်နှင့် ရန်သူစစ်ကြောင်းထဲသို့ လျှပ်တစ်ပြက် ထိုးဖောက်ဝင်ရောက်သောနည်းပင် ဖြစ်သည်။ ယင်းသို့ ရန်သူစစ်ကြောင်းထဲသို့ ထိုးဖောက်စိမ့်ဝင်သွားစဉ် များသောအားဖြင့် လမ်းတစ်လျှောက် တယ်လီဖုန်းလိုင်းများ ချသွားတတ်သည်။

တောတောင် ထူထပ်ပေါများသော နယ်မြေတွင် တောင်ထွတ်ဖျားများ၊ တောင်ကြားများနှင့် လှိုဏ်မြောင်းများတွင်သာ နေရာယူတတ်သည့် အလျောက် ရွှန်းမဲလ်သည် မိုးထိဘနန်း မြင့်မားသည့် တောင်ထွတ်များအထိ စွန့်စွန့်စားစား တက်ရောက်နေရာယူခြင်း၊ တိုက်ခိုက်ခြင်းများ ပြုတတ်လေသည်။ တစ်ခါတစ်ရံ အလွန်မတ်စောက်ပြီး ကျွမ်းကျင်သော တောင်တက်



သမားများပင် သက်စွန့်ဆံဖျားတက်ရောက်ရသည့် တောင်ထွတ်များတိုင် စွန့်စားတက်ရောက်တတ်သည်။

ရွှန်းမဲလ်သည် နှင်းထူထပ်ပြီး သွေးခဲမတတ် အေးသောဒဏ်ကိုလည်းကောင်း၊ မီးကျီးတမျှ ပူပြင်းတတ်သော နွေရာသီ၏အပူဒဏ်ကိုလည်းကောင်း မည်မျှ ဆိုးသွမ်းသော ရာသီဥတုတွင်ဖြစ်စေ နေ့ရောညဉ့်ပါ တူညီသောနှုန်းတစ်ခုတည်းဖြင့် စစ်ချီတတ်လေသည်။

ပထဝီအနေအထား မှတ်သားရာတွင် မှတ်ဉာဏ်ကောင်းပြီး မျက်စိလျင်၏။ အပူဒဏ် အအေးဒဏ် အအိပ်အစားပျက်ခြင်း၊ ပင်ပန်းခြင်းများကိုလည်း ခံနိုင်စွမ်းရှိ၏။ ရန်သူ့နောက်ပိုင်း ဝင်ရောက်မိလျှင် မိမိတပ်အင်အား မည်မျှနည်းပါးသည်ဖြစ်စေ ဆုတ်ဆိုင်းခြင်းမရှိ တိုက်ခိုက်တတ်၏။

အခိုင်အခံ့ ဆောက်ထားသော ရုမေနီးယားခံတပ်ကြောင်း မောင့်ကော(စ်)နာကို ၁၉၁၇ ခုနှစ်၊ ဩဂုတ်လတွင် သိမ်းပိုက်စဉ်က ရွှန်းမဲလ်သည် ကိုက် ၁၅၀ ခန့်မျှသာ ကွာသော ရန်သူ့တပ်စခန်းနှစ်ခုအကြားမှ တပ်ခွဲလေးတပ်ကို ဦးဆောင်ကာ ရန်သူမမြင်အောင် ခေါ်ဆောင်သွားခဲ့ပြီး လမ်းတစ်လျှောက် တယ်လီဖုန်းလိုင်းများကိုချသွားခဲ့သည်။ ယင်းသို့ဖြင့် ဦးတည်ရာအမှတ်ဖြစ်သည့် တောင်ထွတ်ပေါ်သို့ ရောက်သောအခါတွင်မူ ရွှန်းမဲလ်သည် မအိပ်စက်ရသည်မှာ ရက်သတ္တတစ်ပတ်မျှပင် ရှိခဲ့ပြီး လက်မောင်းတစ်ဖက်တွင် ရက်အတန်ကြာက ရရှိခဲ့သော ဒဏ်ရာမှာလည်း မခံမရပ်နိုင်အောင် ဆိုးသွမ်းလျက်ရှိချေပြီ။

ထိုနှစ် ဇန်နဝါရီလတွင် ရန်သူ့အချက်အချာ တပ်စခန်းတစ်ခုဖြစ်သည့် ဂါဂက်စတီရွာ သိမ်းပိုက်စဉ်ကလည်း ဆိုးသွမ်းလှသော ရာသီဥတုထဲတွင် ရုမေးနီးယား အဝေးကင်းစခန်း စီးကြောင်းအတွင်း၌ တပ်ဖျောက်၍ ညဉ့် ၁၀ နာရီတိုင်သည်အထိ စောင့်နေ၏။ သို့စောင့်နေရာမှ ရန်သူများ ၎င်းတို့၏စခန်းတန်းလျားများထဲတွင် အိပ်မောကျလောက်မည့်အချိန်တွင် ရိုင်ဖယ်ပစ်အားတစ်ဝက်နှင့် စက်သေနတ်များကို အသုံးပြုကာ ရွာထဲသို့ ဖိပစ်ထားစေပြီး ကျန်ပစ်အားတစ်ဝက်ကို ငြသံပေး၍ ရွာဝင်စီးစေလေတော့သည်။ ရွာထဲသို့ရောက်လျှင် စစ်တန်းလျားများထဲမှ အိပ်မှုန်စုံမွှားဖြင့် ကျွမ်းထိုးမှောက်ခုံ ထွက်လာကြသော ရန်သူများကို စုရုံးဖမ်းဆီးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနည်းဖြင့် အချိန်အနည်းငယ်အတွင်းတွင် သုံ့ပန်း ၄၀၀ ခန့်အား ရှာဦးထိပ် ဘုရားရှိခိုးကျောင်းထဲတွင် စုရုံးမိပြီး ဖြစ်လေတော့သည်။ ရွှန်းမဲလ်ဘက်မှ အကျအဆုံးများမှာမူကား ပြောပလောက်ဖွယ် မရှိချေ။

မရှောင်မလွှဲသာ မျက်နှာချင်းဆိုင်တိုက်ခိုက်ရသည့် တိုက်ပွဲမျိုးတွင် ရွှန်းမဲလ်၏ လက်သုံး နည်းပရိယာယ်မှာမူ ရန်သူရှိမည့်နေရာ အရပ်ရပ်ကို စက်ကြီးများဖြင့် ဖြန့်ပစ်ထားပြီး တစ်ဖက်မှ ရန်သူ့စစ်ကြောင်းတစ်လျှောက် မိမိချိုးဖောက်လိုသည့် အမှတ်တစ်ခုကို စက်ကြီးများဖြင့် စုပြုံပစ်ထားစေသည်။ ထိုစဉ် ထိုးစစ်ဆင်မည့် တပ်တစ်တပ်ကို အသင့်ပြင်လိုက်သည်။ ထိုတပ်သည် အင်အားကောင်းသောတပ်ဖြစ်ပြီး ထိုးစစ်ဆင်လျှင် စစ်မျက်နှာ အကျဉ်းမြောင်းဆုံးသော အနေအထားဖြင့် ထိုးစင်ဆင်ရမည် ဖြစ်သည်။ ထိုးစစ်ဆင်မည့်တပ်အား စက်သေနတ်များ တပ်ဆင်ထားသည်ဖြစ်လေရာ တစ်နေရာတည်းတွင် စုပြုံပစ်ထားသောအမှတ်မှ စစ်ကြောင်း ကျိုးပေါက်သွားသည်နှင့်တစ်ပြိုင်နက် ထိုးစစ်ဆင်မည့် တပ်သည် ကျိုးပေါက်သွားသော လမ်းကြောင်းအတိုင်း ဝင်ရောက်ရမည်ဖြစ်ပြီး ရန်သူ့စစ်ကြောင်းထဲသို့ ရောက်လျှင်ရောက်ချင်း စက်ကြီးကိုင်အဖွဲ့များက ရန်သူ့တောင်ပံ တစ်ဖက်တစ်ချက်ဆီသို့ ချိန်ရွယ်နေရာယူ လိုက်ကြရမည်။ ကျန် ထိုးစစ်အဖွဲ့များကမူ နောက်ပိုင်းအခြေအနေကို ပြန်လှည့်ရန်မလိုဘဲ ရန်သူ့ကျောနောက်သို့ရောက်သည်အထိ ဝင်ရောက်ရမည် ဖြစ်သည်။

တစ်နည်းဆိုသော် ထိုးစစ်ဗျူဟာတွင် ရွှန်းမဲလ်အသုံးပြုသော နည်းပရိယာယ်သည် ၁၉၃၉ ခုနှစ် ဂျာမန်ပန်ဇာတပ်မများ အသုံးပြုခဲ့သော နည်းပရိယာယ်ပင် ဖြစ်သည်။

ထိုစဉ် တစ်ချိန်လုံး ရွှန်းမဲလ်သည် တပ်စု၊ တပ်စိတ်၊ တပ်ခွဲ စစ်ဆင်ရေး အစုကြီးမှသည် တပ်ရင်းတစ်ရင်းအထိ သီးခြားအုပ်ချုပ်ခွင့်၊ တိုက်ပွဲများတွင် လွတ်လပ်စွာ ဦးဆောင်နိုင်ခွင့်များ ရရှိနေရုံမျှမက အထက်အရာရှိများကပင် ပထဝီအညွှန်း၊ ဗျူဟာနည်းပရိယာယ် စသည့် စစ်ရေးအကြံဉာဏ်များကို ရွှန်းမဲလ်ထံမှ တောင်းခံနေရသည်အထိ အောင်မြင်နေပြီးဖြစ်သော်လည်း ရွှန်းမဲလ်၏အသက်မှာ ၂၅ နှစ်မျှသာရှိပြီး ရာထူးအားဖြင့်လည်း မထင်မရှားသော ဗိုလ်အဆင့်မျှသာ ဖြစ်သေးသည်ကို သတိပြုသင့်



လှပေသည်။

ပထမကမ္ဘာစစ်ကြီးအတွင်း ရွှန်းမဲလ်၏ စစ်မှုထမ်း သက်တမ်းတစ်လျှောက် အအောင်မြင်ဆုံးအချိန်သည် မွန်တီမာဂျူကို သိမ်းပိုက်လိုက်သောအချိန် ဖြစ်သည်။ ဩစတြီးယားများသည် နေ့စဉ်ရက်ဆက် အီတာလျံများကို အရေးနိမ့်နေသဖြင့် ဂျာမန်များထံ အကူအညီတောင်းခံရ၏။ ဂျာမန်တို့သည် အခြားစစ်မျက်နှာများသို့ စစ်ကူပို့ရန် ဂျာမန်တပ်များ မလုံမလောက်ဖြစ်နေရသည့်ကြားမှပင် အိုင်ဇိုနိုတောင်ကြား၌ အခိုင်အမာ တပ်စွဲထားသော အီတာလျံတပ်များကို တိုက်စစ်ဆင်ရန် တိုက်ရည်ဝ တပ်မခြောက်တပ်ပါဝင်သည့် အမှတ်(၁၄) တပ်မတော်ကို စစ်ကူပို့လိုက်၏။ ရွှန်းမဲလ်မိခင်တပ်ဖြစ်သည့် ဝူတင်ဘက် တောင်ပေါ်တပ်ရင်းသည် မွန်တီမာဂျူသိမ်းပွဲတွင် အောပင်ကိုးတပ်မနှင့် ပူးတွဲတာဝန်ကျပြန်၏။ စစ်ဆင်ရေး အစီအစဉ်အရ အောပင်ကိုးတပ်မသည် မွန်တီမာဂျူ ဗဟိုအချက်ကို ဦးတည်၍ ချီတက်တိုက်ရမည်ဖြစ်သည်။ ထို့ကြောင့်ပင် စစ်ပွဲ၏ ပထမနေ့တွင် တောင်ပေါ်တပ်ရင်းသည် တိုက်စစ်ကို ဦးဆောင်မည့် ဗာဗေးရီးယန်း တပ်မဟာ၏ ညာတောင်ပံကို အကာအကွယ်ပေးရန် တာဝန်ကျလေတော့သည်။

ယင်းစစ်ဆင်ရေး အစီအစဉ်အရဆိုပါမူ ရွှန်းမဲလ်၏ တောင်ပေါ်တပ်ရင်းသည် တပ်ဦးဖြစ်သည့် ဗာဗေးရီးယန်း တပ်မဟာနောက်မှ လိုက်ပါချီတက်ရမည်ဖြစ်သည်။ ထိုသို့ ရှုပ်ထွေးလှသော စစ်ဆင်ရေးအစီအစဉ်တွင် ရွှန်းမဲလ်သည် မိမိတပ်ရင်း ဗာဗေးရီးယန်း တပ်မဟာနောက်မှ လိုက်ရမည်ဆိုသည်ကို မကျေမချမ်းနိုင်သဖြင့် သူ့တပ်အား ဗာဗေးရီးယန်းတပ်မဟာ၏ ညာတောင်ပံမှ ပန်းတက်စေပြီး အီတာလျံစခန်းကို လွတ်လွတ်လပ်လပ် တိုက်ခိုက်ခွင့်ပြုရန် တပ်ရင်းမှူး ဗိုလ်မှူး စပရော့ဆာထံ အမိန့်ခံလိုက်သည်။ သို့နှင့် ဗာဗေးရီးယန်း တပ်မဟာသည် မွန်တီမာဂျူအဝင်တွင် ရှေ့ဆက်မချီတက်နိုင်ဘဲ တန့်နေခိုက် ရွှန်းမဲလ်သည် အရဏ်မတက်မီ သူ့တပ်များအား အီတာလျံ စစ်မျက်နှာရှေ့မှ ဖြတ်လျက် တိတ်တဆိတ် ခေါ်ဆောင်ခဲ့၏။ သို့ဖြင့် ရှေ့ပြေးတပ်ဖွဲ့သည် အရုဏ်တက်သည်နှင့်တစ်ပြိုင်နက် အီတာလျံစစ်ကြောင်းကို ထိုးဖောက်ဝင်ရောက်သွားနိုင်ခဲ့ပြီး အီတာလျံ အမြောက်တပ်ခွဲတစ်ခုကို လုံ့စွပ်ထိပ်ဖျားဖြင့်ပင် စီးနင်းလိုက်သည်။ ယင်းတိုက်ပွဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းမဲလ်၏ ရှေ့ပြေးတပ်ဖွဲ့သည် သေနတ်တစ်ချက်ပင် အပစ်မခံလိုက်ရပေ။

ရွှန်းမဲလ်သည် သိမ်းပိုက်ပြီး နယ်မြေကို ဆက်လက် ထိန်းသိမ်းထားရန်နှင့် စစ်ကြောင်းချဲ့ထွင်ထားရန် တပ်ခွဲတစ်ခွဲကို အစောင့်ချခဲ့ပြီး ကျန်တပ်ခွဲတစ်ခွဲကို ဦးဆောင်ကာ အီတာလျံ နောက်ပိုင်းစခန်းများဆီသို့ ဆက်လက် ထိုးဖောက်ဝင်ရောက်သွားသည်။ ယင်းသို့ ဆက်ချီသွားရိုက် စစ်ကြောင်းပေါက်တွင် အစောင့်ချထားခဲ့သော တပ်ခွဲအား အီတာလျံတပ်ရင်းတစ်ရင်းက အလုံးအရင်း ဝင်ရောက်တိုက်ခိုက်ပြန်သဖြင့် ရှေ့မချီနိုင်ဘဲ ပထမ တပ်ခွဲကို အကူအညီပေးရပြန်သည်။

သို့နှင့် ရွှန်းမဲလ်သည် ဒုတိယအကြိမ် ဆက်ချီခဲ့ပြန်သည်။ အီတာလျံစစ်ကြောင်း နောက်ပိုင်းသို့အရောက်တွင်မူ ရှေ့ရောနောက်ပါ ပိတ်ဆို့ခံလိုက်ရသော အီတာလျံများ အလွယ်တကူ လက်နက်ချ အညံ့ခံကြသည်။ ရွှန်းမဲလ်သည် ချက်ချင်းပင် တပ်ရင်းမှူးထံ သို့ပန်းတစ်ထောင် လက်ရဖမ်းဆီးမိကြောင်း ကြိုးမဲ့ကြေးနန်းဖြင့် သတင်းပို့လိုက်သည်။

ဗိုလ်မှူး စပရော့ဆာသည် ရွှန်းမဲလ်ပို့သော ကြိုးမဲ့ကြေးနန်း သတင်းအရ တပ်ခွဲလေးတပ်ဖြင့် အပြင်းချီတက်လာပြီး ရွှန်းမဲလ်၏ ရှေ့ပြေးတပ်ဖွဲ့ကို အားဖြည့်လိုက်သည်။ ယင်းသို့ဖြင့် ရွှန်းမဲလ် လက်အောက်တွင် တပ်ခွဲခြောက်တပ်အထိ စုရုံးမိပြီးဖြစ်သွားသဖြင့် အီတာလျံစစ်ကြောင်း နောက်ပိုင်းကို ထိုးဖောက်ရန် အခွင့်သာခဲ့ပြန်လေသည်။

ရွှန်းမဲလ်သည် အများမြင်ကွင်းမှ ပျောက်ကွယ်နေသော တောတန်းတစ်ခုကို တွေ့ရှိသဖြင့် ထိုလမ်းအတိုင်း သူ့တပ်ကို နှစ်မိုင်ခန့် ခရီးပေါက်သည်အထိ တစ်တန်းတည်း စီတန်းချီတက်စေသည်။ ထိုအချိန်တွင် အီတာလျံများသည် ပင်မစစ်ပွဲကို အာရုံစိုက်နေရသည်ကတစ်ကြောင်း၊ ရှေ့တန်းစစ်မျက်နှာတွင် မိုးသီးမိုးပေါက်ပမာ ကျဆင်းနေသော ဂျာမန် အမြောက်ဆန်များကြောင့် တစ်ကြောင်း ရွှန်းမဲလ်တပ်များ မိမိတို့နောက်ကျော အရောက် ထိုးဖောက် ဝင်ရောက်လာသည်ကိုပင် မသိလိုက်ကြချေ။

ရန်သူ့နောက်ပိုင်းရှိ လွင်တီးခေါင်ကြီးထဲသို့ ရောက်သောအခါတွင်မူ ရွှန်းမဲလ်သည် မွန်တီမာဂျူသို့သွားသည် လမ်းမကြီးပေါ်တွင် တပ်ချလိုက်ပြီး ရန်သူ့ရိက္ခာထောက်ပံ့ရေး စစ်ကြောင်းတစ်ကြောင်းနှင့် စစ်ဦးစီး



အဖွဲ့ဝင်များ အသုံးပြုသည့် ကားတစ်စီးအပြင် အရာရှိ ၅၀၊ ရှေ့တန်းစစ်မျက်နှာသို့ တရွေ့ရွေ့ ချီတက်နေသည့် အမှတ်(၄) ဘာဆာဂလေရီတပ်ပေါင်းမှ ရန်သူတပ်သား ၂၀၀၀ ကို လက်ရဖမ်းဆီးရမိလိုက်သည်။ ရွှန်းမဲလ်သည် ရန်သူ့ဘက်မှ ဖမ်းဆီးရမိလိုက်သော စစ်ဦးစီးများ စီးနင်းသည့်ကားကို စီး၍ ကိုယ်တိုင် ပဏာမ ကင်းထောက်မှုကိုပြုပြီးနောက် လွင်တီးခေါင်ကို ဖြတ်၍ ရန်သူ့သော့ချက်စခန်းဖြစ်သည့် မွန်တီမာဂျူသို့ တိုက်ရိုက်ချီတက်ရန် ဆုံးဖြတ်လိုက်သည်။ သို့ဖြင့် ရွှန်းမဲလ်သည် တစ်နေ့နှင့် တစ်ညဥ့်ပတ်လုံး ခရီးပန်းနေသော မိမိတပ်များကို ရှေ့သို့ ဆက်လက်မောင်းနှင်ပြန်သည်။ နောက်တစ်နေ့ အရုဏ်တက်ချိန်တွင် ဆယ်လာနို တပ်ပေါင်းတပ်ခွဲ ကြွဲကြွဲခံနေရာ စခန်းနှင့်မလှမ်းမကမ်းနေရာသို့ ရောက်ရှိလာခဲ့သည်။ ထိုနောက်တွင် ရွှန်းမဲလ်သည် မိမိတပ်များကို ခေတ္တရပ်တန့်စေပြီး လက်အောက် အရာရှိနှစ်ယောက်နှင့် ရိုင်ဖယ်ကိုင်တပ်သားအချို့ကို ခေါ်ဆောင်လျက် တိုက်ပွဲဝင်ရန် ဟန်ရေးတပြင်ပြင် လုပ်နေကြသော ရန်သူ့ တပ်စခန်းအတွင်း အလစ်ဝင်၍ အားလုံး လက်နက်ချ အညံ့ခံရန် အမိန့်ပေးလိုက်သည်။ အငိုက်မိခြင်း ခံလိုက်ရသော ရန်သူများသည် ခေတ္တ တွေဝေသွားကြပြီး မကြာမီပင် အရာရှိ ၄၃ ယောက်နှင့် အကြပ်တပ်သား ၁၅၀၀ သည် ချအပ်သော လက်နက်များနှင့်အတူ အညံ့ခံလိုက်ကြလေတော့သည်။

ရွှန်းမဲလ်၏တပ်များ မွန်တီမာဂျူ တောင်ထိပ်သို့ နောက်ပိုင်းမှ တက်ရောက်ပိတ်ဆို့လိုက်ပြီးနောက် တောင်ထိပ်မှ ရှော့ကက်များ ပစ်လွှတ်နိုင်သော အချိန်တွင်မူ ရွှန်းမဲလ်သည် နာရီပေါင်း ၅၀ တိတိ မနားမနေ ချီတက်ခဲ့ရပြီး ဖြစ်၏။ တောင်စဉ်တောင်တန်း ခရီးကြမ်း ၁၂ မိုင်ပေါက်ခဲ့၏။ အမြင့်ပေ ၇၀၀၀ အထိ တက်မိခဲ့ပြီး အရာရှိ ၁၅၀၊ တပ်သား ၉၀၀ နှင့် အမြောက် ၈၁ လက်ကိုလည်း လက်ရဖမ်းဆီးမိခဲ့ပြီး ဖြစ်လေသည်။

ထိုစဉ်က ရွှန်းမဲလ်သည် အီတာလျံတပ်များ ဘာ့ကြောင့် ဤသို့ အလွယ်တကူ လက်နက်ချနေကြသည်ကို နားမလည်နိုင်အောင် ဖြစ်ခဲ့ရ၏။ သို့ရာတွင် ၁၉၃၇ ခုနှစ် အများပြည်သူသုံးအဖြစ် ထုတ်ဝေသည့် ရွှန်းမဲလ်၏ ခြေလျင်တပ် တိုက်နည်းစစ်ကျမ်းတွင် “ယနေ့ အီတာလျံတပ်မတော်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံး တပ်မတော်တစ်ခုဖြစ်သည်”ဟူ၍ ရေးသား

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြထားသည်ကို တွေ့ရပြန်လေရာ ထိုသည်မှာလည်း ဂျာမန်တပ်မတော်ဝါဒဖြန့်ချိရေးဌာန၏ လက်ရာမှန်တစ်ခုသာဖြစ်ကြောင်း သံသယဖြစ်ဖွယ်မလိုပြီ။

ထိုမှန်တီမာဂျူ သိမ်းပွဲတွင် ရွှန်းမဲလ်သည် ဗိုလ်ချုပ်ကြီးများကိုသာ ပေးရိုးပေးစဉ်ရှိသည့် "ပိုလာမဲရစ်"* ဆုတံဆိပ်ကို ချီးမြှင့်ခြင်း ခံရလေသည်။ ထိုတံဆိပ်ကို အရာရှိငယ်များအား ပေးသောအခါတွင် "ဗစ်တိုးရီးယားခရော့စ်"တံဆိပ်နှင့် ညီမျှသောအဆင့်တွင် ထား၍ပေး၏။ ထိုဘွဲ့တံဆိပ်ကိုပင် အရာရှိငယ်များထဲမှ နှစ်ယောက်၊ သုံးယောက်ထက် မပိုသော အရေအတွက်သာလျှင် ရဖူးပြီး ရာထူးကိုလည်း ဗိုလ်ကြီးအဆင့်သို့ တိုးမြှင့်ပေးလိုက်သည်။

ရွှန်းမဲလ်သည် 'ပိုလာမဲရစ်' ဆုတံဆိပ်ကို ချီးမြှင့်ခံရပြီး မကြာမီမှာပင် ကြိုးသီ၍ချီထားသော မိမိနောက်လိုက် ငယ်သားခြောက်ယောက်နှင့်အတူ ရေခဲလုမတတ်ဖြစ်နေသည့် ပီယေ့မြစ်ကို ဖြတ်ကူးသည်။

တစ်ဖက်ကမ်းသို့ ခြေချမိသည်နှင့် ရန်သူများ တပ်စခန်းချရာ 'လောင်ဂရုံ'ရွာကလေးကို မှောင်မည်းမည်း၌ အဘက်ဘက်မှ ဝိုင်းဝန်းပစ်ခတ်ထားလိုက်ပြီး အရဏ်တက်အချိန်တွင် ရန်သူ့တပ်စခန်းထဲသို့ ရွှန်းမဲလ်တစ်ယောက်တည်းဝင်ရောက်သွားသည်။ ထို့နောက် မိမိတပ်များ ရွာပတ်လည် ဝိုင်းရံထားပြီးဖြစ်ကြောင်း ပြောဆိုပြီး လက်နက်ချအညံ့ခံကြရန် ရာဇသံပေးလိုက်သည်။ သို့ဖြင့် လောင်ဂရုံရွာကလေးသည် ရန်သူတပ်စခန်းတစ်ခုလုံးနှင့် ရွှန်းမဲလ်လက်သို့ ကျရောက်ခဲ့ရလေသည်။

ယင်းတိုက်ပွဲအပြီးတွင် ရွှန်းမဲလ်အား ခွင့်ရက်ရှည်ပေးလိုက်သည်။ ခွင့်ရက်စေ့သောအခါတွင်မူ ရွှန်းမဲလ် မုန်းတီးလှသော ရာထူးဖြစ်သည့် စစ်ဦးစီးအဖွဲ့ဝင်အဖြစ် ခန့်အပ်လိုက်ရာ ထိုရာထူးနှင့်ပင် ရွှန်းမဲလ်သည် စစ်ကြီးပြီးသည့်တိုင် နှစ် ရက်များကို ငြီးငွေ့စွာ ကုန်ဆုံးစေခဲ့ရသည်။

စစ်ပွဲတွင် စွမ်းစွမ်းတမံ စွမ်းဆောင်နိုင်ခြင်းသည် လူသားတို့၏ အမြင့်မားဆုံးသော စွမ်းဆောင်မှုဟူ၍ကား မဆိုနိုင်ပါချေ။ သို့ရာတွင် ကြေးစားကြိုးဝိုင်းထဲမှ လက်ဝှေ့ချန်ပီယံသည်ပင် ယုတ်စွအဆုံး အများ

* Pour le Merite



လက်ဝှေ့သမားတို့ထက် သာလွန်သောအတတ်၊ သာလွန်သော ခွန်အားဗလ၊ သာလွန်သော ရဲစွမ်းသတ္တိ စသည့် အရည်အချင်းနှင့် ပြည့်စုံရမည်ဖြစ်လေရာ တိုက်ပွဲတွင် လူပေါင်းများစွာက မိမိတို့၏အသက်ကို သံသယမရှိ ဝကွက်၍ အပ်နှံခြင်းခံရသော စစ်ခေါင်းဆောင်ဆိုလျှင်မူကား အထူးဆိုဖွယ်မရှိပြီ။ ထို့ကြောင့်လည်း ကျွန်ုပ်တို့သည် ရွှန်းမဲလ်၏ အတ္တုပ္ပတ္တိကို ပြုစုရာ၌ တိုက်ပွဲတွင် ထူးထူးချွန်ချွန် စွန့်စွန့်စားစား တိုက်ခိုက်တတ်သည့် အရည်အချင်းမှအပဖြစ်သော ရွှန်းမဲလ်၏ အခြားအရည်အချင်းများကို သိလိုပါ၏။ ရွှန်းမဲလ် မည်သို့သောပုဂ္ဂိုလ်ဖြစ်သည်ကို စူးစမ်းလိုပါ၏။ ထို့ကြောင့်လည်း ၎င်းမေးခွန်းကို ကျွန်ုပ်ကိုယ်ကျွန်ုပ် အတန်တန် မေးမိခဲ့ရုံမက အခြားနီးစပ်ရာ ပုဂ္ဂိုလ်များကိုလည်း ရွှန်းမဲလ်အကြောင်း စကားစပ်မိတိုင်း အကြိမ်ကြိမ် မေးကြည့်ခဲ့မိသည်။

ရွှန်းမဲလ်နှင့် နီးစပ်သူများထဲမှ ရွှန်းမဲလ်အကြောင်း ကျွန်ုပ်နှင့် ဦးစွာစကားစပ်မိသည့်ပုဂ္ဂိုလ်မှာ ပထမကမ္ဘာစစ်ကြီးအတွင်း ရွှန်းမဲလ်နှင့်အတူ စစ်မှုထမ်းခဲ့ဖူးသည့် ဗိုလ်ကြီး ဟတ်မန်ပင် ဖြစ်သည်။ ကျွန်ုပ်သည် ဗိုလ်ကြီးဟတ်မန်အား စစ်မှုထမ်းတစ်ဦးအဖြစ် မြင်ရခြင်းမဟုတ်ပေ။ ပတ်တီးများထုတ်လုပ်သည့် စက်ရုံပိုင်ရှင်၊ အောင်မြင်နေသော စီးပွားရေးသမားတစ်ဦးအဖြစ် ဗိုလ်ကြီးဟတ်မန်အား မြင်တွေ့စကားစပ်ခဲ့မိခြင်းပင် ဖြစ်သည်။

ကျွန်ုပ်နှင့် ဟတ်မန်သည် ထွေရာလေးပါး အာလာပသလ္လာပ စကား များကို ပြောဆိုကြပြီးနောက် ရွှန်းမဲလ်အကြောင်း ဆက်သွားကြသည်။

မှန်သည်။

ရွှန်းမဲလ်နှင့် ဗိုလ်ကြီးဟတ်မန်သည် အလွန်ခင်မင် ရင်းနှီးကြသော မိတ်ဆွေများဖြစ်ကြသည့်ပြင် တိုက်ပွဲတိုင်းတွင် လက်တွဲတိုက်ပွဲဝင်ခဲ့ကြသည့် သေတူရှင်ဖော် ရဲဘော်များလည်း ဖြစ်ကြသည်။ ပထမကမ္ဘာစစ်ကြီးမှသည် ရွှန်းမဲလ် ကွယ်လွန်ခဲ့သည့်အချိန်အထိ တပ်ရင်းတစ်ရင်းတည်း အတူ အမှုထမ်းခဲ့သူများဖြစ်ပြီး ရွှန်းမဲလ် "ပိုလာမဲရစ်" ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရစဉ်ကလည်း ရွှန်းမဲလ်ဘေးတွင် ရှိနေခဲ့သူ ဖြစ်သည်။

သို့နှင့် ဗိုလ်ကြီးဟတ်မန်သည် ဒီဇင်ဘာလ၏ တစ်ခုသောညတွင် ရွှန်းမဲလ် ရဲဘော်လေး ခြောက်ယောက်နှင့်အတူ ကြိုးတစ်ချောင်းဖြင့်သီလျှ

www.burmeseclassic.com

www.burmeseclassic.com



ပီယေ့ရေခဲမြစ်ကို မည်သို့ဖြတ်ကူးပြီး လောင်ဂရုံရွာကလေးကို မည်သို့စီးနင်း သိမ်းပိုက်လိုက်ပုံများကို အားမာန်တကြွ တသသ ပြန်လည် ဖောက်သည်ချ ပြန်လေသည်။

ရွှန်းမဲလ်ရှိသော နေရာတိုင်းတွင် စစ်မျက်နှာရှိသည်ဟူ၍ တပ်မထဲ တွင် ဆိုရိုးစကား ဖြစ်ခဲ့ရသည်။ အံ့ချီးဖွယ် စစ်သည်တော်ပါပေ။

ရွှန်းမဲလ်သည် လူအများ မလုပ်အပ် မကြံစည်အပ်ဟု သတ်မှတ်ပြီး စိတ်ဖြင့်ပင် မတွေးဝံ့သော အလုပ်များကို ရှာကြံလုပ်ပြရုံမက ထိုခဲရာခဲဆစ် အလုပ်ကိုပင် အောင်အောင်မြင်မြင်လည်း လုပ်ပြတတ်သည်။

လူတို့တွင် အာရုံငါးပါး ရှိသည့်အနက် ရွှန်းမဲလ်တွင် ထူးထူး ခြားခြား အာရုံခြောက်ပါးရှိသည်ဟူ၍ပင် ယိုးစွပ်ခြင်း ခံရသည်အထိ စစ်ပွဲ တစ်ရပ်၏ အဆုံးအဖြတ်ကို ကြိုတင်သုံးသပ်နိုင်သူ ဖြစ်ပေသည်။ (ရွှန်းမဲလ် ဆဋ္ဌမ အာရုံရှိသည်ဟူ၍ ဂျာမန်တပ်သားများ တင်စားပြောဆိုကြသံကို ကျွန်ုပ် နားနှင့်ဆတ်ဆတ်ကြားခဲ့ဖူး၏။) ရွှန်းမဲလ်အား ခေါင်းမာပြီး ဆက်ဆံ ရခက်သည်ဟူ၍လည်း အချို့ကဆိုလေသည်။ သို့သော် ရွှန်းမဲလ်သည် မိမိ မလုပ်ချင်သောအလုပ်၊ မိမိလုပ်၍ မပြီးစီးနိုင်သော အလုပ်များကို လက် အောက်ငယ်သားများအား ခိုင်းစေသည်၊ တာဝန်ပေးသည်ဟူ၍ မည်သည့် အခါမျိုးမှ မကြားဖူးခဲ့ပါချေ။

ရွှန်းမဲလ်သည် တိုက်ပွဲတွင် သူ၏နည်းပရိယာယ်များဖြင့် အကျ အဆုံး နည်းနိုင်သမျှ နည်းအောင် ကြံဆောင်တတ်သူ ဖြစ်၏။ စင်စစ် ရွှန်းမဲလ်သည် စစ်ပါရမီရှင်ဖြစ်သည်။ အကြပ်တပ်သားကလေးများက ရွှန်းမဲလ်အား ခင်မင်တွယ်တာခဲ့ကြသလောက် အရာရှိပိုင်းနှင့် ခပ်တန်းတန်း ဖြစ်ခဲ့ရသည်။ ယင်းသို့ ဖြစ်ရခြင်းမှာလည်း ရွှန်းမဲလ်သည် ရာထူး အဆင့် အတန်းအလိုက် ညီမျှသောတာဝန်များကို ထမ်းဆောင်ရန် အမြဲမျှော်လင့် ထားတတ်ခြင်းကြောင့် ဖြစ်လေသည်။ သူမျှော်လင့်သော အရာရှိမျိုးရှား သကဲ့သို့ သူ့ခြေရာမီအောင် လိုက်နိုင်သည့် အရာရှိလည်း မရှိသလောက်ပင်။ မည်သို့ပင်ဖြစ်စေ ရွှန်းမဲလ်သည် ရဲဘော်ကောင်းကြီးတစ်ယောက် ဖြစ်သည် ကိုမူ မည်သူမျှ ငြင်းဆိုနိုင်အံ့မထင်ပေ။

ရဲဘော်ကောင်းကြီး ရွှန်းမဲလ်ဆိုသည့် အသံသည် ဗိုလ်ကြီးဟတ်မန်



နားထဲတွင် ပီတိလွှမ်းစေသော၊ အားမာန်သစ်များ ဖြစ်စေသော အသံပင် ဖြစ်ပါ၏။ သူတို့နှစ်ဦးသည် လူငယ်ဘဝကို လက်တွဲ၍ အတူတကွ ကုန် လွန်ခဲ့ကြသူများ ဖြစ်သကဲ့သို့ တပ်ရင်းတပ်ရင်းတည်းတွင် မခွဲတမ်း အတူစား အတူတိုက်ပွဲဝင်ခဲ့ကြသည့် ရဲဘော်ရဲဘက်လည်း ဖြစ်ကြသည်။

သူတို့နှစ်ဦးသည် ရှေ့တန်းစစ်မျက်နှာတွင်သာ အတူတကွ အချိန် ကုန်ဆုံးစေခဲ့ကြသည်မဟုတ်၊ ခွင့်ရက်ရှည်ရသော အခါများတွင်လည်း ဘုရားရှိခိုးကျောင်းသို့ အတူသွား၍ အာပတ်ဖြေခြင်း၊ ဆိတ်ငြိမ်ရာအရပ်တွင် ပျော်ပွဲစားထွက်ကြခြင်းဖြင့် စစ်ကြီးကို ဦးနှောက်ထဲမှ တခဏ ထုတ်ပယ်ထား နိုင်ခဲ့ကြသော အချိန်များလည်း ရှိခဲ့ကြသည်ဟူ၍ ဗိုလ်ကြီးဟတ်မန်က ပြန်လည် ပြောပြလေသည်။

သို့နှင့် ကျွန်ုပ်တို့ပြောလက်စစကားသည် ဤတွင်ရပ်တန့် မသွားဘဲ ပထမကမ္ဘာစစ်ကြီးအတွင်း ခွင့်ရက်များကို မည်သို့ အသုံးချခဲ့ကြပုံ ရှေးဟောင်းနှောင်းဖြစ်များကို ရောက်သွားကြပြန်သည်။ ကျွန်ုပ်သိချင် လွန်းသော ရွှန်းမဲလ်၏ စစ်သားဘဝနှင့် အရပ်သားဘဝ ခလေ့၊ စရိုက်၊ ဝါသနာများအပြင် လူသားတစ်ယောက်အနေနှင့် ရွှန်းမဲလ်တွင် မည်သို့သော စိတ်ဝင်စားမှုများ ရှိသည် စသည်ဖြင့် ကိုယ်ရေးကိုယ်တာများကိုပင် လှည့် ပတ်မေးမြန်းမိပြန်သည်။

ကျွန်ုပ်သည် နည်းပရိယာယ်အမျိုးမျိုးဖြင့် အစ်အောက်မေးမြန်း သော်လည်း ဗိုလ်ကြီးဟတ်မန်ထံတွင် ကျွန်ုပ်သိချင်သော အဖြေမရှိခဲ့ပါချေ။ ကိုယ်ပိုင် အနားယူချိန်များတွင် ရွှန်းမဲလ်သည် စစ်ရေးစီမံကိန်းများ၊ နည်း ပရိယာယ်သစ်များကို ဦးနှောက်ထဲမှ ဖျစ်ညှစ်ထုတ်နေတတ်သည် ဆိုသည်က လွဲ၍ အခြားဝါသနာများ ရွှန်းမဲလ်တွင် မရှိကြောင်း သူသိသမျှ တုံးတိတိ ပင် အဖြေပေးရှာပါ၏။

သို့နှင့် ကျွန်ုပ်သည် ၁၉၁၆ ခုနှစ် ရွှန်းမဲလ် လက်ထပ်ပြီး စိတ်ဓာတ် ရေးအခြေအနေများကို စူးစမ်းကြည့်မိပြန်သည်။

ရွှန်းမဲလ်၏ အိမ်ထောင်သည်ဘဝနှင့် လူပျိုဘဝ စိတ်ဓာတ်ရေး အခြေအနေသည် တစ်သားတည်း ကျရုံမျှမက ယခင်အတိုင်းပင် စိတ်ဓာတ် ကြံ့ခိုင်တက်ကြွပြီး စွန့်စားလိုစိတ်၊ တိုက်ပွဲတိုင်း အောင်ပန်းဆွတ်ချူစိတ်များ

www.burmeseclassic.com

www.burmeseclassic.com



ကိန်းအောင်းနေမြဲဖြစ်သည်ဟု ဆိုလေသည်။ ဆက်လက်၍....

"ရွှန်းမဲလ်ဟာ ရာနှုန်းပြည့်စစ်သားတစ်ယောက်ပါ"

အားရကျေနပ်သည့်လေသံဖြင့် ချီးမွမ်းပြောဆိုပြီးလျှင် "ရုပ် နာမ် နှစ်ပါးစလုံး စစ်ထဲ သိမ်းကျုံး ပစ်သွင်းထားသူပါဗျာ"ဟု ထပ်ဆင့်၍ နိဂုံးကောက်ချက်ကို ချလေသည်။

ရွှန်းမဲလ်၊ ဟာတ်မန်တို့နှင့်အတူ ပထမကမ္ဘာစစ်ကြီးတွင် တပ်ရင်းတစ်ခုတည်း အမှုထမ်းခဲ့ဖူးပြီး ၁၉၄၀ ခုနှစ် မြောက်အာဖရိကစစ်မျက်နှာတွင် လည်းကောင်း၊ ၁၉၄၄ ခုနှစ် နော်မန်ဒီကမ်းခြေတွင် လည်းကောင်း ရွှန်းမဲလ်၏ စခန်းမှူး၊ အပါးတော်မြဲ အတွင်းရေးမှူး စသည့်တာဝန်များကို ပူးတွဲတာဝန်ယူခဲ့ရသူ ဟော့ပ်မန်အဲလ်ဒင်ဂျာထံ သိချင်သည်များကို သိနိုင်ရန် ချဉ်းကပ်စုံစမ်းပြန်သည်။ အဲလ်ဒင်ဂျာသည် ရွှန်းမဲလ်မသေမီ နောက်ဆုံးအချိန်ထိ လက်ပွန်းတတီး တရင်းတနှီး မြင်တွေ့ခဲ့ရသူဟု ဆိုလျှင် မှားမည်မဟုတ်ချေ။

အဲလ်ဒင်ဂျာ၏ ရုပ်ရည်မှာ သေးသေးညှက်ညှက်ဖြစ်ပြီး စာရင်းကိုင်ရုပ် ပေါက်နေသော်လည်း အရပ်သားဘဝတွင် ဗိသုကာအတတ်နှင့် ပန်းခြံဆောက်လုပ်ခြင်း အတတ်ပညာများဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်သည်။

ကျွန်ုပ် အရိုးသားဆုံး ဝန်ခံရလျှင် အဲလ်ဒင်ဂျာသည် ကျွန်ုပ်သိလိုသော ကွက်လပ်များကို ဖြည့်ပေးနိုင်လိမ့်မည်ဟု များစွာ မျှော်လင့်ခဲ့မိသည်။ သို့သော် ကျွန်ုပ် မျှော်လင့်သလောက် မအောင်မြင်ခဲ့ပေ။ အဲလ်ဒင်ဂျာနှင့် စကားစလိုက်မိလျှင်ပင် ရွှန်းမဲလ်၏ ဆဌမမြောက်အာရုံ အကြောင်းကို ကြားရပြီး ရွှန်းမဲလ်၏ စစ်ပရိယာယ် သေနင်္ဂဗျူဟာနှင့် ဆက်ဆံရာတွင် မလွယ်ကူပုံ၊ အထူးသဖြင့် အရာရှိများနှင့် ဆက်ဆံရာတွင် ကြပ်ကြပ်တည်းတည်း ဆက်ဆံတတ်ပုံ စသည့် ကျွန်ုပ် သိပြီးသား အကြောင်းအရာကိုသာ ထပ်မံကြားရပြန်သည်။

"အဲဒီတုန်းက တိုက်ပွဲတွေမှာ ရွှန်းမဲလ်သာ ခင်ဗျားရဲ့ တောင်ပံတစ်ဖက်ကို တာဝန်ယူထားရင် အနည်းဆုံး အဲဒီတောင်ပံအတွက် စိတ်ချသွားရပြီလို့ မှတ်ပေတော့။ ပထမကမ္ဘာစစ်ကြီးမှာ ရွှန်းမဲလ်ဟာ စစ်ဦးစီး



အဖွဲ့နဲ့ စစ်အာဏာပိုင်အဖွဲ့ကို ဒုတိယကမ္ဘာစစ်ကြီးတုန်းကထက် ပိုယုံကြည်ခဲ့တယ်၊ အထက်မိန့်မှန်ရင် တစ်သဝေမတိမ်း ထမ်းဆောင်ရမယ်လို့ ယုံကြည်ခဲ့တယ်ဗျ"ဟု အဲလ်ဒင်ဂျာက ဆိုသည်။

သို့နှင့် ကျွန်ုပ်သည် ထုံးစံအတိုင်း ရွှန်းမဲလ်၏ ဝါသနာပိုင်းကို မေးပြန်ရာ ရွှန်းမဲလ်သည် ရုံဖန်ရံခါ အမဲလိုက်ခြင်း၊ ငါးမျှားခြင်းများဖြင့် အချိန်ဖြုန်းတတ်ပြီး ရုပ်ရှင်နှင့်ဂီတကို လုံးဝ စိတ်မဝင်စား၊ စားကောင်းသောက်ဖွယ်နှင့် အရက်သေစာ သောက်စားခြင်းမျိုးတို့သည် ရွှန်းမဲလ်အတွက် မည်သို့မျှ အဓိပ္ပာယ်မဆောင်ဟု သိရပြန်သည်။

သို့ဖြင့် အမြဲတစေ သုန်သုန်မှုန်မှုန် ထီးထီးနေတတ်သူဟူ၍လည်း မဟုတ်၊ မိမိအကြပ်တပ်သားများနှင့် ပျော်စေ၊ ပါးစေ စကားများကိုဆိုရင်း ရင်းရင်းနှီးနှီးနေတတ်ပြီး မိမိရပ်ရွာမှ တစ်ရပ်တည်းသားများနှင့် တွေ့လျှင် မိသားစု ဘာသာစကားဖြစ်သည့် ဆွာဗီယံစကားဖြင့် ပြောဆိုတတ်သည်။ စာပေတွင်လည်း စစ်ကျမ်းများကို ဖတ်လေ့ ဖတ်ထရှိသည်ဟု ဆိုပြန်လေသည်။

စင်စစ် ကျွန်ုပ်ခြေရာခံလိုက်နေသော ပုဂ္ဂိုလ်သည် အသွေးအရောင်မဲ့စစ်၌သာ မွေ့လျော်ပြီး စိတ်တစ်စိတ်တည်းသာရှိသည့် ရှားရှားပါးပါး စစ်ပါရဂူတစ်ဦးသာဖြစ်ကြောင်း ရွှန်းမဲလ်၏ အတ္ထုပ္ပတ္တိကို လေ့လာရင်း ရရှိလာသည့် အတွေ့အကြုံများက ကျွန်ုပ်အား အသိပေးခဲ့လေသည်။ ထိုသို့ စစ်ရေးရာတွင်သာ စိတ်ဝင်စားပြီး စိတ်တစ်စိတ်တည်းရှိသည့် ရွှန်းမဲလ်နှင့် အနီးစပ်ဆုံး မျဉ်းပြိုင်မှာမူ ငယ်စဉ်က မောင်ဂိုမာရီဖြစ်သည်ဟုပင် ဆိုရပေမည်။ သို့သော် ထပ်တူထပ်မျှတော့ မဟုတ်ပေ။ မောင်ဂိုမာရီသည် ငယ်စဉ်က စိန်ပေါ(လ်)ကျောင်းတွင် ထင်ရှားသော အားကစားသမားတစ်ယောက်ဖြစ်ခဲ့ပြီး "ဆင်းဒ်ဟတ်(စ်)"စစ်တက္ကသိုလ်တွင် ဗိုလ်လောင်းအဖြစ် တက်ရောက်စဉ်ကလည်း "မောင်ဂိုမာရီတစ်ယောက် တပ်မတော်မှာ ဘယ်တော့မှ မအောင်မြင်နိုင်ဘူး"ဟု သင်တန်းဆရာများက ကောက်ချက်ချရသည်အထိ ပညာရေးတွင် ညံ့ဖျင်းခဲ့သူ ဖြစ်သည်။

ယင်းသို့သော ဂုဏ်ပုဒ်ကိုပင် ရွှန်းမဲလ် ရရှိသည်မဟုတ်ပေ။

❑

www.burmeseclassic.com

www.burmeseclassic.com

## စစ်နှစ်စစ်အတွင်းမှ ရွှန်းမဲလ်

စစ်ရှုံးရခြင်း၏ အရသာသည် မည်သည့်အခါမျှ သကာတင်လဲကဲ့သို့ ချိုမြသည် မရှိပေ။ ၁၉၁၈ ခုနှစ်၊ ဂျာမနီပြည်ကြီး ပြိုလဲခဲ့ရသောအခါတွင် ပြည်သူများသာမက ဂျာမန် စစ်မှုထမ်းများကပါ ၁၉၄၅ ခုနှစ် အရေးအခင်းထက် အံ့အားသင့်မဆုံး ဖြစ်ခဲ့ကြရသည်။

၁၉၄၅ ခုနှစ်၊ မေလတွင် ဂျာမနီပြည် ဒူးထောက်အရှုံးပေးရသည့် အကြောင်းကိုမူ မျက်ကန်းမျိုးချစ် အက်(စ်) အက်(စ်) တပ်မှလွဲ၍ ဂျာမနီပြည်သူတို့ တင်ကြိုသိခဲ့ကြသည်။ လူထင်ဒေါ့ဖ် ၁၉၁၈ ခုနှစ်၊ မတ်လတွင် ထိုးစစ်ဆင်ခဲ့သည့် မဟာထိုးစစ်ကြီးသည် ဂျာမနီပြည်သူတို့၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် စစ်ပွဲကြီးဖြစ်ကြောင်း သိမြင်ပြီးဖြစ်ပါ၏။ မဟာထိုးစစ်ကြီး အောင်ပွဲခံနေရာမှ အရှိန်တန့်ပြီး အရေးနိမ့်စ ပြုလာသောအခါတွင်မူ ဂျာမန် ဗိုလ်ချုပ်များ၏ တရားသေဝါဒအတိုင်း အချိန်မီ လက်နက်ချအညံ့ခံရန် စိတ်ကူးခဲ့မိခြင်း မရှိပေ။ ဂျာမန်တပ်များသည် တိုင်းတစ်ပါးနယ်မြေများပေါ်တွင် တပ်စွဲထားလျက်ပင် ရှိသေးသည်။

၁၉၁၄ ခုနှစ်၊ ရပ်ရှင်းကျူးကျော်ရေးစစ်ပွဲကြီး နောက်ပိုင်း၌ ဂျာမနီမြေပေါ်တွင် စစ်သုံ့ပန်းအဖြစ်မှလွဲ၍ မည်သည့်ရန်သူမှ ခြေချခဲ့ဖူးသည် မဟုတ်ပေ။ ဆုမ်းမြစ်စစ်ပွဲ နောက်ပိုင်းတွင် ကျင့်သုံးခဲ့သော နည်းအတိုင်း



စစ်ကြောင်းကို ဖြတ်တောက် ပစ်ရမလိုဖြစ်နေ၏။

သို့သော် ဂျာမနီပြည် မျက်မှောက်ပြုနေရသော အခြေအနေမှာ လက်နက်ချ အညံ့ခံရန်နှင့် တိုင်းပြည် လုံးဝ အပျက်အစီး အဆုံးအရှုံးခံရန် လမ်းနှစ်လမ်းကိုအနက် တစ်လမ်းကိုသာ ရွေးချယ်ရန်ရှိတော့ကြောင်း ဂျာမန်စစ်ဦးစီးအဖွဲ့နှင့် တပ်မတော်မှူးများမှလွဲ၍ ဂျာမနီပြည် ရန်သူလက်တွင်းသို့ ကျရောက်လုဆဲ ရက်သတ္တပတ် နှစ်ပတ်ခန့်အထိ မည်သူမျှ အခြေအနေအမှန်ကို သိရှိလိုက်ရခြင်း မရှိပေ။ မဟာမိတ်များကသာ နောက်တစ်ဆောင်းဆက်တိုက်ရန် မျှော်လင့်ထားပြီး ၁၉၁၉ ခုနှစ် နွေရာသီ နောက်ဆုံးပိတ်ထိုးစစ်ဆင်ရန် စစ်ရေးစီမံကိန်းများ ရေးဆွဲနေခဲ့ကြ၏။

စင်စစ် ဂျာမန်တပ်မတော်သည် စစ်မြေပြင်တွင် မထူနိုင်မထနိုင်အောင် အရေးနိမ့်နေလျက်ရှိပြီး ဂျာမန်ပြည်သူတို့၏ စိတ်ဓာတ်သည်လည်း သုညအောက်သို့ပင် ကျရောက်နေပေသည်။ ရှုံးနိမ့်သောစစ်ပွဲကို ဆင်နွှဲနေခြင်းသည် အချိန်အနည်းငယ် ဆွဲထားနိုင်ရုံမှတစ်ပါး အောင်ပွဲခံနိုင်မည်တော့မဟုတ်ပေ။

သို့စင်လျက် လူတို့သည် မျှော်လင့်သလို ဖြစ်မလာသည့်အခါတွင်လည်းကောင်း၊ ထင်ကြေးမပေါက်သည့် အခါတွင်လည်းကောင်း မိမိ၏ ပျော့ညံ့ချက် အားနည်းချက်ကို မမြင်ဘဲ၊ အဖြေမရှာဘဲ ထင်ရာမြင်ရာ အပြစ်တင်တတ်သည့်အတိုင်း ဂျာမန်စစ်ပြန်တပ်သားများသည် အလစ်ခံလိုက်ရသည်ဆိုသည့် စကားကို လက်စွဲပြု၍ ဆင်ခြေပေးနေလေသည်။

မဟာမိတ်များဘက်မှလည်း ဂျာမန်တို့၏ ဆင်ခြေဆင်လက်များကို ထောက်ခံအားပေးသည်နှင့်မခြား ဂျာမန်တပ်များ တပ်ဦးမှ ဘင်တီးဝိုင်းများ တီးမှုတ်ရင်း ရိုင်းမြစ်တံတားများဖြတ်လျက် လက်နက်အပြည့်အစုံနှင့် ပြန်လည်ချီတက်သွားသည်ကိုပင် မိမိတို့နှင့်မပတ်သက်သည့်အလား မျက်နှာလွှဲခဲပစ်နေလိုက်မိကြသည်။

မဟာမိတ်တို့၏ အမိကအမှားမှာ စစ်ပြေငြိမ်းရေးကိစ္စတွင် အခြေခံပြုသည့် အချက်အလက်များကို လုံးဝဂရုမပြုဘဲ အမှုမဲ့နေခဲ့ခြင်းပင် ဖြစ်၏။ ထို့ကြောင့်လည်း ဂျာမန်တို့၏ တရားသော မကျေနပ်မှုကို ထာဝစဉ် မီးမွှေးပေးသကဲ့သို့ ရှိစေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မူလက သမ္မတဝီဆင် ကွန်ဂရက်သို့တင်သည့် ဆယ့်လေးချက်သော အဆိုပေါ် အခြေခံ၍ စစ်ပြေငြိမ်းရေးကို စီမံရန် လိုလားကြောင်း တရားဝင် ကြေညာခဲ့သည်။ ငြိမ်းချမ်းရေးကွန်ဖရင့်ကိုမူ အသေးစိတ် ဆွေးနွေးညှိနှိုင်းမည်ဆိုသော်လည်း စင်စစ် ဆွေးနွေးခြင်း အလျှင်းမပြုချေ။ ဂျာမန်တို့တင်ပြလိုသည့် အချက်များကိုပင် ဥပေက္ခာပြု၍ မဟာမိတ်များအလိုကျ အာဏာသုံးကာ ထင်သလို စစ်ပြေငြိမ်းရေး လုပ်ခဲ့လေသည်။ တကယ်ဆိုမူ အချက်ဆယ့်လေးချက်အနက် ဗာဆိုင်းစာချုပ်ပါ အချက်လေးချက်မျှသာ ပါလေသည်။

ယင်းသို့ တစ်ဖက်စောင်းနင်း ထင်တိုင်းကျဲ စီမံခြင်း၏ ရလဒ်မှာကား ဗာဆိုင်းစာချုပ်ပါ အချက်အလက်များသည် ဂျာမန်များတင်လိုသည့် အဆို၊ ဂျာမန်များ စစ်ပြေငြိမ်းလိုသည့် အချက်များလောက် မဆိုးသော်လည်း ဂျာမန်တို့သည် ဗာဆိုင်းစာချုပ်ကို ၎င်းတို့နှင့် လုံးဝမဆက်ဆိုင်သကဲ့သို့ သဘောထားကြလေသည်။

အထူးသဖြင့် ဂျာမန်လူမျိုးအများစုသည် ပရပ်ရှားနောက်ပိုင်းနယ်မြေများအား ခွဲဝေပေးရမည့်အရေးနှင့် ဒန်းဇစ်မြို့အား လက်လွှတ်ရမည့်အရေးအတွက် မကျေမချမ်းဖြစ်နေကြပြီး ဂျာမန်ပြည်သူ နှစ်သန်းခန့် ပိုလန်အုပ်ချုပ်ရေးလက်အောက်သို့ ထာဝရကျရောက်ရမည့် အရေးများတွင်လည်း ရင်မအေးအောင် စိုးရွံ့ထိတ်လန့်နေကြလေသည်။

ဆိုခဲ့သည့် နောက်ခံအကြောင်းအရာအပေါ် အခြေတည်၍ ဂျာမန်အရာရှိများ၏ အပြုအမူကို အဆုံးအဖြတ် ပေးသင့်ပေသည်။ ဂျာမန်အရာရှိများကမူ မိမိတို့ မလိမ့်တပတ် လှည့်စားခံလိုက်ရသည်ဟု စွပ်စွဲမဆုံး ဖြစ်နေကြသည်။

၁၉၄၅ ခုနှစ်တွင် ဂျာမန်ပြည်သူတို့သည် စစ်ဒဏ်ကြောင့် ပြိုယိုင်ပျက်စီးခဲ့ရသော တိုက်ပြိုတိုက်ပျက်များပမာ စိတ်ဓာတ် အလွန်အမင်းကျဆင်းလျက်ရှိပြီး ရန်သူကို ခါးခါးသီးသီး နာကြည်းရွံမုန်းရမုန်းမသိအောင် သွေးပျက်နေကြသည်။ ၁၉၁၈ ခုနှစ်ကမူ ယုတ်စွအဆုံး ဘဝတူချင်း အချေအတင်ပြုရန် စိတ်ဓာတ်မျိုး ရှိခဲ့ကြသေး၏။ ထိုသည်မှာလည်း အဆန်းမဟုတ်ပါချေ။ ထိုခေတ်ထိုအခါက အုပ်စိုးသူ လူတန်းစားကို တော်လှန်ရန်



စိတ်ကူးပင် မပြုဝံ့သောခေတ် ဖြစ်သည်။

ယင်းသို့ရှိခိုက် ကျွန်ုပ်တို့ဘက်တွင် ဝမ်းပန်းတသာ အောင်ပွဲများခံနေကြခြင်း၊ ဒဏ်ရာများ ကုစားနေကြခြင်း၊ အိတ်ထဲတွင် စစ်အိုနာစာရန်ပုံငွေများဖြင့် ပြည့်တင်းဖောင်းမို့ နေကြပေရာ ပျော်ရွှင်မဆုံး တပြုံးပြုံး ရှိနေကြသည်။

ထို့ကြောင့်လည်း ဂျာမနီတွင် ဘယ်သို့သောအဖြစ်ဆိုးနှင့် ရင်ဆိုင်နေရသည်ကိုပင် မည်သူတစ်ဦးတစ်ယောက်မျှ ဂရုမမူအားကြပေ။

ဂျာမနီပြည်တွင်မူကား စစ်ပြန်အရာရှိများအား တွေ့မရှောင် ဖမ်းဆီးပြီးလျှင် တံဆိပ်များနှင့် စစ်ဝတ်စုံများကို ဆွဲခွာပစ်ခြင်း၊ ရထားပေါ်မှ အတင်းအဓမ္မ ဆွဲချပြီး ရှုတ်ချပွဲများ၊ လှောင်ပြောင် သရော်ပွဲများ ပြုလုပ်နေသည့်အပြင် တစ်ခါတစ်ရံ ခြေစလက်စ မပေါ်အောင် အဆုံးစီရင်သည်အထိ ကြမ်းကြမ်းရမ်းရမ်း လက်လွန်ခြေလွန် ပြုမူလာကြသည်။ ထို မငြိမ်မသက်မှုများသည် နောင်တစ်ချိန်တွင် ဟစ်တလာအား သောင်းသောင်းဖြဖြ ကြိုဆိုမည့် အရေးအခင်းများလည်းဖြစ်ပေသည်။ ထိုအပြုအမူများကြောင့် လွတ်လပ်ရေးတပ်ဖွဲ့နှင့်အတူ လူမဆန်သည့် ရက်စက်ကြမ်းကြုတ်မှုများ ပေါ်ပေါက်ခဲ့ရပြီး ရှိရင်း ရိုအင်မ်၊ ဆက်ငင်ဒီ အက်ထရစ်ချ်လို လူမျိုးများ ထင်ပေါ်လာခဲ့သည်။ သို့ကြောင့် ယခင် တောင်းရက်သမားဘဝမှ စစ်အတွင်း တပ်ကြပ်ဖြစ်ဖူးသူ ဆိုရှယ်လစ် ကာကွယ်ရေးဝန်ကြီး ဟ[illegible]နို့စ်ကေသည် မငြိမ်သက်မှုများကို စစ်ဘက်မှသာ ငြိမ်ဝပ်ပိပြားအောင် ပြုလုပ်နိုင်မည်ဟု သဘောပေါက်ကာ စစ်အရာရှိများဘက် ဦးလှည့်ချဉ်းကပ်ခဲ့ခြင်း ဖြစ်သည်။

ယင်းသို့ ပြည်တွင်းငြိမ်ဝပ်ပိပြားရေး ဆိတ်သုဉ်းနေခိုက် တစ်ဖက်တွင် စစ်ရှုံးခြင်း၏ ရလဒ်ကြောင့် စီးပွားရေးအခြေအနေ ပျက်ပြားနေခြင်း၊ စစ်ရှုံးနိုင်ငံများ ထုံးစံအတိုင်း စိတ်ဓာတ်ကျဆင်းနေခြင်းများ ပေါ်ပေါက်နေသည်။

ပြည်တွင်းစစ်ကလည်း ပြင်းပြင်းထန်ထန် ဖြစ်ပွားနေပေရာ ဂျာမန်အလယ်အလတ် လူတန်းစားများသည် တစ်နေ့တခြား ကြီးမြင့်လာသော ကုန်ဈေးနှုန်းကတစ်ဖက် မျက်မှောက်ပြုနေရသော အခက်အခဲများကတစ်ဖက်ကြောင့် ငယ်သံပါအောင် ညည်းညူနေကြရရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို အလယ်အလတ်တန်းစားများထက် အခြေအနေ ဆိုးရွားသူများကား ဂျာမန် အမြဲတမ်းတပ်သားများပင် ဖြစ်ပါ၏။

အမှတ်မထင် စစ်ကြီးပြီးဆုံးသွားခြင်းဖြင့် စစ်အေးကာလသို့ ရုတ်ခြည်းပြောင်းလဲသွားပေရာ အမြဲတမ်း တပ်သားများသည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ကြောင်စီစီဖြစ်နေကြပြီး စစ်ကြီးပြီးငြိမ်းသွားသည်ကိုပင် အမှတ်မရဘဲ ရက်ရှည် စစ်ရေးလေ့ကျင့်ရာမှ ပြန်လာကြသူများပမာ ၎င်းတို့ ထင်မှတ်နေကြသည်။

ထိုသူများထဲတွင် အမြဲတမ်း အရာရှိတစ်ယောက်ဖြစ်သူ ဗိုလ်ကြီးအာဝင်ရွှန်းမဲလ်သည်လည်း ပါဝင်ပေသည်။ ၁၉၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ရွှန်းမဲလ်သည် ၁၉၁၀ ခုနှစ် စစ်ထဲစဝင်စဉ်က ရောက်ရှိခဲ့ဖူးသော အမှတ် ၁၂၄ ဝိန်ဂါတင် ခြေလျင်တပ်ရင်းသို့ ပြန်လည် အပို့ခံရပြန်သည်။ ရွှန်းမဲလ်သည် ဆိုစမှတ်ပြုလောက်သည့် ဒုက္ခများနှင့် ကြုံရသည်ဟူ၍ မရှိပေ။ ထိုလတွင်ပင် ဒန်းဇစ်မြို့တွင် နေထိုင်သော ဇနီးသည်အားသွားရောက်ခေါ်ယူရန် မငြိမ်မသက်ဖြစ်နေသည့် ဂျာမန်ပြည်တွင်းသို့ ဖြတ်သန်း၍ ခရီးနှင်လေရာ လမ်းခရီးတွင် စစ်ဝတ်စုံဝတ်ဆင်ထားသည့် ရွှန်းမဲလ်အား ရိုင်းရိုင်းစိုင်းစိုင်း ဟန့်တားစစ်ဆေးခြင်း၊ စော်ကားမော်ကားပြုခြင်းများကို ခံရပြီး တစ်နေရာတွင် ဖမ်းဆီးခံရမတတ် ဖြစ်ခဲ့ရသည်။

သို့သော် ရွှန်းမဲလ်သည် ဇနီးသည်အား ဘောမသီရန်မစ ဝိန်ဂါတင်ရှိ မိခင်ဖြစ်သူ၏ နေအိမ်သို့ ခေါ်ဆောင်လာနိုင်ခဲ့သည်။ (ရွှန်းမဲလ်၏ ဇနီးသည်နှင့် ရွှန်းမဲလ်၏မိခင်မှာ အလွန်ရင်းနှီးကြသူများ ဖြစ်သည်။)

၁၉၁၉ ခုနှစ် နွေရာသီတွင် ရွှန်းမဲလ်သည် ပြည်တွင်းလုံခြုံရေးတပ်ခွဲတစ်ခုကို အုပ်ချုပ်ရန် ယာယီပြောင်းရွှေ့ တာဝန်ပေးခြင်း ခံလိုက်ရသည်။ ထိုတပ်ခွဲသို့ရောက်ရှိခြင်းဖြင့် အထက်အမိန့်ကို နာခံရမှန်းမသိသော ဂျာမန်တပ်သားများကို ပထမဆုံးအကြိမ် အုပ်ချုပ်ရသည့် အတွေ့အကြုံသစ်တစ်ရပ် ရရှိလိုက်ခြင်းပင် ဖြစ်သည်။ ထိုတပ်ခွဲကို ပြင်းပြင်းထန်ထန် နှိပ်ကွပ်ပေးရန် အထက်အမိန့်ကလည်း ညွှန်ကြားထားသည်။ ထိုတပ်ခွဲသည် အစတွင် ရိုင်းစိုင်းသော အပြုအမူများကို ပြသကြပြီး အချို့ စစ်ရေးလေ့ကျင့်မှုများကို ငြင်းဆန်ကြလေသည်။ ထိုတွင်မက တော်လှန်ရေး အစည်း



အဝေးများကို ခေါ်ယူ၍ တော်လှန်ရေး အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ဗိုလာမဲရစ် ဆုတံဆိပ်တပ်ဆင်ထားသော ရွှန်းမဲလ်ကိုလည်း ပြက်ရယ်ပြုကြသည်။ ရွှန်းမဲလ်သည် တော်လှန်ရေး အစည်းအဝေးပွဲတစ်ခုသို့ တက်ရောက်ပြီး ခုံတစ်ခုံပေါ် မတ်တတ်ရပ်၍ မိမိ၏တပ်ခွဲသို့ ရောက်ရှိလာခြင်းမှာ စစ်သားများကိုအုပ်ချုပ်ရန်သာ ဖြစ်သည်။ ရာဇဝတ်ကောင်များကို အုပ်ချုပ်ရန် မဟုတ်ဟူ၍ ရဲရဲတောက် မိန့်ခွန်းမြွက်ကြားလိုက်လေသည်။

နောက်တစ်နေ့တွင် တပ်ခွဲအား စစ်တီးဝိုင်းနောက်မှနေစေပြီး စစ်ရေးပြကွင်းထဲသို့ မောင်းနှင်သွား၏။ စစ်ရေးပြကွင်းထဲသို့ ရောက်သောအခါတွင်မူ စစ်ရေးပြရန် ငြင်းဆိုနေကြပြန်သဖြင့် ရွှန်းမဲလ်သည် မြင်းစီး၍ စစ်ရေးပြကွင်းထဲမှ ထွက်ခဲ့လေတော့သည်။ သို့နှင့် တပ်ခွဲသည် ရွှန်းမဲလ်နောက်သို့ တပ်ခွဲတန်းလျားအထိ ပြန်လိုက်ခဲ့ကြရသည်။ ထိုအချိန်မှစ၍ စည်းကမ်းမဲ့ပြီး ရိုင်းစိုင်းလွန်းသော တပ်ခွဲသည် မည်မျှငြိမ်ဝပ်ပိပြားလာသနည်းဟူမူ ရဲဘက်ဌာနမှ အင်စပက်တော်ဖြစ်သူ ဟမ်ကပင် ရွှန်းမဲလ်တပ်ခွဲမှ တပ်သားအချို့ကို ရဲဘက်သို့ ပြောင်းရွှေ့အမှုထမ်းရန် ရွေးချယ်စေလွှတ်ပါမည့်အကြောင်း ရွှန်းမဲလ်အား တောင်းပန်လာရသည်အထိပင် ဖြစ်သည်။ ရွှန်းမဲလ်တပ်ခွဲမှ ရဲဘက်သို့ ပြောင်းရွှေ့အမှုထမ်းလျှင် အထူးလစာများပေးမည်ဟုလည်း ဆိုလာလေသည်။ ထိုတွင်မက ရွှန်းမဲလ်အားလည်း ရဲအဖွဲ့သို့ ပြောင်းရွှေ့ရန် တိုက်တွန်းလာတော့သည်။ (ထို့ကြောင့်လည်း ရွှန်းမဲလ် ရဲဘက်တွင် အမှုထမ်းဖူးကြောင်း သတင်းထွက်လာဟန်ရှိသည်) ရွှန်းမဲလ်သည် ထိုသို့တောင်းပန်လာသော ရဲအရာရှိအား မိမိတပ်သို့ ပြန်မည်ဟု အကြောင်းပြန်လိုက်ရသည်။ မူလတပ်သို့ ရွှန်းမဲလ် ပြန်မည်ဆိုသည့်သတင်းကို တပ်ခွဲမှ ကြားလျှင်ကြားချင်း မိမိတို့အိုးအိမ်များကို စွန့်လွှတ်၍ ရွှန်းမဲလ် ပြောင်းရွှေ့ရာသို့ လိုက်မည်ဟု ဆိုလာကြတော့သည်။

၁၉၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ရွှန်းမဲလ်သည် စတက်ဂတ်မြို့ရှိ အမှတ် ၁၃ ခြေလျင်တပ်ရင်းသို့ တပ်ခွဲတစ်ခုကို ကွပ်ကဲအုပ်ချုပ်ရန် တပ်ခွဲမှူးအဖြစ် ရောက်ရှိလာခဲ့ပြန်လေသည်။

အမှတ် ၁၂၄ တပ်ရင်းသည် ဂျာမန်တပ်မတော် ပြန်လည်ဖွဲ့စည်းစဉ်က တပ်ရင်း အမှတ်စဉ်ပြောင်းခြင်း သို့မဟုတ် တပ်လျော့ခြင်း တစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်သွားဟန်ရှိသည်။ ထိုတပ်ရင်းမှာ ပျောက်မှန်းမသိ တပ်လုံး ပျောက်ကွယ်သွားခဲ့သည်။

ဤသို့ဖြင့် ရွှန်းမဲလ်သည် အမှတ်(၁၃) ခြေလျင်တပ်ရင်းတစ်ခုတွင် ဗိုလ်ကြီးဘဝဖြင့် ကိုးနှစ်တိုင်တိုင် အချိန်များကို အချည်းနှီး ကုန်လွန်စေခဲ့ရလေတော့သည်။

ရွှန်းမဲလ်သည် အဘယ်ကြောင့် မိမိလုပ်မြဲဖြစ်သည့် စစ်မှုထမ်းဘဝတွင် ဆက်လက်တည်တံ့ နေနိုင်ခဲ့ပါသနည်း။ စစ်အတတ်မှလွဲ၍ အခြားမည်သည့် အသက်မွေးဝမ်းကျောင်းမှုလည်း နားမလည်၊ မည်သူနှင့်တိုက်ခိုက်ရသည်ဖြစ်စေ ဦးမလေးတတ်သည့်လူများ၊ စစ်ဘက် အမြဲတမ်းအရာရှိဟောင်းများနှင့် အလုပ်လက်မဲ့များ၏ ခိုလှုံရာ အရိပ်အာဝါသကြီးသဖွယ်ဖြစ်သည့် လွတ်လပ်ရေးတပ်ဖွဲ့သို့ အဘယ်ကြောင့် လေလွင့်ဝင်ရောက်မသွားခဲ့ပါသနည်းဟု မေးစရာရှိပါ၏။

အဖြေကား ၁၉၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် အစိုးရပြုတ်ကျပြီးနောက် မရှေးမနှောင်းမှာပင် ပြည်တွင်းစစ်ကြီး ဖြစ်ပွားခဲ့သော်လည်း ဂျာမန်တပ်မတော်သည် ဆက်လက်တည်တံ့ခဲ့ရုံမျှမက အခွင့်သာလျှင် အခွင့်သာသလို တိုးချဲ့ဖွဲ့စည်းလိမ့်မည် ဟူ၍ပင် မျှော်လင့်ထားကြ၏။

သို့သော် ဗာဆိုင်းစာချုပ် အပိုဒ် ၁၆၀ တွင် ၁၉၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထက် နောက်မကျစေဘဲ ခြေလျင်တပ်မခုနစ်တပ်၊ မြင်းသည်တော်တပ်မ သုံးတပ်ထက် မပိုသော ဖွဲ့စည်းပုံဖြင့် ဂျာမန်တပ်မတော်ကို ဖွဲ့စည်းစေရမည်၊ ထိုနေ့စွဲမှ ကျော်လွန်ခဲ့သော် ဂျာမန်တပ်မတော်သည် အရာရှိများနှင့် သင်တန်းတက်နေသူများ အပါအဝင် စစ်သည် ၁၀၀၀၀၀ ထက်မပိုသော အင်အားအတွင်းတွင် ရှိနေစေရမည်ဟု ဖော်ပြပါရှိလေသည်။

စင်စစ် ဗာဆိုင်းစာချုပ် အပိုဒ်(၁၆၀) သည် ပြည်တွင်းငြိမ်းချမ်းရေး ထိန်းသိမ်းနိုင်လောက်ရုံသာ ရည်ရွယ်ခဲ့သဖြင့် ဂျာမန်တပ်မတော်ကို ထိုဘောင်အတွင်းမှ ဖွဲ့စည်းစေခဲ့ခြင်း ဖြစ်သည်။ ထိုဖွဲ့စည်းပုံကြောင့်ပင် စစ်ပွဲသစ်ဖန်တီးသူဟု ကင်ပွန်းတပ်ခြင်း ခံရသည့် စစ်သေနာပတိချုပ် ဟန့်(စ်) ဗွန်စီအက်ဆိုသူအား စစ်နှင့် အသက်မွေးဝမ်းကျောင်းပြုသူ အမာခံစစ်သည်များကို စုဆောင်းခွင့်ရရှိခဲ့ပြီး အနာဂတ် ဂျာမန်တပ်မတော်အတွက် အခြေခံ



အုတ်မြစ်များ ချနိုင်ခဲ့ခြင်း ဖြစ်သည်။

သို့ဖြင့် စစ်သေနာပတိချုပ် ဟန့်စ်ဗွန်ဆီအက်သည် အမာခံစစ်သားများကို စိတ်ကြိုက်ရွေးချယ်ကာ ချမှတ်ထားသော ဖွဲ့စည်းပုံဘောင်အတွင်းမှ ဂျာမန်တပ်မတော်ကို စတင်ဖွဲ့စည်းလေတော့သည်။

သို့သော် ဗိုလ်ချုပ်ကြီးစီအက် ဂျာမန်တပ်မတော်ကြီးကို လက်တွေ့ဖွဲ့စည်းလိုက်ပုံကား စာချုပ်ပါ ခွင့်ပြုချက်ဘောင်အောက်မှ ဖွဲ့စည်းလေဟန်မဟာမိတ်များကို အရောင်ပြထားပြီး ထိုစာချုပ်မှ ပေးအပ်ထားသော အခွင့်အာဏာများကို အသုံးပြုကာ တစ်နေ့တွင် ကမ္ဘာတုန်စေမည့် ဂျာမန်တပ်မတော်ကြီးကို လျှို့ဝှက်ဖွဲ့စည်းလိုက်ခြင်းပင် ဖြစ်ပါ၏။

ယင်းသို့သော အခြေအနေတွင် ပိုလာမဲရစ် ဘွဲ့တံဆိပ်ရရှိထားသည့် ရွှန်းမဲလ်အား စစ်သေနာပတိချုပ် ဟန့်စ်ဗွန်ဆီအက်က မျက်စိကျခဲ့သည်မှာ သဘာဝပင်။

ရွှန်းမဲလ်အနေနှင့်လည်း တပ်မတော်ထဲ ပြန်လည် အမှုထမ်းရန်မှလွဲ၍ အခြားရွေးချယ်ရန် နည်းလမ်းမမြင်ပေ။ အိမ်ထောင်သည်ဘဝသို့ ရောက်ရှိနေပြီဖြစ်ပြီး အခြားဝင်ငွေလည်း မရှိ၊ အခြား အလုပ်အကိုင်လည်း လုပ်ကိုင်တတ်သူ မဟုတ်။ တတ်သည့်ပညာမှာလည်း စစ်ပညာတစ်ခုတည်းသာလျှင် ဖြစ်သောကြောင့် ရွှန်းမဲလ် ခိုလှုံရန် တစ်ခုတည်းသော ကွန်းရိပ်သာသည် တပ်မတော်သာလျှင် ဖြစ်သည်။ တပ်မတော်မှ ရွေးချယ်ခြင်းခံလိုက်ရသည်ကိုပင် ရွှန်းမဲလ်အတွက် ကံကောင်းသည်ဟု ဆိုရပေမည်။

စစ်မှုထမ်းဘဝတွင်သာ ပျော်မွေ့သူဖြစ်သဖြင့် စစ်အေးကာလတွင် စစ်မှုထမ်းရသည့်တိုင် ပျင်းရိငြီးငွေ့ခြင်း မရှိ၊ အမြဲတစေ ပျော်ပျော်ရွှင်ရွှင်ပင် အမှုထမ်းလေသည်။

ရွှန်းမဲလ်သည် စစ်သားဖြစ်သော်လည်း တွေးခေါ်မြော်မြင်တတ်သော စစ်သားဖြစ်သည်။ စစ်ပွဲကိုလည်း မကြာမကြာ တိုက်လို၏။ သို့သော် စစ်ကိုလိုလား၍တော့ မဟုတ်ပေ။

"စစ်သားတို့၏ စစ်တက္ကသိုလ်သည် စစ်မြေပြင်သာဖြစ်သည်" ဆိုသည့် ခံယူချက်ကြောင့်လည်း တိုက်ပွဲများမှ ကာယကံမြောက် အတွေ့အကြုံများကိုယူကာ ထိုအတွေ့အကြုံများမှသည် မှန်ကန်သော သင်ခန်းစာ

www.burmeseclassic.com

www.burmeseclassic.com



များကို ရယူလိုခြင်းကြောင့် ဖြစ်သည်။ စစ်ရေးပြခြင်းနှင့် စစ်ရေးလေ့ကျင့်ခြင်းကို မောင်ဂိုမာရီ ငယ်စဉ်ကကဲ့သို့ပင် ဝါသနာပါလေသည်။

ဗိုလ်ချုပ်ကြီး ဗွန်စီအက်စ်၏ ဂျာမန်တပ်မတော်ကြီးကို တိတ်တဆိတ်တိုးချဲ့ဖွဲ့စည်းနေသည့် ကြံစည်မှုကြီးနှင့်ပတ်သက်၍ လည်းကောင်း၊ အကြံအစည် တစ်ရပ်လုံးသာမက အသေးစိတ်ကိုလည်းကောင်း ရွှန်းမဲလ် သိမည်မှာ အမှန်ပင်ဖြစ်သည်။

ထိုအကြံအစည်ကို ရွှန်းမဲလ်သာမက လက်ရွေးစင် အရာရှိ ၄၀၀၀ စလုံးပင် ဗိုလ်ချုပ် စီအက်(စ်)၏ ရည်ရွယ်ချက်သည် ပြည်တွင်းမငြိမ်မသက်မှုများကို ထိန်းသိမ်းရုံသက်သက်မျှသာမဟုတ်ဘဲ ပျက်စီးယိုယွင်းနေသော တပ်မတော်ကြီးအား တစ်နေ့တွင် ကမ္ဘာတုန်စေမည့် တပ်မတော်ကြီး ဖြစ်လာစေရန် ဖွဲ့စည်းလေ့ကျင့်နေကြောင်း သိရှိကြပြီး ဖြစ်မည်မှာလည်း ယုံမှားဖွယ်မရှိချေ။ တိုင်းပြည်အတွက်၊ လူမျိုးအတွက် မိမိတပ်မတော်ကြီးကို အားအင်စည်ပင်လာအောင် ကြီးထွားလာအောင် တည်ဆောက်နေကြသည် ဆိုသည့်အသိဖြင့် လုပ်ကိုင်နေရသော ရွှန်းမဲလ်နှင့် ရဲဘော်များသည် ၎င်းတို့အလုပ်ခွင်တွင် ပျော်ရွှင်နေကြသည်မှာ ဧကန်ပင်။ ကျွန်ုပ်တို့သာ ၎င်းတို့နေရာတွင်ရှိလျှင်လည်း ပျော်နေကြမည် မလွဲပေ။

လက်နက်ဖျက်သိမ်းရေးအဖွဲ့ဝင် ဗိုလ်ချုပ်မော်ဂန် ရေးသားသည့် ဆောင်းပါးတစ်စောင်တွင် မဟာမိတ်တို့၏ လက်နက်ဖျက်သိမ်းရေး အစီအစဉ်များကို ဂျာမန်တပ်မတော်က ဥပဒေဘောင်အတွင်းမှ နည်းအမျိုးမျိုးဖြင့် တိုက်ပွဲဝင်ခဲ့ကြပုံများကို လည်းကောင်း၊ မဟာမိတ်တို့၏ စစ်တပ်များဖွဲ့စည်းရေးနှင့် စစ်ပြင်ရေး အစီအစဉ်များကို ဂျာမန်တပ်မတော်သည် စစ်တပ်များ ဖျက်သိမ်းရေး၊ စောင့်ရှောက်ရေး၊ ပင်စင်လစာဌာန စသည့် အဖွဲ့အစည်းများ၊ အစည်းအရုံးများ ဖွဲ့စည်းကာ တိုက်ပွဲဝင် ဆန့်ကျင်ခဲ့ကြပုံများကို အကျယ်တဝင့် ရေးသားထားသည်မှာ လျှို့ဝှက်သည်းဖို ဝတ္ထုတစ်ပုဒ်ကဲ့သို့ စိတ်ဝင်စားစရာကောင်းပြီး ထိတ်လန့်တုန်လှုပ်ဖွယ်လည်း ရှိလှပေသည်။ ဆက်လက်၍ ဆောင်းပါးရှင် မော်ဂန်က "ကျွန်ုပ်သာ ဂျာမန် မျိုးချစ်တစ်ယောက် ဖြစ်မယ်ဆိုရင် ဗိုလ်ချုပ်ကြီး စီအက်(စ်)ကို ဦးညွတ်အလေးပြုမိမှာ အမှန်ပင်"ဟူ၍ လည်းကောင်း၊ ဗိုလ်ချုပ်တကာ ဗိုလ်ချုပ်များထဲတွင် အတော်ဆုံး ဗိုလ်ချုပ်ဟူ၍ လည်းကောင်း။



နာတာလူးစစ်ပွဲတွင် "ဗေးလ်စစ်" စာချုပ်ပါ လက်နက်ဖျက်သိမ်းရေး အပိုဒ်အား နပိုလီယံ နာတာလူးစစ်ပွဲကို ရှုံးနိမ့်ရသည်အထိ လှည့်ပတ်နိုင်ခဲ့သော ရှန်နော့စ်သည်ပင် ဗိုလ်ချုပ်ကြီး စီအက်(စ်)နှင့် ယှဉ်လျှင် နုသေးသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဟူမူ ဗာဆိုင်းစာချုပ်ပါ လက်နက်ဖျက်သိမ်းရေး အပိုဒ်သည် ထိုးကွက်၊ လှည့်ကွက်မရှိအောင် ရေးဆွဲထားခြင်းကြောင့်ဖြစ်သည်ဟု ဆိုခဲ့ပေသည်။

ထို့ကြောင့် ၁၉၁၄–၁၈ ခု စစ်ပွဲကြီးအပြီး ဂျာမန်ပြည်တွင် စစ်မှုထမ်းဘဝဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက် အများထင်သလောက် အခြေအနေမဆိုးခဲ့ခြင်း ဖြစ်ပါ၏။

ရွှန်းမဲလ်၏ တပ်ခွဲစခန်းချရာ စတက်ဂတ်မြို့သည် ရွှန်းမဲလ်၏ အရပ်ဒေသဖြစ်သဖြင့် မိသားစုနှင့် နီးနီးကပ်ကပ် နေထိုင်ခွင့် ရရှိခဲ့သည်။ ဗိုလ်မှူးရာထူးရရှိရန် ၁၉၃၃ ခုနှစ်အထိ စောင့်ဆိုင်းခဲ့ရသော်လည်း တပ်ခွဲတွင် ပျင်းရိငြီးငွေ့သည်ဟူ၍ မရှိ၊ ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ခွင့်ရက်ရှည်ရသဖြင့် ဇနီးသည်နှင့်အတူ အီတလီပြည်သို့ အပျော်ခရီးထွက်ခဲ့ကြပြီး တစ်ခါက စွန့်စွန့်စားစား သိမ်းပိုက်ခဲ့ရသော လောင်ဂရုံရွာကလေးကို ဇနီးမောင်နှံနှစ်ယောက် သွားရောက်ကြည့်ရှုခဲ့ကြသည်။ နောက်တစ်ချိန် ခွင့်ရက်ရှည်ရသောအခါတွင်လည်း ဇနီးသည်ဖြစ်သူနှင့်အတူ လှေငယ်ကလေးတစ်စီးဖြင့် ရိုင်းမြစ်အတိုင်း ရေကြောင်း အပျော်ခရီး ထွက်ခဲ့ကြပြန်သည်။ ဇနီးမောင်နှံ နှစ်ယောက်စလုံး စကိတ်စီးခြင်း၊ တောင်တက်ခြင်း၊ ရေကူးခြင်းများကို ဝါသနာပါကြပြီး ထိုကစားခုန်စားတွင် ကျွမ်းကျင်သူများလည်း ဖြစ်သည်။ နှစ်ယောက်စလုံး မြင်းစီးကောင်းများ ဖြစ်ကြသကဲ့သို့ တိရစ္ဆာန်ချစ်တတ်သည့်နေရာတွင်လည်း ဘက်ညီသူများဖြစ်သည်။ မြို့ကြီးပြကြီးများတွင် နေထိုင်ရခြင်းထက် တောရွာ တောရပ်များတွင် နေထိုင်ရခြင်းကို ပို၍ နှစ်သက်တတ်ကြသည်။ အခါအခွင့်သင့်တိုင်း စတက်ဂတ်မြို့ကလေးသို့ သွားရောက်လည်ပတ်လေ့ ရှိကြသည်။ အကဝါသနာပါရာတွင် တက်ညီလက်ညီ ရှိကြသည်။

သို့သော် ရုပ်ရှင်ပြဇာတ်များကို စိတ်မဝင်စား၊ လူ့မလိုင်များ၏

www.burmeseclassic.com

www.burmeseclassic.com



ပါတီများကို တက်လှေ့တက်ထ မရှိချေ။ ရွှန်းမဲလ်သည် အိမ်တွင် အေးအေး လူလူနေသောအခါများ၌ မတောက်တခေါက် ထိုးတတ်သော တယောကို တကျည်ကျည် ကိုးတတ်သည်မှလွဲလျှင် သည်းမခံနိုင်သော အကျင့်များ ဟူ၍မရှိ။ တစ်ခါတစ်ရံ အရက်သေစာ သောက်စားရာတွင်လည်း တစ်ခွက် နှစ်ခွက်ထက် မပိုသော ကန့်သတ်ချက်ဖြင့် သောက်၏။ ဆေးလိပ်လည်း မသောက်၊ အစားအစာတွင်လည်း ဇီဇာမကြောင်၊ အိမ်တွင်းတွင်လည်း ဇနီးသည်ကို အကူအညီ ပေးတတ်၏။ ဟိုစစ သည်စစ လုပ်တတ်သဖြင့် အိမ်မှ တောက်တိုမည်ရ အလုပ်ကလေးများကို မရှောင်တမ်း လုပ်လေ့ ရှိသည်။ တစ်ခါတွင် မော်တော်ဆိုင်ကယ်တစ်စီး ဝယ်ယူပြီး ဖျက်၍ကြည့် သည်။ ထို့နောက် တစ်ခုမကျန် ပြန်လည်တပ်ဆင် ကြည့်ပြန်သည်။ ထိုသို့ပြုလုပ်ရာတွင် ဝက်အူတစ်ချောင်းတလေ တပ်ဆင်ရန် မေ့ကျန်ခဲ့လျှင် တစ်နေကုန် မကျေမချမ်းနိုင် ဖြစ်နေလေတော့သည်။

စတက်ဂတ်မြို့တွင် ရွှန်းမဲလ်သည် သူငယ်ချင်းများဖြစ်ကြသည့် ဟတ်မန်နှင့် အဲလ်ဒင်ဂျာတို့၏ အကူအညီကိုယူကာ မိခင်တပ်ရင်းဖြစ်သည့် ဝူတင်ဘက်တပ်ရင်းအား ဂုဏ်ပြုသည့်အနေဖြင့် ရဲဘော်ဟောင်းအသင်းတစ်ခု ဖွဲ့စည်းတည်ထောင်လိုက်သည်။ ထိုရဲဘော်ဟောင်းအသင်းတွင် ရာထူး အဆင့်အတန်း ခွဲခြားမှုမရှိဘဲ ဝူတင်ဘက်တပ်ရင်းမှ ရဲဘော်ဟောင်းမှန်လျှင် ညီရင်းအစ်ကိုများ ဖြစ်ကြသည်ဟူသည့် ခံယူချက်ပေါ်တွင် အခြေခံဖွဲ့စည်း ခဲ့ကြခြင်း ဖြစ်သည်။

ရွှန်းမဲလ် စိတ်ဝင်စားဆုံးအလုပ်မှာ မိခင်တပ်ရင်းမှ ရဲဘော်ဟောင်း များထံ စာရေးဆက်သွယ်ခြင်းပင် ဖြစ်သည်။ အားလပ်ချိန်တိုင်းတွင်လည်း ရေးလေ့ရှိ၏။ စစ်ပြီးကာလတွင် အကျပ်အတည်း တွေ့နေရသည့် ရဲဘော် ဟောင်းများအားလည်း လက်မနေးဘဲ အကူအညီပေးလေ့ရှိသည်။

၁၉၁၉ ခုနှစ်တွင် ဂေါ်ဇလာမြို့၌ ဒု-ဗိုလ်မှူးကြီးဘဝဖြင့် တပ်ရင်းမှူးလုပ်နေရခိုက် သူတည်ထောင်ခဲ့သော ရဲဘော်ဟောင်းအသင်း ကြီး၏ နှစ်ပတ်လည်ညီလာခံ ခေါ်ယူချိန်နှင့် ကြုံသဖြင့် ခွင့်ယူ၍ စတက်ဂတ် သို့ပြန်လာကာ ညီလာခံသို့ တက်ရောက်ခဲ့သည်။

ညီလာခံအခမ်းအနားတွင် စစ်ရေးပြပွဲလည်း ပါဝင်လေသည်။



ခမ်းအနား အစီအစဉ်တွင် ဗိုလ်ချုပ်ဗွန်ဆိုဒင်တစ်ဦးတည်း အလေးပြုခံယူ ရမည်ဖြစ်သော်လည်း ဗိုလ်ချုပ်ဗွန်ဆိုဒင်သည် ရွှန်းမဲလ်အား ၎င်းနှင့်အတူ အလေးပြုခံပါရန် အဆိုပြုလာသည်။ ရွှန်းမဲလ်သည် ဗိုလ်ချုပ်ဗွန်ဆိုဒင် တင်သွင်းလာသည့် အဆိုကို ငြင်းဆန်ပြီး ရဲဘော်များနှင့်အတူ လက်ဆွဲ ချီတက်ခဲ့လေသည်။

ထိုသို့လျှင် ရွှန်းမဲလ်တို့ဇနီးမောင်နှံသည် တစ်ဦးနှင့်တစ်ဦး မည်သည့် ထူးထူးခြားခြား ဖြစ်ရပ်များမှ မပေါ်ပေါက်ဘဲ ရက်မှသည်လသို့၊ လမှသည်နှစ်သို့ စသည့်နှစ်ရက်များကို ချမ်းမြေ့ကြည်သာစွာ ကုန်ဆုံးစေခဲ့ သည်။ ထိုနှစ်များအတွင်း ၁၉၂၈ ခုနှစ် နာတာလူးပွဲတော် အကြိုနေ့တွင် ရွှန်းမဲလ်သည် အိမ်ထောင်သက် ၁၂ နှစ်ပြည့်ခဲ့ပြီး သားဦးကလေး မန်းဖရက် ကိုပင် ရရှိခဲ့လေပြီ။

စစ်ပွဲတွင် ရရှိခဲ့သော ဒဏ်ရာဟောင်းများမှလွဲ၍ စစ်နှင့်ပတ်သက် သည့်အရိပ်အငွေ့များ ရွှန်းမဲလ်ထံတွင် မတွေ့ရဟု ဇနီးသည်လုပ်သူက ဆိုသည်။ အိမ်တွင်လည်း စစ်အကြောင်း ပြောခဲ၏။ ပြောပြန်လျှင်လည်း လူကောင်းမှန်သမျှ စစ်ကိုမုန်းတီးရမည်၊ စင်စစ် စစ်သည် လူသတ်ပွဲများ သာဖြစ်သည်ဟူ၍ စစ်၏အနိဋ္ဌာရုံများကို ဖော်ပြပြောဆိုလေ့ ရှိ၏။ ရွှန်းမဲလ် သည် အမှန်လည်း စစ်ကိုမုန်းတီးသူ ဖြစ်သည်။ အိမ်တွင်နေထိုင်စဉ်အတွင်း စစ်အကြောင်းကို ဦးနှောက်ထဲတွင် ထည့်မထားရုံမျှသာမက စစ်ပြန်များ ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း ထမင်းလုံးတစ္ဆေခြောက်သကဲ့သို့ ညအချိန် မတော် ယောင်ယမ်း အော်ဟစ်ခြင်း၊ အိပ်မက်မက်ခြင်းများပင် မဖြစ်တတ်ဟု ဆိုလေသည်။

ရွှန်းမဲလ်သည် အမြဲတစေ တည်တည်ငြိမ်ငြိမ်နေတတ်ပြီး ဆိတ်ငြိမ် မှုကို နှစ်သက်၏။ သဘောထား ကောင်းမွန်သည့်ပြင် အရာရာ ရှောင့်ရှဲနိုင်သူ ဖြစ်၏။ ထိုသည်များမှလွဲလျှင် မိမိအလုပ်ကိုသာ အာရုံစိုက် နေတတ်သူ ဖြစ်သည်ဟူ၍ ဆိုရပေမည်။

၁၉၂၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ရွှန်းမဲလ်အား ဒရက်စ်ဒန်မြို့ရှိ ခြေလျင်စစ်ကျောင်းသို့ သင်တန်းဆရာအဖြစ် ပြောင်းရွှေ့ လိုက်ပြန်သည်။ ထိုစစ်ကျောင်းတွင် ရွှန်းမဲလ် ကိုးနှစ်တိတိ နေခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ကျောင်းတွင် ရွှန်းမဲလ် ပို့ချခဲ့သော သင်တန်းပို့ချချက်များကို နောင်တွင် ခြေလျင်တပ်တိုက်နည်း မီးရှူးတန်ဆောင် စစ်ကျမ်းတစ်စောင် အဖြစ် ထင်ရှားခဲ့ရသည်။

ရွှန်းမဲလ်၏ "ခြေလျင်တပ်တိုက်နည်း" စစ်ကျမ်းသည် ဘဲလ်ဂျီယံ၊ အာဂွန်း၊ ဗော့ဂျက်(စ်)၊ ကာပေသီယံ တောင်တန်းဒေသ၊ အီတလီ စသည့် စစ်မျက်နှာအသီးသီးမှ ရရှိခဲ့သော ကာယကံမြောက် အတွေ့အကြုံများပေါ်တွင် အခြေခံ၍ ပြုစုထားသည်ဖြစ်လေရာ အမှန်လည်း အဖိုးတန်သော ခြေလျင်တပ် လက်စွဲကျမ်းငယ်တစ်ခုဖြစ်သည်။ ထို့ကြောင့်လည်း ရွှန်းမဲလ်၏ စစ်ကျမ်းကို ဆွစ်တပ်မတော် လက်စွဲကျမ်းအဖြစ် ပြဋ္ဌာန်းခဲ့ပြီး ဆွစ် အရာရှိများက ရွှန်းမဲလ်အား ရွှေလက်ပတ်နာရီတစ်လုံး ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်း ဖြစ်လေသည်။

ရွှန်းမဲလ်၏ စစ်ကျမ်းကို ရေမြေရပ်ခြား တိုင်းတစ်ပါးသားများသာ နှစ်သက်သည်မဟုတ်၊ ဖခင်နိုင်ငံမှ လျှမ်းလျှမ်းတောက် ပုဂ္ဂိုလ်တစ်ဦး ကလည်း နှစ်ထောင်းအားရ ရှိလှစွာဖြင့် ဖတ်ရှုလေ့လာပေသည်။ ထိုပုဂ္ဂိုလ် သည် ဆွစ်အရာရှိများကဲ့သို့ လက်ဆောင်ပဏ္ဏာသာ ပေးကမ်းချီးမြှင့်နိုင်သည် မဟုတ်၊ ရွှန်းမဲလ်၏ဘဝ ကောင်းကျိုးဆိုးကျိုး နှစ်သွယ်ကိုပင် အဆုံးအဖြတ် ပေးနိုင်သည့်ပုဂ္ဂိုလ် ဖြစ်သည်။ ယင်း လျှမ်းလျှမ်းတောက် အဓိကရပုဂ္ဂိုလ်ကြီး ကား အခြားမဟုတ်၊ တစ်ချက်ကလေး ငေါက်လိုက်ရုံဖြင့် တိုင်းပြည်တစ်ပြည် ခြေဖဝါးအောက်သို့ ရောက်လာနိုင်သော ဦးတိုက်ခံ ဟစ်တလာပင်တည်း။

၁၉၃၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဗိုလ်မှူးဖြစ်နေပြီ ဖြစ်သော ရွှန်းမဲလ်အား ဂျေးဂါးတပ်ခေါ် တောင်ပေါ်တပ်ရင်း အမှတ်(၁၇) ခြေလျင်တပ်မဟာမှ တပ်ရင်း(၃)သို့ တပ်ရင်းမှူးအဖြစ် စေလွှတ်ခြင်း ခံရ ပြန်လေသည်။

ထိုတပ်ရင်း၏ ထူးခြားချက်မှာ အရာရှိ အကြပ်တပ်သားတိုင်း စကိတ်စီးရာတွင် အထူးကျွမ်းကျင်သူများ ဖြစ်သည်ဟူ၍ နာမည်ရနေခြင်း ပင်တည်း။ တပ်ရင်းစခန်းချရာ ဂေါ်ဇလာမြို့ အနီးဝန်းကျင်တွင်လည်း စကိတ်စီးနိုင်သော ရေခဲပြင်များရှိလေရာ ရွှန်းမဲလ် တပ်ရင်းသို့ရောက်ရှိလာပြီး နောက်တစ်နေ့တွင်ပင် တပ်ရင်းမှအရာရှိများက တပ်ရင်းတစ်ရင်းလုံး



စကိတ်စီးထွက်ကြရန် အဆိုပြုလာကြသည်။ ဤသည်မှာလည်း သက်လတ် ပိုင်းသို့ ရောက်ရှိနေပြီဖြစ်သည့် ရွှန်းမဲလ်အား တပ်ရင်းရှိ အကြပ်တပ်သား များက ၎င်းတို့ကဲ့သို့သော ကစားခုန်စားတွင် ထူးချွန်သည့် တပ်ရင်းတစ်ရင်း ကို အုပ်ချုပ်နိုင်ပါမည်လော ဟူသည့် သံသယစိတ်များဖြင့် စမ်းသပ်လိုက် ခြင်းပင် ဖြစ်သည်။

သို့နှင့် တပ်ရင်းတစ်ရင်းလုံး စကိတ်စီးထွက်ကြသောအခါ တောင် ပေါ်တက်ရန် စကိတ်သယ်ယာဉ်မရှိသဖြင့် တောင်တန်းပေါ်ရှိ အမြင့်ဆုံး အမှတ်တစ်ခုသို့ ခဲရာခဲဆစ် တက်ခဲ့ကြရ၏။ တောင်ထိပ်ရောက်၍ အနား ယူရန် ထိုင်ကြမည်ပြုစဉ် "လူကြီးမင်းများခင်ဗျား၊ ကျွန်ုပ်တို့ ခုအချိန်ကစပြီး စကိတ်စီးဆင်းကြရင် သင့်မြတ်မယ်လို့ ထင်ပါတယ်"ဟူ၍ ရွှန်းမဲလ်က အနားယူရန် ဟန်ပြင်နေသည့် တပ်ရင်းကို အကြံပေးလိုက်သည်။

သို့ဖြင့် ရောက်မဆိုက် စကိတ်များဖြင့် တောင်အောက်သို့ လျှော ဆင်းခဲ့ကြပြန်သည်။ အဆင်းတွင်လည်း လျင်မြန်သောအဟုန်ဖြင့် စီးဆင်း ခဲ့ကြခြင်းဖြစ်လေရာ တောင်ခြေသို့ရောက်လျှင် တပ်ရင်းမှရဲဘော်များသည် ၎င်းတို့၏တပ်ရင်းမှူးကို စကိတ်စီးကျွမ်းကျင်သူ တစ်ယောက်အဖြစ် စိတ်ထဲမှ ကျိတ်၍ အသိအမှတ်ပြုလိုက်ကြသည်။

"လူကြီးမင်းများခင်ဗျား၊ စကိတ်စီးရတာ အလွန်အရသာ ရှိလှပါ ပေတယ်၊ ဒါကြောင့် တစ်ကြိမ် ထပ်စီးလိုက်ကြဦးစို့"

ရွှန်းမဲလ်က အဆိုပြုလိုက်ပြန်သည်။

တပ်ရင်းမှ ရဲဘော်များသည် ရွှန်းမဲလ် တင်သွင်းလာသည့်အဆိုကို အားကစားသမားတို့၏ ထုံးစံအတိုင်း နောက်တစ်ကြိမ် ထပ်မံကြိုးစားကြည့် ခြင်းပင် ဖြစ်သည်ဟု သဘောပိုက်ကာ စိတ်ပါလက်ပါ ထလိုက်ခဲ့ကြသည်။

သို့သော် တတိယအကြိမ် တောင်ခြေမှ တောင်ထိပ်သို့ ပြန်တက် ရန် ရွှန်းမဲလ်က အဆိုပြုလာပြန်သောအခါ ခြေကုန်လက်ပန်းကျနေပြီ ဖြစ်သည့် တပ်ရင်းသည် စိတ်မပါတော့ရုံမျှမက အားကစားစိတ်ဓာတ်များ ပင် ပျောက်ကွယ်လုမတတ် ဖြစ်ရလေတော့သည်။ ရွှန်းမဲလ်မှာမူ မမောမပန်း လန်းလန်းဆန်းဆန်းပင် ရှိနေသေးပြီး မလှမ်းမကမ်းတစ်နေရာရှိ "ဆာလာလုံ" ဆင်ခြေလျှောတွင် နာရီဝက်၊ တစ်နာရီခန့် စကိတ်စီးကြရန်ပင် အကြံ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သေး၏။ တပ်ရင်းသည် ထိုနေ့မှစ၍ ရွှန်းမဲလ်အား လက်မြှောက်လိုက်ရလေတော့သည်။

ဗြိတိသျှတပ်ရင်း အရာရှိရိပ်သာများတွင် အရာရှိများသည် "ဘရစ်ချ်" ကစားလေ့ရှိကြ၏။ ၎င်းကစားနည်းမှာ လူလေးယောက်ကစားရသော ကျားကစားနည်းတစ်မျိုး ဖြစ်လေရာ အကြပ်တပ်သားများသည် လူမပြည့်တိုင်း အရာရှိများနှင့်ရော၍ အိမ်ပြည့် ဝင်ကစားနေရ၏။ သို့ဖြင့်ကြာသော် ရဲဘော်ကလေးများသည် အရာရှိများ ကျားကစားရန် ဟန်ပြင်လိုက်သည်နှင့် မသိမသာ ရှောင်ပြေးနေကြလေတော့သည်။

ယခုလည်း တောင်ပေါ်တပ်ရင်းသည် ရွှန်းမဲလ်နှင့်အတူ စကိတ်စီးရန် ဝန်လေးနေကြပေရာ နောင်တွင် ရွှန်းမဲလ်နှင့် စကိတ်စီးရန် အထူးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ပေးရသည်ဟူ၍ပင် ကြားဖူးလေသည်။

* * *

၁၉၃၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ ဟစ်တလာနိုင်ငံတော်ဝန်ကြီးချုပ် ဖြစ်လာသည့်အထိ ရွှန်းမဲလ်သည် နိုင်ငံရေးတွင် စိတ်မဝင်စားခဲ့ချေ။ နိုင်ငံရေးနှင့် စီးပွားရေးကို ဂျာမန်စစ်ဘက်အရာရှိများ စိတ်မဝင်စားသည်မှာလည်း ဂျာမန်တပ်မတော်၏ ထုံးတမ်းစဉ်လာတစ်ရပ်ပင် ဖြစ်သည်။ စစ်ပြေငြိမ်းပြီးသည့်နောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီး ဗွန်စီအက်စ်သည် ထိုသို့ အရာရှိများ နိုင်ငံရေးနှင့် စီးပွားရေးတွင် စိတ်မဝင်စားအောင်လည်း ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်ခဲ့ပြီး ဂျာမန်တပ်မတော်တွင် အရာရှိနှင့်အကြပ်တပ်သားများအကြား ကွာဟမှုစနစ်ဆိုးကြီးကို ပပျောက်အောင်လည်း အားသွန်ခွန်စိုက် ကြိုးစားခဲ့သည်။ ဗိုလ်ချုပ်ကြီး ဗွန်စီအက်စ်၏ ရည်ရွယ်ချက်မှာ တပ်မတော်ထဲမှ စနစ်ဟောင်း၊ စနစ်ဆိုးများကို တိုက်ဖျက်ပြီး စံပြတပ်မတော်ကြီး တည်ထောင်ရန်ဖြစ်သည်။ တပ်မတော်ကို နိုင်ငံရေးသမားလက်သို့ ဝကွက်အပ်ရန်လည်း မရည်ရွယ်ခဲ့၊ အချိန်ရောက်၍ နိုင်ငံရေးသမားများလက်ထဲသို့ ထိုးအပ်ရန်လိုလျှင်လည်း စစ်ဦးစီးအဖွဲ့ ဆုံးဖြတ်ရမည့် အဆုံးအဖြတ်သာဖြစ်သည်ဟု ယုံကြည်ခဲ့၏။ သို့သော် ထိုအချိန်မျိုးသို့ မဆိုက်ရောက်မီ တပ်မတော်သည် တပ်မတော်အတွက်သာဖြစ်သည်၊



တပ်မတော်သားများသည် တပ်မတော်၏ သစ္စာကိုသာ ခံယူရမည်ဟူသော ခံယူချက်ကို အသေဆုပ်ကိုင်ထားရုံမျှမက တပ်မတော်သားများ နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရ၊ မဲမပေးရဟု ပြင်းပြင်းထန်ထန် အမိန့်ထုတ်ခဲ့၏။

ထိုကြောင့်လည်း ဗိုလ်ချုပ်ကြီး ဗွန်စီအက်စ်၏ "တပ်မတော်သားများ နိုင်ငံရေးတွင် ဝင်ရောက် မစွက်ဖက်ရ" မဲမပေးရဆိုသည့် အမိန့်များသည် မဟာမိတ်များအတွက် အာမခံချက်သဖွယ် ဖြစ်သွားသော်လည်း စင်စစ်ထိုအမိန့်များသည် ဗိုလ်ချုပ်ကြီး ဗွန်စီအက်စ်၏ ရေရှည်စီမံကိန်းကြီးမှ လှည့်ကွက်တစ်ခုမျှသာ ဖြစ်သည်။ အကယ်၍သာ ယင်းစီမံကိန်းကြီးကို မဟာမိတ်များ သိရှိသွားပါမူ မျက်ပြူးဆန်ပျာ ဖြစ်သွားကြသည်မှာ အမှန်ပင်။

ဗိုလ်ချုပ်ကြီး ဗွန်စီအက်စ်၏ အမိန့်များသည် ရွှန်းမဲလ်အတွက် လိုသည်ကား မဟုတ်ပါချေ။ ရွှန်းမဲလ်သည် ပြည်နယ်တစ်ခုမှ မြို့သိမ်ကလေးတစ်မြို့တွင် မွေးဖွားခဲ့ပြီး နိုင်ငံရေးနှင့် အဆက်အစပ်မရှိသော ပတ်ဝန်းကျင်တွင် ကြီးပြင်းလာခဲ့သူ ဖြစ်သည်။ ပညာသင်ကြားစဉ်ကလည်း စစ်စည်းကမ်းကဲ့သို့ ကျပ်တည်းသော အုပ်ချုပ်မှုအောက်တွင် ပညာသင်ကြားခဲ့ရသူဖြစ်ပြီး အသက် ၂၃ မပြည့်မီပင် စစ်ထွက်ခဲ့ရသူလည်း ဖြစ်သည်။ စစ်ကပြန်လာသောအခါတွင်လည်း စစ်ပြီးကာလ ဂျာမနီပြည်၏ အရှုပ်အယှက်များထဲတွင် မပါဝင်ခဲ့ဘဲ မိမိနားလည် သဘောပေါက်သော အဝန်းအဝိုင်း၌သာ အေးအေးလူလူနေထိုင်ခဲ့၏။ လူအများဆုံးသည့် လက်ဖက်ရည်ဆိုင်သို့ပင်မသွား၊ ပြင်ပစာပေများကိုလည်း အနည်းအကျဉ်းမျှသာ ဖတ်၏။ နိုင်ငံရေးလောကကို စိတ်မဝင်စားသည်မှာလည်း သူ၏ပင်ကိုဗီဇပင်တည်း။

နာဇီများအပေါ် ရွှန်းမဲလ်၏ရှုမြင်ချက်နှင့်စပ်လျဉ်း၍ ဖရောရွှန်းမဲလ် (ရွှန်းမဲလ်၏ဇနီး)က ဆိုဖူးသည်။

"ဒီကောင်တွေဟာ ကပ်ဖားတစ်ခုပါကွာ၊ မင်းပင်ကောင်းလျက် မင်းမြှောင်ဖျက်ဆိုသလို ကပ်ဖားတွေ အဝိုင်းခံနေရတဲ့ ဟစ်တလာဟာ သနားဖို့ သိပ်ကောင်းတယ်"ဟု ရွှန်းမဲလ် ဝေဖန်ပြောဆိုသံကို ကြားဖူးကြောင်း ပြန်လည် ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာကို ရွှန်းမဲလ် အထင်ကြီးသည်မှာလည်း ဆန်းသည် တော့မဟုတ်ပေ။ ယင်းအခါက ရွှန်းမဲလ်ကဲ့သို့ပင် ၉၀ ရာခိုင်နှုန်းသော ဂျာမန်ပြည်သူတို့သည် ဟစ်တလာအား အမျိုးသားခေါင်းဆောင်ကြီးအဖြစ် ဖြင့် လည်းကောင်း၊ ဂျာမန်ပြည်သူတို့အား ကွန်မြူနစ်ရန်မှ ကယ်တင်မည့် ကယ်တင်ရှင်အဖြစ်ဖြင့်လည်းကောင်း၊ တည်ကြည်ဖြောင့်မှန်ပြီး အမျိုးသား ရေးစိတ်ဓာတ် အပြင်းအပြရှိသည့် မျိုးချစ်ပုဂ္ဂိုလ်အဖြစ်ဖြင့် လည်းကောင်း မြင်ခဲ့ကြသောကြောင့်ပင် ဖြစ်၏။ ဤသည်မှာလည်း ရှင်းလှပါ၏။ တမာ ကဲ့သို့ ခါးသော စစ်ရှုံးခြင်းအရသာကို မြည်းစမ်းခဲ့ဖူးပြီး စစ်အနိဋ္ဌာရုံများကို မမြင်ချင် မတွေ့ချင်အဆုံး ဖြစ်ခဲ့ကြသော ဂျာမန်ပြည်သူတို့သည် မိမိတို့ ဖြစ်လိုသည့် ဆန္ဒအတိုင်း လိုရာဆွဲတွေးခဲ့ကြသည်မှာလည်း ဖြစ်ရိုးဖြစ်စဉ် တစ်ရပ်ပင် မဟုတ်ပါလော။

□

## ရွှန်းမဲလ်နှင့် အမျိုးသားဆိုရှယ်လစ်ဝါဒ

ရွှန်းမဲလ်နှင့် အမျိုးသား ဆိုရှယ်လစ်ဝါဒီများ ပထမဦးဆုံးအကြိမ် တွေ့ကြသည့် အတွေ့အကြုံကို ကြည့်ခြင်းဖြင့် အမျိုးသား ဆိုရှယ်လစ်ဝါဒ (ဝါ) နာဇီဝါဒသမားများအပေါ် ရွှန်းမဲလ်သည် မည်သို့မျှ တွယ်တာမှုမရှိခဲ့ ကြောင်း ထင်ရှားလှပေသည်။

၁၉၃၅ ခုနှစ် ဂေါ်စလာမြို့ ဈေးဂါးတပ်ရင်း တစ်ရင်းကို ရွှန်းမဲလ် အုပ်ချုပ်နေခိုက် နာဇီများသည် တိုက်တိုက်ဆိုင်ဆိုင် ရွှန်းမဲလ်ရှိသော ဂေါ် စလာမြို့တွင် အခမ်းအနားတစ်ရပ် ကျင်းပရန် ရွေးချယ်လိုက်ကြသည်။ ထိုအခမ်းအနားတွင် ခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင် တက်ရောက် မည့် အစီအစဉ်များ ပါရှိနေ၏။ ထို့ကြောင့်လည်း အခမ်းအနား အပြင် အဆင်မှအစ ပြည့်ရှင်မင်းတရားတို့၏ အဆောင်အယောင်ဖြစ်သည့် အောင်လံများ၊ တံခွန်များ၊ သံဖြူခြင်း ရာဇမတ်ကာ စသည့် မင်းခမ်းမင်းနား တွင် မပါမဖြစ်သည့် အစီအစဉ်များပါ ထည်ထည်ဝါဝါ ပြင်ဆင်ထား၏။

ထိုအခမ်းအနားကြီးသို့ အနီးဝန်းကျင်မှ တောင်သူလယ်သမားကြီး များကလည်း ကောင်းပေ့ ရှုပေ့ဆိုသည့် ရှိသမျှ အမျိုးသားဝတ်စုံများ ဆင်မြန်း တက်ရောက်ကြမည်လည်း ဖြစ်၏။ ယင်းသို့သော အဓိကရ မင်းခမ်းမင်းနား ကြီးတွင် မြို့ခံဖြစ်သည့် ရွှန်းမဲလ်၏ တပ်ရင်းက ဂုဏ်ပြုစစ်ရေးပြ ချီတက်ရန်

www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်ခြင်းခံရသည်မှာလည်း သဘာဝပင်။

သို့ဖြင့် ရွှန်းမဲလ်သည် စစ်ရေးပြ အခမ်းအနားတွင် ဦးဆောင်ရမည်ဖြစ်သည့်အလျောက် အစီအစဉ်များ ရေးဆွဲခြင်းဖြင့် အလုပ်ရှုပ်နေတော့၏။ ယင်းသို့ရှိခိုက် ဟစ်တလာ၏ ကိုယ်ရံတော် အက်စ် အက်စ် တပ်မှ ကိုယ်စားလှယ်တစ်ဦး ရောက်လာကာ ရွှန်းမဲလ်၏ ဂျေ.ဂါးတပ်ရင်းရှေ့တွင် ဟစ်တလာ၏ လုံခြုံရေးကို တာဝန်ယူမည့် အက်စ် အက်စ် တပ်ဖွဲ့တစ်ဖွဲ့ ချီတက်မည်ဖြစ်ကြောင်း ဆိုလာသည်။ ရွှန်းမဲလ်သည် မမျှော်လင့်ဘဲ ကြားလိုက်ရသည့်စကားကြောင့် အလွန်အမင်း ဒေါသူပုန်ထကာ ဂျေးဂါးတပ်ရင်းရှေ့မှ အက်စ်အက်စ်တပ်ဖွဲ့ ချီတက်လျှင် တပ်ရင်းကို စစ်ရေးပြကွင်းထဲသို့ မထုတ်တော့ဟု ပြန်ကြားလိုက်သည်။

အက်စ်အက်စ် ကိုယ်စားလှယ်က မိမိလာရင်းမှာ တာဝန်အရသာ လာခဲ့ရခြင်းဖြစ်ကြောင်း ပြောဆိုပြီး ၎င်းအစီအစဉ်ကို မကျေနပ်လျှင် ဟင်းမလားနှင့် ဂိုးလ်ဘဲလ်ထံ သွားရောက်တွေ့ဆုံရန် အကြံပေး၏။ ရွှန်းမဲလ်သည် အက်စ်အက်စ်တပ် ကိုယ်စားလှယ် အကြံပေးသည့်အတိုင်း မြို့ပေါ်ရှိ ဟိုတယ်တစ်ခုတွင် တည်းခိုနေသော ဟင်းမလားနှင့် ဂိုးလ်ဘဲလ်ကို သွားရောက်တွေ့လိုက်သည်။ ထိုပုဂ္ဂိုလ်များသည် ရွှန်းမဲလ်အား လိုသည်ထက်ပို၍ပင် ပျူပျူငှာငှာ ဆက်ဆံကြရုံမျှမက နံနက်စာစားရန်ပင် ဖိတ်ကြားခဲ့ကြသေး၏။ ရွှန်းမဲလ်က အက်စ်အက်စ်တပ်ဖွဲ့ ဂျေးဂါးတပ်ရင်းရှေ့မှ ချီတက်မည်ဆိုသည့် အစီအစဉ်သည် မိမိကိုလည်းကောင်း၊ တပ်ရင်းကိုလည်းကောင်း စော်ကားရာကျသည်ဟု ရှင်းပြ၏။ ဟင်းမလားနှင့် ဂိုးလ်ဘဲလ်ကလည်း ဟုတ်မှန်ကြောင်း ဝန်ခံပြီး ၎င်းအစီအစဉ်မှာ အက်စ်အက်စ် အရာရှိတစ်ဦး၏ အစိုးရိမ်လွန်မှုပင်ဖြစ်ကြောင်း ဖြေရှင်းပြရုံတွင်မက ၎င်းအစီအစဉ်ကိုလည်း ပယ်ဖျက်လိုက်သည်။

ရွှန်းမဲလ်သည် မိမိတောင်းဆိုချက် ရခဲ့ပြီဖြစ်၍ အိမ်သို့ပြန်လာကာ ဟင်းမလားနှင့် ဂိုးလ်ဘဲလ်တို့အပေါ် သူ၏ထင်မြင်ချက်ကို ဇနီးသည်အား ပြန်ပြောပြရာတွင် ဟင်းမလားသည် နှစ်လိုဖွယ်ကောင်းသော လူတစ်ယောက်မဟုတ်ကြောင်း၊ သို့သော် ဒေါက်တာ ဂိုးလ်ဘဲလ်မှာမူ လိုက်လျောတတ်သူတစ်ယောက်ဖြစ်ပြီး စိတ်ဝင်စားဖွယ် ကောင်းကြောင်းဖြင့် ထင်မြင်ချက်ပေးခဲ့



လေသည်။

ထိုစဉ်က ရွှန်းမဲလ်၏ ဟင်းမလားနှင့် ဂိုးလ်ဘဲလ်အပေါ် ရှုမြင်ချက်သည် နောင်ထိုပုဂ္ဂိုလ်များနှင့် တွေ့သောအခါတွင်လည်း ယခင်သဘောထားအတိုင်းပင် ဆက်ဆံခဲ့၏။ သို့သော် ၎င်းပုဂ္ဂိုလ်များနှင့် မကြာခဏ တွေ့မြင်နေရသည်ကား မဟုတ်ပေ။ ဒေါက်တာ ဂိုးလ်ဘဲလ်သည် ရွှန်းမဲလ်အပေါ် ပင်ကိုဟန်ကိုပင်ဖျောက်၍ အချိုသာဆုံး အလိုက်လျောဆုံး ဆက်ဆံပြီး သူ့ဘက်ပါအောင် ဆွဲဆောင်ခဲ့သည်။

မှန်သည်။

ရွှန်းမဲလ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို အိတ်ထဲထည့်ထားနိုင်လျှင် အရေးကြုံက သက်လုံကောင်းမည် မဟုတ်ပါလော။

အခမ်းအနားတွင် ဟစ်တလာနှင့် ရွှန်းမဲလ် တွေ့ကြသည်မှာလည်း တွေ့ရိုးတွေ့စဉ်မျိုး ရိုးရိုးကလေးပင်ဖြစ်၏။ ရွှန်းမဲလ်အား ဟစ်တလာနှင့် မိတ်ဆက်ပေး၏။ ရွှန်းမဲလ်က ခေါင်းဆောင်ကြီးကို အလေးပြုလိုက်၏။ ထို့နောက် ကမ်းလင့်လာသော ခေါင်းဆောင်ကြီး၏လက်ကို ဆွဲယမ်းနှုတ်ဆက်လိုက်၏။ ဟစ်တလာကလည်း ရွှန်းမဲလ်၏ ရင်ဘတ်ပေါ်မှ ပိုလာမဲရစ် ဆုတံဆိပ်ကြီးကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်လိုက်၏။

ဤကား ခေါင်းဆောင်ကြီး ဟစ်တလာနှင့် ရွှန်းမဲလ်တို့ တွေ့ကြသော အခမ်းအနားပင်တည်း။

၁၉၃၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးဖြစ်နေပြီဖြစ်သော ရွှန်းမဲလ်အား ပို့စ်ဒမ်စစ်တက္ကသိုလ်သို့ သင်တန်းဆရာအဖြစ် ပြောင်းရွှေ့လိုက်၏။ ယခုအကြိမ်သည် ရွှန်းမဲလ်၏ စစ်မှုထမ်းသက်တမ်းတစ်လျှောက်တွင် ပထမဦးဆုံးအကြိမ် မင်းစိုးရာဇာများနှင့် နီးနီးကပ်ကပ်နေရခြင်းပင် ဖြစ်သည်။ ထိုအကြိမ်များမတိုင်မီ အထက်တန်းအပိုင်းသို့ ကူးပြောင်းနိုင်ရန် စစ်ဦးစီးတက္ကသိုလ်စာမေးပွဲများ ဝင်ရောက်ဖြေဆိုခွင့်များ ရရှိခဲ့သော်လည်း 'ပိုလာမဲရစ်' ဘွဲ့ရရှိထားသော ပုဂ္ဂိုလ်တစ်ဦးအနေနှင့် စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့်အစား မိမိတပ်များနှင့်အတူနေခြင်းက ရာထူးတက်ရန် အခွင့်အရေးသာသည်ဟု မိတ်ဆွေများက အကြံပေးခဲ့သဖြင့် တပ်နှင့် မခွဲမခွာနေခဲ့ခြင်း ဖြစ်သည်။ တစ်ကြောင်းကလည်း ရွှန်းမဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ကပင် ၎င်း၏တပ်များနှင့် မခွဲမခွာနေလိုသော စိတ်ဓာတ်ရှိသူဖြစ်၍ ပေးလာသောအကြံများနှင့် အံဝင်ခွင်ကျ ဖြစ်နေခဲ့သည်။

ပို့စ်ဒမ်မြို့တွင်မူ ရွှန်းမဲလ်တို့ ဇနီးမောင်နှံသည် စစ်တက္ကသိုလ် အနီးတွင် အေးအေးလူလူ နေခဲ့ကြပြီး ဘာလင်မြို့တော် အထက်တန်းလွှာများနှင့် ကင်းကင်းရှင်းရှင်း နေခဲ့ကြသဖြင့် ထိပ်တန်း နာဇီအဝန်းအဝိုင်းတွင် ရွှန်းမဲလ်တို့ ဇနီးမောင်နှံနှင့် သိကျွမ်းသော မိတ်ဆွေဟူ၍ တစ်ဦးတလေမျှပင် မရှိခဲ့ကြပေ။ "ဝါးမတ်ချ်" တပ်မတော်မှ ရွှန်းမဲလ်သည် နာဇီများနှင့် ကင်းကင်းရှင်းရှင်း နေလိုသော်လည်း ပို့စ်ဒမ်တက္ကသိုလ်မှာပင် ဒုတိယအကြိမ် မရှောင်မလွှဲသာ တွေ့လိုက်ရပြန်လေသည်။

စစ်တက္ကသိုလ်တွင် သင်တန်းဆရာလုပ်နေခိုက် ရွှန်းမဲလ်အား အထူးတာဝန်တစ်ရပ်ပေးလာ၏။ ဤသည်မှာ "ဟစ်တလာဂျူဂန်း" (ဟစ်တလာလူငယ်တပ်ဖွဲ့)အား စစ်စည်းကမ်းများ သင်ကြားပြသ လေ့ကျင့်ပေးရမည့် တာဝန်ပင်ဖြစ်၏။ ၎င်းတပ်ဖွဲ့မှ လူငယ်ကလေးများမှာ လူငယ်တို့ ဘာဝအတိုင်း သူရဲကောင်းများကို ကြည်ညိုတတ်သည်ဖြစ်လေရာ ပိုလာမဲရစ် သူရဲကောင်းဘွဲ့တံဆိပ်ရထားသော ရွှန်းမဲလ်အား သင်တန်းသား တော်တော်များများ သဘောတွေ့ကြသည်မှာလည်း အဆန်းမဟုတ်ပါပေ။

ရွှန်းမဲလ်အနေနှင့်လည်း သင်တန်းကို သဘောတွေ့မိ၏။ သူလိုချင်သော ကုန်ကြမ်းများ ထိုသင်တန်းတွင်ရှိသည်။ အနီ ကုန်ကြမ်းများကို မိမိစိတ်ကြိုက် ပုံသွင်းယူရလျှင် စသည့် အတွေးအခေါ်များက သန္ဓေပါ စစ်သားကြီး ရွှန်းမဲလ်၏ ခေါင်းထဲတွင် နာရီမလပ် ပုံတင်ထပ်ခဲ့ရသည်။

သို့သော် ရွှန်းမဲလ်သည် ဟစ်တလာလူငယ်တပ်ဖွဲ့သို့ ရောက်ရှိပြီး မကြာမီ အဖွဲ့ခေါင်းဆောင် "ရှီရပ်"နှင့် သဘောကွဲလွဲခဲ့သဖြင့် လူငယ်တပ်ဖွဲ့ကို စိတ်တိုင်းကျ ကိုင်တွယ်ခွင့် မရလိုက်ဘဲ မူလတက္ကသိုလ်သို့ ပြန်ခဲ့ရလေသည်။

ရွှန်းမဲလ်သည် ပို့စ်ဒမ်တက္ကသိုလ်တွင် ဗိုလ်မှူးကြီးအဖြစ်သို့ ရာထူးတိုးမြှင့်ခြင်းခံရပြီး သင်တန်းနှစ် သုံးနှစ်ပြည့်သည့် ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ဝီနားနုစတတ် စစ်တက္ကသိုလ်သို့ သင်တန်းမှူးအဖြစ် ရောက်ရှိခဲ့ရပြန်သည်။



ပို့စ်ဒမ် စစ်တက္ကသိုလ်မှ မထွက်ခွာမီ ရွှန်းမဲလ်အား ဌာနတစ်ခုသို့ ယာယီရွှေ့ပြောင်းခြင်း ခံလိုက်ရသော်လည်း ရွှန်းမဲလ်၏ စစ်မှုထမ်းမှတ်တမ်းတွင် ဖော်ပြထားသည်ကို မတွေ့ရပေ။

ထိုဌာနသို့ ယာယီပြောင်းရွှေ့ အမှုထမ်းခဲ့ရခြင်းကြောင့်လည်း ရွှန်းမဲလ်၏ အနာဂတ်သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့ရခြင်းပင် ဖြစ်၏။

အထွတ်အထိပ်သို့ ရောက်သည့်အထိ ကောင်းကျိုးများလည်း ပြုခဲ့ပါ၏။ အသက်ဆုံးရှုံးရသည်အထိ ဂြိုဟ်ဆိုးကြမ္မာနှင့်လည်း ကြုံဆုံခဲ့ရပါလေသည်။

ထိုဌာနသို့ ယာယီပြောင်းရွှေ့ အမှုထမ်းရန် အကြောင်းဖန်လာပုံကား ဤသို့တည်း။

၁၉၃၈ ခုနှစ်၊ အောက်တိုဘာလ "ဆူဒက်တန်လင်း"သို့ စစ်ချီစဉ်အတွင်း ဟစ်တလာ၏ကိုယ်ရံတော်တပ်ရင်းတစ်ခုတွင် တပ်ရင်းမှူး တစ်နေရာ လစ်လပ်ခဲ့သည်။ ၁၉၃၇ ခုနှစ် ပုံနှိပ်ထုတ်ဝေစဉ်က ရွှန်းမဲလ်၏ "ခြေလျင်တပ်တိုက်နည်း" စစ်ကျမ်းကိုဖတ်ပြီး သဘောကျလျက်ရှိသည့် ဟစ်တလာသည် လစ်လပ်သော တပ်ရင်းမှူးနေရာတွက် အနီစစ်ကျမ်းကို ပြုစုသူ ရွှန်းမဲလ်အား ခန့်အပ်ရန် ကိုယ်တိုင်ကိုယ်ကျပင် ရွေးချယ်လိုက်သည်။

ဤသို့လျှင် ရွှန်းမဲလ်သည် နောင်တွင် မိမိအား စစ်သူကြီးခန့်အပ်ပြီး အသက်ကိုပင် အဆုံးစီရင်မည့် အဓိပတိ လူသတ်သမားကြီးနှင့် ဦးဆုံးအကြိမ် နီးနီးကပ်ကပ် နေလိုက်ရခြင်းပင်တည်း။

❑

www.burmeseclassic.com

www.burmeseclassic.com

## ရွှန်းမဲလ်နှင့် ဟစ်တလာ

ဟစ်တလာ၏ သူ့စရိုက် ဒုစရိုက်အပေါင်းကို ကမ္ဘာ့ပြည်သူ တစ်ရပ်လုံး သိခဲ့ကြသည်။

သို့ဖြစ်လင့်ကစား ဟစ်တလာ၏ အရည်အချင်းတစ်ခုနှင့် ပတ်သက်၍မူ ယနေ့တိုင် အဖြေရှာမရသေးသော ပဟေဠိသဖွယ် ဖြစ်နေခဲ့၏။

ဤသည်မှာ ဂျာမန်ပြည်သူတို့သည် ဟစ်တလာအား ဘုရားရှင်၏ တမန်တော်ဟူ၍တစ်မျိုး၊ ကယ်တင်ရှင်ကြီးဟူ၍ တစ်ဖုံ၊ အမျိုးသားခေါင်းဆောင်ကြီးဟူ၍ တစ်နည်း အမျိုးမျိုးအသွယ်သွယ် မှတ်ယူခဲ့သည့်အလျောက် ဟစ်တလာ တစ်ချက်ငေါက်ရုံနှင့် ကြောက်ဒူးတုန်ခဲ့ကြသည်။

ရိုးသားသော ဂျာမန်ပြည်သူ တစ်ရပ်လုံးအပေါ်တွင် ဟစ်တလာ ဩဇာညောင်းခဲ့သည်မှာ မဆန်းသော်လည်း ဟစ်တလာနှင့် နေ့စဉ်အချိန်မလပ် အနီးကပ်ထိတွေ့ခွင့်ရသည့် ပညာတတ်များအပေါ်တွင် ဩဇာညောင်းနေသည်မှာ ပဟေဠိသည်ပင် မဟုတ်ပါလော။

ရွှန်းမဲလ် အဆိုအရမူ ဟစ်တလာသည် သူတစ်ထူးအား မိမိဘက် တိမ်းညွှတ်လာအောင် ဆွဲဆောင်နိုင်သော သံလိုက်ဓာတ်ရှိသည်၊ စိတ်ညှို့ဓာတ်များလည်း ရှိကောင်းရှိမည်၊ ထိုစွမ်းအင်များသည်ပင် ဂျာမန်လူမျိုးတို့အား နေဗိမာန်သို့ရောက်သည့်တိုင် ဦးဆောင်သွားရန် ဘုရားသခင်က



အာဏာအပ်နှင်းထားသည်ဆိုသည့် မြင်းထန်သော ယုံကြည်ချက်မှ ပေါက်ပွားလာဟန်ရှိသည်။

(ဟစ်တလာသည် ဂျာမန်ပြည်သူတို့အား အောင်မြင်ခြင်း ပန်းတိုင်သို့ ပို့ဆောင်နိုင်လျှင် ပို့မည်။ ဤသို့ မပို့ဆောင်နိုင်သည့်တိုင် ထင်ပေါ်ကျော်ကြားလျှင် အဝီစိသို့ပင် ဆွဲဆောင်သွားမည့် လူစားဖြစ်သည်ဟူ၍ ထိုစဉ်ကပင် ရွှန်းမဲလ် သံသယ ရှိခဲ့သည်။)

ဟစ်တလာ၏ သူတစ်ထူးအား ဆွဲဆောင်နိုင်သည့် စွမ်းအင်ကို ကွန်ဖရင့်တစ်ခု ပိုင်ပိုင်နိုင်နိုင် ထိန်းလိုက်ခြင်းက သက်သေခံနေပေသည်။ ဟစ်တလာအား အပေါ်ယံအမှတ်မဲ့ကြည့်လျှင် မည်သည့်အရာကိုမျှ ဦးခေါင်းထဲ လေးလေးနက်နက် သိုဝှက်သိမ်းဆည်းထားဟန် မရှိကြောင်း တွေ့မြင်ရမည့်ပြင် ခက်ဆစ်ကစားနည်းတစ်ခုကို အပျင်းပြေ ကစားနေသည့် လူတစ်ယောက် အမူအရာမျိုးလည်း တွေ့မြင်ရမည်ဖြစ်သည်။ ထိုသို့ တွေဝေသောအမူအရာမျိုးဖြင့် ရှိနေရာမှ ရုတ်ခြည်း ဉာဏ်ရှင်လှုပ်ရှားလာပြီး တစ်ဖက်လူ ပြောနေသောစကားကို အာရုံစိုက် နားထောင်လိုက်မည်။ ထိုခဏတွင် ထိုလူ့သည်းခြေကြိုက် အဖြေတစ်ခုကို လျှင်လျှင်မြန်မြန် ပေးလိုက်မည်။ ဟစ်တလာပေးသော အဖြေသည် တစ်ဖက်လူ လိုလားနေသော အဖြေနှင့် အံဝင်ခွင်ကျ ဖြစ်နေမြဲသာတည်း။ ယင်းသို့ တစ်ဖက်လူအတွက် အဖြေပေးနေသောအချိန်တွင် တမန်တော်တစ်ဦး မိန့်ခွန်းမြွက်ကြားနေသည့် အမူအရာဟန်ပန်၊ သံနေ သံထားအတိုင်း တစ်သဝေမတိမ်း တူအောင်ပြုမူနိုင်စွမ်းပေသည်။

ဟစ်တလာသည် ဆွေးနွေးတင်ပြလာသမျှ အချက်အလက်များ ပေါ်တွင် အကာကိုဖယ်ပြီး အနှစ်ကိုသာ ရုတ်ခြည်းထုတ်ယူနိုင်စွမ်းသော အရည်အချင်းထူးတစ်ရပ် ရှိသည်။

စင်စစ် ဟစ်တလာသည် အချက်အလက် အမှန်များအပေါ်တွင် အခြေပြု၍ အနုလုံပဋိလုံ တွေးတောဆင်ခြင် ဝေဖန်ပိုင်းခြားပြီး ဆုံးဖြတ်သည် တော့မဟုတ်၊ သူ၏ ဆန္ဒမအာရုံထဲ တစ်ဒင်္ဂထင်ဟပ်လာသော စေစားချက်အတိုင်း ဆုံးဖြတ်ခြင်းပင် ဖြစ်သည်။

ထိုဆန္ဒမ အာရုံထူးကြောင့်လည်း ဟစ်တလာသည် သူတစ်ထူးနှင့်

www.burmeseclassic.com

www.burmeseclassic.com



စကားပြောသည့်အခါတွင်ဖြစ်စေ၊ အချေအတင် ဆွေးနွေးသည့်အခါတွင် ဖြစ်စေ သူတစ်ထူး၏ ရင်ထဲမှ လိုအင်ဆန္ဒကို အပိုင်အနိုင် အကဲခတ်မိခြင်း ဖြစ်သည်။

မည်သူ့ကို မည်သို့ပြော၍ မည်သူ့အား မည်သည့်အဖြေကိုပေးလျှင် ဖရဏာပီတိ ဗွမ်းဆီထိသလို ရွှင်ပျသဘောကျ နှစ်ခြိုက်မည်ဟု သိထားပြီး ဖြစ်ရုံမက လူတစ်ဖက်သားအား မြှောက်ပင့်ပြောဆိုရာတွင်လည်း စံထားလောက်သူ ဖြစ်သည်။ ဟစ်တလာသည် တစ်စုံတစ်ခုကို ဆုံးဖြတ်ပြီးလျှင် ထိုအဆုံးအဖြတ်အား ကောင်းကောင်းဆိုးဆိုး ထောက်ခံမည့်သူကို ခေါ်ယူပြီး တိုးတိုးတိတ်တိတ် ကျိတ်တိုင်ပင်လေ့ရှိသည်။ ယင်းသို့ တိုင်ပင်နေစဉ် တိုင်ပင်ခံရသူ၏ စကားကို အလေးအနက် နားထောင်တတ်၏။ ထို့နောက် ထိုသူ အကြံပေး၍ပင် ထိုအဆုံးအဖြတ်ကို ဆုံးဖြတ်သယောင်ပြုတတ်၏။

တစ်ခါတစ်ရံ ပြန်လည်ငြင်းခုံဟန် ပြုလိုက်လေသည်။ ထိုသောအခါ အတိုင်ပင်ခံရသူသည် မိမိကိုယ်မိမိ ခေါင်းဆောင်ကြီးကိုယ်တိုင် အလေးတမူခေါ်ယူ တိုင်ပင်ခံရသူ ဟူ၍လည်းကောင်း၊ မိမိပေးသော အကြံအတိုင်း ခေါင်းဆောင်ကြီး လက်ခံလိုက်နာသည် ဟူ၍လည်းကောင်း ထင်မှတ်ပြီး အခြောက်တိုက် ဘဝင်မြင့်သွားတတ်လေသည်။

ရွှန်းမဲလ် အလွန်အမင်းသဘောကျသော ဟစ်တလာ၏ အချင်းအရည်တစ်ရပ်မှာ မှတ်ဉာဏ် အလွန်ကောင်းခြင်းပင် ဖြစ်၏။ ဟစ်တလာသည် ဗိုလ်ချုပ်စမတ်ကဲ့သို့ ဖတ်ဖူးလေ့လာဖူးသမျှ စာအုပ်တိုင်းကို စာမျက်နှာ အလိုက်သော်လည်းကောင်း၊ အခန်းအလိုက်သော်လည်းကောင်း၊ စာကြောင်းအလိုက်သော်လည်းကောင်း ဓာတ်ပုံရိုက်ထားသကဲ့သို့ တစ်လုံး တစ်ပါဒ မကျန် နှုတ်ငုံဆောင်ထားနိုင်သည်။ အထူးသဖြင့် စာရင်းအင်းဆိုင်ရာ အမှတ်အသားတွင် သူမတူအောင် ကျွမ်းကျင်သူဖြစ်သည်။ တပ်များ မည်မျှဖြန့်ထား၍ မည်သည့်နေရာတွင် တပ်စွဲနေကြသည်ကို လည်းကောင်း၊ ရန်သူ့တင့်ကားများအား မည်ရွေ့မည်မျှ ဖျက်ဆီးပြီးကြောင်းကို လည်းကောင်း အပိုအရန်ထားသော ဓာတ်ဆီ၊ အပိုအရန်ထားသော ခဲယမ်းမီးကျောက် စာရင်း အင်းများပါမကျန် အတိအကျ မှတ်သားထားနိုင်သူ ဖြစ်သည်။ ဤသို့ အမှတ်အသား ကောင်းလွန်း၍လည်း စည်းကမ်းစနစ်ကြီးသော ဂျာမန်



ဗိုလ်ချုပ်ကြီးများပင် အံ့အားသင့်ခဲ့ရသည်။

ဟစ်တလာ၏ အာရုံထူးနှင့်ပတ်သက်၍ "ဘယ်ရွှန်ဗွန်အက်စီဘက်"က သူကိုယ်တိုင် ကြုံတွေ့ခဲ့ရသော မျက်မြင်ဖြစ်ရပ်အကြောင်းကို ကျွန်ုပ်အား ပြောပြဖူး၏။ ထိုအာရုံထူးဖြင့်ပင် ဟစ်တလာသည် ဂျာမန် ကပ်မတော်ကြီးအား လမ်းဆုံးသို့ဆွဲခေါ်ခဲ့ခြင်း ဖြစ်သည်။ ၁၉၄၅ ခု၊ ဆောင်းအကုန် နွေအကူးကာလ အရှေ့ဘက်စစ်မျက်နှာရှိ တပ်မတော်ဌာနချုပ်သို့ သွားရောက်စစ်ဆေးသည်တွင် တပ်မတော်မှူးအား ဟစ်တလာက ရုတ်တရက် မေးခွန်းတစ်ခု ထုတ်လိုက်သည်။ "ရပ်ရှင်းတွေ ဘယ်တော့ စတိုက်လိမ့်မယ်လို့ ခန့်မှန်းထားသလဲ" ဟစ်တလာ့မေးခွန်းကြောင့် တပ်မတော်မှူးသည် မိမိခန့်မှန်းထားသော နေ့ရက်အချိန်နှင့် အဘယ်ကြောင့် ဤသို့ တွက်ချက်ရကြောင်း စသည့်အချက်အလက်များကို တင်ပြ၏။ "မဟုတ်သေးပါဘူး၊ ခင်ဗျားပြောတဲ့ ရက်သတ္တတစ်ပတ်ထက် နောက်ကျပြီးမှ တိုက်လိမ့်မယ်" ဟစ်တလာ နိမိတ်ဖတ်သော ထိုနေ့ထိုရက်တွင်ပင် ရပ်ရှင်းများ စတင်တိုက်ခဲ့သည်။

ဟစ်တလာသည် တပ်မတော်တပ်မှူးအား နောက်ထပ် မေးခွန်းတစ်ခု ထုတ်ပြန်သည်။ "အလတ်စား အမြောက်တွေအတွက် အမြောက်တစ်လက်မှာ အမြောက်ဆန် ဘယ်လောက်စီရှိသလဲ"တပ်မတော်မှူးသည် ခေါင်းဆောင်ကြီး၏ မေးခွန်းအတွက် ဂဏန်းတစ်ခုကို အဖြေပေးလိုက်၏။ "မဟုတ်သေးပါဘူးလေ၊ ခင်ဗျားကို ကျွန်ုပ်ပို့လိုက်တာ" စသည်ဖြင့် မည်ရွေ့မည်မျှရှိကြောင်း သူပို့သော အရေအတွက်ကို ပြောပြလိုက်၏။ တပ်မတော်မှူးသည် ချက်ချင်းပင် ခဲယမ်းမီးကျောက်များ ပြန်လည် စစ်ဆေး၏။ ထိုအခါတွင် ဟစ်တလာပြောသည့် စာရင်းအရေအတွက်အတိုင်း မှန်ကန်နေကြောင်း တွေ့ရသည်။

ဟစ်တလာ၏အရည်အချင်းများအနက် ရွှန်းမဲလ် သဘောအကျဆုံးနှင့် တန်ဖိုးအထားဆုံးမှာ ဟစ်တလာ၏ သူမတူသော သူရသတ္တိပင် ဖြစ်သည်။ ၁၉၃၉ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ကား ဂျာမန်များ 'ပရပ်မြို့သို့ ဝင်ရောက်သိမ်းပိုက်ရန် စိုင်းပြင်းနေသည့်အချိန် ဖြစ်၏။ ရွှန်းမဲလ်သည် ထိုစဉ်က ဟစ်တလာ၏လုံခြုံရေးကို တာဝန်ယူရသော တပ်ရင်းသို့

www.burmeseclassic.com

www.burmeseclassic.com



တစ်ကျော့ ပြန်လည်ရောက်ရှိခိုက်ဖြစ်ရာ အကျပ်အတည်းတွေ့နေသော ဟစ်တလာ သည် ရွှန်းမဲလ်အား အကြံဉာဏ်တောင်းလေသည်။ "ခင်ဗျား ကျွန်ုပ်နေရာမှာသာဆိုရင် ဒီအချိန် ခင်ဗျား ဘာလုပ်မလဲ" ရွှန်းမဲလ်သည် သူ့ဗီဇအတိုင်း သူလုပ်မည့်အစီအစဉ်ကို ပြောပြ၏။ "ကျွန်ုပ် လုပ်မယ့် အလုပ်ကတော့ အမိုးဖွင့်ထားတဲ့ ကားတစ်စီးပေါ်တက်ပြီး ကိုယ်ရံတော် အစောင့်အရှောက်လုံးလုံး မပါဘဲ ဟတ်ချင်မြို့တော်ရဲ့ လမ်းတွေအတိုင်း ပြောင်ပြောင်တင်းတင်း မောင်း သွားမှာပေါ့ဗျ"

ထိုစဉ်က ချက်လူမျိုးများ ယမ်းပုံမီးကျ ဒေါသူပုန်ထနေချိန် ဖြစ်၏။ အစီအစဉ်တစ်ရပ် တိမ်းလွဲသွားသည်နှင့် ခန့်မှန်းနိုင်စွမ်းမရှိသော အန္တရာယ်များ အလွယ်တကူ ကျရောက်နိုင်သော ထိုအချိန်တွင် ဟစ်တလာ၏ လုံခြုံရေးအတွက် အစစ လုံး၀တာဝန်ယူနေရသော ပုဂ္ဂိုလ်တစ်ဦးက ဤသို့ သတ္တိရှိရှိ အကြံဉာဏ်ပေးဝံ့သည်မှာ အံ့ဩစရာကောင်းသကဲ့သို့ ပေးသည့်အကြံဉာဏ်အတိုင်း မဆုတ်မနစ် လိုက်နာသော ဟစ်တလာလို သတ္တိရှင်မျိုးကိုလည်း ရှာမှရှားပေလိမ့်မည်။

ရွှန်းမဲလ်တို့ ဇနီးမောင်နှံ နေထိုင်ခဲ့ရသော တပ်စခန်းများအနက် ဩစတြီးယားပြည်နယ် ဗီအင်နာမြို့၏ အနောက်တောင်ဘက်ရှိ 'ဒီနားနစတတ်' တောင်ကြားစခန်းသည် ဇနီးမောင်နှံနှစ်ဦး အပျော်ပိုက်ဆုံး၊ အကြည်နူးဆုံး တပ်စခန်း ဖြစ်ရသကဲ့သို့ စစ်ကြီးနှစ်စစ်အကြား အချိန်အားလုံးတွင် အပျော်အမော်ဆုံး အချိန်များလည်း ဖြစ်ခဲ့ရသည်။ အထက်အရာရှိများ၏ အနှောင့်အယှက် ကင်းသဖြင့်လည်း လွတ်လပ်မှုကို နှစ်သက်သော ရွှန်းမဲလ်အဖို့ အကြိုက်တွေ့ခဲ့ရသည်။ ထမ်းဆောင်ရသည့် တာဝန်များကလည်း ရွှန်းမဲလ် အကြိုက်ဆုံးဖြစ်သည့် ဗိုလ်လောင်း အညွှန့်အဖူးကလေးများကို အရည်ပြည့် အသွေးမီ စစ်ပညာရှင်ကြီးများဖြစ်လာအောင် စစ်သည်တော်ကျင့်ဝတ်များကို သင်ကြားပေးခြင်း၊ အသေးစား စစ်ထိုးနည်း၊ စစ်ခံနည်း စသည့် စစ်အတတ်များကိုသာ တာဝန်ယူ လုပ်နေရသဖြင့်လည်း မိမိကိုယ်မိမိ ကျေနပ်၍မဆုံး ဖြစ်နေသည်။ ထိုတောင်ကြား တပ်စခန်းတွင် ရွှန်းမဲလ်တို့ ဇနီးမောင်နှံ နေထိုင်သည့်အိမ်သည် စိုပြည်လှပသော ခြံကျယ်ကြီး၀န်းရံထားသည့် ဗိုလ်တဲဖြစ်ပေရာ ရွှန်းမဲလ်သည် ဇနီးသည်၊ သားကလေး



မန်းဖရက်တို့နှင့်အတူ ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့လေသည်။

သဘာဝ ရှုခင်းပသာဒတို့ကို မြတ်နိုးသော ရွှန်းမဲလ်တို့ဇနီးမောင်နှံသည် အချိန်များကို ကြည်နူးခြင်းဖြင့် ကုန်ဆုံးစေသကဲ့သို့ နောက်ဆုံး တွယ်ကပ်လာသော ဝါသနာဖြစ်သည့် ဓာတ်ပုံရိုက်ကူးခြင်းအတတ်ကို လေ့ကျင့်ချိန်များစွာ ရရှိခဲ့လေသည်။ ရွှန်းမဲလ်သည် ဓာတ်ပုံပညာတွင် ထူးချွန်သူဖြစ်သည်။ ဆက်ဆံရေးပြေပြစ်သော လုပ်ဖော်ကိုင်ဖက် အရာရှိများနှင့် အထူးတလည် မပေါင်းသင်းဘဲ မိမိတို့၏ အိမ်ထောင်ကလေးအတွင်းတွင်သာ ဘာသိဘာသာ ပျော်ရွှင်ရောင့်ရဲနေတတ်သည်။ သို့နှင့် နွေရာသီ၏ သာတောင့်သာယာ နေ့ရက်များ ကုန်ဆုံးခဲ့ပြန်သည်။

* * *

စစ်အရေးအခင်းနှင့် ပတ်သက်၍လည်း မြူးနစ်မြို့တွင်မကာ ပရပ်မြို့ ကိုပင် ကျူးကျူးလွန်လွန် လုပ်မိပြီးဖြစ်သော်လည်း ဟစ်တလာသည် တစ်နည်းနည်းဖြင့် ထွက်ပေါက်ရှာ ရှင်းလင်းနိုင်လိမ့်မည်ဟု ရွှန်းမဲလ် အပါအဝင် ဂျာမန်စစ်ဘက်အရာရှိ အားလုံးယုံကြည်ခဲ့၏။

စစ်စတင်ဖြစ်ပွားစဉ်က ဂျာမန်စစ်အာဏာပိုင်အဖွဲ့ စီးပွားရေးဌာနတာဝန်ခံ ဗိုလ်ချုပ် သောမတ်စ်ကလည်း "အနောက် လက်နက်နိုင်ငံကြီးတွေဟာ ဂျာမနီကို ကွန်မြူနစ်ရန်က ကာကွယ်ပေးနိုင်မယ့် မဟာရံတံတိုင်းကြီးလို့ ထင်နေကြပြီး ဂျာမနီ လက်နက်ပြန်လည်တပ်ဆင်တာကို ကြိုဆိုနေကြတယ်ဆိုတာ ဉာဏ်အမြော်အမြင်ရှိတဲ့ ဂျာမန်အမျိုးသားတိုင်း သဘောပေါက်ကြပါတယ်"ဟု ဆို၏။

ထို့ကြောင့်လည်း စေ့စပ်ရေးနည်းသည် စစ်ဖြစ်ရသည်အထိ အထင်မှား အမြင်မှား ဖြစ်ရသည်မှာ ထင်ရှားလှသည်။ ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် ရွှန်းမဲလ်သည် ဗိုလ်ချုပ်ရာထူးနှင့် ဟစ်တလာဌာနချုပ်တွင် ဦးစီးအဖွဲ့ဝင်အဖြစ် ရောက်ရှိလာသည့်အချိန်အထိ နောက်ထပ်စစ်ပွဲတစ်ပွဲ ပြန်လည် ဆင်နွှဲရလိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။ သို့သော် ထိုနေ့မှာပင် ဂျာမနီနှင့် ရုရှားမဟာမိတ် စာချုပ်ချုပ်ဆိုလိုက်သည်။

ထိုလျှို့တစ်ပြက်ချုပ်ဆိုလိုက်သော မဟာမိတ်စာချုပ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မရှောင်မလွှဲသာ စစ်မီးဟုန်းဟုန်း တောက်ခဲ့ရလေတော့သည်။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နံနက် ၄း၄၀ နာရီတွင် ဂျာမန်လူမျိုးတို့သည် ပိုလန်ကိုလေကြောင်းမှ စတင်တိုက်ခိုက်လေသည်။

ပိုလန်ကို ဂျာမန်တို့ စတင်တိုက်ခိုက်လိုက်ခြင်းကြောင့် ရှုန်းမဲလ် စိတ်မသိုးမသန့် ဖြစ်ကောင်းဖြစ်မည်ဟု ယူဆလျှင် ရှုန်းမဲလ်အား တင်စားလွန်းရာရောက်ပေမည်။ ရှုန်းမဲလ်သည် ဂျာမနီ၏စစ်ရေး အစီအစဉ်ကို ထောက်ခံမည်ဖြစ်သကဲ့သို့ ဂျာမနီ လက်နက် ပြန်လည်တပ်ဆင်ရေးကိုလည်း လျှို့ဝှက်တပ်ဆင်သည်ဖြစ်စေ၊ ပြောင်ပြောင်တင်းတင်း တပ်ဆင်သည်ဖြစ်စေ ကြိုဆိုမည်မှာ ယုံမှားဖွယ်ရာမရှိပေ။ ဂျာမနီသည် စစ်နိုင်သူများနှင့် ပခုံးချင်း ယှဉ်၍ တန်းတူရည်တူ ဆွေးနွေးနိုင်လောက်သော အင်အားမရှိသမျှ စစ်နိုင်သူများထံမှ မည်သည့်အခွင့်အရေးမျှပင် မျှော်လင့်နိုင်မည် မဟုတ်ကြောင်း သဘောပေါက်ထားပြီး ဖြစ်၏။ "ပိုလစ်ရှ်ကောရစ်ဒါ"ကို ဖျက်သိမ်းပစ်စေချင်သကဲ့သို့ ပိုလန်လက်ထဲသို့ ပါသွားသော ဒန်းဇစ်မြို့ကိုလည်း လက်နက်စွဲကိုင်၍ဖြစ်စေ၊ ငြိမ်းချမ်းသောနည်းနှင့်ဖြစ်စေ ပြန်လည်ရယူရန် ဆန္ဒပြင်းပြနေ၏။

ဒန်းဇစ်မြို့ကလေးသည် ချစ်ဇနီးသည်နှင့် စတင်ဆုံတွေ့ရာ မြို့ကလေးဖြစ်သကဲ့သို့ ထိုမြို့ကလေး၏ စစ်တက္ကသိုလ်မှပင် ပြန်တမ်းဝင် အရာရှိဖြစ်ခဲ့ရသော ကိုယ်ရေးကိုယ်တာ အကြောင်းများကြောင့် ဒန်းဇစ်မြို့ကလေးကို ထိုမျှ စိတ်ဝင်စားခြင်း ဖြစ်သည်ဟု ဆိုရန်ရှိသော်လည်း ရှုန်းမဲလ် ယူဆချက်အတိုင်း ဂျာမနီအရာရှိ အားလုံးလိုလိုကလည်း ယူဆခဲ့ကြသည်။ ရှုန်းမဲလ်သည် ဟစ်တလာ့ ဌာနချုပ်သို့ ရောက်ရှိနေပြီဖြစ်ရာ ရက်သတ္တတစ်ပတ်အတွင်း ဆင်နွှဲလိုက်သည့် လျှပ်တစ်ပြက် ထိုးစစ်ကြီးကို ကိုယ်တိုင်ကိုယ်ကျ ဘက်စုံမှ လေ့လာနိုင်ခွင့်ရခဲ့သည်။ ရှုန်းမဲလ်သည် စက်တင်ဘာလ ၂ ရက်နေ့တွင် ဘရာဖို့သို့လည်းကောင်း၊ ၁၀ ရက်နေ့တွင် ကီအလ်စီသို့လည်းကောင်း၊ ၁၃ ရက်နေ့တွင် လော့ဒ်ဇ်သို့လည်းကောင်း၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ဝါဆောသို့လည်းကောင်း တစ်မြို့ဝင်တစ်မြို့ထွက် လှည့်လည်နေခဲ့လေသည်။ ထိုမှ တစ်ရက် နှစ်ရက်အကြာတွင် ဘာလင်မြို့သို့ ပြန်လည် ထွက်ခွာလာခဲ့သည်။ ယင်းသို့ စိတ်တိုင်းကျ လှည့်လည်



လေ့လာခဲ့သဖြင့် ခေတ်သစ် သေနင်္ဂဗျူဟာ စစ်သင်ခန်းစာများကို ရယူအမြတ်ထုတ်နိုင်ခဲ့လေသည်။

ထို့ပြင် ဟစ်တလာ၏ သူရသတ္တိကိုလည်း အကြောင်းအားလျော်စွာ တွေ့လိုက်ရသည်။ "ကျွန်ုပ် သူ့အတွက်နဲ့ တော်တော်ဒုက္ခရောက်တယ်၊ သူက ရှေ့တန်းစစ်မျက်နှာကို အမြဲတမ်း ရောက်နေချင်တယ်၊ အပစ်အခတ်ခံနေရတာကိုပဲ ပျော်နေတယ်ဗျ"ဟု ရှုန်းမဲလ်က ဆိုဖူးသည်။ နော်မန်ဒီတွင်မူ ဟစ်တလာ၏သတ္တိကို ပြောစမှတ်ပြုလောက်အောင် မတွေ့ရတော့ချေ။ ထိုအချိန်ကပင် ဟစ်တလာ့အပေါ် ရှုန်းမဲလ်၏ ထင်မြင်ချက်သည် ပြောင်းလဲခဲ့ပြီး ဖြစ်၏။

* * *

ရှုန်းမဲလ်သည် ပိုလန်မှပြန်ရောက်သည်နှင့် ဟစ်တလာ လူငယ် ဌာနချုပ်တွင် ဟစ်တလာ၏ လုံခြုံရေးအတွက် ဆက်လက် တာဝန်ယူနေရသည်။ ရှုန်းမဲလ်သည် မလွှဲမရှောင်သာ၍သာ ဟစ်တလာ၏ ဌာနချုပ်တွင် နေနေရသော်လည်း အချိန်နှင့်အမျှ တိုက်ပွဲဆင်နွှဲလိုသည့်ဆန္ဒများ ပြင်းပြနေပေသည်။

ယခုအချိန်တွင်မူ ဟစ်တလာနှင့် ရှုန်းမဲလ်သည် ရင်းရင်းနှီးနှီး အကျွမ်းဝင်နေရုံမျှမက မိမိလိုချင်သည့် အကူအညီကိုပင် ရဲရဲဝံ့ဝံ့တောင်းခံရဲသည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ ဟစ်တလာကိုယ်တိုင်ကပင် လျှင် ရှုန်းမဲလ် အနေအထိုင်ကအစ သဘောကျနှစ်ခြိုက်နေခဲ့ပြီး ဖြစ်၏။ တစ်နေ့ ဟစ်တလာက ရှုန်းမဲလ်အား ဤသို့မေးသည်။ "ခင်ဗျား ဘာလိုချင်လဲ" "ပန်ဇာတပ်မတစ်တပ်ကို ကျွန်ုပ်အုပ်ချုပ်ချင်တယ်"ဟု ရှုန်းမဲလ်က ရင်ထဲ ရှိသည့်အတိုင်း ဖြေသည်။ ဤသည်မှာ အဆန်းမဟုတ်။

၁၉၄၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ရှုန်းမဲလ်သည် 'ဂုတ်စ်ဘတ်'မြို့၌ အမှတ်(၇) ပန်ဇာတပ်မကို ဗိုလ်မှူးကြီး စတွမ်းထံမှ လွှဲပြောင်း တာဝန်ယူလိုက်သည်။ ရှုန်းမဲလ်သည် တပ်မအတွင်းရှိ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများနှင့် ရင်းနှီးရုံကလေးမျှသာ အချိန်ရခဲ့ပြီး တပ်ထွက်ခဲ့ရလေသည်။ ပြင်းပြင်းထန်ထန် ဆင်းခဲ့ရသော နှစ်လသင်တန်း

www.burmeseclassic.com

www.burmeseclassic.com



အတွင်း ယန္တရားဗျူဟာနှင့် ပတ်သက်၍ ပိုလန်မှ ကိုယ်တိုင်ကိုယ်ကျ လေ့လာခဲ့ရသော အတွေ့အကြုံများကို စမ်းသပ်နိုင်ခွင့် ရရှိဆိုရုံမျှ ရလိုက်သည်။ ထိုအတွေ့အကြုံနှင့်ယှဉ်၍ မိမိ၏ ကိုယ်ပိုင်သေနင်္ဂဗျူဟာ အသစ်များကိုလည်း စမ်းသပ်ခွင့် ရလိုက်သည်။

ဘဲလ်ဂျီယံသို့ စစ်ချီရန်အမိန့်ကျရောက်လာသောအခါတွင်မူ ရွှန်းမဲလ်၏တပ်မသည် တိုက်ပွဲဝင်ရန် အစစ အသင့်ဖြစ်နေပေပြီ။ ရှိသမျှ တပ်သားအားလုံးကလည်း မိမိတို့တပ်မှူး၏ အရည်အချင်းကို အကြွင်းမဲ့ယုံကြည်နေကြ၏။ မေလ ၁၀ ရက်နေ့တွင် တပ်မသည် လီဂျီမြို့တောင်အရပ်မိုင် ၃၀ လောက်မှ ဘဲလ်ဂျီယံနယ်ခြားစည်းကြောင်းကို ဖြတ်ကျော်ချီဝင်ခဲ့သည်။ မေလ ၁၃ ရက်နေ့တွင် တပ်မသည် အခက်အခဲတစ်ရပ်နှင့် ဗွေဆော်ဦး ရင်ဆိုင်လိုက်ရသည်။ ထိုအခက်အခဲမှာ မြစ်မြစ်ကို ဖြတ်ကူးနိုင်ရန် တံတားဆောက်ရမည့် အခက်အခဲပင် ဖြစ်သည်။ ဘဲလ်ဂျီယံများလည်း အတိုက်အခိုက် ကျွမ်းကျင်သူများ ဖြစ်သည်။ တစ်ဖက်ရန်သူအား လူနေအိမ်များတွင် အခိုင်အမာဆောက်ထားသည့် ကတုတ်များအတွင်းမှ ပစ်ခတ်တိုက်ခိုက်ကြ၏။ ထို့ပြင် ကွန်ကရစ်အုတ်ဖိနပ်များဖြင့် အခိုင်အမာ နေရာယူထားသော တင့်ကားပစ် အမြောက်များဖြင့်လည်း တရကြမ်းပစ်ကာ ကာပေးနေကြ၏။

ယင်းသို့ သဲသဲမဲမဲ ခုခံပစ်ခတ်နေသည့်ကြားမှ မြစ်ကိုဖြတ်ကူးနိုင်ရန် တံတားဆောက်ရမည်ဖြစ်ရာ ရွှန်းမဲလ်သည် သစ်တုံးများကို ရဲဘော်များနှင့်အတူ ကူညီသယ်ရွှေ့ရင်း ခါးတစ်ပိုင်းမြုပ်အောင် ရေထဲဆင်းနေရ၏။ "မင်းတို့ကို ငါကူညီမယ်ဟေ့"ဟုဆိုကာ အလုပ်ပြီးရန် စိတ်ချရသည်အထိ တပ်သားများနှင့် မခွဲမခွာ ရှိနေတတ်၏။

စင်စစ် တပ်မှူးများသည် ရှေ့တန်းစစ်မျက်နှာတွင် ဤသို့ ကိုယ်တိုင်ကိုယ်ကျ ရဲဘော်များအား ဝင်ရောက်ကူညီရန်မလိုပေ။ ရှေ့တန်းစစ်မျက်နှာတွင်လည်း အမြဲရှိရန်မလို၊ မည်သို့ပင်ဖြစ်စေ ဤသတင်းသည် တပ်မတစ်ခုလုံး တစ်မုဟုတ်ချင်း ပျံ့နှံ့သွားလေသည်။ "ရွှန်းမဲလ်သည် မိမိကိုယ်တိုင် လုပ်ချင်သည့်ဆန္ဒ မရှိသည့်အလုပ်မျိုးကို မည်သည့်တပ်သားကိုမျှ မခိုင်း"ဆိုသည့် ဂုဏ်သတင်းလည်း တစ်ကျော့ပြန်၍ ပေါ်ထွက်လာလေ



သည်။ ထိုနေ့ နေဝင်ရီတရောအချိန်တွင် ပြင်သစ်တို့သည် တင့်ကားများ၊ ခြေလျင်တပ်များနှင့် တုံ့ပြန်တိုက်ခိုက်ကြ၏။ ရွှန်းမဲလ်တို့ကမူ တိုက်ခိုက်မှုကို အလွယ်တကူ တွန်းလှန်တိုက်ခိုက်ပစ်လိုက်ပြီး အမှောင်သန်းချိန်တွင် ရွှန်းမဲလ်၏ ပထမအသုတ် တင့်ကားများသည် တစ်ဖက်ကမ်းသို့ ဖြတ်ကျော်ပြီးဖြစ်ခဲ့သည်။ ထိုတင့်ကား၏ ဦးဆောင်နွားလားကား ရွှန်းမဲလ်၏ တင့်ကားတည်း။

နောက်တစ်နေ့....

ရွှန်းမဲလ်သည် ကြမ်းမှာဆိုးနှင့် သီသီလေးလွတ်ခဲ့သည်။ မိမိတင့်ကားကို သဲတောထဲ မောင်းသွားစဉ် တင့်ကားပစ်အမြောက်များဖြင့် အပြင်းအထန် ဝိုင်းဝန်း ပစ်ခတ်ခြင်းခံရလေသည်။ တင့်ကားကိုယ်ထည်သည် အမြောက်ကျည်မှန်သဖြင့် ပျက်ယွင်းသွားပြီး တင့်ကား အစအနများ ရွှန်းမဲလ်မျက်နှာသို့ လာမှန်ကြသည်။ ပြင်သစ်တပ်များသည် ရွှန်းမဲလ်အား အမိအရဖမ်းဆီးနိုင်ရန် ရှေ့တိုးဝင်လာကြစဉ် အမှတ် ၂၅ ပန်ဇာတပ်မဟာကို ဦးစီးသော ဗိုလ်မှူးကြီး ရေသင်ဘာ့ဂ်က မိမိတင့်ကားဖြင့် ရွှန်းမဲလ်အား ဝင်ရောက်ကယ်တင်လိုက်သည်။

(ရွှန်းမဲလ်အား သေမင်းလက်မှ အချိန်မီ ကယ်တင်လိုက်သူ ဗိုလ်မှူးကြီး ရေသင်ဘာ့ဂ်သည် ထိုတိုက်ပွဲများအတွင်း ပိုလာရစ်မဲရစ် ဆုတံဆိပ်နှင့် သူရဲကောင်းဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့ပြီး ရုရှားပြည်တွင် ဆင်နွှဲ သော တိုက်ပွဲတွင် ကျဆုံးခဲ့လေသည်။)

မေလ ၁၅ ရက်နေ့....

ပန်ဇာတပ်မ ၇ သည် ပန်ဇာတပ်မ ၅ ၏ ညာဘက်တောင်ပံစွန်းမှ ဖြတ်ကျော်မောင်းနှင်လေသည်။ ထိုညတွင်ပင် ရွှန်းမဲလ်သည် ရှေ့တူရူမှ တရွေ့ရွေ့ ချီတက်လာသော ပြင်သစ်တပ်ထောက် အမြောက်တပ်တစ်တပ်ကို ဖမ်းဆီးမိလိုက်သည်။

နောက်တစ်နေ့ ညဦးယံလယ်....

တပ်မသည် ကလဲယားဖေး အနောက်ရပ်ရှိ မက်ဂျီနော့ခံတပ်ကြောင်းကို ချိုးဖောက်ဖြတ်ကျော်မိသည်။ ခံတပ်နောက်ပိုင်းမှ ကွန်ကရစ်အုတ်ဖိနပ်များဖြင့် အခိုင်အမာနေရာယူထားသော အမြောက်စခန်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



တင့်ကားပစ် အမြောက်စခန်းများကို အမြောက်ဆန်မိုး ရွာစေလျက်တစ်မျိုး၊ မိုင်းအတုများဖြင့်တစ်ဖုံ အပြင်းအထန် နှိပ်ကွပ်စေခဲ့သည်။ ဘေးတစ်ဖက်တစ်ချက်ရှိ ရွာများကိုလည်း မီးလောင်ငုတ်တို ဖြစ်စေလိုက်၏။

ညဉ့် ၁၁ နာရီအချိန်....

အေးမြသောလရောင်ခြည်အောက်တွင် မော်တော်ဆိုင်ကယ်တပ်ရင်းနှင့် တင့်ကားများ ရှေ့ဆောင်လျက် စတင်တိုက်စစ်ဆင်သည်။ တပ်မအလုံးအရင်းကိုမူ နောက်ပါးမှ ထက်ကြပ်လိုက်ပါစေ၏။ တင့်ကားများ မောင်းနှင်နေစဉ် အမြောက်မပစ်ရဟု အထက်အာဏာပိုင်များ အမိန့်ပေးထားသော်လည်း ရွှန်းမဲလ်ကမူ သဲသဲမဲမဲ ပစ်ခတ်စေ၏။ စစ်ပွဲတစ်ပွဲတွင် ချိန်သားတည့်သည် မတည့်သည်အပထား၊ တပ်သားအားလုံး၏ စိတ်ဓာတ်တက်ကြွရေးသည်သာ အဓိကဟု ရွှန်းမဲလ် သုံးသပ်သည်။

သန်းခေါင်ယံဦး....

အဗက်စ်နက်စ်ကို ထိုးဖောက်ဖြတ်ကျော် လာပြီးချိန်တွင် ဗက်စ်နက်စ်မြို့မှာ ပြင်သစ်တို့ သိမ်းပိုက်ထားဆဲ ရှိသေး၏။ ပြင်သစ်တင့်ကားများသည် မည်းမည်းမြင်ကရာ အရပ်လေးမျက်နှာသို့ တရကြမ်းပစ်ခတ်ပြီး လမ်းတကာလမ်းတွင် တိုက်ပွဲ အပြင်းအထန် ဖြစ်ပွားနေ၏။ ရွှန်းမဲလ် တင့်ကားများကမူ ရှေ့သို့သာချီရင်း တစ်ဖက်တစ်ချက်ရှိ ပြင်သစ် အမြောက်စခန်းများကို ပြန်လည်ပစ်ခတ်ရင်း ဆက်ချီလာခဲ့သည်။ ထိုအချိန်တွင် ပြင်သစ်ယန္တရားတပ်မတစ်ခုမှ စစ်ပြေးဒုက္ခသည်များ ပြွတ်သိပ်နေသည့်လမ်းမအတိုင်း နောက်ဘက်သို့ဆုတ်ပြေးနေ၏။ အခြား ပြင်သစ်တင့်ကားများလည်း ၎င်းလမ်းမတစ်လျှောက် အသင့်စောင့်ကြပ်နေကြ၏။

သို့သော် ၎င်းတင့်ကားများ၊ စက်ယန္တရားတပ်မများ တိုက်ပွဲဝင်ရန် အသင့်မဖြစ်မီ ရွှန်းမဲလ်၏တပ်က ဝိုင်းရံစီးမိပြီး ဖြစ်သွား၏။ ထိုညဉ့်မှာပင် ရွှန်းမဲလ်၏ ရှေ့ပြေးတပ် ထွင်ခဲ့သည့်လမ်းအတိုင်း အမြောက်တပ်ရင်းတစ်ရင်း လိုက်ပါချီတက်လာပြီး ပြင်သစ်တင့်ကား ၄၈ စင်းကို အကောင်းပကတိ ဖမ်းဆီးသိမ်းပိုက်မိလိုက်သည်။ ပြင်သစ်ခြေလျင်တပ်မှာမူ လက်နက်များ စွန့်ပစ်လျက် ခြေဦးတည့်ရာ ကသုတ်ကရက် ထွက်ပြေးကြသည်။ အကယ်၍ သူတို့သာ ကသုတ်ကရက် ထွက်ပြေးခြင်းမပြုဘဲ ပြန်လှန်



ခုခံမည်ဆိုလျှင် ရွှန်းမဲလ်တို့ အခက်ကြုံမည်မှာ မလွဲပေ။ စင်စစ် ရွှန်းမဲလ်တို့၏တင့်ကားများ၊ မော်တော်ဆိုင်ကယ်များတွင်တပ်ဆင်ထားသော အမြောက်များသည် ပြင်သစ်တင့်ကားများ၏ ထုထည်ထူလွန်းသော သံချပ်ကို ထွင်းဖောက်နိုင်စွမ်းမရှိချေ။ ဗီးနက်စ်အလွန် ရွာကလေးတစ်ရွာ၌ ရွှန်းမဲလ်သည်မိမိ တင့်ကားဘေးတွင် ရပ်နေခိုက် ပြင်သစ်အမျိုးသမီးတစ်ယောက်သည် ရွှန်းမဲလ်၏လက်မောင်းကို ပုတ်ရင်း "အင်္ဂလိပ်တွေလား"ဟု ခပ်တိုးတိုး မေးလာသည်။ ရွှန်းမဲလ်က "ဂျာမန်တွေပါ"ဟု ပြင်သစ်ဘာသာစကားဖြင့် ပြန်လည် ပြောကြားသည်။ အမျိုးသမီးသည် "အလို...လူရိုင်းတွေပါကလား" ဟု အော်ရင်း ဂါဝန်ကို ခေါင်းပေါ်မတင်၍ အိမ်ထဲသို့ သုတ်ခြေတင်ပြေးလေတော့သည်။

ထိုအချိန်အတွင်း အဆက်အသွယ်အားလုံး ပြတ်ကုန်သည်ဖြစ်၍ ခြေလျင်တပ်ပေါင်းသည်ပင် ခံတပ်ကြောင်းပေါက်သွားပြီဖြစ်ကြောင်း မရိပ်စားမိလိုက်ချေ။ ရွှန်းမဲလ်ကမူ ကျရောက်လာမည့် တာဝန်အားလုံးကို ပခုံးထက်တွင်ပိုး၍ တပ်မတစ်ခုလုံး အလုံးအရင်းဖြင့် အနောက်ဘက်သို့ ချီတက်တိုက်ခိုက်ရန် သန္နိဋ္ဌာန်ချလိုက်သည်။ ဤသည်မှာ ဆန်းဗားမြစ်သို့ ရောက်လျှင် အသင့်လမ်းဖွင့်ပေးထားရန် ဖြစ်သည်။

နံနက် ၅း၃၀ နာရီ....

ရွှန်းမဲလ်သည် အမှတ် ၂၅ ပန်ဇာတပ်မဟာနှင့်အတူ စုစည်း၍ တိုက်စစ်ဆင်၏။ ပြင်သစ်တို့ကမူ တောင်ပံနှစ်ဖက်မှ ညှပ်၍ မော်တော်ယာဉ်သုံးတပ်များဖြင့် ပြန်လည် တိုက်ခိုက်ကြသည်။ ထိုအချိန်တွင် အမှတ်မထင်ဘွားခနဲ ပေါ်လာသော ရွှန်းမဲလ်၏ သံချပ်ကာတပ်ကို မြင်သဖြင့် အငိုက်မိသွားသော ပြင်သစ်ခြေလျင်တပ် အညှံ့ခံလိုက်ရလေသည်။ (ညလုံးပေါက်ဆင်နွှဲလာသော ယမန်နေ့က တိုက်ပွဲအဆက် ဖြစ်သည်။)

နံနက် ၆ နာရီ....

ဂျာမန်တပ်များ လန်ဒရီးစီးမြို့ကို သိမ်းပိုက်မိသည့်အပြင် ပြင်သစ်တပ်သားများကို စစ်တန်းလျားများထဲတွင် အလစ်ဖမ်းဆီးရမိလိုက်ပြီး ဆန်းဗား မြစ်ကူးတံတားကိုလည်း မပျက်မစီးဘဲ သိမ်းပိုက်နိုင်လိုက်သည်။ ရွှန်းမဲလ်သည် ပြင်သစ်တပ်သားများအား လက်နက်များကို မြေပေါ် ဖြန့်ခြ

www.burmeseclassic.com

www.burmeseclassic.com



ပစ်ချစေပြီး တင့်ကားတစ်စီးဖြင့် နင်းချေ ချိုးဖျက်စေလိုက်သည်။ တပ်မဟာသည် 'လေကာတိုးမြို့'သို့ ဆက်ချီ၏။ ထိုမြို့တွင်ပင် ရွှန်းမဲလ်သည် တပ်မဟာအား တစ်ထောက်နားစေ၏။ အဘယ်ကြောင့်ဟူမူ တပ်မ အလုံးအရင်းမှာ နောက်ကျန်လျက်ရှိပြီး ရှေ့တန်းတွင် မော်တော်ဆိုင်ကယ် တပ်ရင်းတစ်ရင်းနှင့် တင့်ကားတပ်ရင်း နှစ်ရင်းသာ ကျွံလာသောကြောင့် ဖြစ်သည်။ အမှတ် ၂၅ ပန်ဇာတပ်မဟာသည် လေကာတိုး အရှေ့စူးစူးတွင်ရှိသော ကုန်းမြင့်တွင် နေရာယူနေခိုက် ရွှန်းမဲလ်သည် သံချပ်ကာကားတစ်စီးကို စီးလျက် တပ်မကိုခေါ်ရန် ကိုယ်တိုင် နောက်တုံ့ပြန်ခဲ့သည်။

ထိုနေ့တစ်နေ့လုံး ရန်သူများက အမှတ်(၂၅) ပန်ဇာတပ်မဟာကို တင့်ကားများဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေ၏။ တပ်မဟာ၏ အနောက်အရပ်တွင်ရှိသော ပွန်မာရူအီမြို့ကို ပြင်သစ်များက ပြန်လည်သိမ်းပိုက်၏။ သို့သော် ယာယီမျှသာ သိမ်းပိုက်ထားနိုင်ပြီး နောက်ပိုင်းမှ အပြင်းချီလာသော ပန်ဇာတပ်မက ပြင်သစ်များအား ပြန်လည်တိုက်ထုတ်ကာ တစ်ကျော့ပြန်သိမ်းလိုက်သည်။

မေလ ၁၇ ရက်နေ့....

အခြေအနေ ရှုပ်ရှုပ်ထွေးထွေး မရှိတော့သဖြင့် တပ်မဆိုင်ရာ အမြောက်တပ်သည် ရှေ့တန်းစခန်းများတွင် နေရာယူခွင့် ရလိုက်သည်။ ထိုစဉ်အတွင်း ဆန်းဗားမြစ်ကို ဖြတ်ကူးသည့် နောက်ထပ် တံတားတစ်ခုကိုလည်း သိမ်းမိလိုက်သည်။

ရွှန်းမဲလ်၏ စစ်ချီရာလမ်းကြောင်းကိုကြည့်လျှင် အလျား မိုင် ၃၀၊ ဖြက် ၂ မိုင်မျှရှိသည့် ကျဉ်းမြောင်းသော ချောင်ထဲသို့ ထိုးဖောက်ချီဝင်သွားသည်ကို တွေ့ရမည်ဖြစ်ပြီး ရွှန်းမဲလ်၏ တပ်ဦးသည် ပြင်သစ်တို့၏ ဗဟိုချက်မ စူးစူးကို ဦးတည်နေကြောင်း တွေ့ရမည်ဖြစ်သည်။ စစ်ချီဟန်မှာ သေလျှင်မြေကြီး ရှင်လျှင်ရွှေထီး စစ်ဆင်ရေးဖြစ်ကြောင်း အထင်အရှား တွေ့ရပေသည်။

အဘယ်ကြောင့်ဟူမူ ရွှန်းမဲလ်တို့ အရဲစွန့်ချီဝင်ရာ ချောင်းကလေး၏ တောင်ပံတစ်ဖက်တစ်ချက်တွင် ပြင်သစ်တပ်များ အလုံးအရင်းနှင့် နှစ်ဖက်ညှပ်စောင့်ကြပ်နေသောကြောင့် ဖြစ်၏။ သို့ရာတွင် ဤသို့ ရှုပ်ရှုပ်ချွံချွံ



စွန့်စားခြင်းမှ ထွက်ရှိလာသော အဖြေကား ပြင်သစ်တို့ ခံတပ်အခိုင်အမာ ဆောက်ထားသည့် နယ်မြေကိုလည်းကောင်း၊ ဆန်းဗားမြစ်ကူး အချက်အချာ တံတားများကိုလည်းကောင်း အပိုင်သိမ်းမိခြင်းပင်တည်း။

ရွှန်းမဲလ်၏ စွမ်းဆောင်ချက်များသည် စစ်ဆင်ရေးကြီး အောင်မြင်ရန် များစွာ အထောက်အပံ့ ဖြစ်စေသည်ဟု စစ်အာဏာပိုင်များ အသိအမှတ်ပြုကြပြီး ရွှန်းမဲလ်၏ ပြောင်မြောက်သော သူရသတ္တိအတွက် "နိုက်ဟုခရော့စ်"ဘွဲ့တံဆိပ် အပ်နှင်းလိုက်သည်။

ရွှန်းမဲလ်၏ သေမြေကြီး ရှင်ရွှေထီး သည်းလှိုက်ရင်ဖို စွန့်စားမှု၏ အကျိုးအမြတ်ကား တပ်တစ်ခုလုံး ၃၅ ယောက်မျှသာ ကျဆုံး၍ ၅၉ ယောက် မျှသာဒဏ်ရာရပြီး နှစ်ရက်အတွင်း သုံ့ပန်း ၁၀၀၀၀ ကျော် ဖမ်းမိ၏။ တင့်ကား ၁၀၀၊ သံချပ်ကာကား ၃၀၊ အမြောက် ၂၇ လက်ကိုလည်း သိမ်းဆည်းဖမ်းမိခြင်း၊ ဖျက်ဆီးခြင်းပြုနိုင်ခဲ့၏။ ဓာတ်ဆီပြသနာ အကြပ်အတည်း တွေ့နေပြီး ရန်သူ့တင့်ကားများ နှစ်ဖက်ညှပ် တိုက်ခိုက်နေဆဲပင်ဖြစ်သော်လည်း အမှတ် ၂၅ ပန်ဇာ တပ်မဟာသည် အာရပ်(စ်)မြို့တောင်ဘက်သို့ ရောက်အောင် ဆက်လက်ချီတက်ခဲ့လေသည်။ ယင်းသို့ ချီတက်ရာလမ်းတစ်လျှောက်တွင် ပြင်သစ်တပ်များသည် ယခင်အတိုင်း တပ်တွင်းတန်းလျားထဲတွင်ပင် အမိခံလိုက်ရပြန်သည်။ ဤတစ်ကြိမ်တွင်လည်း တပ်မအလုံးအရင်းမှာ နောက်တွင်ကျန်ခဲ့ပြန်သဖြင့် ရွှန်းမဲလ်ကိုယ်တိုင် တစ်ခေါက်နောက်တုံ့ပြန်၍ ခေါ်ဆောင်ရပြန်သည်။ သို့ သွားရောက်ခေါ်ဆောင်ရာတွင် ရွှန်းမဲလ်သည် တင့်ကားနှစ်စီး၊ အချက်ပြတပ်စိတ်တစ်ခု၊ သံချပ်ကာကားတစ်စီးသာ ခေါ်ဆောင်သွား၏။ အာရပ်စ်ကမ်းဗရေးလမ်းပေါ် "ဗစ်အင်တွိုက်စ်"တွင် ရွှန်းမဲလ်သည် ရန်သူနှင့် ရင်ဆိုင်တိုးသဖြင့် တင့်ကားနှစ်စင်းစလုံး ဖျက်ဆီးခြင်းခံလိုက်ရပြီး နာရီပေါင်းများစွာ အဝိုင်းခံနေခဲ့ရ၏။ အာရပ်စ်မြို့ဝန်းကျင်တစ်ဝိုက် ဆင်နွှဲရသောတိုက်ပွဲမှာ စိတ်ဝင်စားဖွယ်ကောင်းလွန်းပေသည်။

ထိုတိုက်ပွဲသည် စစ်နှစ်စစ်အတွင်း ရွှန်းမဲလ် ပထမဦးဆုံးအကြိမ် ဗြိတိသျှတပ်များနှင့် ရင်ဆိုင်ရသောတိုက်ပွဲ ဖြစ်သည်။

ရွှန်းမဲလ်၏တပ်များ အာရပ်(စ်)မှ တောင်နှင့် အရှေ့တောင်အရပ်သို့

www.burmeseclassic.com

www.burmeseclassic.com



ဦးတည်ချီတက်လာခိုက် အက်ချီလုပ်နှင့် အင်္ဂနီအနီးသို့အရောက်တွင် ဗြိတိသျှ တပ်ပေါင်းတစ်တပ်က ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်သဖြင့် အမှတ် ၄၂ တင့်ကားဖျက် အမြောက်တပ်တစ်တပ် တပ်လုံးပျောက်ခဲ့ရပြီး တင့်ကား ဖျက်အမြောက်တပ်သား အများအပြား ကျဆုံးခဲ့ရသည်။

ဗြိတိသျှ အိုင်အမျိုးအစား တင့်ကားများအား ဂျာမန်တင့်ကားဖျက် အမြောက်များက အနီးကပ် ပစ်ခွင်းသည့်တိုင် သံချပ်များကို မဖောက်ထွင်း နိုင်သဖြင့် ဂျာမန်များ အံ့ဩ၍မဆုံး ဖြစ်ခဲ့ကြရ၏။ ဗြိတိသျှတို့၏ ဝိုင်းဝန်း တိုက်ခိုက်မှုမှာ အချိန်အနည်းငယ်နှင့် ရပ်ဆိုင်းမသွားဘဲ ရွှမ်းမဲလ်တို့ဘက်မှ အမြောက်တပ်နှင့် လေယာဉ်ပျံအမြောက်တပ်တို့ ဝင်ရောက်ကူညီတော့မှပင် ရပ်တန့်သွားလေသည်။ လေယာဉ်ပျံပစ် အမြောက်တပ်မှ အသုံးပြုသော ၈၈ မီလီမီတာ အမြောက်များမှာ ဗြိတိသျှတို့အား အံ့အားသင့်စေသော်လည်း အာရပ်(စ်)သို့ ချက်ချင်း ဆုတ်ခွာသွားခြင်းမပြုသဖြင့် တိုက်လေယာဉ်ပျံများ ကို ရွှမ်းမဲလ်တို့ ထပ်မံ အကူအညီတောင်းရသေး၏။ ထိုစဉ်အတွင်း ရွှမ်းမဲလ် သည် အမှတ် ၂၅ ပန်ဇာ တပ်မဟာကို နောက်ပြန်လှည့်စေပြီး ဗြိတိသျှ တင့်ကားတပ်အား နောက်ပိုင်းမှတိုက်ရန် အမိန့်ပေးလိုက်၏။ အက်နိ(စ်) မြို့အနီး တင့်ကားတိုက်ပွဲတွင် ဗြိတိသျှတို့ဘက်မှ တင့်ကား ခုနစ်စီးနှင့် တင့်ကားပစ်အမြောက် ခြောက်လက်မျှသာ ဆုံးရှုံးသော်လည်း ရွှမ်းမဲလ်တို့ ဘက်မှ တင့်ကား ၁၀ စင်းမက ဆုံးရှုံးသဖြင့် အထိနာသောတိုက်ပွဲဟု ဆိုရ ပေမည်။ ရွှမ်းမဲလ်သည် ခံစစ်သာဆင်နိုင်သည့် အခြေဆိုက်ခဲ့ပြီး အသက် ဘေးမှလည်း သီသီလေး လွတ်ခဲ့ရ၏။ ရွှမ်းမဲလ်နှင့်အတူတွဲ၍ မြေပုံကို နှစ်ယောက်ပူးတွဲကိုင်ထားသည့် အရာရှိတစ်ယောက်မှာမူ ရန်သူ့ကျည် ထိမှန် ကျဆုံးသွားရရှာ၏။ ဤအကြိမ်သည် ယခင့်ယခင် တိုက်ပွဲများထက် အခက် အခဲ အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရကြောင်း တပ်မမှ လူပေါင်း ၂၅၀ မျှ ကျဆုံးခံရပြီး ဗြိတိသျှ သုံ့ပန်း ၅၀ မျှသာ လက်ရဖမ်းမိခြင်းကို ထောက်ထား ခြင်းဖြင့် သိသာနိုင်လေသည်။

နောက်ရက်များတွင်လည်း အကျပ်အတည်းများနှင့် ဆက်လက် တွေ့ရ၏။ မေလ ၂၂ ရက်နေ့တွင် တပ်မသည် စကပ်မြစ်ကို ဖြတ်ကူးခဲ့သည့် မှတ်တမ်းအရဆိုပါမူ ဗြိတိသျှ တင့်ကားများ၏ တိုက်ခိုက်မှုကို ခဲရာခဲဆစ်



ခုခံတွန်းလှန်ခဲ့ရသည်ဟု ဖော်ပြထား၏။ ယင်းသို့တွန်းလှန်ရာတွင် မြေမြှုပ် ဗုံးများထောင်၍ တိုက်ခိုက်ခဲ့ရသည်ဟု ဆိုလေသည်။ 'မောင့် စိန်အီလွိုင်' ကို သိမ်းပိုက်လိုက်၊ လက်လွှတ်လိုက်ရနှင့် အကြိမ်ကြိမ် ဘတစ်ပြန် ကျားတစ်ပြန် ဖြစ်ခဲ့ရသည်။ ၂၄ ရက်နေ့ 'လာ ဗဇ္ဇတ်ဆီ'သို့ ချီရာတွင် ဗြိတိသျှ လက်ဖြောင့်တပ်သားများ ပြင်းပြင်းထန်ထန် တိုက်ခိုက်သည့်ကြားမှ ဝွင်ချီတစ်ဖက်ကမ်းသို့တက်ကာ နေရာယူနိုင်၏။ ၂၆ ရက်နေ့တွင် အမြောက် များနှင့် ရှေ့ပြေးတင့်ကားများ၊ တူးမြောင်းများကို ဖြတ်ကူးနိုင်ခဲ့ပြီး ၂၇ ရက် နှင့် ၂၈ ရက်နေ့တွင် တပ်မသည် လီလီမြို့ကို မျက်နှာမူလျက် အရှေ့အရပ် တွင် နေရာယူနိုင်ခဲ့သည်။ ၂၉ ရက်နေ့တွင် တပ်မကို အာရပ်စ် အနောက် ဘက်၌ အနားယူခွင့်ပြုလိုက်သည်။ ရက်သတ္တပတ် နှစ်ပတ်တိတိ ဆက်တိုက် ပြင်းပြင်းထန်ထန် တိုက်ပွဲဆင်ခဲ့ရပြီးနောက် ခေတ္တအနားယူခွင့် ရရှိန်တွင် ရွှမ်းမဲလ်သည် ကားတစ်စီးဖြင့် လီလီမြို့ထဲသို့မောင်းဝင်ခဲ့ရာ လီလီ မြို့၏ လမ်းမများပေါ်တွင် ဗြိတိသျှတပ်သားများနှင့် ပြင်သစ်တပ်သားများ ဥဒဟို လမ်းသလားနေကြသည်ကို တွေ့လိုက်ရ၏။ ဤတွင်မှ မဆင်မခြင် လုပ်လိုက်မိသည့် မိမိအမှားကို ရွှမ်းမဲလ် နောင်တရမိတော့သည်။ မမျှော်လင့်ဘဲ ရန်သူများကို မြင်လိုက်ရသဖြင့် ရွှမ်းမဲလ် အံ့အားသင့်ရသကဲ့သို့ ရန်သူများ ကလည်း ရွှမ်းမဲလ်အား အမှတ်မထင် တွေ့လိုက်ရသဖြင့် ကြက်သေ သေ နေကြ၏။ ရွှမ်းမဲလ်သည် စက္ကန့်အနည်းငယ်အတွင်းမှာပင် မှင်တက်မိနေ သော ရန်သူများအကြားမှ မိမိကားလေးကို တက်သုတ်မောင်းနှင်ထွက်ခဲ့ရ သည်။

ရွှမ်းမဲလ်တွင် ဤသို့သော သည်းလှိုက်ရင်ဖို မှတ်တမ်းဝင်စွန့်စား ခန်းများ အရေအတွက် မနည်းပါးသကဲ့သို့ ရှေ့တန်းစစ်မျက်နှာတွင် အမြဲ တစေရှိလေပြီး ကိုယ်တိုင်ဦးဆောင်မှုပေးရမှ ကျေနပ်လေ့ရှိသော တပ်မမှူး များ၏ တွေ့ရိုးတွေ့စဉ် အကျပ်အတည်းများမှာလည်း ရေတွက်နိုင်စွမ်းမရှိ အောင် များပြားလေသည်။ ရက်အနည်းငယ်အတွင်း ရွှမ်းမဲလ်၏ တပ်မကို အနားယူရပ်တန့်ထားစေရာမှ တစ်ဖန် ပြန်ခေါ်ပြီး ခက်ခဲသော တာဝန် တစ်ရပ်ကို ပေးအပ်လာပြန်သည်။

ဂျာမန်များ အောင်ပွဲမုခ်ဦးကို လှမ်းမြင်နေရပြီ ဖြစ်ပါ၏။ ဗြိတိသျှ

www.burmeseclassic.com

www.burmeseclassic.com



များကို ပြင်သစ်ပြည်မှ အပြီးအပိုင် မောင်းနှင်ထုတ်နိုင်ပြီ ဖြစ်သကဲ့သို့ ပြင်သစ်များကိုလည်း စစ်ထဲမှ မောင်းနှင်ထုတ်နိုင်ရန် အချိန်ပိုင်းမျှသာ လိုတော့၏။ မေလ ၂၉ ရက်နေ့နှင့် ဇွန်လ ၄ ရက်နေ့အတွင်း ဗြိတိသျှတပ်သား ၃၀၀၀၀၀ ဒန်းဂတ်မှ အသက်နှင့်ခန္ဓာမြဲလျက် ထွက်ခွာလာနိုင်ခဲ့ခြင်းမှာလည်း ပန်ဇာတပ်များကို ဒန်းဂတ်တွင် အသုံးပြုခွင့်ပြုရန် ငြင်းဆန်ခဲ့သော ဟစ်တလာ၏ ကျေးဇူးကြောင့်သာလျှင် ဖြစ်၏။ ဆက်လက် သုတ်သင်ရန် ကျန်ရှိနေသေးသော တပ်မှာ အမှတ် ၅၁ ဟိုင်းလင်း တပ်မသာလျှင်ဖြစ်ပြီး ထိုတပ်ကို မောင်းနှင်ထုတ်ရန် ရွှန်းမဲလ်အား တာဝန်ပေးအပ်လိုက်သည်။ ထိုတပ်သည် စစ်မျက်နှာသို့ နောက်အကျဆုံး ရောက်ရှိလာသောတပ်လည်း ဖြစ်ပြီး ယခုအခါ ဖီးကင့်နှင့် စိန့်ဗယ်လာရီမှ သင်္ဘောများဖြင့် ဆုတ်ခွာရန် ပြင်ဆင်နေသောအချိန် ဖြစ်သည်။ ရွှန်းမဲလ်၏ အဓိကတာဝန်မှာ ယင်းတပ် ဆုတ်ခွာမသွားနိုင်ရန် ပိတ်ဆို့ချေမှုန်းပစ်ရန် ဖြစ်သည်။

ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရန် ရွှန်းမဲလ်သည် ဦးစွာ ဆုမ်းမြစ်ကို ဖြတ်ကူးရမည်ဖြစ်လျက် တစ်ဖက်ကမ်းအရောက်တွင် ကျန်ရှိသော ဝေဂန်စစ်ကြောင်းကို ထွင်းဖောက် ဖြတ်ကျော်ရမည်ဖြစ်၏။ ရွှန်းမဲလ်သည် အချိန်လု၍လုပ်ရသော အလုပ်မျိုးကို နှစ်သက်တတ်သူ ဖြစ်သည်။ ယင်းသို့ အချိန်လုလုပ်ရာတွင်လည်း ရသမျှအချိန်ကလေးကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်သူလည်း ဖြစ်၏။ ရွှန်းမဲလ်သည် ဆုမ်းမြစ်ကိုဖြတ်မကူးမီ မိမိ တပ်မဟာမှူး၊ တပ်ရင်းမှူးများကို ခေါ်ဆောင်ကာ ပဏာမကင်းထောက်မှုကို ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်လိုက်သည်။ ဇူလိုင်လ ၆ ရက်နေ့ နံနက်တွင် ဆုမ်းမြစ်ကို ဖြတ်ကူးလိုက်ကြသည်။ ထိုတစ်နေ့လုံးနှင့် နောက်တစ်နေ့ နေကုန်တိုင် ရှေ့မှ အဟန့်အတားပြုနေသော ရန်သူများကို အပြင်းအထန် တိုက်ခိုက်ခဲ့ရ၏။ နောက်တစ်နေ့တွင် ညာတောင်ပံကို ရှေ့တန်းတင်ပြီး ရိုအင်မြို့၏ အရှေ့အရပ်သို့ ချီခဲ့သည်။ တပ်မသည် ညအခါများတွင်သာ ရွေ့လျားချီတက်လေ့ရှိသဖြင့် တော်လဲသံမျှ ဆူညံမြည်ဟည်းနေသော တင့်ကားဘီးသံများကြောင့် စစ်ကြောင်းချီရာ အနီးဝန်းကျင် ကျေးရွာကလေးများတွင် အိပ်မောကျနေရှာသော ပြင်သစ်လယ်သမားကြီးများ လန့်ဖျပ်နိုးကြားလာပြီး ဗြိတိသျှတပ်များ အထင်ဖြင့် တပ်သားများ ဆူးမငြိ ခလုတ်မထိ ချောချော



မောမော အောင်ပွဲခံနိုင်ရန် ဆုမွန်ကောင်းတောင်းပေးကြသည်။

တပ်မကမူ ဣန္ဒြေမပျက် ဆိတ်ငြိမ်စွာပင် ဆက်ချီခဲ့သည်။ သို့ဖြင့် ဇွန်လ ၉ ရက်နေ့ မှောင်ရီသန်းစ အခါသမယတွင် တပ်မသည် ရိုအင်မြို့နှင့် ၁၀ မိုင်ခန့်အကွာ အနောက်တောင်အရပ်တွင်ရှိသော ဆိန်းမြစ်ကမ်းခြေတွင် တပ်စွဲနိုင်ခဲ့သည်။ နောက်တစ်နေ့ မိုးသောက်ယံတွင် တပ်မသည် ရှေ့တွင် ရင်ဆိုင်ဆင်နွှဲရမည့် အိပ်တော့ဖ် တိုက်ပွဲအတွက် စိတ်ဓာတ်နိုးကြား တက်ကြွနေကြ၏။ မည်သို့သောရန်သူနှင့် ရင်ဆိုင်ရသည်ဖြစ်စေ ဖယ်ရှားတိုက်ထုတ်ပစ်ရန် အားလုံးအသင့် ဖြစ်နေကြ၏။

ထိုနေ့ မွန်းတိမ်း ၂း၁၅ နာရီတွင် တပ်မသည် အိပ်တော့ဖ်မှ ဖျူလက်အထိ မိုင် ၂၀ ခရီးပေါက်ခဲ့ပြီး ဖီးကင့်နှင့် စိန့်ဗေလာရီအကြား ပင်လယ်ကမ်းခြေတွင် နေရာယူနိုင်လိုက်သည်။ ဤတစ်ကြိမ် ချီတက်ရာ လမ်းတစ်လျှောက်လုံးတွင် တပ်မသည် ရှေ့ပြေးတပ်များနှင့် မခွဲမခွာ ထက်ကြပ်လိုက်ပါလာခဲ့ပြီး တပ်မဆိုင်ရာ အမြောက်တပ်မှာလည်း ရှေ့တန်းတွင် နေရာယူနိုင်ခဲ့၏။ ဖီးကင့်ဆိပ်ကမ်းတွင်မူ အမှတ် ၅၁ ဟိုင်းလင်းတပ်မသည် အသင့်စောင့်ကြိုနေသော သင်္ဘောကြီးပေါ်သို့ အစီအရီတက်နေကြပြီ ဖြစ်၏။ ထိုသင်္ဘောကြီးများကို စောင့်ရှောက်သည့် ဖျက်သင်္ဘောတစ်စီးမှာလည်း ရန်သူအား ရင်ဆိုင်ရန် အသင့်အနေအထားတွင် ရှိနေပြီဖြစ်၏။ ယင်းသို့ရှိခိုက် အမှတ် ၃၅ ပန်ဇာတပ်မ ဘွားခနဲ ပေါ်လာပြီး တစ်ချိန်တည်း တွင်ပင် အမြောက်များဖြင့် တရစပ် စတင်တိုက်ခိုက်လေတော့သည်။ ဗြိတိသျှ ဖျက်သင်္ဘောတစ်စင်း ရန်သူအား ရင်ဆိုင်တိုက်ခိုက်ရန် ကမ်းခြေသို့ ကပ်လာစဉ် အမြောက်ထိမှန်သွားခဲ့သည်။ ထိုတွင်မက ဆုတ်ခွာရန် ဟန်ပြင်နေသော သင်္ဘောကြီးမှာ အမြောက်ဒဏ် အလူးအလဲခံရပြီး ဆိပ်ကမ်းမြို့ကလေးသည်လည်း အထိနာခဲ့သည်။ ယင်းသို့ အခြေအနေ ရှုပ်ထွေးခိုက်တွင် ဗြိတိသျှတပ်များကို သင်္ဘောပေါ်တင်ရန် မဖြစ်နိုင်လောက်အောင် အခက်အခဲ အကျပ်အတည်းနှင့် ရင်ဆိုင်နေရတော့သည်။

စိန့်ဗေလာရီ ဆိပ်ကမ်းမြို့သည် ရန်သူတို့ အချက်အချာစခန်း ဖြစ်သည်။ အဘယ်ကြောင့်ဟူမူ ယင်းမြို့သည် အမှတ် ၅၁ ဟိုင်းလင်း တပ်မမှူး ဗိုလ်ချုပ်ကြီး ဖော်ကျွန်း၌ာနချုပ်ရုံးစိုက်ရာ မြို့ဖြစ်သကဲ့သို့ အမှ

www.burmeseclassic.com

www.burmeseclassic.com



၅၁ တပ်မအလုံးအရင်း စုစည်းပြီး သင်္ဘောပေါ်တက်ရန် ပြင်ဆင်နေသော ဆိပ်ကမ်းမြို့လည်း ဖြစ်သောကြောင့်ပင်တည်း။ ရွှန်းမဲလ်သည် ဇွန်လ ၁၀ ရက် တစ်ညဉ့်လုံးနှင့် ၁၁ ရက်နေ့ နံနက်ခင်းအတွင်း အနောက်ဘက်ရှိ ကုန်းမြေမြင့် အများအပြားကို သိမ်းပိုက်နိုင်ခဲ့၏။ ထိုကုန်းမြင့်များမှနေ၍ သင်္ဘောဆိပ်ကမ်းသို့ အမြောက်များဖြင့် စိတ်တိုင်းကျ ချိန်ရွယ်ပစ်ခတ်နေတော့သည်။

ထိုနေ့ ၃း၃၀ နာရီတွင် ရွှန်းမဲလ်သည် အမှတ် ၅၂ ပန်ဇာတပ်မဟာနှင့် အမှတ် ၆ ခြေလျင်တပ်မဟာ၏ တစ်စိတ်တစ်ဒေသကို ခေါ်ဆောင်ကာ အမြောက်တပ်ကို ပစ်ကာပေးစေပြီး ကိုယ်တိုင်ဦးဆောင် တိုက်ခိုက်လေတော့သည်။ စိန့်ဗေလာရီ တိုက်ပွဲအကြောင်းနှင့် စပ်လျဉ်း၍ စစ်ကြီးအပြီး အမှတ် ၅၁ ဟိုင်းလင်းတပ်မ ညစာစားပွဲ အခမ်းအနားတစ်ခုတွင် စစ်သူကြီးလော့ဒ်မောင်ဂိုမာရီက ဤသို့ ဆိုခဲ့ဖူး၏။ "အဲလ်အာလာမိန်စစ်ပွဲမှာ အမှတ် ၅၁ ဟိုင်းလင်းတပ်မဟာ ဗေဟာရီတိုက်ပွဲအတွက် လက်စားပြန်ချေလိုစိတ်ပြင်းပြနေပြီး တက်တက်ကြွကြွ တိုက်ပွဲဝင်ခဲ့တာ တွေ့ခဲ့ရပါတယ်"

ထိုအဆိုအမိန့်ကို ထောက်ရှုခြင်းဖြင့်ပင် စိန့်ဗေလာရီ တိုက်ပွဲတွင် တပ်မ ၅၁ အထိနာခဲ့ရကြောင်း သိသာလှ၏။ ယင်းသို့ အထိနာခဲ့သော်လည်း အမှတ် ၅၁ တပ်မသည် စွမ်းအားရှိသမျှ အတတ်နိုင်ဆုံး ပြန်လည် ခုခံတိုက်ခိုက်ခဲ့ကြောင်း ရွှန်းမဲလ် မှတ်တမ်းက အထင်အရှား သက်သေခံခဲ့သည်။

ရွှန်းမဲလ်မှတ်တမ်းတွင် "ရန်သူများသည် မြေပြင်ပစ်အမြောက်များ၊ တင့်ကားပစ် အမြောက်များ၊ စက်သေနတ်များနှင့် အသေးစား လက်နက်များဖြင့် ပြင်းပြင်းထန်ထန် ခုခံကြသည်။ စိန့်ဗေလာရီ၊ စိန့်ဆယ်ဗိန် လမ်းပေါ်တွင် ခက်ခက်ခဲခဲ တိုက်ခဲ့ရသည်"ဟူ၍ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ယင်းတိုက်ပွဲ၏ထူးခြားချက်မှာ ရွှန်းမဲလ်၏ အမှတ် ၇ ပန်ဇာတပ်မ၏ မြားမြောင်လှသော တိုက်ပွဲစဉ်များအနက် အာရပ်စ်အနီးဝန်းကျင်နှင့် စိန့်ဗေလာရီမှ တိုက်ပွဲကို အခက်အခဲဆုံးနှင့် အကျပ်အတည်းအတွေ့ဆုံး တိုက်ခိုက်ခဲ့ရသော တိုက်ပွဲများအဖြစ် အသိအမှတ်ပြုထားခြင်းပင်တည်း။

ထိုနေ့ညနေတွင်ပင် ရွှန်းမဲလ်သည် သုံ့ပန်း ၁၀၀၀ လက်ရဖမ်းဆီးရမိပြီး ရန်သူများ သင်္ဘောသို့တက်မည့်ဆေးမှ ကာကွယ်နိုင်သည့် အမြောက်



တပ် နေရာယူပစ်ခတ်နိုင်သော စိန့်ဗေလာရီ မြောက်ဘက်ရှိ အဖိုးတန် နေရာကောင်းတစ်ခုကို သိမ်းပိုက်နိုင်ခဲ့သည်။

ယင်းသို့ နေရာကောင်းတစ်ခု ယူထားနိုင်ခဲ့သော်လည်း တိုက်ပွဲအပြင်းအထန် ဆက်လက် ဖြစ်ပွားဆဲရှိသဖြင့် နေမွန်းတိမ်းသောအခါတွင် ပထမ တပ်ရင်းနှစ်ရင်းကို တပ်ကူတောင်းခံပြီး နောက်ဆုံးတွင်မူ တပ်မတစ်ခုလုံးကိုပါ အလုံးအရင်းနှင့် စုပြုံတိုက်ခိုက်လိုက်ရတော့သည်။ ထိုသို့ ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်နေခိုက် ရွှန်းမဲလ်သည် ဗိုလ်ချုပ်ဖော်ကျွန်းထံ လက်နက်ချအညံ့ခံရန် စာရေးတောင်းဆိုလိုက်သည်။ လက်နက်ချအညံ့ခံရန် သဘောတူလျှင် အမှတ် ၅၁ တပ်မသည် အလံဖြူများ လွှင့်ထူ၍ အနောက်ဘက်သို့ ထွက်ခဲ့ရမည်ဟုလည်း ညွှန်ကြားထားလေသည်။ ရွှန်းမဲလ်၏ ဆင့်ဆိုချက်ကို ဗိုလ်ချုပ်ဖော်ကျွန်းသည် လမ်းတကာ့လမ်းတွင် အမြောက်များ နေရာယူစေပြီး ကတုတ်များ အခိုင်အမာဆောက်၍ စစ်ပြင်ပြလိုက်ခြင်းဖြင့် ပြန်ကြားလိုက်သည်။ ညဉ့် ၉ နာရီတွင် ပြင်းထန်သောတိုက်ပွဲကြီး စတင်လေတော့သည်။ နေရာမလပ် အမြောက်များဖြင့် ပစ်ခတ်ထားစေပြီး မြေပြင်ပစ်အမြောက်များနှင့် အဝေးပစ်အမြောက်များကို အရှေ့ စိန့်ဗေလာရီ မြောက်ပိုင်းနှင့် သစ်တောဆိပ်ကမ်းကိုပါ ပစ်ခတ်ထားစေခြင်းကြောင့် ကျဉ်းမြောင်းသော နေရာကလေးတွင် အမြောက်ဆန်ပေါင်း ၂၅၀၀ ခန့် စုပြုံကျဆင်းရသည်။ တစ်ချိန်တည်းမှာပင် အမှတ် ၂၅ ပန်ဇာတပ်မအား အမှတ် ၇ ခြေလျင်တပ်မဟာနှင့် အမှတ် ၃၇ တပ်ရင်း ရှေ့တန်းသို့ခေါ်တင်ပြီး စိန့်ဗေလာရီ အနီးသို့ စစ်ကြောင်းချီတက် တိုက်ခိုက်စေတော့သည်။ ယင်းသို့ အလုံးအရင်းနှင့် ပြင်းပြင်းထန်ထန် အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်နေသော်လည်း ဗြိတိသျှများသည် အလံဖြူမလွှင့်၊ အညံ့မခံဘဲ ကြံ့ကြံ့ခိုင်ခိုင် ခုခံဆဲပင် ရှိသေးရုံမက သင်္ဘောပေါ် တက်နိုင်ရန် ကြိုးစားဆဲပင် ရှိသေး၏။ ဂျာမန်များကလည်း ဗြိတိသျှများ သင်္ဘောပေါ် မတက်နိုင်ရန် တရကြမ်း ပစ်ခတ်ဟန့်တားနေလေသည်။

သို့နှင့် ဗြိတိသျှများသည် နံနက်လင်းသည်နှင့် စစ်သင်္ဘောများမှ အမြောက်များနှင့် ပစ်ကာပေးစေပြီး စိန့်ဗေလာရီ အရှေ့ဘက်ရှိ မတ်စောက်သည့် ကမ်းခြေမှ သင်္ဘောပေါ်တက်ရန် ကြိုးစားနေကြပြန်သည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းမဲလ်၏ တပ်မဆိုင်ရာ အမြောက်တပ်က သင်္ဘောပေါ်တက်ရန် ကြိုးစားနေသော ဗြိတိသျှများကို ပထမ ဟန့်တားနိုင်ရုံသာ ဟန့်တားပြီး နောက်ဆုံးတွင်မူ လုံးဝ မတက်နိုင်အောင် ပစ်ခတ်တားဆီးနိုင်ခဲ့လေသည်။ ထိုတိုက်ပွဲသည် ဗြိတိသျှစစ်သင်္ဘောများမှ အမြောက်များနှင့် ဂျာမန် ၈၈ မီလီမီတာ လေယာဉ်ပစ်အမြောက်များ၏ အားပြိုင်သော တိုက်ပွဲဖြစ်သည်။ အမှတ်၈ စက်ကြီး တပ်ရင်းလည်း တိုက်ပွဲဝင်၏။ အမှတ် ၆ နှင့် အမှတ် ၇ တပ်မဟာများမှ တချို့တလေလည်း တိုက်ပွဲတွင် ပါဝင်ပြီး စိန့်ဗေလာရီအနီးဝန်းကျင်မှ နယ်မြေများကို ထပ်မံသိမ်းပိုက်လိုက်သည်။ လက်ဝဲဘက်တွင်မူ ရွှန်းမဲလ်ကိုယ်တိုင် ခေါင်းဆောင်သော စစ်ကြောင်းတစ်ကြောင်းဖြစ်သည့် အမှတ်(၂၅) ပန်ဇာတပ်မဟာနှင့် ဗိုလ်မှူးကြီးရော်သင်ဘက် ဦးစီးသည့် အမှတ်(၇) ခြေလျင်တပ်မဟာသည် စိန့်ဗေလာရီမြို့တွင်းသို့ ချီဝင်တိုက်ခိုက်သွားပြီး ရန်သူ့ခုခံမှုအားလုံးကို ရပ်စဲစေလိုက်လေသည်။

စိန့်ဗေလာရီ တိုက်ပွဲအပြီးတွင် ရွှန်းမဲလ်သည် သုံ့ပန်း ၁၂၀၀၀ လက်ရဖမ်းဆီးမိ၏။ ထိုအထဲတွင် ဗြိတိသျှတပ်သား ၈၀၀၀ ပါဝင်ပြီး ဗိုလ်ချုပ်ဖော်ကျွန်းနှင့် ပြင်သစ် တပ်မတော်မှူး၊ တပ်မမှူးများလည်း ပါဝင်လေသည်။ သိမ်းဆည်းရမိသော လက်နက်များမှာ လေယာဉ်ပစ်အမြောက် ၁၇ လက်၊ မြေပြင်ပစ်အမြောက်ကြီး ၅၆ လက်၊ တင့်ကားစင်းရေ ၅၈ စင်း၊ တင့်ကားဖျက်အမြောက် ၂၂၊ စက်ကြီး ၃၆၈ လက်နှင့် ရိုင်ဖယ်အလက် ၃၅၅၀ ဖြစ်သည်။ ကုန်တင်ကား ၁၁၃၃ စီးမှာလည်း သိမ်းဆည်းရမိသော ရန်သူ့ပစ္စည်းများတွင် ပါဝင်လေသည်။ တပ်မဆိုင်ရာ အမြောက်တပ်က ခရူစာ စစ်သင်္ဘောတစ်စင်းကိုလည်း ရေအောက်သို့ စုံးစုံးနစ်အောင် ပို့ဆောင်နိုင်ခဲ့လေသည်။ (မြေပြင်ပြေးတင့်ကားများက ရေထဲမှစစ်သင်္ဘောကို ဤသို့ ဖျက်ဆီးနစ်မြုပ်နိုင်သည်မှာလည်း ထူးထွေသည့် အံ့ရာသော်ဟု ဆိုရပေမည်။ ဗြိတိသျှ ရေတပ်မတော်ကမူ ထိုအဆိုမှာ မဟုတ်မမှန်ဟု ငြင်းကွယ်သည်။)

ရွှန်းမဲလ်သည် ဗိုလ်ချုပ်ဖော်ကျွန်းကို မည်သည့်အခါကမှ မမေ့ခဲ့ပေ။ ဗိုလ်ချုပ်ဖော်ကျွန်းအကြောင်းကို ကရုဏာသက်သောလေသံဖြင့် ဇနီးသည်နှင့် သားကလေး မန်ဖရက်အား မကြာခဏ ပြန်လည်ပြောတတ်သည်။ ယင်းသို့ စကားစပ်မိတိုင်း ဗိုလ်ချုပ်ဖော်ကျွန်းသည် သူရသတ္တိနှင့်



ပြည့်စုံသော ဗိုလ်ချုပ်တစ်ဦးဖြစ်ပြီး သုံ့ပန်းအဖြစ် ဖမ်းဆီးခံရခြင်းမှာလည်း ကံမကောင်း အကြောင်းမလှ၍သာ ဖြစ်သည်ဟု ဆိုတတ်၏။ သုံ့ပန်း အလဲအလှယ်ပြုရာတွင် ဗိုလ်ချုပ်ဖော်ကျွန်းသည် မိမိတစ်ဦးတည်း သက်သာခွင့်ရရေးထက် မိမိတပ်သားများနှင့်အတူ ကောင်းဖော်ဆိုးဖက် လက်တွဲမဖြုတ်စတမ်းနေလျှင် တပ်သားများ၏ စောင့်ရှောက်ရေးကို လုပ်နိုင်မည်ဟုဆိုကာ လဲလှယ်ရေးကို ငြင်းဆန်လိုက်သည့် အကြောင်းကြောင့်လည်း ရွှန်းမဲလ်သည် ဗိုလ်ချုပ်ဖော်ကျွန်းအား ပို၍ လေးစားခဲ့ရသည်။

ဗိုလ်ချုပ်ကြီးဖော်ကျွန်းကလည်း ရွှန်းမဲလ်အား မေ့မရနိုင်ခဲ့ပေ။ မကြာမီက သုံ့ပန်းလဲလှယ်ရေးဖြင့် လွတ်မြောက်လာသော ပန်ဇာတပ်သားတစ်ယောက် ဘာလင်မြို့သို့ ရောက်ရှိလာပြီး ရွှန်းမဲလ်၏ ဇနီးနှင့်တွေ့ရင်း ဗိုလ်ချုပ်ကြီးဖော်ကျွန်းပါးလိုက်သော သတင်းစကားကို ပြောကြားသည်။ ဗိုလ်ချုပ်ဖော်ကျွန်း ပါးလိုက်သည့် သတင်းစကားမှာ ဗိုလ်ချုပ်ကြီး ရွှန်းမဲလ် ကွယ်လွန်သည့်အတွက် များစွာ ဝမ်းနည်းမိကြောင်းဖြင့် လွမ်းဆွတ်တသသော သတင်းစကားပင်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးဖော်ကျွန်း မကွယ်လွန်မီ သွားရောက်မေးမြန်းခွင့် မရလိုက်သဖြင့် ထိုသတင်း မှန်သည် မမှန်သည် အတိအကျ မပြောနိုင်သော်လည်း ဗိုလ်ချုပ်ဖော်ကျွန်းသည် အနှီ ဝမ်းနည်းစကားကို မုချပြောကြားလိမ့်မည်ဟု ယုံကြည်မိသည်။

မှန်ပါသည်။

မိမိကိုယ်တိုင်က အရည်အချင်းနှင့်ပြည့်စုံပြီး တစ်ဖက်ရန်သူ၏ အရည်အချင်းကိုလည်း အသိအမှတ်ပြုနိုင်သောပုဂ္ဂိုလ်မျိုး ဂျာမန်စစ်ဗိုလ်များထဲတွင် ရှိတောင့်ရှိခဲ၊ ဖြစ်တောင့်ဖြစ်ခဲလှသော ဖြစ်ရပ်ကြီးပင် မဟုတ်ပါလော။

ကျွန်ုပ်အား ရှေးဟောင်း အယူအဆရှိသည်ဟု ဆိုချင်ဆို၊ ထိုသို့ လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံသောပုဂ္ဂိုလ်များ ‘အကြွင်းမဲ့’စစ်ပွဲကြီးတွင် ဆုံးရှုံးခဲ့ရသော အသေအပျောက်စာရင်းထဲ ပါဝင်သွားခဲ့ကြသည်မှာ ဝမ်းနည်းမိပါသည်ဟုပင် ကျွန်ုပ် ဆိုချင်ပါ၏။ ဝမ်းနည်းကြေကွဲမှုကို ဖြေပြေရာ တစ်ရပ်တော့ ရှိပါ၏။ အနှီ သို့သောပုဂ္ဂိုလ်များသည် အလွယ်တကူ မသေနိုင်သကဲ့သို့ ဟိုမှ သည်မှလည်း မကြာမကြာ ပေါ်ပေါက်လာတတ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပင် ဖြစ်ပါ၏။

ဇွန်လ ၂၇ ရက်နေ့တွင် စိန့်ဗေလာရီ လက်နက်ချအညံ့ခံသည်။

စစ်သူကြီး ပေတန်း စစ်ပြေငြိမ်းရေး ကမ်းလှမ်းပြီးသည့် နေ့၏နောက်တစ်နေ့လည်း ဖြစ်၏။ ဂျာမန်တပ်များ ပဲရစ်မြို့တွင်းသို့ စီးနင်းဝင်ရောက်ပြီး သုံးရက်အကြာ ဇွန်လ ၁၇ ရက်နေ့တွင် အမှတ် ၂ ပန်ဇာတပ်မသည် "ရှားဘိုး"မြို့ကိုပါ တိုက်ခိုက်သိမ်းပိုက်ရန် "ကိုတင်တန်ပင်နီစူလာ" အထိ ချီတက်ခဲ့ပြီး ထိုမှ စစ်ကြောင်းနှစ်ကြောင်းခွဲကာ အမှတ် ၁ စစ်ကြောင်းသည် ကိုတင်း(စ်)ကိုဖြတ်လျက် ကမ်းရိုးတန်းအတိုင်း ချီခဲ့၏။ ကျန်စစ်ကြောင်းတစ်ကြောင်းကမူ "စိန့်လို"ကို ဖြတ်၍ ချီတက်ခဲ့သည်။ မည်သည့်တပ်ကူတပ်ထောက်မှုမပါဘဲ ထီးထီး ချီတက်ခဲ့ခြင်း ဖြစ်ပါ၏။ ယင်းသို့ ချီတက်ရာတွင် ထိုစစ်ကြောင်းမှာ မိုင် ၁၅၀ မျှ ခရီးပေါက်ခဲ့ပြီး ချီရာလမ်းတစ်လျှောက်တွင်လည်း ပြောပလောက်အောင် ရန်သူများနှင့် ရင်ဆိုင်ခဲ့ရခြင်းမရှိပေ။ သို့သော် ၁၇ ရက် ညသန်းခေါင်ယံမတိုင်မီတွင် အင်အားကောင်းလှသော ပြင်သစ်တပ်များနှင့် ရင်ဆိုင်တိုးမိရာ ပြင်သစ်တပ်များ၏ မြေပြင်ပစ်အမြောက်များ၊ တင့်ကားပစ် အမြောက်များ၏ တိုက်ခိုက်မှုဒဏ်ကို ကြံ့ကြံ့မခံနိုင်ဘဲ တပ်လန်ခဲ့ရသည်။

ရွှမ်းမဲလ်သည် အမြဲသတိရှိသည့် တပ်မှူးဖြစ်သည့်အလျောက်တပ်များအား အမိပွာယ်မဲ့ စွန့်စားခြင်းမျိုးကို မစွန့်စားစေဘဲ တပ်ပြန်ဆုတ်စေကာ နောက်တစ်နေ့နံနက်တွင်မှ မြင်မြင်ထင်ထင် တိုက်ခိုက်ရသောတိုက်ပွဲ ကို ဆင်နွှဲစေသည်။ ထိုစဉ်အတွင်း ရွှမ်းမဲလ်သည် ခြေလျင်တပ်ပေါင်းတစ်တပ်၊ အမြောက်တပ်မဟာတစ်တပ်၊ အသေးစားအမြောက်များနှင့်လေယာဉ်ပစ်အမြောက်များကို ခေါ်ဆောင်ကာ "ရှားဘိုး"မြို့သို့ ဆက်ချီလေတော့သည်။ ၁း၁၅ နာရီတွင် "ရှားဘိုး"မြို့ အနောက်တောင်နှင့် သုံးမိုင်အကွာသို့ ရောက်ရှိလာခိုက် ရန်သူများ၏ ဆီးကြိုပိတ်ဆို့မှုကို ခံလိုက်ရသည်။ ထိုနေရာတွင်ပင် ရန်သူများသည် ရွှမ်းမဲလ်အား ကြံ့ကြံ့ခိုင်ခိုင် ခုခံ၏။

တစ်ချိန်တည်းမှာပင် ခံတပ်များမှ အမြောက်များဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုကိုလည်း ခံနေရ၏။ ထိုကြားထဲမှာပင် ရွှမ်းမဲလ်သည် ညနေ ၅ နာရီတွင် "ရှားဘိုး"မြို့၏ အနောက်ဘက်ကုန်းမြင့် အမှတ်(၇၉)



ကို သိမ်းပိုက်နိုင်ခဲ့သည်။ နေမဝင်မီအချိန်အတွင်း ဗိုလ်မှူးကြီး ဗွန်ဗစ်စမတ်ဦးစီးသော အမှတ်(၇) ခြေလျင်တပ်မဟာသည် ပန်ဇာတပ်ခွဲ(၂)နှင့်အတူ "ကွီရက်ကွီဗီလာ"အနီး ကုန်းမြေမြင့်များကို သိမ်းပိုက်လိုက်ပြီး ရှေ့သို့ဆက်ချီကာ မြို့ဆင်ခြေဖုံးအထိ ဝင်ရောက်နိုင်ခဲ့သည်။ ဤသို့ဖြင့် ရွှမ်းမဲလ်၏တပ်များသည် သန်းခေါင်ယံမတိုင်မီ "ရှားဘိုး"ဘူတာရုံသို့ ရောက်ရှိချီဝင်လာခဲ့လေတော့သည်။ ညတွင်းချင်းပင် တပ်မဆိုင်ရာ အမြောက်တပ်က ရှေ့တန်းသို့ထိုးတက်လာနိုင်ခဲ့ပြီး မိုးသောက်သည်နှင့် ရန်သူ့ခံတပ်များကို အမြောက်ဆန်မိုး သွန်ချနေပေတော့သည်။ ထိုသို့ တပ်မဆိုင်ရာ အမြောက်တပ်က ပစ်ကာပေးနေစဉ် အရဏ်တက်သည်နှင့် ခြေလျင်တပ်များကလည်းမြို့လုံးကျွတ်စီးနိုင်ရန် မြို့ဆင်ခြေဖုံးများထဲ စတင်ချီဝင်လေတော့သည်။

"ရှားဘိုး"မြို့စောင့်တပ်များ၏ ထိပ်တန်းအရာရှိများမှာ စိတ်ဓာတ်အလွန်အမင်း ကျဆင်းနေပေပြီ။ အဘယ်မျှနည်းဟူမူ သံချပ်ကာတပ်မတစ်တပ်တည်းဖြင့် တိုက်ခိုက်လာသော ရန်သူများ အင်အားတောင့်တင်းလှသည့် "ရှားဘိုး"မြို့မခံတပ်ကြီး၏ အမြောက်ပစ်ကွင်းထဲသို့ ဝင်ရောက်လာသည်မှာ ၁၂ နာရီမပြည့်မီ လူ ၃၀၀၀၀ လက်နက်ချ အညံ့ခံသည်အထိပင် ဖြစ်သည်။

ယင်းသို့ ပြင်သစ်အရာရှိများ စိတ်ဓာတ်ကျဆင်းရသည်မှာ စစ်သူကြီး ပေတန်းက ဂျာမန်များထံ စစ်ပြေငြိမ်းရေးတောင်းခံနေသည့် သတင်းကို သိနေခြင်းကြောင့် ဖြစ်သည်ဟုဆိုလျှင် ထိုအရာရှိများအပေါ် အသက်ညှာဆုံး စဉ်းစားလိုက်ခြင်းသာ ဖြစ်သည်ဟု ဆိုရပေမည်။ ထိုအချက်ကိုသာ ထောက်ထားဖွယ် မရှိလျှင်မူ သံချပ်ကာ တပ်မတစ်တပ်တည်းနှင့် တိုက်လာသည့် ရန်သူကို ထိုမျှ လူအင်အား၊ လက်နက်အင်အား တောင့်တင်းပြည့်စုံပါလျက် အညံ့ခံလိုက်သည်ဆိုလျှင်မူ အဘယ်သို့လျှင် ခွင့်လွှတ်နိုင်ဖွယ် ရှိတော့အံ့နည်း။

ထိုအရာရှိများ လက်နက်ချ အညံ့ခံပုံနှင့် ချအပ်သော လက်နက်များကား ဤသို့တည်း။

ဇွန်လ ၁၉ ရက်နေ့ မွန်းလွဲ ၂း၀၀ နာရီတွင် ပြင်သစ် ကြည်းတပ်နှင့် ရေတပ် အရာရှိကြီးများ "ရှားဘိုး"မှ ထွက်လာကာ ခြွင်းချက်မရှိ လက်နက်ချ

www.burmeseclassic.com

www.burmeseclassic.com



အညှံ့ခံမည်ဖြစ်ကြောင်း ကမ်းလှမ်းလိုက်ပြီး အတိုက်အခိုက် အားလုံး ရပ်စဲပစ်လိုက်ကြသည်။ ညနေ ၅ နာရီတွင် လက်နက်ချ အညှံ့ခံခြင်းနှင့် ပတ်သက်သည့် ရေးဆွဲအပ်သော စာတမ်း၊ ချုပ်ဆိုအပ်သည့် စာချုပ်များကို ရေးဆွဲချုပ်ဆိုကြကာ လက်နက်ချသည့် အခမ်းအနားတစ်ရပ်ကို တရားဝင်ပြုလုပ်လိုက်ကြသည်။ ဆိပ်ကမ်းတွင်လည်း ဗြိတိသျှယန္တရားတပ်မမှ သယ်ယူပို့ဆောင်ရေးကိရိယာအားလုံး သဘော်ချစကအတိုင်း တွေ့လိုက်ရသည်။ တပ်မသည် မြို့မခံတပ်မှ လက်နက်များကို ရေတွက်လွှဲပြောင်းယူခြင်း မပြုလုပ်နိုင်မီ ရှေ့ဆက်ချီခဲ့ရသော်လည်း မေလ ၁၀ ရက်မှ စတိုက်ခဲ့သော စစ်ဆင်ရေးအတွင်း ရှောင်တခင် ဖမ်းဆီးသိမ်းပိုက်မိလိုက်သည့် သုံ့ပန်းနှင့်လက်နက်များသည်ပင် မည်မျှများပြားကြောင်း အောက်ပါစာရင်းကို ကြည့်ခြင်းအားဖြင့် သိသာနိုင်ပေသည်။

| | |
|---|---|
| ပြင်သစ်ရေတပ်မတော်(မြောက်) ဗိုလ်ချုပ်ကြီး | ၁ |
| ရေတပ်ဗိုလ်ချုပ် | ၄ |
| တပ်မကြီးမှူး (ကြည်း) | ၁ |
| တပ်မမှူး | ၄ |
| ၎င်းဦးစီးအဖွဲ့ဝင်များ | |
| အမြောက်အလက် | ၂၇၇ |
| လေယာဉ်ပစ်အမြောက် | ၆၄ |
| တင့်ကားနှင့် သံချပ်ကာကား | ၄၅၈ |
| ထရပ်ကား | ၄၀၀၀–၅၀၀၀ |
| ရိုးရိုးမော်တော်ကား | ၁၅၀၀–၂၀၀၀ |
| မြည်းဆွဲလှည်း၊ မြင်းလှည်း | ၁၅၀၀–၂၀၀၀ |
| ဘတ်စ်ကား | ၃၀၀–၄၀၀ |
| မော်တော်ဆိုင်ကယ် | ၃၀၀–၄၀၀ |

စစ်ဆင်ရေးတစ်ရပ်လုံးတွင် သုံ့ပန်း ၉၇၄၆၈ ဖမ်းမိပြီး ထိုထဲတွင် ရွှန်းမဲလ်တပ်မမှ သုံ့ပန်း အများဆုံး ဖမ်းဆီးပေးနိုင်ခဲ့သည်။

ရွှန်းမဲလ်တပ်မမှ ပစ်ချခဲ့သော လေယာဉ်စင်းရေမှာ ၅၂ စင်းဖြစ်လျက် လေယာဉ်ကွင်းတွင် ဖမ်းဆီးရမိသော လေယာဉ် ၁၅ စင်းကို



ဖျက်ဆီးပစ်ခဲ့သည်။ ရွှန်းမဲလ်တပ်မမှာ စစ်ချီရာတွင် မြန်ဆန်လွန်းသဖြင့် မသိမ်းပိုက်နိုင်ဘဲ ချန်ထားရစ်ခဲ့သည်မှာလည်း မနည်းပေ။ တိုက်ပွဲတစ်လျှောက် ရန်သူ့တပ်သား အကျအဆုံးများကိုလည်း ရေတွက်ရန် မဆိုထားဘိ ခန့်မှန်းနိုင်စွမ်းပင် မရှိပါချေ။

**စစ်ဆင်ရေးတစ်ရပ်လုံးအတွင်း ရွှန်းမဲလ်တပ်မမှ**

**အကျအဆုံးများ**

| | |
|---|---|
| အရာရှိ ၄၃ ယောက်ကျ၊ ဒဏ်ရာရ | ၇၇ |
| တပ်ကြပ်ကြီးနှင့် တပ်ကြပ်ကြီးမှ အထက်ကျ | ၃၁၇ |
| ဒဏ်ရာရ | ၅၂၆ |
| တပ်သားကျ ၁၂၅၂၊ ဒဏ်ရာရ | ၃ |

**အပျောက်အဆုံး**

| | |
|---|---|
| အရာရှိ | ၃ |
| တပ်ကြပ်ကြီးနှင့် တပ်ကြပ်ကြီးအထက် | ၃၄ |
| တပ်သား | ၂၉၉ |

**တင့်ကားအပျက်အစီး**

| | |
|---|---|
| မတ်(၁) အမျိုးအစား | ၃ |
| မတ်(၂) အမျိုးအစား | ၅ |
| မတ်(၃) အမျိုးအစား | ၂၆ |
| မတ်(၄) အမျိုးအစား | ၈ |

ရွှန်းမဲလ်၏ အဆုံးအရှုံးသည် ဖမ်းဆီးရမိသော လူသူ လက်နက်အရေအတွက် အပါအဝင် အောင်မြင်မှုကြီး တစ်ရပ်လုံးနှင့် နှိုင်းစာလျှင် မပြောပလောက်ဟု ဆိုရပေမည်။

သို့ရာတွင်...

အသက်တစ်ချောင်း ဆုံးရှုံးရမည်ကို အလွန်တရာ စိုးရိမ်ပူပန်တတ်သော ရွှန်းမဲလ်၏ စိတ်စေတနာကိုသာ တစ်ဦးတစ်ယောက်က အမှ

www.burmeseclassic.com

www.burmeseclassic.com



ရလျှင်မူ ရွှန်းမဲလ်ဘက်မှ အပျက်အစီး အဆုံးအရှုံးများသည် အဘယ်သို့လျှင် ပြောပဖွယ်ရာမရှိဟု ဆိုနိုင်ပါအံ့နည်း။ ထိုအဆုံးအရှုံးများကို ထောက်ရှုခြင်းဖြင့် ရွှန်းမဲလ်၏ ပန်ဇာတပ်မသည် တပ်ပျက် ထွက်ပြေးနေသော ရန်သူများနောက်မှ အလွယ်တကူ လိုက်လံတိုက်ခိုက်ခဲ့ရခြင်းမဟုတ်ဘဲ ခက်ခက်ခဲခဲ စွန့်စွန့်စားစား တိုက်ခဲ့ရကြောင်း ထင်ရှားသည့်သာဓကအဖြစ် ကမ္ပည်းထိုးထားခြင်းနှင့်လည်း တူလှပေသည်။

❑

## မမြင်သော်လည်း အကာန်းမဟုတ်

ဗြိတိသျှများအား ထာဝရစောင့်ရှောက်နေသော သူတော်စင်နတ်သမီးသည် ၁၉၄၀ ခုနှစ်အတွင်း အချိန်နှင့်အမျှ အလုပ်များလျက်ရှိသည်။ မြောက်အာဖရိကတွင် ပြင်သစ်တို့ စစ်ပွဲ ဆက်လက်မဆင်နွှဲနိုင်အောင် ဟန့်တားထားလိုက်ခြင်းသည် သူတော်စင် နတ်သမီး၏ (သူမ၏ ကိုယ်စားလှယ်တော်ကြီး မစ္စတာ ချာချီ ရှိနေသည့်ကြားမှ) စောင်မတော်မူသမျှထဲတွင် အမြတ်ဆုံး စောင်မတော်မူခြင်းပင် ဖြစ်သည်ဟု ဆိုရပေမည်။ ယင်းသို့မဟုတ်မူဘဲ ပြင်သစ်များအား မြောက်အာဖရိကတွင် စစ်ပွဲဆင်နွှဲရန် စေစားတော်မူလေလျှင် ပြင်သစ်များ၏နောက်မှ ဟစ်တလာ မုချဧကန် ထက်ကြပ်ပါလာမည် ဖြစ်၏။ စပိန်သည်လည်း စစ်ထဲ ဝင်ကောင်းဝင်လာပေမည်။ သို့မဟုတ်လျှင် ဂျာမန်များက အကျုပ်ကိုင်ကာ လမ်းဖွင့်ခိုင်းမည် မုချပင်၊ ယင်းသို့ ဂျာမန်များ စပိန်ကို ဖြတ်ချီခွင့်ရလျှင် ဂျီဘရော်လတာမှာ မြေကြီးလက်ခတ်မလွဲ ကျရမည်ဖြစ်သည်။ မြေထဲပင်လယ် အနောက်စွန်းကိုလည်း ပိတ်မိပြီး ဖြစ်သွားပေမည်။ ဂျာမန် သံချပ်ကာတပ်များ၏ဒဏ်ကို ပြင်သစ်ကိုလိုနီတပ်များ မည်သည့်နည်းနှင့်မျှ ကြံ့ကြံ့ခံနိုင်စွမ်းမည် မဟုတ်ပေ။ သူရဲဘောကြောင်လွန်းသော အီတာလျံဗိုလ်ချုပ် ဂရာဇီရာနီသည်ပင် ဂျာမန်ပန်ဇာတပ်မ နှစ်တပ်မျှသာ အကူအညီရလိုက်ရုံဖြင့် ရင်ကော့ခေါင်းမော့

www.burmeseclassic.com

www.burmeseclassic.com



တိတ်တခိုး ခိုအောင်းနေရာ အနက်ရှိုင်းဆုံး ဗုံးခိုကျင်းထဲမှ ခုန်ပျံထွက်ပြီး နာဇီတာလူးပွဲတော်အမီ ကိုင်ရိုမြို့တွင်းသို့ သုတ်ခြေတင် ပြေးဝင်သွားမည်မှာ အမှန်ပင်။ ဥရောပလက်တစ်ကမ်းမှ အခြေခံစခန်းများကိုလည်း ဗြိတိသျှများ မုချမသွေ လက်လွှတ်ခံရပေမည်။ စူးအက်တူးမြောင်းလည်း မလွဲမဖယ်သာ ဆုံးရှုံးရမည်ဖြစ်၏။ စူးအက်တူးမြောင်း ဆုံးရှုံးလိုက်ရခြင်းဖြင့် မြေထဲပင်လယ် တစ်ဖက်လည်း ပိတ်ဆို့ပြီးသား ဖြစ်သွားပေတော့မည်။ အီရတ်၊ အီရန်နှင့် ကော့ကေးဆပ် လမ်းအသွယ်သွယ်လည်း အဆုံးအစမရှိ ဟင်းလင်းဖွင့်သွားမည်လည်း ဖြစ်သည်။ တူရကီလည်း ဂျာမန်တို့လက်ထဲ ကျလျှင်ကျ၊ မကျလျှင် ဝင်ရိုးတန်း အင်အားစုထဲ ဆွဲသွင်းခြင်းခံရပေမည်။ ထိုတွက်ကိန်းများမှာ ကျွန်ုပ်ထက် တော်တည့်ချွန်မွန်သော စစ်ရေးပါရဂူကြီးများ၏ တွက်ကိန်းပင်တည်း။ စစ်ရေးပါရဂူများ၏ တွက်ကိန်းသည် စ၊ လယ်၊ ဆုံး မမှန်သည်ပဲထားဦး၊ ထက်ဝက်လောက် မှန်လျှင်ပင် ဗြိတိသျှတို့အား ထာဝရစောင်မကြည့်ရှု စောင့်ရှောက်နေတော်မူသော သူတော်စင် နတ်သမီးခမျာ ရက်ကန်းလွန်းပမာ ဟိုသည်လူးလာ ပျာယာခတ်ရမည် အမှန်ပင်။

ယင်းသို့သော် စစ်ရေးသုံးသပ်ချက်များကို ဖြစ်နိုင်စရာအကြောင်းရှိသည့် သုံးသပ်ချက်ဟူ၍ ဂျာမန်ရေတပ် ဦးစီးအဖွဲ့ကသာလျှင် လက်ခံနိုင်ခဲ့သည်။ "ပင်လယ်ခြသေ့် စစ်ဆင်ရေး"ဟု အမည်တွင်သော ဗြိတိန် ဝင်ရောက်တိုက်ခိုက်ရေး အစီအစဉ်ကို သဘောမတူနိုင်သည့် ဂျာမန်ရေတပ်ဗိုလ်ချုပ် ရေဒါကမူ ဗြိတိန်ကို အထိအနာကြီး နာစေလိုလျှင် တိုက်ရိုက်တိုက်ခိုက်မည့်အစား မြေထဲပင်လယ်မှ မောင်းနှင်ထုတ်ပစ်ရမည်ဟု စက်တင်ဘာလ ၆ ရက်နေ့တွင် အကြံပေးခဲ့၏။ တစ်ဖန် ၂၆ ရက်နေ့တွင် တစ်ကြိမ်ထပ်မံပြီး သူ့ထင်မြင်ချက်များကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"ဗြိတိန်ဟာ မြေထဲပင်လယ်ကို ဗြိတိသျှ ကမ္ဘာ့အင်ပိုင်ယာကြီးရဲ့ ဗဟိုအချက်အချာ ဝင်ရိုးကြီးလို့ သဘောပိုက်ထားကြတယ်"

"အီတလီဟာ တစ်နေ့ထက်တစ်နေ့ ဗြိတိန်ရဲ့ ပစ်မှတ် ဖြစ်မှန်းမသိဖြစ်နေပြီ"

"ဗြိတိန်ဟာ အမြဲတမ်း အားနည်းသူကို အခွင့်ကောင်းယူပြီး



လည်မျိုညှစ်တတ်တဲ့ အကျင့်ရှိတယ်"

"အီတာလျံတွေကလည်း ကျွန်ုပ်တို့အဆိုကို ငြင်းဆိုတုန်းက သူတို့ကျရောက်နေတဲ့ အခြေအနေမှန်ကို မရိပ်မိခဲ့ကြဘူး"

"အဲဒီ အကြောင်းကြောင်းတွေကြောင့် မြေထဲပင်လယ် ပြဿနာအရပ်ရပ်ကို ဆောင်းလအတွင်းမှာ အပြတ်ရှင်းပစ်ရမယ်"

"ဂျီဘရော်လတာကို သိမ်းပစ်ရမယ်၊ စူးအက်စ်တူးမြောင်းကို သိမ်းရမယ်၊ အဲဒီတာဝန်တွေ အားလုံးကို အီတလီတစ်ဦးတည်းက တာဝန်ယူနိုင်မယ်ဆိုတာ သံသယ ဖြစ်စရာပဲ"

"အီတလီဟာ ကျွန်ုပ်တို့ အကူအညီကို မရှောင်မလွှဲသာ ယူလာရမယ်"

"စူးအက်ကနေ ပါလက်စတိုင်းနဲ့ ဆီးရီးယားကိုဖြတ်ပြီး ချီတက်နိုင်ဖို့အရေးဟာ ပကတိလိုအပ်ချက်ပဲ ဖြစ်တယ်"

"ကျွန်ုပ်တို့ အဲဒီအမှတ်ကိုရောက်ရင် တူရကီဟာ ကျွန်ုပ်တို့ ဩဇာအောက် ရောက်လာမှာပဲ၊ အဲဒီအချိန်မှာ ရပ်ရှင်းပြဿနာဟာလည်း တစ်မျိုးတစ်မည် ပြောင်းလဲလာမှာအမှန်ပဲ"

"ရုရှားကို မြောက်ဘက်ကနေ ချီဝင်မယ်ဆိုတဲ့ အစီအစဉ်ဟာ လိုအပ်လာလိမ့်မယ် မထင်ဘူး၊ အနောက်မြောက် အာဖရိက ပြဿနာကတော့ အရေးကြီးဆုံး ပြဿနာပဲ၊ အဆုံးအဖြတ်ပေးမယ့် ပြဿနာလည်းဖြစ်တယ်"

"ဗြိတိန်ဟာ ဂေါလစ်ပြင်သစ် (ဒီဂေါခေါင်းဆောင်သော ပြင်သစ်ပြည်)ရဲ့ အကူအညီနဲ့ ဖြစ်နိုင်ရင် အမေရိကန် အကူအညီကိုပါယူပြီး အဲဒီနယ်မြေမှာ အချက်အချာ ဗဟိုစစ်စခန်းဖွင့်ဖို့ ရည်ရွယ်ချက်တွေ ရှိနေတယ်။ အီတလီကို တိုက်ဖို့ လေတပ်စခန်းတွေဆောက်မယ့် အစီအစဉ်တွေ ရှိနေတယ်ဆိုတာ သူတို့ရဲ့လှုပ်ရှားမှုတွေက သက်သေခံနေတယ်၊ အဲဒီလို ဗြိတိန်ခြေကုပ်ရသွားရင် အီတလီကျမှာ သေချာတယ်"

"ခေါင်းဆောင်ကြီးသည် ဗိုလ်ချုပ်ကြီး ရေဒါ၏ ဆွေးနွေးချက်များကို ယေဘုယျအားဖြင့် သဘောတူညီသည်" ဟူသော မှတ်ချက်ကို ဗိုလ်ချုပ်ကြီးရေဒါ ဆွေးနွေးတင်ပြသည့် အစည်းအဝေးမှတ်တမ်းတွင်

www.burmeseclassic.com

www.burmeseclassic.com



ရေးထိုး ဖြည့်စွက်လိုက်ကြသည်။

သို့စင်လျက် ဟစ်တလာသည် အဘယ်ကြောင့် ဗိုလ်ချုပ်ကြီးရေဒါ၏ အကြံပေးချက်အတိုင်း မလိုက်နာခဲ့ပါသနည်းဟု မေးစရာရှိ၏။

အဖြေကား....

ပထမ ဟစ်တလာသည် ရေကြောင်းတိုက်ပွဲများကို စိတ်မဝင်စားခြင်းကြောင့် ဖြစ်၏။ ဒုတိယ ဗြိတိန်နှင့်ဂျာမနီ ပြေပြေအေးအေး ဖြစ်နိုင်လိမ့်မည်ဟု ၁၉၄၀ ခုနှစ် နွေရာသီကုန်ခါနီးအထိ ယုံကြည်ခဲ့ခြင်းကြောင့် ဖြစ်၏။ တတိယ အကယ်၍ ဗြိတိန်က ဆက်လက်ခေါင်းမာနေခဲ့လျှင် ဗြိတိသျှဆန့်ကျင်ရေး ဥရွန့်ပေါင်းအင်အားစုတစ်ရပ် ဖွဲ့စည်းရန် ပြင်သစ်ကို ဆွဲဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။

ယင်းသို့သော တွေးခေါ်မြော်မြင်ချက်များ ဟစ်တလာ၏ ခေါင်းထဲသို့ ဝင်ရောက်ခဲ့ရခြင်းမှာလည်း အောက်ပါ ဤအကြောင်းခံများကြောင့်ပင် ဖြစ်ပါ၏။

ပထမ ဟစ်တလာသည် ၎င်း၏ စစ်အကြံပေးအရာရှိများ ဖြစ်ကြသည့် စစ်သူကြီး ကီးတဲလ်၊ ဗိုလ်မှူးချုပ် ဂျိုဒ်လ်၊ ဗိုလ်မှူးချုပ် ဟောလ်ဒါတို့၏ အကြံပေးချက်များကို နားယောင်ကာ ထိုသူများနှင့်အတူရော၍ ညှိဖျင်းပြလိုက်ခြင်းကြောင့် ဖြစ်၏။ ဗြိတိန်နှင့် ပြေပြေအေးအေး ဖြစ်နိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်မှာလည်း အဓိပ္ပာယ်မဲ့သော မျှော်လင့်ချက်သာ ဖြစ်သည်။ ချာချီသည် ဂျာမနီနှင့် မည်သည့်နည်းနှင့်မျှ ပြေအေးလိမ့်မည်မဟုတ်ကြောင်း ကမ္ဘာသိအောင် ကြေညာနေသည့်ကြားမှ ထိုသို့သော မျှော်လင့်ချက်မျိုး ထားနေခြင်းသည် အဓိပ္ပာယ်မဲ့လွန်းလှသည် မဟုတ်ပါလော။

ပြင်သစ်ကို ဆွဲဆောင်နိုင်လိမ့်မည်ဟူသော မြော်မြင်ချက်မှာလည်း အလျှင်အမြန် ပြစ်သစ်များ၏ တောင်းဆိုချက်များကို ရက်ရက်ရောရော လိုက်လျောခဲ့လျှင် အောင်မြင်နိုင်စရာအကြောင်း ရှိသော်လည်း ထိုသို့ကား မဖြစ်ခဲ့။ ထိုသို့ အချိန်မီ ပြုလုပ်နိုင်လျှင် အနည်းဆုံး ပြင်သစ်များ ယာယီအားဖြင့် ကျေနပ်သွားနိုင်စရာ အကြောင်းများစွာ ရှိခဲ့ပါ၏။ ပြင်သစ်ပြည်သူလူများစုကြီးသည် ဂျာမန်တပ်မတော်ကို သံယောဇဉ်ကြီးလှသည် မဟုတ်



သော်လည်း အထင်ကြီးနေကြ၏။ နောက်ဆုံး ကုစားမရနိုင်အောင် မှားခဲ့သည့် ဟစ်တလာ၏ မဟာအမှားတော်ပုံကြီးမှာ ရုရှားပြဿနာကို အမှားမှားအယွင်းယွင်း ကိုင်တွယ်ခဲ့ခြင်းပင် ဖြစ်သည်။

ဟစ်တလာသည် ရပ်ရှင်းစစ်မျက်နှာတွင် အထူးတလည် စိတ်အားသန်နေသော်လည်း မြောက်အာဖရိကကို လုံးလုံးမေ့ထားခဲ့သည်တော့ မဟုတ်ပေ။ မလှုပ်သာအောင် အလုပ်များနေသည့်ကြားမှ ရစ်ဘင်ထရော့စ်သည် "ဖရင်ကို" (စပိန်)ကို စစ်ထဲဝင်လာအောင် အားထုတ်ခဲ့၏။ 'ဖီးလစ်စစ်ဆင်ရေး'ဟု အမည်တပ်လျက် ဂျီဗရော်လတာ သိမ်းပိုက်ရေး အစီအစဉ်များကို ပြင်ဆင်ခဲ့၏။ ဂိုးရင်းကလည်း မော်ရိုကို၊ ထရစ်ပိုလစ်တင်နီးယားနှင့် ဘောလ်ကန်နယ်များကို တစ်ချိန်တည်းနှင့် စစ်မျက်နှာ သုံးခုဖွင့်ရန် စီမံကိန်းများ ရေးဆွဲတင်ပြခဲ့၏။ ဂိုးရင်း၏ စီမံကိန်းကို ဟစ်တလာကိုယ်တိုင်ကလည်း လိုလိုလားလား လက်ခံစဉ်းစားခဲ့သည်။

ထိုစဉ်က ကျွန်ုပ်တို့ မသိလိုက်ရသော အချက်တစ်ချက် ကျန်ရှိနေသေး၏။ ဤသည်မှာ ဟစ်တလာက ဗိုလ်ချုပ်ကြီး ဗွန်သော်မာကို အီတာလျံဗိုလ်ချုပ် ဂရာဇီယာနီထံ တိတ်တဆိတ် စေလွှတ်ပြီး ဂျာမန်တပ်များ လစ်ဗီးယားသို့ပို့ရန် အထောက်လွှတ်ခဲ့ခြင်းပင် ဖြစ်သည်။ စစ်တမန်ဗိုလ်ချုပ်ကြီး ဗွန်သော်မာသည် အပြန်တွင် ဟစ်တလာ၏အလိုနှင့် ဆန့်ကျင်သော အစီရင်ခံစာတစ်စောင်ကို ရေးသားတင်သွင်းခဲ့သည်။ ဗွန်သော်မာအဆိုအရ မိမိအား ဂရာဇီယာနီထံ စေလွှတ်ခဲ့ခြင်းသည် စစ်ရေးရာအရ မဟုတ်ဘဲ နိုင်ငံရေးအရ စေလွှတ်ခြင်းသာဖြစ်ပြီး မူဆိုလိုနီ 'ဘက်'မပြောင်းရေးအတွက် ချွေးသိပ်စေခဲ့ခြင်းပင် ဖြစ်သည်ဟု ဆိုလေသည်။

ဟစ်တလာ၏ အဆိုပြုချက်ကို ဆန့်ကျင်တင်သွင်းသော ဗွန်သော်မာ၏ အစီရင်ခံစာတွင် လစ်ဗီယာသို့ ဂျာမန်တပ် လေးတပ်ထက် လျှော့နည်း၍ပို့လျှင် မည်သို့မျှ အကျိုးထူးနိုင်မည် မဟုတ်ကြောင်း၊ ထိုတပ်မ လေးတပ်ပို့နိုင်သည့်တိုင် ထောက်ပံ့ရေးအတွက် များစွာ အခက်အခဲတွေ့ရမည်ဖြစ်ကြောင်း၊ တပ်မ လေးတပ်ပို့နိုင်ပြီး ထောက်ပံ့ရေး ကိစ္စအဝဝ အဆင်ပြေဦးတော့ ထိုပို့သမျှတပ်မများသည် လက်ရှိ ဗြိတိသျှရေတပ်အင်အား အခြေအနေအရ အီတာလျံတပ်များနေရာတွင် ဝင်ရောက် အစားထိုး နေရာယူရမည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း၊ ယင်းသို့ ဝင်ရောက်အစားထိုးမှုမျိုးကို ဂရာဇီယာနီနှင့် ဗာဒိဂလီယိုတို့က လက်ခံကြမည်မဟုတ်ကြောင်း၊ စင်စင် အီတာလျံ ဗိုလ်ချုပ်များသည် ဂျာမန်တပ်များ မိမိတို့တပ်များနေရာတွင် ဝင်ရောက်အစားထိုးရန်မဆိုထားဘိ ၎င်းတို့မြေပေါ် ခြေချသည်ကိုပင် လိုလားသူများမဟုတ်ကြောင်း ဖော်ပြပါရှိလေသည်။

တစ်ဖန် ဗိုလ်ချုပ်ကြီး သော်မာက ပထမကမ္ဘာစစ်ကြီးအတွင်း 'ဗိုလ်ချုပ်လက်တော ဗောဘစ်' အရှေ့အာဖရိကတွင် တိုက်ခဲ့သော စစ်ပွဲမျိုးနှင့်သာလျှင် ယခု အာဖရိက စစ်မျက်နှာတွင် တိုက်သင့်သည်ဟူ၍ လည်းကောင်း၊ လစ်ဗီယာသို့ ဂျာမန်တပ်များ ပို့ရေး အစီအစဉ်ကို မိမိကိုယ်တိုင်သဘောမကျကြောင်း၊ စစ်သူကြီး ဗွန်ဘရောချ်နှင့် ဗိုလ်မှူးချုပ် ဟောလ်ဒါတို့ကလည်း မိမိနှင့် သဘောတထေရာတည်းပင်ဖြစ်ကြောင်း ဖြည့်စွက်ပြောဆိုခဲ့လေသည်။

ဗိုလ်ချုပ်ကြီး သော်မာ၏ "ဟောလ်ဒါကလည်း သဘောတထေရာတည်းဖြစ်သည်"ဆိုသည့် စကားမှာ ဖြစ်နိုင်စရာအကြောင်း ရှိ၏။ ဗိုလ်ချုပ်မန်းစတိမ်း၏ စီမံကိန်းဖြစ်သည့် ပြင်သစ်ပြည်ကို အဒင်နိစ်သစ်တောမှ ဖြတ်လျက် ဝင်ရောက်ရန်ဟူသော စစ်ရေးအစီအစဉ်ကို ဝိုင်းဝန်းကန့်ကွက်ကြသူများမှာလည်း သူတို့နှစ်ယောက်ပင်ဖြစ်၏။ ထိုစဉ်က ဟစ်တလာသည် ဟောလ်ဒါနှင့် သော်မာ၏ ကန့်ကွက်ချက်ကို ပယ်ချကာ ဗိုလ်ချုပ် မန်းစတိမ်းဘက်မှထောက်ခံပြီး သော်မာကိုလည်း ဒေါသူပုန်ထခဲ့လေသည်။ ထိုအကြောင်းများကြောင့်လည်း သော်မာက ၎င်းအား မြောက်အာဖရိကသို့ စောစောပိုင်းက စေလွှတ်ခြင်းမပြုဘဲ နောက်ဆုံး မရှုမလှ အရေးနိမ့်မှ ပို့လိုက်ခြင်းဖြစ်သည်ဟူ၍ မှတ်ယူခဲ့လေသည်။

ဗိုလ်ချုပ်သော်မာသည် ဟစ်တလာစေရာသို့ ရောက်ရှိလာခဲ့ပြီး ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့၌ အဲလ်အာလမိန်တွင် သို့ပန်းအဖြစ် ရန်သူ့လက်တွင်းသို့ ကျရောက်သွားခဲ့ရလေသည်။

ထိုသို့ဖြင့် အခွင့်ကောင်းကြီးတစ်ရပ်ကို ဆုံးရှုံးခဲ့ရပြီး ဂရာဇီယာနီ အရေးနိမ့်ရသောအခါ ဟစ်တလာသည် မြောက်အာဖရိက ပြဿနာကို လျစ်လျူမရှုနိုင်တော့ဘဲ အရေးယူရလေတော့သည်။ ဆီဒီဗရာနီ ကျပြီးသည့်



နောက် မူဆိုလိုနီအား ဂျာမန်တင့်ကားဖျက် အမြောက်များဖြင့် အကူအညီပေးထားပြီးဖြစ်လေရာ အီတာလျံတပ်များကို ဂျာမန်စစ်ဦးစီး လက်အောက်တွင်ထားရန် အကြံပေးလာတော့သည်။ ဗာဒီယာကျသောအခါ ဟစ်တလာသည် စစ်ဦးစီးအဖွဲ့အား မိမိစွမ်းအားရှိသမျှ မြောက်အာဖရိက အီတလီလက်မှ လွတ်ထွက်မသွားစေရန် ကာကွယ်မည်ဟူ၍ ပြောဆိုခဲ့၏။ ထိုနောက် ဇန်နဝါရီလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့တွင် ကျင်းပခဲ့သော မူဆိုလိုနီနှင့် ဟစ်တလာတို့၏ ကွန်ဖရင့်တွင် အီတာလျံတပ်များကို ဂျာမန်စစ်ဦးစီးအုပ်ချုပ်မှုအောက်တွင်ထားလျက် လိုသလိုအသုံးပြုနိုင်ရန် အင်အားပြည့်တပ်မသုံးတပ် ထရစ်ပိုလီတွင် အသင့်ရှိစေပါမည် ဟူ၍လည်းကောင်း၊ အီတာလျံ သံချပ်ကာ တပ်မတစ်တပ်နှင့် မော်တော်ယာဉ်သုံး တပ်မတစ်တပ်ကိုလည်း အီတလီမှ ပြောင်းရွှေ့လိုမည်ဟူ၍ အီတာလျံများက ပြောဆိုပြီး ဖေဖော်ဝါရီလ ၁၅ ရက်နေ့နှင့် ၂၀ ရက်နေ့အတွင်း ဂျာမန် အမှတ် ၅ အပေါစား မော်တော်ယာဉ်သုံးတပ်မ ပို့လိုက်မည်ဆိုသဖြင့် ဝမ်းမြောက်စွာကြိုဆိုကြောင်းဖြင့်လည်း ဟစ်တလာအား ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကျင်းပသော ဦးစီး ကွန်ဖရင့်တွင်လည်း မြောက်အာဖရိက ဆုံးရှုံးမှုသည် စစ်ရေးရာအရ အရေးမကြီးလှသော်လည်း အီတလီအနေနှင့် စိတ်ဓာတ်ရေးရာအရ များစွာ ထိခိုက်ဖွယ်ရှိကြောင်း၊ ထိုသို့ဖြစ်လျှင် ဗြိတိန်က အီတလီ၏ လည်မျိုကို မလွဲမသွေ ဓားဖြင့်ထောက်ပြီး ဖြစ်သွားမည်ဖြစ်ကြောင်း၊ မြေထဲပင်လယ်ထဲတွင်ရှိသော ဗြိတိသျှတပ်များကိုလည်း နှိပ်ကွပ်လို့ ရတော့မည်မဟုတ်ကြောင်း၊ ဗြိတိန်က တပ်မတစ်ဒါဇင်မျှ လွတ်လွတ်လပ်လပ် အသုံးချနိုင်ခွင့် ရသွားမည်ဖြစ်ပြီး ဆီးရီးယားတွင် ဒုက္ခလှလှကြီး ပေးတော့မည်ဖြစ်ကြောင်းနှင့် ထိုသို့မဖြစ်စေရန် ဂျာမနီက အစွမ်းကုန် ကာကွယ်ရမည့်အပြင် မြောက်အာဖရိကကို အကျိုးသက်ရောက်နိုင်လောက်မည့် အကူအညီများ ပေးရမည်ဖြစ်ကြောင်း ပြောဆိုပြီး အီတာလျံများနှင့် ပူးတွဲတာဝန်ယူရန် အမိန့်ပေးထားပြီးဖြစ်သည့် ဂျာမန် လုပ်ဝှစ်လေတပ်သည် ဆိုင်ရင်နီးကားတွင်ရှိသည့် ဗြိတိသျှတပ်စခန်းများကို လေကြောင်းမှ အပြင်းအထန် ဗုံးကြဲတိုက်ခိုက်ရမည်ဟူ၍လည်းကောင်း၊ အီတာလျံလေတပ်နှင့် ပူးပေါင်း၍ ဗြိတိသျှ ထောက်ပံ့ရေး

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းများကို ဖြတ်တောက်ပစ်ရမည် ဟူ၍လည်းကောင်း၊ ဗြိတိသျှ သင်္ဘောများကိုလည်း တိုက်ခိုက် ဖျက်ဆီးပစ်ရမည်ဖြစ်ပြီး မော်လတာကျွန်းမှ ဗြိတိသျှအခြေခံ လေတပ်စခန်းများကိုလည်း တိုက်ခိုက်ရမည်ဟု အမိန့်ပေးလိုက်လေသည်။

တစ်ဖန် ထိုအစီအစဉ်များဖြင့်ပင် ဗြိတိသျှများ ရေ့ဆက်မချီစေရန် ဟန့်တားလိုက်နိုင်ဦးတော့ ပိတ်ဆို့ရေး တာဝန်ယူရသည့် အမှတ်(၅) မော်တော်ယာဉ်သုံး တပ်မတွင် အင်အားလိုနေဦးမည်သာဖြစ်ကြောင်း၊ ထို့ကြောင့် သံချပ်ကာတပ်မ ထပ်မံအားဖြည့်ပေးရမည်။ တပ်များကို ပို့ရာတွင် အလျင်မြန်ဆုံး ပို့ရမည်ဖြစ်ပြီး လိုအပ်လျှင် လေကြောင်းသယ်ယူပို့ဆောင်ရေးကို အသုံးပြုနိုင်ခွင့်ရှိသည်။

အစီအစဉ်များကား ဇေ့စပ်သေချာလှပါ၏။ သို့သော် ဟာစ်တလာ၏ စစ်ရေးအစီအစဉ်များသည် ခံစစ်မှုလောက်သာ အသုံးပြုရန် ရည်ရွယ်ကြောင်း မူဆိုလိုနီထံ ရေးသားလိုက်သည့်စာက သက်သေခံနေပေသည်။ မူဆိုလိုနီထံ ဟာစ်တလာ ရေးသားသောစာတွင် ဂျာမန်တပ်များ ဆိုက်ရောက်ရန် ၅ ရက်မျှသာ လိုတော့သဖြင့် သည်းခံရန် တောင်းပန်ကြောင်း၊ ဗြိတိသျှတပ်များ ထရစ်ပိုလီသို့ မည်သည့်နည်းနှင့်မျှ ဆက်လက်ချီနိုင်တော့မည်မဟုတ်ဟု မိမိယုံကြည်ကြောင်း၊ အီတာလျံတပ်များကို ဗိုလ်ချုပ်ရွှန်းမဲလ်၏ အုပ်ချုပ်မှုအောက်တွင် အသုံးပြုခွင့်ပြုသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ မကြာတော့သောအချိန်အတွင်း ဗိုလ်ချုပ်ရွှန်းမဲလ်သည် အီတာလျံတပ်များ၏ ချစ်ခင်လေးစားမှုကို ရယူနိုင်လိမ့်မည်ဟု မိမိ အကြွင်းမဲ့ ယုံကြည်ကြောင်း၊ ပန်ဇာတပ်မဟာတစ်တပ် ရောက်ရှိမှုဖြင့် အီတာလျံတပ်များအား ထူးကဲသော အင်အားသစ်များ ဖြစ်စေမည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားလိုက်သည်။ ဟာစ်တလာ့စာ၏ နောက်ဆုံးအပိုဒ် မှန်ကန်ကြောင်း အာဖရိက စစ်သမိုင်းက သက်သေတည်ခဲ့သည်။

❑

## စစ်သည်တော်ရွှန်းမဲလ်နှင့် ပလ္လင်ပေါ်ကစစ်သားများ

မြောက်အာဖရိကစစ်ပွဲကြီး၏ သရုပ်သကန် အမှန်သည် မြောက်အာဖရိက စစ်ပွဲကြီး၏ အနာဂတ်အခြေအနေကို ထိုးထွင်းမြင်မိရုံမက ထိုအမြင်ကိုလည်း မှန်ကန်ကြောင်း သက်သေထူနိုင်ခဲ့သည့် စစ်မြေပြင်ပျော်စစ်သည်တော်ကြီး ရွှန်းမဲလ်နှင့် ပလ္လင်ပေါ်ထိုင်၍ မြေပုံပေါ်တွင်သာ စစ်ထိုးနေသော ဂျာမန်စစ်အာဏာပိုင်အဖွဲ့ကြီး၏ အဆုံးအစမရှိသော စစ်ပွဲဟုဆိုနိုင်ပေသည်။ ရွှန်းမဲလ်သည် မြောက်အာဖရိကတွင် မုချ မဟာအောင်ပွဲခံရမည်ဟု အခိုင်အမာတွက်ဆ၏။ စစ်အာဏာပိုင်များကမူ မြောက်အာဖရိကစစ်ပွဲကို နိုင်ငံရေးအရ မလွှဲမရှောင်သာ တိုက်လိုက်ရသည့် သာမညစစ်ပွဲတစ်ခုအဖြစ်သာ မှတ်ယူ၏။ ယင်းအယူအဆ စစ်ပွဲကြီးတွင် ရွှန်းမဲလ်သည် အင်အား အဆရာထောင်မက ကွာခြားသော အုပ်စိုးသူ လူတန်းစားနှင့် တိုက်ရသည့် စစ်ပွဲလည်း မည်ပေသည်။

စစ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသော သူတို့က သာမန်ဗိုလ်ချုပ်တစ်ဦးမျှသာဖြစ်ပြီး ရပ်ဝေးသို့လည်း ရောက်ရှိနေသည့် ရွှန်းမဲလ်အပေါ် အပြစ်ဟူသမျှ အလွယ်တကူပုံချနေကြသည်။ ရွှန်းမဲလ်သည် နှစ်ယောက်ချင်း တွေ့တောင့်တွေ့ခဲ ဟာစ်တလာနှင့် တွေ့ရပြန်သော့လည်း ရှရှားစစ်မျက်နှာတွင် တွေ့ခွင့်မရခဲ့၊ တွေ့ခွင့်ရသည့်တိုင် ဟာစ်တလာသည်

www.burmeseclassic.com

www.burmeseclassic.com



သာ အရေးပေးမိန်းမောနေပြီး ရွှန်းမဲလ်အား ကျောသပ် ပခုံးပုတ်လျက် လိုအပ် သည့် အကူအညီများ ပေးမည်ဖြစ်ကြောင်း နှစ်သိမ့်၍ ပြန်လွှတ်မြဲပင် ဖြစ်သည်။ စင်စစ် ခေါင်းဆောင်ကြီး၏ ကတိပြုချက်သည် တစ်ဖက်သို့ ရွှန်းမဲလ် ကျောခိုင်းလိုက်သည်နှင့် ပျောက်ကွယ်သွားမြဲသာ ဖြစ်၏။ ထို အခြေအနေများထဲတွင် အဆိုးအဝါးဆုံးမှာ ဟစ်တလာ၏ လက်ရုံးတော် လူရုံတော် မင်းပုရောဟိတ်များဖြစ်ကြသည့် ကီးတဲလ်၊ ဂျိုဒ်လ်၊ ဟောလ်ဒါ တို့က ဟစ်တလာနှင့် ရွှန်းမဲလ်တို့၏ ရင်းနှီးမှုကို အလိုလို မျက်မုန်းကျိုး လျက်ရှိကြ၏။ ဂျာမန်ပြည်သူတစ်ရပ်လုံးက ရွှန်းမဲလ်အား သူရဲကောင်း အဖြစ် မှတ်ယူထင်မြင်နေသည်ကိုလည်း မရှုဆိတ်နိုင်အောင် ဖြစ်နေကြ၏။ ထို့ပြင် ခေါင်းဆောင်ကြီး၏ အခွင့်အာဏာမှ ကင်းဝေးလျက် ဝေးရပ်မြေတွင် လွတ်လွတ်လပ်လပ် တပ်မကြီးကို အုပ်ချုပ်နေရသည်ကိုလည်း မကြည်သာ နိုင်ကြ၊ သို့ဆိုလျှင် စစ်ရေးတွင်သာ ကျွမ်းကျင်ပြီး စစ်တလင်းတွင်သာ ခေါင်းဆောင်လုပ်နိုင်သည့် စစ်သားကြီး ရွှန်းမဲလ်၏ ဂုဏ်သတင်းကို မှေးမှိန် အောင် ပြုလုပ်ရန်မှာ ထိုစစ်သားကြီး မကျွမ်းကျင်သော နိုင်ငံရေးနယ်ပယ် တွင်သာ ဖြစ်သည်မဟုတ်ပါလော။

ရွှန်းမဲလ်အနေနှင့်လည်း စစ်အကြံပေး အရာရှိများ ဖြစ်ကြသည့် ကီးတဲလ်နှင့် ဟောလ်ဒါကို မည်သို့မျှ အထင်ကြီး၍မရ။ ထိုသူများကို ရွှန်းမဲလ်သည် တစ်ယောက်တည်း အထင်သေးသည် မဟုတ်၊ မင်းသားကြီး ဗွန်ဇေ့ စမတ်ကလည်း ကီးတဲလ်အား သဘောထားကျဉ်းမြောင်းသူ ဟူ၍ လည်းကောင်း၊ နိုင်ငံရေး နားမလည်သည့် ပါတီ၏ တစ်ပါးကျွန်သက်သက် မျှသာ ဖြစ်သည်ဟူ၍လည်းကောင်း ဆိုခဲ့ဖူး၏။ ၎င်း၏ ကိုးကွယ်ရာ အား ထားရာဖြစ်သည့် ဟစ်တလာကပင် ရုပ်ရှင်ရုံအစောင့်စိတ်ထားမျိုးရှိသည့် လူဟူ၍ ပြောခဲ့လေသည်။ အမြင်ကတ်စရာကောင်းသော စစ်ဦးစီးဂိုက် ဖမ်း နေသည့် ဂျိုလ်ဒ်ကလည်း ဟက်ဆလ်အား တုန်ချည့်ချည့်နဲ့ ကယောင်ကတမ်း ဖြစ်နေကဲ့ ဟစ်တလာ့ ကပ်ဖားသက်သက်ပါဟု ၁၉၄၀ ခုနှစ်က ဟက်ဆလ် အား ပြန်ပက်ခဲ့သည်။ ထိုလူစုထဲတွင် ပါတီ၏ ဦးဆောင်လည်းဖြစ်၊ စာရိတ္တ လည်း ကောင်းမွန်သော ဂျိုဒ်လ်မှာမူ စစ်ကို စစ်တုရင်ကစားနည်းတစ်ခု အဖြစ်ဖြင့်သာ သဘောထား၏။ ၎င်း၏တာဝန်မှာ စစ်ရေးစီမံကိန်းကြီးများ



ရေးဆွဲထုတ်လုပ်နိုင်ရန်သာဖြစ်ပြီး ပေးသောအမိန့်ကို ခေါင်းညိတ်ကာ ကောင်းဆိုး ဝေဖန်ခြင်းမပြုဘဲ စာရွက်ပေါ်တွင် စစ်ထိုးနေသူဖြစ်သည်။ ထိုလူများသည် ရုရှားတွင်လည်းကောင်း၊ နိုင်ငံတကာတွင် လည်းကောင်း ဟစ်တလာ၏ ဒုစရိုက်မှုမှန်သမျှကို မွေးထုတ်ပေးခဲ့သူများ ဖြစ်သည်။ (ကီးတဲလ်နှင့် ဂျိုဒ်လ်သည် စစ်ကြီးပြီးသည့် နောက် စစ်တရားခံများအဖြစ် နိုရုံးတွင်စစ်ဆေးခံရပြီး သေဒဏ်အပြစ်ပေးခံရသည်။ ဟောလ်ဒါကမူ ကံကောင်းထောက်မသဖြင့် သေဒဏ်မှလွတ်မြောက်သွားသော်လည်း သုံ့ပန်း စခန်းတွင် နှစ်ပေါင်းအတန်ကြာအောင် နေခဲ့ရသည်။)

ရွှန်းမဲလ်သည် သူတို့သုံးဦးအား "ပလ္လင်ပေါ်ကစစ်သား"ဟု ဝိသေသတပ်လျက် မုန်းတီးခဲ့၏။ သူတို့သုံးဦး၏ အမိန့်ဖြင့် လုပ်ခဲ့ရသည့် လုပ်ရပ်များကို အမှတ်ရလာသည်နှင့်အမျှ သူတို့ကြောင့် ဂျာမန်တပ်မတော် ကြီး၏ ဂုဏ်အင် ညှိုးနွမ်းရသည်ဆိုကာ စိတ်မချမ်းမြေ့ခြင်းကြီးစွာ ဖြစ်မိ သည်။ ရွံရှာစက်ဆုပ်ခြင်းလည်း ဖြစ်ခဲ့ရလေသည်။

ထိုသူများကြောင့် အသည်းနာဖွယ်၊ ခေါင်းခဲဖွယ်ဖြစ်ရပ်များမှာ လတ်တလော ကြုံတွေ့ရသည် မဟုတ်မူဘဲ နောင် ဟစ်တလာနှင့် အလွန် အမင်း ရင်းနှီးတော့မှပင် ကြုံတွေ့ရသည့် အတွေ့အကြုံများသာ ဖြစ်ပါ၏။

လတ်တလောတွင်မူ ကုန်လွန်ခဲ့သောလက ဗိုလ်ချုပ်ကြီးရာထူးသို့ တိုးမြှင့်ပေးခြင်းခံရပြီး ပြည်သူများက သူရဲကောင်းကြီးအဖြစ် ကြည်ညို လေးစားခြင်း ခံနေရပြီဖြစ်သည့် ဗိုလ်ချုပ်ရွှန်းမဲလ်အား ၁၉၄၁ ခုနှစ်၊ ဖေဖော် ဝါရီလ ၁၅ ရက်နေ့တွင် လစ်ဗီယာရောက် ဂျာမန်တပ်များကို ကွပ်ကဲအုပ်ချုပ် ရန် ခန့်အပ်ခြင်း ခံရလေသည်။ ရွှန်းမဲလ်သည် လစ်ဗီယာသို့ မထွက်ခွာမီ နှုတ်ဆက်ပွဲအခမ်းအနားတစ်ခု၌ လစ်ဗီယာတွင် မိမိထမ်းဆောင်ရမည့် တာဝန်များနှင့်ပတ်သက်၍ စစ်သူကြီး ဗွန်ဗရော့ရှ်ထံမှ အရိပ်အမြွက်မျှ သိခဲ့ ရသည်။ (ဟစ်တလာနှင့် မတွေ့ခဲ့ရ) ထိုသတင်းမှာ မိမိထမ်းဆောင်ရမည့် တာဝန်များသည် အီတာလျံများအား အကူအညီပေးရုံမျှသာဖြစ်ပြီး ထရစ် ပိုလီသို့ ဆက်မချီနိုင်အောင် ဟန့်တားထားရန်ပင် ဖြစ်သည်။ မြောက် အာဖရိက စစ်မျက်နှာတိုက်ပွဲများတွင် အီတာလျံက ဦးစီးအမိန့်ပေးသွား မည်ဖြစ်၏။ တကယ်တွင်မူ ဂျာမန်တပ်များသည် "ပိတ်ဆို့ရေးတပ်"မျှသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရာ လစ်ဗီယာရောက်လျှင် ဂျာမန်တပ်များ ဆက်လက်ထားရှိရန် လိုသည်၊ မလိုသည် အခြေအနေသုံးသပ်ပြီး ပြန်လည် သတင်းပို့သင့်သည်ဟု ဗိုလ်ချုပ်ကြီး ဗွန်ဖရော့ရှ်က အကြံပေးခဲ့သည်။

ဟာစ်တလာ၏ ကိုယ်ရံတော် ဗိုလ်ချုပ်ရှမွန့်လည်း ရွန်းမဲလ်နှင့်အတူ လစ်ဗီယာသို့ လိုက်ပါမည်ဖြစ်ပြီး ဟာစ်တလာထံ အခြေအနေအရပ်ရပ်ကို တိုက်ရိုက်သီးခြား အစီရင်ခံရမည့်သူဖြစ်ကြောင်း ရွန်းမဲလ် သိရှိရသည်။ ရှမွန့်သည် ရွန်းမဲလ်အတွက် မိတ်ကောင်းဆွေမွန် တစ်ယောက်ဖြစ်ပြီး ဟာစ်တလာအားလည်း အလွန်အမင်း ကြည်ညိုမြတ်နိုးသူ တစ်ယောက် ဖြစ်သည်။ ရွန်းမဲလ်အပေါ်တွင် မေတ္တာသန့်သန့်ဖြင့် ခင်မင်လျက် ဟာစ်တလာ အပါးတွင် ဝန်းရံခစားနေသူများနှင့်လည်း ခွဲခြားမြင်ထားသူ ဖြစ်သည်။ စင်စစ် ဟာစ်တလာသည် လူ့သီလကြောင်းများ ဝိုင်းဝန်းခံနေရ၏။ ထို လူယုတ်မာ၊ လူ့သီလကြောင်းများကပင် ဟာစ်တလာအား ဝါးပိုးပမာ အတွင်း လှိုက်ဖျက်ဆီးနေကြသူများ ဖြစ်သည်။

မည်သို့ဆိုစေ ရွန်းမဲလ်နှင့်ရှမွန့်တို့သည် ထိုသူများအပေါ် ရှုမြင်ပုံချင်း တစ်သားတည်း ကျသည့်အတိုင်း မိတ်ဆွေရင်းချာပမာ ရင်းနှီးသွားကြပြီး ကောင်းဆိုးမကျန် တိုင်ပင်ဖော်တိုင်ပင်ဖက်များ ဖြစ်ကြသည်။ ထိုအချိန်မှစ၍ ရွန်းမဲလ်သည် ဟာစ်တလာ သိစေချင်သည့် ကိစ္စများကို ရှမွန့်ထံမှတစ်ဆင့် တိုက်ရိုက်သိစေလေသည်။ ကီးတဲလ်နှင့် ဟောလဒါတို့ကမူ ရွန်းမဲလ်နှင့် ရှမွန့်တို့ မိမိတို့အား ကျော်လွှား၍ ဟာစ်တလာထံ တိုက်ရိုက် အစီရင်ခံသည်ကို မသင်္ကာသော်လည်း ခိုင်လုံသော သက်သေအထောက်အထားများ ရှာဖွေတွေ့ရှိခြင်း မရှိခဲ့ပေ။ ရှမွန့်နှင့်ရွန်းမဲလ် ဆက်ဆံပုံကို ထောက်ရှုခြင်းဖြင့် ရွန်းမဲလ်သည် ဟာစ်တလာအား အထင်ကြီးနေကြောင်း ထင်ရှားစေသည်။ ဟာစ်တလာနှင့်ပတ်သက်သည့် မလိုလားအပ်သော သတင်းများကို ရွန်းမဲလ်ထံမှ ကြားရသည်ဟူ၍မရှိ။ အမှားတစ်စုံတစ်ရာ ဖြစ်ခဲ့လျှင်လည်း ဂိုးရင်း၊ ဟင်းမလား၊ ဘောမန်၊ ကီးတဲလ်၊ ဂျိုဒ်လ်၊ ဟောလဒါ စသည့် မင်းမြှောင် ကပ်ဖား ဝါးပိုးများ၏ အမှားသာဖြစ်သည်ဟု ယူဆခဲ့သည်။ ၁၉၄၄ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ လုပ်ကြံမှုမတိုင်မီ ရက်အနည်းငယ်အတွင်းက စစ်ရိပ် စစ်ခြေကိုကြည့်ပြီး စိတ်ပျက်လာသဖြင့် ရွန်းမဲလ်နှင့်



ဟာစ်တလာ မသိမသာ သဘောချင်း မတိုက်ဆိုင်ဖြစ်လာသောအခါ၌ ရှမွန့်က အရေးကြုံလျှင် မိမိအား စိတ်ချယုံကြည်စွာ အားကိုးနိုင်ကြောင်း သံကြိုးရိုက်လိုက်သည်။ ဗုံးပေါက်ကွဲသည့်အချိန်တွင်မူ ရှမွန့်သည် ဟာစ်တလာနှင့်အတူ တစ်ခန်းတည်းတွင်ရှိနေပြီး နစ်လမှုအကြားတွင် ကွယ်လွန်သွားရှာသည်။ ရှမွန့်သေဆုံးခြင်းနှင့် ပတ်သက်၍ ရွန်းမဲလ်က သံသယဖြစ်မိ၏။ ဗုံးဒဏ်ကြောင့် ရှမွန့်သေခြင်းလော၊ သို့မဟုတ် သို့လော…သို့လောဖြင့် ဒွိဟသံသယများ ဖြစ်ခဲ့လေသည်။

ရွန်းမဲလ်သည် လစ်ဗီယာသို့သွားရန် သိရှိရသည်နှင့် ဇနီးသည်ထံ "အခုမှပဲ ငါ့ရောဂါအတွက် ကုစားနိုင်ဖို့ အခွင့်အလမ်း ရတော့တာပဲဟေ့" ဟု စာရေးလေသည်။ ထိုသည်မှာလည်း ပြင်သစ်စစ်ပွဲအတွင်း ရွန်းမဲလ်၏ ဆရာဝန်က "နေရောင်ခြည်ခံဖို့ လိုပါတယ်ဗိုလ်ချုပ်၊ ဗိုလ်ချုပ်ကျန်းမာရေးအတွက် အာဖရိကကို သွားသင့်တယ်"ဟု ပြောခဲ့ဖူးကြောင်း ဇနီးသည်ဖြစ်သူ ဖရောရွန်းမဲလ်က ပြန်လည် အမှတ်ရမိတော့သည်။ ရွန်းမဲလ်သည် ခရီးမထွက်မီ ဇနီးသည်နှင့် နာရီအနည်းငယ်မျှ တွေ့ဆုံပြီး ရှမွန့်နှင့်အတူ မြောက်အာဖရိကသွားရန် ရောမမြို့သို့ ထွက်လာခဲ့လေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ရွှန်းမဲလ်နှင့် ဝေဘဲလ်

ရွှန်းမဲလ်သည် မြောက်အာဖရိကတွင် နှစ်နှစ်ကျော်မျှ ကြာခဲ့သည်။ ထိုနှစ်နှစ်အတွင်း စစ်ရေး အရှုံးအနိုင် အခြေအနေပြဇယားကို ကြည့်ပါမူ ၁၉၄၁ ခုနှစ်၊ ဧပြီလအတွင်း ပထမအောင်ပွဲကြီးကြောင့် အခြေအနေပြမျဉ်းသည် အပေါ်သို့မတ်လျက် ထောင်တက်သွားသည်ကို တွေ့ရပေမည်။ မေလ ၁ ရက်နေ့တွင် တိုဘရုပ်မြို့ ဝင်ရောက်စီးနင်းရာ၌ တပ်လန်ခဲ့သဖြင့် အခြေအနေပြမျဉ်းမတ်သည် အနည်းငယ် လျှောကျသွားသည်ကို တွေ့ရပေမည်။ သို့ရာတွင် မေလနှင့် ဇွန်လလယ်တွင် ဆင်နွှဲသည့် ဗိုလ်ချုပ်ကြီး ဝေဘဲလ်၏ အသေးစားတိုက်စစ်များ ရှုံးနိမ့်ခြင်းကြောင့် အနည်းငယ်လျှောကျနေသော အခြေအနေပြမျဉ်းသည် နဂိုအတိုင်း ပြန်တည့်မတ်သွား၏။ ထို့နောက်တွင် စစ်ရေးအခြေအနေပြမျဉ်းသည် လျင်မြန်သောအဟုန်ဖြင့် အထက်မှအောက်၊ အောက်မှအထက်သို့ နိမ့်တုံမြင့်တုံ ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်၏။ နိုဝင်ဘာလနှင့် ဒီဇင်ဘာလဆန်းသို့ ရောက်သောအခါ ဗိုလ်ချုပ်အော့ချင်လက်နှင့် ဗိုလ်ချုပ်ရစ်ချီတို့၏ တိုက်စစ်ဆင်နွှဲမှုကြောင့် ရွှန်းမဲလ်သည် မရှုမလှ ရှုံးနိမ့်ခဲ့ပြီး ဆိုင်ရင်နီကားအထိ ဆုတ်ပြေးရပြန်သဖြင့် စစ်ရေးအခြေအနေပြမျဉ်းမှာ နိမ့်တုံမြင့်တုံဖြစ်နေရာမှ အောက်သို့ တစ်ရှိန်ထိုး ကျဆင်းသွားရပြန်လေသည်။ တစ်ဖန် ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင်



ရွှန်းမဲလ်သည် ရှောင်တခင် ထိုးစစ်ပြန်ဆင်ကာ ဗြိတိသျှများကို ဂါဇာလာအထိ ပြန်လည်မောင်းနှင် ထုတ်လိုက်ပြန်သဖြင့် ကျဆင်းနေသော မျဉ်းသည် အပေါ်သို့ တစ်ရှိန်ထိုး ထိုးတက်သွားပြန်လေသည်။ သို့သော် ဤအကြိမ်တွင်မူ စစ်ရေးပြ မြေပုံပေါ်တွင်လည်းကောင်း၊ စစ်မြေပြင်တွင် လည်းကောင်း ယမန်နှစ် ဧပြီလတွင် ရောက်ခဲ့သော အမှတ်၏ သုံးပုံတစ်ပုံမျှပင် ခရီးမပေါက်ခဲ့ကြောင်း တွေ့မြင်ရပေမည်။

မေလကုန်အတွင်း ပဏာမကျဆင်းမှုသည် ရက်အနည်းမျှသာ ကြာခဲ့၏။ ထိုနောက် ဆက်တိုက်ကျဆင်းလာကာ တပ်ပျက်လုမတတ် အခြေအနေဆိုးကြီးနှင့် ရင်ဆိုင်လိုက်ရပြီး မမျှော်လင့်ဘဲ တစ်လအတွင်း တိုက်စစ်ဆင်လိုက်သော အံ့ဖွယ်သရဲ အောင်ပွဲကြီးသည် ရွှန်းမဲလ်အား တိုဘရုပ်မြို့သို့လည်းကောင်း၊ အီဂျစ်ရှင်းနယ်စပ်ကိုဖြတ်လျက် မာဆာမာထရုတ် ဘာဂတ်ရှိနှင့် အဲလ်ဒါဘာသို့ လည်းကောင်း၊ ထိုအမှတ်မှသည် အဲလ်အာလမိန်သို့ ရောက်ရှိခဲ့ပြီး အဲလ်လစ်ဇင်းဒရီးယား တံခါးပေါက်အရောက် ပို့ဆောင်ခဲ့လေသည်။

ရွှန်းမဲလ်ရောက်ရှိသော နောက်ဆုံးအမှတ်မှ ဗိုလ်ချုပ်အော့ချင်လက်၏ ဆီးပိတ်မှုကြောင့် ရှေ့ဆက်မတက်နိုင်ဘဲ ရပ်တန့်သွားပြီး အောက်သို့ ကျမှန်းမသိ တအိအိကျဆင်းနေစဉ် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၏ ဩဂုတ်လတွင် အဲလ်လမ်ဟဲလ်ဖာ၊ နိုဝင်ဘာလဦးပိုင်းတွင် အဲလ်အာလမိန် အောင်ပွဲများကြောင့် ရွှန်းမဲလ်၏ စစ်ရေးအခြေအနေပြမျဉ်းသည် အဆုံးမရှိ ထိန်းမနိုင်သိမ်းမရ ထိုးဆင်းသွားသည်မှာ ၁၉၄၃ ခု၊ မေလ ၁၂ ရက်နေ့ တူနစ်စီးယားတွင် အာဖရိကကိုး လက်နက်ချအညံ့ခံရသည်အထိပင် ဖြစ်လေတော့သည်။ ရွှန်းမဲလ်ကမူ အာဖရိကကိုး လက်နက်မချမီ နှစ်လကပင် အာဖရိကကိုး ကယ်တင်ရေးအတွက် ဟစ်တလာ့အား တောင်းပန်ရန် ဂျာမနီသို့ ရောက်ရှိနေခဲ့လေသည်။

* * *

"လူကြီးမင်းတို့ခင်ဗျား"

"“လူကြီးမင်းတို့ရဲ့ အမှတ် ၅ ပန်ဇာတပ်မဟာတစ်

www.burmeseclassic.com

www.burmeseclassic.com



လုံးလိုလို ထရစ်ပိုလီကို ရောက်ရှိလာကြောင်း ကြားသိရတဲ့အတွက် ကျွန်ုပ် များစွာဝမ်းသာမိပါတယ်၊ ယခုလို လူကြီးမင်းတို့ရဲ့ ပန်ဇာတပ်မ ရောက်ရှိလာတဲ့အတွက် မကြာခင်ရက်အတော အတွင်း မြောက်အာဖရိက အခြေအနေဟာ ကောင်းမွန်လာမှာ အမှန်ပါပဲ၊ ထရစ်ပိုလစ်တင်းနီးယားကို ချီတက်နေတဲ့ ရန်သူ့တပ်တွေကို ရှေ့ဆက်မချီနိုင်အောင် ရပ်တန့်ထားနိုင်ပြီလည်း ဖြစ်ပါတယ်၊ ဗိုလ်မှူး ဗွန်ဝက်မာဦးစီးတဲ့ ကင်းထောက် တပ်ရင်းတစ်ရင်းကို အီတာလျံများနဲ့အတူ ရှေ့တန်းမှာ နေရာယူထားနိုင်ပြီဖြစ်တဲ့အတွက် အီတာလျံတပ်တွေကို စိတ်ဓာတ်ရေးရာအရရော အင်အားအရပါ အားမာန်သစ်တွေ ဖြစ်ထွန်းစေခဲ့ပြီးလည်း ဖြစ်ပါတယ်၊ ကျွန်ုပ်တို့ရဲ့ အဓိကတာဝန်ဟာ အီတာလျံလက်နက်ကိုင် တပ်တွေကို စိတ်ဓာတ်မြှင့်တင်ပေးဖို့နဲ့ ထရစ်ပိုလစ် တင်းနီးယား ဗြိတိသျှတွေလက်ထဲ ကျမသွားအောင် ကာကွယ်ဖို့ပါပဲ"

"အမှတ်(၅) အပေ့ါစား မော်တော်ယာဉ်သုံး တပ်မ တပ်လုံးပြည့် ရောက်မလာခင် ယခု ထရစ်ပိုလီမှာရှိတဲ့ ကျွန်ုပ်တို့တပ်တွေရဲ့ အင်အားအမှန်နဲ့ အားနည်းချက် ကို ရန်သူများမသိအောင် ဖုံးကွယ်ထားဖို့ လိုပါတယ်၊ မော်တော်ယာဉ်သုံး တပ်မရောက်ပြီးရင် နောက်ထပ် တပ်မ တစ်တပ်လည်းလိုက်လာပါလိမ့်မယ်၊ ပန်ဇာတပ်တွေအားလုံး သင်္ဘောဆင်းပြီးတာနဲ့ တစ်ပြိုင်နက်တည်း အီတာလျံတပ်မတစ်တပ်နဲ့ ပေါင်းပြီး စစ်ရေးပြ အခမ်းအနားတစ်ရပ် ကျင်းပပါမယ်၊ အဲဒီလို စစ်ရေးပြတဲ့အခါမှာ ရန်သူ၊ သူလျှိုတွေနဲ့ အီတာလျံ အရပ်သူ အရပ်သားတွေ စိတ်ဝင်စားအောင်၊ အာရုံစိုက်လာအောင် ပြရပါမယ်၊ စစ်ရေးပြ အသေးစိတ် အစီအစဉ်ကိုတော့ ပန်ဇာတပ်မဟာမှူးနဲ့ အစီအစဉ်ရေးဆွဲထားပြီး ဖြစ်ပါတယ်၊ စစ်ရေးပြ အခမ်းအနားပြီးရင် ပန်ဇာတပ်မဟာက ရှေ့တန်းကို ဆက်ချီတက်ရပါမယ်၊ စစ်ချီတက်တဲ့နေရာမှာရော စစ်ရေးပြ အခမ်းအနားမှာပါ အီတာလျံတွေ နမူနာယူနိုင်လောက်တဲ့ စည်းကမ်း သေဝပ်မှုမျိုးကို လူကြီးမင်းများဆီက ကျွန်ုပ် မျှော်လင့်ထားမိ



ပြီးလည်း ဖြစ်ပါတယ်"

"ကျေးဇူးတင်ပါတယ် လူကြီးမင်းများခင်ဗျာ" ဟော...ဟစ်တလာ။

(အထက်ပါမိန့်ခွန်းမှာ ထရစ်ပိုလီသို့ ရွန်းမဲလ်ရောက်ရှိလာပြီး အမှတ် ၅ ပန်ဇာတပ်မဟာမှ အရာရှိ ၃၀ ခန့် တက်ရောက်သော ဦးစီးကွန်ဖရင့်တွင် ပြောကြားခဲ့သည့် ရွန်းမဲလ်၏ မိန့်ခွန်းဖြစ်သည်။)

သို့လျှင် စစ်ရေးပြပွဲကြီးတွင် ရွန်းမဲလ်သည် ပန်ဇာတပ်မဟာနှင့် အီတာလျံတပ်မတို့၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသော လူထုအား "အီတာလျံတပ်များနှင့် ဂျာမန်တပ်များ၏ အင်အားနှစ်ရပ်ပေါင်းဖြင့် ထရစ်ပိုလစ်တင်းနီးယားကို ရန်ပြုလာသည့် ရန်သူများကို ချေမှုန်းနိုင်လိမ့်မည်ဖြစ်သည်ဟု မိမိယုံကြည်ကြောင်း" မိန့်ခွန်းမြွက်ကြားလိုက်သည်။

လူထုဟောပြောပွဲအပြီးတွင် ပန်ဇာ အမှတ် ၅ တပ်မဟာသည် အဲလ်ဂေးလားသို့ တပ်ဦးတည်လျက် ထရစ်ပိုလီမြို့ အရှေ့ပြင်မှ စစ်ထွက်ခဲ့လေသည်။*

ရွန်းမဲလ်သည် မတ်လ ၃၁ ရက်နေ့တွင် စတင် တိုက်စစ်ဆင်ခဲ့လေသည်။ ယင်းသို့ မမျှော်လင့်ဘဲ တိုက်စစ်ဆင်လိုက်ခြင်းကြောင့် ဗြိတိသျှတပ်များ အငိုက်မိ ခံလိုက်ရသကဲ့သို့ ဂျာမန်စစ်အာဏာပိုင် အဖွဲ့ကလည်း အံ့အားသင့်ခဲ့ရသည်။ အဘယ်ကြောင့်ဟူမူ ရွန်းမဲလ် တိုက်စစ်မဆင်မီ ၁၀ ရက်ခန့်အလို မတ်လ ၂၁ ရက်နေ့တွင် ဂျာမန်တပ်မတော် စစ်ဦးစီးအဖွဲ့က ရွန်းမဲလ်အား ဆိုင်ရင်နီးကား ပြန်လည်သိမ်းပိုက်ရေး အစီအစဉ်ကို ဧပြီလ ၂၀ ရက်နေ့ထက် နောက်မကျစေဘဲ စစ်ဦးစီးအဖွဲ့သို့ ရေးဆွဲတင်ပြရန် ညွှန်ကြားခဲ့ပြီး လက်ရှိ ဗြိတိသျှတပ်များ၏ အင်အား အခြေအနေကြောင့် အမှတ် ၁၅ ပန်ဇာတပ်မ မရောက်မီ အလ်ဂေးဒါးဗီးယားထက် ကျော်လွန်တိုက်စစ်မဆင်ရန် ညွှန်ကြားထားခြင်းကြောင့် ဖြစ်သည်။ ထိုသို့ စစ်ဦးအဖွဲ့က

---

* HEINZ WERNER SCHMIDT (Personal Aide to Rommel) ၏ WITH ROMMEL IN THE DESERT မှ ထုတ်နုတ်ပြန်ဆိုသည်။ စာမျက်နှာ (၁၃-၁၄)

www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုသည့်အတိုင်း စစ်ဆင်ရေးအစီအစဉ်ကို တင်ပြလျှင် စစ်ဦးစီးအဖွဲ့က အနည်းဆုံး ရက်သတ္တ တစ်ပတ် နှစ်ပတ်ခန့် အချိန်ဖြုန်းနေကြမည်ကို အတပ်သိထားပြီးဖြစ်သော ရွှန်းမဲလ်သည် စစ်ဆင်ရေး စီမံကိန်း ရေးဆွဲတင်ပြရန် သတ်မှတ်ထားသည့် ရက်မတိုင်မီ ၉ ရက်အလိုတွင် တိုပရပ်မြို့တစ်မြို့တည်းကိုသာ ကွင်းချန်ပြီး အီဂျစ်ရှင်း နယ်စပ်အရောက် ဆိုင်ရင်နီးကား တစ်ခွင်လုံးကို သိမ်းပိုက်လိုက်လေသည်။ အကယ်၍သာ စစ်ဦးစီးအဖွဲ့မှ အမိန့်ပြန်ကျသည်အထိ စောင့်ဆိုင်းနေခဲ့ပါမူ ရွှန်းမဲလ် ထိုမျှအထိ ခရီးပေါက်နိုင်မည် မဟုတ်ပေ။

ထိုစဉ်က ကိုင်ရိုမြို့တွင် စစ်ထောက်လှမ်းရေးအဖွဲ့နှင့်အတူ အမှုထမ်းခဲ့သော အရာရှိတစ်ယောက်က ရွှန်းမဲလ်၏ ရတ်တရက် ဆင်နွှဲလိုက်သည့် တိုက်စစ်နှင့်ပတ်သက်၍ ဤသို့ ရေးသားဖူးလေသည်။ "ကျွန်ုပ်ရဲ့ စစ်ရေးသုံးသပ်ချက်ဟာ ဘက်နှစ်ဖက်ရဲ့ အင်အား၊ အချိန်၊ နေရာ၊ စစ်ပွဲတစ်ပွဲမှာ ထည့်သွင်းတွက်ချက်ရမယ့် အခြေခံ အချက်အလက်တွေကို ထည့်သွင်းစဉ်းစားထားတဲ့ သာမန်စစ်ရေးသုံးသပ်ချက် တစ်ခုပဲဖြစ်ပါတယ်။ အဲဒီသုံးသပ်ချက်အရ ရွှန်းမဲလ်ရဲ့တိုက်စစ်ဟာ စစ်ပညာအနေနဲ့ကြည့်ရင် ဘယ်လိုမှ အောင်မြင်စရာ လမ်းစမမြင်ရပါဘူး။ ကျွန်ုပ်တို့ ကံခေချင်တော့ ရွှန်းမဲလ်က စွန့်စွန့်စားစား ကံစမ်းမဲထိုးကြည့်လိုက်တာ ပေါက်သွားတာပါပဲ။ စာအုပ်ကြီးအတိုင်းသာ ပြောရမယ်ဆိုရင် ဘယ်လိုမှ တိုက်လည်းမတိုက်သင့်ဘူး တိုက်လာလိမ့်မယ်လို့လည်း ကျွန်ုပ်တို့ မျှော်လင့်ဖို့ မလိုဘူး"ဟု ပြောပြလေသည်။ ထိုအမြင်နှင့် တစ်ထပ်တည်းရှိသူကား ဗိုလ်ချုပ် ဝီလီယံပင်ဖြစ်သည်။ ဝီလီယံသည် နောင်တစ်ချိန် ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီ၏ ထောက်လှမ်းရေးအရာရှိချုပ် ဖြစ်လာမည့်သူလည်း ဖြစ်သည်။ ထိုစဉ်က ဝီလီယံသည် အမှတ် ၂ သံချပ်ကာတပ်မမှ ထောက်လှမ်းရေး တပ်မဟာတွင် တပ်ဖွဲ့ခေါင်းဆောင်အဖြစ် အမှုထမ်းနေသူ ဖြစ်သည်။ ဝီလီယံက သူ့အယူအဆကို ဤသို့ပြောပြ၏။ "ကျွန်ုပ်အမြင် ပြောရရင်တော့ ရွှန်းမဲလ်ဟာ မြေစမ်းခရမ်းပျိုးတဲ့သဘောနဲ့ ရှေ့ကို တိုးတိုးကြည့်ရင်း အဲလ်အဂေးလားကို သိမ်းဖို့လွယ်ကူတာ တွေ့သွားတာပါပဲ၊ ကျွန်ုပ် ကောင်းကောင်းမှတ်မိနေရတာကလည်း ရွှန်းမဲလ် အဲလ်အဂေးလားကိုသိမ်းတုန်းက ကျွန်ုပ် ခံတပ်ထဲမှာ ရှိနေတယ်၊ ကျွန်ုပ်တောင်



မနည်းလွတ်အောင် ပြေးခဲ့ရတယ်၊ အဲလ်အဂေးလား သိမ်းပြီးတဲ့နောက် စနစ်တကျ ကင်းထောက်မှု လုပ်လာတယ်၊ အဲဒီကတစ်ဆင့် အောင်မြင်တဲ့ တိုက်စစ်အသွင်ကို တိုးတက်ကူးပြောင်းသွားတာပါပဲ၊ ရွှန်းမဲလ်ဟာ အဲဒီလိုသာ အဲလ်အဂေးလားကို ချောင်ချောင်နဲ့ သိမ်းလို့ရတဲ့ မလွယ်ပေါက်ကို မတွေ့ရင် ဘယ်နည်းနဲ့မှ ဒီလောက်စောစော တိုက်ဝံ့မှာမဟုတ်ဘူး"

သဲကန္တာရ ဓာတ်ခုံပေါ် ရွှန်းမဲလ်၏ ပဏာမအဖွင့်နှင့် ပတ်သက်၍ ဤသို့ အမျိုးမျိုး သုံးသပ်ဖွင့်ဆိုခဲ့ကြသည်။ အချို့က ရွှန်းမဲလ်သည် မှန်ကန်သော သုံးသပ်ချက်ပေါ်တွင် အခြေတည်၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ရွှန်းမဲလ်၏ စစ်အတတ်ကို ချီးမွမ်းထောမနာ ပြုကြသကဲ့သို့ အချို့ကမူ လောင်းကစားသမားတစ်ယောက်၏ စွန့်စားခြင်းမျိုးဖြင့် စွန့်စားရင်း ကံအားလျော်စွာ အောင်မြင်လိုက်ခြင်းသာဖြစ်သည်ဟု ယိုးစွပ်ခဲ့ကြ၏။

မည်သို့ပင်ဝေဖန်ကြစေ ဆိုင်ရင်နီးကားကို ထိုမျှ တိုတောင်းလှသည့် အချိန်အတွင်း သိမ်းပိုက်အောင်ပွဲခံလိုက်ခြင်းကိုမူ စစ်နှင့်အသက်မွေးဝမ်းကျောင်းပြုသူများကပင် အံ့ချီးမကုန် ဖြစ်ခဲ့ရပြီး မြေပုံပေါ်ထောက်၍ အရှုံးအနိုင် တွက်ချက်သူများအဖို့ ပို၍ပင် အထင်ကြီး အံ့ဩခဲ့ရပေသည်။

"ဗိုလ်ချုပ်ကြီးရွှန်းမဲလ်သည် စစ်သားကောင်းကြီးတစ်ယောက် ဖြစ်သည်။ အထက်အမိန့်ကို ဦးလည်မသုန် လိုက်နာရမည်ကိုလည်း နားလည်ထားပြီး ဖြစ်ပါ၏။ သို့ရာတွင် စစ်ဦးစီးအဖွဲ့သည် ပလ္လင်ပေါ်မှ စစ်သားများပီပီ ယခု ကာယကံမြောက် မျက်မှောက်ပြုနေရသည့် စစ်ပွဲ၏ အသွင်အပြင်ကို မှန်မှန်ကန်ကန် သုံးသပ်ထားခြင်းမရှိကြောင်း နားလည်ထားပြီးလည်း ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကာယကံမြောက် တွေ့ကြုံနေရသော စစ်ပွဲကြီးကို စစ်အသိဖြင့် ပိုင်ပိုင်နိုင်နိုင် သုံးသပ်ထားပြီးလည်း ဖြစ်လေရာ အဲလ်အဂေးလားနောက် သဲခုံများပေါ်တပ်စွဲထားသော ဗိုလ်ချုပ်ကြီးဝေဘဲလ်၏ တပ်များသည် ဂရစ်(စ်)စစ်မျက်နှာသို့ တပ်များခွဲ၍ ပို့လိုက်ရခြင်းကြောင့် အင်အားချို့တဲ့နေပြီဖြစ်ကြောင်း သိရှိသုံးသပ်ထားပြီးလည်း ဖြစ်ပါ၏။ ယင်းသို့ ဗြိတိသျှတပ်များ အင်အားချို့တဲ့သွားခဲ့ ရသည်မှာလည်း အကြောင်းရှိသည်။ ဤသည်မှာ ထိုအချိန်က ချာချီသည် သဲကန္တာရစစ်ပွဲကို ကျိန်းသေအောင်နိုင်ရမည်ဟု လေ့နံ့ဓားထစ် တွက်ချက်ထားသဖြင့် ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးဝေဘဲလ်၏ တပ်အများအပြားကို ဂရစ်(စ်) စစ်မျက်နှာသို့ ပြောင်းပို့လိုက်ခြင်းကြောင့် ဖြစ်၏။

တစ်ဆက်တည်းတွင်ပင် ယင်းသို့ ဗြိတိသျှတပ်များ အင်အားချို့တဲ့နေရုံမျှမက ထိုတပ်များ၏ ထောက်ပံ့ရေးလမ်းကြောင်းမှာလည်း ကိုင်ရိုမှသည် ဘာဒီယာသို့လည်းကောင်း၊ ဘာဒီယာမှ တိုပရပ်သို့လည်းကောင်း၊ ထိုမှ ဘင်ဂါဇီသို့လည်းကောင်း နောက်ဆုံး တပ်များရှိရာ အဲလ်အဂေးလား ရောက်သည်အထိ ရိက္ခာ ခဲယမ်းမီးကျောက်များကို အဆင့်ဆင့် ရှည်လျား ခက်ခဲစွာ ပို့ဆောင်နေရခြင်းကြောင့် တပ်ထောက်ပံ့ရေး အခက်အခဲတွေ့နေရသည်ကိုလည်းကောင်း သိရှိထားပြီးလည်း ဖြစ်၏။ ထိုသို့ တစ်ဖက်ရန်သူ၏ အခြေအနေအရပ်ရပ်ကို စစ်တလင်းပေါ် ခြေချ၍ မကြာမီပင် သုံးသပ်နိုင်ခဲ့ပြီး ရန်သူများသည် ၎င်းတို့၏ အင်အားချို့တဲ့နေသည့်နေရာများကို အကာအကွယ်ပေးရန် ခံတပ်များ၊ ကတုတ်များ အားသွန်ခွန်စိုက် ဆောက်လုပ်နေကြသည်ကို ထောက်လှမ်းထားပြီးလည်း ဖြစ်သည်။ တစ်ဖက်တွင်လည်း မာဆာအဲလ်ဘရီးဂါးမြောင်ကို အလျင်အမြန် သိမ်းပိုက်ထားနိုင်လျှင် စစ်ရေးအရ မည်မျှအကျိုးရှိမည်ဖြစ်ကြောင်း မြင်ထား၏။ ထိုသုံးသပ်ချက်များဖြင့် ကုံလုံနေသော ရွှန်းမဲလ်သည် အထက်အမိန့်ကို စောင့်ဆိုင်းနေရမည်လော။

ရန်သူများ အခိုင်အမာ ခံတပ်များဆောက်၍ ပြီးစီးသည်အထိ စောင့်ဆိုင်းလျက် သဲကန္တာရ အခြေအနေအမှန်ကို မသိသော ဘာလင်မြို့ရှိ ပလ္လင်ပေါ်မှ စစ်ဦးစီးများ ညွှန်ကြားသည့်အတိုင်း မေလတွင်တိုက်ပြီး အသက်ပေါင်းများစွာ အချည်းနှီး စတေးရမည်လော။

ထိုအခြေအနေများကြောင့် ရွှန်းမဲလ်အနေနှင့် မာဆာအဲလ်ဘရီးဂါးသာမက အဲလ်အဂေးဒါးဗီးယားကိုပင် အမြန်ဆုံး သိမ်းပစ်ရမည် ဖြစ်သည်။

စစ်ပွဲကြီးများတွင် အနိုင်ကို တင်ကူးတွက်ချက်နိုင်ပါမူ စစ်ရှုံးသည်ဆိုသည့် ဝေါဟာရပင် ရှိစရာလိုမည်မထင်ပါပေ။ သဲကန္တာရစစ်ပွဲသည် စစ်ဂန္ထဝင်ကျမ်းဂန်လာ ကုန်းကြောင်းတိုက်ပွဲကြီးများနှင့် လုံးဝခြားနားနေသည်ကို သတိပြုသင့်ပေသည်။ သဲကန္တာရသည် ပင်လယ်နှင့်တူ၏။ သဲကန္တာရစစ်ပွဲတွင် အခိုင်အမာပြု၍ ကြံ့ကြံ့ခံနေသော ရန်သူကို စွန့်စားတိုက်ခိုက်



ခြင်းမျိုးသည် အသက်ပေါင်းများစွာကို စတေးရမြဲ ဖြစ်သကဲ့သို့ ထိုသို့သော ရန်သူကို စွန့်စား၍ စီးနင်းမိလျှင်လည်း ရန်သူတပ်လုံးပျက်သည်အထိ အောင်ပွဲများ ရတတ်လေသည်။ ထိုအတွေ့အကြုံကို အီတာလျံများ ကိုယ်တွေ့ ကြုံခဲ့ရ၏။ ဗြိတိသျှတပ်များ၏ တိုက်ခိုက်မှုကြောင့် နှစ်လအတွင်း မြောက်အာဖရိကကိုဖြတ်လျက် မိုင်ပေါင်း ၆၅၀ အထိ ကစဉ့်ကလျား ပြေးခဲ့ရသည်။ ခြေကုပ်မရဘဲ ပြေးခဲ့ရသော အီတာလျံတပ်များ၏ အင်အားမှာ စစ်သည်အင်အား ၂၀၀၀၀၀ ဖြစ်ပြီး လိုက်တိုက်သော ဗြိတိသျှတပ်များ၏ အင်အားမှာ လူအင်အား ၃၁၀၀၀၊ အမြောက် ၁၂၀ နှင့် တင့်ကားစင်းရေ ၂၇၅ စင်းမျှသာ ရှိသည်။

ဆိုခဲ့သည့်အတိုင်း သဲကန္တာရစစ်ပွဲသည် ရေကြောင်းတိုက်ပွဲနှင့် တူ၏။ အခိုင်အမာ ခံတပ်ကြောင်းတစ်ခု ကျိုးပေါက်သွားသည်နှင့်တစ်ပြိုင်နက် ခံတပ်ကြောင်းနောက်မှ အတားအဆီးမရှိ၊ အဆုံးအစမရှိသော သဲကန္တာရကြီးကို ရန်သူ့လက်ထဲသို့ ထိုးအပ်ရတတ်ပြီး နောက်ထပ်လည်း ခြေကုပ်တစ်ခုရရန် မလွယ်ကူတတ်ချေ။ သို့သော် အံ့ဖွယ်ကောင်းသည်ကား ကိုင်ရိုမြို့နှင့် ဘင်ဂါဇီမြို့ပေါ်တွင်ရှိသည့် ဗြိတိသျှ ဗိုလ်ချုပ်ကြီးများသည် သဲကန္တာရ စစ်မြေပေါ်သို့ နောက်ဆုံးရောက်ရှိလာသော ဂျာမန် ဗိုလ်ချုပ်တစ်ယောက်က သဲကန္တာရ ဥပဒေသကြီးကို ထိုမျှ ပိုင်ပိုင်နိုင်နိုင် သုံးသပ်နိုင်လိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့ခြင်းပင်တည်း။

ဗိုလ်ချုပ်ကြီး ဝေဘဲလ်ကိုလည်း အပြစ်တင်၍မရ၊ ဗိုလ်ချုပ်ကြီးဝေဘဲလ်သည် မူဆိုလိုနီနှင့် ဟစ်တလာတို့၏ စစ်ရေးအစီအစဉ်များကို အခိုင်အမာ ရရှိထား၏။ ထိုရရှိထားသောသတင်းနှင့် စစ်ဂန္ထဝင်လာ စစ်ထိုးနည်း၊ စစ်ခံနည်းနာနိသသယများအရ ၁၉၄၁ ခုနှစ်၊ မေလကုန်အထိ စစ်ဆင်ဦးမည်မဟုတ်သေးကြောင်း ပြဆိုနေ၏။ တစ်ကြောင်းကလည်း မြောက်အာဖရိကစစ်ပွဲတွင် တိုက်ပွဲတိုင်း ဦးစီးအမိန့်ပေးရမည့်သူများမှာ အီတာလျံများဖြစ်ပြီး ရွှန်းမဲလ်မှာ ၎င်းတို့၏ စီစဉ်ညွှန်ကြားချက်အတိုင်း တိုက်ခိုက်ရမည့်သူဖြစ်သည်။ အထူးသဖြင့် အီတာလျံ စစ်အာဏာပိုင်များ၏ အစီအစဉ်များကို အခိုင်အမာ သိရှိထားပြီးဖြစ်သော ဗိုလ်ချုပ်ကြီးဝေဘဲလ်သည် အဘယ်သို့လျှင် ရွှန်းမဲလ်၏ ဂျာမန်စစ်ဦးစီးအဖွဲ့ကို တော်လှန်ဝံ့သော သတ္တိရှိသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မှန်းဆနိုင်ပါအံ့နည်း။*

ရွှန်းမဲလ်သည် ထိုသို့ သဲကန္တာရ ဥပဒေသကြီးကို ပိုင်ပိုင်နိုင်နိုင် သိရှိထားရုံမျှမက တွေ့တွေ့ချင်း ဗြိတိသျှများ ရင်ဆိုင်လိုက်ရသည်မှာ ဂျာမန် တင့်ကားများ၏ အဆင့်အတန်းမြင့်မှုပင် ဖြစ်၏။ ထိုတင့်ကား အဆင့် အတန်း သာလွန်မှုကို အဲလ်အာလ်မိန်တိုက်ပွဲမတိုင်မီ ရှားမင်း တင့်ကားများ ရောက်လာမှပင် ဗြိတိသျှတပ်များ အသက်ရှူပေါက်ချောင်ခဲ့ရ၏။ ထိုသို့ ဂျာမန်တင့်ကားများ သာလွန်ကောင်းမွန်မှု အရည်အချင်းကို အရေအတွက် ဖြင့် ထေနိုင်သည်ဟု တရားသေ မှတ်ယူနေကြသော ဗြိတိသျှ ကက်ဘိနက် နှင့် စစ်ဦးစီးအဖွဲ့က ဗြိတိသျှတပ်များ ရင်ဆိုင်နေရသော အခက်အခဲများကို အသိအမှတ်မပြုခဲ့ကြ။

အရည်အချင်းကို အရေအတွက်နှင့် ထေနိုင်သည်ဟူသော ဥပဒေ သည် သဲကန္တာရတွင် အသုံးချ၍မရကြောင်း ကိုယ်တွေ့ကြုံသူများကား ဗြိတိသျှ တပ်သားများသာ ဖြစ်သည်။ ရွှန်းမဲလ်သည် သူ၏ သေးကွေးသော အင်အားစုကလေးကို ကျင်ကျင်လည်လည် စွန့်စွန့်စားစား သုံးပြခဲ့၏။

ယန္တရား တပ်မတစ်တပ်ကို ကွပ်ကဲ တိုက်ပွဲဝင်ခဲ့ဖူးသူပီပီ ကိုယ် တွေ့ ဗဟုသုတများကို ပီပီပြင်ပြင် ဖော်ပြသွားနိုင်ခဲ့သည်မှာလည်း ဆန်း သည်တော့ မဟုတ်ပေ။ စစ်အတတ်တွင် လက်တွေ့တိုက်ပွဲဆင်ရသော ရက် သတ္တတစ်ပတ်သည် စစ်ကစားရသော ခြောက်လနှင့် ညီမျှသည်မဟုတ်ပါ လော။

ရွှန်းမဲလ်သည် ဗျူဟာပိုင်းတွင် သူနှင့် ညဏ်ရည်တူ ပြိုင်ဘက် အဖြစ် ဗိုလ်ချုပ်ကြီး ဝေဘဲလ်ကို တွေ့သည်။ ထိုစဉ်က ရှိနေသောအခြေအနေ မျိုးတွင် တိုပရပ်မြို့ ထိန်းထားရေးဆုံးဖြတ်ချက်သည် ရဲဝံ့လွန်းလှသော ဆုံးဖြတ်ချက်ဟု ဆိုရပေမည်။ သို့သော် ထိုသို့ စွန့်စွန့်စားစား ဆုံးဖြတ် လိုက်ခြင်းကြောင့်ပင် ရွှန်းမဲလ်၏ ထောက်ပံ့ရေးလမ်းကြောင်းကို ဒုက္ခပေး နိုင်ရုံမက တိုပရပ်မြို့စောင့်တပ်၏ စွမ်းစွမ်းတမံ ခုခံမှုကြောင့် ရွှန်းမဲလ် ရှေ့ဆက်မချီ နိုင်ခြင်းဖြစ်သည်ဟူ၍ပင် ဆိုနိုင်ပေသည်။ အမှန်မှာလည်း

* Paul Carell ၏ FOXES OF THE DESERT မှ ထုတ်နုတ်ပြန်ဆိုသည်။ (စာမျက်နှာ ၁၂–၁၇)



ထိုအတိုင်းပင် ဖြစ်သည်။ ထိုဆက်သွယ်ရေးလမ်းကြောင်း အခက်အခဲများ ကြောင့် အီဂျစ် ပြည် သက်သာရာ ရသွားခဲ့ခြင်း ဖြစ်ပါ၏။

ရွှန်းမဲလ်သည် သားဖြစ်သူ မန်းဖရက်အား ဗိုလ်ချုပ်ကြီးဝေဘဲလ် သည် လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံသော တပ်မှူးတစ်ယောက်ဖြစ် ကြောင်း မကြာခဏ ပြောဖူး၏။ (ရွှန်းမဲလ်၏ စာကြည့်တိုက်ထဲတွင် များစွာ သော စစ်ပညာစာအုပ်၊ စာရွက်စာတမ်းများအနက် ဂျာမန်ဘာသာဖြင့် ပြန်ဆို ထားသော ဗိုလ်ချုပ်ကြီးဝေဘဲလ်၏ "စစ်သူကြီးအတတ်" စာတမ်းကို တွေ့ရှိ ခဲ့ရသည်။ ၎င်းစာအုပ် အနေအထားကို ကြည့်ခြင်းဖြင့် မကြာခဏ ဖတ်လေ့ ရှိကြောင်း သိသာနိုင်ပေသည်။)

ရွှန်းမဲလ်သည် တိုပရပ်မြို့ အရေးပါပုံကို သုံးသပ်ထားပြီးဖြစ်သဖြင့် အမှတ် ၁၅ ပန်ဇာတပ်မ အားဖြည့်ရန် ရောက်လာလျှင် ရောက်လာချင်း မေလ ၁ ရက်နေ့တွင် အင်အားသုံး၍ တိုက်စစ်ဆင်သည်။ (အဲလ်ဒင်ဂျာ ထံမှ ကျွန်ုပ်သိခဲ့ရသည်မှာ အီတာလျံများတွင် တိုပရပ်မြို့စောင့်တပ်များ၏ ခံတပ်ပုံစံ မြေပုံရှိသော်လည်း ဂျာမန်များကို မပေးခဲ့ဟု ဆိုသည်။)

မည်သို့ပင်ဖြစ်စေ အမှတ် ၉ ဩစတြေးလျံ ရီးယန်းတပ်မသည် ရွှန်းမဲလ်ပင်ဖြစ်စေ၊ သို့မဟုတ် ရွှန်းမဲလ်ထက် တော်မွန်သော အခြားသူပင် ဖြစ်စေ မကြောက်မရွံ့ ကြံ့ကြံ့ခံတိုက်ခိုက်မည်သာ ဖြစ်သည်။ ခံတပ်ဗျူဟာ တွင် တပ်စိတ်အလိုက်၊ တပ်စုအလိုက် ညီညွတ်ရန်လိုသကဲ့သို့ တစ်ဦးချင်း တိုက်ရည်ခိုက်ရည်ပြည့်ဝရန်လည်း လိုပေရာ ဩစတြေးလျံ ရီးယန်းတပ်မသည် ထိုသို့သော အရည်အချင်းများနှင့် ပြည့်စုံသဖြင့် ယခုဆင်နွှဲနေရသော ခံတပ် ဗျူဟာနှင့် အံဝင်ခွင်ကျ ဖြစ်နေ၏။

ထို့ကြောင့်လည်း ရွှန်းမဲလ် တိုက်လျှင်တိုက်ချင်း "နှာနာ" အထိုးခံ လိုက်ရပြီး အကျအဆုံးများစွာဖြင့် တပ်လန်ခဲ့ရခြင်း ဖြစ်သည်။ ထိုသို့ ရွှန်းမဲလ် တိုပရပ်သိမ်းပွဲ မအောင်မြင်လိုက်ခြင်းကြောင့် စစ်ဦးစီးအဖွဲ့သည် ဆန့်ကျင်ဘက် အမိန့်တစ်ရပ်ထုတ်ပြီး ရွှန်းမဲလ်အား သတိပေးရန် အခွင့် ကောင်းကြီးတစ်ရပ် ရရှိသွားခဲ့လေသည်။

စစ်ဦးစီးအဖွဲ့၏ ထုတ်လိုက်သော အမိန့်မှာ တိုပရပ်၊ ဆော်လ် လမ်းနှင့် ဘာဒီးယား ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဆိုင်ရင်နီးကားကို

www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်ထားနိုင်ခြင်းသာလျှင် အာဖရိကကိုး၏ အဓိကတာဝန်ဖြစ်သည်ဟု သတည်း။

မေလအလယ်လောက်တွင် အင်္ဂလန်မှ နောက်ဆုံးရောက်ရှိလာသော တင့်ကားများ သင်္ဘောပေါ်မှ မချနိုင်မီ ဗိုလ်ချုပ်ကြီးဝေဘဲလ် ဆောလ်လမ်အနီး အီဂျစ်ရှင်းနယ်စပ်မှ ရှေ့တန်းရောက် ဂျာမန်တပ်အချို့ကို အလွယ်တကူ တိုက်ခိုက်အနိုင်ယူနိုင်သော အခွင့်ကောင်းတစ်ခုကို မြင်သဖြင့် "ဂရူဇာ" တင့်ကားအရေအတွက် အနည်းငယ်နှင့် "အိုင်"တင့်ကား အရေအတွက် အနည်းငယ်ကို အသုံးပြုကာ 'ကန့်သတ်' စစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲလိုက်ပြီး ဆောလ်လမ်နှင့် ကပက်ဇိုမြို့နှစ်မြို့ကို သိမ်းပိုက်လိုက်သည်။ သို့သော် နောက်တစ်နေ့တွင် ရွှန်းမဲလ်သည် သံချပ်ကာအလုံးအရင်းကို အသုံးပြုပြီး ဆောလ်လမ်နှင့် ကပက်ဇိုမြို့နှစ်မြို့ကို သိမ်းပိုက်ထားသော ဝေဘဲလ်တပ်များကို တိုက်ထုတ်လိုက်ပြန်သည်။ တစ်ဖန် မေလ ၂၇ ရက်နေ့တွင် ဟဲလ်ဖာယာတောင်ကြားမှ ဗြိတိသျှတပ်များကို မောင်းနှင်ထုတ်လိုက်ပြန်သည်။

ထိုစဉ်အတွင်း ဗိုလ်ချုပ်ကြီးဝေဘဲလ်သည် ဆိုင်ရင်နီးကား ပြန်လည်ရရှိရေးကိုသာပင် ဆက်လက် စိတ်စောလျက်ရှိနေပြီး မတတ်သာသည့်အဆုံး တိုပရပ်မြို့အထိ တိုက်ထားလိုသောဆန္ဒ ရှိနေ၏။

ထို့ပြင် အချိန်အတိုတောင်းဆုံး ဆိုင်ရင်နီးကားကို ပြန်လည်သိမ်းပိုက်ရန် လန်ဒန်မှ တိုက်တွန်းချက်များကလည်း ရှိနေ၏။ ယခုမူ အမှတ် ၇ သံချပ်ကာတပ်မကို စစ်လက်နက်ပစ္စည်း ပြန်လည်တပ်ဆင်ရန် တင့်ကားအသစ်များလည်း ရောက်ရှိနေပြီဖြစ်၏။ ထိုတပ်မသည် ဗိုလ်ချုပ် ဂရာဇီရာနီ၏ တပ်များအပေါ် အောင်ပွဲရပြီးသည့်နောက်ပိုင်းတွင် တပ်မတစ်တပ်အနေဖြင့် အသုံးပြုနိုင်ခြင်းမရှိခဲ့ဘဲ တပ်ခေါက်ထားခဲ့ရ၏။ တပ်မသည် တင့်ကားများမရောက်မီ တင့်ကားနှင့် ကြိုးမဲ့ကြေးနန်းစက်များ မလုံလောက်သဖြင့် လေ့ကျင့်မှုကိုပင် ရပ်ဆိုင်းထားခဲ့ရသည်။ ရောက်ရှိလာသော တင့်ကားများအနက် အချို့တင့်ကားသစ်များ၏ အမျိုးအစားမှာ အရှေ့မဇ္ဈိမပိုင်းတွင် တစ်ချိန်တစ်ခါမှ အသုံးမပြုဖူးသော တင့်ကားများဖြစ်သဖြင့် တပ်သားဟောင်းများအနေနှင့် တင့်ကားအသစ်များကို ကိုင်တွယ်ရန် စိမ်းနေကြသကဲ့သို့ တင့်ကားသစ်များနှင့်အတူ ပါလာသော တင့်ကားမောင်းသမားများနှင့်လည်း စိမ်းနေကြသည်။

ဂျာမန်တို့ဘက်တွင် တင့်ကား အလတ် ၂၂၀၊ အပေါ့စားတင့်ကား ၇၀ ဟု ခန့်မှန်းထားလေရာ တင့်ကား အမျိုးအစားအတော်များများ စုပေါင်းထားသော တင့်ကား ၂၀၀ ခန့်ရှိသည့် ဗြိတိသျှတပ်များကို အန်တုတိုက်ခိုက်ပုံသည်မှာလည်း ရွှန်းမဲလ်၏ ရဲရင့်သော ဆုံးဖြတ်ချက်ဟု ဆိုရပေမည်။ ဗိုလ်ချုပ်ကြီးဝေဘဲလ်ဘက်တွင်လည်း ဘက်မညီသော တပ်ပေါင်းနှစ်တပ်စုပေါင်းအသုံးပြုနေရ၏။ တပ်ပေါင်းတစ်တပ်မှာ တစ်နာရီ ၁၅–၂၀ မိုင်နှုန်းပြေးပြီး၊ မိုင် ၈၀–၁၀၀ အဝေးပြေးနိုင်သော ဂရူဇာတင့်ကားများဖြင့် တပ်ဆင်ထားလျက် ကျန်တပ်ပေါင်းတစ်တပ်မှာ တစ်နာရီ ၅ မိုင်နှုန်း အဝေးပြေးမိုင် ၄၀ အိုင်–အမျိုးအစား တင့်ကားများဖြင့် တပ်ဆင်ထားသည် ဖြစ်လေရာ ထိုတပ်ပေါင်းနှစ်တပ် ပေါင်းစည်းလိုက်သောအခါ လူကြီးတစ်ယောက်နှင့် ကလေးတစ်ယောက်ပေါင်းလျက် သုံးချောင်းထောက်ပြေးသကဲ့သို့ ဘက်မညီဖြစ်နေရရှာသည်။ ထိုသို့သော အခက်အခဲများထဲ၌ ဂျာမန်များလက်ထဲတွင် လက်နက်ဆန်းတစ်ခု ရှိနေ၏။ ၎င်းသည်မှာ အခြားမဟုတ်၊ အလုပ်နှစ်ခုလုပ်နိုင်သော ၈၈ မီလီမီတာ အမြောက်ကြီးများပင် ဖြစ်ပါ၏။

ထိုအမြောက်ကြီးများသည် လေယာဉ်ပစ်အမြောက်အဖြစ် အသုံးပြုနိုင်သလို ရန်သူသံချပ်ကာကားမှန်သမျှ ထောပတ်ကို ဓားနဲ့ ခွဲခြမ်းလိုက်ဘိသို့ အလွယ်တကူ ပစ်ခွင်းဖြိုဖျက်နိုင်သော တင့်ကားဖျက်အမြောက်အဖြစ်လည်း အသုံးပြုနိုင်၏။ ရွှန်းမဲလ်၏ မှတ်တမ်းများတွင် ၎င်းအမြောက်ကြီးများကို အာရပ်စ်အနီး ဗြိတိသျှများနှင့် ဖြစ်ပွားခဲ့သည်တိုက်ပွဲတွင် အသုံးပြုခဲ့ကြောင်း ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။ (*ဂျာမန် ၈၈ မီလီမီတာ အမြောက်များမှာ ထုထည် ၂၁ ပေါင် သံချပ်ကို ထွင်းဖောက်နိုင်စွမ်းရှိပြီး အသံထက် လျင်မြန်သော ကျည်သွားနှုန်းရှိ၏။ တင့်ကားတစ်စင်းကို ကိုက် ၃၀၀၀ မှ အလွယ်တကူ ဖျက်ဆီးနိုင်၏။ ထိုအကွာအဝေးမှာ ဗြိတိသျှများ လက်ဝယ်ရှိသော တင့်ကားဖျက် အမြောက်များထက် သုံးဆသာလွန်သည်။ လေထုအတွင်း ပေါက်ကွဲမှုမှာ မြေပြင်မှ ပေအနည်းငယ် အထက်တွင် ပေါက်ကွဲသဖြင့် ခြေလျင်တပ်များကို ပိုင်ပိုင်နိုင်နိုင် ပုံကွဲပေးနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တွေ့ကြုံခဲ့သူတစ်ယောက်၏ ပြောပြချက်အရ ဆိုပါမူ တစ်ချိန်တွင် ၈၈ မီလီမီတာ အမြောက်တစ်လက်တည်းနှင့် ရန်သူ့သံချပ်ကာ အုပ်စုကြီး တစ်စုကို နာရီအငေါ်ကြာ ထိန်းထားနိုင်သည်ဟု သိရ၏။ အဲလ်အာလမိန် စစ်ပွဲအစတွင် ဂျာမန်များလက်ထဲ၌ ၈၈ မီလီမီတာ အမြောက် ၈၆ လက် ရှိသည်ဟု မှတ်တမ်းများတွင် တွေ့ရသည်။)*

"စစ်ပုဆိန်စစ်ဆင်ရေး"ဟု အမည်တပ်ထားသော ဆိုင်ရင်နီးကား ပြန်လည်သိမ်းပိုက်ရေးတိုက်ပွဲတွင် ပထမပိုင်း၌ ဗြိတိသျှ ပဏာမ အောင်ပွဲကလေးများ ရရှိပြီး အရေးနိမ့်သွားကြ၏။ ထိုတိုက်ပွဲတွင် ဗြိတိသျှများဘက်မှ တင့်ကား ၁၀၀ မျှ ဆုံးရှုံးရ၏။

တိုက်ပွဲအပြီးတွင် နှစ်ဖက်စလုံး အားဖြည့်ရင်းဖြင့် ကျန်သော နွေလများကို ဆိတ်ငြိမ်စွာ ကုန်လွန်စေခဲ့ကြ၏။

ယင်းသို့ နှစ်ဖက် အပြိုင်အားဖြည့်ရာတွင် ရွှန်းမဲလ်ဘက်မှ တစ်ပန်းရှုံးနေရ၏။ အဘယ့်ကြောင့်ဟူမူ ဘာလင်မြို့တွင်းရှိ ပလ္လင်ပေါ်မှ စစ်သားများက ရပ်ရှင်း စစ်မျက်နှာတွင်သာ အာရုံစိုက်နေကြပြီး မြောက်အာဖရိက စစ်မျက်နှာကို လုံးဝ ဥပေက္ခာပြုထားခြင်းကြောင့် ဖြစ်၏။ စစ်ဦးစီးအဖွဲ့၏ အကြံမှာ နောက်ဆုံးတိုက်စရာရှိလျှင် စူးအက်တူးမြောင်းသာမက အီရန်အထိပင် တိုက်မည်ဟု ရည်ရွယ်ထား၏။ သို့သော် လောလောလတ်လတ်တော့ မဟုတ်သေးပေ၊ ရုရှားပြည်ကျပြီးမှ တိုက်မည်ဖြစ်၏။

ထိုအချိန်ကျမှပင် အန်နာတိုလီးယားနှင့် ကောကေးစပ်စ်နယ်ဘက်မှ ဖြတ်တိုက်သွားမည်ဟု ရည်ရွယ်ထား၏။ ထို့ကြောင့် လစ်ဗီယာတွင်ရှိသော ဂျာမန်တပ်များအနေနှင့် ဇာတ်ရံအဖြစ်သာ ကပြရမည်ဖြစ်သဖြင့် နောက်ထပ် တပ်မသစ်များ ရရှိရန် မျှော်လင့်ချက်မရှိသော အခြေအနေမျိုးတွင် ရှိနေ၏။ ထို့ကြောင့် လက်ရှိအခြေအနေတွင် မော်လတာကျွန်းကို စစ်မဆင်ဘဲနှင့် တပ်ထောက်ပံ့ရေးပြဿနာကို မဖြေရှင်းနိုင်သဖြင့် ရွှန်းမဲလ်လုပ်နိုင်သော အလုပ်မှာ တိုဗရပ်ကို သိမ်းပိုက်ထားရန်ပင် ကျန်ရှိတော့၏။ တိုဗရပ် ကျလျှင်လည်း အီဂျစ်အထိ ဆက်ချီရန်မလိုဘဲ ဆိုလမ်တွင် တပ်နားထားရမည်

* C.E.Lucas Phillips ၏ ALAMEIN မှ ထုတ်နုတ်ပြန်ဆိုသည်။ (စာမျက်နှာ ၄၁)



ဖြစ်ပြီး တိုဗရပ်ကို သိမ်းပိုက်၍ မအောင်မြင်လျှင်မူ ဂါဇလာတွင် တပ်ဆုတ်နေရမည် ဖြစ်သည်။

ဗြိတိသျှနှင့် ဂျာမန်စစ်ရေး ပါရဂူများကို ရွှန်းမဲလ်အား မကြာခဏ စစ်အခွင့်ရေးသမား ဟူ၍လည်းကောင်း၊ သေနင်္ဂဗျူဟာကို စိစစ်ပိုင်းခြားနိုင်သည့် အရည်အချင်းမရှိသော နည်းပရိယာယ်သမားသက်သက် ဟူ၍လည်းကောင်း ယိုးစွပ်ခဲ့ကြ၏။

အချို့ကလည်း ရွှန်းမဲလ်သည် ပရိယာယ်ခန်းတွင် ကဝိတစ်ဆူမျှ တတ်မြောက်ပြီး သေနင်္ဂဗျူဟာပိုင်းတွင် စစ်တရားကိုယ်အကျယ်မျှ နားမလည်သောသူ ဖြစ်သည်ဟူ၍လည်း ဆိုကြ၏။ သို့သော် ထိုစွပ်စွဲချက်များအနက် နည်းပရိယာယ်သမားဖြစ်သည်ဟူသည့် ယိုးစွပ်ချက်မှာ မှန်ကောင်းမှန်မည်ဖြစ်သော်လည်း သေနင်္ဂဗျူဟာ တရားကိုယ်အကျယ်မျှ နားမလည်သောသူဟုသည့် ယိုးစွပ်ချက်မှာ များစွာသံသယဖြစ်ဖွယ်ရှိ၊ ထိုစစ်အတတ်များ မကျွမ်းကျင်ပါမူ ရွှန်းမဲလ်အား အဘယ့်ကြောင့် ပို့(စ်)ဒမ်စစ်တက္ကသိုလ်တွင် သင်တန်းဆရာအဖြစ် ခန့်အပ်ခဲ့ပါသနည်းဟူ၍ စောဒကတက်စရာ ပေါ်လာပေသည်။ ပို၍ အံ့ဩဖွယ်ကောင်းသည်မှာ စစ်တက္ကသိုလ်သို့ စတင်တက်ရောက်စဉ် စစ်အတတ် မကျွမ်းကျင်သေးစေကာမူ သင်တန်းနှစ်များအတွင်း အနည်းနှင့်အများ မသင်ကြားနိုင်ပေဘူးလောဆိုသည့်အချက်ပင် ဖြစ်သည်။

ရွှန်းမဲလ်၏ စစ်အတတ်နှင့်ပတ်သက်၍ ၎င်း၏ စစ်ရေးသုံးသပ်ချက်များကို ကြည့်ခြင်းဖြင့်ပင် စစ်ပါရဂူများထက် အမြော်အမြင်ရှိသောချက်များကို ... သုံးသပ်ချက်များကို သုံးကြောင်းတွေ့ရပေသည်။ ထိုသုံးသပ်ချက်မှာ ၁၉၄၁ ခုနှစ်၊ ဇူလိုင်လတွင် စစ်ဦးစီးအဖွဲ့သို့ တင်ပြခဲ့သော စူးအက်တူးမြောင်းကို သိမ်းပိုက်ရမည်ဟူသည့် စစ်ရေးသုံးသပ်ချက်ပင် ဖြစ်သည်။ ဗိုလ်ချုပ်ရောဘင်စတိမ်၏ ပြောပြချက်အရ ရွှန်းမဲလ်၏ စစ်ဆင်ရေးစီမံကိန်းတွင် စူးအက်တူးမြောင်းသာမက ဘတ်စရာမြို့အထိပင် ချီတက်တိုက်ခိုက်ရန် ရေးဆွဲထားသည်ကို တွေ့ခဲ့ရသည်ဟု ဆိုလေသည်။

ထိုသို့ ရွှန်းမဲလ် ဘတ်စရာမြို့အထိ ချီရန် ရည်ရွယ်သည်မှာလည်း ပါရှင်းပင်လယ်ကွေ့မှတစ်ဆင့် ရုရှားပြည်သို့ ထောက်ပံ့နေသော အမေရိက...

www.burmeseclassic.com



ထောက်ပံ့ရေးလမ်းကြောင်းများကို ဖြတ်တောက်ရန်ဖြစ်သည်ဟု ဆို၏။

ရွှန်းမဲလ်သည် မြောက်အာဖရိက စစ်မျက်နှာနှင့် ရုရှားစစ်မျက်နှာများတွင် အောင်ပွဲခံနိုင်လျှင် တူရကီကို ဂျာမန်ဘက်ပါလာအောင် အလွယ်တကူ သိမ်းသွင်းယူနိုင်လိမ့်မည်ဟု ယုံကြည်ထားသော်လည်း ၎င်း၏ကိုယ်ပိုင်ထောက်ပံ့ရေးလမ်းကြောင်းကိုမူ စစ်ဆင်ရေး ပဏာမပိုင်းပြီးလျှင် ဆီးရီးယားမှ ဖြတ်သယ်ရန် ရည်ရွယ်ထားလေသည်။ တူရကီကိုလည်း မိမိဘက်ပါအောင် သိမ်းသွင်းနိုင်လျှင် သိမ်းသွင်း၊ မသိမ်းသွင်းနိုင်လျှင် တူရကီအတိုက်ခံရပြီး ပြိုလဲမည်ဟု တွက်ချက်ထား၏။

အကယ်၍ တစ်ဦးတစ်ယောက်က ရွှန်းမဲလ်၏ စစ်ရေးစီမံကိန်းကို တစ်ပိုင်းတစ်စ ဖတ်ပြီးနောက် စိတ်ကူးယဉ်စီမံကိန်းဟု ဝေဖန်သော ဂျာမန်စစ်ဦးစီးအဖွဲ့၏ ဝေဖန်ချက်နှင့် အယူအဆ တစ်ထပ်တည်းကျနေလျှင် ဗိုလ်ချုပ် အော့ချင်လက်၏ ၁၉၄၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၁၉၄၂ ခု၊ ဩဂုတ်လ ၁၅ ရက်နေ့အတွင်း အရှေ့မဇ္ဈိမအရေးအခင်းများကို ရေးသားထားသည့် စာတမ်းကိုဖတ်ပါဟူ၍ပင် တိုက်တွန်းရပေမည်။ ထိုအခါ ဝေဖန်လိုသူသည် ဗြိတိသျှတပ်များအနေနှင့် ဗီရှီပြင်သစ် လက်နက်ချပြီးနောက်ပိုင်းတွင် ဆီးရီးယားကို အင်အားမည်မျှနှင့် ထိန်းသိမ်းထားခဲ့ရသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး အီရတ်နှင့်အီရန်တွင် ဗြိတိသျှ အင်အားမည်မျှသာရှိကြောင်း သိရှိပေမည်။

ထို့ပြင် ၁၉၄၂ ခုနှစ် နွေနှောင်းကာလတွင် ဆိုက်ပရပ်စ်ကျွန်းကို လေကြောင်းချီတပ်များဖြင့် အချိန်မရွေး သိမ်းပိုက်နိုင်ကြောင်း မြင်ရပေမည်။ ဗိုလ်ချုပ်ကြီးအော့ချင်လက်သည် မိမိ၏ မြောက်ဘက်တောင်ပံအတွက် မည်မျှစိုးရိမ်ခဲ့ရကြောင်းနှင့် ကော့ကေးစပ်(စ်)ဘက်မှ တိုက်ခိုက်လာမည့်ရန်ကို လည်း မည်မျှစိုးရိမ်ခဲ့ရကြောင်း တွေ့မြင်ရမည်လည်း ဖြစ်၏။

သို့သော် မည်သည့်ဘက်မှ တိုက်ခိုက်လာသည်ဖြစ်စေ မြေပြင်ပေါ်တွင် ရှိသော ဗြိတိသျှတပ်များ၏ အင်အားအခြေအနေမှာ ချို့တဲ့လွန်းသောကြောင့် ရင်ဆိုင်နိုင်ရန် အင်အားမရှိချေ။ တစ်ဖန် ပရပ်ရှင်းပင်လယ်ကွေ့မှ ရုရှား ပြည်တွင်းသို့ ပေးပို့နေသော အမေရိကန် ထောက်ပံ့ရေးအခြေအနေ ဂဏန်း အရေအတွက်ကိုလည်း အမှတ်ရဖို့လိုပေသည်။



မော်လတာကျွန်းကို မသိမ်းပိုက်ဘဲ ထားသည်မှာ မိမိ နားလည်၍ မရကြောင်း၊ ရွှန်းမဲလ်က သူ့စစ်ဦးစီးများအား မကြာခဏ ပြောပြတတ်ပြီး သူ့ဇနီးသည်ရှေ့တွင်လည်း ညည်းညူလေ့ရှိသည်ဟု ဆိုသည်။ မော်လတာကျွန်းသိမ်းရေးတွင် ရွှန်းမဲလ်၏ သုံးသပ်ချက်မှာ ၁၉၄၁ ခုနှစ် နွေရာသီအတွင်း မော်လတာကျွန်းအား မိုင်းလုံးများ အသုံးပြုလျက် လေကြောင်းချီတပ်များဖြင့် အလွယ်တကူ သိမ်းယူနိုင်ကြောင်း တွက်ချက်ထားပြီးဖြစ်၏။

မော်လတာကျွန်း အရေးကို ရွှန်းမဲလ် အထူးစိတ်ဝင်စားလာခဲ့ရခြင်းမှာ ဩဂုတ်လတွင် ထောက်ပံ့ရေးပစ္စည်းများ ၃၅ ရာခိုင်နှုန်း ရေထဲနစ်မြုပ်မြင်းခံရပြီး အောက်တိုဘာလတွင် တပ်ကူလာသော တပ်များမှ ၆၃ ရာခိုင်နှုန်းသော တပ်ကူများ နစ်မြုပ်ခံလိုက်ရခြင်းကြောင့်ပင် ဖြစ်သည်။

၁၉၄၁ ခုနှစ်အကုန်တွင် ၇၅ ရာခိုင်နှုန်းခန့် နစ်မြုပ်ခြင်း ခံလာရပြန်သောအခါ ဘာလင်မြို့တွင်ရှိသော စစ်ဦးစီးအဖွဲ့သည် မျက်ပြူးဆန်ပျာလန့်ဖျပ်ကြည့်ဖော်ရလာပြီး မြေထဲပင်လယ်ကို လွှမ်းမိုးနိုင်ရန်အတွက် မော်လတာကျွန်း၏ အရေးပါပုံကိုလည်း သိသွားခဲ့လေတော့သည်။ ထိုသို့မြင်လာသည်၏ အရေးယူမှုကား 'ယူ' အမျိုးအစား ရေယာဉ်များနှင့် ရေပြင်ပေါ်ပြေး အပေါ့စားစစ်ရေယာဉ်ငယ်ကလေးများကို ပို့လိုက်ပြီး စစ်စလီမှ လုပ်ဝ့စ်လေတပ်ကိုလည်း အင်အားဖြည့်ပေးခဲ့သည်။ ထိုအရေးယူမှု၏ ရလဒ်မှာကား ၁၉၄၂ ခုနှစ် ရွှန်းမဲလ်တိုက်စစ်ဆင်ရန် ပြင်ဆင်သောအခါ မြေထဲပင်လယ် အလယ်ပိုင်းကို ဝင်ရိုးတန်းအင်အားစုက စိုးမိုးနိုင်လျက် ရှိနေပေပြီ။ (ထိုသို့ မြေထဲပင်လယ် အလယ်ပိုင်းကို ဝင်ရိုးတန်းအင်အားစုပိုင်အဖြစ်သို့ ပြောင်းလဲနိုင်ခဲ့ခြင်းကို ဂုဏ်ပြုလိုလျှင် အဲလစ်ဇင်းထရီးယား ဆိပ်ကမ်းကို ရွှန့်စားသွားရောက်ပြီး နစ်စီးတည်းသော ဗြိတိသျှ စစ်ရေယာဉ်များဖြစ်ကြသည့် ကွင်းအဲလ်လစ်ဇဘက်နှင့် ဗေလင့်ကို ဆိပ်ကမ်းကပ်လျက်ရှိစဉ် သွားရောက်နစ်မြုပ်ခဲ့သော အီတာလျံလူငယ်နစ်ယောက်ကိုလည်း ပူးတွဲဂုဏ်ပြုရပေမည်။)

ရွှန်းမဲလ်သည် ထပ်တလဲလဲ တောင်းဆိုနေသည့် တပ်မများကို မပေးဘဲ ဥပေက္ခာပြုထားသဖြင့် အချိန်နှောင်းခဲ့ရလေသည်။ စစ်အာဏာပိုင်အဖွဲ့သည် ရွှန်းမဲလ်တောင်းသော အပိုတပ်မများကို မပေးရုံမျှမက ပေးရ

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ကြိမ်မှစိတ်မကူးခဲ့ချေ။ မော်လတာကျွန်းကို ကြားနေ စခန်းအဖြစ် ပြုလုပ်နိုင်ပြီဖြစ်သော်လည်း ရေတပ်စခန်းအဖြစ် အသုံးမပြုနိုင်တော့ဟု သဘောပိုက်ကာ မော်လတာကျွန်းကို သိမ်းပိုက်ရန် စိတ်ကူးမျှပင် မကူးခဲ့ကြတော့ပေ။

သို့သော် ၁၉၄၂ ခုနှစ်၊ ဧပြီလသို့ ရောက်သောအခါတွင်မူ ရေတပ်ဗိုလ်ချုပ်ရေဒါ၏ အပူတပြင်း တိုက်တွန်းမှုကြောင့် မူဆိုလိုနီနှင့် ညှိနှိုင်းအပြီးတွင် ဟစ်တလာသည် မော်လတာကျွန်းကို ဂျာမန်–အီတာလျံ လေထီးတပ်များအား အသုံးပြုလျက် ရုတ်တရက် ထိုးစစ်ဆင်ရန် ခွင့်ပြုခဲ့လေတော့သည်။ (မော်လတာကျွန်း စစ်ဆင်ရေးကို ဟာကျူလီ စစ်ဆင်ရေးဟု အမည်တပ်သည်။)

မော်လတာကျွန်း စစ်ဆင်ရေးမှာ နှစ်ကြိမ်မျှပင် ရွှေ့ဆိုင်းခဲ့ရ၏။ ဇူလိုင်လဦးတွင် တိုက်ခိုက်တော့မည့်ဆဲဆဲ၌ အီဂျစ်ပြည်ကို သိမ်းပိုက်ပြီးမှ ဟာကျူလီစစ်ဆင်ရေးကို ဆက်လက် အကောင်အထည်ဖော်ရန် တတိယအကြိမ် ရွှေ့ဆိုင်းလိုက်၏။ ထိုသို့ ဟာကျူလီ စစ်ဆင်ရေး မကြာခဏ ရွှေ့ဆိုင်းနေသော်လည်း ဟစ်တလာသည် အီတာလျံများကိုလည်းကောင်း၊ သူ၏ ရေကြောင်းဗိုလ်ချုပ်များကိုလည်းကောင်း တိုင်ပင်ခြင်း မပြုခဲ့ချေ။ သို့သော် ဂျိုဒ်လ်၊ ကီးတဲလ်တို့နှင့်မူ တိုင်ပင်ကောင်းတိုင်ပင်မည်ဟု ယူဆနိုင်ပါ၏။

တိုပရပ်ကို တိုက်ရာတွင်လည်း လွယ်လွယ်ကူကူနှင့် တိုက်ခွင့်မရခဲ့ပေ။ ရွှန်းမဲလ်အနေနှင့် အောက်တိုဘာ သို့မဟုတ် နိုဝင်ဘာလလောက်တွင် တိုက်ရန် ဆန္ဒရှိ၏။ သို့သော် ဟစ်တလာ၊ ဂျိုဒ်လ်နှင့် ကီးတဲလ်တို့ကမူ ၁၉၄၂ ခု၊ ဇန်နဝါရီလမှ တိုက်စေ၏။ ထိုသို့ခွင့်မပြုခြင်းမှာ ရပ်ရှင်းစစ်မျက်နှာတွင် အလုပ်များနေခိုက် မြောက်အာဖရိက အခြေအနေများကို လှုပ်လှုပ်ရှရှ မဖြစ်စေလိုဘဲ နေမြဲတိုင်းပင် ရှိနေစေခြင်းကြောင့် ဖြစ်သည်။ ကိုင်ရိုမြို့နှင့် အဲလစ်ဇင်းဒရီးယားမြို့များတွင် ထားရှိသည့် အီတာလျံ စစ်ထောက်လှမ်းရေးအဖွဲ့မှာ ဂျာမန်များထက် ဝီရိယရှိနေလေရာ မကြာမီ ဆင်နွှဲတော့မည့် ဗိုလ်ချုပ်ကြီး အော့ချင်လက်၏ စစ်ဆင်ရေးကို တင်ကြိုသတင်းရရှိထားခဲ့လေသည်။ အီတာလျံတပ်များကလည်း ရွှန်းမဲလ်လုပ်သမျှ ဆန့်ကျင်လျက်



ရှိကြ၏။ ဂျာမန်ကင်းထောက် လေယာဉ်အုပ်စုသည် မထရုသ်မြို့၏ အနောက်အရပ်မှ အရှေ့သို့ ဆက်လက်တည်ဆောက်နေသည့် မီးရထားလမ်းကို ဓာတ်ပုံရိုက်ကူးပြီး ရွှန်းမဲလ်ထံ တင်ပြလာ၏။ ရွှန်းမဲလ်သည် တင်ပြလာသော ဓာတ်ပုံသတင်းများကို ကြည့်ရှုစစ်ဆေးခြင်းမပြုဘဲ စိတ်ဆိုးမာန်ဆိုးဖြင့် မြေပြင်ပေါ်သို့ လွှင့်ပစ်လိုက်ရင်း "ဒါတွေကို မကြည့်ချင်ဘူး"ဟု အော်ဟစ်ပြောဆိုလိုက်၏။ ထိုအချိန်က ရွှန်းမဲလ် စိတ်ဆိုးပြီး ဓာတ်ပုံသတင်းများကို လွှင့်ပစ်စဉ် ဗိုလ်ချုပ်ကြီး ရေဗင်းစတိန်းမှာလည်း ရွှန်းမဲလ်၏အနီးတွင် ရှိနေခဲ့၏။

ထို့နောက် ရေကြောင်းဗိုလ်ချုပ် ကန်နာရစ်ထံမှ အစီရင်ခံစာတစ်စောင် ရောက်လာပြန်လေသည်။ ထိုအစီရင်ခံစာပါ အကြောင်းမှာ ဂျေရုဆလင်မြို့ စစ်ဆေးရုံတွင် တက်ရောက်ကုသနေသော ဗြိတိသျှစစ်သားကလေးက ဂျာမန်ထောက်လှမ်းရေးဌာန အဖွဲ့ဝင်တစ်ဦးဖြစ်သူ သူနာပြုဆရာမကလေးအား မကြာမီရက်အတောအတွင်း အော့ချင်လက် တိုက်စစ်ဆင်တော့မည်ဖြစ်ကြောင်း ပြောပြလေရာ ထိုသတင်းကို ကြားလိုက်ရသော ဆရာမလေးသည် ချက်ချင်း သက်ဆိုင်ရာ ထောက်လှမ်းရေးဌာနသို့ အစီရင်ခံခဲ့လေ၏။ အခု ရွှန်းမဲလ်ထံ ရောက်ရှိနေသောသတင်းမှာ ထိုသူနာပြုဆရာမလေး၏ သတင်းပေးချက်ကို ပြန်လည်တင်ပြလာခြင်း ဖြစ်၏။

ထိုသတင်းနှင့်ပတ်သက်၍ ခပ်မဆိတ်နေလျှင် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ တိုပရပ် သိမ်းပိုက်ရေးကို ခေတ္တ ရပ်ဆိုင်းထားပြီး စစ်ပြင်လာသည့် အော့ချင်လက်၏ တိုက်စစ်ကို ရင်ဆိုင်ရန် အသင့်ပြင်ဆင်သင့်ကြောင်း ဟစ်တလာနှင့် ဂျိုဒ်လ်က ရွှန်းမဲလ်အား ညွှန်ကြားလာ၏။

သို့သော် ရွှန်းမဲလ်ကမူ တိုပရပ်မြို့ကို အရသိမ်းပိုက်ရန်သာ စိတ်စောနေပြီး တိုက်ရန်လည်း သန္နိဋ္ဌာန် ချထား၏။ ထို့ကြောင့် အထက်အာဏာပိုင်များနှင့် အချေအတင် ဆွေးနွေးရန် ဗွန်ရိုဘင်စတိန်းနှင့်အတူ ရောမမြို့သို့ လေယာဉ်ဖြင့် ထွက်ခဲ့လေသည်။

ရောမမြို့သို့ ရောက်လာသောအခါတွင်မူ ရွှန်းမဲလ်သည် အီတာလျံ–ဂျာမန်ဆက်ဆံရေးအရာရှိအဖြစ် ဆောင်ရွက်နေသူ ရင်တဲလင်၏ရုံးခန်းအတွင်း ယမ်းပုံမီးကျ ဒေါသူပုန်ထလေတော့သည်။ ထိုစဉ်က ဗွန်ရိုဘင်

www.burmeseclassic.com

www.burmeseclassic.com



စတိန်းသည်လည်း ရင်တဲလင်အခန်းထဲတွင် ရှိနေ၏။ ရွှန်းမဲလ်သည် ရင်တဲလင်အား အီတာလျံဘက်တော်သားဟု ကြိမ်းမောင်းပြောဆိုရင်း ရုံးခန်းတွင်းရှိ တယ်လီဖုန်းကို ဆွဲယူလျက် ဘာလင်မြို့ရှိ ဂျိုဒ်လ်ထံ "ခင်ဗျား ကျုပ် တိုပရပ်တိုက်မှာကို လက်လျှော့စေချင်တယ်လို့ ကြားတယ်၊ ဟုတ်သလား၊ ကျုပ်တော့ လုံးဝ ရူးလာပြီ"ဟု ဆိုလိုက်၏။ ဂျိုဒ်လ်က ဗြိတိသျှတို့ ပြင်ဆင်နေသော တိုက်စစ်ကို စကားစဖော်လိုက်သည်။ ထိုသို့ပြောစဉ် ရွှန်းမဲလ်က တိုပရပ်တိုက်နေစဉ်အတွင်း ဗြိတိသျှတို့၏ တိုက်စစ်ကို အမှတ် (၂၁) ပန်ဇာတပ်မဖြင့် ထိန်းထားမည်ဖြစ်ကြောင်း၊ အမှတ်(၂၁) တပ်မမှူးသည် အခန်းထဲတွင် ၎င်းနှင့်အတူ ရှိနေကြောင်း ပြန်လည် ချေပလိုက်သည်။

ဂျိုဒ်လ်လည်း ရွှန်းမဲလ်ပေးလာသောအဖြေကြောင့် သူ့လုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်သည့်သဘောဖြင့် "ခင်ဗျားအစီအစဉ်ဟာ အန္တရာယ်မရှိဘူးလို့ အာမခံနိုင်ပါ့မလား"ဟု အကျပ်ကိုင် မေးခွန်းထုတ်သည်။

"ခင်ဗျားကို ကျုပ်ကိုယ်တိုင် အာမခံချက်ပေးတယ်" ဤကား ရွှန်းမဲလ်၏ တယ်လီဖုန်းခွက်ဖြင့် အော်ဟစ်ပြောဆိုလိုက်သော နောက်ဆုံးစကားပင်တည်း။ ဂျိုဒ်လ်သည်လည်း သူ့အတွက် အကာအကွယ်ယူထားပြီးဖြစ်၍ မရှောင်မလွှဲသာ လက်လျှော့လိုက်ရလေတော့သည်။

နိုဝင်ဘာလ ၂၃ ရက်နေ့ကို တိုပရပ်မြို့ သိမ်းတိုက်ပွဲ စတင်ဆင်နွှဲရန် သတ်မှတ်လိုက်သည်။ ရွှန်းမဲလ်သည် စစ်ဆင်ရေးအတွက် အစစ အသင့်ပြင်ဆင်ပြီး ရောမမြို့တွင် ရှိနေခိုက် ဗွန်ရိုဘင်စတိန်း၏ဇနီးနှင့် ရွှန်းမဲလ်၏ဇနီး ဖရောရွှန်းမဲလ်တို့သည် ခင်ပွန်းသည်နှင့် တွေ့ဆုံရန် ရောမမြို့သို့ ရောက်ရှိလာကြသည်။ သို့နှင့် ရွှန်းမဲလ်သည် သူ၏မွေးနေ့ဖြစ်သော နိုဝင်ဘာလ ၁၅ ရက်နေ့အထိ ရောမမြို့တွင် ဆက်လက်နေရန် ဆုံးဖြတ်လိုက်သည်။

အမျိုးသမီး နှစ်ယောက်မှာမူ ရောမမြို့ကြီးအနှံ့ လှည့်လည်ကြည့်ရှုကြပြီးနောက် အီဒင်ဟိုတယ်ကြီးသို့ နေ့လယ်စာအမီ ပြန်ရောက်လာခဲ့ကြသည်။

သို့လျှင် ဇနီးမောင်နှံနှစ်စုံ ပျော်ရွှင်စွာ ထမင်းလက်ဆုံစားကြရင်း ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လည် စားမြုံ့ပြန်ခဲ့ကြသည်။ ထိုစကား



လက်ဆုံပွဲကြီးတွင် ရွှန်းမဲလ်သည် တစ်လုံးတစ်ပါဒမျှ ဝင်ရောက်ပြောဆိုခြင်းမရှိဘဲ အသာပင် နားထောင်နေရာမှ စကားစလိုက်ပုံကား...

"ဒီမှာ ဗွန်ရိုဘင်စတိန်း ကျုပ်တွေးမိတယ်ဗျ သိလား၊ ခြေလျင်တပ်တွေအတွက် ကျုပ်တို့ တစ်ခုခုလုပ်မှ ကောင်းမယ်ထင်တယ်" သို့လျှင် သနေ့ပါစစ်သားကြီး ရွှန်းမဲလ်သည် ရံဖန်ရံခါမှ တွေ့ခွင့်ရသော ဇနီးသည်နှင့် စကားလက်ဆုံကျနေစဉ်အတွင်းပင် စစ်ရေးရာ၌သာ စိတ်စောနေတတ်သည်ကို သာတွေ့ရပြီး ပုဂ္ဂလိက အားလပ်ချိန်ကလေးကိုပင် မျက်မှောက်ပြုနေရသော စစ်ပွဲကြီး၌ မြှုပ်နှံထားတတ်သည်ကိုလည်း တွေ့ရပါ၏။

ရွှန်းမဲလ်သည် ယင်းသို့ ရောမမြို့တွင် ရောက်ရှိနေပြီး ဆိုင်ရင်အနီး ဘီဒါးလစ်တိုးရီးယားတွင် ရုံးစိုက်ထားသော ဌာနချုပ်၌ မရှိခဲ့ခြင်းကြောင့်သာ အသက်ဘေးမှ ချမ်းသာရာရခဲ့သည်ဟု ဆိုရိုးစကားတစ်ခု ပေါ်ထွက်ခဲ့ဖူးလေသည်။ ထိုအဖြစ်အပျက်၏ ဇာတ်လမ်းအကျဉ်းကား ဤသို့တည်း။

"ဗိုလ်မှူး ဂျိဖြေဖရီကီး ခေါင်းဆောင်သော ဗြိတိသျှကော်မင်ဒိုတစ်စုသည် ရေငုပ်သင်္ဘောမှ ကမ်းပေါ်သို့တက်လာကြပြီး ကမ်းပေါ်တွင် အသင့်စောင့်နေသော ဂျွန်ဟက်စ်ဆဲလ်ဒန်၏ ဦးဆောင်မှုဖြင့် ဌာနချုပ်ဝင်းအနီးသို့ တိတ်တဆိတ် ချဉ်းကပ်ခဲ့ကြသည်။ ကော်မင်ဒိုတစ်စု၏ ဦးတည်ချိတက်နေသည့် အမှတ်မှာ ဌာနချုပ်ဝင်းအတွင်းမှ အရာရှိများနေသော တန်းလျားနောက်ဘက်တွင်ရှိသည့် ရွှန်းမဲလ်၏ နေအိမ်ဖြစ်ပြီး ၎င်းတို့၏ ပစ်မှတ်မှာ ရွှန်းမဲလ်နှင့် စစ်ဦးစီးအဖွဲ့ဝင်များဖြစ်သည်။ သန်းခေါင်ယံတွင် ကီးသည် ကော်မင်ဒို ကမ်းဘဲလ်နှင့် တယ်ဒီကိုခေါင်းဆောင်ကာ ရွှန်းမဲလ်၏ အိမ်တံခါးကို ထုနက်ရင်း ဂျာမန်ဘာသာဖြင့် အော်ဟစ်တံခါးဖွင့်ခိုင်းနေ၏။ တံခါးပေါက်တွင် အစောင့်ကျနေသောစစ်သားသည် ဂျာမန်ဘာသာဖြင့် အော်ဟစ်နိုးနေသော ဧည့်သည်များကို တံခါးဖွင့်ပေးလိုက်စဉ် ကော်မင်ဒိုများက ပွင့်လာသောတံခါးအတိုင်း တစ်ရှိန်ထိုး ပြေးဝင်သွားကြပြီး အစောင့်စစ်သား၏လက်နက်ကို သိမ်းယူလိုက်ကြသည်။ ယင်းသို့ ရုတ်ရုတ်သဲသဲဖြစ်သွားခိုက် ဆူဆူညံညံ ထွက်ပေါ်လာသော အသံများကြောင့် ဂျာမန်အရာရှိနှစ်ယောက် တံခါးပေါက်သို့ ပြေးတက်လာသည်တွင် ကော်မင်ဒိုအဖွဲ့က ပစ်သတ်လိုက်ကြသည်။ ထိုသို့ သေနတ်သံများ ထွက်ပေါ်လာသည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအတွင်းပင် တစ်အိမ်လုံး မီးငြိမ်းမှောင်ကျသွားပြီး တစပြင်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သွားတော့၏။ ကီးသည် အနှောင့်အယှက် ကင်းရှင်းသွားပြီအထင်နှင့် အိမ်အောက်ထပ်ကို စတင်ရှာဖွေလိုက်သည်။ ကီး ပထမဦးဆုံး တွေ့သောအခန်းမှာ အခန်းလွတ်ဖြစ်ပြီး အခန်း၏ တစ်ဖက်တွင်မူ မှောင်နှင့်မည်းမည်း ဖြစ်နေ၏။ ကီးသည် အမှောင်ထုထဲသို့ တိုးဝင်သွားရန် ခြေလှမ်းလိုက်သည်နှင့်အတူ သေနတ်သံများ ရုတ်တရက် ဆူညံမြည်ဟီး ထွက်ပေါ်လာပြီး ပုံလျက်လဲကျသွားလေတော့သည်။ ထိုတိုက်ပွဲတွင် ကင်းဘဲလ်လည်း ကျည်သင့်ခံရပြီး သုံ့ပန်းအဖြစ် အဖမ်းခံလိုက်ရသည်။ တယ်ဒီတစ်ယောက်သာလျှင် လွတ်မြောက်သွား၏၊ ကော်မင်ဒိုအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးကီးကိုမူ ရွာ၏မြောက်ဘက် မိုင်အနည်းငယ်ခန့်အကွာ တောင်ကမူတစ်ခုပေါ်မှ ထိုတိုက်ပွဲတွင် ကျဆုံးသော ဂျာမန်အရာရှိလေးယောက်နှင့်အတူ မြှုပ်နှံလိုက်ကြသည်။ (ဗိုလ်မှူး ကီးအား ထိုတိုက်ပွဲအတွက် ဗစ်တိုးရီးယားခရော့ ဆုတံဆိပ်များ ချီးမြှင့်ခြင်း ခံရသည်) (ကွယ်လွန်ပြီးမှ) ထိုတိုက်ပွဲတွင် ဂျွန်ဟက်ဆဲလ်ဒန်လည်း ကျဆုံးလေသည်။"

ထိုသို့ ဗြိတိသျှ ကော်မင်ဒိုများ ဘီဒါလစ်တိုးရီးယားဌာနချုပ်ကို အလစ်ဝင်ရောက်စီးနင်းစဉ် ရွန်းမဲလ် ရောမမြို့၌ ရှိနေသည်ဟူ၍ အထက်တွင်ဆိုခဲ့၏။ ဆိုခဲ့သည့်အတိုင်း မမှန်သည့်တိုင် ကော်မင်ဒိုများ၏ လုပ်ကြံမှုကို ရွန်းမဲလ် အမိခံလိုက်ရမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကော်မင်ဒိုများ ရွန်းမဲလ်၏ ဌာနချုပ်အထင်ဖြင့် ဝင်ရောက်စီးနင်းလိုက်သည့် ဌာနချုပ်မှာ စင်စစ် ရွန်းမဲလ်၏ စစ်ဦးစီးအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဗိုလ်မှူးကြီး အိုတို ရုံးထိုင်သော ဌာနချုပ်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ရွန်းမဲလ်၏ ဌာနချုပ်မှာမူ ဒါဘာမြို့အနောက်ဘက်ရှိ သဲကန္တာရထဲတွင် ရှိ၏။ ဗိုလ်မှူးကြီး အိုတို၏ ဌာနချုပ်သို့ မကြာမကြာ လာတတ်သော်လည်း မည်သည့်အခါမျှ ညဉ့်အိပ် ညဉ့်နေ ပြုတတ်သည်မရှိချေ။ အာရပ်များပေးသည့် မမှန်ကန်သော သတင်းကြောင့် ဗြိတိသျှများ ရွန်းမဲလ်အား လုပ်ကြံရေးအစီအစဉ် မအောင်မြင်ခဲ့ခြင်းပင် ဖြစ်သည်။

❑

## ခရူးဆိတ်ဒါစစ်ဆင်ရေး

ဗြိတိသျှများ၏ ကော်မင်ဒို လူသတ်အဖွဲ့က ရွန်းမဲလ်အား အငိုက်မဖမ်းနိုင်ခဲ့ကြသော်လည်း ဗိုလ်ချုပ်ကြီး အော့ချင်လက်၏ တိုက်စစ်ဖြစ်သည့် ခရူးဆိတ်ဒါ စစ်ဆင်ရေးကမူ ရွန်းမဲလ်တပ်များကို အမှန်ပင် အငိုက်ဖမ်းလိုက်ပါ၏။

နိုဝင်ဘာလ ၁၈ ရက်နေ့ အရုဏ်ကျင်းချိန်တွင် ဗြိတိသျှသံချပ်ကာတပ်ပေါင်းများသည် တပ်ဦးဖြန့်လျက် စပိန်နယ်စပ်မှ ဖြတ်ထွက်လာကြပြီး ကြိုတင်သတ်မှတ်ထားသည့် ရှေ့တန်းစစ်မျက်နှာသို့ အပြင်းမောင်းနှင် ဝင်ခဲ့ကြသည်။

ခရူးဆိတ်ဒါ စစ်ဆင်ရေးသည် ဗြိတိသျှ အမှတ်(၈) တပ်မတော်၏ ပွဲဦးထွက် တိုက်ပွဲလည်းဖြစ်သကဲ့သို့ အကြီးစား အောင်ပွဲကြီး မုချခံနိုင်လိမ့်မည်ဟု သံသယမရှိ ယုံကြည်ထားသော တိုက်ပွဲကြီးလည်း ဖြစ်သည်။

ခရူးဆိတ်ဒါ စစ်ဆင်ရေးကို ဗြိတိသျှတို့ မည်မျှမျှော်လင့်ထားခဲ့ပါသနည်းဟူမူ ချာချီကပင် ယင်းစစ်ဆင်ရေးကြီးသည် ဘာလင်ဟိန်စစ်ပွဲနှင့် ဝါတာလူး စစ်ပွဲကြီးများကဲ့သို့သော အောင်ပွဲကြီးများ ရလိမ့်မည်ဟု မျှော်လင့်ထားပြီး ခရူးဆိတ်ဒါ စစ်ဆင်ရေးနှင့်ပတ်သက်၍ ဤသို့လည်း ဝေဖန်ပြောဆိုခဲ့ဖူးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခရူးဆိတ်ဒါ စစ်ဆင်ရေးကို မျှော်လင့်ချက် ကြီးမားစွာ ထားရှိခဲ့ပေမဲ့ မျှော်လင့်သလို အပြည့်အဝ မအောင်မြင်ခဲ့ဘဲ အရှုံးနဲ့ နိဂုံးချုပ်ခဲ့ရပါတယ်။ ဒါပေမဲ့ အဲဒီစစ်ဆင်ရေးကြီးမှာ လုံးဝ အောင်ပွဲခံလုနီးနီး ဖြစ်ခဲ့ရတယ်ဆိုတာ ကိုယ်တိုင်ကိုယ်ကျ တိုက်ပွဲဝင်ခဲ့ရတဲ့ အမှတ်(၈) တပ်မတော်ကကာယကံရှင် တပ်သားတွေကလွဲရင် အပြင်လူအနေနဲ့ သိကြမယ် မဟုတ်ပါဘူး။ စစ်ပွဲတစ်ပွဲမှာ အရှုံးအနိုင်ကိုသာ အဓိကထားပြီး အသိအမှတ်ပြုကြမြဲ ဖြစ်လေတော့ ခရူးဆိတ်ဒါ စစ်ဆင်ရေး ဘယ်ရွေ့ဘယ်မျှအထိ အောင်မြင်ခဲ့တယ်ဆိုတာ အဲလ်အာလမိန်တိုက်ပွဲရဲ့ အရှုံးအမြတ်စာရင်းနဲ့ ချိန်ထိုးပြီး ဒုက္ခခံကြည့်မယ့်လူ ရှားပါးပါလိမ့်မယ်" မစ္စတာချာချီသည် အာလ်အာလမိန်တိုက်ပွဲနှင့် ခရူးဆိတ်ဒါ စစ်ဆင်ရေးများမှ အရှုံးအမြတ်စာရင်းများကို ဤသို့တင်ပြပြီးနောက် တစ်ဆက်တည်းတွင်ပင် ၁၉၄၁ ခုနှစ် တိုက်ပွဲတွင် (ခရူးဆိတ်ဒါ) ဂျာမန်တင့်ကားများကို ယှဉ်နိုင်သည့် တင့်ကားတစ်စီးတလေမျှ မရှိကြောင်း၊ ရှိသမျှ တင့်ကားများသည်လည်း နှစ်ပေါင်ဒါ အမြောက်ကလေးများသာ တပ်ဆင်ထားသဖြင့် ဂျာမန် မတ် ၃၊ မတ် ၄ တင့်ကားများကို ထိထိရောက်ရောက် ဒုက္ခပေးနိုင်စွမ်း မရှိကြောင်း၊ ထိရောက်အောင် ပစ်ခတ်လိုလျှင် ရန်သူတင့်ကားများနှင့် ကိုက် ၈၀၀ အထိ အနီးကပ်ချဉ်းနင်းဝင်ပြီး ပစ်ရမည်ဖြစ်ကြောင်း၊ သို့သော် ယင်းသို့ ချဉ်းနင်းမဝင်နိုင်မီမှာပင် ၅၀-၇၅ မီလီမီတာနှင့် (လေးပေါင်ဒါ) အမြောက်များဖြင့် မလွဲမသွေ ပစ်ခတ်ချေမှုန်းခြင်း ခံရမည်ဖြစ်ကြောင်း ပြောဆိုခဲ့လေသည်။ (ထိုတိုက်ပွဲ၏ အရှုံးအမြတ်စာရင်းတွင် ဂျာမန်-အီတာလျံ ၁၀၀၀၀၀ အနက် ၆၀၀၀၀ ခန့် ဖမ်းဆီး၊ ပျောက်၊ ကျဆုံးလျက် ထိုသူများထဲတွင် ဂျာမန် ၂၀၀၀ ပါဝင်လေသည်။ အမှတ်(၈) တပ်မတော် အင်အား ၁၁၈၀၀၀ အနက် ၁၈၀၀၀ ဖမ်းဆီး၊ ပျောက်၊ ကျဆုံးခဲ့သည်။)

ထိုသို့ မမျှတသော လက်နက်အင်အားဖြင့် အဘယ်ကြောင့် ဗိုလ်ချုပ်အော့ချင်လက် တိုက်စစ်ဆင်ရသနည်းဟု မေးစရာရှိပါ၏။ (ဗိုလ်ချုပ် အော့ချင်လက်သည် မူလက သံချပ်ကာတပ်မ သုံးတပ်နှင့် တိုက်စစ်ဆင်ရန် စီမံကိန်းများ ရေးဆွဲထားသော်လည်း လက်တွေ့ တိုက်စစ်ဆင်သည့်အခါတွင်မူ သံချပ်ကာတပ်မ(၁) တပ်ခွဲဖြင့်သာ တိုက်စစ်ဆင်ရ၏။) ပထမအချက်



မှာ ဝင်ရိုးတန်းအင်အားစုတပ်များ ဆိုင်ရင်နီးကားတွင် ရှိနေသမျှ အီဂျစ်ပြည်သည် အမြဲတစေ ခြိမ်းခြောက်ခံနေရပြီး ဂျာမန်တပ်များ ကော့ကေးစပ်(စ်)ဘက်မှ ဖြတ်လျက် မိမိ ညာတောင်ပံအား တိုက်မည်ကိုလည်း စိုးရိမ်နေရ၏။ ဒုတိယအချက်မှာ လန်ဒန်အစိုးရက မြောက်အာဖရိက စစ်ပွဲကြီးကို အမြန်ဆုံးပြီးစီးသွားချင်သည်ဟု ညွှန်ကြားထားခြင်းကြောင့် ဖြစ်သည်။

ဗိုလ်ချုပ်အော့ချင်လက်၏ စစ်ဆင်ရေး အစီအစဉ်မှာ ဗဟိုနှင့်တောင်အရပ်ကို တိုက်ယောင်ပြ၍ တိုပရပ်ကို ထိုးဖောက်ရန် ဖြစ်သည်။ ပထမ ရည်မှန်းချက်မှာ ရွန်းမဲလ်၏ သံချပ်ကာကားတပ်များကို လုံးဝ ချေမှုန်းပစ်ရမည် ဖြစ်သည်။ ရန်သူ၏ အမှတ်(၁၅) ပန်ဇာတပ်မနှင့် အမှတ်(၂၁) ပန်ဇာတပ်မများသည် ရန်သူတပ်မတော်၏ ကျောရိုးအဖြစ် သတ်မှတ်ထားသဖြင့် ထိုတပ်မများကို အဓိကထား၍ တိုက်ခိုက်ရမည်။ ထိုစစ်ဆင်ရေး အစီအစဉ်တွင် ရန်သူ့တင့်ကားများကို မိမိအရေးသာနိုင်မည့် နယ်မြေသို့ မြှူဆွယ်ခေါ်ဆောင်ရန် လိုပေရာ ထိုသည်ကို ဗိုလ်ချုပ်အော့ချင်လက်က တိုပရပ်မြို့ကို ကယ်တင်လိုက်ခြင်းဖြင့် ရန်သူ သံချပ်ကာတပ်များကို မိမိစိတ်ကြိုက် နယ်မြေပေါ်သို့ ခေါ်ဆောင်ပြီးသား ဖြစ်သွားမည်ဟု ယုံကြည်ထား၏။ (တိုပရပ်မြို့ ကယ်တင်ရေးသည် စစ်ဆင်ရေး၏ ပဏာမပိုင်းသာလျှင်ဖြစ်ပြီး ဒုတိယပိုင်း ဦးတည်ချက်မှာ ရွန်းမဲလ်၏ တပ်များအား ဆိုင်ရင်နီးကားမှ အပြီးအပိုင် မောင်းနှင်ထုတ်မည့်အပြင် ထရစ်ပိုလစ်တင်းနီးယားမှာပါ မနေနိုင်အောင် တိုက်ထုတ်ရန် ဖြစ်သည်။) တင့်ကား အဆင့်အတန်းချင်းကွာခြားနေသည့်အတွက် အရည်အချင်းကို အရေအတွက်နှင့် ဖာထေးရန် ဂျာမန်တပ်မတစ်တပ်အား မိမိဘက်မှ တပ်နှစ်တပ်ဖြင့် တိုက်ခိုက်မည်။ မိမိဘက်မှ တပ်မတစ်တပ်ကို ရန်သူတပ် နှစ်တပ်ဖြင့် ရင်မဆိုင်မိစေရန် ရှောင်ရှားမည်။ တိုက်ခိုက်မည့်အချိန်နှင့် တိုက်ခိုက်မည့်နေရာကိုမူ ရန်သူမသိအောင် အထူးလျှို့ဝှက်ထားခြင်းဖြင့် ရန်သူကို အငိုက်ဖမ်းမည် စသည့် စစ်ဆင်ရေး အစီအစဉ်များပင် ဖြစ်သည်။

ထိုစစ်ဆင်ရေးအတွက် စစ်ပြင်မှုများ စီစဉ်ရာတွင် မာထရုတ်နောက်ပိုင်းရှိ မီးရထားလမ်းကို ရှေ့သို့ ၇၅ မိုင် ဆက်ဆောက်၏။ ရေပိုက်လိုင်း တစ်လိုင်းကိုလည်း အဲလ်လစ်ဇင်းဒီရီးယားမြို့မှသည် ရထားလမ်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



မရောက်မီ ၁၀ မိုင်ကွာအထိ ဆက်သွယ်လိုက်ကြ၏။ ဘုရင့် ရေတပ်မတော်နှင့် လေတပ်မတော်က ရန်သူ့ ကုန်းကြောင်း၊ ရေကြောင်း ထောက်ပံ့ရေးလမ်းကြောင်းကို တိုက်ခိုက်ထား၏။ ဘုရင့် လေတပ်မတော်နှင့် သဲကန္တာရအဝေးပြေး အုပ်စုကြီးများ၏ ကြိုးပမ်းမှုကြောင့် ရန်သူ့တပ်များ နေရာချထားပုံအစ စစ်အစီအစဉ်များကို ထောက်လှမ်းရရှိထားပြီး လုံခြုံရေးဌာနနှင့် အုပ်ချုပ်ရေးဌာန၏ ပိရိမှုကြောင့်လည်း ဗြိတိသျှဘက်မှ အရေးကြီးသည့် စစ်သတင်းများ ပေါက်ကြားမသွားစေရန် ထိန်းသိမ်းထားနိုင်ခဲ့ကြ၏။ ဤသို့ဖြင့် ရန်သူကို အငိုက်ဖမ်းရန် စစ်ရေးအစီအစဉ်များ အစစ အသင့်ဖြစ်သွားလေတော့သည်။

ထိုတိုက်ပွဲကို နှစ်ဖက်တပ်များ တက်တက်ကြွကြွ စွန့်စွန့်စားစား တိုက်ခိုက်ခဲ့ကြသောကြောင့် "စစ်သားတို့၏တိုက်ပွဲ"ဟူ၍လည်း ကမ္ပည်းထိုးနိုင်ပါ၏။ နှစ်ဖက်တပ်များ လျင်မြန်သောနှုန်းအဟုန်ဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြသဖြင့် စစ်ရေးချိန်ခွင်လျှာသည် တစ်ဖက်မှသည် တစ်ဖက်သို့ နာရီနှင့်အမျှ အပြန်ပြန်အလှန်လှန် စောင်းငဲ့နေခဲ့ရ၏။ မိုးယံတိုင် လွင့်တက်နေသည့် မီးခိုးလုံးကြီးများသည် လည်းကောင်း၊ အဆက်မပြတ် ပေါက်ကွဲနေသည့် အမြောက်သံများသည် လည်းကောင်း၊ လဲပြိုမီးလောင်နေသည့် တင့်ကားပျက်များသည်လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်တန်းကြီးများကြောင့် တထောင်းထောင်းထနေသော ဖုန်လုံးကြီးများသည် လည်းကောင်း ထိုတိုက်ပွဲကြီး၏ ပကတိ မြင်ကွင်းပင် ဖြစ်ပါ၏။

တိုက်ပွဲ ဗဟိုပြုရာအရပ်သည် တိုပရပ်၏ မုခ်ဦးဖြစ်သော စီဒီရီဇက်တွင် ဖြစ်သည်။ ထိုနေရာ၌ တိုက်ပွဲမဏ္ဍိုင်ပြုရာ အမှတ်ဖြစ်သည့်အလျောက် အပြင်းထန်ဆုံးသော တိုက်ပွဲကြီးများ ဖြစ်ပွား၏။ နှစ်ဖက်တပ်များသည် တင့်ကား တင့်ကားချင်း တိုက်ခိုက်ကြသကဲ့သို့ လူလူချင်းလည်း လက်တစ်ကမ်းတိုက်ပွဲများ ဖြစ်ပွားခဲ့ကြ၏။

ဤမည်သော ကြောက်ဖွယ်လိလိ တိုက်ပွဲကြီးတွင် လူအများ စွဲမှတ်သွားစေခဲ့သော ဖြစ်ရပ်တစ်ခုမှာ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် မမျှော်လင့်ဘဲ ရွှန်းမဲလ် သံချပ်ကာကားတပ်များဖြင့် ဘီရ်ရှိဖာဇင်းမြို့အရှေ့ရှိ နယ်ခြားစည်းကို ဖြတ်ထွက်သွားခြင်းပင် ဖြစ်သည်။



ထိုမမျှော်လင့်သော ရွှန်းမဲလ်၏ လုပ်ရပ်ကြောင့် စစ်ပညာရှင်များနှင့် စစ်နှင့် အသက်မွေးဝမ်းကျောင်း ပြုနေသူများ အချေအတင် ငြင်းခုံစရာ၊ ဝေဖန်စရာ၊ မေးခွန်းထုတ်စရာများ ပေါ်ပေါက်ခဲ့ရသည်။

မေးစရာပေါ်ခဲ့ရသော မေးခွန်းများကား ရွှန်းမဲလ်သည် အဘယ်ကြောင့် ပင်မတိုက်ပွဲကို ရှောင်ကွင်းလျက် အရှေ့သို့ ဖြတ်ထွက်ခဲ့ရသနည်း။ အထူးရည်ရွယ်ချက်များ ရှိ၍ပင်လော၊ သို့မဟုတ် တိုက်ပွဲအခြေအနေ ရှုပ်ထွေးသွားစေရုံ သက်သက်သာလျှင် ရည်ရွယ်၍လော၊ ကြံမိကြံရာ အရဲစွန့်၍ ကံစမ်းမဲထိုးလိုက်ခြင်းပေလော၊ ဤသို့ လောပေါင်းများစွာနှင့် မေးခွန်းပေါင်းများစွာ မေးခဲ့ကြပြီး အဖြေကိုလည်း အမျိုးမျိုး ပေးခဲ့ကြ၏။

မည်သို့ပင်ဖြစ်စေ ရွှန်းမဲလ်အား တပ်မှူးကောင်းတစ်ယောက်အဖြစ် ချီးမွမ်းလိုလျှင် လည်းကောင်း၊ အပြစ်တင် ရှုတ်ချလိုလျှင် လည်းကောင်း အဖြေမှန်ရှာရန် လိုအပ်ပေသည်။

ထိုသည့်ထဲတွင် မမေးမဖြစ်သောမေးခွန်းတစ်ရပ်လည်း ပေါ်ပေါက်ခဲ့ရပြန်၏။ ဤသည်မှာ ရွှန်းမဲလ်သည် နယ်စပ်စီးကြောင်းကို ဖြတ်ကျော်မိ၍ တစ်မိုင် နှစ်မိုင်ခန့်အရောက်တွင် အဘယ့်ကြောင့် ခေတ္တရပ်ဆိုင်းပြီး ဗြိတိသျှတို့၏ ပင်မရိက္ခာသိုလှောင်ရေး စခန်းကြီးများကို မဖျက်ဆီးခဲ့ပါသနည်းဟူသော မေးခွန်းပင် ဖြစ်၏။

ထိုအခွင့်ကောင်းကို ရွှန်းမဲလ် အသုံးပြုနိုင်လျှင်မူ နယူးဇီလန်တပ်မကို ထိန်းသိမ်း၍ မဖြစ်နိုင်လောက်အောင် အခြေအနေ ဆိုးဝါးသွားမည်ဖြစ်ပြီး အမှတ် ၃၀ တပ်မမှာလည်း ဆီဒီဇီရက်မှ ဆုတ်ခွာရပေမည်။

ဒုတိယ မေးခွန်းအတွက် အဖြေကား လွယ်ပါ၏။ ဗြိတိသျှ သိုလှောင်ရေး စခန်းကြီးများသည် စတုရန်းမိုင် ၆ မိုင်မျှသော အကျယ်အဝန်းတွင် နေရာယူထားသည်ဖြစ်သော်လည်း ဂျာမန်တပ်များ မမြင်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟူ၍ပင် အဖြေပေးရပေတော့မည်။

ဗွန်ရိဘင်စတိန်းက ထိုအကြောင်းနှင့်စပ်လျဉ်း၍ ဤသို့ အဖြေပေးခဲ့ဖူး၏။

"အဲဒီဝန်းကျင်ရောက်တော့ ကျုပ်တို့ အစောင့်တွေကို တွေ့မိသားပဲ။ သူတို့ ဒီမှာ ဘာလာလုပ်နေတာလဲလို့တောင် တွေးမိသေးတယ်၊ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ဘယ်လိုမှ ရန်မပြုခဲ့ကြပါဘူး။ အဲဒီတုန်းက ရိက္ခာစခန်းတွေရှိမှန်း သိခဲ့ရင်တော့ဗျာ ဘယ်နေမလဲ ဖျက်ဆီးပစ်မှာပေါ့။ အဲဒီလို ဖျက်ဆီးနိုင်ရင် ကျုပ်တို့လည်း စစ်နိုင်ပြီပေါ့ဗျာ"

ပထမမေးခွန်းမှာ ရှည်ရှည်လျားလျား ဖြေရမည့် မေးခွန်းဖြစ်သည်။ ရွှန်းမဲလ်သည် ရည်ရွယ်ချက်မရှိဘဲ ရှေ့သို့ ထိုးထွက်သွားသည်မဟုတ်၊ သူ၏ အဓိကရည်မှန်းချက်မှာ တိုပရပ်ကို သိမ်းရန်ဖြစ်၏။ ထိုသို့ပြုလုပ်နိုင်ရန် ရန်သူများ၏ တိုက်ခိုက်ခြင်းမှ ကင်းပရမည် ဖြစ်သည့်အတိုင်း အတတ်နိုင်ဆုံး ရှောင်နေရမည် ဖြစ်သည်။ နယူးဇီလန် တပ်မ ချီတက်လာခြင်းကလည်း ရွှန်းမဲလ်အနေနှင့် မလိုလားအပ်သော အနှောင့်အယှက်များ ဖြစ်ခဲ့ရ၏။ သူ့တပ်များ ရင်ဆိုင်နေရသည်မှာ ညာတောင်ပံမှ အမှတ်(၇၀) တပ်မ၊ ကာပတ်ဇိုမှ တက်လာသော နယူးဇီလန်တပ်မ၊ အရှေ့တောင်မှ အမှတ်(၇) သံချပ်ကာကား တပ်မဖြစ်လေရာ တစ်ဖက်လှည့်တိုက်လျှင် ကျန်နှစ်ဖက်က ဝိုင်းတိုက်မည်။ ဤသို့ အနှောခံ၍မတိုက်ဘဲ ဂါဇလာမြို့သို့ ဆုတ်နေပြန်လျှင်လည်း နယ်စပ်စည်းပေါ်မှ အစောင့်တပ်များနှင့် ရိက္ခာစခန်းများကိုပါ စွန့်လွှတ်ရပေမည်။ ထိုအကျဉ်းအကျပ်ထဲမှ သူ့တွင်ရှိသော တပ်မနှစ်တပ်တည်းဖြင့် ရုန်းထွက်ရန်၊ သို့မဟုတ် သူတစ်ပြန် ကိုယ်တစ်ပြန် ပြန်တိုက်နိုင်ရုံသာမက တစ်ချက်ကောင်းဖြင့် အနိုင်ရနိုင်သော နည်းလမ်းကို ရွှန်းမဲလ် ရှာကြံခဲ့ခြင်းဖြစ်၏။ ရှာသည့်အတိုင်းလည်း တွေ့၏။ တွေ့၍လည်း ထိုနည်းလမ်းကို အသုံးပြုရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။ ဤသည်မှာ သူ့တပ်မနှစ်တပ်ဖြင့် အရှေ့ဘူးဘူးရှိ ရန်သူ့နောက်ပိုင်းသို့ တစ်ရှိန်ထိုး ထိုးဖောက်ဝင်ရောက်သွားပြီး ဗြိတိသျှတပ်များ၏ နောက်ပိုင်းအရောက်တွင် ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပစ်ရန် ဖြစ်သည်။

ထိုအခါ ဗိုလ်ချုပ် ကန်နင်ဂန်းသည် တိုက်ပွဲ လုံးဝရပ်စဲရမည် ဖြစ်ပြီး မရှောင်မလွှဲသာ မူလစခန်းသို့ ပြန်ဆုတ်ရမည် ဖြစ်သည်။ တိုပရပ်သိမ်းရန်ကိုမူ သတ်မှတ်ထားသည့်ရက်ထက် အနည်းငယ်နောက်ကျ၍ တိုက်ရပေမည်။

"ဒီတိုက်ပွဲကို ခင်ဗျား အဆုံးသတ်နိုင်ဖို့ အခွင့်အရေးရပါလိမ့်မယ်" ဟူ၍ အမှတ်(၂၁) ပန်ဇာတပ်မကို ဦးဆောင်တိုက်ခိုက်ရမည့် ဗိုလ်ချုပ်



ရိဘင်စတိန်းအား အမိန့်ပေးရင်း ပြောလိုက်ခြင်း ဖြစ်သည်၊ ရွှန်းမဲလ်၏ အမိန့်များမှာ "ဗိုလ်ချုပ် ရိဘင်စတိန်း ဦးဆောင်သည့် တပ်မသည် နယ်စပ်စည်းကိုဖြတ်ပြီး တစ်ဖက်တည်းသို့ ဝင်ရောက်ရမည်၊ ထိုသို့ အမှတ်(၂၁) ပန်ဇာတပ်မ နယ်စပ်စည်းကို ဖြတ်မိလျှင် ဝဲယာသို့ ကြည့်ရှုခြင်းမပြုဘဲ အရှေ့ဘူးဘူးသို့ ထိုးဖောက်နေစဉ် စစ်ဆင်ရေးအုပ်စုတစ်ခုဖြစ်သည့် မော်တော်ယာဉ်သုံး တပ်ရင်းတစ်ရင်းနှင့် တင့်ကားတပ်ခွဲတစ်ခုက မက်ဒါလီနာမှ ဗိုလ်ချုပ်ကန်နင်ဂန်း၏ ဌာနချုပ်ကို ဝင်ရောက်စီးနင်းရမည်၊ တစ်ဖန် ဒုတိယ စစ်ဆင်ရေးအုပ်စုဖြစ်သည့် အမှတ်(၁၅) ပန်ဇာတပ်မက ရှေ့ပြေးအမှတ်(၂၁) ပန်ဇာတပ်မ ထိုးဖောက်သွားသော လမ်းကြောင်းအတိုင်း ဝင်လာကာ ဘာရ်ဟားဘာတားမှ ရန်သူ့ခါတ်ဆီသိုလှောင်ရာစခန်းဖြစ်သည့် မီးရထားလမ်းကို သိမ်းပိုက်ထားရန် ဖြစ်သည်။

ရွှန်းမဲလ် တင်ကြို တွက်ချက်ထားသည့်အတိုင်း ကမ်းရိုးတန်းနှင့် အဲလ်လစ်ဇင်းဒရီးယားအကြားတွင် ရန်သူအနှောင့်အယှက် ကင်းခဲ့လျှင် အမှတ်(၂၁) ပန်ဇာတပ်မသည် အမှတ်(၁၅) ပန်ဇာတပ်မနှင့် ပေါင်းစည်းပြီး အနည်းဆုံး အီဂျစ်ပြည်ထဲသို့ ဝင်ရောက်၍ လျှပ်တစ်ပြက် စီးနင်းမှုများ ပြုလုပ်ရမည်ဟု ပါရှိလေသည်။ ထိုသို့ဖြစ်လျှင် ဗြိတိသျှ အမှတ်(၁) တပ်မတော်နောက်ပိုင်းတွင် ကစင့်ကလျား ဖြစ်သွားမည်ဖြစ်ပြီး မူလစခန်းသို့ ဆုတ်သွားရမည် ဟူ၍လည်း တွက်ချက်ထား၏။

တိုက်ပွဲပြင်းထန်နေချိန်အတွင်း ထိုသို့သော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းသည် ရဲဝံ့သည့် ဆုံးဖြတ်ချက်တစ်ခု မဟုတ်ဟု မည်သူမျှ ပြောကြမည် မဟုတ်ပေ။ သို့သော် အဘယ်ကြောင့် မအောင်မြင်သနည်းဟု မေးစရာ ရှိပါ၏။ အဖြေကား အောင်မြင်သင့်သလောက် အောင်မြင်ခဲ့ပါ၏။ လုံးဝ အောင်မြင်လုနီးပင် ဖြစ်ခဲ့ပါသည်ဟူ၍လည်း အဖြေပေးရပေမည်။ အဘယ့်ကြောင့်ဟူမူ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ရွှန်းမဲလ်၏ လျှပ်တစ်ပြက် ထိုးဖောက်မှုကြောင့် ဗိုလ်ချုပ် ကန်နင်ဂမ်းသည် တိုက်ပွဲရပ်စဲပစ်ရန်ပင် စိတ်ကူးနေခဲ့ပြီး ဗိုလ်ချုပ်ကြီး အော့ချင်လက်သာ ကိုင်ရိုမှ အချိန်မီ ရောက်ရှိလာပြီး မထိန်းသိမ်းခဲ့ပါမူ နောက်တစ်နေ့ညနေတွင် တိုက်ပွဲရပ်စဲပစ်ရန်ပင် ဆုံးဖြတ်ထားခဲ့ခြင်းကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်(၈) ရှေ့တန်းရောက် တပ်များ၏ ဌာနချုပ်တွင် ရေးသားခဲ့သည့် အမိန့်စာစောင်တွင် "ကျန်ရှိသော ဒုတိယလမ်းစဉ်သည် အစွမ်းရှိသမျှ ကျွန်ုပ်တို့တိုက်နေသော တိုက်စစ်ကို ဖိတိုက်ရန်ပင်ဖြစ်သည်။ ဒုတိယလမ်းစဉ်သည်သာ လမ်းမှန်ဖြစ်ပြီး တစ်ခုတည်းသော လမ်းလည်းဖြစ်ကြောင်း သံသယမရှိ ယုံကြည်ရမည် ဖြစ်သည်။ ထိုလမ်းစဉ်အတိုင်း လိုက်ရာတွင် ရင်ဆိုင်ရမည့် အန္တရာယ်များကို လက်ခံရင်ဆိုင်ရန်ပင် ဖြစ်သည်။ ထို့ကြောင့် သင်သည် ရန်သူကို မထောက်မညှာ အင်အားကုန်သုံး၍ နောက်ဆုံး တင့်ကားတစ်စီးကျန်သည်အထိ တိုက်ရမည်"ဟူ၍ ရေးသားဖော်ပြထားပေသည်။

ယင်းသို့ ကန်နင်ဂမ်း ကျရောက်မည့် အန္တရာယ်ကို ဗိုလ်ချုပ်ကြီး အော့ချင်လက်က ကယ်တင်ခဲ့ပြီး ရွှန်းမဲလ်ဘက်တွင်မူ ကျရောက်မည့် အန္တရာယ်ကို လက်အောက်အရာရှိတစ်ယောက်က ကယ်တင်ခဲ့ရလေသည်။

ရွှန်းမဲလ်သည် ထုံးစံအတိုင်း ရှေ့တန်းတွင် ရောက်နေခိုက် ဖြစ်သည်။ နိုဝင်ဘာလ ၂၅ ရက်နေ့ မွန်းတည့်အချိန်တွင် ဟဲလ်ဖာယာတောင်ကြား နောက်ဘက်၌ မူလရှိရင်းစွဲ တင့်ကား ၆၀ ခန့်အနက်မှ ကျန်ရှိနေသော လက်ကျန်တင့်ကား (၂၀–၃၀) ခန့်နှင့် စခန်းချနေသော ဗိုလ်ချုပ်ရိဘင်စတိန်းထံသို့ ရွှန်းမဲလ်၏ အမိန့်စာတစ်စောင် ရောက်ရှိလာခဲ့၏။ ထိုအမိန့်စာတွင် ရိဘင်စတိန်း၏ အမှတ်(၂၅) ပန်ဇာတပ်မသည် အီဂျစ်ပြည်ထဲသို့ ဝင်ရန်အသင့်ဖြစ်စေရမည်ဟု ဖော်ပြပါရှိလေသည်။ ထိုနေ့ ၂ နာရီခန့်တွင်ပင် ရွှန်းမဲလ်ထံမှ အမိန့်စာတစ်စောင် ရောက်ရှိလာပြန်၏။ ၎င်းအမိန့်စာတွင် ပေးထားပြီးသော အမိန့်များကိုပင် ပယ်ဖျက်လိုက်ကြောင်း၊ အမှတ်(၂၅) ပန်ဇာတပ်မသည် အိန္ဒိယစစ်ကြောင်းကို ထိုးဖောက်ပြီး ဘာဒီယာမြို့သို့ ချီတက်ရမည်ဟု ဆိုလာပြန်သည်။

ထိုအမိန့်အရ ရိဘင်စတိန်းသည် နံနက်ခင်းတွင် တစ်ကြိမ်၊ ညနေတွင်တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် စီဒီအိုမာ မြေမြှုပ်ဗုံးခင်းနောက်မှ အမှတ်(၇) အိန္ဒိယတပ်ပေါင်းကို တိုက်ခိုက်ရပြီး နှစ်ကြိမ်စလုံး ပြန်လန်ကျခဲ့ရ၏။ စင်စစ်ထိုတိုက်ပွဲများမှာ အချည်းနှီးဆင်နွှဲရသော တိုက်ပွဲများဖြစ်၏။

ယင်းသို့ တိုက်တိုင်း တပ်လန်နေသဖြင့် ရိဘင်စတိန်းသည် အိန္ဒိယစစ်ကြောင်းကို ဖြတ်နိုင်လိမ့်မည်မဟုတ်ဟူ၍ပင် သံသယဖြစ်လာ၏။



သို့သော် လက်မလျှော့သေးဘဲ နောက်ဆုံးအကြိမ် ကြိုးစားကြည့်ပြန်၏။ ထရပ်ကား အကြီးစားအုပ်စုတစ်စုကို အရာရှိတစ်ယောက် ခေါင်းဆောင်စေကာ ကာပတ်ဇိုနှင့် ဆောလ်လမ်အကြားမှ ဖြတ်ဝင်ခိုင်းလိုက်၏။ ညအမှောင်တွင် ရန်သူက ထရပ်ကားကြီးများကို တင့်ကားနှင့် အထင်မှားကောင်းမှားမည်ဟူသော မျှော်လင့်ချက်ဖြင့် ကြိုးစားကြည့်ခြင်းပင် ဖြစ်၏။ ရှေ့မှ ထိုးဖောက်သွားသော ထရပ်ကားကြီးများနောက်တွင် ပန်ဇာတပ်က မောင်းလိုက်ခဲ့၏။ သို့နှင့် ၂၆ ရက်နေ့ နံနက်တွင် ဘာဒီယာသို့ ချောမောစွာရောက်ခဲ့လေတော့သည်။

ရိဘင်စတိန်းသည် ဘာဒီယာတွင် ရွှန်းမဲလ်အား ထရပ်ကားတစ်စီးပေါ်တွင် ထိုင်လျက် အိပ်မောကျနေသည်ကို တွေ့လိုက်ရသဖြင့် နှိုး၍သတင်းပို့လိုက်သည်။

"ဗိုလ်ချုပ်ကြီးခင်ဗျား ကျွန်တော် တပ်နှင့်အတူ ဘာဒီယာ ရောက်လာပြီဖြစ်ကြောင်း ဝမ်းမြောက်စွာ သတင်းပို့ပါတယ် ခင်ဗျား"

"ဘာအဓိပ္ပာယ်နဲ့ ခင်ဗျား ဒီရောက်အောင် လာတာလဲ၊ ခင်ဗျားကို ကျုပ် အီဂျစ်ကိုတိုက်ဖို့ ဟဲလ်ဖားယားမှာ အသင့်ပြင်ထားပါလို့ အမိန့်ပေးထားတယ် မဟုတ်လား၊ ခင်ဗျား ဒီမှာ ဘာလုပ်လာတာလဲ ဆိုစမ်းပါဦး"

ဤကား ရွှန်းမဲလ်က ရိဘင်စတိန်းအပေါ် ယမ်းပုံမီးကျလိုက်ခြင်းပင်တည်း။

ဤတွင် ရိဘင်စတိန်းသည် မမျှော်လင့်ဘဲ အော်ငေါက်ခံလိုက်ရသဖြင့် ရွှန်းမဲလ်က ပထမအမိန့်များကို ဖျက်သိမ်းလိုက်သည့် နောက်ဆုံးရောက်ရှိလာသော ကြိုးမဲ့ကြေးနန်း အမိန့်စာကို ထုတ်ပြလိုက်လေသည်။

"ဟာ...ဒါအမိန့်အတုပဲ၊ ဗြိတိသျှတွေဆီက လာတဲ့အမိန့်ပဲ၊ သူတို့တို့ရဲ့စကားဝှက်တွေကို ရထားကြပြီနဲ့ တူတယ်"ဟု ရွှန်းမဲလ်က အော်ငေါက်လိုက်လေသည်။

အမှန်မှာ ဗွန်ရိဘင်စတိန်းရသော နောက်ဆုံးအမိန့်သည် ဒု–ဗိုလ်မှူးကြီးဝက်(စ်)ဖော် ထုတ်လိုက်သောအမိန့် ဖြစ်သည်။ ဝက်(စ်)ဖော်သည် နောင်တွင်စစ်သူကြီး ရန်းစတက်၏ ဦးစီးချုပ် ဖြစ်လာမည့်သူ ဖြစ်သည်။ ထိုစဉ်ကမူ စစ်ဆင်ရေးဌာနမှ ဦးစီးအဖွဲ့ဝင် အရာရှိတစ်ယောက်မျှသာဖြစ်ပြီး တပ်နောက်ပိုင်း စစ်ဌာနချုပ်တွင် နေရစ်ခဲ့ရသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝက်(စ်)ဖော်သည် လေတပ်မှ ကင်းထောက်လေယာဉ်များ ပေးပို့သော အစီရင်ခံစာများကို ဖတ်ရှုပြီး ရွှန်းမဲလ်၏ အီဂျစ်တိုက်ရေး အစီအစဉ်ကို အောင်မြင်နိုင်မည် မဟုတ်ကြောင်း တွေ့ရှိသဖြင့် ကိုယ်တိုင်တာဝန်ယူ၍ ရွှန်းမဲလ်၏ ပထမအမိန့်များကို ဖျက်သိမ်းလိုက်ခြင်း ဖြစ်သည်။ ရွှန်းမဲလ်သည် သူ့အမှားကို သူသိရှိသွားကာ ဒု-ဗိုလ်မှူးကြီး ဝက်(စ်)ဖော်အား "မင်းလုပ်တာမှန်တယ်ဟေ့ ကျေးဇူးတင်ပါတယ်ကွယ်"ဟူ၍ ဝန်ခံခဲ့လေသည်။

ဤသို့ ရွှန်းမဲလ်သည် မိမိအမှားကိုသိလျှင် သိချင်း ဆုတ်ဆိုင်းချင်းမရှိဘဲ ဝန်ခံရန် ဦးမလေးတတ်သော စစ်သူကြီးပါပေ။ ဒု-ဗိုလ်မှူးကြီး ဝက်(စ်)ဖော်အား ရွှန်းမဲလ် ကျေးဇူးတင်သကဲ့သို့ အီဂျစ်ပြည်ထဲသို့ဝင်လျှင် မလွဲဧကန် အသက်စတေးခဲ့ရမည့် ကြမ္မာဆိုးမှ လွတ်မြောက်လာသော ဇွန်ရှိဘင်စတိန်းကလည်း ကျေးဇူးတင်ခဲ့ပါ၏။

သို့နှင့် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် စီဒီရီဇက်ကို နယူးဇီလန်တပ်များက သိမ်းပိုက်ကြပြီး အဲလ်ဒူဒါကိုလည်း အမှတ်(၇၀) တပ်မက သိမ်းပိုက်လိုက်ကြသည်။ အမှတ်(၈) တပ်မတော်နှင့် တိုပရပ် မြို့စောင့်တပ်များလည်း လက်ချင်းဆက်မိသွားကြလေတော့သည်။ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပန်ဇာတပ်မနှစ်တပ်သည် မူလစခန်းများရှိရာသို့ အပြင်းဆုတ်၍ နေကြလေတော့သည်။

ဤသို့လျှင် ပင်မစစ်ပွဲကြီးကို ရှောင်ကွင်း၍ အရှေ့ရှူးရှူးသို့ ထိုးဖောက်ခဲ့သော ရွှန်းမဲလ်၏ အံ့ဖွယ်သရဲ စွန့်စားမှုကြီးမှာလည်း ဆုံးခန်းတိုင်ခဲ့လေသည်။ ထိုစွန့်စားမှုကြီးကြောင့် ရန်သူ့တပ် နောက်ပိုင်းများ ရှုတ်ရှုတ်သဲသဲ ဖြစ်သွားခဲ့ရသော်လည်း အကြီးစား ဖျက်ဆီးမှုများကို မပြုနိုင်ခဲ့ပေ။ ကောင်းနေသော မူလအခြေအနေကိုပင် ပြန်လည် ထိန်းသိမ်းနိုင်ခြင်း မရှိသကဲ့သို့ သံချပ်ကာကားပေါင်းများစွာလည်း ဆုံးရှုံးခဲ့ရလေသည်။ ထိုအဆုံးအရှုံးများထဲတွင် စီဒ်အိုမာမှာ အမှတ်(၄) အိန္ဒိယတပ်မ၏ လက်ချက်ကြောင့် ဆုံးရှုံးရခြင်းက ပို၍များ၏။

မည်သို့ပင်ဖြစ်စေ ဗိုလ်ချုပ်ကြီး အော့ချင်လက်က ရွှန်းမဲလ်၏ အရှေ့ရှူးရှူးသို့ ထိုးဖောက်မှုကြီးသည် ဗြိတိသျှတပ်များ အမှန်ပင် အထိတ်



တလန့် ဖြစ်ခဲ့ရကြောင်း ဝန်ခံခဲ့လေသည်။ ရွှန်းမဲလ်၏ ထိုးဖောက်မှုကြီးအတွင်း ဗြိတိသျှဘက်ကော ဂျာမန်ဘက်ပါ ၎င်းအားထက် ရယ်အားသန်စရာ "မမေ့တဲ့နိုင်" အဖြစ်အပျက်ကလေးများ ဖြစ်ပျက်ခဲ့ရပါ၏။ သို့သော် ထိုစဉ်က ရယ်မောနိုင်ခဲ့ကြသည်တော့ မဟုတ်ပါပေ။

နိုဝင်ဘာလ ၂၄ ရက်နေ့ ညနေတွင် ရွှန်းမဲလ်သည် ဗြိတိသျှလက်မှ ဖမ်းဆီးရမိထားသော 'မာမွတ်'ခေါ် ဌာနချုပ် သံချပ်ကာကားကို ကိုယ်တိုင်မောင်းနှင်လျက် ဗိုလ်ချုပ်ဂရူဝဲလ်၊ ဗိုလ်ချုပ်ဘေယာလိန်းနှင့်အတူ နယ်စပ်သွပ်ဆူးကြိုးများကို ဖြတ်ကျော်ခဲ့ကြသည်။ ရန်သူ့နယ်မြေထဲသို့ အတန်ကြာသွားမိပြီးနောက် ပြန်လည့်ရန် ကြိုးစားကြသောအခါတွင်မူ မှောင်နေပြီဖြစ်သဖြင့် သံဆူးကြိုးစည်းကြောင်းမှ ထွက်ပေါက်ကို ရှာမတွေ့ ဖြစ်နေကြတော့၏။ သူတို့ရှာနေသော ထွက်ပေါက်မှာ မြေမြှုပ်ဗုံးခင်းနှင့် လွတ်သောနေရာကို ညွှန်ပြထားသည့် သတိပေးမှတ်တိုင်များအကြားမှ မလွယ်ပေါက်ပင်ဖြစ်သည်။ သို့ဖြင့် ရွှန်းမဲလ်နှင့် အဖွဲ့ဝင်များသည် အိန္ဒိယတပ်များအလယ်တွင် ရင်တမမဖြင့် တစ်ညတာ အိပ်စက်ခဲ့ရပြီး နောက်တစ်နေ့ နံနက်အရုဏ်တက်မှပင် လစ်ထွက်လာနိုင်ခဲ့ကြသည်။

ယမန်နေ့ ညနေကလည်း ရယ်ဖွယ်ကောင်းသကဲ့သို့ ထိတ်လန့်ဖွယ်လည်း ကောင်းသော အဖြစ်တစ်ခုနှင့် ကြုံခဲ့ရ၏။ ဤသည်မှာ စစ်မြေမှ စစ်ဆေးရုံတစ်ခုသို့ ရွှန်းမဲလ် သွားရောက်စစ်ဆေးစဉ်က ဖြစ်ပွားသော ဖြစ်ရပ်ပင်တည်း။ ထိုဆေးရုံတွင် ဂျာမန်ရော၊ ဗြိတိသျှစစ်သားများပါ ပြည့်ညပ်နေ၏။ ရွှန်းမဲလ်သည် လူနာခုတင်တစ်လုံးမှ တစ်လုံးသို့ ကူးလူးမေးမြန်းရင်း ဥဒဟို ဝင်ထွက်သွားလာနေသော ဗြိတိသျှစစ်သားများကို တွေ့လိုက်ရမှပင် ၎င်းဆေးရုံသည် ဗြိတိသျှလက်ထဲတွင် ရှိသေးကြောင်း သိလိုက်တော့သည်။ ရွှန်းမဲလ်၏အား လူမှားပြီး တရိုတသေ လူနာများကို လိုက်လံပြသနေသည်မှာလည်း ဗြိတိသျှ ဆေးဘက်အရာရှိတစ်ယောက်ဖြစ်ပြီး ထိုအရာရှိက ရွှန်းမဲလ်အား ပိုလစ်၍ ဗိုလ်ချုပ်တစ်ယောက်ဟု ထင်နေဟန်ရှိသည်။ ဂျာမန်လူနာတစ်ယောက်၏ ခုတင်သို့ရောက်သောအခါ ဂျာမန်လူနာက ပျာပျာသလဲ လူးလဲထ၍ မျက်စိပျက် မျက်နှာပျက်ဖြင့် မျက်ရိပ်ပြလိုက်မှပင် "တို့ဒီကထွက်သွားမှ ကောင်းတော့မယ်ဟေ့"ဟု တိုးတိုးရေရွတ်က

www.burmeseclassic.com

www.burmeseclassic.com



သုတ်ခြေတင်ထွက်ခဲ့ရလေသည်။ ဆေးရုံဝင်းမှ အထွက်တွင် ရွှန်းမဲလ်သည် တံခါးပေါက်စောင့် ဗြိတိသျှစစ်သားတစ်ယောက်၏ အလေးပြုခြင်းကို ပြန်လှန် လက်ပြ၍ ထွက်ခွာခဲ့လေသည်။

စီဒီရီဇက်တွင် ပြင်းထန်သော တိုက်ပွဲကြီးများ ပြန်လည် ဆင်နွှဲကြပြန်၏။ စီဒီရီဇက် မြို့စောင့်တပ်ဖြစ်သည့် နယူးဇီလန်တပ်များကို မောင်းနှင်ထုတ်လိုက်ပြီး မြို့ကိုသိမ်းပိုက်လိုက်သည်။ သို့ဖြင့် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဗြိတိသျှတပ်များသည် တိုဘရုပ်မြို့စောင့်တပ်နှင့် တစ်ကြိမ် ထပ်မံ အဆက်အသွယ် ပြတ်သွားရပြန်လေတော့သည်။ သို့သော် ဗိုလ်ချုပ်ကြီး အော့ချင်လက်နှင့် ဗိုလ်ချုပ်ရစ်ချီ (ကန်နင်ဂမ်းနေရာ ဆက်ခံသူ)တို့သည် မက်ဒီလီးနားမြို့မှနေ၍ ရွှန်းမဲလ်တပ်များ နားနေခွင့်မရအောင် စီမံကိန်းများ ရေးဆွဲကြပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြ၏။

ထိုစဉ်အတွင်း ရွှန်းမဲလ်သည် နှစ်ကြိမ်တိုင် တိုက်စစ် ထပ်ဆင်သော်လည်း အရေးနိမ့်ခဲ့၏။ တိုက်စစ်၏ ရည်ရွယ်ချက်မှာ နယ်စပ် စည်းကြောင်းပေါ်မှ စခန်းများကို ပြန်လည်သိမ်းပိုက်ရန်ဖြစ်သည်။ ဒီဇင်ဘာလ ၄ ရက်နေ့တွင် တိုဘရုပ်ချောင်ကို ပြင်းပြင်းထန်ထန် တိုက်စစ်ဆင်ပြန်၏။ ၈၈ မီလီမီတာ အမြောက်များဖြင့် ကာပစ်ပေးထားပြီး အမြောက်များကို ရှေ့တန်းသို့ သယ်နိုင်ခဲ့ကြသဖြင့် အနီးကပ် ပစ်ခွင်းမှုများ ပြုလုပ်နိုင်ခဲ့၏။ ထိုတိုက်ပွဲတွင် လုံးဝ အောင်မြင်လုနီးပါးဖြစ်ခဲ့ပြီး နောက်တစ်နေ့ ဆက်တိုက်လျှင်မုချ တိုပရုပ် ကျမည်အမှန်ပင်။ အဘယ်ကြောင့်ဟူမူ အမြောက်များဖြင့် အနီးကပ် ပစ်ခွင်းနိုင်ခဲ့ခြင်းကြောင့် တိုဘရုပ်ခံတပ်ကြောင်းထဲသို့ နက်နက်ရှိုင်းရှိုင်းဝင်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

ထိုညဉ့်မှာပင် အမှတ်(၈) တပ်မတော် တန်ပြန်ထိုးစစ် ဆင်မည်ဟု သတင်းရသဖြင့် တပ်ပြန်ဆုတ်ခဲ့လေသည်။

တပ်ဆုတ်ရာတွင်လည်း စနစ်တကျ ဆုတ်ခွာမှုဖြင့် ဆုတ်ခဲ့ကြ၏။ အခွင့်သာ သာသလိုပြန်တိုက်ရင်း ဆုတ်ခဲ့ကြသဖြင့် "တိုက်-ဆုတ်"စနစ်ကို အသုံးပြု၍ ဆုတ်ခွာခဲ့သည်ဟု ဆိုနိုင်ပေသည်။

ထိုစဉ်က ရွှန်းမဲလ်တွင် ရန်သူနှင့် တုယှဉ်ရန် မဖြစ်လောက်အောင် တင့်ကားအရေအတွက် နည်းလွန်းနေသည်။ ထို့ကြောင့်လည်း အချိန်ဆွဲ၍



တစ်ပွဲချင်းသာ တိုက်သွားနိုင်၏။ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ရွှန်းမဲလ်သည် အလွန်တောင့်တင်းခိုင်မာသော ခံစစ်စခန်းကို အဲလ်အဂေးလားဝန်းကျင် နောက်တွင် တည်ဆောက်သည်။ အမှတ်(၈) တပ်မတော်သည် ရွှန်းမဲလ်အား အလန်အလဲ တိုက်ထုတ်နိုင်ရန် အားအင်မရှိတော့ချေ။

❑

www.burmeseclassic.com

www.burmeseclassic.com

## အဲလစ်ဇင်းဒရီးယားမှခ်ဦးသို့

ရွှန်းမဲလ်တွင် ထူးခြားသော အရည်အချင်း တစ်ခုရှိပါသည်ဆိုလျှင် ထိုအရည်အချင်းမှာ အခြားမဟုတ်။ "ဖိလျှင် ကြွမည်"ဟူသော သတ္တိထူးပင် ဖြစ်သည်။ ဥပမာ အနီးစပ်ဆုံး ပေးရလျှင် ရွှန်းမဲလ်သည် ပစ်တိုင်းထောင်နှင့် တူ၏။ ရန်သူက မေးကိုချိန်တွယ် အလဲထိုးလိုက်၍ ဘုံးဘုံးလဲကျသွားမည် ရှိရာမှ တဒင်္ဂအတွင်း ငေါက်ခနဲ ပြန်ထနိုင်သူ ဖြစ်သည်။ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ရွှန်းမဲလ်သည် ရန်သူအလဲထိုးခံရသော ဒဏ်ရာ ဒဏ်ချက်များကို အဲလ်အဂေးလားမြို့ အနောက်ဘက်၌ ကုစားနေရ၏။ ထိုနေ့မှာပင် အဲလ်အဂေးလားမြို့ အရှေ့ဘက် မိုင် ၃၀၀ ကျော်အကွာမှ တောင်အာဖရိကတပ်များက ဆော်လမ်မြို့ကို တိုက်ခိုက်သိမ်းပိုက်လိုက်သည်။ ဘာဒီယာသည်လည်း ထိုလဦးကပင် ဗြိတိသျှများလက်သို့ ကျရောက်သွားခဲ့ရ၏။ ဇန်နဝါရီလ ၁၇ ရက်နေ့ကလည်း ဟဲလ်ဖားယား တောင်ကြားတွင် စခန်းချနေသော မြို့စောင့်တပ်သည် ရေပိုက်လိုင်းများ အဖြတ်ခံလိုက်ရ သည်က တစ်ကြောင်း၊ ရိက္ခာပြတ်နေသည်ကတစ်ကြောင်းကြောင့် လက်နက် ချ အညံ့ခံလိုက်ရ၏။ နယ်ခြားတွင် တပ်စွဲထားသော တပ်စခန်းများကိုလည်း ရန်သူများက အဖြီးဖြတ်၊ ခေါင်းဖြတ်၊ စရိတ်အကုန်အကျ အနည်းဆုံးဖြင့် စိတ်ကြိုက်ဖျက်ဆီးနေနိုင်ကြ၏။ ထိုသည်များကို ရွှန်းမဲလ် ကြိုတင် မသိ၍



မဟုတ်၊ ဆုတ်ခွာစဉ်ကပင် ဤသို့ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားပြီး ဖြစ်သည်။

ဝင်ရိုးတန်းတပ်သုံးပုံ နှစ်ပုံမှာလည်း ပြုတ်ပြုတ်ပြုန်းခဲ့ရပြီ ဖြစ်၏။ အာဖရိကကိုးမှာလည်း အင်အားတစ်ဝက် မပြည့်တပြည့်ကလေးမျှသာလျှင် အသက်နှင့်ခန္ဓာမြဲလျက် ကျန်ရစ်ခဲ့၏။ ထိုအခြေအနေမျိုးတွင် အသက်မသေ ကျန်ရစ်ခဲ့သော အာဖရိကကိုး တပ်သားများ၏ စိတ်ဓာတ်ရေး အခြေအနေ မှာ အထွတ်အထိပ်သို့ရောက်ရှိနေရန် ခဲယဉ်းလှပေသည်။

အီတာလျံများအနေနှင့်လည်း တိုပရပ်မှ ခရီးဝေး ဆုတ်ခွာမှုကြီး ပြုလုပ်စဉ်ကပင် ယခင် ခြေလျင်တပ်ထဲတွင် ရှိခဲ့ဖူးသော "တိုက်စိတ်ကလေး" များသည်ပင် သုညအောက်သို့ ပြန်လည်ကျရောက်ခဲ့ရ၏။ အသက်မသေ ကျန်ရှိနေသော ပန်ဇာတပ်မ နှစ်တပ်မှ တပ်ကြွင်းတပ်ကျန်များကိုလည်း ပြန်လည် လက်နက်တပ်ဆင်ရန် ရုပ်သိမ်းသွားခဲ့၏။ ရွှန်းမဲလ်၏ တင့်ကား ၄၁၂ စင်းအနက် ၃၈၆ စင်းမှာ စစ်သချိုင်းတွင် ဖုတ်ကြည်းသင်္ဂြိုဟ်ခဲ့ရပြီး လေယာဉ် ၁၀၀၀ အနက် ၈၀၀ ကျော်မှာလည်း ရန်သူများ၏ ပစ်ချခြင်း ခံလိုက်ရသည်။ ထိုအတောအတွင်း ဂျာမန်တပ်သစ်များ ရောက်ရှိလာရန် လည်း အကြောင်းမရှိပေ။ ထို့ကြောင့် ရွှန်းမဲလ် နောက်ဆုံး ဆုံးဖြတ်ရမည့် အဆုံးအဖြတ်မှာ အဲလ်အဂေးလားတွင် ရန်သူ တိုက်မထုတ်မချင်း သို့မဟုတ် ရိက္ခာမပြတ်မချင်း ဆက်လက် တပ်စွဲ ကြုံ့ကြံ့ခံရန်ပင် ဖြစ်လေတော့သည်။

ဗိုလ်ချုပ်အော့ချင်လက် ဘက်တွင်လည်း ဖေဖော်ဝါရီလလယ် မတိုင်မီ အတောအတွင်း ၎င်း၏ အုပ်ချုပ်ရေးပြဿနာများကို မဖြေရှင်းနိုင် သေးဟု မျှော်လင့်ထားသဖြင့် အဲလ်အဂေးလားကို တိုက်စစ်ဆင်ရန် ပြင်ဆင် မှုများ မလုပ်နိုင်ခဲ့ချေ။

ရွှန်းမဲလ် အရေးနိမ့်နေပြီဟူသော သတင်းက နှောင်ကြိုးမဲ့ ကမ္ဘာ တစ်ခုလုံးကို နှစ်ထောင်းအားရ ဖြစ်စေလေသည်။

အခြေအနေအရပ်ရပ်ကလည်း အာဖရိကတွင် ဂျာမန်များ နိဂုံးချုပ် ပြီး နာလန်မထူတော့ဟူ၍ ပြဆိုနေ၏။

အောင်ပွဲခံ စစ်သူကြီး အော့ချင်လက်အား စစ်မျက်နှာအသီးသီး စစ်စခန်းအသီးသီးမှ မဟာမိတ် ဗိုလ်ချုပ်များက ချီးကျူးဂုဏ်ပြု၍မပြီးနိုင်၊

www.burmeseclassic.com

www.burmeseclassic.com



မဆုံးနိုင် ဖြစ်နေသည်။

သို့သော် ရွှန်းမဲလ်သည် အဲလ်အဂေးလားသို့ ဆုတ်ခွာပြီးနောက် ၁၀ ရက်မြောက်သောနေ့တွင် ဖြစ်နိုင်ဖွယ်မရှိသည်များ အံ့အားသင့်ဖွယ် ဖြစ်လာရလေတော့သည်။*

ဇန်နဝါရီလ ၂၂ ရက်နေ့...

ထိုနေ့သည် ရွှန်းမဲလ် လဲကျနေရာမှ ဝေါက်ခနဲ ထရပ်သောနေ့ ဖြစ်သည်။ တစ်နည်းဆိုသော် ထိုနေ့တွင် ရွှန်းမဲလ် စတင် တိုက်စစ်ဆင်သဖြင့် မဖြစ်နိုင်သောအရာများ အံ့ဘနန်းဖွယ် ဖြစ်ပျက်ခဲ့ရလေသည်။

၁၉၄၁ ခုနှစ်၊ မတ်လလောက်တွင် ရွှန်းမဲလ်သည် အကြီးစား ကင်းထောက်မှုပြုလုပ်ရန် ရည်ရွယ်ခဲ့သည်။

မျက်မှောက်ပြုနေသော အထွေထွေ အကျပ်အတည်း၊ ချို့တဲ့နေသော လက်ရှိအင်အား အခြေအနေနှင့် ဤသို့ ရည်ရွယ်မျှော်မှန်းခဲ့သည်မှာ အံ့ဖွယ်ပင် ဖြစ်ပါ၏။

စင်စစ် ဤအမှုကိုပြုလုပ်ရန် ရည်ရွယ်သူသည် စိတ်ဓာတ်အင်အား အရရော၊ ရုပ်အင်အားအရပါ အလွန်အမင်း ကြံ့ခိုင်မှသာလျှင် စဉ်းစားဝံ့ပေမည်။

ရွှန်းမဲလ်သည် ဗြိတိသျှတပ်မှူးများကဲ့သို့ပင် နှစ်လတိုင် မနားတမ်း တိုက်ခဲ့ရပြီး ရသမျှ အချိန်ရှိသမျှ အစားအစာကိုလည်း သုတ်သုတ်ပျာပျာ မျိုသိပ်ခဲ့ရင်း တဂျုန်းဂျုန်း တဂျိုင်းဂျိုင်း အသံဗလံများ ဆူညံနေသော ကားပေါ်တွင်လည်းကောင်း၊ ကားဘေးတွင်လည်းကောင်း တစ်ရေးအိပ်စက် တစ်ဝက်နိုးကြား အိပ်ခြင်းမျိုးဖြင့် အိပ်ခဲ့ရ၏။

ကြမ်းတမ်းသော အအေးဒဏ်၊ မိုးဒဏ်၊ သဲမုန်တိုင်းဒဏ်ကိုလည်း ခါးစည်းခံခဲ့ရ၏။

သို့သော် ရွှန်းမဲလ်သည် သဲ့သဲ့မျှပင် မဖြုသည့်ပြင် ထိုအကျပ်အတည်း ဒုက္ခဆင်းရဲကြားမှပင် ဗြိတိသျှ တပ်မှူးများထက်ပို၍ သံချပ်ကာကားကို ကိုယ်တိုင်မောင်းနှင်ရင်း စစ်မြေပြင်တစ်ကြော စုန်–ဆန် ကူးလူးနေခဲ့ရ၏။

* FIGHTING GENERAL မှ ထုတ်နုတ်ပြန်ဆိုသည်။ (စာမျက်နှာ ၁၈)



သို့ဖြင့် အဲလ်အဂေးလားသို့ ရောက်သောအခါ စိတ်နှမ်းလူပန်း ခြေကုန်လက်ပန်းကျလျက် ရှိချေပြီ။ သို့သော် ရွှန်းမဲလ် အာဖရိကကိုး တပ်သားများကို နားနေခွင့်မပေး၊ ပေးအပ်သော တာဝန်မှာလည်း အကန့်အသတ်မရှိ ပေး၏။ သုံးရက်စာရိက္ခာကို ထုတ်ပေးပြီး ရောက်နိုင်သမျှ ခရီးကို အလျင်အမြန်ဆုံး ချီတက်ရန်အမိန့်ပေးကာ သူကိုယ်တိုင် ဦးဆောင်၍ စစ်ထွက်ခဲ့လေသည်။ တင့်ကားသစ်များဖြင့် အားဖြည့်ထားပြီးပြီ ဆိုရသော်လည်း ၁၀၀ ထက်မပိုသော အရေအတွက်ဖြစ်ပြီး အချို့တင့်ကားများမှာလည်း အပေါ့စား တင့်ကားများဖြစ်၏။ ထိုတင့်ကားများကို အကာအကွယ်ပေးရန် တိုက်လေယာဉ် အကူအညီမပါဘဲ စစ်ကြောင်းသုံးကြောင်း ခွဲ၍ ချီခဲ့၏။ ချီရာလမ်းတစ်လျှောက်တွင် တွေ့သမျှ အပြန့်အကျဲဖြစ်နေပြီး အားနည်းနေသည့် ဗြိတိသျှစခန်းများကို မပင်မပန်း ခါထုတ်ခဲ့၏။ ထိုစစ်ကြောင်းသုံးကြောင်း၏ အောင်မြင်မှုနှင့် ပတ်သက်၍ ဗိုလ်ချုပ်ကြီးအော့ချင်လက် ကိုယ်တိုင်က ဤသို့ ဝန်ခံခဲ့ဖူးလေသည်။

"ရွှန်းမဲဟာ ထုံးစံအတိုင်း အမြန်ဆုံးနဲ့ အကျင်လည်ဆုံး ပွဲဦးထွက်အောင်ပွဲတွေကို ဆွတ်ခူးသွားတာပါပဲ"

ဤသို့ဖြင့် အကြီးစား ကင်းထောက်မှုအသွင်မှ ထိုးစစ်အသွင်သို့ ရုတ်ခြည်းကူးပြောင်းသွားခဲ့လေတော့သည်။ "သဲကန္တာရကြွက်"ဟု အမည်ရသော တိုက်ရည်ဝ ဗြိတိသျှ အမှတ်(၇) သံချပ်ကာကား တပ်မနေရာအစား ရောက်လာသော အမှတ်(၁) သံချပ်ကာကား တပ်မမှာ တင့်ကား ၁၅၀ အနက်မှ တင့်ကား ၁၀၀ နှင့် အမြောက်အလက်ပေါင်း များစွာ ရွှန်းမဲလ်လက်သို့ ကျရောက်သွားခဲ့ရလေသည်။ အမှတ်(၈) တပ်မတော်လည်း အငိုက်ဖမ်းခံလိုက်ရ၏။ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရွှန်းမဲလ်သည် အမှတ် (၈) တပ်မတော်ကို ဂါဇလာ–ဘီရ်ဟာချိန် စစ်ကြောင်းအထိ တိုက်ထုတ်လိုက်၏။ ယင်းသို့ တပ်မတော်ကြီးတစ်ခုလုံးကို တိုက်ထုတ်နိုင်သော်လည်း ရွှန်းမဲလ်ဘက်မှ အဆုံးအရှုံးမှာ တင့်ကား ၃၀ လောက်သာဖြစ်သည်။ စင်စစ် ထိုအောင်ပွဲသည် မည်သည့်စံနှင့် နှိုင်းယှဉ်ကြည့်ကြည့် ရွှန်းမဲလ်၏ ရဲရင့်ပြောင်မြောက်သည့် စစ်သူကြီးအတတ်ကို ပြသွားသော တိုက်ပွဲဖြစ်သည် ဟုပင် ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရင်နီးကားတွင်သာ ဗြိတိသျှစစ်ရေး အခြေအနေပြ မျဉ်းအောက်သို့ လျောကျသွားသည် မဟုတ်၊ အရှေ့ဖျားမှလည်း တိမ်ဦးတွင် လေနီဆင်ပြီး မုန်တိုင်းကြမ္မာဆိုးကြီး ကျရောက်တော့မည့် အရိပ်အငွေ့များ လွင့်ပျံ့လျက် ရှိချေပြီ။ ဂျပန်သည် "ထိုးဖောက်၍မရ"ဟု ထင်ခဲ့သော မလေးကျွန်းဆွယ်တောနက်ထဲမှ တံမြက်သိမ်းဝင်နည်းဖြင့် ဝင်ခဲ့လေသည်။ 'ပစ်၍မပြို ထိုး၍မပေါက်'ဆိုသည့် စင်ကာပူ ခံတပ်ကိုလည်း မတိုက်နိုင်ဟု သံသယမရှိ ယုံကြည်ထားသည့်ဘက်မှ အတိုက်ခံအုံ့ဆဲဆဲ ဖြစ်နေ၏။ မြန်မာပြည်တွင်လည်း အင်အားချည့်နဲ့နေသော တပ်မနှစ်တပ်မှာ မရှောင်သာ မလွဲသာ ဆုတ်ပြေးရအုံ့ဆဲဆဲ အခြေအနေမျိုးနှင့် ရင်ဆိုင်နေရပြီး ပြေး၍မလွတ်နိုင် မလွတ်နိုင် ချီတုံချတုံ ဖြစ်နေရ၏။ အိမ်နီးဝန်းကျင်တွင်လည်း (ဥရောပ) ဝင်ရိုးတန်း စစ်ဦးစီးအဖွဲ့သည် ကြာမြင့်စွာ တိမ်သလ္လာဖုံးနေရာမှ မော်လတာကျွန်းနှင့် မြေထဲပင်လယ်ကို စစ်ရေးအရ အရေးပါပုံကို ရုတ်ခြည်း အမြင်မှန်ရလာပြီး မော်လတာကျွန်းကို လေကြောင်းမှ အပြင်းအထန် ဗုံးကြဲတိုက်ခိုက်နေတော့၏။ ယင်းသို့ ဝင်ရိုးတန်းစစ်ဦးစီးအဖွဲ့ မျက်လုံးပွင့်လာပြီး မော်လတာကျွန်းကို တိုက်ခိုက်သဖြင့် ထွက်ရှိလာသော ရလဒ်မှာ ဇန်နဝါရီလတွင် ရွှန်းမဲလ်ထံသို့ ရေကြောင်းမှ ပို့လိုက်သောပစ္စည်းနှင့် ရိက္ခာများ တစ်တန်မျှ မဆုံးရှုံးခဲ့ခြင်းပင်တည်း။ တစ်ချိန်တည်းမှာပင် ဝင်ရိုးတန်းလေယာဉ်များနှင့် ရေငုပ်သင်္ဘောများက မြေထဲပင်လယ် အလယ်ပိုင်းတွင် ဖြတ်သန်းကူးလူးနေကြသော ဗြိတိသျှစစ်ပစ္စည်း သယ်ယူပို့ဆောင်ရေး သင်္ဘောကြီးများကို ဝိုင်းရံတိုက်ခိုက်စ ပြုနေလေပြီ။

သို့ဖြစ်၍ ဗြိတိသျှတပ်များ၏ ရေတပ်အင်အားမှာ သိသိသာသာကြီး ဆုံးရှုံးမှုများလာလေတော့သည်။ နောက်ဆုံး ရေကြောင်းဗိုလ်ချုပ်ကန်နင်ဂမ်းလက်ထဲတွင် ခရူဇာ စစ်ရေယာဉ်သုံးစင်းနှင့် ဖျက်သင်္ဘောအနည်းငယ်သာ ကျန်တော့၏။

ထိုအဖြစ်အပျက်များမှ အစပြုခဲ့သော မီးခိုးကြွက်လျှောက် အဖြစ်အပျက်များလည်း ဖြစ်ပျက်ခဲ့ရ၏။ နဂိုနေအရကပင် အားနည်းနေရသော ဗိုလ်ချုပ်ကြီး ဝေဘဲလ်၏ တပ်များကို မတိုက်ခင်က ရှုံးမည်ဟု သေချာပေါက်သိထားပြီးဖြစ်သည့် ဂရိစစ်မျက်နှာသို့ တပ်များ ခွဲပို့ခဲ့ရ၏။ အော့ချင်လက်



မှာလည်း တပ်အင်အား ဖြည့်တင်းရန် ကြိုးပမ်းနေခိုက် အရှေ့ဖျား စစ်မျက်နှာမှ အပူတပြင်း အကူအညီတောင်းနေမှုကြောင့် အင်အားဖြည့်ဖို့ အခွင့်မသာခဲ့ရချေ။ ရွှန်းမဲလ်အား ဂါဇလာမှ တိုက်မထုတ်နိုင်မီ ဒီဇင်ဘာလကပင် တပ်မတစ်တပ်ကို အရှေ့မဇ္ဈိမမှ မလေးကျွန်းဆွယ်သို့ လမ်းပြောင်းပို့ခဲ့ရ၏။ အမှတ်(၇) အိန္ဒိယ တပ်ပေါင်းကိုလည်း ရမည်ပြုပြီးမှ အထက်က ရပ်ဆိုင်းလိုက်သဖြင့် မရဖြစ်ခဲ့ရသည်။

မော်လတာကျွန်း၏ အခြေအနေမှာလည်း ဗြိတိသျှတို့အနေနှင့် အနောက်ဆိုင်ရင်နီးကားမှ လေယာဉ်ကွင်းများကို အခြေခိုင်အောင်ပြုလုပ်ပြီး မော်လတာကျွန်းကို လေကြောင်း အကာအကွယ်ပေးနိုင်မှ ဆက်လက် ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ထိုသို့မလုပ်နိုင်လျှင် လက်လွှတ်ရမည့်အခြေသို့ ဆိုက်ရောက်နေ၏။ ထိုအကြောင်းများကြောင့် ဗြိတိသျှ ကက်ဘိနက်အဖွဲ့က အမြန်ဆုံး တိုက်စစ်ဆင်ရမည်ဟူသည့် အဆိုကို 'အခွင့်သာလျှင် တိုက်မည်' ဟူ၍ ခြွင်းချက်ဖြင့် အော့ချင်လက်က ပြန်လည် ငြင်းခုံနေ၏။ အော့ချင်လက်၏ အယူအဆမှာ အချိန်မကျမီ ထိုးစစ်ဆင်လျှင် စုဆောင်းဆဲ သံချပ်ကာတပ်သစ်ကလေးကို အချည်းနှီး ဖျက်ဆီးပစ်သည်နှင့် တူနေမည်သောကြောင့် ဖြစ်၏။ မော်လတာကျွန်းကို ထိန်းသိမ်းရန်ဆိုသည့် ကိစ္စမှာလည်း မော်လတာကျွန်းကို အားသွန်ခွန်စိုက် လုံးပမ်းနေလျှင် အီဂျစ်သာမက အရှေ့မဇ္ဈိမတစ်ခွင်လုံး ရွှန်းမဲလ်လက်ထဲသို့ ပါသွားပေမည်။

ယင်းသို့ အော့ချင်လက် ဗျာပါများနေခိုက် ရွှန်းမဲလ်၏ အင်အားဖြည့်တင်းမှုမှာ သိသိသာသာကြီး အောင်မြင်နေ၏။ ဖေဖော်ဝါရီလကပင် ထရစ်ပိုလီသို့ ဝင်ရိုးတန်းသင်္ဘော အုပ်စုကြီးတစ်စု ရောက်ရှိလာခဲ့ပြီး ရွှန်းမဲလ်အတွက် တင့်ကားသစ်များဖြင့် အင်အားဖြည့်ပေးနိုင်ခဲ့၏။

နောက်ဆုံးတွင်မူ အော့ချင်လက်နှင့် ကက်ဘိနက်အဖွဲ့ အပြန်ပြန်အလှန်လှန် ငြင်းခုံကြပြီး မေလအလယ်တွင် ထိုးစစ်ဆင်ရန် သဘောတူဆုံးဖြတ်လိုက်ကြသည်။ သို့သော် ထိုစဉ်အတွင်း ရွှန်းမဲလ်ကလည်း တင့်ကားများစွာ ရရှိနေပြီဖြစ်၍ ဗြိတိသျှတို့ဘက်မှ တင့်ကားအရေအတွက် သာလွန်နိုင်၊ မသာလွန်နိုင်ဆိုသည့် ပြဿနာများ ဝင်လာကြပြန်သည်။ နောက်ဆုံး စစ်ဝန်ကြီးအဖွဲ့က အီဂျစ်ပြည် ဆုံးရေး၊ မဆုံးရေးကို သာမညပိုင်းတွင်ထား

www.burmeseclassic.com

www.burmeseclassic.com



မော်လတာကျွန်းကို မရမနေ ကယ်တင်ရမည်ဟု ဆုံးဖြတ်ကာ အော့ချင်လက်အား ဖွန်လအလယ်ထက် နောက်မကျစေဘဲ ထိုးစစ်ဆင်ရန် အမိန့်ပေးလိုက်သည်။

"ဗြိတိသျှများက ဖွန်လအလယ်တွင် ထိုးစစ်ဆင်ရန် ဆုံးဖြတ်သော်လည်း ရွှန်းမဲလ်ကမူ မေလ ၂၇ ရက်တွင် စတင်တိုက်စစ်ဆင်သည်။ ယင်းသို့ ရွှန်းမဲလ် ထိုးစစ်ဆင်ရန် ဆုံးဖြတ်ရသော်လည်း သူ့တိုက်အားသည် ဂါဇလာမှ ဘိရ်ဟာချိန်တောင်ပိုင်း ကမ်းရိုးတစ်လျှောက် အခိုင်အမာ တပ်ချထားသော ဗြိတိသျှအင်အားနှင့် နှိုင်းစာလျှင်မူ သုံးပုံနှစ်ပုံမျှ မရှိချေ။

အင်အားသည် အရေအတွက်ဟူ၍ စစ်အသိ စစ်အဘိဓမ္မာကို ခံယူထားသော ရွှန်းမဲလ်သည် ဂါဇလာဘက်သို့ တပ်ဦးပြု၍ အမှတ်(၈) တပ်မတော် အငမ်းမရ လိုက်လာရန် မြှူဆွယ်လိုက်သည်။

အမှတ်(၈) တပ်မတော်သည် ရွှန်းမဲလ် အယောင်ပြလိုက်သော ချိုးကွက်အတိုင်း တပ်များကို ဂါဇလာသို့ အလုံးအရင်းနှင့် စုပြုံပို့လိုက်၏။ ရွှန်းမဲလ်သည် ဂါဇလာသို့ အားနှင့်အင်နှင့် စုပြုံမဲတက်လာသော ဗြိတိသျှတပ်များကို ကွင်းရှောင်ကာ တိုပရပ်မြို့သို့ တပ်ဦးလှည့်၍ အပြင်းချီတက်လေတော့သည်။ ဗိုလ်ချုပ်ရစ်ချီသည် သူ့မှားယွင်းမှုကို ရိပ်စားမိသဖြင့် ပြန်လည်ပြင်ဆင်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင် ခဲ့ချေ။ ရွှန်းမဲလ်မှာမူ ဗြိတိသျှ ခံစစ်ကြောင်းများနှင့် ကတုတ်များကို တစ်ခုပြီးတစ်ခု စိတ်ကြိုက်ဖျက်ဆီးပြီး အနောက်ပိုင်း သဲကန္တာရကို ဆက်လက် ဖြတ်သန်းနေ၏။

ဗြိတိသျှများ ပထမဦးဆုံးအကြိမ် အသုံးပြုသည့် အမေရိကန် ဂျင်နရယ်ဂရန့် တင့်ကားများသည်ပင်လျှင် ပန်ဇာတင့်ကားများကို ဟန့်တားခြင်း မပြုနိုင်ခဲ့ပေ။

ရွှန်းမဲလ်ချီရာ စစ်ကြောင်းတစ်လျှောက်တွင် အမှတ်(၈) တပ်မတော်၏ တစ်ကြိမ် ထပ်မံ အရေးနိမ့်ရပြန်ပြီဖြစ်သော အဆုံးအရှုံး စစ်တမ်းများကို မိုးယံတိုင် အလုံးလိုက် အခဲလိုက် လွင့်တက်နေသော မီးခိုးလုံးကြီးများက ကမ္ပည်းထိုးလျက် ရှိနေပါ၏။

ကြိမ်ဖန်များစွာ အလူးအလဲ ခံရသော်လည်း အမှတ်သညာမရှိသည့် ဗြိတိသျှတပ်များအကြောင်းကို ရွှန်းမဲလ်၏ မှတ်တမ်းတွင် ဤသို့



ကောက်ချက်ချထားလေသည်။

"ဗြိတိသျှတပ်တွေဟာ ပွဲတိုးနိုင်တဲ့ သံချပ်ကာကားတိုင်းကို တစ်စုတစ်စည်းတည်း စုပြုံပြီး တစ်ချိန်တည်း အသုံးပြုသင့်တယ်၊ ကျုပ်တို့ ဂါဇလာကို တိုက်တုန်းကလို ကိုယ့်တပ်အင်အား အပြုံပြုံ ပြန့်ကျဲသွားနေအောင် ရန်သူ့ အလှည့်မခံသင့်ပေဘူး"

မည်သို့ဆိုစေ ဗြိတိသျှတပ်များ၏ တိုက်ခိုက်မှုဒဏ်ကြောင့် ရွှန်းမဲလ်၏ ချီရာလမ်းကြောင်းကို ဖင့်နွှဲကြန့်ကြာစေသည်တော့ အမှန်ပင်။ အကျအဆုံး အသေအပျောက်လည်း သိသိသာသာ တိုးပွားများပြားလာသည်။

မေ ၃၁ ရက်နေ့ တိုင်သောအခါတွင်မူ ဝင်ရိုးတန်း တပ်များ၏ အခြေအနေမှာ ဆိုးဝါးနေပြီ ဖြစ်၏။

ရိက္ခာပြတ်လပ်၊ ရေလည်းငတ်ရုံမက ဓာတ်ဆီခန်းခြောက် ခဲယမ်းမီးကျောက် ရှားပါးလာခဲ့သဖြင့် ရန်သူများချထားသည့် ဗုံးခင်းကို မကျော်နိုင်၊ မဖြတ်နိုင် အကျပ်အတည်း အခက်အခဲများဖြင့် ရင်ဆိုင်နေရသည်။

ယင်းသို့ အလူးအလဲ အကျပ်အတည်းနှင့် ရင်ဆိုင်နေရစဉ်အတွင်း လေကြောင်းမှလည်း အချိန်မလပ် ဗုံးကြဲတိုက်ခိုက်ခြင်းကို ခံနေရသည်။

ရွှန်းမဲလ်၏ စစ်ဦးစီးများက တိုက်ပွဲရပ်ပြီး ပြန်လည် ဆုတ်ခွာရန် ရွှန်းမဲလ်အား အနူးအညွတ် တောင်းပန်ကြသည်။

၎င်းတို့ တောင်းပန်သည်ကို မလိုက်လျောပါက ၂၄ နာရီအတွင်း လက်နက်ချ အညံ့ခံမည်ဖြစ်ကြောင်း တညီတညွတ်တည်း အဆိုပြုကြရုံမက တောင်းပန်သံနှင့်အတူ ရာဇသံပါ ကပ်ပါလာ၏။

ထိုသို့ အဆိုပြုသည့် စစ်ဦးစီးအဖွဲ့တွင် ပါဝင်သော ဗိုလ်ချုပ်ဗေယာလိန်းက ဤသို့ ပြောပြ၏။

"ကျုပ် ရွှန်းမဲလ်ရဲ့ အစီအစဉ်ကို သဘောမတူခဲ့ပါဘူး။ ဘိရ်ဟာချိန်ကို အရင်တိုက်တာဟာ အန္တရာယ်များလှပါတယ်လို့ ကျုပ် ထပ်မနားပြောခဲ့ပါတယ်။ အမှတ်(၁၅) ပန်ဇာတပ်မလည်း ပထမနေ့မှာပဲ တင့်ကားပေါင်း ၁၀၀ ဆုံးရှုံးခဲ့ရပါတယ်။ အာဖရိကကိုး တပ်မှူးဖြစ်တဲ့ ဗိုလ်ချုပ်ရှဝဲလ်ရဲ့ လေယာဉ်ပျံ ပစ်ချခံလိုက်ရတဲ့အတွက် အမှတ်(၁၅၀) တပ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



စခန်းထဲကို ထိုးဆင်းရပြီး ရန်သူ့လက်ထဲ သုံ့ပန်းအဖြစ် ကျရောက်သွားပါတယ်။ ရွှန်းမဲလ်ရဲ့ ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂေါ်စီလည်း တိုက်ပွဲမှာ ဒဏ်ရာရခဲ့တယ်။ ဗိုလ်ချုပ် ခရူဝဲလ်ရဲ့ တာဝန်ကို ဗိုလ်ချုပ်နီရင်းက ဆက်ခံပြီး ဗိုလ်ချုပ်ဂေါ်စီရဲ့တာဝန်ကို ကျုပ်က ဆက်ယူခဲ့ရတယ်။ ဘီရှိဟာချိန်ကိုလည်း တိုက်လို့မရ၊ ဗုံးခင်းကိုလည်း ဖြတ်လို့မရ ဖြစ်နေတဲ့အတွက် ရွှန်းမဲလ်ကို တိုက်ပွဲဖြတ်ဖို့ တောင်းပန်ကြပါတယ်။ ရွှန်းမဲလ်ကို တောင်းပန်လို့ မရဘူး။ မကြားချင်ဟန် ဆောင်နေတယ်။ အဲဒီနေ့ဟာ မေလ ၃၁ ရက်နေ့လို့ ထင်ပါတယ်။ ကျုပ်တို့ အခက်အခဲသိပ်တွေ့နေပြီး ရိက္ခာပြတ်၊ ရေပြတ်၊ ဓာတ်ဆီမရှိ၊ ခဲယမ်းမီးကျောက်ကလည်း နည်းနေပြီး ကျုပ်တို့ ရိက္ခာကားအုပ်စုတွေကလည်း ဗုံးခင်းကို ဖြတ်မဝင်နိုင် ဖြစ်နေရတယ်။ ရန်သူတွေကလည်း ဘီရှိဟာချိန်ကို လက်မလွှတ်ဘဲ ကြံ့ကြံ့ခံနေကြပြီး ကျုပ်တို့ရဲ့ တောင်ဘက်က လာမယ့် ရိက္ခာလမ်းကြောင်းကို တားဆီးနေကြတယ်။ နာရီမလပ် လေကြောင်းတိုက်ခိုက်မှုကိုလည်း ခံနေရတယ်။ နောက် ၂၄ နာရီအတွင်းမှာ ကျုပ်တို့ မလွဲမရှောင် သာ လက်နက်ချရတော့မယ့် အခြေအနေမျိုးကို ရင်ဆိုင်နေရပါတယ်"

ရွှန်းမဲလ်သည် စစ်ဦးစီးများ တင်သွင်းသည့်အဆိုကို ဥပေက္ခာပြုလျက် တိုက်မြဲတိုက်၏။ ပထမ အမှတ်(၁၅၀) တပ်ပေါင်း တပ်စွဲကြံ့ကြံ့ခံနေသော ခံတပ်ကြောင်းကိုသိမ်းပိုက်ပြီး ထိုလမ်းကြောင်းအတိုင်း ရိက္ခာများသွင်းရန် ကြိုးစားနေ၏။ တိုက်ပွဲ ပထမနေ့တွင် ဖမ်းဆီးရမိထားသော အိန္ဒိယသုံ့ပန်းများမှာလည်း ရေငတ်သည့်ဘေးဖြင့် သေပွဲဝင်ရမလို ဖြစ်နေကြပြီး လူနာများအတွက် ထုတ်ပေးသောရေကိုပင် လုယက်နေကြတော့သည်။ သို့ဖြင့် အိန္ဒိယသုံ့ပန်းများထဲတွင် ရာထူးအကြီးဆုံးဖြစ်သည့် ဗိုလ်မှူးအာချီရှီးက အိန္ဒိယတပ်သားများ ရင်ဆိုင်နေရသော ရေအခက်အခဲပြဿနာကို ဖြေရှင်းပေးရန် ရွှန်းမဲလ်ထံ တောင်းဆိုလိုက်သည်။ အာချီရှီးသည် ရွှန်းမဲလ်နှင့် အလွယ်တကူ တွေ့ဆုံနိုင်လိမ့်မည်မဟုတ်ဟု မျှော်လင့်ထားသော်လည်း ရွှန်းမဲလ်က အလွယ်တကူ တွေ့ဆုံခွင့်ပြုလိုက်သဖြင့် အံ့အားသင့်ခဲ့ရ၏။ ရွှန်းမဲလ်နှင့် တွေ့ခွင့်ရသောအခါ အာချီရှီးသည် တတ်သမျှ မှတ်သမျှ ဂျာမန်စကားဖြင့် သုံ့ပန်းများအား ရိက္ခာပြည့်ပြည့်စုံစုံ မထောက်ပံ့နိုင်လျှင်



ဗြိတိသျှစစ်ကြောင်းကို ပြန်ပို့သင့်ကြောင်း တောင်းဆို၏။ ရွှန်းမဲလ်သည် ကိုယ်ချင်းစာတတ်သူဖြစ်၍ အာချီရှီးကို "ခင်ဗျားတို့ကို ထုတ်ပေးနေတဲ့ ရေဖန်ခွက်တစ်ဝက် အချိုးဟာ အာဖရိကကိုး တပ်သားအားလုံးနဲ့ ကျုပ်ကိုယ်တိုင် ရနေတဲ့ အချိုးပါပဲ။ ရေရှည် ဒီလိုဆက်သွားလို့တော့ မဖြစ်ဘူးဆိုတာ ကျုပ်နားလည်ပါတယ်။ ကျုပ်တို့ ရိက္ခာကား အုပ်စုကို ခုည ဖြတ်သွင်းနိုင်ရင်သွင်း မသွင်းနိုင်ရင် ခင်ဗျားတို့ကို ပြန်ပို့ဖို့ ခင်ဗျားတို့ရဲ့ ဗိုလ်ချုပ်ရစ်ချီနဲ့ ဆွေးနွေးပါ့မယ်"ဟူ၍ ပြန်လည် ဖြေကြားလိုက်သည်။

ရွှန်းမဲလ် အမှတ်(၁၅၀) တပ်ပေါင်းကို သိမ်းပိုက်လိုက်သည်မှာ ဗြိတိသျှတို့ ထိုးစစ်မဆင်မီ သုံးရက်ကပင် ဖြစ်သည်။ ကျိုးပေါက်သွားသော ခံတပ်ကြောင်းအတိုင်း ဗုံးခင်းထဲတွင် လမ်းတစ်လမ်းလည်း ထွင်နိုင်ခဲ့ပြီး ဖြစ်သည်။ ရွှန်းမဲလ်တပ်များသည် ရန်သူ့ဘက်မှ ဖမ်းဆီးရမိလိုက်သော ရိက္ခာ၊ ခဲယမ်းမီးကျောက်၊ ၈၈ မီလီမီတာ အမြောက်များနှင့် တင့်ကားများဖြင့် အားအင်သစ်များ စည်ပင်လျက်ရှိချေပြီ။

ယင်းသို့ ရွှန်းမဲလ်တပ်များ တိုက်ခိုက်ဝင်ရောက်သွားစဉ် ဗြိတိသျှ အမှတ်(၅)တပ်မမှ အမှတ်(၁၀) တပ်ပေါင်းက ခုခံသော်လည်း မအောင်မြင်ခဲ့၊ ကစင့်ကလျား ဆုတ်ပြေးသွားခဲ့ကြသည်။ ထိုနေ့ညနေမှာပင် ဖမ်းဆီးရမိလိုက်သော ဗြိတိသျှကယ်ရီယာများကို မောင်းနှင်၍ တက်လာသော ဂျာမန်တပ်များက တောင်ပံကို အကာအကွယ်ပေးနေသည့် ဗြိတိသျှတပ်ရင်းတစ်ရင်းကို သိမ်းပိုက်လိုက်သည်။ ဂျာမန်တင့်ကားများနှင့်အတူ ခြေလျင်တပ်များကို တင်ဆောင်လာသည့် လော်လီကားများက တပ်ပေါင်းနောက်ဘက်သို့ လျှိုဝင်ခဲ့ပြီး နေရာယူလိုက်သည်။ ထိုလမ်းကြောင်းအတိုင်း ခြေလျင်တပ်များက ဝင်လိုက်ခဲ့ကြသည်။ ထိုအချိန်တွင် တပ်ပေါင်းဌာနချုပ်မှာ မီးလျှံညီးညီးနှင့်ဖြစ်နေပြီး တင့်ကားများနှင့် ထရပ်ကားများမှာလည်း အတုံးအရုံး လဲပြိုမီးလောင်နေကြလေပြီ။ ကင်းထောက်ရာမှ တပ်ပေါင်းသို့ ပြန်ဝင်လာသည့် ဗိုလ်ချုပ်ဘာရစ်နှင့် ဗိုလ်ချုပ် မက်ဆာဗီသည် ဂျာမန်များလက်မှ ကိုယ်လွတ်ရန်းပြေးခဲ့ရပြီး ဗိုလ်မှူးချုပ် ဘော်ချားမှာမူ ဂျာမန်လက်ထဲသို့ ကျရောက်ခဲ့ရသည်။

သို့နှင့် ရွှန်းမဲလ်သည် အမှတ်(၁၅၀) တပ်ပေါင်းမှ လက်နက်ခဲယမ်း

www.burmeseclassic.com

www.burmeseclassic.com



မီးကျောက်များနှင့် ရိက္ခာများကို အားဖြည့်လျက် သိမ်းဆည်းရမိသမျှ ရန်သူ့ ရိက္ခာကို အာဟာရအဖြစ်အသုံးပြု၍ ရန်သူပိုင် ဘီရှိုဟာချိန်ကို သိမ်းပိုက်ရန် ပြင်းပြင်းထန်ထန် တိုက်ခိုက်ရင်း ရှေ့သို့ ချီပြန်လေသည်။

ဘီရှိုဟာချိန်ကျလျှင် ထိုမှတစ်ဖန် မြောက်ဘက်သို့ စစ်ဦးလှည့်ကာ ဆက်လက် ချီပြန်သည်။ ဗြိတိသျှတို့၏ ဆိုင်ရင်နီးကားတစ်ခွင်တွင် ထီးထီး ကျန်နေသော ခံတပ်လည်းဖြစ် တိုက်တိုင်းလည်း တပ်လန်ခဲ့ရသော တိုပရပ် ကို သိမ်းပိုက်ရန် ချီတက်ခဲ့ခြင်းပင် ဖြစ်သည်။

"ဗြိတိသျှတွေ ခုခံတိုက်ခိုက်တဲ့အထဲက တိုပရပ်ဟာ စံတင်လောက် ပါပေတယ်၊ ကနေ့ ကျုပ်တို့ တိုပရပ်ကို အပြီးအပိုင် ချေမှုန်းတော့မယ်"

ရွှန်းမဲလ်သည် တိုပရပ်မြို့စောင့်တပ်များနှင့် ပတ်သက်၍ သူ့ မှတ်တမ်းတွင် အထင်ကရ ရေးမှတ်ထားလေသည်။ တိုပရပ်မြို့တော်တပ်များ နှင့် ရွှန်းမဲလ်တပ်များ တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန် တိုက်ခိုက်ကြ သည်။

ဂျာမန်လုပ် ဝုစ်လေယာဉ်များကလည်း အပြင်းအထန် လေကြောင်းမှ ဝိုင်းဝန်းတိုက်ခိုက်ရင်း အထောက်အကူပေးသည်။ ယင်းသို့ဖြင့် သူ့တပ် အကြိမ်ကြိမ် တပ်လန်ခဲ့ရသော စံတင်လောက်သည့် တိုပရပ် ခံတပ် ကျိုးပေါက်သွားသည်နှင့် ရွှန်းမဲလ်၏ ပန်ဇာတင့်ကားများသည် ပျက်စီး ယိုယွင်းနေပြီဖြစ်သည့် တိုပရပ် ခံတပ်မြို့တွင်းသို့ ဘီးလိမ့်ဝင်နိုင်ခဲ့ကြလေ တော့သည်။

ထိုနေ့တွင်ပင် အောင်ပွဲခံ သူ့တပ်များအတွက် ရွှန်းမဲလ်က ပြန်တမ်း တစ်စောင် ထုတ်ပြန်လိုက်သည်။

ရဲဘော်တို့....

ယနေ့ သင်တို့ တိုပရပ်မြို့ကို အလျင်အမြန်ဆုံး သိမ်း ပိုက်နိုင်သည့် အောင်ပွဲသည် ငါတို့ မာမာရီကာတွင် ဆင်နွှဲ နေသော မဟာစစ်ပွဲကြီးအတွက် အထူးတလည် အားသစ် လောင်းစေခဲ့သည်၊ ဂုဏ်သိန်မြင့်မားစေခဲ့သည်။

ငါတို့သည်....



ယနေ့ သုံ့ပန်း ၄၅၀၀၀ ကို ဖမ်းဆီးရမိပြီး ရန်သူ့သံချပ် ကာ တိုက်ခိုက်ရေးယာဉ် ၁၀၀၀ ကျော်ကို ဖျက်ဆီးနိုင်ခဲ့ပြီး အမြောက်အလက် ၄၀၀ ကိုလည်း သိမ်းဆီးရမိလိုက်သည်။

ငါတို့သည် ရန်သူများကို အပြီးအပိုင် ချေမှုန်းသုတ်သင် နိုင်ရန်အတွက် ဗြိတိသျှ အမှတ်(၈) တပ်မတော်တပ်လုံး မပျောက်မချင်း အတိုက်ရပ်မည်မဟုတ်။

နောက်ဆုံးပန်းတိုင်ရောက်သည်အထိ ဆက်လက် ချီတက်ရန် သင်တို့ထံ ငါလာခဲ့မည်။*

(ရွှန်းမဲလ်)

❑

* by Jules Archer
HALF MAN, HALF TANK: FIELD MARSHAL ROMMEL မှ ထုတ်နုတ်ပြန်ဆိုသည်။ (စာမျက်နှာ ၃၈၊ ၃၉၊ ၄၀၊ ၄၁)

www.burmeseclassic.com

www.burmeseclassic.com

## ရန်သူကောင်းတစ်ယောက် မိတ်ဆွေကောင်းတစ်ရာ

ဇွန်လ ၂၁ ရက်နေ့ နံနက်ခင်းတွင် ရွှန်းမဲလ်သည် တိုပရပ်မြို့ကို သိမ်းပိုက်လိုက်မိပြီဖြစ်ကြောင်း အစီရင်ခံနိုင်ခဲ့လေသည်။ နောက်တစ်နေ့တွင် ဟစ်တလာ့ဌာနချုပ်မှ ရွှန်းမဲလ်အား စစ်သူကြီးရာထူးသို့ တိုးမြှင့်ခန့်အပ်လိုက်သည့် ကြိုးမဲ့ကြေးနန်းတစ်စောင် ရောက်ရှိလာလေသည်။

အသက် ၄၉ နှစ်တွင် စစ်သူကြီးရာထူးသို့ တိုးမြှင့်ပေးခြင်းခံရသဖြင့် ဂျာမန်တပ်မတော်တွင် ရွှန်းမဲလ်အား အသက်အငယ်ဆုံးစစ်သူကြီးဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ထိုညနေတွင် "ဝမ်းသာခြင်း အထိမ်းအမှတ်"အဖြစ် ပျော်ပွဲကလေးတစ်ခု ကျင်းပလိုက်သည်။ ထိုပျော်ပွဲကလေး၌ အဖျော်ယမကာအဖြစ် စည်သွတ် နာနတ်သီးတစ်ဘူးနှင့် ဝီစကီတစ်ခွက်သာ ပါဝင်လေသည်။ ညစာစားပြီးသောအခါတွင်မူ ဇနီးသည်ထံ စာတစ်စောင်ရေးလိုက်သည်။ ထိုစာထဲတွင် "ငါ့ကို ဟစ်တလာက စစ်သူကြီးရာထူး တိုးမြှင့်ပေးလိုက်ပြီ။ အဲဒီလို ငါ့ကို ရာထူး တက်ပေးမယ့်အစား တပ်မတစ်တပ် ထပ်ပေးရင် သိပ်ကောင်းမှာပဲကွာ"ဟု ရေး၍ ညည်းညူလိုက်လေသည်။

မည်သို့ပင်ဖြစ်စေ ထိုစဉ်က ရွှန်းမဲလ်၏ စိတ်သည် ထူးထူးကဲကဲ တက်ကြွနေမည်မှာ အမှန်ပင် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ၁၄ နှစ်တိုင်တိုင် ဗိုလ်ကြီးဘဝဖြင့် မထင်မရှား နေခဲ့ရသော နှစ်များကိုလည်း တွေး



ကောင်းတွေးနေမည်ဖြစ်ပြီး ထိုအတွေးနှင့်အတူ ၁၄ နှစ်သော မထင်မရှားနှစ်များ၏ သည်မှာဘက် စစ်သူကြီးအဖြစ်သို့ ပို့ဆောင်ခဲ့သော ၁၀ နှစ်ပိုင်းကိုလည်း နှစ်ထောင်းအားရ ဖြစ်နေပေမည်။

ယခုအချိန်သည် ရွှန်းမဲလ်အဖို့ ဇာတာစန်းလဂ် အမြင့်မားဆုံးအချိန်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဟူမူ ရွှန်းမဲလ်သည် ရာထူးအားဖြင့် စစ်သူကြီးရာထူးကို ပိုင်ဆိုင်ထားနိုင်ပြီးသူ ဖြစ်သကဲ့သို့ မြောက်အာဖရိကစစ်မျက်နှာတွင်လည်း အောင်ပွဲ အထွတ်အထိပ်သို့ ရောက်ရှိနေချိန်ဖြစ်သောကြောင့်ပင်တည်း။

ရွှန်းမဲလ်သည် ထရစ်ပိုလီသို့ ရောက်လာခြင်း၏ မူလအကြောင်းခံမှာ ထရစ်ပိုလစ်တေးနီးယားကို ဗြိတိသျှများ ရန်သတ္တုရမပြုနိုင်အောင် ဟန့်တားထားရုံသက်သက်မျှ တာဝန်ဖြင့် ရောက်လာခဲ့ခြင်း ဖြစ်ပါ၏။

ထို့ကြောင့်လည်း ရွှန်းမဲလ်သည် အသစ်သစ်သော စစ်သေနင်္ဂဗျူဟာသာမက မရင်းနှီးဖူးသော သဲကန္တာရကြီးနှင့်ပါ လိုက်လျောညီထွေဖြစ်အောင် ကြိုးပမ်းခဲ့ရလေသည်။ ယင်းသို့ ကြိုးပမ်းရာတွင်လည်း ရေထဲ ဝမ်းဘဲ ချပေးသလို အလွယ်တကူ ကူးလူးသွားသည့်နည်းမျိုးမဟုတ်၊ ကြီးမားသော အကျပ်အတည်း အခက်အခဲများကို ခါးစည်းခံရင်း ကြိုးပမ်းရခြင်းလည်း ဖြစ်ပါ၏။

သို့ဖြင့် မကြာမီပင် ရွှန်းမဲလ်သည် 'သဲကန္တာရဒဏ်' ခံနိုင်ရည်ရှိသည်ဆိုသည့် ဂုဏ်ပုဒ်ကို ပေးအပ်ခံရသည်အထိ မိမိရောက်နေသောဒေသနှင့် လိုက်ဖက်အောင် နေနိုင်ခဲ့သည်။

ရွှန်းမဲလ် သဲကန္တာရဒဏ် ခံနိုင်ရည်ရှိမှုနှင့် ပတ်သက်၍ ဗိုလ်ချုပ်ဗေယာလိန်က "ရွှန်းမဲလ်ဟာ တုနှိုင်းမယှဉ်သာအောင် တစ်ဖက်ကမ်းခပ်တဲ့ စစ်ပါရဂူကြီးတစ်ယောက် ဖြစ်ချင်မှဖြစ်မယ်၊ ဒါပေမဲ့ ဂျာမန်တပ်မတော်တစ်ခုလုံးမှာ သဲကန္တာရစစ်ပွဲနဲ့ အသင့်လျော်ဆုံးသူကို ပြပါဆိုရင် သူ့ကိုသာ မလွဲမသွေ လက်ညှိုးညွှန်ပြရမှာ အမှန်ပဲ"ဟု မှတ်ချက်ချခဲ့ဖူးလေသည်။

စင်စစ် သဲကန္တာရစစ်ပွဲသည် နုပျိုသော လူငယ်များနှင့်သာ သင့်လျော်၏။ ရွှန်းမဲလ်ကား လူငယ်တစ်ဦး မဟုတ်သော်လည်း ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းမှုကို ဖြစ်ထွန်းစေသော စကိတ်စီးခြင်း၊ တောင်တက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ကို နှစ်ပေါင်းများစွာ တစိုက်မတ်မတ် ပြုလုပ်ခဲ့ခြင်းကြောင့် အသက်အရွယ်အားဖြင့် ဇရာသို့ပင် ချဉ်းကပ်နေသော်လည်း ကိုယ်ကာယ ကြံ့ခိုင်သန်စွမ်းမှုမှာမူ အဖွံ့ဖြိုးဆုံးအချိန်သို့ ရောက်ရှိနေလေသည်။

စကိတ်စီးချန်ပီယံတစ်ဦးဖြစ်သူ လေထီးတပ်သားတစ်ယောက်က ရွှန်းမဲလ်အကြောင်း ဤသို့ပြောပြဖူး၏။

"ရွှန်းမဲလ်ရဲ့ အင်အားဟာ မြင်းတစ်ကောင်အားနဲ့ ညီမျှတယ်။ သူလို လူတွေ့ခဲဘိခြင်းဗျာ၊ ကျုပ်ဖြင့် တွေ့ကိုမတွေ့ဖူးပါဘူး။ အစားအသောက်၊ အအိပ်အနေကအစ ဘာမှ ဇီဇာကြောင်တတ်တဲ့လူ မဟုတ်ဘူး။ သူ့အောက် အသက်နှစ်ဆယ် သုံးဆယ်ငယ်ရွယ်တဲ့ လူတွေကတောင် သူ့ကိုတုပြီး အမော အပန်း မခံနိုင်ဘူး။ သူကချည်း အနိုင်ပိုင်းတာပဲ၊ သူ့ကိုယ်သူလည်း မညာ ဘူး။ သူများကိုလည်း ညာရမှန်းသိတဲ့လူ မဟုတ်ဘူး၊ အကြမ်းမှာတော့ ကမ်းကုန်ပဲဗျာ"

ရွှန်းမဲလ်သည် အခြေအနေပေးသလို နေနိုင်ပြီး အပင်ပန်းခံနိုင်မှုကို ပင် အထူးဂုဏ်ယူနေတတ်ခြင်းကြောင့် စပါတန် သွေးနှောသူဟု ဆိုရပေ မည်။

သဲကန္တာရကို အခြေပျက်အောင် တရကြမ်းတိုက်ခိုက်တတ်သော 'ဂီဘီလီ' သဲမုန်တိုင်းကြီး ကျပြီဆိုလျှင် ရှေးအစုအစဉ်ကပင် သဲကန္တာရတွင် သာ ကျင်လည်ကျက်စားနေသည့် အာရပ်လူမျိုးများ ဗျာပါပွားကြသော်လည်း ရွှန်းမဲလ်အဖို့မူ ၎င်းသဲမုန်တိုင်းကို ကြောက်စရာကောင်းသည် ဆိုရုံလောက် သာ အသိအမှတ်ပြုပြီး အထူးတလည် မှုတတ်သူမဟုတ်ပေ။

ဗွေဆော်ဦးတိုက်ရသော သဲကန္တာရတိုက်ပွဲတွင် ရွှန်းမဲလ်သည် "စတော့ရှ်"ကင်းထောက်လေယာဉ်ငယ်ကို ကိုယ်တိုင်မောင်းနှင်လျက် ပျံသန်း ကင်းထောက်၏။ ထိုစဉ်က သဲမုန်တိုင်း အပြင်းအထန် ကျနေချိန်ဖြစ်ရာ ရွှန်းမဲလ်သည် မြေပြင်အမှတ်အသားများကို လုံး၀ မမြင်ရသည့်ပြင် အသက် လု၍ ပြန်ဆင်းခဲ့ရ၏။

မြေပြင်ပေါ် သက်ဆင်းမိသည်နှင့် ရွှန်းမဲလ်က ဘာမှမမြင်ရ ကြောင်း၊ ဗြိတိသျှများ ဘာလုပ်နေမှန်းသိရန် ခဲယဉ်းကြောင်း ၀န်ခံလေသည်။

ထိုအချိန်မျိုးတွင် ဗြိတိသျှများသည် သဲမုန်တိုင်းနှင့်အတူ ရောနှော



ပါလာသော သဲလုံးကြီးများ မျက်စိထဲမ၀င်အောင် ကြိုးစားနေရုံမှတစ်ပါး ဘာများကော ထူးထူးထွေထွေ လုပ်နိုင်ကြမည်နည်း။

ရွှန်းမဲလ်သည် နပိုလီယံကဲ့သို့ပင် မိနစ်အနည်းငယ် မှေးစက်ရုံဖြင့် လည်းကောင်း၊ မော်တော်ကားအတွင်းတွင် တစ်ငိုက်မျှ အိပ်ရရုံဖြင့် လည်းကောင်း၊ စားပွဲပေါ် ခေါင်းတင်ပြီး မှေးလိုက်ရုံဖြင့်လည်းကောင်း တင်းတိမ် လောက်ရှိပြီး သို့တဒင်္ဂ အိပ်စက်ရာမှ နိုးလာလျှင်လည်း သုန်သုန်မှုန်မှုန်မရှိ ပကတိ လန်းလန်းဆန်းဆန်း ရွှင်ကြည်ကြည်နေတတ်သူ ဖြစ်သည်။ ရွှန်းမဲလ်နှင့် လေးနှစ်တိုင်တိုင် အတူနေခဲ့ဖူးသော တပည့်ရင်းတစ်ယောက် ဖြစ်သူ ဂန်သာအား "ရွှန်းမဲလ် အိပ်ရာမှနိုးလျှင် စိတ်ဆိုးတတ်သလား"ဟု မေးကြည့်ရာ "စိတ်မဆိုးတတ်ပါဘူးဗျ၊ ကျေကျေနပ်နပ်နဲ့ စက္ကန့်ပိုင်းအတွင်း မှာ နိုးတာပါပဲ"ဟု ဖြေသည်။

၎င်းကပင် ဆက်၍ "သူ့ကိုလာနှိုးရင် စိတ်မဆိုးတဲ့အပြင် အမြဲတမ်း ကျေကျေနပ်နပ်ရှိတယ်။ နှိုးရင်လည်း မထချင် ထချင်မရှိဘူး၊ ငေါက်ခနဲ နိုးတာပဲ။ အိပ်ကတည်းကိုက မျက်စိတစ်ဖက် ဖွင့်အိပ်တယ်။ ကြေးနန်း တစ်စောင် ရောက်လာပလားဆိုရင် ကျွန်တော့်အနှိုးကိုတောင် မစောင့်တော့ ဘူး နိုးနေနှင့်ပြီ"ဟု ဆိုသည်။

ရွှန်းမဲလ်သည် ငဲ့ညှာတတ်သူဖြစ်သည့်အတိုင်း မိမိစိတ်ဆိုးလျှင် လက်အောက်ငယ်သားများအား မာန်မဲလေ့ မရှိ၊ အကြောင်းမဲ့ ဆူပူကြိမ်း မောင်းခြင်း အလျှင်းမပြုပေ။ အစားအစာဆိုလျှင်လည်း အထူးတလည် ရွေးချယ်စားသောက်တတ်သည်မဟုတ်၊ အသားညှပ်မုန့်အချို့၊ သို့မဟုတ် ပေါင်မုန့်တစ်ချိုးတစ်ဖဲ့နှင့် ငါးသေတ္တာတစ်ဘူးပါလျှင် တစ်နေကုန် သဲကန္တာရ ခရီးအတွက် ဖူလုံသူဖြစ်သည်။

တစ်ခါတွင် အီတာလျံ ဗိုလ်ချုပ်တစ်ယောက်အား ညစာစားရန် ဖိတ်ခေါ်ရာမှ မျက်နှာပူစရာ ဖြစ်ခဲ့ရကြောင်း ဤသို့ ပြောပြဖူး၏။

"တော်တော်ကို မျက်နှာပူဖို့ကောင်းတယ်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဆီမှာ ပေါင်မုန့် သုံးချပ်ပဲရှိတယ်။ အဲဒီသုံးချပ်စလုံးလည်း သိုးနေ တယ်ဗျ။ ဒါပေမဲ့ သူတို့အစားကို ကြိုးပါတယ်ဗျာ"ဟု ရွှန်းမဲလ်က ဆိုသည်။

သဲကန္တာရတွင် ရေအမြောက်အမြား သောက်လေလေ အလွန်အ

www.burmeseclassic.com

www.burmeseclassic.com



ရေငတ်လေလေ ဖြစ်သဖြင့် ရွှန်းမဲလ်သည် လက်ဖက်ရည်အေးတစ်ဘူးနှင့် လီမွှော်ရည် တစ်ခွက်လောက်သာ ယူဆောင်သွားတတ်သည်။ တစ်ခါတစ်ရံ လက်ဖက်ရည်အေးသည် လည်းကောင်း၊ လီမွှော်ရည်သည် လည်းကောင်း နဂိုအတိုင်း အရာမယွင်း ပြန်ပါလာတတ်သည်။ ညနေချိန်တွင် ရွှန်းမဲလ်သည် သူငယ်ချင်းဖြစ်သူ အဲလ်ဒင်ဂျာနှင့်အတူ ရွက်ထည်တဲအတွင်း ထမင်းလက်ဆုံစားတတ်သည်။ သူစားသည့် အစားအစာတိုင်း တပ်သားများအား ထုတ်ပေးစေသည်။ သို့ရာတွင် သူကိုယ်တိုင်စားသည့် အစားအစာ မကောင်းသည်နှင့်အမျှ တပ်သားများစားသည့် အစားအစာမှာလည်း မကောင်းပါချေ။ ဂျာမန်တပ်သားများ၏ အစားအစာများနှင့်ပတ်သက်၍ စစ်သတင်းထောက် ဗွန်အိ(စ်)ဘက် (ဗိုလ်ချုပ် အိစ်ဘက်နှင့် အမျိုးတော်သူ)က ဤသို့ပြောဖူး၏။

"ကျုပ်တို့တပ်သားတွေ အသားဝါရောဂါနဲ့ ဒီပြင်ရောဂါတွေ ထူပြောရတဲ့အကြောင်းက ကျုပ်တို့ရတဲ့ အစားအစာတွေဟာ သဲကန္တာရနဲ့ မအပ်စပ်လို့ပါပဲ။ ကျုပ်တို့ရတဲ့ ဘူးကလေးတွေနဲ့ ထည့်ထားတဲ့ ပေါင်မုန့် အနက်တွေက လွယ်လင့်တကူရှိပေမဲ့ ဗြိတိသျှပေါင်မုန့်ဖိုတွေ ဘယ်တော့ သိမ်းမိပြီး ပေါင်မုန့်ဖြူ လတ်လတ်ဆတ်ဆတ် ဘယ်တော့စားရမလဲလို့ တမ်းတနေမိကြတယ်။ ခင်ဗျားတို့ ဗြိတိသျှတွေရဲ့ ယိုတွေကောပေါ့ဗျာ။ ကျုပ်တို့ရောက်စ လေးလလုံးလုံး သစ်သီးသစ်နှံ လတ်လတ်ဆတ်ဆတ်ကို မစားခဲ့ရပါဘူး။ ကျုပ်တို့ အီတာလျံ စည်သွတ်အသားဘူးနဲ့ပဲ အာဟာရ ပြုနေရတယ်"

တစ်ကြိမ်တွင် အာဖရိကကိုးမှ အရာရှိကလေးတစ်ယောက်က ထုတ်ပေးသော အစားအစာများကို မိမိစားနိုင်သော်လည်း ခံတွင်းတွေ့သော အစားအစာတော့ မဟုတ်ကြောင်း ရွှန်းမဲလ်နှင့် ကြုံကြိုက်ခိုက် အရဲစွန့် ပြော၏။ "အေး...မင်းစိတ်ထဲမှာ ငါတစ်ယောက်တည်းချွန်ပြီး အရသာရှိတယ်လို့ ထင်နေသလား"ဟု ရွှန်းမဲလ်က ပြန်လည် အဖြေပေးခဲ့သည်။

စင်စစ် ရွှန်းမဲလ်သည် မှီဝဲနေရသော အာဟာရကိုပင် ကောင်းဆိုး အရသာ ခံစားသူမဟုတ်သဖြင့် တပ်မှထုတ်ပေးနေသော အစားအစာများ ကောင်း မကောင်းကိုပင် သတိထားမိမည် မဟုတ်ပေ။

ရွှန်းမဲလ် အမှတ်တရ မနှစ်မြို့သော အစာမှာမူ လက်ဖက်ရည်



သို့မဟုတ် ကော်ဖီကို ရေငန်နှင့် ဖျော်ခြင်းပင်တည်း။

အစာစားရာတွင် မိနစ် ၂၀ ထက် မကြန့်ကြာချေ။ ညနေစာစားပြီးလျှင် ဝိုင်အရက်တစ်ခွက်သောက်ပြီး ကြိုးမဲ့ကြေးနန်းစက်ကို ဖွင့်လေတော့သည်။ သို့ဖွင့်ပြီးလျှင် သတင်းကိုသာ နားထောင်လေ့ရှိသည်။ ယင်းသို့ သတင်းနားထောင်ပြီးလျှင်မူ နေ့စဉ် ဝတ္တရားတစ်ခုဖြစ်သော ဇနီးသည်ထံ စာရေးခြင်းအလုပ်ကို လုပ်လေတော့သည်။ တိုက်ပွဲကာလ စာရေးရန် အချိန်မရသောအခါများတွင် ယင်းတာဝန်ကို တပည့်ဖြစ်သူ ဂန်သာအား ပခုံးပြောင်းလေ့ရှိသည်။

ထိုသို့စာရေးရာတွင် ဇနီးသည် တစ်ဦးတည်းထံသာမဟုတ်ဘဲ ပထမကမ္ဘာစစ်အတွင်း ရပ်ရှင်းမှ ရဲဘော်ဟောင်းများနှင့်လည်း အမြဲ အဆက်အသွယ် ပြုလုပ်လေ့ရှိသည်။ ရဲဘော်ဟောင်းများပေးလာသမျှ စာကိုလည်း စာပြန်လေ့ရှိသည်။ ဆိုခဲ့သည့်အလုပ်များ ပြီးစီးသည်နှင့်တစ်ပြိုင်နက် ကျန်သော ညအချိန်ကို ရုံးအလုပ်များလုပ်ရင်းဖြင့် ကုန်ဆုံးစေသည်။ စာကိုမူ ဖတ်ခဲ၏။ အချိန်ရ၍ ဖတ်လျှင်လည်း သတင်းစာ သို့မဟုတ် စစ်ရေးရာ စာအုပ်များကိုသာ ဖတ်လေ့ရှိပြီး မြောက်အာဖရိက သမိုင်းကိုလည်း စိတ်ဝင်စားသည်။ အထူးသဖြင့် ရှေးဟောင်းပစ္စည်း တူးဖော်မှုကို ပိုမိုစိတ်ဝင်စားလေသည်။ ရွှန်းမဲလ်သည် နံနက်ခင်း ၆ နာရီထိုးသည်နှင့် အိပ်ရာမှနိုးပြီး ဟိုသည် သွားလာနေသည်ကို တွေ့ရမည်ဖြစ်သည်။ တပ်များ စစ်ရေးပြရာတွင် အဝတ်အစားသေသပ်မှုကို အထူးဂရုစိုက်တတ်သလောက် သဲကန္တာရတွင်မူ အာဖရိကတပ်သားများကို မိမိတို့စိတ်ကြိုက် အဝတ်အစားများ ဝတ်ခွင့်ပြုသည်။ သူကိုယ်တိုင်မှာမူ မုတ်ဆိတ်ကျင်စွယ်များကို သန့်စင်စွာ ရိတ်သိမ်းလျက် စစ်ဝတ်စုံ အပြည့်အစုံဖြင့် သပ်သပ်ရပ်ရပ် အမြဲနေတတ်သူ ဖြစ်သည်။ တစ်ခါတစ်ရံ ဘောင်းဘီတို ဝတ်တတ်သော်လည်း များသောအားဖြင့် မြင်းစီးဘောင်းဘီဝတ်၍ ဘွတ်ဖိနပ်ကိုသာ စီးလေ့ရှိသည်။ ပူပြင်းသော ရာသီတွင် နွေရာသီဆောင်း ခမောက်ကို သဲကန္တာရရောက်သူများ လုပ်လေ့ရှိသည့်အတိုင်း သဲကန္တာရရောက်သည်နှင့် လွှင့်ပစ်လေတော့သည်။ ကျည်ကာသံခမောက်ကိုလည်း မည်သည့်အခါမျှ ဆောင်းလေ့မရှိပေ။ ရွှန်းမဲလ်၏ ဝါသနာဆန်းတစ်ခုမှာကား ဆောင်းရာသီတွင် မာဖလာအကျ

www.burmeseclassic.com

www.burmeseclassic.com



ကို လည်တွင် ရစ်သိုင်းတတ်ခြင်းပင် ဖြစ်သည်။ ထိုမာဖလာအောက်တွင်မူ ဂျာမန်လူမျိုးတို့ စစ်ထုံးစံအတိုင်း အိုင်းရင်းခရော့တံဆိပ်ကြီးကို တပ်ဆင်ထား၏။ တစ်နည်းဆိုသော် ရွှန်းမဲလ်သည် ဗြိတိသျှ တပ်မှူးများထက် အဝတ်အစားကို ပိုမိုခံ့မင်တတ်သူဟု ဆိုရပေမည်။

နေ့စဉ် နံနက် ၆ နာရီခွဲသည်နှင့် တပ်စခန်း အနေအထား စစ်ဆေးမှုကို ပြုလုပ်လေတော့သည်။ တစ်ခါတစ်ရံ ကင်းထောက်လေယာဉ်ငယ်ကို ကိုယ်တိုင်မောင်းနှင်လျက် လေကြောင်းမှ ကင်းထောက်လေ့ရှိသည်။ ရွှန်းမဲလ်သည် လက်မှတ်ရ လေယာဉ်မှူးတစ်ယောက် မဟုတ်သော်လည်း လေကြောင်းပညာထူးချွန်သူဖြစ်ပြီး ယာဉ်မောင်းကျွမ်းကျင်သူလည်း ဖြစ်သည်။ တိုက်ပွဲတွင်မူ ဗြိတိသျှလက်မှ ဖမ်းဆီးရမိသော မာမွတ်ခေါ် သံချပ်ကာကားကို စီးလေ့ရှိသည်။ မကြာမကြာ ဘောက်(စ်)ဝက်ဂွန်း ကားတစ်စီးကို ကိုယ်တိုင်မောင်းလျက် သဲကန္တာရအတွင်း လမ်းမမှားအောင် ဖြတ်မောင်းနိုင်သူဖြစ်သည်။ မည်သည့်စခန်းမှ ရွှန်းမဲလ်အတွက် ဝေးသည်ဟူ၍မရှိ၊ မည်မျှဝေးလံသည်ဖြစ်စေ သွားရောက်စစ်ဆေးမြဲသာဖြစ်သည်။ တပ်နောက်ပိုင်းသို့ ရွှန်းမဲလ် ပြန်ရောက်သောအခါများနှင့် ကြုံ၍ အထက်တန်း အရာရှိတစ်ယောက်ယောက် နံနက် ၇ နာရီထိုးသည့်တိုင် အိပ်နေသေးသည်ကို တွေ့လျှင် ထိုအရာရှိ သက်သာခွင့် ရတော့မည်မဟုတ်ပေ။ တစ်ကြိမ်တွင် ရွှန်းမဲလ်အလာကို ညဝတ်အင်္ကျီမချွတ်ဘဲ အိပ်ရာမှ ကမန်းကတန်းထ၍ ကြိုမိရှာသော ကံဆိုးသူဗိုလ်မှူးကြီးတစ်ယောက်အား "မင်း သိပ်အပျင်းထူတဲ့ မြေခွေးပဲ၊ ဘာလဲ မင်းကို ငါမနက်စာ လာပို့မယ်အထင်နဲ့ စောင့်နေတာလား" ဟု ကြိမ်းခဲ့လေသည်။ ထိုကိစ္စနှင့်စပ်လျဉ်း၍ နောင်တွင် သူ့ငယ်ချင်းဖြစ်သူ အဲလ်ဒင်ဂျာအား ဤသို့ ရွှန်းမဲလ် ပြောပြဖူးသည်။

"စစ်သူကြီးဖြစ်ရတာ၊ ကြီးကျယ်တာတော့ မှန်ပါတယ်။ ဒါပေမဲ့ အရာခံဗိုလ် ဟောက်နည်းဝေါက်နည်းကိုလည်း မမေ့ဖို့လိုတယ်"

ရွှန်းမဲလ် ရှေ့တန်းစစ်မျက်နှာသို့ သွားရောက်စစ်ဆေးခြင်းများသည် ဟန်ရေးပြဝတ္တရားကျေ စစ်ဆေးခြင်း မဟုတ်ပေ။ အသေးစားစစ်ဆင်နည်းနှင့် နယ်မြေပထဝီ အမှတ်အသားတွင် ထူးချွန်သူဖြစ်သည့်အလျောက် မည်သည့်ချို့ယွင်းချက်ကိုမဆို မြင်တတ်သူဖြစ်သည်။



စက်ကြီးနေရာချထားပုံ မကောင်းလျှင်သော်လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များ အထားအသို မမှန်ကန်လျှင်လည်းကောင်း၊ မြေမြှုပ်ဗုံးမြှုပ်ရာတွင် ပိပိရိရိ မရှိလျှင်လည်းကောင်း၊ ကင်းစခန်းတစ်ခုတလေ ရုပ်ဖျက်အဆင်မပြေလျှင်လည်းကောက် ချက်ချင်းမြင်မည် မလွဲပေ။ စခန်းတစ်နေရာ စစ်ဆေးပြီးနောက် ဘဝင်မကျလျှင် သဲကန္တာရပြင်သို့ တစ်မိုင် ၂ မိုင်မျှ တစ်ယောက်ထီးထီး ကားတစ်စီးဖြင့်ထွက်သွားပြီး ရန်သူ့မြင်ကွင်းမှနေ၍ ရန်သူ့အကြည့်ဖြင့် ပြန်လည်ကြည့်တတ်၏။ ယင်းသို့ အတင့်ရဲမှုကြောင့်လည်း ရန်သူ၏ မကြာခဏ ပစ်ခတ်ခြင်းကို ခံရတတ်သည်။ ထိုသို့အဝေးမှသည် စခန်းသို့ ပြန်ဝင်လာလျှင်လည်း ရန်သူများ ခြေရာမခံနိုင်အောင် စခန်းသို့ တိုက်ရိုက်ပြန်မလာ၊ တောင်ပံမှ လှည့်ပတ်ခြေရာဖျောက်ပြီး ဝင်လာတတ်သည်။ အကဲ့ရှိမာခံတပ်ရှိရာသို့ "တွားဝင်"သွားစဉ်ကလည်း မြေမြှုပ်ဗုံးခင်းအလယ်သို့ရောက်လျှင် ရန်သူ့ပစ်ခတ်ခြင်းကို ခံလိုက်ရသည်။ ကံကောင်းထောက်မသဖြင့် အသက်မသေခြင်း ဖြစ်သည်။ ထိုနေရာမှ ပြန်ရောက်လျှင်ရောက်ချင်း "ဒီလိုအပစ်ခံရတာ မြန်မြန်ဖြတ်ကူးမိလို့ပဲ၊ ကျုပ် ဖြည်းဖြည်းဖြတ်ဖို့ ကောင်းတယ်"ဟု မှတ်ချက်ချ၏။

ရွှန်းမဲလ်သည် အကြပ်တပ်သားကလေးများ၏ အသေးအဖွဲပြဿနာကလေးများကိုပင် စိတ်ဝင်စားစွာ ဖြေရှင်းပေးတတ်လေ့ရှိခြင်းကြောင့်လည်းကောင်း၊ စစ်ရေးစစ်ရာ၌ ပိုင်နိုင်ခြင်းကြောင့်လည်းကောင်း၊ သဲကန္တာရပထဝီကျွမ်းကျင်ခြင်းကြောင့် လည်းကောင်း ရွှန်းမဲလ်အား အကြပ်တပ်သားကလေးနှင့် အရာရှိကလေးများ ကြည်ညိုလေးစား၍မဆုံး ဖြစ်ခဲ့ရသည်။ ထိုအကြောင်းများကြောင့်လည်း အကြပ် တပ်သားလေးများက ရွှန်းမဲလ်အား သူတို့ထဲက ရဲဘော်ရဲဘက်ရင်းပမာ မှတ်ယူခဲ့ကြပြီး ဖြစ်သည်။ တစ်နည်းဆိုသော် ရွှန်းမဲလ်ကို သူတို့လို ရှေ့တန်းတွင် လက်တွေ့ တိုက်ပွဲဆင်းနေသူရှေ့တန်းသမားတစ်ယောက်အဖြစ် မြင်ခဲ့ရခြင်းပင်တည်း။

ထို့အပြင် ရွှန်းမဲလ်သည် လူငယ်များနှင့် တရင်းတနှီး ပြောဆိုဆက်ဆံတတ်သူလည်း ဖြစ်သည်။ လူငယ်လူရွယ်ကလေးများကို အထူးချစ်ခင်တတ်သည်။ "ရွှန်းမဲလ်ဟာ လူငယ်တွေနဲ့ စကားပြောတဲ့အခါတွေမှာ အထူးရွှင်ပျနေတတ်တယ်။ ကိုယ်တာဝန် ကိုယ်ကျေပွန်အောင် လုပ်နေ

www.burmeseclassic.com

www.burmeseclassic.com



လှုငယ်တိုင်းကို ပြက်လုံးကလေးနဲ့ ပျော်စေ ပြက်စေ နောက်ပြောင်စေတတ်ပြီး ပြုံးပြုံးရွှင်ရွှင် စကားပြောနေတတ်တယ်။ ရွှန်းမဲလ်သဘောအကျဆုံး အလုပ်ကတော့ သူ့ရပ်ရွာကလူတွေနဲ့ တွေ့ရင် ဆွာဘီယံဘာသာစကားနဲ့ လက်ဆုံကျတတ်တဲ့ အလုပ်ပဲ။ ကျုပ် တွေ့သမျှလူတွေထဲမှာ ရွှန်းမဲလ်ဟာ ခင်မင်စရာ အကောင်းဆုံးနဲ့ အကြင်နာတရား အရှိဆုံး လူတစ်ယောက်ပါပဲဗျာ"ဟု ဗွန်အိ(စ)ဘက်က ဆိုခဲ့ဖူးလေသည်။

ဤသို့ နောက်ဆုံးစကားကို ရွှန်းမဲလ်ထက် အလွှာလွှာဝင်ဆံ့ပြီး အတွေ့အကြုံရှိသော ဗွန်အိ(စ)ဘက်လို ပုဂ္ဂိုလ်မျိုးက စကားကုန်ပြောဆိုလိုက်ခြင်းမှာ အံ့ဩစရာပင်။

ရွှန်းမဲလ်၏ အရည်အချင်းမှာ စစ်မြေပြင်တွင် အပေါ်လွင်ဆုံးဖြစ်၏။ မွေးကတည်းက ခေါင်းဆောင်ဖြစ်ရန် မွေးလာသူဟူ၍ပင် တင်စားပြောဆိုရမတတ် ဖြစ်၏။ မည်သည့် အဆုံးအဖြတ်မျိုးဖြစ်စေ ကိုယ်ပိုင်ခေါင်းဆောင်မှုပေါ်တွင်သာ အားထားဆုံးဖြတ်လေ့ရှိသည်။ ထိုစဉ်က ခေတ်စားခဲ့သော သံကန္တာရတိုက်ပွဲသည် ရေကြောင်းတိုက်ပွဲများနှင့်တူသည် ဆိုသည့် နှိုင်းယှဉ်ချက် ဆိုရိုးစကားကိုလည်း အဦးဆုံး တွေ့ရှိပြောဆိုခဲ့သူဖြစ်သည်။ "ဘယ်ရေကြောင်းဗိုလ်ချုပ်မှ ကမ်းခြေစခန်းက တိုက်နေလို့ ရေကြောင်းတိုက်ပွဲနိုင်မှာ မဟုတ်ဘူး" ဟူသည့် စစ်အဘိဓမ္မာကို စတင်ဖော်ထုတ်ခဲ့သူမှာလည်း ရွှန်းမဲလ်ပင်။

ရွှန်းမဲလ်သည် မည်သည့်ပြဿနာ၊ မည်သည့် စစ်ရေးစစ်ရာကိုပင်ဖြစ်စေ တဒင်္ဂအတွင်း အဆုံးအဖြတ်ပေးနိုင်သူဖြစ်သကဲ့သို့ ရုတ်ခြည်းပေါ်ပေါက်လာသော အခွင့်အလမ်းကောင်းများကိုလည်း လက်မလွှတ်တမ်း မိမိရရ ကိုင်တွယ်အသုံးချနိုင်သူ ဖြစ်သည်။ အောင်ပွဲများ အံ့ဖွယ်သရဲ ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့သည့် အကြောင်းရင်းမှာလည်း ဗြိတိသျှ ဗိုလ်ချုပ်များကဲ့သို့ မိမိထံရောက်ရှိရန် အဆင့်ဆင့်တက်လာရသည့် စစ်ရေးအခြေအနေ သတင်းများကို အချိန်ဖင့်နွှဲမခံ စောင့်ဆိုင်းခြင်းမပြု၊ ရန်သူတပ်စွဲရာသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကင်းထောက်သဖြင့် ရန်သူ့ထောင်ချောက်များကို တစ်မှုဟုတ်ချင်း ရှောင်ကွင်းနိုင်သကဲ့သို့ ပေါ်လာသော အခွင့်ကောင်းဟူသမျှကိုလည်း လက်တုံ့မနေးဘဲ လျင်လျင်မြန်မြန် အသုံးချနိုင်ခဲ့ခြင်း



ကြောင့်လည်း ဖြစ်ပေသည်။

ယင်းသို့ ကိုယ်တိုင်ကိုယ်ကျ ကင်းထောက်ထွက်ရာတွင် ရွှန်းမဲလ်သည် ခြေလျင်သွားရန် လွယ်လျှင်သွား၏။ လေယာဉ်ဖြင့်လည်းကောင်း၊ ဘောက်(စ)ဝက်ဂွန်းကားလေးဖြင့် လည်းကောင်း သွားသင့်လျှင် သွားတတ်သည်။ ထို့ကြောင့်လည်း ၁၉၄၁ ခုနှစ် ဧပြီလတွင်တစ်ကြိမ်၊ ၁၉၄၂ ခုနှစ် ဇန်နဝါရီလတွင် တစ်ကြိမ် ကင်းထောက်အသွင်မှ ကြားကာလမဲ့ တစ်မုဟုတ်ချင်း တိုက်စစ်အသွင်သို့ ကူးပြောင်းနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုပေမည်။

ထိုအကြောင်းကြောင့်လည်း ၁၉၄၂ ခုနှစ်၊ မေလတွင် တပ်လုံးပြောင်မတတ် အခြေအနေဆိုးပြီး အလဲထိုးခြင်းခံထားရရာမှ ရိက္ခာပြဿနာ စိတ်ချသွားသည်နှင့်တစ်ပြိုင်နက် ချက်ချင်းပင် ငေါက်ခနဲထ၍ ရှုံးနိမ့်နေသော စစ်ကို အောင်နိုင်သောစစ်အဖြစ် စစ်ရေးချိန်ခွင်လျှာကို ပြောင်းပြန်ပြန်ပြောင်းသွားအောင် လုပ်နိုင်ခဲ့ခြင်းလည်း ဖြစ်လေသည်။

ရွှန်းမဲလ်အား လစ်ဒဲလ်ဟတ်နှင့် အခြားပါရဂူများက စစ်မြေပြင်တွင် အထိန်းအကွပ်မရှိ ထွက်ချင်တိုင်း ထွက်နေသဖြင့် ဌာနချုပ်နှင့် မကြာခဏ အဆက်အသွယ် ပြတ်ခဲ့ရသည်ဟူ၍ ဝေဖန်ပြောဆိုကြ၏။ ထိုဝေဖန်ချက်မှာ မှန်သင့်သလောက် မှန်သည်ဟု ဆိုရပေမည်။

သို့ရာတွင် လစ်ဒဲလ်ဟတ်က "ရွှန်းမဲလ်ဟာ သေရေးရှင်ရေး အရေးကြီးတဲ့အချိန်မှာ ဘွားခနဲ ပေါ်လာတတ်ပြီး အကျပ်အတည်း တွေ့နေတဲ့အချိန်မျိုးမှာ အားမာန်သစ်တိုးအောင် ချက်ချင်း အဆုံးအဖြတ်ပေးနိုင်တယ်" ဟု ဆက်လက်ဝန်ခံသည်။

"အဆုံးအဖြတ်ပေးရာတွင် လျင်မြန်ခြင်းနှင့် ရွေ့လျားသည့်နှုန်းအဟုန်တွင် ဂျာမန်များသည် တစ်ဖက်ရန်သူနှင့် တုနှိုင်းမရအောင် ကွာခြားလှသည်။ ယင်းသို့ ကွာဟရသည်မှာလည်း တပ်ဦးစီးမှူးတွင် လက်အောက်အရာရှိများအား တာဝန်မလွှဲဘဲ သံချပ်ကာတပ်ကို ကိုယ်တိုင်ကိုယ်ကျ ဦးစီးတိုက်ခိုက်သော ရွှန်းမဲလ်ကြောင့်ပင် ဖြစ်သည်။

ဗြိတိသျှ ဗိုလ်ချုပ်များသည် ဂျာမန်ဗိုလ်ချုပ်များထက် အရည်အချင်းညံ့ဖျင်းသည်တော့မဟုတ်၊ ၎င်းတို့၏ စစ်ပညာရေးစနစ် ခေတ်နောက်ကျနေခြင်းကြောင့်ပင်တည်း။ ဗြိတိသျှများ သင်ကြားသော စစ်ပညာရေးမှာ

www.burmeseclassic.com

www.burmeseclassic.com



မျက်မှောက်ပြုနေရသည့် ယန္တရားဗျူဟာကို မသင်ကြားရဘဲ ၁၉၄၁-၁၈ ကတုတ်ကျင်း သေနင်္ဂဗျူဟာအပေါ် အခြေပြုထားသည့် စစ်ပညာကိုသာ သင်ကြားခဲ့ရသောကြောင့်ပင် ဖြစ်သည်"ဟူ၍ ဗိုလ်ချုပ်ကြီးဖူးလားက ဝေဖန်ရေးသားခဲ့လေသည်။

၁၉၄၂ ခုနှစ် ဗိုလ်ချုပ်ကြီး အော့ချင်လက်ကိုယ်တိုင် ရှေ့တန်းတက်၍ တပ်များကို တိုက်ရိုက်အမိန့်ပေးသောအခါတွင် ရွှန်းမဲလ် နစ်ကြိမ်တိုင်တိုင် အရေးနိမ့်ခဲ့ရပြီး ၁၉၄၂ ခုနှစ်၊ ဇွန်လတွင် တပ်ပျက်မတတ်ဖြစ်နေရာမှ ပြန်ထလာနိုင်ခဲ့ခြင်းမှာလည်း ဗြိတိသျှများဘက်မှ အဆုံးအဖြတ်နှင့် ဆက်သွယ်ရေး နှေးကွေးရခြင်းကြောင့် ဖြစ်သည်။

သဲကန္တာရထဲသို့ ရောက်ဖူးသူတိုင်းက တပ်များကို တိုက်ရိုက်ကွပ်ကဲအုပ်ချုပ်ခြင်းသည် အကျိုးမရှိနိုင်ဟူ၍ ပြောကြမည်မဟုတ်ပေ။

ရွှန်းမဲလ်အား ဓာတ်လိုက်ဆန်ဆန် ဦးစီးတင့်ကားပေါ်တက်ပြီး ဦးထုပ်ကိုဇော့ယမ်းကာ တင့်ကားများကို ဦးဆောင်လျက် ရန်သူကို မျက်နှာချင်းဆိုင်တိုက်သည့် မိုက်ရူးရဲတစ်ယောက်အနေဖြင့် မြင်လျှင်မှုကား များစွာမှားပေလိမ့်မည်။

ရွှန်းမဲလ်သည် ပါးနပ်လိမ္မာပြီး ပရိယာယ်ကြွယ်ဝသည့် အတိုက်သမားတစ်ယောက်ဖြစ်သည်။ စိတ်ကြိုက်အခြေအနေမျိုးရမှ ရွေးချယ်တိုက်တတ်သူ ဖြစ်သည်။ တင့်ကားဗျူဟာနှင့် ပတ်သက်၍ ရွှန်းမဲလ် တီထွင်ခဲ့ခြင်းမှာ သူအသုံးပြုခဲ့သောနည်းဖြစ်သည့် တင့်ကားများရှေ့မှ တင့်ကားဖျက်အမြောက်ကြီးများကို ကာပစ်ပေးစေပြီး ကျည်ကန့်လန့်ကာအဖြစ် အသုံးပြုခဲ့သောနည်းပင် ဖြစ်သည်။ ထိုအမြောက်ကြီးများ ပစ်ကာပေးထားသော ကျည်ကန့်လန့်ကာနောက်မှ ပန်ဇာ တင့်ကားများ ချီတက်ရ၏။ ထိုပစ်ကာပေးထားသော အမြောက်များက ရန်သူ့တင့်ကားများကို ချည့်နဲ့သွားအောင် ပစ်ခွင်းပြီးသည်နှင့် ဒဏ်ရာအနာတရ ရနေသော သားကောင်ကို အဆုံးစီရင်ရန် ပန်ဇာများက အပြင်းချီတက် တိုက်ခိုက်ရ၏။ ပန်ဇာတင့်ကားများ ရန်သူ့ကျည်ထိမှန်ခံရ၍ ပြင်လိုလျှင်လည်းကောင်း၊ ဆုတ်လိုလျှင်လည်းကောင်း၊ ဓာတ်ဆီဖြည့်လို၍သော်လည်းကောင်း အမြောက်များနောက်ကွယ်သို့ ဆုတ်စေပြီး ပြင်သူပြင်၊ ဆီထည့်သူဆီထည့်၊ ဆုတ်၍နေလိုနေပြုရ၏။



ထိုနည်းဖြင့် ဗြိတိသျှတင့်ကားများအား ထောင်ချောက်ထဲ သိမ်းသွင်းမိသည့် အကြိမ်မှာလည်း မရေမတွက်နိုင်အောင် ဖြစ်ရသကဲ့သို့ ဗြိတိသျှတင့်ကားများက ဆုတ်သွားသော ဂျာမန်တင့်ကားများကို လိုက်လံတိုက်ခိုက်သောအခါများတွင်လည်း ပစ်ကာပေးနေသည့် ထောက်ချောက်ထဲသို့ သက်ဆင်းခဲ့ရသည့် အကြိမ်ပေါင်းမှာလည်း မနည်းပြီ။ ထိုပရိယာယ်တွင် ရွှန်းမဲလ်သည် နည်းပေါင်းမျိုးစုံဖြင့် ပညာပြနိုင်သူဖြစ်သည်။ ထို့အတူ ဗြိတိသျှတင့်ကားများ အစုအစည်းပြေချိန်တိုင်း ရွှန်းမဲလ်က တင့်ကားအလုံးအရင်းနှင့် ရောက်လာတတ်သည်ချည်း ဖြစ်၏။ ထရစ်ပိုလီသို့ စရောက်လျှင်ရောက်ချင်း ရွှန်းမဲလ်ပေးသောအမိန့်မှာ တင့်ကားအတုများ ဆောက်လုပ်ရန် ဟူသောအမိန့်ပင် ဖြစ်သည်။

ရွှန်းမဲလ်သည် သယ်ယူပို့ဆောင်ရေးယာဉ်များ၏ နောက်မြီးတွင် ပတ်တူပြားများ ချည်နှောင်စေပြီး ဖုန်တထောင်းထောင်းထအောင် လှည့်ပတ်မောင်းနိုင်းလိုက်ခြင်းဖြင့် ပန်ဇာတပ်မကြီးတစ်တပ် ချီတက်လာလေဟန် ရန်သူကို မျက်လှည့်ပြတတ်သည်။ ထိုနည်းဖြင့် ဖုန်ထစေရန် အသုံးပြုခဲ့ပြီးနောင်တွင် ထရပ်ကားများ နောက်မှ ပန်ကာတပ်ပြီး ဖုန်ထစေသော နည်းကို တီထွင်ခဲ့သည်။

ဗြိတိသျှလက်မှ ဖမ်းဆီးရမိထားသည့် သံချပ်ကာကားများနှင့် ကယ်ရီယာများကို အကန့်အသတ်မရှိ အသုံးပြုတတ်၏။ ဤသို့ အသုံးပြုရခြင်းမှာ ကားမလုံလောက်မှုကြောင့် ဖြစ်သကဲ့သို့ ရန်သူမျက်စိ ရှုပ်သွားစေရန်လည်း ဖြစ်သည်။

ဝေဖန်ခံရသကဲ့သို့ ရွှန်းမဲလ်၏ အုပ်ချုပ်မှုမှာ စည်းမဲ့ကမ်းမဲ့ အုပ်ချုပ်ရေးမဟုတ်ပေ။ စစ်မြေပြင်တွင် ဟိုသည်ကူးလူး၍လည်းကောင်း၊ အရေးမကြီးသည့် တပ်စခန်းငယ်များသို့ သွားရောက်၍လည်းကောင်း အဓိပ္ပာယ်မဲ့ အမိန့်ပေးနေတတ်သူမဟုတ်။ ဤသို့ ဘောင်မထား ပရမ်းပတာ အုပ်ချုပ်ခဲ့လျှင် လူပေါင်းတစ်သိန်း ပါဝင်သည့် တပ်ကြီးတစ်တပ်ကို သူအောင်မြင်သော အောင်မြင်နည်းမျိုးဖြင့် အုပ်ချုပ်နိုင်ခဲ့မည်မဟုတ်ပေ။ တိုက်ပွဲပြင်းထန်နေစိုက် အမိန့်ပေးရာတွင်လည်း လမ်းမှ ရန်သူများ ဖြတ်နားထောင်ပြီး အဖြတ်မထုတ်နိုင်ဟု ယုံကြည်စိတ်ချရသော အခါများတွင် ကြိုးမဲ့ကြေး

www.burmeseclassic.com

www.burmeseclassic.com



စက်ဖြင့် တိုက်ရိုက်အမိန့်ပေးတတ်၏။ ထိုသို့ တိုက်ရိုက်ထုတ်ပေးသည့်တိုင် ပေးသမျှအမိန့်များကို လက်ရေးတိုဖြင့် လိုက်ကူးစေပြီး အချိန်ရလျှင်ရချင်း စာဖြင့်ကူး၍ တရားဝင်အတည်ပြုတတ်ပါသည်ဟု အဲလ်ဒင်ဂျာက ပြောပြ၏။ ကြိုးမဲ့ကြေးနန်းစက်ဖြင့် တိုက်ရိုက်ပေးသော အမိန့်များမှာလည်း ကြည်ကြည် လင်လင် ပြတ်ပြတ်သားသား တိုတိုတုတ်တုတ် အမိန့်ပေးတတ်သည်ဟု ဆိုသည်။

ရွှန်းမဲလ်သည် သူလိုချင်သောအရာကို သံသယမရှိသိသူ ဖြစ်သည်။ ထိုနည်းတူစွာပင် သူ့လက်အောက်အရာရှိများကိုလည်း သူပေးထားသောအမိန့် ဇဝေဇဝါမဖြစ်စေဘဲ သိရှိအောင် ပြုလုပ်နိုင်သည်။

သူသည် မရှောင်မလွှဲသာ တိုက်ပွဲများတွင် ကိုယ်တိုင်စွန့်စားရ၏။ ယင်းသို့ သက်စွန့်ဆံဖျား စွန့်စားရသည်ကိုလည်း ဂုဏ်ယူ၏။ ရန်သူ အဖမ်းအဆီးခံရမည့်ဘေးနှင့် လည်းကောင်း၊ သေဘေးနှင့်လည်းကောင်း အနီးကပ်တွေ့ပြီးမှ ပြန်လွတ်လာရသည့် အကြိမ်ပေါင်းမှာလည်း ရာထောင်မက ဖြစ်ခဲ့ရ၏။

တစ်ကြိမ်တွင် သူ့ဘေးတစ်ဖက်တစ်ချက်မှ ယာဉ်မောင်းသူနှင့် တွဲဖက်ယာဉ်မောင်းသူ နှစ်ယောက်စလုံး သေပွဲဝင်ခဲ့ကြရသဖြင့် ကိုယ်တိုင်ကားမောင်း၍ ခရီးဆက်ခဲ့ရသည်။ ရွှန်းမဲလ်သည် ထူးထူးကဲကဲ သူရသတ္တိနှင့် ပြည့်စုံသူဖြစ်ပြီး ရန်သူအပစ်ခံနေရသောအခါများတွင်လည်း တုန်လှုပ်ခြင်း အလျှင်းမရှိ ကြံ့ကြံ့ခိုင် နေနိုင်သူဖြစ်၏။ ရွှန်းမဲလ်သည် နပိုလီယံနှင့် ဝဲလ်လင်တန်တို့ကဲ့သို့ တာဝန်အရ လိုအပ်လျှင် လိုအပ်သလို စွန့်စား၏။

ယင်းသို့ စွန့်စား၍ တွေ့ကြုံရမည့် ဘေးရန်များကိုလည်း မိမိလုပ်ကိုင်နေရသော အလုပ်အရ မရှောင်မလွှဲသာ တွေ့ကြုံရမည့် ဘေးရန်များသာ ဖြစ်သည်ဟု ယုံကြည်၏။ ထိုအယူအဆကို သူများထက်ပို၍ ထူးထူးကဲကဲ မွေးမြူနိုင်ခြင်းမှာ သူ့ကိုယ်သူ တိုက်ပွဲတွင်မကျနိုင်ဟု စိတ်ချလက်ချ ယုံကြည်နေခြင်းကြောင့်ပင် ဖြစ်သည်။

ထိုယုံကြည်ချက်ကို ရွှန်းမဲလ် ယုံကြည်သကဲ့သို့ သူ့လက်အောက် အရာရှိများကလည်း ယုံကြည်ကြ၏။

သို့သော် ၎င်းတို့က ရွှန်းမဲလ် တိုက်ပွဲတွင် မကျနိုင်ခြင်းသည်



လာမည့်ဘေးရန်ကို ကြိုတင်မြင်နိုင်စွမ်းသော ရွှန်းမဲလ်၏ ဆဋ္ဌမအာရုံကြောင့် ဖြစ်သည်ဟူ၍ ထင်မြင်ကြသည်။ ဗိုလ်ချုပ် ဗေယာလိန်က သူ့ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုကို ဤသို့ပြောပြ၏။

"နိုဝင်ဘာလ ၂၅ ရက်နေ့ရဲ့ နေ့လယ်ပိုင်းမှာပေါ့ဗျာ၊ ဂဲဆာအဲလ် အဘစ်က အာဖရိကကိုး ဌာနချုပ်ထဲမှာ ကျုပ် ရွှန်းမဲလ်နဲ့အတူရှိနေတယ်၊ အဲဒီအချိန်မှာ ကျုပ်ကို ရွှန်းမဲလ်က 'ဗေယာလိန်၊ မင်း ဒီကထွက်သွားဖို့ ငါ့အကြံပေးတယ်ဟော့၊ ဒီနေရာကို ငါစိတ်မသန့်ဘူးကွ'လို့ ကောက်ကာငင်ကာ ပြောလိုက်တယ်၊ သူပြောပြီးလို့ တစ်နာရီလောက်လည်းကြာရော ဌာနချုပ်ကို ရန်သူတွေ ဝင်စီးတော့တာပဲ၊ အဲဒီညနေမှာပဲ ကျုပ်နဲ့ ရွှန်းမဲလ် နှစ်ယောက် တည်း မတ်တတ်ရပ် စကားပြောနေတုန်း 'တို့တောင်ပံဘက်ကို ကိုက် ၂၀၀ လောက်ရွှေ့ရအောင်ဟော့၊ မကြာခင် ဒီနေရာ အမြောက်ခွင်းခံရ လိမ့်မယ်လို့ ငါထင်တယ်'လို့ ပြောပြီး နေရာရွှေ့ခိုင်းတယ်၊ တကယ်တော့ သဲကန္တာရထဲမှာ ဘယ်နေရာရွှေ့ရွှေ့ မထူးပါဘူး၊ တစ်နေရာနဲ့တစ်နေရာ အတူတူပါပဲ၊ ဒါပေမဲ့ ကျုပ်တို့ပြောင်းပြီးလို့ ငါးမိနစ်လောက်ကြာတော့ ဆောစောက ရပ်ခဲ့တဲ့နေရာကို ဗုံးဆန်တွေ တိုက်ရိုက်ကျတော့တာပဲ၊ စစ်နှစ်စစ် အတွင်း ရွှန်းမဲလ်နဲ့အတူ တိုက်ပွဲဝင်ခဲ့ဖူးတဲ့ လူတွေကို မေးကြည့်ရင် အဲဒီလို ဆင်တူယိုးမှား အဖြစ်အပျက်ကလေးကို ပြောပြကြမှာပါပဲ"

မှန်ပါသည်။ ကျွန်ုပ်မေးဖူးသော လူတိုင်းကလည်း ထိုသို့သော အဖြစ်အပျက်ကလေးမျိုးများကို ပြောပြခဲ့ကြဖူးပါ၏။

မည်သို့ပင်ဖြစ်စေ ရွှန်းမဲလ်၏ သက်စွန့်ဆံဖျား စွန့်စားမှုများကြောင့် အာဖရိကကိုးတပ်မတစ်ခုလုံး မိုးတိမ်ယံတိုင် စိတ်ဓာတ်မြင့်မားခဲ့ခြင်း ဖြစ်သည်။ ရွှန်းမဲလ်သည် မိမိကိုယ်ကို စံနမူနာထား၍ တပ်သားများရှေ့မှ ရှုပ်ရှပ်ချွံချွံ စွန့်စားပြလိုက်ခြင်းဖြင့် အာဖရိကကိုး တပ်မကြီးအား တိုက်ရည် ခိုက်ရည် အလွန်ကောင်းသော တပ်မကြီးအဖြစ်သို့ ပြောင်းလဲယူခဲ့သည်။ ထို့ကြောင့်လည်း အာဖရိကကိုးနှင့် ရွှန်းမဲလ်ကို ခွဲခြား၍ မမြင်ကြခြင်း ဖြစ်သည်။

သူသည်သာလျှင် အာဖရိကကိုး တပ်မကြီးအား မိမိစွမ်းရည်၊ မိမိ အားမာန်ကို အကြွင်းမဲ့ ယုံကြည်သည့် ခေါင်ခေါင်မြည် တပ်မကြီးဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ပုံသွန်းပြုပြင်ပေးခဲ့သည် မဟုတ်ပါလော။

သူသည်သာလျှင် အာဖရိကကိုး တပ်မကြီးအား နောက်ဆုံး ကြွင်းကျန်ရစ်သော မဖြစ်စလောက် အင်အားကလေးကို ဖျစ်ညှစ်ထုတ်၍ တိုက်ခိုက်စေပြီး "အရှုံးပေးတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ"ဟု မေးရလောက်အောင် ဂုဏ်ရည်ပြောင်မြောက်သော တပ်မကြီးအဖြစ် ဖန်တီးပြုလုပ်ခဲ့သည် မဟုတ်ပါလော။

အာဖရိကကိုးသည် သံမဏိသားဖြင့် ဖွဲ့စည်းထားဘိအလား ခေါင်လိုက်ကျကျ ပြားလိုက်ကျကျ မမှု၊ မဖြုံ၊ မတုန်သော တပ်မကြီးဖြစ်သောကြောင့်လည်း နောက်ဆုံး စစ်ရှုံး၍ သုံ့ပန်းဘဝရောက်ရသည့်တိုင် အားမလျှော့၊ ညှိုးငယ် ဝမ်းနည်းခြင်း အလျှင်းမရှိ၊ ရင်ကော့ ခေါင်းမော့လျက် "ငါတို့ ဒီနေ့ အင်္ဂလန်ကို ချီတက်မယ်"ဟူသည့် အားမာန်တင်းရစ်သော စစ်ချီတေးသီချင်းကို ရဲရဲတောက် သီဆိုရင်း ဖမ်းဆီးခေါ်ဆောင်သွားရာ ရှုးအက်သဘော်ဆိပ်ကို ဝင့်ဝင့်ဝါဝါ ဆင်းသက်ခဲ့ခြင်း ဖြစ်သည်။

အာဖရိကကိုး မည်မျှ ဂုဏ်သတင်း ထွန်းပြောင်ခဲ့သနည်းဟူမူ အာဖရိကကိုး ရဲဘော်ဟောင်းများသည် ဂျာမန်ပြည်တွင် ၁၉၄၉ ခုနှစ်အထိ နာဇီစကြာတံဆိပ်ပေါ်မှ စွန်ပလွံပင် အမှတ်အသားပါသည့် အာဖရိကကိုး တံဆိပ်ကို အိတ်ကပ်ထဲမှ မချနိုင်ဘဲ တရိုတသေ သိမ်းဆည်းထားခဲ့ကြသည်။ ထိုသူများအား "မြောက်အာဖရိကကို ရောက်ဖူးသလား"ဟု မေးလျှင် ထိုသူများ တက်ကြွဂုဏ်ယူစွာ ပြန်ဖြေမည့် အဖြေကား "ကျွန်တော် အာဖရိကကိုးတပ်ကပါ၊ ကျွန်တော် ရွှန်းမဲလ်နဲ့အတူ တိုက်ပွဲဝင်ခဲ့ပါတယ်"ဟူ၍ပင် ဖြေပေမည်။

မှန်ပါသည်။ သူတို့သည် စစ်ကို စစ်ဥပဒေဘောင်အတွင်းမှ ရှုပ်ရှုပ်ချွံချွံ စွန့်စွန့်စားစား သန့်သန့်ရှင်းရှင်း တိုက်ခဲ့သူများဖြစ်၍ ဂုဏ်ပြုရပေမည်။

အဘယ့်ကြောင့်ဟူမူ ရန်သူကောင်းတစ်ယောက်သည် မိတ်ဆွေကောင်းတစ်ရာနှင့် ပသို့ကွာခြားနိုင်အံ့နည်း။ တစ်နည်းဆိုသော် မိတ်ဆွေကောင်းတစ်ယောက်ကို ကျော်လွှား၍ ကြည့်လျှင် ရန်သူကောင်းတစ်ယောက်ကိုသာ မြင်ရမည်ဟူ၍ ဂျာမန်စကားပုံတွင် လာရှိသည် မဟုတ်ပါလော။

❑

## ရွှန်းမဲလ်နှင့် အရာရှိလောက

အာဖရိကကိုးမှ အကြပ်တပ်သားများသာ ရွှန်းမဲလ်အား ကြည်ညို လေးစားကြသည် မဟုတ်၊ ရွှန်းမဲလ်၏ ဗိုလ်ချုပ်များသည်လည်း သူတို့ နည်း သူတို့ဟန်ဖြင့် ချစ်ခင်ကြပါ၏။ ရွှန်းမဲလ်နှင့် အရာရှိများသည် အချို့ နေရာတွင် ဆန့်ကျင်ဘက် အမြင်ကလေးများ၊ ဆန့်ကျင်ဘက်သဘောထား များ ရှိတတ်ကြသည်။ အရာရှိလောက၏ အဆိုအရ ရွှန်းမဲလ်သည် ဆက်ဆံ ရခက်သည်ဟု မြင်ကြ၏။ သို့သော် တိုက်ပွဲတွင် ရန်သူတို့ပြန်မှုကို စက္ကန့် မဆိုင်း ပြန်လှန်လက်စားချေသော်လည်း လက်အောက်အရာရှိများနှင့် ဆက်ဆံရာတွင်မူ စိတ်ရှည်လက်ရှည် သည်းခံဆက်ဆံတတ်သည်ဟုလည်း ဆို၏။ နှုတ်ကြမ်းပြီး လိုအပ်လျှင် လိုအပ်သလို ရက်စက်နိုင်သူဟုလည်း ဆိုသည်။ စိတ်တိုတတ်သူဟူ၍လည်း ပြောကြ၏။ ထို့ပြင် မကြည့်လို မမြင် လိုသောအရာကို မည်သည့်အခါမျှ မကြည့်၊ သူပေးသောအမိန့်ကို ပြန်လှန် ငြင်းဆို စောဒကတက်ခြင်းကို မကြိုက်။ "မဖြစ်နိုင်"ဟူသော စကားကို မကြားလိုသူဟူ၍လည်း ဆို၏။ ရွှန်းမဲလ်၏ အကျင့်ဆိုးတစ်ခုကား သက် ဆိုင်ရာ တပ်မှူးကိုကျော်၍ ငယ်သားများအား တိုက်ရိုက် အမိန့်ပေးခြင်းပင် ဖြစ်သည်ဟု ပြောပြ၏။ ရွှန်းမဲလ်၏ အဲဆိုးတကာ့ အဆိုးဆုံးအကျင့်မှာ စစ်မြေပြင်သို့ ဥဒဟို ဝင်ထွက်သွားလာနေတိုင်း ဦးစီးချုပ်ကို ခေါ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



သွားတတ်သဖြင့် ဌာနချုပ်တွင် အဆုံးအဖြတ်ပေးနိုင်မည့် တာဝန်ခံတစ်ယောက်တလေမျှပင် မကျန်ရစ်ခဲ့ခြင်း ဖြစ်သည်ဟူ၍လည်း အပြစ်တင်ကြ၏။ တိုက်ပွဲတွင် အသေးအမွှားကအစ စီမံကွပ်ကဲချင်စိတ်ရှိသည်။ ဥပမာ စစ်သေနာပတိကြီး အလုပ်မဟုတ်သော တိုက်ပွဲတွင် ဗိုလ်ချုပ် ကန်နင်ဂမ်းကို ကိုယ်တိုင်ထွက်ဖမ်းသော အလုပ်မျိုးဖြစ်သည်ဟု ဝေဖန်ကြ၏။ အလုပ်ခွင်ပြင်ပတွင် ပေါင်းသင်းဆက်ဆံရေး မရှိသလောက်နေနိုင်သူဖြစ်သည်။ ရွှန်းမဲလ်၏ ဗိုလ်ချုပ်တစ်ယောက်ကမူ ဤသို့ပင် ကျူးကျူးလွန်လွန် ဆိုခဲ့ဖူး၏။ "ဟုတ်တာပေါ့လေ၊ ရွှန်းမဲလ်ဟာ ရှေးဂျာမန် စစ်သူကြီးတွေရဲ့ အခွင့်အာဏာ အဆောင်အယောင်တွေမှ မရခဲ့ဘဲကိုး"

ဤသည်များကို ရွှန်းမဲလ်၏ ပုဂ္ဂိုလ်ရေးအပေါ်နှင့် ဦးစီးမှုအပေါ် ဝေဖန်သုံးသပ်ချက်များ ဖြစ်ပါ၏။ ထိုသို့ ဝေဖန်စရာအကြောင်းများ ရှိနေသည်မှာလည်း အမှန်ပင် ဖြစ်သည်။ ရွှန်းမဲလ်သည် ကိုယ့်ဓာတ်ကိုယ် ရေး၍ ကိုယ်တိုင် ကပြလိုသူ ဖြစ်သည်။ ထိုအကြောင်းကြောင့်ပင် လက်အောက်တပ်မှူးများအပေါ် မကြာမကြာ တစ်ဖက်သတ် ဆုံးဖြတ်သလို ဖြစ်သွားရသောအဖြစ်မျိုး မရှောင်မလွှဲသာ ပေါ်ပေါက်ခဲ့ရသည်။ ထိုသို့ပြုလုပ်ရာတွင်လည်း အားနာရမှန်းမသိ ပြုလုပ်တတ်၏။

မည်သို့ပင် ဝေဖန်ကြစေ ရွှန်းမဲလ်အပေါ် ရှုမြင်ရာတွင် အားလုံးအသိအမှတ်ပြုသည့် ဘုံကိန်းတစ်ခုတော့ ရှိပါ၏။ ဤသည်မှာကား...

ရွှန်းမဲလ် သူရသတ္တိရှင်များထက် ပိုမိုသတ္တိရှိသူ ဖြစ်သည်။ တိုက်ပွဲတွင် တစ်ဖက်ရန်သူ၏ ရည်ရွယ်ချက်ကို ကြိုတင် သိမြင်နိုင်စွမ်းသော ဆဋ္ဌမအာရုံရှိသည်။ တပ်များအပေါ် စေတနာထားသည်။ သက်ဆိုင်ရာတပ်မှူးတစ်ယောက်ကို ကျော်လွှားအမိန့်ပေးမိလျှင် ချက်ချင်း ဝန်ခံတတ်သည်။ အခန့်မသင့်လျှင် စိတ်ဆိုးတတ်သော်လည်း စိတ်ပြေသွားသောအခါများတွင် ပြောရ ဆိုရ လွယ်ကူသည်။ ချီးကျူးစရာရှိလျှင် ရက်ရက်ရောရော ချီးကျူးတတ်ပြီး အမှားပြုမိလျှင် ဦးမလေးဘဲ ဝန်ခံတတ်သည်ဟူသော အရည်အချင်းများပင် ဖြစ်ပါ၏။

သဲကန္တာရစစ်ပွဲတွင် ရွှန်းမဲလ်ထက်တော်သူ၊ ရွှန်းမဲလ်ထက် ထူးချွန်သူတွေ့ဖူးပါသလော ဟူ၍ ကျွန်ုပ်မေးကြည့်မိ၏။ သူတို့က "ရွှန်းမဲလ်ထက်



တော်တာ မပြောနဲ့၊ ရွှန်းမဲလ် တစ်ဝက်မီတဲ့လူတောင် မတွေ့ဖူးဘူး"ဟု တညီတညွတ်တည်း ပြန်ဖြေကြသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ရွှန်းမဲလ်နှင့် အီတာလျံတပ်သားများ

အာဖရိကကိုးသည် လူမျိုးတူ စစ်သည်များဖြင့် ဖွဲ့စည်းအပ်သည့် တပ်ဖြစ်သည်။ ဝင်ရိုးတန်းတပ်များမှာမူ လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော တပ်ဖြစ်သဖြင့် ဝင်ရိုးတန်းတပ်များထဲတွင် အီတာလျံတပ်များလည်း ပါဝင်လေသည်။ ကျွန်ုပ်တို့ ဗြိတိသျှ စစ်ဆိုရိုးစကားအရ ဆိုပါမူ အီတာလျံသည် ကျွန်ုပ်တို့၏ မဟာမိတ်ဟောင်းကြီးဖြစ်သည်ဟူ၍ပင် ကင်ပွန်းတပ်ရပေမည်။ အဘယ်ကြောင့်ဟူမူ အီတာလျံများသည် ပထမကမ္ဘာစစ်ကြီးအတွင်းက ဗြိတိသျှများ၏ မဟာမိတ်ဟောင်းကြီး ဖြစ်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြီးတွင်မူ ဂျာမနီနှင့်ပေါင်း၍ ရန်သူအသစ်ကြီး ဖြစ်လာရသောကြောင့်ပင်တည်း။

ဤမည်သော အီတာလျံများနှင့် ရွှန်းမဲလ်သည် အလုပ်သဘောအရ မရှောင်မလွှဲသာ ဆက်ဆံထိတွေ့ရသည် ဖြစ်လေရာ ရွှန်းမဲလ်နှင့် အီတာလျံများ ဆက်ဆံရေးအကြားတွင် ပေါက်ဖွားလာခဲ့သော အဆန်းတကြယ် ဖြစ်ရပ်ကလေးများ ရွှန်းမဲလ်အနေနှင့် ပြန်ပြောစရာ ကျန်ရစ်ခဲ့သည်မှာ သဘာဝပင်။

ထိုဖြစ်ရပ်ကလေးများကိုလည်း သားဖြစ်သူ မန်းဖရက်အား ဟာသ ပုံပြင်ကလေးများသဖွယ် ပြန်ပြောပြတတ်၏။ ထိုအကြောင်းများအနက် မန်းဖရက် ပြန်လည်ပြောချက်နှင့် အဲလ်ဒင်ဂျာ၏ ဖြည့်စွက်အကူအညီပေးမှု



ကြောင့် သိခွင့်ရခဲ့သည်။ တိုပရပ်မြို့ကို အီတာလျံများအား လွှဲဆော်ပြီး အတိုက်ခိုင်းလိုက်ရသောအခါက ဖြစ်သည်။ အီတာလျံများသည် ရွှန်းမဲလ်၏ တိုက်တွန်းချက်ကြောင့် ဟိတ်ဟန်တစ်လုံးဖြင့် စစ်ထွက်ခဲ့ပြီး ဂျာမန်များ လက်လှမ်းမမီသော လမ်းတစ်ဝက်သို့ ရောက်သောအခါ စွဲကိုင်လာသော လက်နက်များကို ပစ်ချလိုက်ကြရင်း "အင်္ဂလိပ်တွေ မဟုတ်ဘူးဗျို့၊ ဩစတြေးရီးယန်းတွေဗျ၊ ဩစတြေးရီးယန်းတွေ"ဟု အော်ဟစ်ကာ လက်မြှောက်လျက် ပြေးဝင်လာခဲ့ကြဖူးသည် ဟူ၏။ တစ်ကြိမ်တွင်လည်း ဩစတြေးရီးယန်းများက ပြန်လည် တိုက်ခိုက်သော သာမန်တိုက်ပွဲကလေးတစ်ခုပင် ဖြစ်သည်။ ထိုစဉ်က ရွှန်းမဲလ်သည် အီတာလျံများ၏ ကတုတ်ကျင်းများကို သွားရောက် စစ်ဆေးနေခိုက် တွေ့လိုက်ရသော အခြင်းအရာများကား အီတာလျံများသည် ရန်သူကို တိုက်ခိုက်ရမည့်အစား ကတုတ်ကျင်းထဲတွင် ဒူးထောက်လျက် 'ဆန်တာမာရီးယား...ဆန်တာမာရီးယား'ဟူ၍ အော်ဟစ်ဆုတောင်းနေခြင်းပင် ဖြစ်သည်။ မြင်လိုက်ရသော မြင်ကွင်းကြောင့် ရွှန်းမဲလ်သည် အီတာလျံ တပ်မှူးကို ခေါ်ယူလိုက်ပြီး "မင်းကို ငါအကြံလေးတစ်ခုတော့ ပေးပါရစေ ကွာ၊ တခြားတော့ မဟုတ်ပါဘူး၊ မင်းလူတွေကို ဆုတောင်းအရပ်ခိုင်းပြီး ရန်သူကို သေနတ်နဲ့ပစ်ပါလို့ နိုးဆော်ဖို့ပါပဲ၊ အေး...အဲဒီကနေ မင်းဆက် လုပ်ပေတော့ဟေ့၊ ငါတော့သွားတော့မယ်"ဟူ၍ ပြောဆို ထွက်ခွာခဲ့သည် ဟူ၏။

တစ်ကြိမ်က အီတာလျံ တပ်သားကလေးတစ်ယောက်က ရွှန်းမဲလ် အား ဤသို့ပြောဖူး၏။

"ဗိုလ်ချုပ်တို့ ဂျာမန်တွေက တိုက်တဲ့ ခိုက်တဲ့အလုပ်တွေ လုပ်ကြပါ၊ ကျွန်တော်တို့က လမ်းဖောက်တဲ့အလုပ်ကို လုပ်ပါရစေလား"

ထိုအီတာလျံ ရဲဘော်ကလေး၏စကားကို ရွှန်းမဲလ် ယေဘုယျအားဖြင့် လက်ခံသဘောတူသော်လည်း အီတာလျံ တပ်သားတိုင်းကိုမူ သူရဲဘော ကြောင်သူများဟူ၍ကား မည်သည့်အခါမှ မယူဆခဲ့ပေ။ အဲလ်ဂူဘီတွင် အီတာလျံ သံချပ်ကာကားတပ်မတစ်တပ် သတ္တိပြောင်ပြောင် တိုက်ပြသွားခဲ့သည်ကိုလည်း တွေ့ခဲ့ဖူး၏။ အချို့တပ်များသည်လည်း သတ္တိခေသူများ မဟုတ်သကဲ့သို့ ဒု-ဗိုလ်မှူး မွန်တီမူရီ အုပ်ချုပ်သော တပ်ရင်းကလေး

www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းကောင်းတစ်ခု ဖြစ်ပေသည်။ အချို့ အီတာလျံတပ်များမှာလည်း ရန်သူ့ကျည်အောက်တွင် ရဲရဲတောက် ကြံ့ခံသည်ကိုလည်း တွေ့ရ၏။ အီတာလျံတပ်များကိုသာ စစ်ပစ္စည်းကောင်းကောင်းနှင့် ပေးသင့်ပေးထိုက်သော ခွင့်ရက်များပေးနိုင်လျှင် အသုံးဝင်သော တပ်တစ်တပ်ဖြစ်လာနိုင်သည်ဟု ယုံကြည်လေသည်။

မည်သို့ပင်ဖြစ်စေ အီတာလျံတပ်သားများက ရွှန်းမဲလ်အား ကြည်ညိုလေးစားကြသည့် အသွင်သဏ္ဌာန် ပြကြသည်။ ထို့ကြောင့်လည်း မူဆိုလီနီသည် ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျင်းပသော ဝန်ကြီးများကောင်စီ အစည်းအဝေးတစ်ခုတွင် အီတာလျံတပ်သားများက ရွှန်းမဲလ်အား မည်သို့ချစ်ခင်ကြပုံ၊ ရွှန်းမဲလ်၏ ဦးဆောင်မှုအောက်မှ လိုက်ရလျှင် အလစ်ဇင်းဒရီးယားကို ရောက်မည်ဟု သံသယမရှိ ယုံကြည်ကြကြောင်း ပြောဆိုခဲ့ခြင်းဖြစ်သည်။

သို့သော် အီတာလျံအရာရှိပိုင်းနှင့် ရွှန်းမဲလ်၏ ဆက်ဆံရေးမှာ ဆန့်ကျင်ဘက်ဖြစ်၏။ အီတာလျံအရာရှိများကို အီတာလျံတပ်သားများနှင့် ခွဲခြား၍ သီးခြား လူတန်းစားတစ်ရပ်အဖြစ်မြင်ပြီး ထိုလူတန်းစားကို ရွံမုန်း၏။ သဲကန္တာရထဲမှ အီတာလျံတပ်များတွင် ရိက္ခာထုတ်ပေးမှုစနစ်မှာ အရာရှိတစ်စား၊ အရာခံတစ်စား၊ တပ်သားတစ်စား အဆင့်သုံးဆင့် ခွဲခြားပေးသည်ဟု ရွှန်းမဲလ် သိရသောအခါ များစွာ စိတ်မကောင်းဖြစ်ရသည်ဟု ဆို၏။ ထိုသို့ အဆင့်ခွဲ ရိက္ခာစနစ်မှာလည်း အဆင့်ဆင့်ကွာဟလှသည်ကိုလည်းကောင်း၊ အီတာလျံ အရာရှိများက တပ်သားများအပေါ် စောင့်ရှောက်မှုကင်းမဲ့သည်ကိုလည်းကောင်း၊ အီတာလျံတပ်များတွင် စစ်ထုံးစံများ မရှိခြင်းကြောင့်ပင် ဖြစ်သည်ဟု ယူဆသော်လည်း ထိုမရှိသေးသော ထုံးစံကို ရှိလာအောင်လုပ်ရန် ဝန်လေးနေကြသော အီတာလျံ အရာရှိများကို ခွင့်မလွှတ်နိုင်အောင် ဖြစ်နေပေသည်။

(အီတာလျံလေတပ်ကိုမူ ရဲရင့်ပြောင်မြောက်သော လေယာဉ်မှူးများထွက်ပေါ်သည့် ခြင်းချက်ဖြင့် မြင်၏။) ယင်းသို့ ရွှန်းမဲလ်က အီတာလျံအရာရှိများကို မုန်းသကဲ့သို့ အီတာလျံ အရာရှိများကလည်း ရွှန်းမဲလ်ကို မချစ်ပါချေ။ ရွှန်းမဲလ်အား ကြမ်းတမ်းသောသူ၊ ရိုင်းစိုင်းသောသူ၊ အမြဲတစေ



မဖြစ်နိုင်သည့်အရာကို ခိုင်းနေတတ်သူဟု မြင်ခဲ့ကြလေသည်။

ရွှန်းမဲလ်သည် သားဖြစ်သူ မန်းဖရက်အား အီတာလျံများအကြောင်း နှင့်စပ်လျဉ်း၍ ဤသို့ ပြောဖူးသည် ဆို၏။

"သူတို့တစ်တွေ စစ်တိုက်ရာမှာ ညံ့ဖျင်းကြတာတော့ အမှန်ပဲကွ၊ ဒါပေမဲ့ လူသားတိုင်းကို စစ်သားကောင်းတစ်ယောက်မှာရှိအပ်တဲ့ အရည်အချင်းနဲ့ချည်းသာ တိုင်းတာ အကဲဖြတ်လို့ မရဘူး၊ ဒီလိုသာ တိုင်းတာအကဲဖြတ်ကြစတမ်းဆိုရင် တို့တစ်တွေမှာ ယဉ်ကျေးမှုဆိုတာ ရှိဖို့လိုသေးလား" ဟူသတည်း။

❑

www.burmeseclassic.com

www.burmeseclassic.com

## လူကြီးလူကောင်းတို့၏ စစ်ပွဲ

"မြောက်အာဖရိကမှာ တိုက်တဲ့စစ်ပွဲဟာ တကယ့် လူကြီးလူကောင်းတွေရဲ့ စစ်ပွဲပဲဖြစ်ပါတယ်"

အာဖရိကကိုး၏ နောက်ဆုံးတပ်မှူးဖြစ်သူ ဗိုလ်ချုပ် ဂျိုဟာန်ကရေးမားက တိုင်းမ်(စ်) သတင်းစာကြီး၏ သတင်းထောက်တစ်ယောက်အား စစ်ကြီးပြီးဆုံးပြီး သည်မှာဘက်ကာလတွင် အထက်ပါအတိုင်း ပြောခဲ့ဖူးလေသည်။

ရွန်းမဲလ်သည် သူ့တပ်များ အပြစ်ဆိုဖွယ်မရှိအောင် စစ်ဥပဒေအတွင်း သန့်သန့်ရှင်းရှင်း တိုက်ပွဲဆင်ခဲ့ကြသည်ကို အထူးဂုဏ်ယူတတ်သူဖြစ်သည်။ အဘယ့်ကြောင့်ဟူမူ ရွန်းမဲလ်သည် စစ်သည်တော်ကျင့်ဝတ်ကို အထူးလေးစားသူ ဖြစ်သကဲ့သို့ သူ့တပ်သားများအားလည်း သူကဲ့သို့ပင် စစ်ကျင့်ဝတ်ကို လေးစားယုံကြည်စွာ ထိန်းသိမ်းကျင့်ကြံကြရန် တင်းတင်းကျပ်ကျပ် ကွပ်ကဲအုပ်ချုပ်ခဲ့သူလည်း ဖြစ်သည်။

သို့သော် ရွန်းမဲလ်လို စိတ်ထားမျိုး မွေးမြူနိုင်သည်မှာ ဆန်းသည်တော့ မဟုတ်ပေ။ ထိုစိတ်ထားမျိုးသည် ဂျာမန် အမြဲတမ်းအရာရှိ အများစုကြီးက မွေးခဲ့ကြသော စိတ်ထားဖြစ်သည်။ အထူးသဖြင့် ၁၉၃၃ ခုနှစ်တွင် စစ်ထဲပါဝင်ခဲ့သော အရာရှိများက သာ၍ ထားရှိနိုင်ခဲ့လေသည်။ သို့သော်



ထိပ်တန်းအရာရှိကြီးများထဲတွင် ကိုယ့်ကိုယ်ကိုယ် ဟစ်တလာ့ထံ ရောင်းစားခဲ့သည့် ဂျူဒဲလ်နှင့် ကီးတဲလ်တို့လို လူမျိုးများလည်း ရှိပါ၏။

ကျွန်ုပ်တို့အဖို့ စစ်ကို စစ်ဥပဒေဘောင်အတွင်းမှ သန့်သန့်ရှင်းရှင်း တိုက်နိုင်သော အရည်အချင်းများ ဂျာမန်တပ်မတော်တွင် မကွယ်မပျောက် ရှိနေသေးသည်ကို အထူးပင် အံ့အားသင့်ခဲ့သည်။

ဂျာမန် (ဝါ:မက်ချ်) အမြဲတမ်း တပ်မတော်ကြီးနှင့် ပါတီ၏ကြားတွင် တင်းမာမှုများ လိပ်ခဲတည်းလည်း ဖြစ်နေမှုများ ရှိနေသည်ကိုလည်းမသိ၊ နာဇီများက တပ်မတော်အပေါ် မနာလိုဝန်တိုဖြစ်နေသည်ကိုလည်း နားမလည်၊ စစ်ဘက်အရာရှိလောကက နောက်ပေါ် မိုးကျရွှေကိုယ်များကို ခါးခါးသီးသီး မုန်းတီးနေသည်ကို လည်းကောင်း၊ ဗိုလ်ချုပ်ကြီးများအချို့က တော်လှန်နိုင်သော အင်အားမရှိဘဲနှင့် ဟစ်တလာ့အား ဆန့်ကျင်နေကြသည်ကိုလည်းကောင်း သိရှိထားခြင်းမရှိဘဲ ကျွန်ုပ်တို့က ဂျာမန်မှန်လျှင် ဒီပုတ်ထဲက ဒီပဲပဲဟု ခြုံငုံမြင်လိုက်ကြသည်။

မည်သည့်လူမျိုးမဆို ထိုက်သင့်ရာ အစိုးရမျိုးနှင့် တွေ့ရမြဲသာဖြစ်သည်။ မူဆိုလီနီလို လူစားမျိုးနှင့် ဟစ်တလာလို လူစားမျိုးကို တိုင်းပြည်ထိန်းချုပ်မင်းလုပ်သူအဖြစ် တင်မြှောက်သော နိုင်ငံများသည်လည်း သူတို့ကြမ္မာ သူတို့ဖန်တီးသူများဖြစ်သည့်အလျောက် ကျရောက်လာမည့် ဆိုးကျိုးကောင်းကျိုးဟူသမျှ သူတို့ဘာသာ ကြိတ်မှိတ်ခံမည်မှာ ဓမ္မတာပင်။ လူချင်းမတူကွဲပြားခြားနားလင့်ကစား စစ်ဝတ်စုံတစ်ခုတည်း ဝတ်ဆင်ထားသူများကို တစ်ဖက်ရန်သူသည် အဘယ်သို့လျှင် ခွဲခြားမြင်နိုင်စွမ်းမည်နည်း။

ဂျာမန် အမြဲတမ်းတပ်မတော်ကြီးသည် ရုရှားနှင့်ဂျာမန်တွင် မည်သို့ပင် ပြုမူခဲ့သည်ဖြစ်စေ အခြားစစ်မျက်နှာများတွင်မူ သန့်ရှင်းသော စစ်ပွဲကို ဆင်နွှဲခဲ့ကြပေသည်။ ပို၍ ဆန်းကြယ်သည်ကား ၁၉၄၁–၁၈ ခုနှစ် စစ်ပွဲကြီးများတွင် ဂျာမန် အမြဲတမ်းတပ်မတော်သည် ပို၍ပင် သန့်သန့်ရှင်းရှင်း တိုက်ခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ ဗြိတိသျှများသည် အာဖရိကကိုးနှင့် ရင်ဆိုင်ပြီး မကြာမီအတွင်း အာဖရိကကိုးသည် စစ်ဥပဒေဘောင်အတွင်းမှ သန့်သန့်ရှင်းရှင်းတိုက်ရန် ကြံရွယ်ကြောင်း သိလာရသည်။ ထိုသို့ အာဖရိကကိုး သန့်သန့်ရှင်းရှင်း တိုက်သည်ကို ချီးမွမ်းဂုဏ်ပြုလိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းမဲလ်ကိုပင် ချီးမွမ်းဂုဏ်ပြုရပေမည်။ အဘယ်ကြောင့်ဟူမူ အာဖရိကကိုးသည် ရွှန်းမဲလ်ကိုသာ စံနမူနာထား၍ ရွှန်းမဲလ်လုပ်သမျှ လိုက်လုပ်၏။ ရွှန်းမဲလ် ပြုမူကျင့်ကြံသည့်အတိုင်း အစစ လိုက်လံပြုမူကျင့်ကြံ စံနမူနာယူနေသော ကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့်လည်း ရွှန်းမဲလ်၏ အာဖရိကကိုး အသန့်ရှင်းဆုံးတိုက်သည်ကို ချီးမွမ်းလိုလျှင် ရွှန်းမဲလ်သည်သာ ချီးမွမ်းဂုဏ်ပြုခြင်း၏ အများစုကို ခံယူထိုက်သူဖြစ်ကြောင်း သံသယရှိဖွယ် မလိုပြီ။ ယင်းသို့ ရွှန်းမဲလ်၏ စိတ်ကြိုက် သန့်သန့်ရှင်းရှင်း တိုက်နိုင်သော အခွင့်အရေးများ ရရှိခြင်းမှာလည်း ကံကောင်းသည်ဟုဆိုရပေမည်။ "သဲကန္တာရထဲမှာ အက်(စ) အက်(စ) တပ်တွေမရှိတာကိုပဲ ဘုရားသခင်ကိုကျေးဇူးတင်ရဦးမယ်၊ သူတို့သာ ရှိနေခဲ့ရင်တော့ ဘာတွေဖြစ်မယ်ဆိုတာ ဘုရားသခင်မှတစ်ပါး ဘယ်သူမှသိနိုင်မှာ မဟုတ်ဘူး၊ အနည်းဆုံး စစ်ပွဲအသွင်သဏ္ဌာန် အကြီးအကျယ်ပြောင်းလဲသွားမှာတော့ အမှန်ပဲ"ဟု ဗိုလ်ချုပ်ဗေယာလိန်က ပြောပြဖူးသည်။

ရွှန်းမဲလ်၏ အာဖရိကကိုးသည် သုံ့ပန်းများကို မည်သည့်အခါမျှ မညှဉ်းပန်း၊ ပထမ ဖမ်းဆီးစဉ်တွင်သာ မရှောင်မလွှဲသာ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံပြီး မိမိလက်ဝယ်ရောက်ရှိပြီးလျှင်မူ ရှေးအစဉ်အစဉ် စစ်အမှုအကျင့်အတိုင်း ယဉ်ကျေးသိမ်မွေ့ဆုံး ဆက်ဆံသည်၊ ကျောသားရင်သားမခွဲခြားဘဲ အတတ်နိုင်ဆုံး ပြုစုသည်။ ရန်သူတစ်ယောက်ကို လက်ရဖမ်းဆီးမိလျှင်လည်း စစ်ပစ္စည်းနှင့် ပုဂ္ဂလိကပစ္စည်းကို ခွဲခြား၍ သိမ်းဆည်းထားတတ်၏။ ဂျာမန်များ သစ္စာရှိပုံနှင့်ပတ်သက်၍ ကျွန်ုပ်ကိုယ်တွေ့ ကြုံခဲ့ရဖူးသကဲ့သို့ ကျွန်ုပ်လိုပင် ကြုံဖူးသူတစ်ဦး၏ ပြောပြချက်ကိုလည်း ကြားခဲ့ရသည်။

ကျွန်ုပ်ကိုယ်တိုင် ကံအကြောင်းမလှသဖြင့် သုံ့ပန်းဘဝ ရောက်ခဲ့ရဖူးသည်။ ထိုစဉ်ကလည်း ဂျာမန် အရာရှိကလေးတစ်ယောက်သည် ကျွန်ုပ်စစ်အင်္ကျီအိတ်ထဲမှ တွေ့ရှိသော ရွှေစီးကရက်ဘူးကလေးကို ကျွန်ုပ်အားပြန်ပေးပြီး မှန်ပြောင်းကို သိမ်းဆည်းရခြင်းအတွက် ဝမ်းနည်းကြောင်း၊ ယင်းသို့ သိမ်းဆည်းရခြင်းမှာလည်း ပုဂ္ဂလိကပစ္စည်းမဟုတ်ဘဲ စစ်ပစ္စည်းဖြစ်နေသောကြောင့်သာ သိမ်းဆည်းခြင်းဖြစ်ကြောင်း၊ ရွှေစီးကရက်ဘူးမှာမူ



ပုဂ္ဂလိကပိုင်ပစ္စည်းဖြစ်၍ မသိမ်းဆည်းဘဲ ပြန်ပေးရခြင်းဖြစ်ကြောင်း ယဉ်ကျေးသိမ်မွေ့သော လေသံဖြင့် တောင်းတောင်းပန်ပန် ပြောနေသည်ကို ကိုယ်တွေ့ ကြုံခဲ့ရပါ၏။ သုံ့ပန်းစခန်းအတွင်း တပ်အသီးသီးမှ ဘဝတူသုံ့ပန်းအရာရှိ ကြီးငယ်များကို ကျွန်ုပ် စုံစမ်းမေးမြန်းသောအခါတွင်လည်း ပုဂ္ဂလိက ပစ္စည်းများကို လုံးဝမသိမ်းဘဲ စစ်ပစ္စည်းများကိုသာ ဂျာမန်များသိမ်းဆည်းကြောင်း သိခဲ့ရသည်။

ဤသို့ နှစ်ဖက်စလုံး သန့်သန့်ရှင်းရှင်း တိုက်နေသည့်ကြားမှပင် ရွှန်းမဲလ်နှင့် ကျွန်ုပ်တို့ (ဗြိတိသျှ) မကြာခဏ အထင်မှား အမြင်မှားစရာပြဿနာ ပေါ်ပေါက်ခဲ့ရပါသေး၏။ တစ်ခါတစ်ရံ ထိုအထင်အမြင်မှားမှုများသည် သုံ့ပန်းများသို့ပင် ကူးလူးသွားတတ်သည်။ ယင်း အထင်မှားမှုများသည် တစ်ဖက်နှင့်တစ်ဖက် ကောက်ကျစ်သော ရည်ရွယ်ချက်ကြောင့် ပေါက်ပွားလာရသည့် အထင်မှားမှုမျိုး မဟုတ်မူဘဲ ရိုးရိုးသားသား မှားခဲ့သော အမှားများမှ ပေါက်ပွားလာခဲ့ခြင်းသာဖြစ်ပြီး ဂျာမန်များ၏ အပြစ်ချည်းလည်း မဟုတ်ပါပေ။

ပမာဆိုပါလျှင် ကျွန်ုပ်တို့ဘက်မှ အမိန့်တစ်ရပ် ထုတ်ပြန်ခဲ့၏။ ထိုအမိန့်မှာ ဂျာမန်သုံ့ပန်းများအား စစ်ဆေးမှုမပြုလုပ်မီ အစားအစာ မပေးရဆိုသည့် အမိန့်ပင်ဖြစ်သည်။ ရည်ရွယ်ချက်ကလည်း ရိုးရိုးသားသားပင်ဖြစ်သည်။ မည်သည့်သုံ့ပန်းပင်ဖြစ်စေ စတင် ဖမ်းဆီးခံရစဉ် တုန်လှုပ်ချောက်ချားနေတတ်မြဲဖြစ်ပေရာ ထိုအချိန်တွင် စစ်ဆေးမေးမြန်းပါက သတင်းများ မကွယ်မဝှက် ထုတ်ဖော်ပြောတတ်သည်ချည်းပင်၊ သို့မဟုတ်မူဘဲ အစားအစာကျွေးပြီးသည့်နောက် စီးကရက်ပါပေးပြီးမှ စစ်ဆေးလျှင်မူ ထိုသုံ့ပန်းသည် ကြောက်လန့်တုန်လှုပ်ခြင်းဖြင့် ပျံ့လွင့်လှုပ်ရှားနေသော စိတ်အစဉ်ကို ပြန်လည် သိမ်းဆည်းနိုင်သည့်အချိန်များ ရသွားတတ်လေသည်။ ထိုအမိန့်၏ ရည်ရွယ်ချက်မှာ မစစ်ဆေးမမေးမြန်းမီ အစားအသောက်ကို အချိန်ပိုင်းမျှသာ ရွှေ့ဆိုင်းထားရန် ဖြစ်သည်။ အချိန်ပိုင်းဆိုရာတွင်လည်း အကြာမြင့်ဆုံး ၁ နာရီ၊ ၂ နာရီ ထက်မပိုသော အချိန်ပိုင်းကိုသာ ကျွန်ုပ်ရည်ရွယ်ခြင်း ဖြစ်သည်။

ထိုအမိန့်မျိုးကို စာတစ်တန် ပေတစ်တန်ဖြင့် ထုတ်ဆင့်ခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



မလုပ်သင့်မလုပ်အပ်သော မလိုလားဖွယ်အပြုအမူသာ ဖြစ်ပေသည်။ ထိုထက်ဆိုးရွားသည်မှာ ရန်သူ့လက်ထဲ အချိန်မဟူ လွယ်လွယ်ကူကူ ရောက်ရှိနိုင်သည့် စာရွက်ပေါ်တင်ထားသည့် အမိန့်စာများကို ဖြန့်ဝေခြင်းပင်ဖြစ်သည်။

သို့သော် ထိုအမိန့်စာထုတ်စဉ်က မည်မျှ မှားယွင်းသော အမိန့်ဖြစ်ကြောင်း ကျွန်ုပ် သတိမမူမိသော်လည်း ကျွန်ုပ် ကိုယ်တွေ့ကြုံတော့မှပင် ထိုအမိန့်ကြောင့် ထွက်ရှိလာသော ဆိုးကျိုးကို သိရတော့သည်။ ကျွန်ုပ် အဖမ်းခံရပြီး တီမီမီလေဆိပ်သို့ ရောက်သောအခါတွင်မူ ကျွန်ုပ်သည် ထရပ်ကားပေါ်တွင် အစာရေစာ လုံးဝမစားမသောက်ရဘဲ ၁၂ နာရီလုံးလုံး မတ်တတ်ရပ်လိုက်ခဲ့ရပြီး ဖြစ်သည်ကတစ်ကြောင်း၊ အဖမ်းခံရသည်မှာလည်း ထိုအချိန်မတိုင်မီ ၂၄ နာရီကဖြစ်ပြီး ထို ၂၄ နာရီ ဟိုမှာဘက် ၆ နာရီကတည်းက ကျွန်ုပ်ဝမ်းထဲတွင် အာဟာရမဲ့လျက် ဟာလာဟင်းလင်း ဖြစ်နေသူဖြစ်ရာ ကျွန်ုပ်သည် ညစာကို အာသာငမ်းငမ်း တမ်းတစောင့်မျှော်နေမိသည်။ ထိုအခိုက် ဂျာမန်အရာရှိတစ်ယောက်သည် ကျွန်ုပ်တို့အား ကွင်းထဲတွင် တန်းစီစေပြီး ကျွန်ုပ်တို့ မျက်မှောက်ပြုနေရသည့် အငတ်ပြဿနာ၏ စတင်ပေါက်ဖွားရာ အကြောင်းခံကို တင်ပြလာလေတော့သည်။ "ခင်ဗျားတို့ အမိန့်ထဲမှာ ဂျာမန်သုံ့ပန်းတွေကို အစစ်ဆေးခံဖို့ ကိုင်ရိုမြို့ကို မရောက်မချင်း အစာအငတ်ထားရမယ်၊ ရေအငတ်ထားရမယ်လို့ ပါရှိတဲ့အတွက် ခင်ဗျားတို့ကိုလည်း ကျွန်တော်တို့ အဲဒီနည်းအတိုင်း မရှောင်မလွှဲသာ ပြုစုရပါလိမ့်မယ်။ ဒါကြောင့် ခင်ဗျားတို့ ဘင်ဂါဇီရောက်ပြီးလို့ အစစ်အဆေးခံမပြီးမချင်း သို့မဟုတ် ဗြိတိသျှအစိုးရက အဲဒီအမိန့်ကို ရုပ်သိမ်းသင့်တယ်လို့မြင်ပြီး မဖျက်မသိမ်းမချင်း ခင်ဗျားတို့ အစာရေစာ ရမယ်မဟုတ်ပါဘူး၊ ဗြိတိသျှအစိုးရကိုလည်း အဲဒီအမိန့် ဖျက်သိမ်းဖို့ တောင်းဆိုထားပြီး ဖြစ်ပါတယ်"

ဤသို့လျှင် တစ်ဖက်မှ မဆင်မခြင် ထုတ်လိုက်သည့်အမိန့်ကြောင့် တစ်ဖက်မှ မရှောင်မလွှဲသာ အကျပ်ကိုင်ဖြေရှင်းခိုင်းရသည့် အရေးအခင်းများ ပေါ်ပေါက်ခဲ့ရသော်လည်း ရွှန်းမဲလ်သည် လူကြီးလူကောင်းတို့၏ သန့်ရှင်းလှသော စစ်ပွဲကြီးကို အသန့်ရှင်းဆုံး တိုက်လိုဆန္ဒ ပြင်းပြလှရကား ထိုစစ်ပွဲကြီးကို အစွန်းထင်စေမည့် အမိန့်ပြန်တမ်းများမှန်သမျှနှင့် မိမိဘက်မှ



ထုတ်ပြန်လာလျှင်လည်း အာဏာရှင်ဟစ်တလာ၏ အမိန့်ကိုပင် ရဲရဲဝံ့ဝံ့ ဥပေက္ခာပြုလျက် အသန့်ရှင်းဆုံး တိုက်သွားခဲ့ကြောင်း အောက်ပါထင်ရှားသော သာဓကက သက်သေခံခဲ့လေပြီ။

ထိုဟစ်တလာ၏ ကမ္ဘာကျော်အမိန့်မှာ ၁၉၄၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အမိန့်များပင် ဖြစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ရွှန်းမဲလ်ဆန့်ကျင်သည့် ဟစ်တလာ၏ ကမ္ဘာကျော်အမိန့်

အမိန့်စာ အပိုဒ် ၃ ယခုအချိန်မှစ၍ ဥရောပတွင် လည်းကောင်း၊ အာဖရိကတွင်လည်းကောင်း၊ ကွန်မင်ဒို တာဝန်ဟု ခေါ်နေကြသော တာဝန်နှင့် ဝင်ရောက်လာသမျှ ရန်သူများကို ဂျာမန်တပ်များနှင့် ရင်ဆိုင်တွေ့ရှိပါက သူတို့က စစ်ဝတ်စုံများ ဝတ်ဆင်ထားသည့် စစ်သားသဏ္ဍာန်နှင့် တွေ့တွေ့၊ ဖျက်ဆီးရေးတပ် အသွင်သဏ္ဍာန်နှင့်တွေ့တွေ့ လက်နက်ဆွဲကိုင်ထားသည် ဖြစ်စေ၊ လက်နက်မဲ့ဖြစ်စေ တိုက်ပွဲတွင် လည်းကောင်း၊ ဆုတ်ခွာထွက်ပြေးနေစဉ် လည်းကောင်း တစ်ယောက်မကျန် သုတ်သင်ပစ်ရမည်။ သူတို့သည် သင်္ဘောထက်မှ ကမ်းပေါ်သို့ တက်လာသည်ဖြစ်စေ၊ လေယာဉ်ဖြင့် ဆင်းသက်လာသည်ဖြစ်စေ၊ သို့မဟုတ် လေထီးဖြင့် ဆင်းသက်ခဲ့သည်ဖြစ်စေ ဤအမိန့်သည် ကွဲပြားခြားနား ခြွင်းချက်မထား။ အကယ်၍ ထိုသူများကို လက်နက်ချအညံ့ခံဟန်ပြသည့် အမူအရာဟန်ပန်ဖြင့် တွေ့သည့်တိုင် မူအားဖြင့် ချမ်းသာခွင့် မပေးစေရ။

အပိုဒ် ၅ ဤအမိန့်သည် တိုက်ရိုးတိုက်စဉ် တိုက်ပွဲ



များ (အကြီးစား တိုက်စစ်တိုက်ပွဲများ၊ ကမ်းတက်တိုက်ပွဲများ၊ လေကြောင်း ချီတပ်တိုက်ပွဲများ) တွင် ဖမ်းဆီးရမိသော ရန်သူနှင့် လက်နက်ချ အညံ့ခံသော ရန်သူစစ်သားများနှင့် သက်ဆိုင်ခြင်း အလျှင်းမရှိ။

တပ်မှူးများ၊ အရာရှိများသည် ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်သည်ဖြစ်စေ၊ လက်အောက်ခံတပ်များကို ညွှန်ကြားရန် ပျက်ကွက်သည်ဖြစ်စေ ဤအမိန့်သုံးသင့်သည့် နေရာတွင်မသုံးဘဲ ဆန့်ကျင်သူဖြစ်စေ စစ်ဥပဒေအရ တာဝန်ရှိစေရမည်ဟု ကျွန်ုပ်မှတ်ယူသည်။

အဒေါ့(ဖ်) ဟစ်တလာ

၁၉၄၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့ နုရင်ဘတ် စစ်ခုံရုံးတွင် ဗိုလ်ချုပ်ဆိဂ်ဖရိဒ်ကို အစစ်ခံစဉ် မေးမြန်းသည့် မေးခွန်းများကို ကြည့်ခြင်းဖြင့်လည်း ရွှန်းမဲလ်သည် ဟစ်တလာ၏အမိန့်ကို စက္ကူစုတ်တမျှ ထင်မှတ်ဆန့်ကျင်ပြီး မြောက်အာဖရိကစစ်ပွဲကို မည်သို့ သန့်သန့်ရှင်းရှင်း တိုက်ခဲ့ကြောင်း သိသာနိုင်ပေသည်။

မေး။ ခင်ဗျား မြောက်အာဖရိက စစ်မျက်နှာမှာ ရှိခဲ့ဖူးတယ် မဟုတ်လား။

ဖြေ။ တစ်နှစ်ကျော်ကျော် ကြာခဲ့ပါတယ်။

မေး။ အဲဒီမှာ ဘယ်ပုံဘယ်နည်း တိုက်ခဲ့သလဲ။

ဖြေ။ ကျွန်ုပ် ဝါကျတစ်ခုတည်းနဲ့ ဖြေနိုင်ပါတယ်။ စစ်ပွဲကို အပြစ်ရှာမရအောင် အသန့်ရှင်းဆုံး တိုက်ခဲ့ကြပါတယ်။

မေး။ ခင်ဗျားရဲ့ အကြီးအကဲ ဘယ်သူလဲ။

ဖြေ။ စစ်သူကြီးရွှန်းမဲလ် ဖြစ်ပါတယ်။

မေး။ ခင်ဗျားကို သူက စစ်ဥပဒေ ချိုးဖောက်ဖို့ အမိန့်ပေးသလား၊ သို့မဟုတ် ခွင့်ပြုသလား။

ဖြေ။ ဘယ်တုန်းကမှ အမိန့်မပေးခဲ့ဖူးပါဘူး။

မေး။ ခင်ဗျား သူနဲ့တွဲဖက်နေရတုန်းက ဘယ်ဌာနကိုကိုင်သလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဖြေ။ စစ်ဆင်ရေး တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ပြီး နောက်တော့ သူ စစ်ဦးစီးချုပ် ဖြစ်လာပါတယ်။

မေး။ ဒီလိုဆို ခင်ဗျား သူနဲ့ အဆက်အသွယ် ရှိနေတယ်ပေါ့။

ဖြေ။ သူနဲ့ကျွန်တော် ပုဂ္ဂိုလ်အရရော၊ အလုပ်အရပါ အဆက်အသွယ် ရှိခဲ့ပါတယ်။

မေး။ ၁၉၄၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့က ဟစ်တလာ ထုတ်ပြန်လိုက်တဲ့ အမိန့်ကို ခင်ဗျားသိသလား။

ဖြေ။ သိပါတယ်။

မေး။ အဲဒီအမိန့်ကို ခင်ဗျားတို့ရခဲ့သလား။

ဖြေ။ ဆီဒီဘာရန်နီအနီးက သဲကန္တာရထဲမှာ ရှိတုန်း ဆက်သွယ်ရေး အရာရှိတစ်ယောက်က တစ်ဆင့်ရခဲ့ပါတယ်။

မေး။ ဒီအမိန့်ရတော့ စစ်သူကြီး ရွန်းမဲလ်က ဘယ်လိုဆောင်ရွက် သလဲ။

ဖြေ။ ကျွန်ုပ် စစ်သူကြီး ရွန်းမဲလ်နှင့်အတူ ထရပ်ကားတစ်စင်းဘေးမှာ ရပ်ရင်း အဲဒီအမိန့်ကို ဖတ်ကြပါတယ်။ အဲဒီအမိန့်ကို တစ်ဆင့် ထုတ်ပြန်ရန် မသင့်ကြောင်း ကျွန်ုပ် ချက်ချင်း အဆိုတင်ခဲ့ပါ တယ်။ ဒါနဲ့ အဲဒီအမိန့်စာကို ကျွန်ုပ်တို့ ချက်ချင်းပဲ မီးရှို့ပစ် လိုက်ကြပါတယ်။ ကျွန်ုပ်တို့ရဲ့ ဆုံးဖြတ်ချက်က အောက်ပါ အတိုင်းပဲ ဖြစ်ပါတယ်။ အဲဒီအမိန့်ရဲ့ အကြောင်းခံကလည်း အမိန့်စာအဖွင့် ပထမအပိုဒ်*မှာ ပါတဲ့အတိုင်း ရှင်းနေပါတယ်။ ခင်ဗျားတို့ ဖတ်ပြီးဖြစ်မယ်လို့ ထင်ပါတယ်။ လက်တစ်ကမ်း တိုက်ပွဲတွေအတွက် ဗြိတိသျှတွေ ဘယ်လိုအမိန့်ထုတ်ထား တယ်ဆိုတာ ကျွန်ုပ် သိပြီးဖြစ်ပါတယ်။ အဲလ်အာမိန်တိုက်ပွဲမှာ ကြွေးကြော်ခဲ့တဲ့ 'ဂျာမန်တွေကို တွေ့တဲ့နေရာမှာ တို့သတ်မယ်' စတဲ့ စစ်ပွဲအတိုက် အခြေအနေ ပိုလို့ဆိုးစေမယ့် ကြွေးကြော်သံ တွေကိုလည်း ကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒါတင်လားဆိုတော့ မဟုတ်သေးဘူး။ ဗြိတိသျှ သံချပ်ကာကား တပ်ပေါင်းက ထုတ် လိုက်တဲ့ အမိန့်စာကိုလည်း ဖမ်းဆီးရမိ ဖတ်ရှုခဲ့ရပါတယ်။



အဲဒီအမိန့်စာမှာ သုံ့ပန်းတွေကို ရေ မပေးရလို့ပါ ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်ုပ်တို့အနေနဲ့ အဲဒီအမိန့်မျိုးတွေကို ကျုပ်တို့ တပ်တွေထဲကို မရောက်စေချင်ဘူး။ အဲဒီအမိန့်တွေ ရောက်သွားတာနဲ့ ဘယ်လိုအခြေအနေဆိုးတွေ ဖြစ်ပေါ်လာမယ် ဆိုတာ ဘယ်သူမှ ခန့်မှန်းနိုင်မှာ မဟုတ်ဘူး။ အဲဒါတွေ တွေး ပူပြီး အမိန့်စာရရချင်း ကျွန်ုပ်တို့ ၁၀ မိနစ်အတွင်း မီးရှို့ဖျက်ဆီး လိုက်တာပါပဲ။ အဲဒီလို အထက်အမိန့်ကို ပြောင်ပြောင်တင်းတင်း သွေဖည်ဆန့်ကျင်နိုင်တာဟာလည်း၊ ဆန့်ကျင်လို့ လွတ်မြောက် လာရတာဟာလည်း ကျွန်ုပ်တို့ တစ်ကျွန်းတစ်မြေကို ရောက်နေ လို့ပါပဲ။ အရှေ့ ဒါမှမဟုတ် အနောက်စစ်မြေတစ်နေရာရာမှာ သာဆိုရင် ကျွန်ုပ်တို့ ဒီလိုလုပ်နိုင်မှာ မဟုတ်ပါဘူး။*

ငင်းနောက် ဗိုလ်ချုပ်ဝက်(စ်) ဖော်အား စစ်သူကြီး အဲလစ်ဇန်းဒါး၏ 'တူ' ကော်မင်ဒိုတစ်ယောက်အကြောင်းနှင့်စပ်လျဉ်း၍ မေးခွန်းထုတ်ကြပြန် ၏။

မေး။ စစ်သူကြီး အဲလစ်ဇန်းဒါး၏တူ ပါဝင်တဲ့ ကော်မင်ဒိုတိုက်ပွဲ အကြောင်း အကျဉ်းရုံးပြီး ပြောပြစမ်းပါ။

ဖြေ။ ၁၉၄၂ ခုနှစ် နွေဦးပေါက်မှာ စစ်သူကြီး အဲလစ်ဇန်းဒါးရဲ့

* ရန်သူများသည် ဂျီနီဗာ စာတမ်းပါ နိုင်ငံတကာစစ်ဥပဒေနှင့် ညီညွတ်ခြင်းမရှိ သော နည်းမျိုးပေါင်းစုံကို ကျင့်သုံးတိုက်ခိုက်နေသည်မှာ အတန်ကြာခဲ့ပြီ ဖြစ် သည်။ အထူးသဖြင့် ကော်မင်ဒိုဟုခေါ်သော လူတစ်စု၏ ခိုးကြောင်ခိုးဝှက် အပြု အမူများနှင့် ရက်စက်ကြမ်းကြုတ်သော အပြုအမူများသည် အဆိုးဝါးဆုံးပင် ဖြစ်သည်။ စင်စစ် ထိုလူများကိုယ်တိုင်ပင် အကျဉ်းထောင်ထွက်များ၊ ဒုစရိုက်ဂိုဏ်း ဝင်များဖြစ်ကြောင်း ဖမ်းဆီးရထားသော စာရွက်စာတမ်းများအရ အခိုင်အလုံ သိရှိထားသည်။ ဖမ်းဆီးရထားသော အမိန့်များတွင်လည်း သုံ့ပန်းများ ဖမ်းမိပါက တာဝန်အရ ရှေ့ဆက်ရမယ့် ခရီးအတွက် အနှောင့်အယှက် ဖြစ်စေလျှင် သို့မဟုတ် ဝန်ထုပ်ဝန်ပိုးသဖွယ် ခရီး၏နေးကွေးစရာ ဖြစ်နေလျှင် ထိုသုံ့ပန်းများကို အဆုံး စီရင်ပစ်ရမည်ဟု အမိန့်ပေးထားသည်ကို တွေ့ရ၏။ နောက်ဆုံး ဖမ်းဆီးရမိထား သော အမိန့်များတွင် သုံ့ပန်းများကို "မူ"အရပင် သတ်ပစ်ရမည်ဟု ပါရှိပေသည်။
(ဟစ်တလာ၏ ကမ္ဘာကျော်အမိန့် အဖွင့်အပိုဒ်တွင် ပါရှိသော အကြောင်း အရာကို အကျဉ်းရုံးဖော်ပြခြင်းသာ ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးရင်းချာတစ်ယောက်ကို ဂျာမန်စစ်ကြောင်း နောက်ဘက်မှ ဖမ်းဆီးရမိပါတယ်။ အဲဒီလူဟာ အာဖရိကကိုး ဦးထုပ်ကို ဆောင်းထားပြီး ဂျာမန်ပစ္စတိုတစ်လက်ကို ကိုင်ထားတာလည်း တွေ့ရပါတယ်။ အဲဒီလို ဆင်ယင်မှုနဲ့ပဲ သူဟာ စစ်ဥပဒေဘောင် အပြင်ဘက်ကို ရောက်သွားပါပြီ။ စစ်သူကြီး ရွှန်းမဲလ်က သူ့ကို တခြားသုံ့ပန်းတွေနည်းတူ ပြုစုဆက်ဆံရမယ်လို့ အမိန့်ပေးပါ တယ်။ စစ်သူကြီး ယူဆတာကတော့ အဲဒီကော်မင်ဒိုဟာ သူ့ အပြုအမူအတွက် ဘယ်လိုအပြစ်တွေ ခံစားရမယ်ဆိုတာ မသိ လို့ပဲ ဖြစ်တယ်လို့ ယူဆတယ်။

(တစ်ယောက်သောအရာရှိက ရွှန်းမဲလ်အား ထိုကော်မင်ဒို ကို ပစ်သတ်ရန် အကြံပေးလာသောအခါ အနီ ကော်မင်ဒို ကျူးလွန်ထားသော ပြစ်မှုအရပင် တရားဝင် ဥပဒေဘောင် အတွင်းမှ ပစ်သတ်နိုင်သော်လည်း အကြံပေးလာသူ အရာရှိ အား ရွှန်းမဲလ် ပြန်ပြောလိုက်သော အဖြေမှာမူ ဘာပြောတယ်၊ အလစ်ဖန်းဒါးတူကို ပစ်သတ်ရမယ် ဟုတ်လား၊ မိုက်လှချေ လားကွာ။ ဘာလဲ မင်းက တပ်မနှစ်တပ်လောက် ဗြိတိသျှတပ်မ တော်ကို ထပ်လျှုလိုက်ချင်လို့လားဟေ 'ဟုသတည်း။)

ရွှန်းမဲလ် စစ်သုံ့ပန်းများအပေါ် မည်သို့မည်ပုံ ဆက်ဆံပုံအကြောင်း များကား များပြားလှပါ၏။ များသလောက်လည်း အကောင်းချည်းသာလျှင် ဖြစ်သည်။ အထူးသဖြင့် ဗိုလ်မှူးချုပ် ကလစ်ဖိတန် (ဒီအက်စ်အို အမ်စီ) နယူးဇီလန် တပ်ပေါင်း တပ်မှူးဘဝနှင့် သုံ့ပန်းအဖြစ် အဖမ်းခံရစဉ် ရွှန်းမဲလ် နှင့် တွေ့ကြုံခဲ့ရသော အတွေ့အကြုံကို ပြောပြသဖြင့် အထူးကျေးဇူးတင်မိ ပါ၏။

ဗိုလ်မှူးချုပ် ကလစ်ဖိတန်အား သန္တေပါ သုံ့ပန်းစခန်းမှ 'အပြေး သန်သူ'ဟု ခေါ်ရလောက်အောင် လွတ်မြောက်ရေးအတွက် စွန့်စွန့်စားစား ကြံစည်တတ်သူ ဖြစ်သည်။ အဟုန်ပြင်းစွာ ပြေးလွှားနေသော ရထားထဲတွင် ဘေးတစ်ဖက်တစ်ချက်မှ စောင့်ကြပ်နေသော အစောင့်နှစ်ယောက်ကြားမှပင် ရထားပြတင်းပေါက်မှ ဒိုင်ဗင်ထိုးလျက် လွတ်မြောက်အောင် စွန့်စားထွက်



ပြေးခဲ့သူ ဖြစ်သည်။ တစ်ကြိမ်တွင်လည်း အစောင့်များ ဝိုင်းဝိုင်းလည် ပစ် ခတ်နေသော အကျဉ်းခန်း အမိုးပေါ် မတ်တတ်ရပ်နေသည်ကို တွေ့မြင်ရ သည်ဟု ဆိုကြသည်။ ထိုမျှအထိ အကြိမ်ကြိမ်အခါခါ စွန့်စားတတ်ခြင်း ကြောင့်လည်း 'ကီဝီပျံ'ဟုပင် ကင်ပွန်းတပ်ခံရသူ ဖြစ်သည်။

ထိုဗိုလ်မှူးချုပ် ကလစ်ဖ်တန်က သူ့အတွေ့အကြုံများကို ဤသို့ ပြန်လည်ပြောပြသည်။

၁၉၄၂ ခု၊ စက်တင်ဘာလ ၄ ရက်နေ့ နံနက် အရုဏ်တက်ချိန် လောက်မှာပေါ့ဗျာ။ ညတိုက်ပွဲဆင်းသွားတဲ့လူတွေ ထင်ကြေးမပေါက်ခဲ့လို့ လက်စသိမ်းရအောင်ဆိုပြီး ကျုပ်ထွက်ခဲ့ရတယ်။ အရုဏ်ဦးဆိုတော့ ဝန်းကျင် တစ်ဝိုက် ဘာဆိုဘာမှ သဲသဲကွဲကွဲ မမြင်ရလို့ အခြေအနေတွေ အားလုံး ရှုပ်ထွေးကုန်တာပေါ့ဗျာ။ အဲဒီလို ရှုပ်ထွေးကုန်လို့ ထွက်ရှိလာတဲ့ အကျိုး အမြတ်ကတော့ ကျုပ်ရဲ့ ရှေ့ပြေးတပ်ပေါင်းမှတ်လို့ မောင်းဝင်သွားတဲ့နေရာ ဟာ မှားပြီး ရန်သူ့စခန်းထဲ ဝင်မိလျက်သား ဖြစ်သွားတာပေါ့ဗျာ။ အဲဒီ ကျုပ်တို့ လူမှားပြီး ဝင်သွားမိတဲ့ ရန်သူ့စခန်းကတော့ အီတာလျံ လေထီး တပ်သားတွေ စုဝေးနေတဲ့ နေရာပဲဗျ၊ မှားပြီးဝင်လာတယ်သာဆိုတယ် ပထမ ၅ မိနစ်အတွင်း မြင်လိုက်ရတဲ့ အခြေအနေက ကျုပ်တို့ သုံ့ပန်းဘဝနဲ့ အဲဒီမှာ မနေရတဲ့အပြင် အီတာလျံ ၅၀ လောက်ကိုတောင် အပြန်မှာ ဖမ်းလာနိုင်တဲ့ အခြေအနေမျိုး တွေ့လိုက်ရတယ်ဗျ။ မကြာပါဘူး။ ကျုပ်တို့ သုံ့ပန်းဘဝနဲ့ အဲဒီမှာ နေခဲ့ရမလား၊ ဒါမှမဟုတ် ကျုပ်တို့အပြန် သုံ့ပန်း ၅၀ ယောက် ဖမ်းပြီးပဲ ပြန်နိုင်မလားဆိုတဲ့ ကျုပ်တို့အတွေးကို ကျုပ်တို့နဲ့ ကိုက် ၁၀၀ လောက်မှာရှိတဲ့ ဂျာမန် အမြောက်တပ်က ကြားဝင်ပြီး အဖြေပေးလိုက်တယ် လေ။ ကျုပ်တို့နောက်က ဝင်စီးလိုက်တဲ့ ဂျာမန်အမြောက်တပ်ဗိုလ်က အီတာလျံတွေကို ကြိမ်းမောင်းတယ်ဗျ။ ကျုပ်တို့ကိုလည်း ဖမ်းသွားတော့ တယ် ဆိုပါတော့ဗျာ။ ဒီလိုနဲ့ ၂ နာရီလောက်ကြာတော့ ကျုပ်တို့ ဌာနချုပ် ဟောင်းဖြစ်တဲ့ ခါပွန်ကာ ခံတပ်ဟောင်းကို ပြန်ရောက်ကြတယ်။ ခံတပ် ဟောင်းထဲမှာတော့ အရန်ဂျာမန် လေထီးတပ်ရင်းတစ်ရင်းနဲ့ အီတာလျံတွေ ပြည့်ကျပ်နေတာ တွေ့လိုက်ရတယ်ဗျ။ အချိန်က နံနက် ၇ နာရီလေ၊ ဒါပေမဲ့ အဲဒီအချိန်လောက်ကလေးကိုပဲ ကျုပ်က တစ်သက်တာ ထင်နေမိတယ်ဗျ

www.burmeseclassic.com

www.burmeseclassic.com



အရဏ်တက်ချိန် ကျုပ်တို့ထွက်လာကတည်းက မနက်စာအမီ ပြန်နိုင်လိမ့်
မယ်လို့ မျှော်လင့်ပြီး ထွက်ခဲ့ကြတာကိုး။ ဆယ်မိနစ်လောက်လည်းကြာရော
တပ်ထဲ ရုတ်ရုတ်သဲသဲဖြစ်လာတယ်။ ထောက်လှမ်းရေးအရာရှိ တစ်ယောက်
က 'ရွှန်းမဲလ်လာနေပြီ'လို့ လာပြောတယ်။ သူပြောပြီးလို့ မကြာတင်မှာပဲ
ထောင့်ချိုးတစ်ခုကနေ ကင်းထောက်ယာဉ် သုံးလေးစင်း ဘွားခနဲ ပေါ်လာတာ
တွေ့ရတယ်။ အဲဒီကင်းထောက်ယာဉ်တွေရှေ့က ဦးဆောင်လာသူကတော့
ဇရာမ အရာရှိကားကြီးတစ်စီးရဲ့ နောက်ပိုင်းမှာ အခံ့သားထိုင်လိုက်လာတဲ့
ရွှန်းမဲလ်ပါပဲဗျာ။ ရွှန်းမဲလ် ကားပေါ်က ဆင်းဆင်းချင်း အပြန်အလှန် အလေး
ပြုကြ၊ ဖနောင့်ချင်း ရိုက်ကြလုပ်ပြီးတဲ့နောက် ဗွေဆော်ဦး ရွှန်းမဲလ် စကားပြော
လိုက်တဲ့လူကတော့ နယ်မြေတာဝန်ခံ အီတာလျံ ဗိုလ်မှူးကြီးပါပဲ။ ရွှန်းမဲလ်
ဟာ အဲဒီ အီတာလျံ ဗိုလ်မှူးကြီးနဲ့ ဆွေးနွေးပြီး ခဏလေးကြာတော့ ဂျာမန်
လေထီးတပ်ရင်းက တပ်ရင်းမှူး ဒု-ဗိုလ်မှူးကို ခေါ်ခိုင်းတယ်။ အဲဒီဂျာမန်
ဒု-ဗိုလ်မှူးနဲ့ တစ်ခွန်းနှစ်ခွန်းပြောပြီးတာနဲ့ ကျုပ်ကို ခေါ်တွေ့တော့တာ
ပါပဲ။ ဒီတော့မှပဲ ကျုပ်လည်း ကမ္ဘာကျော် ရွှန်းမဲလ်နဲ့ ပထမဆုံးအကြိမ်
မျက်နှာချင်းဆိုင် တွေ့ခွင့်ရတော့တာပါပဲဗျာ။ အင်း...ရွှန်းမဲလ်ရုပ်သွင်က
ခပ်တောင့်တောင့် ဂင်တိုတိုရယ်၊ ခါးတောင် ပျောက်လုလုဖြစ်နေပြီး အဲဒီ
ခပ်တုတ်တုတ်ခါးလေးအတွက် နည်းနည်းရှက် နေပုံရတယ်ဗျ။ သူ့ကြည့်ရ
တာ သူ့ကိုယ်သူ အကြွင်းမဲ့ ယုံကြည်တဲ့စိတ်၊ စိတ်ဓာတ်ကြံ့ခိုင်ပြီး ဘာမဆို
လုပ်ဝံ့၊ ရင်ဆိုင်ဝံ့တဲ့ရုပ်ပဲ။ အင်္ဂလိပ်စကားတတ်ပုံ ပေါ်ပေတဲ့ အင်္ဂလိပ်လို
မပြောဘူးဗျ။ ကျုပ်ကို ဂျာမန်ဘာသာနဲ့ပဲ ပြောတယ်။ သူက နယူးဇီလန်
သားတွေဟာ ဒုစရိုက်သားတွေဆန်ဆန် ကျင့်ကြံကြတယ်လို့ စွပ်စွဲလိုက်
တယ်။ သူပြောပုံထောက်တော့ မာထရုသ်နောက်ဘက် မင်ကာကိမ် ညတိုက်
ပွဲတစ်ခုမှာ ဒဏ်ရာရနေတဲ့ ဂျာမန်စစ်သားတွေကို ကျုပ်တို့ လှံစွပ်နဲ့ထိုးသတ်
သွားတယ်လို့ ဆိုချင်ပုံရတယ်။ အဲဒီကိစ္စအတွက် သူ အတော်ကို မကျေ
မချမ်း ဖြစ်နေပုံရတယ်၊ ဒေါသလည်း ဖြစ်နေပုံရတယ်။ ကျုပ်ကို မင်းတို့
အဲဒီလို ကြမ်းကြမ်းရမ်းရမ်း လုပ်နိုင်သလို ငါတို့လည်း လုပ်နိုင်တာပဲ။ နောက်
ထပ် ဒါမျိုးကျူးလွန်ရင် အဲဒီအပြုအမူအတိုင်း ငါတို့ တန်ပြန်ရလိမ့်မယ်လို့
ဆိုတယ်။ သူတန်ပြန်ချင်လို့ အနီးဆုံး နယူးဇီလန်သားတွေကို ရှာရင် သူ့နဲ့



လက်တစ်ကမ်းမှာသာရှိနေတဲ့ ကျုပ်ကိုပဲ တွေ့မှာကိုးဗျ။ အဲဒီတော့ ပုဂ္ဂလိက
ကိစ္စ ဖြစ်လာတော့ ကျုပ်လည်း တတ်နိုင်သမျှ ရှင်းပြရတော့တာပေါ့ဗျာ။
ဒါပေမဲ့ အဲဒီညတိုက်ပွဲမှာ ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်မှန်ကို ကျုပ်တို့
ရှုထောင့်ကနေပြီး ပြေပြေလည်လည်ဖြစ်အောင် ရှင်းပြခွင့်ရခဲ့ပါတယ်။ ကျုပ်
က အဲဒီညတိုက်ပွဲမှာ ပထမအသုတ်က မှောင်မည်းမည်းထဲ ထိုးဖောက်ဝင်နိုင်
လို့ ဂျာမန်တွေ အငိုက်မိခံလိုက်ရတဲ့အကြောင်း၊ အဲဒီရှေ့ပြေးတပ်ခွဲ ဖြတ်သွား
တုန်း မြေပေါ်မှာ အတုံးအရုံးလဲနေကြတဲ့ ဂျာမန်တွေက သေနတ်နဲ့ ထပစ်သူ
ပစ်၊ လက်ပစ်ဗုံးနဲ့ ထပစ်သူပစ်၊ လုပ်လာတဲ့အတွက် နောက်က ထက်ကြပ်
ပါလာတဲ့တပ်က မတ်တတ်ရပ်ပြီး လက်မမြှောက်တဲ့သူမှန်သမျှ လိုက်တိုက်ရ
တဲ့အကြောင်း သူ့ကိုပြောပြပြီး တစ်ဆက်တည်းမှာပဲ အဲဒီလို နောက်က
ဥဒဟိုဝင်လာတဲ့လူတိုင်း လဲနေတဲ့ ဂျာမန်ကို လှံစွပ်နဲ့ ထိုးထိုးသွားလိုက်ကြ
တော့ ဂျာမန်တစ်ယောက်တစ်ယောက်ကို လှံစွပ်နဲ့ အထပ်ထပ်ထိုးမိသလို
ဖြစ်သွားရတာပါပဲ။

ကျုပ်လည်း အဲဒီလို မြင်တွေ့သမျှ ရှင်းပြလိုက်ရတယ်ဗျာ။ ကျုပ်
အရှင်းကောင်းလို့လားတော့ မပြောတတ်ဘူး။ ရွှန်းမဲလ်က ပြန်ပြောတယ်။
ဖြစ်နိုင်စရာ အကြောင်းရှိပါတယ်။ ညတိုက်ပွဲမှာ ဒါမျိုးဖြစ်နိုင်တာပဲ။ ဒါပေမဲ့
ဆိုပြီး ဒဏ်ရာရနေတဲ့ အရာရှိတစ်ယောက်ကို မီးလောင်နေတဲ့ ကားထဲ နယူး
ဇီလန်တပ်က ရက်ရက်စက်စက် ပစ်သွင်းလိုက်တဲ့အကြောင်း ဆက်ပြော
လာပြန်တယ်ဗျာ။ အဲဒီအကြောင်း ဆွေးနွေးလို့ အတော်လေးကြာလာတဲ့အခါ
ကျတော့ ကျုပ်ကို သူက မေးခွန်းတစ်ခု ထပ်ထုတ်ပြန်တယ်။ "ဘာဖြစ်လို့
မင်းတို့ နယူးဇီလန်သားတွေ စစ်တိုက်နေရတာလဲ၊ ဒီစစ်ပွဲဟာ ဥရောပစစ်ပွဲ
ကွ၊ ဘာလဲ မင်း ဒီလာနေတာ အားကစားစိတ်ဓာတ်ရှိလို့ အပျော်တမ်း
လာနေတာလား"လို့ မေးလာတယ်။ ကျုပ်လည်း သူ့အမေးကို အရဲစွန့်ပြန်ဖြေ
လိုက်တယ်။ "ဗြိတိသျှနေသဟာယ အဖွဲ့ဝင်တွေဟာ အတူတူ လက်တွဲတိုက်
ကြပါတယ်၊ ခင်ဗျားတို့ အင်္ဂလန်ကိုတိုက်ရင် နယူးဇီလန်ကို တိုက်တာနဲ့
အတူတူပဲ၊ ထိုနည်းလည်းကောင်းပဲ ဩစတြေးလျားကို တိုက်တာနဲ့ အတူတူပဲ"
လို့ ဖြေလိုက်တယ်လေ။ ဒီတော့ သူက "အိုင်ယာလန်ကောကွာ" လို့
ကြားဖြတ်ပြီး ကျုပ်ကို မေးပြန်တယ်။ သူမေးတာကို ကျုပ်က "လွန်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ် နှစ်ပတ် လောက်က အိုင်ယာလန် အပျော်တမ်းတပ်တွေ စစ်ထဲဝင်ဖို့ စာရင်းပေးနေပြီ" လို့ပြန်ဖြေလိုက်တယ်။ ကျုပ်အဖြေအတွက် သူ ဘာမှ မှတ်ချက်ချမသွားဘူး။ ကျုပ်ကို နှုတ်ဆက်ပြီး စစ်မြေပြင်ကို ထွက်သွားချေရဲ့။ ဒါနဲ့ ၆ ရက်လောက်ကြာတော့ ကျုပ် မာထရသ်ကနေ ထွက်ပြေးပြန်တယ်။ ဒီဟာကလည်း နောက်ထပ် ခရီးရှည်လျှောက်ပွဲကြီးနဲ့ ကံမကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ပါပဲဗျာ။ ဒီလိုလေ ကျုပ်ကို အဲလ်အာလမိန်စစ်ဌာနချုပ်ရဲ့ အနောက်ဘက်မှာ စက်တင်ဘာလ ၁၆ ရက်နေ့က ပြန်မိသွားတယ်ဗျ။ ဒါနဲ့ ကျုပ်လည်း ဒုတိယအကြိမ် ရွှန်းမဲလ်ရဲ့ ဌာနချုပ်ကို ရောက်သွားရပြန်တယ်ဆိုပါတော့။ ရွှန်းမဲလ် ကျုပ်နဲ့ မျက်နှာချင်း ဆိုင်မိတယ်ဆိုရင်ပဲ စာအုပ်ကြီးအတိုင်းပေါ့ဗျာ။ မဟာမိတ်တွေရဲ့ လူဆိုးဂိုဏ်းဆန်ဆန် အပြုအမူကို စတင်စွပ်စွဲပြန်တယ်။ သူက လူနာတင်သဘောၤကို တိုပရပ်မြို့ကအထွက်မှာ မဟာမိတ် မိုးပျံခံတပ်လေယာဉ်တွေက ဗုံးကြဲတိုက်ခိုက်တဲ့အကြောင်း စွဲချက်တင်တယ်လေ။ အဲဒီလိုပြောရာကနေ ကျုပ် ထွက်ပြေးတဲ့ကိစ္စဘက် မြားဦးလှည့်လာတယ်။ "မင်း ထွက်ပြေးဖို့ကြံတာတော့ အပြစ်မတင်ပါဘူး၊ ထွက်ပြေးရမှာက မင်းတာဝန်ပါပဲ။ ငါသာ မင်းဆို ဒီလိုပဲထွက်ပြေးမှာ သေချာတယ်"တဲ့လေ။

❑

## ပြည်ဖုံးကားချ အာဖရိက

*ကျွန်ုပ်တို့သည် ရွှန်းမဲလ်အား တိုပရပ်မြို့သိမ်းပွဲအပြီးတွင် ထားရစ်ကြပြီး ပုဂ္ဂိုလ်ရေးဘက်သို့ ဦးလှည့်ခဲ့သဖြင့် ယခုတစ်ဖန် ရွှန်းမဲလ် တပ်များရှိရာ တိုပရပ်မြို့သို့ ပြန်လှည့်ကြရပေဦးမည်။

ရွှန်းမဲလ်သည် တိုပရပ်မြို့သိမ်းပွဲ ပြီးစီးပြီးနောက် နှစ်ရက်အတွင်းမှာပင် တပ်များကို ပြန်လည်စုစည်းကာ ရှေ့သို့ ဆက်ချီရန် အဆင့်ပြင်ဆင်ပြီးဖြစ်နေတော့၏။

ဇွန်လ ၂၂ ရက်နေ့တွင် အပေါ့စား မော်တော်ယာဉ်သုံးတပ်များသည် ကမ်းရိုးတန်းလမ်းအတိုင်း အပြင်းမောင်းနှင်သွားပြီးနောက် ဘာဒီယားမြို့ကို သိမ်းပိုက်လိုက်သည်။ ထိုညဉ့်မှာပင် ကမ်းရိုးတန်းလမ်း ဟဲလ်ဖားယားအစွန်းတွင် နောက်ရန်တပ်အဖြစ် တပ်စွဲ ခုခံနေသည့် အမှတ်(၁) တောင်အာဖရိကတပ်မ ဆုတ်ခွာသွားခဲ့ရပြန်၏။ နောက်တစ်နေ့ နံနက်တွင် ရွှန်းမဲလ်သည် ဆီဒီအိုမာ တောင်ဘက်မှ အီဂျစ်ပြည်ထဲသို့ ချီဝင်ရန် အသင့်ဖြစ်နေပြီး ၂၄ ရက်နေ့အရုဏ်တွင်မူ ရွှန်းမဲလ်၏တပ် အလုံးအရင်းသည် ဆီဒီဘာရာနီမြို့နှင့် ပခုံးချင်းယှဉ်နေရုံမက မာဆာမာတရုသ်နှင့် မိုင် ၄၀ အကွာတွင် ရောက်ရှိနေ၏။ ရှေ့ပြေးသံချပ်ကာကားအချို့ကလည်း ရှေ့မိုင် ၂၀ မျှပင်ကျော်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းမဲလ် ရောက်ရှိနေသောနေရာကား အဲလ်လစ်ဇင်းဒရီးယား မုခ်ဦးပင်ဖြစ်ပါ၏။ ရင်ဆိုင်နေရသော ရန်သူကမူ သဲကန္တာရစစ်ပွဲတွင် ရွှန်းမဲလ် တစ်ကြိမ်မျှ မတွေ့ဖူးသေးသော အနေအထားမျိုးနှင့် နေရာယူထားသည့် ဗြိတိသျှ ခံစစ်ကြောင်းပင် ဖြစ်သည်။ အပြောကျယ်သော သဲကန္တာရထဲတွင် တစ်ဖက်ရန်သူအား ဝဲယာတောင်ပံမှ သော်လည်းကောင်း၊ မျက်နှာချင်းဆိုင်မှလည်းကောင်း စေ့စိုက်၍ လိုအပ်သလို တိုက်ခိုက်နိုင်သော်လည်း ယခုမူ ရွှန်းမဲလ် ရင်ဆိုင်နေရသော ဗြိတိသျှ ခံစစ်ကြောင်းမှာ လက်ယာစစ်နံကို ပင်လယ်ဘက်တွင် မေးတင်ထားပြီး လက်ဝဲစစ်နံကိုမူ ဖြတ်ကျော်၍မရသော သဲနုန်းအစပ်တွင် မေးတင်ထားလေသည်။ ယင်းသို့ ရွှန်းမဲလ်တပ်များ ဝဲယာစစ်နံများမှ ဖြတ်ထွက်၍မရအောင် ပိတ်ဆီးထားရုံမျှမက ခံစစ်ကြောင်းကိုလည်း အခိုင်အမာ ဆောက်လုပ်ထားလေသည်။

မည်သို့ပင်ဖြစ်စေ ရွှန်းမဲလ်သည် ဘေးကျပ်နံကျပ် မရန်းသာ မလွန့်သာအောင် ပိတ်ဆီးထားသော ရန်သူ့ခံစစ်ကြောင်းကို ထိုးဖောက်ဖြတ်ကျော်၍ စူးအက်တူးမြောင်းအရောက် ချီတက်ရမည်သာ ဖြစ်သည်။

ထိုရည်ရွယ်ရင်း နေရာသို့ အရောက် ချီနိုင်ရေးမှာလည်း ရွှန်းမဲလ်၏ သံချပ်ကာကားများ ဓာတ်ဆီ အချိန်မီရရေးအပေါ်တွင် အခြေတည်ပေသည်။

ယင်း ဓာတ်ဆီပြဿနာအတွက် ဩဂုတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော အီတာလျံ ဦးစီးကွန်ဖရင့်တွင် ရွှန်းမဲလ် တင်ပြခဲ့၏။ စစ်သူကြီး ကက်ဆဲလ်ရင်းနှင့် ကဘဲလ်လာရီတို့က တပ်များဖြည့်ပေးမည် ဟူ၍လည်းကောင်း၊ ထောက်ပံ့ရေး ပြဿနာ ပြေလည်အောင် ဖြေရှင်းပေးမည် ဟူ၍လည်းကောင်း လိုအပ်သော ဓာတ်ဆီအတွက် တန် ၆၀၀၀ ပို့ပေးမည်။ ထိုဓာတ်ဆီများအနက် တန် ၁၀၀၀ ကို လေကြောင်းမှ ပို့ပေးမည်ဟု ကတိပြုခဲ့ကြ၏။

“ဒီစစ်ပွဲရဲ့ အဆုံးအဖြတ်ဟာ ဓာတ်ဆီအချိန်မီရမယ်၊ မရဘူးဆိုတဲ့အပေါ်မှာ မူတည်နေတယ်”ဟူသော ရွှန်းမဲလ်၏ သတိပေးစကားကို ကဲဘဲလ်လာရီက “တိုက်ပွဲသာ ဆက်တိုက်ပါ စစ်သူကြီးခင်ဗျား၊ ဓာတ်ဆီတွေ လမ်းတစ်ဝက် ရောက်နေပါပြီ”ဟု ဖြေကြားခဲ့၏။

သို့ဖြင့် ရွှန်းမဲလ်သည် ဩဂုတ်လ ၃၁ ရက်နေ့တွင် စတင်တိုက်စစ်



ဆင်လေတော့သည်။ သို့ရာတွင် ရွှန်းမဲလ်သည် မတိုက်မီကပင် ရန်သူကို အဘက်ဘက်မှ ရှုံးနိမ့်နေပြီဖြစ်ပါ၏။ ဗြိတိသျှများသည် အမြောက်အင်အား ခဲယမ်းမီးကျောက် အင်အားသာလွန်နေသည့်ပြင် လေကြောင်းတွင်လည်း အာကာသကို ပြိုင်ဘက်မရှိ စိုးမိုးနေနိုင်သောအချိန် ဖြစ်သည်။

ရွှန်းမဲလ်ဘက်တွင်မူ တင့်ကားအင်အား ချို့တဲ့နေရုံမျှမက ခဲယမ်းမီးကျောက်မှာလည်း လျော့နည်းနေပေပြီ။ ထိုသို့ အဘက်ဘက်မှ ချို့တဲ့မှုများကြောင့် ရန်သူ့ခံစစ်ကြောင်းကို ရှေ့ပိုင်းမျက်နှာစာ ဖိစီးတိုက်ခိုက်မှုမှ အထူးရှောင်ကွင်းရပေတော့မည်။

သို့ဖြင့် ရွှန်းမဲလ်သည် တစ်ခုတည်းသော ကျန်ရှိသော လွတ်မြောက်ရေးလမ်းစကို ရွေးချယ်လိုက်၏။ ဤသည်မှာ ရန်သူ့ခံစစ်ကြောင်း မြောက်ဘက်အစွန်တွင် အယောင်ပြတိုက်ထားပြီး ရန်သူ့ခံစစ်ကြောင်း ဗဟိုတွင် အင်အားအများအပြား စုပြုံထားလျက် တိုက်ယောင်ပြထားလိုက်သည်။ ရွှန်းမဲလ် အမိက ထိုးဖောက်မှုမှာ သဲနုန်းမြေအစပ် ဗြိတိသျှတပ်များ အင်အားနည်းသောနေရာပင် ဖြစ်ပါ၏။

ထို သဲနုန်းမြေစပ်ကြားမှ ထိုးဖောက်ပြီးလျှင် မြောက်ဘက်သို့ ချိုးကွေ့လျက် အာလမ်အဲလ်ဟာဖာ အရှေ့ဘက်အရောက်ချီရန် ဖြစ်သည်။ ထိုနည်းမှာ လွန်ခဲ့သော သုံးလခန့်က ဂါဇလာတွင် အသုံးပြုခဲ့သောနည်းပင် ဖြစ်သည်။ ထိုနည်းအတိုင်း အောင်မြင်လျှင် အမှတ်(၈) တပ်မတော်ကို တစ်ပတ်ပတ် ဝိုင်းမိသွားမည်ဖြစ်ပြီး တပ်နောက်ပိုင်း လမ်းကြောင်းများကို ဖြတ်တောက်ပစ်နိုင်ပေမည်။ ထိုနည်းပရိယာယ်ကိုပင် ရွှန်းမဲလ် မုချ သုံးလိမ့်မည်ဟု ဗိုလ်ချုပ်ကြီး အလစ်ဇန်းဒါးနှင့် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီတို့က ကြိုတင်မျှော်လင့်ထားပြီး ဖြစ်၏။ မောင်ဂိုမာရီသည် အနောက်ပိုင်း သဲကန္တာရထဲသို့ ရောက်ပြီး မကြာမီမှာပင် အလမ်အဲလ်ဟဲလ်ဖာတွင် အရေးကြီးသော နေရာမှန်သမျှ အခိုင်အမာ ခံစစ်ကြောင်းများ တည်ဆောက်ထားရုံမျှမက မိမိ၏ တင့်ကား အင်အားအများစုကိုလည်း အလမ်အဲလ်ဟဲလ်ဖာတွင် ချထားပြီး ခံစစ်ပြုရန် အသင့်ပြင်ဆင်ထား၏။ ထို့မျှမက မောင်ဂိုမာရီသည် အလမ်အဲလ်ဟဲလ်ဖာ တောင်ဘက်တွင် တင့်ကားများ ကောင်းမွန်စွာ သွားလာနိုင်ကြောင်း အမှတ်အသားပြု မြေပုံအတုတစ်ချပ်ကိုပင် ရွှန်းမဲလ်

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲသို့ ရောက်အောင် ကြံစည်လုပ်ဆောင်ခဲ့သည်။

သို့ဖြင့် ဩဂုတ်လ ၃၁ ရက်နေ့တွင် တိုက်ပွဲသက်တမ်း ၅ နာရီကြာသွားပြီဖြစ်သော်လည်း ရန်သူ့ဗုံးခင်းကိုပင် သိမ်းမိခြင်းမရှိသေးသဖြင့် ရွှန်းမဲလ်သည် မိမိ၏ အလစ်ဖမ်းမှု မအောင်မြင်ကြောင်း သိရှိလာကာ တိုက်ပွဲခေတ္တဖြုတ်ထားရန် စိတ်ကူးစ ပြုလာတော့သည်။ ထိုစဉ် ဗိုလ်ချုပ်ဗေယာလိန်သည် သဲမုန်တိုင်းများကျနေသည့် အခွင့်ကောင်းကိုယူ၍ အလမ်အဲလ်ဟဲလ်ဖာမှ ဗြိတိသျှတပ်များကို တိုက်ခိုက်ခွင့်ပြုရန် အမိန့်ခံလိုက်သဖြင့် ရွှန်းမဲလ်က ခွင့်ပြုလိုက်သည်။

သို့သော် ထိုတိုက်ပွဲတွင်လည်း မအောင်မြင်ချေ။ ယင်းသို့ ဗြိတိသျှများက ခံစစ်ကြောင်းကို အခိုင်အမာ ဆောက်ထားသဖြင့် တိုက်ရန်မလွယ်ကူရသည့်အထဲတွင် ရွှန်းမဲလ်ကိုယ်တိုင်က မကျန်းမမာ ဖြစ်နေ၏။ အသားဝါရောဂါကို ကြာရှည်ကြာမျှော ဥပေက္ခာပြုထားမိသဖြင့် အသည်းရောင်ရောဂါပင် ကူးစက်လာပြီး ထိပ်ခေါက်နာလည်း ဖွဲ့ကပ်လာလေ၏။ ထို့ကြောင့် ထရပ်ကားထဲတွင်သာ ထိုင်နေရပြီး တိုက်ပွဲများတွင် ကိုယ်တိုင်ကိုယ်ကျ ဦးစီးကွပ်ကဲမှု မပြုလုပ်နိုင်ဘဲ ဖြစ်နေ၏။ ရွှန်းမဲလ်သည် မူသေရေးဆွဲထားသော တိုက်နည်းမျိုးထက် တိုက်ပွဲဖြစ်စဉ်ပေါ်တွင် ကိုယ်တိုင် ကြည့်ရှုဆုံးဖြတ်ရမှ ကျေနပ်သူဖြစ်လေရာ ယခုတိုက်ပွဲတွင် အကြီးအကျယ် တစ်ပန်းရှုံးနေ၏။

သို့သော် ထိုသို့ ကားထဲတွင် လဲနေသော်လည်း ရွှန်းမဲလ်၏ ဆဋ္ဌမအာရုံမှာမူ အလုပ်လုပ်လျက် ရှိနေခြင်းကြောင့် ရန်သူကို အငိုက်မဖမ်းနိုင်မှန်းသိသည်နှင့် တိုက်ပွဲရပ်ရန် ဆုံးဖြတ်နိုင်ခြင်းဖြစ်သည်ဟု ဗေယာလိန်က ဆိုခဲ့သည်။

ထိုစဉ် ဗြိတိသျှတပ်များက ရွှန်းမဲလ်၏ ဝဲယာတောင်ပံကို ဖိတိုက်လာကြ၏။ ပြိုင်ဘက်မရှိ လေကြောင်းစိုးမိုးမှုကို ရရှိနေသော ဘုရင့်လေတပ်မတော်သည် ရွှန်းမဲလ်တပ်များပေါ်သို့ တန်ပေါင်းများစွာသော ဗုံးများကို ဖြုတ်ချနေ၏။ ထို့ကြောင့် ရွှန်းမဲလ်တပ်မှာ အကျအဆုံး များပြားနေပြီး စိတ်ဓာတ်ရေးရာကိုပင် ထိခိုက်စပြုနေလေ၏။ မစားရဝခမန်း ကာဘဲလ်လာရှိကတိပေးခဲ့သော ဓာတ်ဆီများကလည်း ရောက်မလာ၊ ဓာတ်ဆီတင်ဆောင်လာသော သင်္ဘောကြီးနှစ်စင်းကိုလည်း ရန်သူများက လမ်းတစ်ဝက်တွင်



နှစ်မြှုပ်လိုက်ကြပြီး တတိယ ဓာတ်ဆီတင်သင်္ဘောမှာလည်း တိုပရပ်အထွက်တွင်ပင် ရန်သူ တိုပီတို ထိမှန်နစ်မြုပ်ခဲ့ရ၏။

ကက်ဆဲလ်ရင်း ကတိပြုထားသော လေကြောင်း အကူအညီမှာလည်း အရိပ်အယောင်မျှပင် မတွေ့ရချေ။ ထို့ကြောင့် ရွှန်းမဲလ်သည် မရှောင်မလွှဲသာ တစ်ခုတည်းသော ဆုံးဖြတ်ချက်ကို ချလိုက်ရလေတော့သည်။ ဤသည်မှာ ထိုးစစ်ကိုရပ်၍ ဆုတ်ခွာရန်ပင် ဖြစ်သည်။ သို့နှင့် စက်တင်ဘာလ ၃ ရက်နေ့တွင် အထူးတလည် အားနည်းနေပြီဖြစ်သော ရွှန်းမဲလ်၏ တပ်များ စတင်ဆုတ်ခွာစ ပြုလေတော့သည်။

ရက်သတ္တသုံးပတ်ခန့်ကြာသောအခါ ရွှန်းမဲလ်သည် တစ်သက်လုံး ဖေါ်ရာရသည့်အခါမှလွဲ၍ မတိုင်ဖူးသော ဆေးခွင့်ကို တိုင်ကြားကာ ဂျာမနီပြည်သို့ ဆေးကုရန် ပြန်ခဲ့ရလေသည်။

ရွှန်းမဲလ် ဂျာမနီသို့ရောက်လျှင် ဆေးရုံမတက်မီ ဟစ်တလာနှင့် သွားရောက်တွေ့ဆုံပြီး သူ့ပန်ဇာတပ်များ အဲလ်လစ်ဇင်းဒရီးယား မုခ်ဦးသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ တပ်ကူနှင့် ထောက်ပံ့ရေးပြဿနာကို မဖြေရှင်းနိုင်လျှင် ရှေ့ဆက်ထိုးဖောက်နိုင်မည်မဟုတ်ကြောင်း ပြောကြားကာ အာဖရိကကိုး အဓိကရင်ဆိုင်နေရခြင်းမှာ ဓာတ်ဆီပြဿနာပင်ဖြစ်ပြီး ဓာတ်ဆီမရှိလျှင် ဘာမျှလုပ်နိုင်မည် မဟုတ်ကြောင်းလည်း အစီရင်ခံလိုက်လေသည်။

ဤအကြိမ်တွင်လည်း ရွှန်းမဲလ် မစားရဝခမန်း ကတိပြုချက်များရရှိပြန်လေသည်။ သို့သော် ယခုအကြိမ်တွင်မူ နိုင်ငံ့ဥသျှောင်ထံမှ ရသော ကတိဖြစ်သည်။ "မပူပါနဲ့၊ အာဖရိကကိုး လိုတဲ့အကူအညီတွေ အကုန်ပေးပါမယ်၊ အဲလစ်ဇင်းဒရီးယား မရမှာလည်း မစိုးရိမ်ပါနဲ့ ကျုပ်တို့ အဲလ်လစ်ဇင်းဒရီးရမှာပါ"ဟု ကတိပြု၏။

ရွှန်းမဲလ်က ဟစ်တလာ့အား ရန်သူလေယာဉ်များက ၄၀ မီလီမီတာ အမြောက်များဖြင့် ပစ်ခတ်နေကြသဖြင့် တင့်ကား အပျက်အစီးများနေကြောင်း တင်ပြလိုက်သည်တွင် ဟစ်တလာသည် ပုဂ္ဂိုလ်ရေး အစော်ကားခံလိုက်ရသည့်ပမာ ဒေါသူပုန် ထလေတော့သည်။ "မဖြစ်နိုင်ဘူး၊ မင်းပြောတာတွေဟာ ယုံတမ်းစကားတွေပါ၊ အမေရိကန်တွေ ဒီလောက်ကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်နက်တွေ မလုပ်နိုင်ပါဘူး၊ သူတို့လုပ်နိုင်တာက တစ်ခုတည်း ရှိတယ်၊ မှတ်ဆိတ်ရိတ်ဓားနဲ့ ရေခဲသေတ္တာပဲ"ဟု အော်ဟစ်လိုက်၏။ ဤသို့ဖြစ်မည်ကိုလည်း ရွှန်းမဲလ် ကြိုတင်မျှော်လင့်ထားမိပြီး ဖြစ်ပါ၏။ ထို့ကြောင့်လည်း တင့်ကားတစ်စီးကို လက်တွေ့ဖျက်ဆီးခဲ့သော ရန်သူ့ ၄၀ မီလီမီတာ အမြောက်ဆန်တစ်ခုကို ယူဆောင်လာခဲ့သဖြင့် ထုတ်ပြလိုက်ရပြီး "ခေါင်းဆောင်ကြီး ခင်ဗျား၊ ကျွန်တော်တို့တပ်တွေကို အဲဒီလို ဆင်တူယိုးမှား မှတ်ဆိတ်ရိတ်ဓားတွေပဲ ထုတ်ပေးပါလို့ ဆန္ဒပြုမိပါတယ်"ဟု ပြန်လည်ချေပလိုက်သည်။

ထိုသို့ အတန်ကြာ ဆွေးနွေးပြီးသောအခါ ဟစ်တလာက မစားရဝခမန်း ပုံပြင်တစ်ခုကို ဆက်လက် တင်ပြပြန်လေသည်။ ဤသည်မှာ ကမ်းတက်သဘော်ာကဲ့သို့ ရေတိမ်သွား သင်္ဘောငယ်များ အများအပြား တည်ဆောက်နေပြီဖြစ်ကြောင်း၊ ထိုသင်္ဘောငယ်များသည် ရန်သူ တိုပီဒိုပစ်ကွင်းမှ လွတ်ကင်းနိုင်ပြီး တစ်စင်းလျှင် ၈၈ မီလီမီတာ အမြောက်နှစ်လက်စီ တပ်ဆင်ထားသဖြင့် လေကြောင်းရန်ကိုလည်း မစိုးရိမ်ရကြောင်း၊ ထိုသင်္ဘောများဖြင့် မကြာမီ ရက်သတ္တပတ်အနည်းငယ်အတွင်း ဓာတ်ဆီပြဿနာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း စသည့် မစားရ ဝခမန်း ဓာတ်လမ်းပမာပင် ဖြစ်သည်။

ဟစ်တလာ ပြောနေသော ရေတိမ်သွား ရေယာဉ်ဆိုသည်မှာ ဆီဘဲလ်ကူးတို့ယာဉ်ကို ပြောခဲ့ဟန်ရှိသည်။ စင်စစ် ထိုယာဉ်အမျိုးအစားမှာ ပင်လယ်ရေကြောင်းနှင့် မသင့်လျော်ရုံမျှမက ထိုစဉ်က လက်တွေ့ အသုံးပြုနေသော ၎င်းအမျိုးအစား ရေယာဉ်များကို သင်္ဘောကျင်းသို့ သာလျှင် ပြင်ဆင်ရန် မကြာခဏ ပို့နေရပြီး ထိုယာဉ်များကို အများအစား တည်ဆောက်နေသည် ဆိုသည်မှာလည်း မမှန်ပေ။ စင်စစ် ဟစ်တလာက ထုံးစံအတိုင်း စိတ်ကူးယဉ်ပြလိုက်ခြင်းသာလျှင် ဖြစ်သည်။

သို့သော် ဟစ်တလာက ထိုမျှနှင့် ရပ်ဆိုင်းသွားသည်မဟုတ်၊ ဆွေးနွေးပွဲအပြီးတွင် ရွှန်းမဲလ်အား အပြင်ဘက်သို့ ခေါ်ထုတ်သွားပြန်ကာ နောက်ဆုံးပေါ် "ကျား"တင့်ကား အစင်း ၄၀ မကြာမီအတွင်း အာဖရိကသို့ ပို့ပေးမည့်အပြင် အကြီးစား စိန်ပြောင်း အလက် ၅၀၀ ပါမည့်တပ်ပေါင်း တစ်တပ်အပြင် အမြောက်များလည်း ပို့လိုက်မည်ဖြစ်ကြောင်း ကတိပြုပြန်



လေသည်။

ဤသည်များကား ဟစ်တလာ၏ကတိများပင် ဖြစ်ပါ၏။ ဟစ်တလာပေးသော ကတိများကိုလည်း ယုံသင့်သလောက် ယုံခဲ့၍ အောက်တိုဘာလ ၃ ရက်နေ့ နိုင်ငံခြားသတင်းထောက်များနှင့် တွေ့ဆုံသောအခါ ဂျာမန်များ မကြာမီ ရက်အတောအတွင်း အဲလစ်ဇင်းဒရီးယားသို့ ဝင်နိုင်တော့မည်ဖြစ်ကြောင်း ရဲရဲဝံ့ဝံ့ နိမိတ်ဖတ်ခဲ့ခြင်း ဖြစ်၏။

သို့သော် နောက် ရက်သတ္တနှစ်ပတ်ကြာသောအခါတွင်မူ ဟစ်တလာ့အပေါ် ပထမဦးဆုံးအကြိမ် သံသယစိတ်များ ဝင်လာလေတော့သည်။ ထိုအကြောင်းကိုလည်း ဇနီးသည်အား ကျိတ်၍ "ဟစ်တလာက ငါ့ကို ပြောလိုက်တာတွေဟာ ငြိမ်ဆေးတိုက်လိုက်တာနဲ့ တူပါတယ်"ဟူ၍ ပြောစပြုလာလေသည်။

ထိုဆွေးနွေးပွဲမှာပင် ဟစ်တလာက ရွှန်းမဲလ်အား မြောက်အာဖရိကသို့ ပြန်မပို့ရန် ဆုံးဖြတ်လိုက်ပြီး ရွှန်းမဲလ် ဆေးရုံမှ ပြန်ဆင်းလာလျှင် ယူကရိန်း တောင်ပိုင်းရှိ တပ်မတော်စုတစ်ခုကို အုပ်ချုပ်ခိုင်းရန် ရည်ရွယ်ထားပြီး ရွှန်းမဲလ်၏ မူလနေရာတွင်လည်း ဗိုလ်ချုပ်စတွမ်းအား အစားထိုးရန် စီစဉ်ပြီး ဖြစ်လေသည်။

တစ်ဖန် ဟစ်တလာက ရွှန်းမဲလ်အား ဤသို့ ပြောင်းရွှေ့လိုက်ရခြင်းသည် ၎င်း၏ ကျန်းမာရေးအတွက် ဥတုအပြောင်းအလဲ ပြုလုပ်နိုင်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း ပြောဆိုကာ ရွှန်းမဲလ်အား ပြောင်းရွှေ့ရခြင်း၏ ရည်ရွယ်ရင်းအမှန်ကို ဖုံးကွယ်ရန် ကြိုးစားခဲ့ပေသည်။

စင်စစ် ထိုအစီအစဉ်များမှာ ဟစ်တလာ၏ စိတ်ကူးထဲမှ ရည်ရွယ်ချက်များသာ ဖြစ်သည်။ လက်တွေ့တွင်မူ အောက်တိုဘာလ ၂၄ ရက်နေ့ ရွှန်းမဲလ် ဇင်းမားရင်း ဆေးရုံတွင် တက်နေစဉ်အတွင်း ဟစ်တလာကိုယ်တိုင် ရွှန်းမဲလ်အား ဖုန်းဆက်၍ ပြန်ခေါ်ရလေတော့သည်။

"ရွှန်းမဲလ်၊ မြောက်အာဖရိက အကြောင်းကြားရတဲ့ သတင်းတွေက မကောင်းဘူး၊ အခြေအနေ ဆိုးနေပုံရတယ်။ စကွမ်း ဘာဖြစ်သွားတယ်ဆိုတာလည်း ဘယ်သူမှ အသေအချာ သိပုံမရဘူး၊ မင်းပြန်သွားနိုင်လောက်အောင် နေကောင်းရဲ့လား၊ သွားချင်တဲ့စိတ်ကော ရှိရဲ့လား"ဟူ၍ ဟစ်တ

www.burmeseclassic.com

www.burmeseclassic.com



က မေးလာ၏။

ရွှန်းမဲလ် ဆေးရုံတက်ပြီး ကုသခွင့်ရခဲ့သည်မှာ ရက်သတ္တသုံးပတ်ခန့်မျှသာ ရှိသေး၏။ စင်စစ် ရွှန်းမဲလ်သည် မမာမကျန်းဆဲပင်ရှိသေးပြီး သဲကန္တာရထဲ ပြန်သွားနိုင်လောက်အောင် ကျန်းမာရေးအခြေအနေမှာ ကောင်းလှသည်မဟုတ်ပေ။ သို့သော် ရွှန်းမဲလ်သည် ပေးလာသောအမိန့်ကို ငြင်းဆန်ရန် စိတ်မကူးမိ၊ အချစ်တော် အာဖရိကကိုးအပေါ်တွင်သာ စိတ်ရောက်နေနေ၏။

နောက်တစ်နေ့နံနက်တွင် ရွှန်းမဲလ် လေကြောင်းဖြင့် ခရီးထွက်ခဲ့ပြီး အီတလီတွင် ခေတ္တရပ်နားကာ ရင်းတဲလင်နှင့် တွေ့ဆုံ၍ ဓာတ်ဆီထောက်ပံ့ရေးပြဿနာများ ဆွေးနွေး၏။ ထိုမှတစ်ဖန် ကရိကျွန်းတွင် ခေတ္တဆင်းပြန်ပြီး နောက်ဆုံး မြောက်အာဖရိကဌာနချုပ်သို့ ရောက်ခဲ့လေတော့သည်။

သို့သော် ရွှန်းမဲလ်ရောက်ချိန်တွင် စစ်ပွဲမှာ ရှုံးနေပြီဖြစ်ပေသည်။ "အဲအာလမိန့်တိုက်ပွဲဟာ မတိုက်ခင်ကတည်းက ရှုံးနေတာပါဗျာ၊ ကျုပ်တို့မှာ ဓာတ်ဆီမှမရှိဘဲ"ဟု ဗိုလ်ချုပ်ကရေးမားက ပြော၏။ ရွှန်းမဲလ် ပြန်ရောက်၍ နှစ်ရက်ကြာတွင် ခွင့်မှပြန်ရောက်လာသော ဗိုလ်ချုပ်ဗေယာလိန်ကလည်း ရွှန်းမဲလ် ဘာမှမတတ်နိုင်ရှာတော့ဘူး။ သူ့အရန်တပ်တွေ အကုန်လုံး တိုက်ပွဲဝင်နေပြီးမှ ပြန်ရောက်လာတော့ အခြေအနေ တစ်မျိုးတစ်မည်ပြောင်းလဲနိုင်မယ့် အဆုံးအဖြတ်မျိုးကို မပေးနိုင်တော့ဘူး"ဟု ဆိုခဲ့၏။

ဖြစ်နိုင်စရာ အကြောင်းမရှိသော်လည်း ဖြစ်ခဲ့သော အကြောင်းတစ်ခုမှာ ဂျာမန်စစ်ထောက်လှမ်းရေးအဖွဲ့က ဗြိတိသျှများ အောက်တိုဘာလအတွင်း ထိုးစစ်ဆင်နိုင်သည့် အခြေအနေမျိုး မရှိသေးဟု တစ်ဖက်သတ်ယုံကြည်ခဲ့ခြင်းပင် ဖြစ်သည်။ ဤသို့ ယုံကြည်ရုံတွင်မက ထိုလဦးကပင် တပ်မတော်ဦးစီးဌာနချုပ်မှ အရာရှိတစ်ဦးကို တမင်လွှတ်၍ သတင်းပို့ခိုင်းလိုက်သေး၏။ ထို့ကြောင့်လည်း မောင်ဂိုမာရီ စတိုက်ပြီး ၂၄ နာရီအကြာတွင် ဗိုလ်ချုပ်စတွမ်း နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့ရသည်မှာ အံ့သြစရာမရှိပေ။ (ဗိုလ်ချုပ်စတွမ်း ကွယ်လွန်ပုံမှာ ရန်သူလေကြောင်းမှာ တိုက်ခိုက်စဉ်ဂျစ်ကားပေါ်မှာရှိနေပြီး ယာဉ်မောင်းသူ သတိမပြုမိခင် ကားပေါ်မှ ခုန်ဆင်းသွားခြင်းလော၊ သို့မဟုတ် လိမ့်ကျ ကျန်ရစ်ခြင်းပေလောဟု မပြောနိုင်ပေ။



ကားသာလျှင် ဗိုလ်ချုပ်စတွမ်းမပါဘဲနှင့် ပြန်ရောက်လာပြီး နောင်လိုက်ရှာသောအခါ ဗိုလ်ချုပ်စတွမ်း သေဆုံးနေသည်ကို တွေ့လိုက်ရသည်။) စင်စစ်ဗိုလ်ချုပ်စတွမ်းသည် ရွှန်းမဲလ် အသေးစိတ်ရေးဆွဲထားခဲ့သည် ခံစစ်အစီအစဉ်ကို အကောင်အထည် ဖော်ခဲ့ရခြင်းသာ ဖြစ်၏။

ရွှန်းမဲလ် မြောက်အာဖရိကမှ မထွက်ခွာမီ ခံစစ်အစီအစဉ်အတွက် တပ်အနေအထားနှင့် နေရာချထားမှုမှအစ အသေးစိတ် ရေးဆွဲထားခဲ့ခြင်းကြောင့် ဖြစ်သည်။ ထိုအစီအစဉ်တွင် ရွှန်းမဲလ်သည် တစ်ခါမျှ မကျင့်သုံးခဲ့ဖူးသော နည်းဖြစ်သည့် သံချပ်ကာကားတပ်များ ခွဲဝေသုံးသောနည်းကို အသုံးပြုခဲ့သည်။ အမှတ် ၁၅ ပန်ဇာတပ်မကို မြောက်အစွန်သို့ပို့ပြီး အမှတ် ၂၁ ပန်ဇာတပ်မကို တောင်အစွန်သို့ ပို့ထား၏။ ထိုတပ်များသည် ရန်သူစစ်ကြောင်းနှင့် နီးကပ်နေပြီး အုပ်စုကြီးများသဏ္ဌာန်ဖြင့် ကွဲကွဲပြားပြား ဖြစ်နေကြသည်။ ယင်းသို့ ရွှန်းမဲလ် အစီအစဉ်ရေးဆွဲရခြင်းမှာလည်း အီတာလျံတပ်မများကို စိတ်မချခြင်းကြောင့် ဖြစ်ဟန်ရှိသည်။ ရွှန်းမဲလ် တွေးပူမည်ဆိုလျှင်လည်း ပူစရာပင် ဖြစ်ပါ၏။ ရန်သူများက အဘက်ဘက်မှ အမြောက်အလက်တစ်ထောင်ကျော်ခန့် တရကြမ်း ပစ်ခတ်နေရုံမက လေကြောင်းမှလည်း အဆက်မပြတ် ပစ်ခတ်နေသဖြင့် အီတာလျံများ စစ်တိုက်ခိုက်ချင်သည့်ဆန္ဒများ ကြက်ပျောက်ငှက်ပျောက် ပျောက်ပျက်ကုန်ပြီး အလိုလို သွေးလန့် ကြောက်ဒူးတုန်နေကြ၏။ ဂျာမန် ခြေလျင်တပ်များအား လေထီးတပ်များက ကြားညှပ်ထားခြင်းကြောင့်သာ ထိုမျှအချိန်ကြာအောင် တောင့်ခံနေနိုင်ခြင်း ဖြစ်သည်။ သို့မဟုတ်လျှင်မူ ပြိုကွဲ ကျဆုံးသွားမည် အမှန်ပင်။

ယခုအကြိမ် တိုက်ခိုက်ရသော တိုက်ပွဲတွင် မောင်ဂိုမာရီဘက်မှ အမြောက်အရေအတွက်အရ လည်းကောင်း၊ တင့်ကားအရေအတွက်အရလည်းကောင်း သာလွန်နေပြီး ခဲယမ်းမီးကျောက်ကအစ သာလွန်နေ၏။ ကစ်ဖက်တွင်လည်း အဲလ်အာလာမိန်တိုက်ပွဲသည် စစ်ပစ္စည်း အားကိုးတိုက်ရသော ရှေးရိုးတိုက်ပွဲမျိုးဖြစ်သော်လည်း ပစ္စည်းအားကိုး တိုက်ပွဲသဏ္ဌာန်မှ ဖြကြဉ်လျက် ဉာဏ်ကွန့် အသုံးပြုထားသည့် စနစ်တကျ အပေါ်ယံ အဖုံးအကွယ်ကို အသုံးပြုတိုက်သော တိုက်ပွဲသဏ္ဌာန်သို့ ကူးပြောင်းခဲ့၏။ ဤသည်မှာ မောင်ဂိုမာရီသည် တောင်ဘက်တွင် တိုက်ယောင်ပြထားပြီး

www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်မှ တိုက်ခိုက်မည့် ပင်မထိုးဖောက်မှု အစီအစဉ်များကို ရန်သူ တစိုးတစိမျှ မသိရလေအောင် ဖုံးကွယ်ထား၏။*

တစ်ချိန်တည်းမှာပင် တိုက်ယောင်ပြထားသော တောင်ဘက်တွင်လည်း ပြင်ဆင်ဆဲကာလတွင် ရှိနေသေးဟန် (တစ်နည်း) ရုတ်တရက် တိုက်နိုင်လောက်သည့် အခြေအနေမျိုးတွင် မရှိသေးဟန် ပြထား၏။ ထို့တွင်မက အခြားအပြင်အဆင်များဖြစ်သည့် ပင်မထိုးဖောက်မှုပြုလုပ်မည့် တစ်ဆင့်ခုန်စခန်း၌ ရာပေါင်းများစွာသော တင့်ကားအစစ်များကို တင့်ကားအတုများအောက်တွင် ဖုံးကွယ်ထား၏။ ရှေ့တန်း အမြောက်ဆင်မည့်နေရာများတွင် ကုန်တင်ကား အတုမျိုးစုံလာချထားလိုက်ပြီး ညအခါတွင် အမြောက်များကို နောက်ပိုင်းမှ တိတ်တဆိတ်ရွှေ့ပြောင်းခဲ့ပြီး ထိုကုန်တင်ကားများအောက်တွင် ဝှက်ထား၏။ *နောက်ပိုင်းမှ ရှေ့တန်းသို့ ရွှေ့ပြောင်းလိုက်သော တင့်ကားများနှင့် အမြောက်များနေရာတွင်လည်း အတုများဖြင့် ထပ်မံအစားထိုးလိုက်ပြန်၏။ တိုက်ယောင်ပြထားသော တောင်ဘက်တွင် ပိုက်လိုင်းများချနေဟန်၊ ရိက္ခာဂိုဒေါင်ကြီးများ တည်ဆောက်နေဟန်ပြထားပြီး ထိုအလုပ်များကိုလည်း အချိန်ဆွဲ၍ လုပ်၏။ ထိုအတုအယောင် အစီအမံများဖြင့် ဂျာမန်များအား မည်မျှ မျက်စိလည်အောင် လှည့်စားနိုင်ခဲ့သနည်းဟူမူ ဂျာမန် စစ်အာဏာပိုင်များက ရန်သူ တိုက်စစ်စမည့်နေ့ကိုလည်းကောင်း၊ အဓိကတိုက်မည့် နေရာကိုလည်းကောင်း လုံးဝ သိရှိခဲ့ခြင်း မရှိအောင် ဖုံးကွယ်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ထို့ပြင်မက အမြောက် အလက် ၂၄၀ နှင့် တင့်ကားစင်းရေ ၁၅၀ အင်အားရှိသည့် နောက်ဆုံးရောက်ရှိလာသော တပ်မ နှစ်တပ်နှင့် ဓာတ်ဆီတန်ချိန် ၇၅၀၀ ကိုလည်း ဂျာမန်များမသိအောင် ပိပိရိရိ ဖုံးကွယ်နိုင်ခဲ့သည်။

"Dအပေါင်း ၃ ရက်နေ့ကျမှပဲ ကျုပ်တို့ တကယ်တိုက်မယ့်နေရာ

* BOOK....THE FATAL DECISIONS
Edited by
RICHARDSON and FREIDIN ARTICLE....EL ALAMEIN
by
Lieutenant-General
FRITZ BAYETLEIN မှ ထုတ်နုတ်ပြန်ဆိုသည်။



ကို ရန်သူက အင်အားရှိသမျှ စုပြုံပြီး မြားဦးပြလာတော့တယ်" စစ်သူကြီးအဲလစ်ဖန်းဒါးက ဂျာမန်များ လှည့်စားခံရသည်နှင့် ပတ်သက်၍ အထက်ပါအတိုင်း မှတ်ချက်ချဖူး၏။ (Dအပေါင်း ၃ ရက်ဆိုသည်မှာ အောက်တိုဘာလ ၂၆ ရက်နေ့ကို ဆိုလိုခြင်းဖြစ်ပြီး ထိုနေ့သည် ရွှန်းမဲလ် မြောက်အာဖရိကသို့ ရောက်ရှိလာပြီး တာဝန်လွှဲပြောင်းယူသောနေ့လည်း ဖြစ်သည်) စဉ်းစားစရာတစ်ချက်မှာ ရွှန်းမဲလ်သည် အောက်တိုဘာလ တစ်လလုံး မြောက်အာဖရိကတွင် ရှိနေလျှင် ဂျာမန်တပ်များ ဤမျှအထိ လှည့်စားခံရပါမည်လောဟူသော အချက်ပင် ဖြစ်သည်။ စစ်ထောက်လှမ်းရေးဌာနမှ ပေးပို့သော သတင်းများကိုလည်း ယုံယုံကြည်ကြည် လက်ခံလိမ့်မည် မဟုတ်သည်မှာ သေချာလှ၏။ အဘယ့်ကြောင့်ဟူမူ ရွှန်းမဲလ်သည် စစ်ထောက်လှမ်းရေးဌာနအား တစ်ခါဖူးမျှပင် အထင်ကြီးခဲ့ခြင်း မရှိသောကြောင့်ပင် ဖြစ်ပါ၏။

ရွှန်းမဲလ်သည် ဗေယာလိန်တစ်ဦးတည်းကိုသာ စစ်ရှုံးနေပြီဖြစ်ကြောင်း ဝန်ခံခဲ့၏။ သို့သော် ယင်းဝန်ခံချက်သည် ရွှန်းမဲလ်အား မတိုက်မီကပင် ရှုံးနိမ့်နေပြီဖြစ်သော စစ်ပွဲကို အဖတ်ဆယ်ရန် အစွမ်းကုန် ကြိုးစားနေမှုကိုမူ တားဆီးနိုင်ခဲ့သည် မဟုတ်ပါပေ။ မြောက်ဘက်တွင် အမှတ် ၁၅ ပန်ဇာတပ်မသည် အင်အားကောင်းမွန်လှသော ဗြိတိသျှ အမှတ် ၁၀ သံချပ်ကာ ကားတပ်မကြီး၏ စိတ်တိုင်းကျ ချေမှုန်းခြင်းကို အလူးအလဲ ခံနေရ၏။ ရွှန်းမဲလ်သည် အစုအစည်းပြေပြီး အသက်မသေ ကျန်ရှိနေသူများကို စုပေါင်းလိုက်ကာ အမှတ် ၂ ပန်ဇာတပ်မကို တောင်ဘက်မှမြောက်ဘက်သို့ အပြင်းချီစေ၏။ တစ်ဖန် အမှတ် ၉၀ အပေါ့စား မော်တော်ယာဉ်သုံးတပ်မကိုလည်း ရှေ့တန်းသို့ မောင်းတင်ထားပြီး ထိုးစစ်ဆင်ရန် ပြင်ဆင်လိုက်၏။ ဤပြင်ဆင်မှုများမှာ ရွှန်းမဲလ် မြောက်အာဖရိကသို့ရောက်ရှိပြီး နာရီပိုင်းအတွင်း ပြင်ဆင်လိုက်ခြင်းပင်ဖြစ်ပြီး မှန်ကန်သော အမှတ်ကိုလည်း ရုတ်ခြည်း သုံးသပ်နိုင်ခဲ့ခြင်းပင် ဖြစ်၏။ လွန်ခဲ့သော နှစ်ရက်က ရွှန်းမဲလ်သည် ဇင်းမာရင်းဆေးရုံ ခုတင်ပေါ်တွင် လဲလျောင်းနေခဲ့၏။ ယနေ့ညနေတွင်မူ ရွှန်းမဲလ်သည် နေကိုကျောပေးလျက် တင့်ကားအလုံးအရင်းနှင့် တိုက်စစ်ဆင်ရန် တိုက်ရည်ခိုက်ရည်တွင် စိတ်ချရသော နောက်ပါးစေ

www.burmeseclassic.com

www.burmeseclassic.com



တပ်မ နှစ်တပ်ကို ဦးဆောင်ချီတက်လျက် ရှိနေပေပြီ။ ရွှန်းမဲလ်သည် ချီရာ တစ်လျှောက် မြေပြင်လက္ခဏာ ပထဝီအနေအထား အားလုံးကို ခြုံငုံကျွမ်းကျင်ထားပြီး ဖြစ်၏။ မြောက်အာဖရိကအလာ လေယာဉ်ပေါ်တွင်လည်း ရှိသမျှအချိန်အတွင်း မည်သို့သော စစ်ဆင်ရေးကို အသုံးပြုရမည်ဟု စဉ်းစားတွေးထားခဲ့ပြီး ဖြစ်၏။ မည်သို့ပင်ဖြစ်စေ ရွှန်းမဲလ်၏ အားထုတ်မှုမှာ ရဲပုံသော အားထုတ်မှုဖြစ်သကဲ့သို့ ရွှန်းမဲလ်၏ စစ်ရေးသုံးသပ်ချက်မှာလည်း မြန်ဆန်လှသော စစ်ရေးသုံးသပ်ချက်ပင် ဖြစ်သည်။

ရွှန်းမဲလ်၏ တိုက်စစ်သည် ရန်သူ့လေကြောင်း ဗုံးကြဲတိုက်ခိုက်မှုနှင့် အမြောက်ဒဏ်များကြောင့် လက်ကုပ်မမြဲမီ ခြေကုပ်မရမီ ပြိုကွဲသွား၏။ နောက်တစ်နေ့တွင် တိုက်ပွဲအသစ် ထပ်ဆင်ပြန်ရာ အမှတ် ၂ ရိုင်ဖယ်တပ်ပေါင်းနှင့် ဩစတြေးလျ တပ်ပေါင်းကတိုက်ခိုက်သဖြင့် ရွှန်းမဲလ်တပ်များ တပ်လန်ကျသွားခဲ့ရ ပြန်လေသည်။ ထိုတိုက်ပွဲနှစ်ပွဲတွင် ရွှန်းမဲလ် တင့်ကား အဆုံးအရှုံးသည် အစားထိုးရန် မျှော်လင့်ချက်မရှိလောက် အောင် အဆုံးအရှုံးများပြားလှ၏။ ထို့နောက် ရန်သူများက အမှတ် ၉ ဩစတြေးလျတပ်မနှင့် မြောက်ဘက်သို့ အဓိကထိုးဖောက်မှု ပြုလုပ်သောအခါတွင်မူ အပြင်းအထန် အကြမ်းတမ်းဆုံး တိုက်ပွဲများ ဆက်လက်ဖြစ်ပွားပြီး ဂျာမန်တပ်များကိုလည်း စိတ်ကြိုက်ဖော့၍ ခြွေသွားခဲ့လေသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီသည် တိုက်နေသော စစ်ဦးကို နေရာ ရွှေ့ပြောင်းလိုက်ပြန်ကာ နိုဝင်ဘာလ ၂ ရက်နေ့ အရုဏ်တက်ချိန်တွင် အီတာလျံတပ်များနှင့် ဂျာမန်တပ်များဆုံရာ တောင်ဘက်ဖျားသို့ မြားဦးလှည့်၍ တိုက်ခိုက်ပြန်လေသည်။ ခြေလျင်တပ်များက ကိုက် ၄၀၀၀ အလျားရှိသော စစ်မျက်နှာကို ထိုးထွင်းဝင်ရောက်သွားပြီး သံချပ်ကာကားများ ဝင်လာနိုင်ရန် လမ်းထွင်ပေးလိုက်သည်။

သို့သော် လွယ်လွယ်ကူကူ လမ်းထွင်နိုင်ခဲ့ခြင်းကား မဟုတ်ပါပေ၊ ဗြိတိသျှ သံချပ်ကာကားတပ်များ ဖြစ်ရိုးဖြစ်စဉ်အတိုင်း ရွှန်းမဲလ်၏ တင့်ကားဖျက်အမြောက်များ၏ ကျည်ကန့်လန့်ကား စက်ကွင်းထဲသို့ ကျရောက်သွားမိသဖြင့် အမှတ် ၉ သံချပ်ကာကား တပ်ပေါင်းမှာ တင့်ကား ၈၇ စင်း ဆုံးရှုံးလိုက်ရသည်။ ထိုထွင်ထားသော မလွယ်ပေါက်အတိုင်း ဆက်ဝင်လာ



သည့် ဗြိတိသျှ အမှတ် ၁ သံချပ်ကာကား တပ်မများကိုမူ အမှတ် ၂၁ ပန်ဇာတပ်မက ဆီးကြိုထားလိုက်၏။ ရန်သူဟာ သူ့သေရေး ရှင်ရေး ဒီတိုက်ပွဲပေါ်မှာ အခြေတည်နေတယ်ဆိုတဲ့ အသိနဲ့ လပေါင်းများစွာ လေ့ကျင့်တွေ့ကြုံလာခဲ့တဲ့ သံချပ်ကာကား တိုက်နည်းတွေကို အိတ်သွန်ဖာမှောက် သုံးပြီး တိုက်သွားတာပါပဲ။ တစ်ကြိမ်မှာ ကျုပ်တို့တပ်တွေကို ထိုးဖောက်ဖြတ်ထွက်မိမတတ် ဖြစ်သွားခဲ့ရတယ်။ ဤကား ဗြိတိသျှတို့ဘက်က ပြောပြချက်ပင်တည်း။

မောင်ဂိုမာရီ၏ စစ်ဆင်ရေးမှာ နိဂုံး၏အစသို့ပင် ရောက်ရှိခဲ့လေပြီ။ ရွှန်းမဲလ်သည် ထိုညဉ့်တွင်ပင် ဆုတ်ခွာရန် ဆုံးဖြတ်လိုက်သည်။ သူ့တွင် ကျန်ရှိသေးသော သယ်ယူပို့ဆောင်ရေးယာဉ်များ၏ အရေအတွက် အရ ဂျာမန်များကို တစ်ယောက်မကျန် သယ်ထုတ်လိုက ထုတ်နိုင်သော အခြေအနေတွင် ရှိသေး၏။ ထိုသို့ ဂျာမန်များကိုသာလျှင် ရွေးချယ်တင်ဆောင်သွားလျှင် အီတာလျံများက ခြေလျင်ဆုတ်ခွာရမည် ဖြစ်သည်။ တစ်ဖက်တွင်လည်း အီတာလျံအများအပြားက ခရီးရှည် ခြေလျင်ဆုတ်ခွာရင်း ဘုရင့်လေတပ်မတော်၏ လေကြောင်းတိုက်ခိုက်မှုကို ခံခြင်းထက် အေးအေးလူလူ လက်နက်ချအညံ့ခံပြီး နေရစ်လိုသောဆန္ဒများ ပြင်းပြနေကြပေတော့သည်။

နိုဝင်ဘာလ ၃ ရက် တပ်များဆုတ်စပြုသောအခါတွင်မူ ဂျာမန်တပ်မတော်ဦးစီးအဖွဲ့မှ အမိန့်စာတစ်စောင် ရောက်ရှိလာလေတော့၏။ ထိုအမိန့်ထဲတွင် "အဲလ်အာလမိန်ကို နောက်ဆုံး တစ်ယောက်ကျန်သည်အထိ ထိန်းသိမ်းထားရမည်၊ တစ်မီလီမီတာမျှပင် ဆုတ်ခွာခြင်း မရှိစေရ"ဟု ပါရှိပြီး စာအဆုံးတွင် အဒေါ့(ဖ်)ဟစ်တလာဟု လက်မှတ်ရေးထိုးထား၏။

"ကျုပ်တို့ လောလောဆယ်လိုနေတာက အမြောက်တွေ၊ ဓာတ်ဆီတွေ၊ လေယာဉ်ပျံတွေပဲ ဖြစ်တယ်။ ကျုပ်တို့ လောလောဆယ်မလိုတာက မရမနေ ထိန်းသိမ်းထားရမယ်ဆိုတဲ့ အမိန့်တွေပဲ"ဟူ၍ ရွှန်းမဲလ်က ၎င်း၏ မှတ်တမ်းတွင် ရေးထိုးခဲ့လေသည်။

ရွှန်းမဲလ်သည် ထိုအမိန့်စာကြောင့် ပါးရိုက်ခံလိုက်ရသည့်အလား နှာကျင်သွားခဲ့လေသည်။ အာဖရိကစစ်ပွဲ စတိုက်သည်မှ ယခု နောက်ဆုံးအချိန်အထိ မဖြစ်ဖူးသော ချီတုံ ချတုံဖြစ်မှုများ ဖြစ်ခဲ့ရ၏။ မည်သို့ ဆုံးဖြတ်ရ

www.burmeseclassic.com

www.burmeseclassic.com



မည်ကို ရုတ်ခြည်းမဝေခွဲနိုင် ခေတ္တတွေဝေခဲ့ရ၏။

နောက်ဆုံးတွင်မူ ရွှန်းမဲလ်သည် ရောက်လာသောအမိန့်ကို နာခံရန် ယတိပြတ် ဆုံးဖြတ်နိုင်ခဲ့လေတော့သည်။ ထိုဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး ရွှန်းမဲလ်၏ မှတ်တမ်းတွင် ဤသို့တွေ့ရ၏။

"ကျုပ်သည် တပ်သားများထံမှ ကျုပ်ပေးသောအမိန့်ကို ခြွင်းချက်မရှိ နာခံရန် အမြဲတမ်း တောင်းဆိုခဲ့၏၊ ထို့ကြောင့် ကျွန်ုပ်ကိုယ်တိုင် ထိုမူကို ကျင့်သုံးရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်"

ရွှန်းမဲလ်သည် ဗေယာလိန်၏ အကြံပေးချက်ကို ဆန့်ကျင်လျက် ဟစ်တလာအမိန့်စာကို တပ်များသို့ ဖြန့်ဝေလိုက်သည်။ အာဖရိကကိုး ဦးစီးဖြစ်သော ဗွန်သော်မာက ဖူကာနှင့်ဘာဒါအထိ ဆုတ်ခွာခွင့်ပြုရန် စတင်အမိန့်ခံလာ၏။ ရွှန်းမဲလ်က ငြင်းဆန်လိုက်သည်။ သို့သော် ဗွန်သော်မာက ဖူကာနှင့် ဘာဒါသို့ တပ်များကို ညဥ့်အချိန်တွင် ဆုတ်သွား၏။ ရွှန်းမဲလ်ကလည်း ဗွန်သော်မာ၏ အပြုအမူကို ခေတ္တအကန်းဟန်ဆောင်၍ မမြင်ဟန်ပြုလိုက်သည်။

ယခုအချိန်တွင်မူ ရွှန်းမဲလ်သည် ကျန်းမာရေး အခြေအနေကလည်း မကောင်း၊ စစ်ရေးများကလည်း ရှုံးနိမ့်နေသဖြင့် စိတ်ပန်းလူပန်း ဖြစ်နေပြီး သူ့ ဦးစီးများကလည်း ရွှန်းမဲလ်အား ခါတိုင်း ဆက်ဆံရခက်ခဲခြင်းမျိုးထက် လွန်ကဲ၍ အဆက်ဆံရ ခက်လာသည်ကို တွေ့နေရသည်။ သို့စင်လျက် ရွှန်းမဲလ်သည် စိတ်နွမ်းကိုယ်ပန်းနေရသည့် ကြားမှပင် ဆုတ်ခွာမှုကြီးကို ကျွမ်းကျွမ်းကျင်ကျင် ဆုတ်ခွာနိုင်ခဲ့လေသည်။ ဤအကြိမ် ဆုတ်ခွာရခြင်းသည် ယခင် ဆုတ်ခွာခြင်းမျိုးကဲ့သို့ နောက်မှ တိုက်ခိုက်လိုက်လာသော ရန်သူများအား နောက်တုံ့ပြန် အနိုင်ယူရန် လမ်းမရှိသော ဆုတ်ခွာခြင်းမျိုးဖြစ်ပါ၏။

ရွှန်းမဲလ်သည် နောက်ဆုံးကျန်ရှိသော တပ်များအားလုံးကို စုစုပေါင်းမှ တပ်မတစ်တပ်ဖြစ်ရန် အနိုင်နိုင် စုစည်းရမည့် အခြေအနေသို့ ရောက်ရှိနေပေပြီ။ ရန်သူ ၆၀၀ မျှသော အရေအတွက်ရှိသည့် တင့်ကားများကို ရင်ဆိုင်ရန် သူ့တွင် တင့်ကားစင်းရေ ၈၀ သာ ရှိတော့၏။ မည်သို့ပင်ဖြစ်စေ သူ့တာဝန်မှာ အပျက်အစီးကြားမှ ရသမျှ အဖတ်ဆယ်ရမည်သာ



ဖြစ်သည်။ သဘော်ပျက်ကို ဆန်ဆေးပလုံးနှင့်ဆယ်သည်ဟုဆိုစေ တင့်ကားတစ်စင်း ကယ်တင်နိုင်လိုက်လျှင်ပင် ကံကောင်းသည်ဟု ဆိုရမည့်အခါမျိုးဖြစ်သည်။

နိုဝင်ဘာလ ၆ ရက်နေ့ ညဥ့်တွင် သဲကန္တာရကြီးအား ရွှံ့ညွန်အိုင်ကြီးသဖွယ် ပြောင်းလဲစေပြီး ရွှန်းမဲလ်၏တပ်များအား ဖြတ်တောက်တိုက်ခိုက်ရန် လိုက်လာသော ဗြိတိသျှတပ်များ မရွေ့လျားနိုင်အောင် ဟန့်တားလိုက်သည့်မိုးကြီး ထိုနေ့က မရွာသွန်းခဲ့လျှင်မူ ရွှန်းမဲလ်တပ်များ မာတရုသ်တွင်ပင် အပိုင်းခံလိုက်ရမည်မှာ သေချာလှပါ၏။

ထိုစဉ်ကသာ ဘုရင့်လေတပ်မတော်က နောင်တွင် တတ်ကျွမ်းခဲ့သည့် မြေပြင်ပေါ်သို့ စက်သေနတ်ဖြင့် အနီးကပ် တိုက်ခိုက်သောနည်းကို အသုံးပြုနိုင်ခဲ့လျှင် ရွှန်းမဲလ် ထိုမျှခရီးပေါက်အောင် ဆုတ်ခွာနိုင်ခဲ့မည်လည်း မဟုတ်ပေ။ အကယ်၍သာ မောင်ဂိုမာရီသည် ဗမာပြည်တွင် ဗိုလ်ချုပ်စလင်းကတွင်အသုံးပြုခဲ့သော လေကြောင်းသယ်ယူပို့ဆောင်ရေးနည်းကို အသုံးပြုနိုင်၍ စစ်ပစ္စည်း အပြည့်အစုံ တပ်ဆင်ထားသည့် လေထီးတပ်များကို ဆုတ်ခွာနေသော ရွှန်းမဲလ်၏ တပ်နောက်ပိုင်းမှ ချပေးနိုင်လျှင်လည်း ရွှန်းမဲလ်ဆုတ်ခွာမှုမှာ ထိုမျှအောင်မြင်နိုင်မည် မဟုတ်ပေ။

ဗိုလ်ချုပ် မောင်ဂိုမာရီအား နှစ်ဖက်စလုံးက "သတိအထားလွန်သူ" ဟု ဝေဖန်ပြောဆိုကြ၏။ "ဗိုလ်ချုပ်ပက်တန်သာဆိုရင် ကျုပ်တို့ကို ဒီလောက်လွယ်လွယ်ကူကူနဲ့ လွတ်ပေးမှာမဟုတ်ဘူး"ဟု နောင်တွင် ပြင်သစ်ပြည်၌တိုက်ခိုက်ခဲ့ရသော ဗိုလ်ချုပ် ဗေလာလိန်က ဗိုလ်ချုပ်ပက်တန်ကို ဗိုလ်ချုပ်ဝှိဒ်ရီးယန်းနှင့် နှိုင်းယှဥ်၍လည်းကောင်း၊ မောင်ဂိုမာရီကို ဗွန်းရန်းစတက်နှင့် နှိုင်းယှဥ်၍လည်းကောင်း ဝေဖန်ပြောဆိုခဲ့ဖူးလေသည်။ "မြောက်အာဖရိကမှာ ရွှန်းမဲလ် အကောင်းဆုံး လုပ်ခဲ့တာကတော့ အဲဒီဆုတ်ခွာမှုကြီးပဲ ဖြစ်ပါတယ်" ဟူ၍လည်း ဗေယာလိန်က ဖြည့်စွက်ပြောဆိုခဲ့၏။ သို့သော် အမှတ် ၈ တပ်မတော်က ၁၇ ရက်အတွင်း အဲလ်အာလမိန်မှ ဘင်ဂါဇီမြို့အထိ မိုင်ပေါင်း ၇၀၀ ချီတက်ခဲ့ပြီး ရွှန်းမဲလ်ကလည်း ဤတစ်ကြိမ်တွင် အဲလ်အဂေးလားတွင် မစစ်ပြုခွင့်မရခဲ့သဖြင့် တပ်မှူးနှစ်ဦးစလုံးကို ဝေဖန်ပြောဆိုရန် မလွယ်ကူပေ။

www.burmeseclassic.com

www.burmeseclassic.com



နို၀င်ဘာလ ၈ ရက်နေ့တွင် မဟာမိတ်တပ်များ မြောက်အာဖရိက ကမ်းခြေပေါ် တက်နိုင်ခဲ့သဖြင့် ထရစ်ပိုလီမြို့မှာ အရေးပါအရာရောက်သော မြို့တစ်မြို့အဖြစ်မှ ချက်ချင်း အရေးမပါသော မြို့တစ်မြို့အဖြစ်သို့ လျောကျသွားလေတော့သည်။

"ယခုတိုင် တောင်းထားသော တပ်ကူများ ရွန်းမဲလ်ထံ ရောက်မလာသေး၊ သို့သော် တူနစ်စီးယားသို့ လေကြောင်းမှလည်းကောင်း၊ ရေကြောင်းမှလည်းကောင်း ဂျာမန်တပ်သစ်များ ၀င်လာမစဲ တသဲသဲ ဖြစ်နေ၏။ ထိုတပ်သစ်များ ရောက်ရှိလာခြင်းမှာ နောက် ၆ လအတွင်း ရန်သူ့လက်ထဲ သုံ့ပန်းအဖြစ် ကျရောက်ရန် ဂျာမန်စစ်ဦးစီးအဖွဲ့က ပို့လိုက်ခြင်း ဖြစ်သည်ဟူ၍သာ ဆိုရပေတော့မည်။ စစ်ဦးစီးအဖွဲ့က ရွန်းမဲလ်အား တိုက်ခဲ့သမျှ ဆေးခါးများထဲတွင် နောက်ဆုံး ရွန်းမဲလ်သောက်လိုက်ရသော ဆေးခါးမှာ အခါးသီးဆုံး ဖြစ်ပေမည်။

အဘယ်ကြောင့်ဆိုသော် ဂျာမန် စစ်ဦးစီးအဖွဲ့သည် တကယ်လိုအပ်သောအချိန်တွင် အကူအညီပေးရန် မည်မျှပျက်ကွက်ခဲ့ပြီး မလိုသောအချိန်တွင် မည်မျှအထိ စွမ်းစွမ်းတမံ အကူအညီပေးနိုင်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။ နို၀င်ဘာလထဲတွင် လေကြောင်းချီ တပ်မနှစ်တပ်နှင့် အင်ဂျင်နီယာတပ်ရင်းတစ်တပ် လေကြောင်းဖြင့် ၀င်ရောက်လာ၏။ ထိုတပ်များနောက်မှ ဆက်တိုက်ရောက်ရှိလာသော တပ်များမှာ ခြေလျင်တပ်၊ တင့်ကားတပ်၊ အမြောက်တပ်၊ သောင်းပြောင်းထွေလာ တပ်မတစ်တပ်စာ ဖြစ်၏။ ဒီဇင်ဘာလလယ်တွင် အမှတ် ၁၀ ပန်ဇာတပ်မ ရောက်ရှိလာပြန်၏။

လကုန်ပိုင်းတွင် အမှတ် ၃၃၄ ခြေလျင်တပ်မတစ်တပ် ထပ်မံရောက်ရှိလာပြန်ပြီး ကရိကျွန်းမှလည်း တပ်မတစ်တပ်ကို ပြောင်းရွှေ့ခေါ်ယူလိုက်ပြန်၏။ ရွန်းမဲလ်အား ဟစ်တလာ ကတိပြုခဲ့ဖူးသည့် 'ကျား' တင့်ကားတပ်ရင်းလည်း ရောက်ရှိလာ၏။ ဂိုရင်း၏ လက်ရွေးစင်တပ်မကလည်း လမ်းတစ်ဝက်တွင် ရောက်ရှိနေလေပြီ။ ယင်းသို့ဖြင့် ဂျာမန်တပ်ရင်းများအပြင် အီတာလျံ တပ်ပေါင်းများစွာကို ပို့နေရာ မဟာမိတ်သုံ့ပန်း စခန်းကြီးများ ချဲ့၍မဆုံး ဖြစ်စေလေတော့သည်။ ထိုတပ် အင်အားတစ်ဝက်မျှသာ လွှန်ခဲ့



သော ၆ လက ရွန်းမဲလ် ရရှိခဲ့လျှင်မူ ကမ္ဘာကိုပင် ခါးစောင်းတင်ခဲ့မည်မှာ သံသယဖြစ်ဖွယ် မလိုပြီ။

ထို့ကြောင့် ရွန်းမဲလ်၏ တပ်ဆုတ်ပုံကိုလည်းကောင်း၊ အမှတ် ၈ တပ်မတော်၏ စစ်ချီပုံကိုလည်းကောင်း ထက်ကြပ်မကွာ လိုက်လံကြည့်ရှုခြင်းဖြင့် မည်သို့မျှ အကျိုးထူးဖွယ် မမြင်ပြီ။ ရွန်းမဲလ်သည် အီတာလျံတပ်သား ၂၅၀၀၀၊ ဂျာမန်တပ်သား ၁၀၀၀၀ နှင့် တင့်ကားစင်းရေ ၆၀ ဖြင့် ဖြည်းဖြည်းမှန်မှန် ဆုတ်ခွာခဲ့၏။ ဆုတ်ခွာရာလမ်းတစ်လျှောက် မြေမြှုပ်ဗုံးများ ထောင်ခြင်း၊ လမ်းများဖျက်ဆီးခြင်း၊ ထောင်မိုင်းများဆင်ခြင်း စသည့် ရန်သူကို အဟန့်အတားဖြစ်စေမည့် လုပ်ငန်းများကို တွင်တွင်ကျယ်ကျယ်နှင့် ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုသွားခဲ့၏။ ယခုအကြိမ် ဆုတ်ခွာရာတွင် အီတာလျံတပ်များကို ရှေ့တင်၍ ဆုတ်ခွာခဲ့သဖြင့် ဂျာမန် နောက်ရံတပ်များမှာ မကြာခဏ ပြင်းပြင်းထန်ထန် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ပေးနေရ၏။ ခြေကုပ်ယူ၍ ရန်သူများကို ခံစစ်ပြုရန် စခန်းကောင်းများ တွေ့ရှိခဲ့သော်လည်း ထိုစခန်းများကို ထိန်းသိမ်းနိုင်ရန် လူအင်အားမရှိသဖြင့် လက်လွှတ်ခဲ့ရသည်။

ထိုသို့ဖြင့် ဗြိတိသျှတပ်များ ထရစ်ပိုလီမြို့ကို အလွယ်တကူ သိမ်းပိုက်သွားနိုင်ခဲ့လေတော့သည်။ သို့သော် လုံး၀ အခုအခံမပြုဘဲ လက်လွှတ်လိုက်သည်ကားမဟုတ်၊ ရွန်းမဲလ်၏ အမှတ် ၉၀ အပေါ့စား မော်တော်ယာဉ်သုံးတပ်မက ထရစ်ပိုလီမြို့ပြင်ထွက်၍ အလုံးအရင်းနှင့် ချီတက်လာသော ရန်သူကို အနှောင့်အယှက် ပေးခဲ့သေး၏။ ထိုသို့ စွန့်စွန့်စားစား တစ်တပ်တည်းထွက်၍ သတ္တိပြခဲ့သော တပ်မကို စိန့်ဗေလာရီတွင် ရွန်းမဲလ်၏ လက်ျာ အမိခံခဲ့ရဖူးသော အမှတ် ၅၁ ဟိုင်းလင်းတပ်မက ရှေ့ချီ တင့်ကားများနောက်မှ လိုက်ဝင်လာပြီး တိုက်ထုတ်လိုက်သည်။

တပ်များ၏ စွမ်းရည်နှင့် တပ်မှူး၏စွမ်းရည်ကို စမ်းသပ်ရာတွင် ရေရှည်ဆုတ်ခွာမှုကြီးနှင့် စမ်းသပ်ခြင်းထက် ကြီးကျယ်ခက်ခဲသော စမ်းသပ်မှုများ ရှိနိုင်မည်မထင်ပေ။ တိုက်ခိုက်နေရခြင်းမှာလည်း ရန်သူကို အနိုင်ရရန် တိုက်ခိုက်နေရခြင်း မဟုတ်မူဘဲ ဆုတ်ခွာနိုင်ရုံလောက်ကိုပင် အသေအလဲ တိုက်ခိုက်နေရသည် ဟူသည့်အသိနှင့် တိုက်ခိုက်ရခြင်းလောက် စိတ်ဓာတ်ပျက်စရာကောင်းသော အလုပ်လည်း ရှိမည်မထင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ယခုအကြိမ်တွင် ရွှန်းမဲလ်သည် စိတ်နှမ်းကိုယ်ပန်း ဖြစ်လျက်ရှိနေပြီး ဟာစ်တလာ့အပေါ် သစ္စာစောင့်သိရိုသေခဲ့ခြင်းကြောင့် မည်သို့သောဆုလာဘ်မျိုးကို ရရှိခဲ့ရပြီဖြစ်ကြောင်းကိုလည်း နားလည်သဘောပေါက်စပြုလာပေပြီ။

သို့နှင့် နိုဝင်ဘာလအကုန်တွင် ဟာစ်တလာက ရွှန်းမဲလ်အား ဂျာမနီသို့ပြန်ခေါ်လိုက်သည်။ ဟာစ်တလာသည် ရွှန်းမဲလ်အား ပထမဦးဆုံးအကြိမ် ဒည့်ဝတ်ကျေပွန်စွာ ပြုစုလိုက်သည်။ ဟာစ်တလာအား မြောက်အာဖရိကအခြေအနေမှာ မျှော်လင့်စရာ မရှိတော့ကြောင်း၊ ထို့ကြောင့် မြောက်အာဖရိကတွင် ကျန်ရှိနေသော စစ်ပစ္စည်းများကို စွန့်လွှတ်လျက် အာဖရိကကိုးကိုပြန်ထုတ်ကာ အီတလီမှ ပြန်တိုက်စေသင့်ကြောင်း အကြံပေးပြောဆို၏။ ရွှန်းမဲလ်၏ အကြံပေးချက်ကို ဟာစ်တလာက လက်မခံရုံမျှမက ရွှန်းမဲလ်အားရှုံးစိတ်ပေါက်နေသူဖြစ်ကြောင်းနှင့် ရွှန်းမဲလ်၏ တပ်များမှာလည်း သူရဲဘောကြောင်သူများသာဖြစ်ကြောင်း စွပ်စွဲပြောဆိုလိုက်သည်။ ဟာစ်တလာကဆက်လက်၍ ရွှန်းမဲလ် ပြောနည်းမျိုး ပြောခဲ့ဖူးသော ဗိုလ်ချုပ်များကို ရုရှားစစ်မျက်နှာတွင် နံရံကပ်ပြီး ပစ်သတ်ခဲ့ဖူးပြီဖြစ်ကြောင်း၊ ယခုအကြိမ် ခွင့်လွှတ်လိုက်မည်ဖြစ်သော်လည်း နောင်တွင် အထူးဆင်ခြင်သင့်ကြောင်း ကြိမ်းမောင်းလိုက်ပြီး ထရစ်ပိုလီကို ဖြစ်သည့်နည်းနှင့် ထိန်းသိမ်းရမည်။ ဤသို့ မထိန်းသိမ်းနိုင်လျှင် အီတလီက မဟာမိတ်များနှင့် သီးခြားစေ့စပ်ရေး ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောဆိုပြန်၏။ ရွှန်းမဲလ်က ဟာစ်တလာအား အာဖရိကကိုးကို အဆုံးခံသင့်သလော၊ သို့မဟုတ် ထရစ်ပိုလီကို အဆုံးခံသင့်သလောဟူ၍ မေးခွန်းထုတ်လိုက်ရာ ဟာစ်တလာက အာဖရိကကိုးက အရေးမကြီးကြောင်း အော်ဟစ်ပြောဆိုလိုက်သည်။ ထို့ကြောင့်လည်း ရွှန်းမဲလ်သည် ပထမဦးဆုံးအကြိမ် သူ့မိသားစုအား ဟာစ်တလာသည် ဂျာမန်တစ်မျိုးသားလုံးအပေါ်တွင် စက်ဆုပ်နေသူဖြစ်ပြီး သူ့အတွက် အသက်ပေး တိုက်ခိုက်နေသူများကိုပင် ဂရုစိုက်ရမှန်း သိသူမဟုတ်ကြောင်း သဘောပေါက်လာပြီဟူ၍ ပြောဆိုခဲ့ခြင်း ဖြစ်သည်။ ရွှန်းမဲလ်သည် ဟာစ်တလာကိုလည်း မြောက်အာဖရိကသို့ ကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း၊ သို့မဟုတ် ၎င်း၏အိမ်တော်ပါများကို မြောက်အာဖရိကသို့ စေလွှတ်၍ မိမိနှင့် အာဖရိကကိုး



အား မည်သို့ ဆက်လက်ဆောင်ရွက်သင့်သည်ကို သင်ကြားပြသပေးသင့်ကြောင်း စကားနာထိုးခဲ့သည်ကိုလည်း ဇနီးသည်အား ပြန်ပြောပြခဲ့လေသည်။

ထိုသို့ ရွှန်းမဲလ် စကားနာထိုးလိုက်မိသဖြင့် ဟာစ်တလာ တရှုးရှုးတရှဲရှဲဖြစ်လာကာ "သွားတော့၊ မင်းကို ငါလေကုန်ခံပြီး ပြောနေဖို့အချိန်မရှိဘူး၊ ငါ့မှာ ဒီ့ပြင်အလုပ်တွေ ရှိသေးတယ်"ဟု အော်ငေါက်လိုက်သည်။ ရွှန်းမဲလ်လည်း အလေးပြု၍ ချာခနဲ လှည့်ထွက်ခဲ့၏။ သို့သော် ရွှန်းမဲလ် တံခါးပေါက်မရောက်မီ ဟာစ်တလာ ပြေးလိုက်လာကာ "ငါ့စိတ်တွေ လှုပ်ရှားနေလို့ပါကွာ၊ မင်း ငါ့ကို ခွင့်လွှတ်ပါ၊ အားလုံး အဆင်ပြေပါလိမ့်မယ်၊ မင်းနက်ဖြန်ခါကျတော့ လာခဲ့၊ တို့ အေးအေးဆေးဆေး ဆွေးနွေးရအောင်၊ အာဖရိကကိုး အဖျက်အဆီးခံလိုက်ဖို့ဆိုတာ စိတ်နဲ့တောင် မပြစ်မှားမိပါဘူးကွာ"

နောက်တစ်နေ့တွင် ရွှန်းမဲလ်သည် ဟာစ်တလာ မှာကြားလိုက်သည့်အတိုင်း သွားရောက်တွေ့ဆုံရာ ဟာစ်တလာနှင့်အတူ ဂိုရင်းကိုလည်းတွေ့ရ၏။ ဟာစ်တလာက ဂိုရင်းအား "ခင်ဗျားကြိုက်တာ အကုန်လုပ်ပါ၊ ဒါပေမဲ့ အာဖရိကကိုးအတွက် ရွှန်းမဲလ်စိတ်ကြိုက် လိုတာကိုတော့ အကုန်ပေးလိုက်ပါ"ဟု ပြောလိုက်၏။ ဂိုရင်းကလည်း ရွှန်းမဲလ်စိတ်ကြိုက် လိုအပ်သမျှ ရပါစေမည် ဟူ၍လည်းကောင်း၊ မိမိကိုယ်တိုင် စီမံပါမည် ဟူ၍လည်းကောင်း ကတိပြုလိုက်သည်။

ဂိုရင်းသည် ရွှန်းမဲလ်အား သူ၏ အထူးမီးရထားဖြင့် ရောမမြို့သို့ခေါ်ဆောင်သွား၏။ ဂိုရင်း၏ ဖိတ်ခေါ်ချက်အရ ရွှန်းမဲလ်၏ဇနီး ဖရောရွှန်းမဲလ်လည်း လိုက်ပါလာခဲ့၏။ ရွှန်းမဲလ်က အလုပ်ကိစ္စဆွေးနွေးရန်စကားစတိုင်း ဂိုရင်းက ပန်းချီ ပန်းပုအကြောင်းကို လည်းကောင်း၊ ကျောက်မျက်ရတနာများ အကြောင်းကိုလည်းကောင်း စကားလွှဲ၍ ပြောတတ်ပြီးကျန်သောအချိန်များတွင် သူ၏အောင်မြင်မှုများကိုသာလျှင် ထုတ်ဖော်ကြွားရင့်နေခဲ့လေသည်။

ရောမမြို့သို့ ရောက်သောအခါတွင်လည်း ဂိုရင်းသည် ပန်းချီ ပန်းပုများကို လှည့်လည်ကြည့်ရှုနေပြီး ကပွဲများ တက်နေသဖြင့် ရွှန်းမဲလ် စိတ်

www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားလေတော့သည်။ သို့သော် ရွှန်းမဲလ်သည် သုံးရက်မျှ ဂိုရင်းပေးမည့် အကူအညီများကို စောင့်ဆိုင်းနေပြီး မည်သို့မျှ အကြောင်းထူးမလာသောအခါ စိတ်ဓာတ်ကျဆင်းစွာဖြင့် အာဖရိကကိုးသို့ ပြန်ခဲ့လေတော့သည်။

အာဏာရှင် ဟစ်တလာ၏ အလိုတော်ကို သွေဖည်လျက် ထရစ်ပိုလီမြို့ ကျဆုံးသွားပြီဖြစ်သော်လည်း မြောက်အာဖရိက သဲကန္တာရဓာတ်ခုံပေါ်တွင် ရွှန်းမဲလ် ကပြရမည့်အခန်းများ ပြီးဆုံးသွားသေးသည် မဟုတ်ပေ။ ၁၉၄၂ ခုနှစ်အတွင်း ရွှန်းမဲလ်၏ ရာထူးဝိသေသများမှာလည်း သုံးကြိမ်တိုင် အပြောင်းအလဲ ဖြစ်ခဲ့ရ၏။ ရွှန်းမဲလ်သည် ဇန်နဝါရီလ ၂၁ ရက်အထိ "အာဖရိက ပန်ဇာအစုတပ်မှူး အဆင့်ပင် ရှိသေးသော်လည်း ထိုနေ့နောက်ပိုင်းတွင် အာဖရိက ပန်ဇာတပ်မတော် စစ်သေနာပတိချုပ်" ဖြစ်လာ၏။ ထိုရာထူးတို့ဖြင့် အောက်တိုဘာလ ၂၄ ရက်နေ့အထိ အမှုထမ်းခဲ့ပြီး ဗိုလ်ချုပ်စတွမ်း ကွယ်လွန်၍ အဲလ်အာလမိန်သို့ ပြန်လာသောအခါ "ဂျာမန်-အီတာလျံ ပန်ဇာတပ်မတော် စစ်သေနာပတိချုပ်"အဖြစ် ပြန်ရောက်လာခဲ့လေသည်။ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် အာဖရိက တပ်မတော်စုကို ဖွဲ့စည်းလိုက်ပြီး ရွှန်းမဲလ်အား ထိုတပ်မတော်စုကို ဦးစီးရန် ခန့်အပ်လိုက်ပြန်သည်။

ထိုသို့ဖြင့် တစ်ချိန်က နံရံကပ်ပြီး သေနတ်ဖြင့် ပစ်သတ်ခံရမည်ဟု ဟစ်တလာက ကြိမ်းမောင်းခံခဲ့ရသော ရွှန်းမဲလ်သည် တူနစ်စီးနီးယားရှိ ဝင်ရိုးတန်းတပ်အားလုံး၏ စစ်သေနာပတိချုပ်ပင် ဖြစ်လာရလေတော့သည်။

ဂျာမန်စစ်ဦးစီးအဖွဲ့ကလည်း ယခုတိုင် တူနစ်နှင့် ဘီဇားတားမြို့နှစ်မြို့ဝန်းကျင်တွင် တံတားဦးထိုးနိုင်လိမ့်မည်ဟု ယုံကြည်ဆဲပင် ရှိနေသေးပြီး ယင်းသို့ပြုလုပ်နိုင်လျှင် ပထမကမ္ဘာစစ်ကြီးအတွင်းက စလိုနီကားတွင် ပြုလုပ်ခဲ့သလို မဟာမိတ် တပ်မတော်ကြီးတစ်ခုလုံးကို မလှုပ်မရှားနိုင်အောင် ပြုလုပ်ပြီးသား ဖြစ်ပေလိမ့်မည်ဟု ယုံကြည်နေ၏။

သို့သော် စစ်ဦးစီးအဖွဲ့ ယုံကြည်သလို မယုံကြည်ခဲ့သော ရွှန်းမဲလ်အား တူနစ်စီးယားရှိ လက်နက်ကိုင် တပ်ပေါင်းစုံ၏ စစ်သေနာပတိချုပ်အဖြစ် ခန့်အပ်လိုက်သည်မှာလည်း အံ့သြစရာပင်။ မည်သို့ပင်ဖြစ်စေ နောက်ဆုံးရရှိလိုက်သော ရာထူးကို အတည်ပြုရန် ပြန်တမ်းထွက်မလာခင်



ပင် ရွှန်းမဲလ်သည် လက်စွဲတော် ထိုစစ်နည်းဟောင်းကို ပြောင်ပြောင်မြောက်မြောက် အသုံးပြုပြလိုက်ပြန်လေသည်။*

ရွှန်းမဲလ် ထရစ်ပိုလီမြို့မှ မာရက်သ် ခံတပ်ကြောင်းအရောက် ဆုတ်ခွာခဲ့သည်ဖြစ်လေရာ ယခု ရောက်ရှိနေသော ခံတပ်ကြောင်းသည် အခိုင်အမာဆုံး ဆောက်လုပ်ထားသည့် ခံတပ်ကြီးဖြစ်၍ အဲအာလမိန်ထက်သာလွန် တောင့်ခိုင်သော ဒုတိယ အဲအာလမိန်ခံစစ်ကြောင်း ဟူ၍ပင် ခေါ်ရမည့်ခံတပ်ကြောင်း ဖြစ်သည်။ ထိုခံတပ်ကြောင်းကို အာဖရိကန် မက်ဂျီနိုခံတပ်ကြောင်း တည်ဆောက်ထားသကဲ့သို့ ပြင်သစ်တို့ လစ်ဗီယာမှ အီတာလျံများ ဝင်ရောက်မလာနိုင်ရန် ဆောက်ထားခဲ့ခြင်း ဖြစ်သည်။ ထိုခံတပ်ကြောင်းသည် ရှေ့ပိုင်းမျက်နှာစာ ဖိစီးတိုက်ခိုက်မှု ပြုလုပ်၍မရဟု ပြင်သစ်တို့က အကြွင်းမဲ့ ယုံကြည်ခဲ့ကြသော ခံတပ်ကြောင်းလည်း ဖြစ်သည်။ တစ်ဖက်မှ ကွေ့သွားလျှင်လည်း မိုင် ၁၅၀ မျှ လှည့်ပတ်ရမည် ဖြစ်၏။ ထို့ကြောင့် မောင်ဂိုမာရီသည် တစ်ခုခုမပြုလုပ်မီ အနည်းဆုံး အချိန်ယူစဉ်းစားရမည်ဟု ရွှန်းမဲလ်က မှန်မှန်ကန်ကန် တွက်ချက်လိုက်သည်။ တစ်ချိန်တည်းမှာပင် ရွှန်းမဲလ်သည် "အကောင်းဆုံးခံစစ်သည် ထိုးစစ်သာဖြစ်သည်" ဟု ယုံကြည်ထားသူဖြစ်လေရာ ရန်သူလာရောက်တိုက်သည့်တိုင်အောင် စောင့်ဆိုင်းနေခြင်းထက် ယင်းသို့ စောင့်နေရမည့်အချိန်အတွင်း တစ်ခုခု ပြုလုပ်ရန် ကြံရွယ်လေတော့သည်။

ထိုသို့ တစ်ခုခုပြုလုပ်ရန် ရှာကြံရာတွင်လည်း ဗြိတိသျှ အမှတ်(၈) တပ်မတော်ကိုမှ ရွေးချယ်တိုက်ခိုက်ရမည်ဟူသော တရားသေသဘော မဟုတ်ပေ။ ဥပမာ–သူ့အနီးဝန်းကျင်တွင် မဟာမိတ် ပထမတပ်မတော် တစ်တပ်ရှိနေသည် မဟုတ်ပါလော၊ ထိုတပ်မတော်သည် ရွှန်းမဲလ် အမှတ်(၈) တပ်မတော်ကိုတိုက်လျှင် နောက်ပိုင်းမှ ညှပ်ပူးညှပ်ပိတ်တိုက်ရန်

---

* BOOK....THE FATAL DECISIONS
Edited by
RICHARDSON and FREIDIN ARTICLE....EL ALAMEIN
by
Lieutenant-General
FRITZ BAYETLEIN မှ ထုတ်နုတ်ပြန်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



အသင့်စောင့်နေသော တပ်လည်းဖြစ်သည်။

ထိုကြောင့် ရွှန်းမဲလ်သည် ရန်သူကို တစ်ချက်တည်းနှင့် အလဲထိုး၍ ရမည့်နေရာ "ရန်သူ့အရိုက်"ကို ရှာကြံလိုက်သည်။ ပထမ တပ်မတော် စစ်မျက်နှာ၏ တောင်ဘက်တွင် အမေရိကန် ဒုတိယတပ်မကြီးရှိ၏။ ထို တပ်မကြီး နောက်ကျောတွင် ကက်ဆဲလ်ရင်းတောင်ကြားရှိနေပြီး ခံတပ် ကြောင်းမှာလည်း အကြမ်းထည်အဆင့်သာလျှင် ပြီးစီးသေး၏။ အမေရိကန် ပထမတပ်မတော်မှာလည်း ရှေ့တန်း၏နောက်ပိုင်းတွင် အပြန့်ပြန့် အကွဲကွဲ ဖြစ်နေပြီး ထိုတပ်မတော်၏ အင်အားတစ်ဝက်ခန့်မှာလည်း ထောက်လှမ်း ရေးဌာနမှ ရန်သူ စတင်တိုက်ခိုက်မည့်နေရာဟု သတ်မှတ်ထားသော ဖွန်ဒေါက်ဘက်သို့ အလုံးအရင်းနှင့် ရောက်နေ၏။ ထိုတပ်များမှာ သဲကန္တာရ တိုက်ပွဲ မဝင်ဖူးသေးသည့် တပ်များဖြစ်သည့်အပြင် တပ်မှူးများမှာလည်း ခေတ်သစ်စစ်ပွဲ အတွေ့အကြုံ မရင့်ကျက်သေးသောသူများ ဖြစ်သည်။

ထို့ကြောင့် ၎င်းတပ်သည် ရွှန်းမဲလ်၏ 'အစာ' ဖြစ်၏။ ရွှန်းမဲလ် သည် လက်စွဲတော် ပန်ဇာတပ်မ ၂၁ ကို ဆွဲထုတ်လိုက်ပြီး တူနစ်စီးယားသို့ တပ်ကူရောက်လာသော သီးသန့်တင့်ကားတပ်ရင်းမှ တင့်ကားများဖြင့် မွမ်းမံ တပ်ဆင်လိုက်သည်။ သို့နှင့် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ရွှန်းမဲလ်သည် လေကြောင်းအကူအညီကိုယူ၍ တင့်ကားစင်းရေ ၁၀၀ ဖြင့် အမေရိကန် သံချပ်ကာကားတပ်မကို ဝင်စီးလေတော့သည်။

ရွှန်းမဲလ်သည် တိုက်ပွဲစသည်နှင့် ရန်သူ့ရှေ့တန်းကို သိမ်းပိုက်နိုင် လိုက်ပြီး ရန်သူများ တကုတ်ရိုက် ဆောက်ထားသည့် ကက်ဆဲလ်ရင်း တောင်ကြားခံစစ်ကြောင်းထဲ သံချပ်ကာကားများဖြင့် တစ်ရှိန်ထိုး ထိုးဖောက် ဝင်ရောက်သွားလေတော့သည်။

ယင်းသို့ ရွှန်းမဲလ်တပ်များ ရုတ်တရက် ဝင်ရောက်လာသဖြင့် အမေရိကန်–ဗြိတိသျှ–အီတာလျံများဖြင့် ပေါင်းစပ်ထားသည့် သောင်းပြောင်း တပ်သားများနှင့် အကွပ်အကဲမရှိ၊ တစ်တပ်နှင့်တစ်တပ် နားလည်မှုမရှိ ခံစစ် အတွက် စနစ်တကျ ညှိနှိုင်းတိုင်ပင်ထားသော ခံစစ်အစီအစဉ်များလည်း မရှိသဖြင့် ကစင့်ကလျား ဖြစ်သွားရလေတော့သည်။ ရွှန်းမဲလ် တပ်များသည် မဟာမိတ်စစ်ကြောင်းထဲသို့ အလုံးအရင်းနှင့် နက်နက်ရှိုင်းရှိုင်း ထိုးဖောက်



နိုင်ပြီဖြစ်သော်လည်း တပ်များ၏ အခြေအနေမှာ အပျက်အယွင်းမရှိ ပကတိ အတိုင်းပင် ရှိနေသေး၏။

ထိုကြောင့် ထွင်ပြီးသားလမ်းကြောင်းအတိုင်း မြောက်ဘက်သို့ချီရန် ရှေ့တွင် ကွင်းပြင်ကြီးများနှင့် သဘာဝအတားအဆီး အနည်းငယ်ကိုသာလျှင် ကျော်လွှားဖြတ်သန်းရန် ကျန်ရှိပေတော့သည်။ ရွှန်းမဲလ်သည် ယခုရောက်ရှိ နေသောနေရာမှ တူနစ်စီးယားသို့ စစ်မျက်နှာပြောင်းယူကာ အထွေထွေ ဆုတ်ခွာမှုကြီး ပြုလုပ်လိုက ပြုလုပ်နိုင်၍လည်းကောင်း၊ သို့မဟုတ် ရန်သူကို ဆက်တိုက်လိုက တိုက်နိုင်၍လည်းကောင်း အမျိုးမျိုး ရွေးချယ်နိုင်သော အခြေအနေသို့ ရောက်ရှိလာခဲ့၏။ ရွှန်းမဲလ် ဂါဇလာ စစ်ကြောင်းတွင် ရရှိ ခဲ့ဖူးသော အခွင့်အရေးမျိုးဖြစ်သည်။

ဤသည်ကား ဗိုလ်ချုပ် အဲလစ်ဇင်းဒါး ရောက်ရှိလာသောအခါ တွေ့လိုက်ရသော အခြေအနေပင်တည်း။ "ရွှန်းမဲလ် အမှတ် ၈ တပ်မတော်နဲ့ တိုက်တဲ့အခါ သူ့နောက်ကျောလုံခြုံမှုအတွက် သက်သက်သာ ရည်ရွယ်ပြီး အမေရိကန် ဒုတိယတပ်မကြီးကို တိုက်တာပဲ၊ အဲဒီလို တိုက်ရင်းနဲ့ လမ်းစ မြင်ပြီး အကြံကြီးလာခြင်းပဲ ဖြစ်ပါတယ်၊ ရွှန်းမဲလ်ဟာ တွေ့သမျှ အခွင့် အရေးကို မလွှတ်တမ်း အသုံးချတတ်ပြီး အောင်မြင်ရန် လမ်းစကို ရှာဖွေ နိုင်သူ ဖြစ်တယ်၊ ခုဆိုရင် သူ့ရှေ့မှာတိုက်ရင် နိုင်လောက်မယ်ဆိုတဲ့ လမ်းစ ကို မြင်နေပြီ"ဟု ဗိုလ်ချုပ်အဲလစ်ဇန်းဒါးက ယင်းအခါကဖြစ်စဉ်ကို သူ့ မှတ်တမ်းတွင် ရေးသားထားခဲ့လေသည်။

ဖေဖော်ဝါရီလ ၂၁ ရက်သို့ ရောက်ရှိသောအခါတွင်မူ ဗိုလ်ချုပ် အဲလစ်ဇန်းဒါး၏ အခြေအနေမှာ ဆိုးဝါးလာပြီဖြစ်၍ ရွှန်းမဲလ်၏ စစ်ဦး ပြောင်းသွားအောင် အစီအစဉ်တစ်ခုပြုလုပ်ရန် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီထံ ကြိုးမဲ့ကြေးနန်းဖြင့် သတင်းပို့ရလေတော့သည်။ မောင်ဂိုမာရီကလည်း ကြေးနန်းရလျှင်ရချင်းပင် အဲလစ်ဇင်းဒါး အဆိုပြုသည့်အတိုင်း စီစဉ်မည်ဖြစ် ကြောင်း အကြောင်းပြန်ကြားလိုက်ပြီး "မကြာမီ ရွှန်းမဲလ်ကို တို့နှစ်ယောက် ကြားထဲမှာ ရေစိုနေတဲ့ ကြက်မလေးလို ဟိုဘက်ပြေး ဒီဘက်ပြေး ဖြစ်နေ အောင် လုပ်နိုင်ပါလိမ့်မယ်"ဟူ၍ ဖြည့်စွက်ရေးသားလိုက်၏။ ဤနည်းဖြင့် ဗြိတိသျှတပ်များက ဂျာမန်စစ်ဦးကို နှစ်ရက်အတွင်း ရပ်တန့်အောင် ပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့လေ၏။ ဤသည်မှာလည်း ဂျာမန်များသည် ၎င်းတို့၏ မက်လုံးရှိသော မြောက်ဘက်သို့ မလွဲမသွေ စစ်ဦးလှည့်၍ ချီလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နိုင်ခဲ့သော ဗိုလ်ချုပ်အဲလစ်ဇန်းဒါး၏ စစ်ရေးသုံးသပ်ချက် အမြော်အမြင်ကြီးမှုကြောင့်ပင် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ရွှန်းမဲလ်သည် စနစ်တကျ ဆုတ်ခွာနိုင်ပြီး အပျက်အစီးအဆုံးအရှုံးမှာ တင့်ကား ၉ စီးမျှသာ ဖြစ်၏။ လမ်းတစ်လျှောက်တွင်လည်း ရန်သူများ အလွယ်တကူ လိုက်မလာနိုင်ရန် မြေမြှုပ်ဗုံး အမြောက်အမြား ချသွားနိုင်ခဲ့လေသည်။

ရွှန်းမဲလ်သည် ကက်ဆဲလ်ရင်း တောင်ကြားတိုက်ပွဲတွင်လည်း အဲလ်အာလာမိန်တိုက်ပွဲမှာကဲ့သို့ပင် ဗြိတိသျှတပ်များကို ရင်တမမဖြစ်အောင် ပြုလုပ်နိုင်ခဲ့၏။ နှစ်ကြိမ်စလုံး မဟာအောင်ပွဲကြီး ရလုနီးမတတ် ခြေတစ်လှမ်း လက်တစ်ကမ်းအလိုအထိ ရောက်ခဲ့ပြီးမှ ပြန်ဆုတ်ခဲ့ရ၏။ ဤသို့အောင်မြင်ရန် လမ်းစမြင်၍ သူ့ရှိသမျှ အင်အားကို အိတ်သွန်ဖာမှောက် အသုံးပြုပြီး တိုက်လိုက်ရသဖြင့် မအောင်မြင်သောအခါ မူလအခြေအနေထက် ယုတ်လျော့ ယုတ်လျော့ သွားခဲ့ရသည်မှာ သဘာဝပင်။ သို့သော် ရွှန်းမဲလ်သည် ဤသို့ တပ်ဆုတ်ခဲ့ရသဖြင့် မာန်လျော့သွားခြင်းမရှိ၊ တိုက်ပွဲတွင် ကျင့်သုံးနေကြမှုလည်း ပြောင်းလဲသွားသည် မဟုတ်ပေ။

ထင်ရှားသော သာဓကတစ်ရပ်မှာ တပ်ဆုတ်ခဲ့စဉ်က ဖြစ်သည်။ ရွှန်းမဲလ်သည် ရွာတစ်ရွာ၏ အဝင်ဝတွင် တင့်ကားကို အဖုံးအလုံပိတ်လျက် တင့်ကားထဲတွင် ရှိနေသော တင့်ကားတပ်ရင်းမှူးတစ်ယောက်ရှိရာသို့ ရန်သူ့အမြောက်ဆန်များ မိုးသီးမိုးပေါက်ပမာ ကျဆင်းနေသည့်ကြားမှ ဦးစီးသံချပ်ကာကားဖြင့် မောင်းဝင်သွား၏။ ထိုတင့်ကားအနီးသို့ ချဉ်းကပ်မိလျှင် ရွှန်းမဲလ်သည် ကားပေါ်မှဆင်းကာ တင့်ကားသံပြားကိုခေါက်၍ တပ်ရင်းမှူးကို ခေါ်ထုတ်လိုက်သည်။ ပုတ်သံကြား၍ တပ်ရင်းမှူး ခေါင်းပြူထွက်လာသောအခါ ရွှန်းမဲလ်က မေးလိုက်သည်။

"မင်း ဘာလုပ်နေတာလဲ"

"ရှေ့ဆက်တက်လို့ မရဘူး" တပ်ရင်းမှူးက ပြန်ဖြေ၏။ ထိုအရာရှိ နှုတ်ဟလိုက်သည့် တဒင်္ဂတွင်ပင် အမြောက်ဆန် အပြုလိုက် တင့်ကားအနီး



သို့ ကျလာလေတော့သည်။ သို့ဖြင့် တပ်ရင်းမှူး၏ တင့်ကားအဖုံးလည်း လျှင်မြန်သောအဟုန်ဖြင့် ပြန်ပိတ်သွား၏။ တပ်ရင်းမှူးသည်လည်း တင့်ကားထဲတွင် ထိုင်ရင်း ရွှန်းမဲလ် အမြောက်ဆန်ထိပြီး ကျဆုံးသွားပြီဟူ၍ သေချာမပါက်တွက်လိုက်၏။

သို့သော် မကြာပါချေ။ ၁၀ မိနစ်ခန့်ကြာသောအခါ ခေါက်သံတစ်ခု ပေါ်လာပြန်သဖြင့် တပ်ရင်းမှူးက အဖုံးဖွင့်လိုက်ရပြန်သည်။ တပ်ရင်းမှူးမြင်လိုက်ရသူကား ရွာထဲသို့ သံချပ်ကာကားဖြင့် မောင်းဝင်သွားပြီး ပြန်ထွက်လာခဲ့သော ရွှန်းမဲလ်ပင် ဖြစ်ပါ၏။ "မင်းပြောတာ မှန်တယ်ဟေ့၊ လမ်းဟိုဘက်ထိပ်မှာ တင့်ကားဖျက်အမြောက် လေးလက်ရှိနေတယ်၊ အေး... နောက်တစ်ခါ ဒီလိုသတင်းမျိုးကို မင်းကိုယ်တိုင် သွားယူပေါ့ကွာ ဟုတ်လား" ဟူ၍ ပြောဆိုထွက်ခွာသွားလေသည်။

ရွှန်းမဲလ်သည် မတ်လ ၅ ရက်နေ့တွင် မက်ဒီနိုင်းတိုက်ပွဲကို နောက်ဆုံးတိုက်သွား၏။ ထိုတိုက်ပွဲတွင်လည်း မောင်ဂိုမာရီကို အငိုက်ဖမ်းနိုင်ရန် ရက်အနည်းငယ် နောက်ကျသွားပြီး အရေးနိမ့်ခဲ့ရသည်။

ဂျာမန် သုံ့ပန်းများ ပြောပြချက်အရဆိုပါမူ ထိုတိုက်ပွဲတွင် ရွှန်းမဲလ်သည် တပ်သားများထဲသို့ ကိုယ်တိုင်ဆင်း၍ စိတ်ဓာတ်များ တက်ကြွလာအောင် လိုက်လံအားပေးနေပြီး တိုက်ပွဲ၏ အရေးကြီးပုံကို တပ်သားများ သဘောပေါက်အောင် သတိပေးစကားပြောဆိုခြင်း၊ နှိုးဆော်ခြင်းများ ပြုလုပ်သည်ဆိုလေသည်။ ထိုသို့ ကိုယ်တိုင် အပင်ပန်းခံနေသော်လည်း ရွှန်းမဲလ်မှာ ကျန်းမာသူတစ်ယောက်မဟုတ်သည်မှာ ထင်ရှားလှသည်ဟု ဆို၏။ ရွှန်းမဲလ်၏ လည်ချောင်းတွင် ပတ်တီးများစည်းထားပြီး မျက်နှာတစ်ခုလုံးတွင် သဲကန္တာရ အနာများနှင့် ပြည့်နှက်နေသည်ကို မြင်ခဲ့ကြရပါသည်ဟု ဆို၏။ ဗိုလ်ချုပ် အဲလစ်ဇန်းဒါးကို ပြောပြသော မျက်မြင်ကိုယ်တွေ့တစ်ဦးကမူ အနီးရောက်လာသော အဖွဲ့ငယ်တစ်ခုအား ရွှန်းမဲလ်က ထိုတိုက်ပွဲကို မနိုင်လျှင် အာဖရိကတွင် နောက်ထပ် မျှော်လင့်စရာမရှိတော့ကြောင်း ပြောခဲ့သည်ကို ကြားခဲ့ရပါသည်ဟု ဆိုခဲ့လေသည်။

ရက်သတ္တတစ်ပတ်ခန့် ကြာသောအခါ ရွှန်းမဲလ် ဂျာမနီပြည်သို့ ထွက်ခွာခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းမဲလ် ဤသို့ မာရက်သ်စစ်ကြောင်းတိုက်ပွဲ မစမီ ရတ်တရက် ဂျာမနီပြည်သို့ ပြန်ခဲ့ခြင်းနှင့်ပတ်သက်၍ အမျိုးမျိုး ဝေဖန်ခဲ့ကြပြီး အမျိုးမျိုး အဖြေပေးခဲ့ကြသည်။ ထိုသို့ အမျိုးမျိုး အဖြေထုတ်သူများအနက် ယုတ္တိမတန်ဆုံးသော ဝေဖန်ပြောဆိုချက်မှာ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါး၏ ဝေဖန်ပြောဆိုချက်ပင် ဖြစ်သည်။

"ရွှန်းမဲလ်ဟာ မရှောင်မလွှဲသာ ရှုံးနိမ့်တော့မယ့် အရေးကို ကြိုတင်မြင်တဲ့အတွက် သူ့အသက်ဘေးကိုစိုးရိမ်လို့ ကိုယ်လွတ်ရုန်းခဲ့တာ သက်သက် ပဲ ဖြစ်ပါတယ်"ဟု ပြောဆိုခဲ့သည်။

ရွှန်းမဲလ်သည် မရှောင်မလွှဲသာ စစ်ရှုံးရတော့မည်ဖြစ်ကြောင်း ကြိုတင်သိခဲ့သည်မှာလည်း မှန်ပါ၏။ သို့သော် ရွှန်းမဲလ် စစ်ထဲဝင်သည်မှ ယခု နောက်ဆုံးအချိန်အထိ ရွှန်းမဲလ်၏ စစ်သားဘဝကို အနီးကပ်လေ့လာသူ မှန်ပါက ရွှန်းမဲလ်သည် စစ်သားဘဝရောက်သည့်နေ့မှစ၍ အသက်ဘေးကို စိုးရိမ်၍သော်လည်းကောင်း၊ သေရမှာကြောက်၍ သော်လည်းကောင်း၊ ဒဏ်ရာအနာတရ တစ်ခုခုဖြစ်မည်ကို ကြိုတင်မြင်ထား၍လည်းကောင်း မိမိလုပ်စရာ ရှိသော အလုပ်ကို မလုပ်ဟူ၍ မရှိဖူးကြောင်း နားလည်ကြမည် ဖြစ်ပေသည်။ ရွှန်းမဲလ်အား ဂျာမနီသို့ ပြန်ခေါ်ရန် အီတာလျံများက ဟစ်တလာ့ထံ တောင်းဆိုသဖြင့် ပြန်ခဲ့ရသည်ဟူ၍လည်း အချို့က ဆိုကြ၏။ ဤသည်မှာလည်း အဓိပ္ပာယ်မရှိ မခိုင်လုံသော အဆိုဖြစ်သည်။ ထိုဝေဖန်ချက်များအနက် ယုတ္တိအတန်ဆုံးမှာမူ ကျန်းမာရေးအခြေအနေ ဆိုးဝါးခြင်းကြောင့် ထပ်မံ ဆေးဝါးကုသရန် ပြန်ခဲ့သည်ဟူသော အဆိုပင် ဖြစ်၏။

ရွှန်းမဲလ် ရန်သူ့လက်ထဲကျရောက်သွားလျှင် ဂျာမန်တပ်များ စိတ်ဓာတ်ကျဆင်းသွားမည်စိုး၍ ဟစ်တလာက ထွက်ခွာရန် အမိန့်ပေးလိုက်ခြင်းဖြစ်သည်ဟု ဆိုသူများကလည်း ရှိ၏။ ထိုအဆိုမှာလည်း အခြေခိုင်သောအဆို မဟုတ်ပေ။ အဘယ်ကြောင့်ဟူမူ ဟစ်တလာကိုယ်တိုင်ပင်လျှင် တူနစ်စီးယားတွင် အဖတ်ဆယ်မရအောင် အရေးရှုံးနိမ့်နေပြီဖြစ်ကြောင်း မေလ ၈ ရက်နေ့အထိ သဘောမပေါက်ခဲ့ခြင်းကြောင့် ဖြစ်၏။ မေလ ၈ ရက်နေ့ကျမှပင် ဂျာမန်စစ်ဦးစီးအဖွဲ့က ဂျာမန်–အီတာလျံတပ်များ အာဖရိကကို စွန့်လွှတ်၍ ရေကြောင်းမှ ဆုတ်ခွာရန်ဟူသော အမိန့်ကိုထုတ်ခဲ့၏။



ဤအကြိမ်တွင်လည်း ဟစ်တလာ၏ အခြားအမိန့်များနည်းတူ မိုးကုန်မှ ထွန်ချိုင်းသောအမိန့် ဖြစ်၏။ မလွန့်သာ မလူးသာ အပိတ်အဆို့ ခံရပြီးမှ ဆုတ်, မိန့်ရောက်လာသဖြင့် ထိုအမိန့် ရောက်ရှိပြီးနောက် ၄ ရက်အကြာတွင် လက်နက်ချလိုက်ကြရလေတော့သည်။

ရွှန်းမဲလ် မြောက်အာဖရိကမှ ရုတ်တရက် ဆုတ်ခွာခဲ့ရသည့် အကြောင်းနှင့် စပ်လျဉ်း၍ ရွှန်းမဲလ်၏ မိသားစုပေးသော အဖြေမှာမူ သူ့သဘောအလျောက် သူ့တာဝန်သူယူ၍ ပြန်ခဲ့ခြင်းဖြစ်သည်။ မည်သူ တစ်ဦးတစ်ယောက်၏အမိန့်ကြောင့်မှမဟုတ်၊ သူချစ်မြတ်နိုးလှသော အာဖရိကကိုးအချိန်မီ ကယ်တင်နိုင်ရေးအတွက် ဟစ်တလာအား တောင်းပန်ရန် ပြန်ခဲ့ခြင်းဖြစ်သည်ဟု ဆိုလေသည်။ ယခုတစ်ကြိမ်တွင်လည်း ဟစ်တလာက ငြင်းဆန်မြဲ ငြင်းဆန်နေပြီး ရွှန်းမဲအားလည်း ရှုံးစိတ်ပေါက်သူ၊ သူရဲဘောကြောင်သူဟူ၍ စွပ်စွဲပြောဆိုပြန်၏။

သို့နှင့် ရွှန်းမဲလ်က မြောက်အာဖရိကသို့ပြန်၍ မိမိတပ်များနှင့်အတူ နောက်ဆုံးအချိန်အထိ ဖြစ်သလို တိုက်ခိုက်တော့မည်ဟု ပြောသောအခါ ရွှန်းမဲလ်အား ပြန်ခွင့်မပြုတော့ပေ။

ရွှန်းမဲလ်က အာဖရိကကိုးကို ချစ်သလို အာဖရိကကိုးကလည်း ရွှန်းမဲလ်အား မေ့ခဲ့သည် မဟုတ်ပါချေ။ အာဖရိကကိုးသည် နောက်ဆုံးအချိန်အထိ ခေါင်းဆောင်ပင် မရှိတော့လင့်ကစား သူ့ခေါင်းဆောင်မှုအောက်တွင်ရှိစဉ်ကအတိုင်း ရှုပ်ရှုပ်ချွံချွံ တိုက်သွားခဲ့လေသည်။ ဤသို့ပင် သူ၏ရန်သူများကလည်း သူ့ကို တော်တော်နှင့် မေ့ပျောက်သွားနိုင်ခဲ့သည် မဟုတ်ပါပေ။

တူနစ်မြို့ ကျဆုံးပြီးသောအခါ ဟစ်တလာက ရွှန်းမဲလ်အား "ဝံပုလွေလိုဏ်ဂူ"သို့ လာရောက်ရန် ဆင့်ခေါ်သည့် "ဝံပုလွေလိုဏ်ဂူ"ဆိုသည်မှာ အရှေ့ပရပ်ရှားရှိ ရက်စတင်ဘာဂ်မြို့အနီးမှ ဟစ်တလာ၏ဌာနချုပ် ဖြစ်သည်။

ရွှန်းမဲလ်သည် ဟစ်တလာ့ဌာနချုပ်သို့ ရောက်သွားသောအခါ ဟစ်တလာ၏ အမူအရာမှာ အကျပ်အတည်း တွေ့နေသည့် အမူအရာမျိုး ပေါ်လွင်နေသော်လည်း ကြည်ကြည်သာသာ ဆက်ဆံသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းစကားကို ငါ စောစောက နားထောင်ခဲ့ဖို့ကောင်းတယ်၊ အခု တော့ အာဖရိကဆုံးပြီ"ဟု ဟာစ်တလာက ပြော၏။ ရွှန်းမဲလ်ကလည်း ဂျာမန်တပ်များ၏ ယေဘုယျအခြေအနေ အရပ်ရပ်ကို ဆွေးနွေးတင်ပြလိုက်ပြီး ရုတ်တရက် ဟာစ်တလာအား မေးခွန်းတစ်ခု ထုတ်လိုက်သည်။ "ကျွန်တော်တို့ ရည်ရွယ်တဲ့အတိုင်း လုံးဝ အောင်ပွဲခံနိုင်လိမ့်မယ်လို့ ထင်ပါသလား" "မထင်ဘူး"ဟု ဟာစ်တလာက ဖြေ၏။ ရွှန်းမဲလ်ကလည်း ပြောချင်လှသော စကားကို အစပျိုးမိပြီဖြစ်၍ ဆက်တိုက် ဖိမေးလိုက်၏။ "စစ်ရှုံးရင် ဘယ်လို အဖြစ်မျိုးနဲ့ တွေ့ကြုံရမယ်ဆိုတာကိုကော စဉ်းစားထားမိပါသလားခင်ဗျာ"။ "စဉ်းစားမိပါတယ်" တစ်ဖက်ဖက်နဲ့ ငြိမ်းချမ်းရေးလုပ်ဖို့လိုနေပြီဆိုတာ ကျုပ်သိသားပဲ၊ ဒါပေမဲ့ ဘယ်သူကမှ ကျုပ်နဲ့ ငြိမ်းချမ်းရေးလုပ်မှာ မဟုတ်ဘူး" ဟု ဟာစ်တလာက ပြန်ဖြေခဲ့လေသည်။

ရွှန်းမဲလ်သည် ဟာစ်တလာနှင့် ဆွေးနွေးခဲ့ပုံအကြောင်းများကို သူ့မိသားစုအား ပြန်ပြောစဉ် ဟာစ်တလာ့အပေါ် သူ့အမြင်ကိုလည်း ပြန်ပြောခဲ့လေသည်။ စင်စစ် ဟာစ်တလာသည် ခေတ်သစ် လူဝီဘုရင် ၁၄ ပင်ဖြစ်ကြောင်း၊ ကိုယ်ကျိုးနှင့် တိုင်းပြည်အကျိုးကို ခွဲခြားရှုမြင်နိုင်သူမဟုတ်ကြောင်း၊ အကယ်၍ သူရှိနေခြင်းကြောင့် ငြိမ်းချမ်းရေး ရရှိရေးတွင် အဟန့်အတားဖြစ်နေသည်ဟု သိလျှင်လည်း ပြည်သူတစ်ရပ်လုံး၏ မျက်နှာကို ထောက်ထားပြီး သူ့နေရာမှ နုတ်ထွက်ပေးရန် မည်သည့်အခါမျှ စိတ်ကူးထဲ ထည့်မည့်သူ မဟုတ်ကြောင်း၊ ဟာစ်တလာသည် စိတ်ပျက်ညှိုးငယ်နေသည့် အချိန်မျိုး၌သာ အကျိုးသင့် အကြောင်းသင့်ပြော၍ နားဝင်သူဖြစ်ပြီး ကပ်ဖားများက ဝိုင်းမြှောက်လိုက်သည်နှင့်တစ်ပြိုင်နက် ချက်ချင်း စိတ်ပြောင်းသွားတတ်သူဖြစ်ကြောင်း ပြောဆိုခဲ့ပေသည်။ ရွှန်းမဲလ်သည် နှောင်းရက်များကျမှ ဟာစ်တလာ၏ မုန်းစိတ်အမှန်ကို သိခဲ့ရသည်။ ဟာစ်တလာသည် အမုန်းကြီးသူဖြစ်၏။ လူတစ်ယောက်ကို မုန်းတီးမိလျှင် အလွန်အကျွံ မုန်းတတ်သူဖြစ်၏။ သူ့စိတ်ကိုသူ ချုပ်တည်း ကွပ်ကဲနိုင်သူမဟုတ်၊ သူ့စိတ်ရင်းအမှန်မှာ သွေးဆာနေသော လူသတ်သမားစိတ်ပင် ဖြစ်သည်။ ဤကား ရွှန်းမဲလ် ဟာစ်တလာ့ကို သိသောအသိဖြစ်၏။ သူ့အမြင်ကို ဇနီးသည်ဖြစ်သူကိုလည်း ပြောခဲ့၏။ သားဖြစ်သူကိုလည်း ပြောခဲ့၏။ ဖခင်၏ ဤမည်သော အဆို



အမိန့်ကိုလည်း သားကလေးဖြစ်သူ မန်းဖရက်က သံမှိုနှက်ထားဘိသို့ ယခုတိုင် သတိရဆဲပင် ဖြစ်ပါသည်ဟု ဆိုပါလေသည်။

ဧပြီလ ၆ ရက်နေ့တွင် ဝီဒီအာရင်မြို့၌ အမှတ် ၁၅ ပန်ဇာတပ်မနှင့် အမှတ် ၉၀ အပေါ့စား မော်တော်ယာဉ်သုံး တပ်မသည် "သူတို့တိုက်ခဲ့သမျှ တိုက်ပွဲများထဲတွင် အပြောင်မြောက်ဆုံး တိုက်ပြသွားသည့် တိုက်ပွဲဖြစ်သည်"ဟူ၍ ဗိုလ်ချုပ်ကြီး အဲလစ်ဇန်းဒါးကိုယ်တိုင် ချီးမွမ်းယူရလောက်အောင် ရှုပ်ရှုပ်ချွံချွံ တိုက်ပြသွားခဲ့၏။ သို့သော် မမျှလွန်းသော ရန်သူ့အင်အားကြောင့်သာလျှင် နောက်ဆုတ်ပေးလိုက်ရသည်။ ဧပြီလ ၂၉ ရက်နေ့တွင် ထိုသတ္တိခဲ တပ်မနှစ်တပ်မှ ကျန်ရှိနေသေးသော အကြွင်းအကျန်များနှင့် အမှတ် ၂၁ ပန်ဇာတပ်မ ပူးပေါင်းပြီး ဆက်လက် တိုက်ပွဲဝင်ကြ၏။ တိုတိုက်ပွဲတွင်လည်း ဗိုလ်ချုပ်ကြီး အဲလစ်ဇန်းဒါးက "ဒီလောက် အဆုံးအရှုံးများနေတဲ့ ကြားက ကြံ့ခိုင်တဲ့ တိုက်စိတ်တွေကို ဆက်ပြနေကြသေးတယ်"ဟူ၍ ချီးမွမ်းရပြန်သည်။

ဧပြီလ ၄ ရက်နေ့တွင်မူ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီသည် မြားမြောင်လှသော မဟာမိတ်တပ်များထဲမှ လက်ရွေးစဉ်တပ်များကို စိတ်ကြိုက်ရွေးချယ်ကာ ပထမတပ်မတော်ကို အားဖြည့်လိုက်ပြီး တစ်ယောက်ကျန်သည်အထိ အလံမလဲစတမ်း တိုက်ခိုက်နေသော ရွှန်းမဲလ်၏ အသည်းကျော် အာဖရိက ကိုးအား အပြီးသတ် ချေမှုန်းရေး တိုက်ပွဲကြီး ဆင်နွှဲလေတော့သည်။

သို့နှင့် မေလ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်ဗွန်စပိုနက်သည် အမှတ် ၉၀ အပေါ့စား မော်တော်ယာဉ်သုံး တပ်မနှင့်အတူ လက်နက်ချ အညံ့ခံလိုက်ရတော့သည်။

ဤသို့လျှင် အာဖရိက ကိုးသည် ရန်သူ့လက်ထဲသို့ သုံ့ပန်းအဖြစ် ကျရောက်ခဲ့ရလေတော့သည်။ အာဖရိက သဲကန္တာရစစ်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ပါ၏။ သို့သော် အာဖရိက ကိုး၏ ခေါင်းဆောင်ကား ထိုအညံ့ခံပွဲတွင် ပါဝင်ခဲ့သည် မဟုတ်ပါချေ။

သဲကန္တာရစစ်ပွဲကြီး ပြီးဆုံးသွားပြီမှာလည်း မှန်ပါ၏။

သို့သော် ရွှန်းမဲလ် တိုက်ရမည့် တိုက်ပွဲများ ပြီးဆုံးပြီဟူ၍ မှတ်ယူရန်ကား မဖြစ်သေးချေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့တွင်...

အတ္တလန္တိတ် တံတိုင်းကြီးအား ထိပါးထိုးဖောက်ရန် ဟန်ပြင် ခြိမ်းခြောက်စ ပြုနေပြီ ဖြစ်သည့် မဟာမိတ်တို့၏ ဒုတိယ စစ်မျက်နှာကို ကာကွယ်ပိတ်ဆို့ရန် တာဝန်ကျန်ရှိနေသေး သည် မဟုတ်ပါလော။

❑

# အပိုင်း (၂)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ရွှန်းမဲလ်နှင့် အတ္တလန္တိတ်တံတိုင်း

၁၉၄၃ ခုနှစ် နွေနှောင်းကာလတွင် ရွှန်းမဲလ်သည် ရုရှားစစ်မျက်နှာ ရောက် ဂျာမန်ဗိုလ်ချုပ်များ အားကျလောက်သည့် ဌာနတစ်ခုသို့ ရောက်ရှိနေလေသည်။ ယင်းဌာနကား အီတလီမြောက်ပိုင်း ဂါဒန်ရေကန်ကြီးအနီးရှိ စစ်ဌာနချုပ် ဖြစ်သည်။

၎င်းဌာနချုပ်တွင် ရွှမ်းမဲလ်သည် တပ်မတော်စု(ဘီ)ကို အုပ်ချုပ်ရသည့် စစ်သေနာပတိချုပ်အဖြစ် တာဝန်ထမ်းရွက်နေရသည်။

မြောက်အာဖရိကမှအပြန်တွင် ရွှန်းမဲလ်သည် ပထမ ဇင်မာရင်း ဆေးရုံတွင် ရက်သတ္တပတ် ၆ ပတ် ၇ ပတ်မျှ တက်ရောက်ကုသခဲ့ရပြီး ဆေးရုံကဆင်းသောအခါ စစ်အကြံပေးအရာရှိအဖြစ် ဟစ်တလာ့ စစ်ဌာနချုပ်သို့ ပြောင်းရွှေ့အမှုထမ်းခဲ့ရသည်။

သူ့ထံမှ ဟစ်တလာက တစ်ကြိမ်တစ်ခါမျှ အကြံဉာဏ်များ တောင်းခံခြင်းမပြုသည်ကို သတိမူမိလာသောအခါတွင်မူ ရွှန်းမဲလ်သည် ဟစ်တလာ့ စစ်ဌာနချုပ်ကို ငြီးငွေ့စပြုလာပြီး ၎င်းနေရာတွင် ရှိနေသမျှ သူ့အချိန်များကို အချည်းနှီး ဖြုန်းတီးနေခြင်းနှင့်သာ တူပေသည် ဟူ၍လည်း တွေးတောစ ပြုလာလေတော့သည်။

ယင်းသို့ရှိခိုက် ရွှန်းမဲလ်၏ဆန္ဒ ပြည့်မြောက်ရန် အကြောင်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်လာခဲ့လေသည်။

ဤသည်မှာ မစ္စတာချာချီသည် ဘော်လတန် ဒေသကိုဖြတ်ကျော်၍ ဥရောပတိုက်ကို စစ်ပြုတော့မည်ဟူသော ကောလာဟလ သတင်းတစ်ရပ် ဖြစ်ပွားလာခြင်းပင် ဖြစ်သည်။

၎င်းသတင်းကို အကြောင်းပြု၍ ဟစ်တလာက ရွှန်းမဲလ်အား ဂရိစ်စစ်မျက်နှာသို့ ပြောင်းရွှေ့ပို့လိုက်သည်။

သို့သော် ရွှန်းမဲလ် အေသင်မြို့သို့ရောက်ရှိပြီး ၂၄ နာရီမျှ မပြည့်သေးမီ ဇူလိုင်လ ၂၅ ရက်နေ့တွင် မူဆိုလိုနီ ကျဆုံးသွားပြီဆိုသော သတင်းကြောင့် ဟစ်တလာက ရွှန်းမဲလ်အား တယ်လီဖုန်းဖြင့် ရေးကြီးသုတ်ပျာ ပြန်ခေါ်ခဲ့ရသည်။

ထိုအချိန်တွင် မြူနစ်မြို့ဝန်းကျင်၌လည်း တပ်မတော်စု(ဘီ)ကို ဖွဲ့စည်းနေခိုက် ဖြစ်သည်။ တပ်မတော်စု(ဘီ)ကို ဖွဲ့စည်းရသောအကြောင်းမှာမူ အီတလီသည် တစ်နေ့တစ်ချိန်တွင် ဘက်ပြောင်းလျှင်ပြောင်း၊ ဘက်မပြောင်းလျှင် လက်နက်ချ အညံ့ခံလိမ့်မည်ဟူ၍ ဟစ်တလာက သင်္ကာမကင်းဖြစ်နေသောကြောင့်တည်း။

ရွှန်းမဲလ်နှင့် စစ်သူကြီး ဂျူးဒဲလ်သည် အီတလီသို့ ဂျာမန်တပ်များ ထပ်မံပို့ရေးအတွက် ဆွေးနွေးရန် ဘာဒိုဂလီယို၏ ဌာနချုပ်သို့ သွားရောက်ခဲ့သောအခါတွင် ဟစ်တလာ၏ သင်္ကာမကင်းစိတ်များ အထွတ်အထိပ်သို့ ရောက်လာစေမည့် သံသယဖြစ်ဖွယ် သဲလွန်စများကို တွေ့လာရလေတော့သည်။

၎င်းဆွေးနွေးပွဲတွင် ဘာဒိုဂလီယို၏ ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ရိုအက်တာက အီတလီသို့ ဂျာမန်တပ်သစ်များ ထပ်မံပို့လျှင် အီတလီပြည်သူများ ဆူပွက်ကုန်ကြမည်ဟူသော ဆင်ခြေဖြင့် တပ်သစ်များ မပို့ဖြစ်စေရေးအတွက် အစွမ်းကုန်ကြိုးစားခဲ့ပြီး ၎င်းတို့၏ စစ်ဌာနချုပ်တွင် အက်(စ်) အက်(စ်) တပ်များ အစောင့်ချထားခြင်းနှင့် ပတ်သက်၍လည်း တာဝန်ရှိသူ ဂျူးဒဲလ်အား ပြင်းပြင်းထန်ထန် ကန့်ကွက်ပြောဆိုခဲ့သည်။

ထို့ပြင် ရိုအက်တာက ဆက်လက်၍ မည်သည့်အခွင့်အာဏာဖြင့် ဤသို့ နိုင်ငံရေးတပ်ကို အီတလီပြည်တွင်းသို့ သွင်းခဲ့ရသနည်းဟု ဂျူးဒဲလ်



အား မေးခွန်းထုတ်သည့်အပြင် ဂျူးဒဲလ်၏ စစ်ဌာနချုပ်တွင် ဂျူးတပ်ခွဲတစ်ခုကို ကင်းအဖြစ် ချထားလျှင် မည်သို့ ရှိမည်နည်းဟူ၍လည်း စကားနာထိုးခဲ့သည်။

အစွပ်စွဲခံရသူ ဂျူးဒဲလ်ကမူ သူနှင့် ရွှန်းမဲလ်အား အီတာလျံများက အဆိပ်ခတ်လိမ့်မည်ဟု သတင်းရထားသဖြင့် ရိုအက်တာ၏ စွပ်စွဲချက်များကို ပြန်လှန်ချေပခြင်းမပြုဘဲ ခပ်မဆိတ်နေခဲ့သော်လည်း အက်(စ်) အက်(စ်) တပ်များကိုမူ ဆက်လက် ချထားမြဲ ချထားခဲ့သည်။

ထိုဆွေးနွေးပွဲအပြီးတွင် ရွှန်းမဲလ် ရရှိလိုက်သော အဖြေမှာမူ ဖွဲ့စည်းဆဲ တပ်မတော်စု(ဘီ)အား အီတလီသို့ အဆောတလျင် ပြောင်းရွှေ့ပို့မှ ဖြစ်မည်ဟူသော အဖြေပင်တည်း။

စက်တင်ဘာလ ၉ ရက်နေ့တွင် ပီယာစင်ဇာမြို့ကို သိမ်းပိုက်ရန် ဇီဗာဂါရိုလမ်းမကြီးပေါ်မှ မောင်းနှင်သွားကြသော တင့်ကားများကို ကျွန်ုပ် စောင့်ကြည့်ခဲ့မိသည်။ ၎င်းတင့်ကားများမှာ ရွှန်းမဲလ်၏ 'ကျား' တင့်ကားများပင် ဖြစ်သည်။

ထိုနေ့မတိုင်မီ တစ်ရက်အလို ညနေပိုင်းတွင် ကျွန်ုပ်တို့၏ သုံ့ပန်းစခန်းကြီးအတွင်းသို့ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ရောက်ရှိလာခဲ့သဖြင့် ကျွန်ုပ်သည် အစောင့်တစ်ယောက်ထံမှ ကောက်ရိုးဦးထုပ်အဝိုင်းကြီးတစ်လုံးနှင့် တစ်ပတ်ရစ် ဝတ်စုံဟောင်းတစ်စုံကို ဈေးမဆစ်ဘဲ အလျင်စလိုဝယ်ယူခဲ့ပြီး ဝတ်စုံသစ်ဖြင့် အီတာလျံတစ်ယောက်နှင့် ခွဲခြားမရနိုင်အောင် ရုပ်ဖျက်နိုင်ပြီဟု မိမိကိုယ်ကိုမိမိ အထင်ကြီးမိကာ ယခုကဲ့သို့ ရန်သူ၏ လှုပ်ရှားမှုကို ကင်းထောက်နေခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်သည် ပန်းခြံအုတ်နံရံပေါ်တွင် မှီလျက်ထိုင်နေရာမှ ၁၆လအတွင်း ပထမဦးဆုံးအကြိမ် ခံစားခွင့်ရလိုက်သည့် လွတ်လပ်ခြင်း၏ အရသာကို ခံစားရင်း နေပူစာလှုံနေမိသည်။

ဤသို့ ငြိမ်းငြိမ်းချမ်းချမ်းရှိလှသည့် တောအရပ်ဒေသကလေးသို့ ဂျာမန်တင့်ကားများ ဝင်လာခြင်းကိုမူ မည်သူမျှ နှစ်လိုကြမည် မဟုတ်သကဲ့သို့ နောက်မိနစ်ပိုင်းအတွင်း တော်မီမောင်းပြန်သေနတ်များ ကိုင်ဆောင်ထားသည့် အက်(စ်) အက်(စ်) တပ်သားများ ရောက်လာသည်ဆိုလျှင်မူ ...

www.burmeseclassic.com

www.burmeseclassic.com



ဆိုဖွယ်မရှိပြီ။

ကျွန်ုပ်သည် အက်(စ်) အက်(စ်) တပ်သားများ ကျွန်ုပ်အား မမြင်မီ အချိန်မီ စပျစ်ခြံအတွင်းသို့ ခုန်လွှားဝင်ခဲ့ရပြီး စပျစ်ခင်းထဲမှတစ်ဆင့် လယ်ကွင်းများကိုဖြတ်ကာ စခန်းသို့ သတင်းပို့ရန် ခြေကုန်သုတ်ခဲ့ရသည်။

နောက်တွင် ကျွန်ုပ်ကြားသိခဲ့ရသည်မှာ ကျွန်ုပ် ဆုတ်ပြေးစဉ် တွေ့လိုက်ရသူတိုင်းက (အက်(စ်) အက်(စ်) တပ်သားများ ကျွန်ုပ်ကို မမြင်ခဲ့သည်မှာ ကံကောင်းထောက်မလိုက်ခြင်းပင် ဖြစ်သည်။) ကျွန်ုပ်အား သုံ့ပန်းတစ်ယောက်ဖြစ်သည်ကို ချက်ချင်း အကဲခတ်နိုင်ခဲ့ကြပြီး ကျွန်ုပ် မည်သည့်အကြောင်းကြောင့် အရပ်ဝတ်စုံဝတ်ဆင်ပြီး ၎င်းနေရာတွင် ရောက်ရှိနေသည်ကို စဉ်းစား၍မရအောင် ရှိခဲ့ကြသည်ဟု ဆိုသည်။

သုံ့ပန်းစခန်းအတွင်း၌ ရှိစဉ်ကပင် ကျွန်ုပ်တို့၏ စစ်သတင်းထောက်လှမ်းရေးဌာနမှ သိထားဟန်မတူသော အီတာလျံများ လက်နက်ချလျှင် ဂျာမန်များက ပြင်းပြင်းထန်ထန် တုံ့ပြန်လိမ့်မည်ဆိုသည့် သတင်းကို ကျွန်ုပ်တို့ သိခဲ့ကြရသည်။

ကျွန်ုပ်တို့နှင့် အလျှဉ်းသင့်သည့် အစောင့်တစ်ယောက်က 'ဘရင်းနား'သို့ ဂျာမန်တပ်မများ လိမ့်ဝင်နေပြီဖြစ်ကြောင်း လွန်ခဲ့သော ရက်သတ္တပတ်နှစ်ပတ်ခန့်ကပင် ကျွန်ုပ်တို့အား သတင်းပေးခဲ့သည်။ သို့သော် အီတလီပြည်တွင်းရှိ ဂျာမန်တပ်များ ဤသို့ မြန်မြန်ဆန်ဆန် တုံ့ပြန်လှုပ်ရှားလိမ့်မည်ဟူသည်ကိုကား ကျွန်ုပ်တို့ မတွက်ချက်မိကြချေ။

ထို့ကြောင့်လည်း ကျွန်ုပ်တို့အထဲမှ လူတော်တော်များများက ထိုနေ့ညနေတွင် ပီယာစင်ဇာမှတစ်ဆင့် မီးရထားဖြင့် ရောမမြို့သို့လည်းကောင်း၊ တောင်ဘက်ပိုင်းသို့ လည်းကောင်း ထွက်ခွာနိုင်ကြလိမ့်မည်ဟု မျှော်လင့်ခဲ့ကြပြီး ထွက်ခွာရန် အစီအစဉ်များ ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။

သို့သော် ကျွန်ုပ်တို့ သုံ့ပန်းစခန်းတွင်ရှိသည့် သုံ့ပန်းအများအပြားမှာ မြောက်အာဖရိကစစ်ပွဲတွင် အဖမ်းခံခဲ့ရသူများဖြစ်၍ ဂျာမန်တပ်များကို အုပ်ချုပ်နေသူမှာ ရွှန်းမဲလ်ဖြစ်ကြောင်း သိခဲ့ကြလျှင်မူ ထိုမျှအထိ ထင်တစ်လုံးနှင့် မျှော်လင့်ချက်ထားခဲ့မိကြမည် မဟုတ်ပေ။

ထိုနေ့က ရီဗာဂါရှိ လမ်းမကြီးပေါ်မှ ဖြတ်ချီခဲ့ကြသည့် ရွှန်းမဲလ်၏



တပ်များသည် ရုံဖန်ရုံခါဆိုသလို တောင်ကုန်းများပေါ်သို့ တပ်ဖြန့်တက်သွားတတ်သည်မှလွဲ၍ ကျွန်ုပ်တို့အား တကူးတက လိုက်လံဖမ်းဆီးခြင်း မပြုခဲ့ပေ။

သဲကန္တာရ တိုက်ပွဲများအတွင်းက ရွှန်းမဲလ်သည် သူ့တပ်များအား တိုက်ပွဲတွင် မည်သည့်အရာကို ဦးစားပေး (က)အဆင့်တွင်ထား၍ ဖမ်းဆီးသိမ်းပိုက်ရမည်။ မည်သည့်အရာကို ဦးစားပေး (ခ)အဆင့်တွင် ထားရမည်စသည်ဖြင့် နံပါတ်စဉ်အလိုက် ဦးစားပေး ဖမ်းဆီးရမည့် အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ၎င်းတို့မှာ ၁။ ရန်သူ့ဓာတ်ဆီနှင့် စက်ဆီကို ဦးစားပေး (က)၊ ၂။ ရန်သူ့ရေကို ဦးစားပေး (ခ)၊ ၃။ ရန်သူ့ရိက္ခာကို ဦးစားပေး(ဂ)၊ ၄။ သုံ့ပန်းများကို ဦးစားပေး (ဃ) စသည်တို့ ဖြစ်သည်။

သုံ့ပန်းများ ဖမ်းဆီးရေးနှင့်ပတ်သက်၍ ရွှန်းမဲလ် ဆိုလေ့ရှိသော စကားမှာမူ 'သူတို့ကို နောက်အချိန်ရမှ ဖမ်းတာပေါ့' ဟူ၍ဖြစ်သည်။

ယခုလည်း ရွှန်းမဲလ်သည် ရှေးနည်းအတိုင်း ကျွန်ုပ်တို့အား ဥပေက္ခာပြုထားခဲ့ဟန် တူသည်။ ဂျာမန်တပ်များ အီတလီမြောက်ပိုင်းကို အပိုင်အနိုင် သိမ်းပိုက်ထားနိုင်စဉ်ကလည်း သူတို့သည် အနှံ့အပြား ထွက်ပြေးနေသည့် သက်ကျားအို သုံ့ပန်းကြီးများအား လိုက်လံဖမ်းဆီးခြင်းထက် ရန်သူ့စက်ပစ္စည်းများ၊ ရန်သူ့ရိက္ခာများနှင့် လူငယ်သုံ့ပန်းများကို ဖမ်းဆီးပြီး ဂျာမနီပြည်ရှိ အလုပ်စခန်းများသို့ ပို့ရန်ကိုသာလျှင် ပို၍ စိတ်အားထက်သန်ခဲ့ကြသည်ကို တွေ့ခဲ့ရသည်။

ရွှန်းမဲလ်သည် သူ့ဗီဇအတိုင်း သက်သောင့်သက်သာ လုပ်ကိုင်နေရသည့် လက်ရှိအလုပ်ကို ငြီးငွေ့လာသည်။ တစ်ကြောင်းကလည်း ကေဘာရင်းလက်အောက်တွင် ပြန်လည်အမှုထမ်းလိုသော ဆန္ဒမရှိခြင်းကြောင့် ဖြစ်သည်ဟု ဆိုမည် ဆိုကလည်း ဆိုနိုင်ပေသည်။

မှန်သည်။ သူ အထူးဆန္ဒ ပြင်းပြလျက်ရှိသော အလုပ်မှာမူ တိုက်ရိုက်ရသည့် ဦးစီးတာဝန်ကို ပြန်လည် ရရှိရေးပင် ဖြစ်သည်။ ပူပြင်းသော နေရာသီရက်များကို အီတာလျံရေကန်များထဲတွင် စည်းစိမ်ခံရင်း အချိန်ကုန်လွန်ရသော အလုပ်မျိုးသည် စစ်၌ ပွန်းတီးလိုသူများ၏ အလုပ်မဟုတ်ဟူ၍ ထင်မြင်ယူဆခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် မဟာမိတ်တို့နှင့် အီတလီ စစ်ပြေငြိမ်းပြီးသည့်နောက်ပိုင်းတွင် ရွှန်းမဲလ်သည် အက်(စ်) အက်(စ်) တပ်သားများနှင့်သာမက အက်(စ်) အက်(စ်) တပ်မှူးဖြစ်သူ ဆက်(ပ်) ဒီအက်ထရစ်(ချ်)နှင့်လည်း အဆင်မပြေဖြစ်လာခဲ့ရသည်။

မီလန်မြို့နှင့် အခြားအီတလီမြောက်ပိုင်း မြို့ကြီးများတွင် အက်(စ်) အက်(စ်) တပ်များက လုယက်မှုများ ကျူးလွန်နေကြခြင်းနှင့် အခြားလူမဆန်သည့် အပြုအမူများကို ပြုမူကျင့်ကြံနေသည့် သတင်းများကိုလည်း နားမဆံ့အောင် ကြားနေရသည်။

ရွှန်းမဲလ်သည် အက်(စ်) အက်(စ်) တပ်များ၏ လူမဆန်သည့် အပြုအမူများကို နားမဆံ့အောင် ကြားနေရသော်လည်း သူ့တွင် ဝင်ရောက်တားမြစ်ပိုင်ခွင့်၊ စွက်ဖက်ပိုင်ခွင့် မရှိသဖြင့် မခံချင်စိတ်များ ပြင်းပြနေသည်နှင့်အမျှ စိတ်လက်မချမ်းမြေ့မှုများလည်း ဖြစ်နေရသည်။

နောက်ဆုံး သည်းမခံနိုင်တော့သည့်အဆုံးတွင်မူ ရွှန်းမဲလ်သည် အပြစ်ပေးသင့်သည့် အက်(စ်) အက်(စ်) အရာရှိများကို စာရင်းပြုလုပ်ကာ သက်ဆိုင်ရာမြို့သို့ တိုင်းကြားစာများနှင့်တကွ ပူးတွဲတင်ပြလိုက်သည်။

တစ်ချိန်တည်းမှာပင် သူ့တွင်ရှိသော အက်(စ်) အက်(စ်) တပ်များကို လွတ်လပ်စွာ ပြောင်းရွှေ့နေရာချထားနိုင်သည့် အခွင့်အာဏာကို အသုံးပြုကာ အက်(စ်) အက်(စ်) တပ်များကို မြို့ပြင်သို့ ပြောင်းရွှေ့ပို့လိုက်လေသည်။

"ဘယ့်နှယ့်လဲ စစ်သူကြီး ရွှန်းမဲလ်၊ မီလန်မှာ အခြေအနေကောင်းရဲ့လား"

ဤကား အီတလီသို့ တပ်များကို စစ်ဆေးရန် ရောက်ရှိလာသည့် ဟင်းမလားက ရွှန်းမဲလ်အား မေးခဲ့သောမေးခွန်း ဖြစ်သည်။

ရွှန်းမဲလ်၏ အဖြေမှာမူ 'အက်(စ်) အက်(စ်) တပ်တွေကို မြို့ပြင်ရွှေ့လိုက်မှ အခြေအနေ ပိုကောင်းလာပါတယ်' ဟူ၏။

မည်သို့ပင်ဖြစ်စေ အက်(စ်) အက်(စ်) တပ်သားများသည် အလွယ်တကူ အည့်ခံအရှုံးပေးတတ်သူများ မဟုတ်လေရာ ၎င်းတို့နှင့် ပတ်သက်သည့် ရွှန်းမဲလ်၏ ဆောင်ရွက်ချက်များမှာ အရာမထင် ခရီးမရောက် ဖြစ်ခဲ့ရသည်။



တစ်ကြိမ်တွင်လည်း ရွှန်းမဲလ်သည် အက်(စ်) အက်(စ်) တပ်များ လုယက်မှုများ ကျူးလွန်နေသည်ဟု ၎င်းတို့၏ ဗိုလ်ချုပ်အားတိုင်ကြားခဲ့ရာ ရွှန်းမဲလ်သည် တံဆိပ်ခေါင်းများ စုဆောင်းတတ်သည်ကို သိရှိထားသော အက်(စ်) အက်(စ်) ဗိုလ်ချုပ်က အက်(စ်) အက်(စ်) တပ်သားများ လုယက်မှု ကျူးလွန်ရာတွင် ရခဲ့သည့် အဖိုးတန် တံဆိပ်ခေါင်းများကို ရွှန်းမဲလ်ထံသို့ လက်ဆောင်အဖြစ် ပို့ခဲ့လေသည်။

သို့နှင့် နိဂုံးကာလဆန်းသို့ တိုင်လေသောအခါတွင်မူ ခေါင်းဆောင်ကြီးဟစ်တလာက သူ့အား အထူးတာဝန်တစ်ရပ် ပေးအပ်ရန် စီစဉ်လျက်ရှိပြီဆိုသော သတင်းကို ကြားလိုက်ရသဖြင့် စိတ်အနည်းငယ် ချမ်းသာခွင့်ရလိုက်သည်။

သူထမ်းရွက်ရမည့် တာဝန်သစ်ဆိုသည်မှာ အနောက်ဘက်စစ်မျက်နှာရှိ ကမ်းရိုးတန်း ကာကွယ်ရေးစခန်းများကို စကားဂျားရက်(ခ်)ဒေသမှ စပိန်နယ်စပ်အထိ စစ်ဆေးကြည့်ရှုရန်နှင့် အကယ်၍ ရန်သူတက်ရောက် တိုက်ခိုက်ခဲ့သော် မည်မျှ အဆင်သင့် ရှိမည်ဆိုသည်ကို အစီရင်ခံရန် ဖြစ်လေသည်။

သို့ဖြစ်၍ ရွှန်းမဲလ်ခေါင်းဆောင်ရမည့် ကမ်းရိုးတန်း ကာကွယ်ရေးစစ်ကြောင်း စစ်ဆေးရေးအဖွဲ့တွင် ရေတပ်ဆိုင်ရာလုပ်ငန်းများတွင် ကျွမ်းကျင်သည့် ရေကြောင်းပါရဂူများလည်း ပါဝင်လာရပေသည်။

ယင်းသို့ရှိရာ ရွှန်းမဲလ်၏ ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ဂေါဆီ (ထိုပုဂ္ဂိုလ်မှာ မြောက်အာဖရိက စစ်ပွဲများအတွင်း ရွှန်းမဲလ်၏ လက်အောက်တွင် ဒဏ်ရာရသောအချိန် ၁၉၄၂ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ စစ်မှုထမ်းခဲ့သူ ဖြစ်သည်။)က ရွှန်းမဲလ် အလိုရှိနေသော ရေကြောင်းပါရဂူတစ်ယောက်ကို မိမိသိကြောင်းဖြင့် ရွှန်းမဲလ်အား အဆိုပြုခဲ့သည်။

ဗိုလ်ချုပ်ဂေါဆီ အဆိုတင်ခဲ့သော ရေကြောင်းပါရဂူကား ရေကြောင်းဗိုလ်ချုပ် ရုဂ်(ချ်) ဖြစ်သည်။ ထိုစဉ်က ရုဂ်(ချ်)သည် အီတလီရောက် ဂျာမန်ရေတပ်များကို အုပ်ချုပ်နေရပြီး ၎င်းတာဝန်ကို မထမ်းရွက်မီကလည်း ရေကြောင်းတစ်လျှောက် မိုင်းနှင့် ရေမြှုပ်ဗုံး ရှင်းလင်းရေးလုပ်ငန်းများကို

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူလုပ်ကိုင်ခဲ့ရသူ ဖြစ်သည်။

သို့ဖြစ်၍ ရွှန်းမဲလ်သည် ဗိုလ်ချုပ်ဂေါဆီ၏ အဆိုပြုချက်အရ ရုဂ်(ချ်)ကို တောင်းယူလိုက်လေတော့သည်။ ဗိုလ်ချုပ်ရုဂ်(ချ်)မှာ အရည်အသွေးပြည့်ဝသူ တစ်ယောက်ဖြစ်သဖြင့် ရွှန်းမဲလ် ရွေးချယ်မှုမှာ မှန်ကန်သော ရွေးချယ်မှုဟူ၍ပင် ဆိုရပေမည်။

မကြာမီမှာပင် ရွှန်းမဲလ်နှင့် ရုဂ်(ချ်)သည် ရင်းနှီးသွားကြပြီး အတွင်းရေးရော အပြင်ရေးကိုပါ တိုင်ပင်ဆွေးနွေးနိုင်သည့် မိတ်ဆွေစစ်များ ဖြစ်သွားကြတော့သည်။

ရုဂ်(ချ်)ကလည်း ရွှန်းမဲလ်အား မြင်လျှင်မြင်ချင်း ခင်တွယ်ခဲ့သည်။ ဤသို့ ရွှန်းမဲလ်အား မြင်လျှင်မြင်ချင်း ခင်တွယ်မိသည့် အကြောင်းကိုလည်း အောက်ပါအတိုင်း ကျွန်ုပ်အား ပြန်လည် ပြောပြခဲ့လေသည်။

"ရွှန်းမဲလ်ဟာ အခြားအလုပ်ခွင်တွေမှာထက် ရေတပ်တွေမှာ မကြာခဏ တွေ့ရတတ်တဲ့ လူမျိုးဖြစ်တယ်"

ဗိုလ်ချုပ်ရုဂ်(ချ်)၏ အထက်ပါစကားလေးကို နားထဲတွင် စွဲနေပြီဖြစ်သော ကျွန်ုပ်အား ရွှန်းမဲလ်၏ဓာတ်ပုံကို ပြန်၍ကြည့်မိပြီး သူ့အကြောင်းဖတ်မိသမျှ၊ ကြားမိသမျှ၊ မှတ်မိသမျှများကို ပြန်လှန်စဉ်းစားခဲ့မိသည်။

ထိုအခါတွင်မူ ကျွန်ုပ် မပီမပြင် မသဲမကွဲဖြစ်နေသည့် ရွှန်းမဲလ်၏ ဇီဇသရုပ်မှန်ကို ကြည်ကြည်လင်လင် ပီပီပြင်ပြင် မြင်စပြုလာသည်ဟု ထင်လိုက်မိတော့သည်။

ကျွန်ုပ်ကိုယ်တိုင် ပင်လယ်၌ ကျက်စားခဲ့ဖူးပြီး ကျွန်ုပ်၏ ဖခင်မှာလည်း ရေတပ်သားကြီး ဖြစ်ခဲ့ဖူးခြင်းကြောင့်လည်း ဖြစ်ကောင်းဖြစ်ပေမည်။ ကျွန်ုပ်သည် ထူးခြားလှသည့် ဂျာမန်ဗိုလ်ချုပ်ကြီး၏ ဇီဇသရုပ်မှန်ကို နားလည်သဘောပေါက်စ ပြုမိသည်ဟု ထင်မြင်ခဲ့ပါ၏။

အမှန်ဆိုသော် ရွှန်းမဲလ်၏ ဇီဇရုပ်သွင်သည် ရေတပ်သားကြီးတစ်ယောက်နှင့် တူလှသည်ဟု ဆိုရသော်လည်း ရွှန်းမဲလ်အနေနှင့် ပင်လယ်တွင် ကျက်စားဖူးရန် မဆိုထားဘိ၊ ဆားရေငန်ကိုပင် ကောင်းစွာမြင်ခဲ့ဖူးသူမဟုတ်ပေ။

သို့သော် ရွှန်းမဲလ်၏ ဇီဇရုပ်သွင်မှန်ကို စာရှုသူသိကျွမ်းလိုမူ



ရေကြောင်းဗိုလ်ချုပ်ကြီး နဲလ်ဆင်၏ အားထားရာ လက်ရုံးဟု ဆိုအပ်သည့် ကပ္ပတိန်ဟွန်ဘလွားနှင့် စံနှိုင်း၍ ကြည့်ရန်ကိုသာ တိုက်တွန်းရပေတော့မည်။

အကြောင်းမူ ရွှန်းမဲလ်သည် ကပ္ပတိန်ဟွန်ဘလွားကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်သောကြောင့်တည်း။

သဲကန္တာရစစ်ပွဲများ၌ လည်းကောင်း၊ အခြားစစ်ပွဲများ၌ လည်းကောင်း၊ ရွှမ်းမဲလ် ပြခဲ့သော အရည်အသွေးများမှာ ရေတပ်သားများ မတွေ့မမြင်ဖူးသော အရည်အသွေးများ မဟုတ်ပါပေ။

ကြည်းတပ်သားများလည်း ဇက်ရဲလက်ရဲနှင့် ခွဲနပဲကြီးခြင်း၊ ပိုင်နိုင်စွာ ဆုံးဖြတ်နိုင်ခြင်း၊ အမောအပန်းခံနိုင်ရည်ရှိခြင်း စသည့် အရည်အချင်းများနှင့် ပြည့်စုံနိုင်ပါ၏။

သူတို့သည် စာပေကျမ်းဂန်နှင့် အနုပညာရပ်များ၌ အထူးနှံ့စပ်ရန် မလိုဘဲနှင့်လည်း စိတ်မွန်စိတ်မြတ်များ ရှိနိုင်ပါ၏။

ထို့အတူ သူတို့သည် ကိုယ်အမူအရာ နှုတ်အမူအရာ ကျစ်လျစ်သိမ်မွေ့ခြင်း၊ ဆိုရေးရှိသောစကားကို ဝံ့ဝံ့ရဲရဲဆိုခြင်း၊ မိမိအား ပေးအပ်သည့် တာဝန်ကို ပြီးမြောက်အောင်မြင်အောင် ပြုလုပ်လိုသောဆန္ဒရှိခြင်း၊ မခံချင်စိတ်ရှိခြင်း စသည့် အရည်အသွေးများနှင့်လည်း ပြည့်စုံနိုင်ပါ၏။

သို့သော် ကြည်းတပ်သားများတွင် ရှိနိုင်သည့် ဆိုခဲ့ပြီး အရည်အချင်းများတွင် ရွှန်းမဲလ်၏ အခြားအရည်အချင်းများဖြစ်သည့် အရေးအခင်းကြီးငယ်မဟူ ကျပန်းဆောင်ရွက်နိုင်ခြင်း၊ စက်မှုပညာများကို တီထွင်နိုင်ခြင်း၊ ရောင့်ရဲသော စိတ်ရှိခြင်း၊ တစ်ဦးတစ်ယောက်သောသူက သူ့ရှေ့မှောက်တွင် ရန့်ရင်းကြမ်းတမ်းသော စကားကို မဆိုဝံ့အောင်ပင် သန့်စင်သော နှလုံးသားရှိခြင်း၊ မိမိအိပ်ရာ၌သာလျှင် ပျော်မွေ့လိုသောစိတ်နှင့် မိမိအိမ်ထောင်အပေါ်တွင် ထားရှိသောသစ္စာ စသည့် အရည်အချင်းများကို ဖြည့်စွက်လိုက်ပါမူ စာရှုသူသည် ဂျာမန်စစ်သူကြီး ရွှန်းမဲလ်၏ ကိုယ်နှုတ်နှလုံးကို ခြုံငုံမိနိုင်လောက်ပြီဟု ဆိုရန်ရှိတော့သည်။

နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ဗိုလ်ချုပ်ရုဂ်(ချ်)သည် ရွှန်းမဲလ်ထံသို့ သတင်းပို့ပြီး ရောက်မဆိုက်ဆိုသလိုပင် ဘာလင်မြို့သို့ လုပ်ငန်းနှင့်ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



သည့် မြေပုံများ၊ ရေပုံများနှင့် သတင်းများ စုဆောင်းရန် စေလွှတ်ခြင်းခံလိုက်ရလေသည်။

သို့သော် ၎င်းမြေပုံများကို စုဆောင်းမိသောအခါတွင်မူ ရန်သူလေကြောင်းတိုက်ခိုက်မှုတစ်ခုတွင် ပျက်စီးဆုံးရှုံးသွားခဲ့ရလေသည်။

ထို့ကြောင့်လည်း ရွှန်းမဲလ်နှင့် ဗိုလ်ချုပ်ရှဂ်(ချ်)သည် ဒီဇင်ဘာလဆန်းလောက်မှ ဒိန်းမတ်ပြည်၌ အလုပ်စတင်နိုင်ခဲ့ကြသည်။

သူတို့နှစ်ဦး ဒင်းနစ်(ရှ်) ကမ်းရိုးတန်းကို စစ်ဆေးရာတွင် ၁၀ ရက်ခန့်မျှ ကြာသွားခဲ့ပြီး ၎င်းအလုပ် ပြီးစီးသောအခါ၌မူ ရွှန်းမဲလ်သည် တပ်မတော်စု(ဘီ) ဌာနချုပ်ကို 'ဖောင်တိန်ဘလို'သို့ ပြောင်းရွှေ့ကာ ပြင်သစ်ကမ်းရိုးတန်းကို လေ့လာပြန်လေသည်။

ရွှန်းမဲလ်သည် ၁၉၄၀ ခုနှစ်မှစ၍ ပြင်သစ်ပြည်သို့ ရောက်ခဲ့သူဖြစ်ရာ မြင်နေမကျသဖြင့် မြင်မြင်သမျှသော အရာများမှာ သူ့အတွက် ရင်တုန်ဖွယ်ရာများသာ ဖြစ်နေရလေတော့သည်။ အကြောင်းမူ ဂျာမန်ဝါဒဖြန့်ချိရေးယန္တရားကြီးက ဂျာမန်ပြည်သူများနှင့်တကွ မဟာမိတ်များကိုပါ ယုံကြည်လောက်အောင် ကြွားလုံးထုတ်ထားသည့် မဟာအတ္တလန္တိတ် တံတိုင်းကြီးသည် စင်စစ်တွင်မူ မဟာမိတ်တို့ ဖန်ခုန်တမ်းကစားရန် ပြုလုပ်ထားသည့်စက္ကူခွေတစ်ခုသာဖြစ်ကြောင်း မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရခြင်းတည်း။

ဂျာမန်ရေတပ်မတော်က သော့ချက်ဆိပ်ကမ်းများတွင် ကမ်းစောင့်အမြောက်များတပ်ဆင်ပြီး ကြည်းတပ်မတော် အမြောက်တပ်များနှင့် အဆက်အစပ်ပြုသင့်သလောက် ပြုလုပ်ထားသည်မှန်သော်လည်း ရေတပ်မတော်မှအမြောက်များမှာ ဖြစ်ကတတ်ဆန်း ဆင်ထားခြင်းမျှသာ ဖြစ်သည်။

ထို့အတူ ကြည်းတပ်မှ အမြောက်များမှာလည်း မြေတွင်စိုက်ရုံမျှသာ စိုက်ထားပြီး လေကြောင်းရန် ကာကွယ်ရန်နှင့် တစ်ဖက်ရန်သူက ပစ်ခတ်မည့် အမြောက်ဆန်များကို ကာကွယ်ရန် စီမံထားခြင်းမရှိဘဲ ပြီးစလွယ်ပြုလုပ်ထားကြသည်။ ကမ်းစောင့် စစ်စခန်းတစ်လျှောက်တွင်လည်း အမာခံဗုံးခိုကျင်းများမရှိ။ ဖြဲ မီလီမီတာ အမြောက်စခန်းများတွင်သာ လေကြောင်းကာကွယ်မှုများ ပြုလုပ်ထားသည်ကို တွေ့ရ၏။

သို့သော် ၎င်းပစ္စည်းများမှာလည်း ရန်သူလေကြောင်း တိုက်ခိုက်မှု



ဒဏ်ကို ခံနိုင်မည့် အကာအကွယ်များ မဟုတ်ပေ။

အဆုံးဆိုရသော် ကမ်းခြေကာကွယ်ရေး လုပ်ငန်းတစ်ရပ်လုံးအပေါ် ရွှန်းမဲလ်၏ သုံးသပ်ချက်မှာ ရန်သူ့စစ်ပြုမှုကို မည်သည့်နည်းနှင့်မျှ ကြံ့ကြံ့ခံနိုင်မည်မဟုတ် ဟူ၍ပင် ဖြစ်လေသည်။

ပြင်သစ်ကမ်းရိုးတန်း ကာကွယ်ရေးခရီးစဉ်များကို ရွှန်းမဲလ်နှင့်လိုက်လံစစ်ဆေးလျက်ရှိသော ရေကြောင်းပါရဂူ ရှဂ်(ချ်)သည် အလုပ်ခွင်တွင်မရှိသော အင်ဂျင်နီယာချုပ်ကို ခေါ်ယူတွေ့ဆုံပြီး ဆူပူကြိမ်းမောင်းလိုက်သည်။

စင်စစ် အထူးတလည် အပြစ်တင်ထိုက်သူများမှာ ဂျာမန် စစ်ဦးစီးအဖွဲ့သာ ဖြစ်သည်ဟူ၍လည်း ရွှန်းမဲလ်နှင့် ဗိုလ်ချုပ်ရှဂ်(ချ်)တို့က သဘောပေါက်ခဲ့ကြသည်။

မှန်သည်။ ခေါင်မှ မိုးမလုံသောအခါ တံစက်မြိတ်မှ မိုးမလုံတတ်စမြဲ ဖြစ်သည်မှာ သဘာဝပင် မဟုတ်ပါလော။

သို့အထက်မှ လျော့ရဲလာသောအခါ လက်အောက်ခံအရာရှိများကလည်း လျော့ရိလျော့ရဲ ဖြစ်လာခဲ့ကြတော့သည်။

ကြာသော် သူတို့သည် မိမိလုပ်နေသောအလုပ်ကို မည်မျှသာလုပ်၍မည်သည့်အချိန်တွင်သာ ပြီးသင့်ကြောင်းများကိုပင် သူတို့ ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချမှတ်လာကြတော့သည်။

အချုပ်ဆိုရသော် ပြင်သစ်ပြည်သည် ရုရှားစစ်မျက်နှာ၌ တိုက်ပွဲပန်းလာခဲ့ကြသည့် တပ်မများနှင့် အလုပ်ပန်းနေသော ဗိုလ်ချုပ်များ၏ အပန်းဖြေစခန်းကြီးနှင့်မခြား ဖြစ်နေပေတော့သည်။

ကမ်းခြေစောင့် အမြဲတမ်း တပ်များတွင်လည်း ညံ့ဖျင်းသောအရာရှိများနှင့် ပြည့်နေသကဲ့သို့ တပ်သားများမှာလည်း ထိုသို့သော အရည်အသွေးမဲ့သည့် အရာရှိများ၏ လက်အောက်၌သာ လိုလိုချင်ချင် အမှုထမ်းလိုကြသော တပ်သားများ ဖြစ်နေလေသည်။

ရွှန်းမဲလ်၏ တုံ့ပြန်မှုမှာ အများမျှော်လင့်သကဲ့သို့ 'အမှား'ကို 'အမှန်' ပြုလုပ်လိုသော ဆန္ဒသာ ပြင်းပြနေသည်။

ရွှန်းမဲလ်သည် နာတာလူးပွဲတော် မတိုင်မီ ရက် ဖနည်းငယ်ခန့်က

www.burmeseclassic.com

www.burmeseclassic.com



စ၍ ကမ်းရိုးတန်းတစ်လျှောက်တွင် ဆောက်လုပ်နေဆဲ စခန်းအသီးသီးသို့ သူ့ဦးစီးများနှင့် လှည့်လည် စစ်ဆေးခြင်းဖြင့်လည်းကောင်း၊ ဌာနချုပ် အသီးသီးသို့ သွားရောက်ခြင်းဖြင့် လည်းကောင်း အချိန်များကို ကုန်စေခဲ့သည်။

နေထွက်သည်နှင့် ရွှန်းမဲလ်သည် ကမ်းရိုးတန်းကာကွယ်ရေး စခန်း အသီးသီးသို့ ရောက်ရှိနေတတ်ပြီး ညဉ့်အခါများတွင်လည်း အနားမယူဘဲ အရာရှိများနှင့် ဆွေးနွေးပွဲများ ထိုင်တတ်ပြန်လေသည်။

ရွှန်းမဲလ်၏ အမူအကျင့်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ရုဂ်(ချ်)က အောက်ပါအတိုင်း ပြန်လည်ပြောပြခဲ့ဖူးလေသည်။

"သူက အိပ်ရာစောစောထတတ်တယ်၊ သွားစရာရှိတဲ့နေရာကို မြန်မြန်သွားတတ်ပြီး စစ်ဆေးစရာရှိတာကိုလည်း မြန်မြန် စစ်ဆေးတတ်တယ်။ အဲဒီလို စစ်ဆေးတဲ့နေရာမှာ အစီအစဉ် အဆင်မပြေတာမျိုးကို အလွန်မြင်တတ်တယ်။ ဆောင်းတွင်း တစ်နေ့မှာ သူနဲ့ ကျွန်ုပ်နဲ့ ပြင်သစ်ကမ်းရိုးတန်းတစ်လျှောက်မှာ ရှိတဲ့ စခန်းတွေကို စစ်ဆေးရင်း ပါပစ်(ခ်)နန်းစခန်းကို ညဘက် ရောက်သွားတယ်။ အဲဒီစခန်းက မနက်စောစော ၆ နာရီလောက် ထထွက်ခဲ့ပြီး လမ်းမှာ မနက်စာမစားဘဲ ဆီးနှင်းမိုးတွေ ရွာနေတဲ့ ကြားက တောက်လျှောက်မောင်းလာခဲ့တာ နာရီပြန် နှစ်ချက်တီးမှ စခန်းကို ရောက်တယ်။ အဲဒီစခန်းကနေ နေ့လယ်စာမစားဘဲ ခရီး ဆက်ထွက်တယ်၊ ကျွန်ုပ်တို့ ဘော်ဒီအောက်(စ်)စခန်းကို ည ၇ နာရီမှ ရောက်သွားတယ်။ အဲဒီမှာ ဗိုလ်ချုပ်ဗွန်းဗလက်ခိုဝစ်(ခ်)နဲ့ အစည်းအဝေးထိုင်တယ်။ အဲဒီအစည်းအဝေးအပြီး ည ၈ နာရီ လောက်ကျမှ ညစာ စားရတယ်၊ တစ်နေ့လုံးအတွက် အဲဒီ တစ်နပ် စာပဲ စားလိုက်ရတယ်၊ ည ၉ နာရီမှာ ဆက်အလုပ်လုပ်ရပြန်တယ်၊ ကျွန်ုပ်အနေနဲ့ ရွှန်းမဲလ် အလုပ်လုပ်သလောက် ကြိုးစားပြီး လိုက် လုပ်နိုင်ပေမဲ့ ကျွန်ုပ်ရဲ့ အင်ဂျင်နီယာချုပ်ကတော့ ဣန္ဒြေမဆောင် နိုင်တော့ဘဲ စားပွဲပေါ်မှာတင် အိပ်ပျော်သွားတော့တယ်"



ဤသို့ပင် ရွှန်းမဲလ်၏ လက်အောက်၌ အနီးကပ် အမှုထမ်းရသော အရာရှိများမှာ များသောအားဖြင့် ရွှန်းမဲလ်ကဲ့သို့ပင် တန်းတူရည်တူ မလုပ် ကိုင်နိုင်သူက များခဲ့လေသည်။

မည်သို့ပင် ရွှန်းမဲလ်အနေဖြင့် ကြိုးစားခဲ့စေကာမူ အတ္တလန္တိတ် တံတိုင်းကို စစ်ဆေးရုံသာ စစ်ဆေးနိုင်ခွင့်ရှိပြီး လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ခွင့် ရှိခဲ့သည်ကား မဟုတ်ပေ။

တပ်များကို တိုက်ရိုက်အမိန့်ပေးနိုင်ခြင်းလည်း မရှိဘဲ အနောက် ပိုင်း စစ်သေနာပတိချုပ်ဖြစ်သူ စစ်သူကြီးရန်းစတက်နှင့် အထက်ဦးစီးအဖွဲ့ ထံသို့သာလျှင် အကြံဉာဏ်ပေးနိုင်ခဲ့သည်။

ရွှန်းမဲလ်သည် တစ်ဖက်တွင် ဟစ်တလာ့ထံမှ အမိန့်ခံယူနေရပြီး အခြားတစ်ဖက်၌လည်း တာဝန်ယူ ခွဲဝေမှုအရ ဗိုလ်ချုပ်ကြီး ဗွန်ရန်းစတက်၏ လက်အောက်သို့ ရောက်ရှိနေသဖြင့် အလုပ်ခွင်တွင် သူ့ဆန္ဒအတိုင်း လုပ်ပိုင် ခွင့် ရှိမည်မဟုတ်သကဲ့သို့ အထက်အရာရှိဖြစ်သူ ဗွန်ရန်းစတက်နှင့်လည်း သဘောထား ကွဲလွဲမှုများ ရှိခဲ့ကြမည်မှာ အမှန်ပင်ဖြစ်သည်။

သို့တစေ သူတို့နှစ်ဦးသည် အများမျှော်လင့်သည်ထက် ပို၍ သင့်မြတ်ခဲ့ကြလေသည်။

ဗိုလ်ချုပ်ကြီးဗွန်ရန်းစတက်သည် မှူးမျိုးမတ်နွယ်မှ ဆင်းသက်လာ သူဖြစ်ပြီး စနစ်လည်းကြီးသကဲ့သို့ စစ်ကျောင်းတော်ဟောင်းထွက် တစ်ဦး ဖြစ်သည့်အလျောက် ရှေးမူဟောင်းကို အသေဆုပ်ကိုင်ထားသူ မူဟောင်း သမားကြီးတစ်ယောက်ဖြစ်သော်လည်း ထူးချွန်သည့် စစ်ပညာရှင် တစ်ယောက် ဖြစ်သည်ကိုမူ မည်သူမျှ မငြင်းနိုင်ပေ။

ထို့ကြောင့်လည်း ရွှန်းမဲလ်ကဲ့သို့ ဥရောပစစ်ပွဲကြီးများ၏ အတွေ့ အကြုံများလည်း မရှိ၊ စစ်ဦးစီးတက္ကသိုလ်လည်း တက်ရောက်သင်ကြားခဲ့ဖူး ခြင်းမရှိဘဲ စစ်သူကြီးရာထူးသို့ ဖြတ်လမ်းမှ ခုန်ကျော်တက်လာခဲ့သည့် ပြိုင်ဘက်တစ်ယောက်အား ဗွန်ရန်းစတက်အနေဖြင့် အထင်သေးမည်ဆိုက အထင်သေးစရာအကြောင်း ရှိပါ၏။

အခြားအကြောင်း တစ်ကြောင်းကလည်း အထက်မှ ချမှတ်ပေးခဲ့ သော တာဝန်ခွဲဝေမှုမှာ သူတို့နှစ်ဦးအား အချင်းမများ များစေရန် ဖန်တီးပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သကဲ့သို့ ရှိသည်။

သို့တစေ ဗွန်းရန်းစတက်သည် အပြင်ပန်းအားဖြင့် ခက်တရော်ဟန် ရှိသော်လည်း လက်တွေ့ဆက်ဆံရေး အပိုင်းတွင်မူ ပြေပြစ်မွန်ရည်သူ တစ်ယောက်ဖြစ်ပြီး ဟာသဉာဏ်ရွှင်သူလည်း ဖြစ်သည်။

ရွှန်းမဲလ် ကွယ်လွန်သွားပြီးနောက်တွင် ဗွန်ရန်းစတက်က ရွှန်းမဲလ် အပေါ် ထားရှိသည့် သူ၏သဘောထားအမှန်ကို ဗိုလ်ကြီးလစ်ဒဲလ်ဟတ်အား အောက်ပါအတိုင်း ထုတ်ဖော်ပြောဆိုခဲ့ဖူးလေသည်။

"သူ့အပေါ် ကျုပ် ဘာမျှ အပြစ်ပြောစရာ မရှိပါဘူး။ ကျုပ်ပေးသမျှ အမိန့်ကိုလည်း တစ်သဝေမတိမ်း လိုက်နာခဲ့ပါတယ်။ သူ့မှာ အထက်တန်း ဦးစီးတာဝန်ကို ယူနိုင်လောက်တဲ့ အရည်အချင်းမျိုးတော့ ရှိလိမ့်မယ်လို့ ကျုပ်မထင်ဘူး။ ဒါပေမဲ့ သူဟာ အလွန်ရဲရင့်တဲ့ လူတစ်ယောက်ဖြစ်ပြီး လုပ်ရည်လုပ်ရည်ရှိတဲ့ တပ်မှူးကောင်းတစ်ယောက် ဖြစ်ပါတယ်"

ယင်းသို့ ရွှန်းမဲလ်အပေါ် ဝေဖန်ပြောဆိုလိုက်ခြင်းဖြင့် ဗွန်းရန်းစတက်သည် ရွှန်းမဲလ်ထက် ပိုပြီး အမြင်ရှိသူတစ်ဦးဟု ယူဆ၍ကား မဖြစ်ပေ။

အကြောင်းမူ ၁၉၄၂ ခုနှစ်တွင် ဗိုလ်ချုပ်ဗွန်းရန်းစတက်သည် အနောက်ပိုင်း စစ်သေနာပတိချုပ်အဖြစ် တာဝန်လွှဲပြောင်းယူလိုက်သောအခါ အတ္တလန္တိတ်တံတိုင်းကြီးအား ရွှန်းမဲလ် ရှုမြင်သလို အတ္တလန္တိတ်တံတိုင်းကြီး၏ အားနည်းချက်ကို တစ်မှုဟုတ်ချင်း သုံးသပ်နိုင်ခဲ့သော်လည်း အတ္တလန္တိတ်တံတိုင်းကြီးကို မည်သို့သော အစီအမံများဖြင့် တည်ဆောက်ထားစေကာမူ ကမ်းတက်လာမည့် မဟာမိတ်တပ်များ၏ ရန်ကို ကာကွယ်နိုင်မည်မဟုတ်ဟု တရားသေ သတ်မှတ်ခဲ့ခြင်းကြောင့် ဖြစ်သည်။

၁၉၄၃ ခု နှစ်ဦးပိုင်းသို့ ရောက်သောအခါတွင်မူ ရွှန်းမဲလ်သည် နယ်လာလင်မြို့များနှင့် လွိုင်ယာမြို့အကြားရှိ ဂျာမန်တပ်မတော်သားအားလုံးတို့၏ စစ်သေနာပတိဖြစ်လာကာ ဟော်လန်ပြည်၌ ဖြန့်ထားသောတပ်များ၊ ဒတ်ချ်နယ်စပ်အကြားတွင် ချထားသည့် အမှတ် ၇ တပ်မတော်နှင့် ဆိန်းနှင့် လွိုင်ယာအကြားရှိ လက်နက်ကိုင်တပ်များကို အုပ်ချုပ်ခဲ့ရလေသည်။



ရွှန်းမဲလ်ကဲ့သို့ပင် ဗိုလ်ချုပ်ဘလစ်ကိုဝစ်(ဇ်) ကလည်း ဘစ္စကီး ပင်လယ်ကွေ့နှင့် ပီးရနီးအကြားတွင် ချထားသည့် ပထမတပ်မတော်ကို လည်းကောင်း၊ မြေထဲပင်လယ် ကမ်းရိုးတန်းတစ်လျှောက်၌ ချထားသည့် အမှတ် ၁၉ တပ်မတော်ကို လည်းကောင်း အုပ်ချုပ်ခဲ့ရလေသည်။

ယင်းသို့ အသီးသီးလွတ်လပ်စွာ အုပ်ချုပ်ခွင့်ရခဲ့ကြစေကာမူ ဗွန်ရန်းစတက်မှာ စစ်ဦးစီးချုပ်အဖြစ် ၎င်းတို့အပေါ်တွင် ဆက်လက် တည်မြဲနေဆဲပင် ဖြစ်သည်။

အထက်ပါ အစီအစဉ်မှာ အမြော်အမြင်ရှိသော အစီအစဉ် ဖြစ်သည်။ ဗွန်ရန်းစတက်၏ ဦးစီးအဖွဲ့ဝင်များက ၎င်းအစီအစဉ်မှာ ဗွန်ရန်းစတက်ကိုယ်တိုင် ချမှတ်ခဲ့သော အစီအစဉ်ဟု ဆိုခဲ့ပြီး ရေကြောင်းဗိုလ်ချုပ် ရုဂ်(ချ်)ကလည်း ရွှန်းမဲလ်၏ အစီအမံဟု ဆိုခဲ့သည်။

မည်သူ့ကြောင့်ပင် ၎င်းအစီအစဉ် ဖြစ်မြောက်ခဲ့ရသည်ဟု ဆိုခဲ့ကြစေကာမူ ဗွန်ရန်းစတက်က...

"အတ္တလန္တိတ်တံတိုင်းကို ဘယ်လို စီမံထားပေမယ့် အဓိပ္ပာယ် ရှိလာလိမ့်မယ်၊ အကျိုးထူးလာလိမ့်မယ်လို့တော့ ကျုပ်မထင်မိဘူး။

ရွှန်းမဲလ်မှာ တခြားအမြင်ရှိပြီး ကြိုးစားကြည့်ချင်တယ်ဆိုရင်တော့ ကြိုးစားစမ်းပါစေ"ဟု ဆိုခဲ့လေသည်။

ဗွန်းရန်းစတက် ဆိုခဲ့သည့်အတိုင်းလည်း ရွှန်းမဲလ်က အတ္တလန္တိတ်တံတိုင်းကြီးအား ခိုင်မာသည်ထက် ခိုင်မာအောင် ကြိုးကြိုးပမ်းပမ်း တည်ထောင်ခဲ့သည်။

အမှန်ဆိုရပါမူ ရွှန်းမဲလ် နောက်ထပ် ခြောက်လခန့် ဆက်လက် လုပ်ကိုင်ခွင့် မရလိုက်ခြင်းသည်ပင် မဟာမိတ်တို့အဖို့ ကံကောင်းသည်ဟု ဆိုရပေမည်။ သို့မဟုတ်မူ မဟာမိတ်တပ်များ ကမ်းတက်ရာတွင် ဒုက္ခလှလှကြီး တွေ့ရမည်မှာ အမှန်ပင်ဖြစ်သည်။

လွတ်လွတ်လပ်လပ် အုပ်ချုပ်ပိုင်ခွင့် ရနေသည်ဟု ဆိုစေကာမူ ရွှန်းမဲလ်သည် အကျပ်အတည်းပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ရပြီး ခက်ခက်ခဲခဲ လုပ်ကိုင်ခဲ့ရသည်။

ထို့ကြောင့်လည်း ဗိုလ်ချုပ်ကြီးရုဂ်(ချ်)က 'ရွှန်းမဲလ်ဟာ ရေတပ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ဩဇာညောင်းသင့်သလောက် မညောင်းခဲ့ဘူး၊ လေတပ်အပေါ်မှာတော့ လုံးဝ ဩဇာမရှိသလောက်ပါပဲ' ဟူ၍ ပြန်လည် ပြောပြခဲ့ခြင်းဖြစ်သည်။

သို့နှင့် ရွှန်းမဲလ်သည် မဟာမိတ်တပ်များ ကမ်းတက်တိုက်ခိုက်ပြီး ရက်သတ္တသုံးပတ်အကြာ ဇူလိုင် ၁ ရက်နေ့ တိုင်သောအခါမှပင် အနောက်ပိုင်းစစ်သေနာပတိချုပ်ထံသို့ အောက်ပါအစီရင်ခံစာကို ရေးသားပေးပို့ နိုင်ခဲ့လေသည်။

"ဝါးမတ်ချ်တပ်မတော်နှင့် တပ်ဖွဲ့အားလုံး တစ်စုတစ်ရုံးတည်း စည်းလုံးပေါင်းမိစေရန်နှင့် တပ်အားလုံးကို တစ်မိန့်တစ်သံအောက်တွင် အုပ်ချုပ်ကွပ်ကဲနိုင်စေရန် ကျွန်ုပ်၏ တပ်မတော်စု (ဘီ) တပ်နယ်အတွင်း၌ရှိသည့် ဌာနချုပ်များကိုလည်းကောင်း၊ အခြား စစ်လက်ရုံးနှစ်ခုအနက်မှ တပ်မတော်စု တပ်နယ်ဖွဲ့စည်းပုံထဲတွင် ပါဝင်ပြီးဖြစ်သည့် တပ်ဖွဲ့များကို လည်းကောင်း၊ တပ်မတော်စုနှင့် လက်ရှိ ပူးတွဲတာဝန်ယူနေသည့် တပ်ဖွဲ့များကိုလည်းကောင်း ကျွန်ုပ်၏လက်အောက်တွင် တစ်စုတစ်စည်းတည်းပေါင်းစည်းပြီး အုပ်ချုပ်ရန် ရည်ရွယ်ပါသည်။

ကြည်းရေလေတပ်များ တစ်တပ်နှင့်တစ်တပ် နားလည်မှုရှိရေးနှင့် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးမှာ ၎င်းစစ်လက်ရုံးသုံးခုအား ဌာနချုပ်တစ်ခုတည်း၏ အောက်တွင် ထားရှိစေပြီး စနစ်တကျ အုပ်ချုပ်မှသာလျှင် ဖြစ်နိုင်ပါသည်။

အမိန့်များ အကြိမ်ကြိမ် ထုတ်ပြန်နေခြင်းဖြင့် စစ်ရေး၌တွင်ကျယ်မှု ရရှိနိုင်မည် မဟုတ်ပါ"

၎င်းအကြောင်းများမှာ အများသိရှိ နားလည်ပြီးသော အကြောင်းများသာလျှင် ဖြစ်ပါ၏။

မှန်သည်။

ဂျာမန်တို့၏ စစ်ရေးရှုံးနိမ့်ခဲ့ရသည့် အကြောင်းရင်း တစ်ရပ်မှာလည်း တပ်များ တစ်တပ်နှင့်တစ်တပ် နားလည်မှုမရှိခြင်း၊ ဝန်တိုမိစ္ဆာဖြစ်ခြင်း၊ ဟင်းမလား၊ ဂိုးအာရင်း စသည့် ပုဂ္ဂိုလ်တို့၏ သစ္စာတော်ခံ ပုဂ္ဂလိကပိုင်



တပ်များအကြားတွင် ရှိခဲ့သည့် သဘောထားကွဲလွဲမှုပင် ဖြစ်သည်။

ထို့အပြင် ကမ်းရိုးတန်း ကာကွယ်ရေးစခန်းများ အသေဆောက်လုပ်ခြင်းကို အယုံအကြည်မရှိခဲ့သည့် ဗွန်ရန်းစတက်နှင့် အမြင်တစ်ထပ်တည်းရှိသော တပ်မတော်ဦးစီးအဖွဲ့ကစ၍ လက်အောက်ခံ တပ်မှူးများအထိ ရွှန်းမဲလ်၏ ဆောင်ရွက်ချက်မှန်သရွေ့ကို အထင်မကြီးခဲ့ပေ။

ယင်းသို့ ဖြစ်ခဲ့ရခြင်းကြောင့် ရွှန်းမဲလ်သည် အလွန်နောက်ကျနေပြီဖြစ်သော ဧပြီလ ၂၂ ရက်နေ့အထိ အောက်ပါစာမျိုးကို ရေးနေခဲ့ရခြင်းဖြစ်သည်။

"ကမ်းရိုးတန်းတစ်လျှောက် ကျွန်ုပ် လှည့်လည် စစ်ဆေးသည့်အခါတွင် အခါတိုင်းထက်ပင် တိုးတက်နေသည်ကို တွေ့ရပါသည်။ သို့သော် မည်သို့ပင် တိုးတက်နေစေကာမူ ကျွန်ုပ်စစ်ဆေးမိသမျှ တပ်များတွင် များသောအားဖြင့် ကျွန်ုပ်တို့ မျက်မှောက်ပြုနေရသော အချိန်အခါ၏ အရေးကြီးပုံကို လိုက်နာခြင်းမရှိကြောင်း တွေ့ရှိခဲ့ရပြီး ကမ်းခြေပေါ်ရှိ ဖုံးခင်းများ၊ လိုအပ်သောအချိန်၌ မချွတ်မချော် ပေါက်ကွဲစေနိုင်ရမည်ဟူသည့် ကျွန်ုပ်၏အမိန့်ကိုလည်း တိတိကျကျ လိုက်နာခြင်းမရှိကြောင်း တိုင်ကြားစာများ ရရှိခဲ့သည်။ လက်အောက်ခံတပ်မှူး တစ်ယောက်ကမူကျွန်ုပ်၏အမိန့်ကို မလိုက်နာရုံမျှမက ဆန့်ကျင်ဘက်အမိန့်မျိုးကိုပင် ထပ်ဆင့်ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။ တစ်ဖန် ကျွန်ုပ်၏အမိန့်များကို အချိန်ကျော်လွန်မှ အရေးယူ၍ လည်းကောင်း၊ ပြန်လည်ပြင်ဆင်၍လည်းကောင်း ပြုလုပ်သည့် တပ်မှူးများလည်းရှိသည်။ တချို့တပ်မှူးများကလည်း ကျွန်ုပ်၏အမိန့်များထဲမှ အမိန့်တစ်ခုကို ပထမနေ့တွင် စမ်းသပ်ကြည့်ပြီး နောက်နေ့များတွင်မှ စတင်ဆောင်ရွက်မည်ဟူသော သတင်းမျိုးကိုလည်း ကြားသိရသည်။ တချို့တပ်မှူးများကလည်း ကျွန်ုပ်၏ အမိန့်များကို သိရှိထားပြီးဖြစ်သော်လည်း လိုက်နာဆောင်ရွက်ရန် ကိုမူ အသင့်ပြင်ဆင်ထားခြင်း မရှိကြပေ။ ကျွန်ုပ်ပေးသော အမိန့်များမှာ အမှန်တကယ် လိုအပ်၍ပေးသော အမိန့်များဖြစ်သည့်အလျောက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏အမိန့်များကို လက်အောက်ခံတပ်မှူးများက အမြန်ဆုံး တိကျစွာ လိုက်နာရန် မျှော်လင့်သည်။ တစ်ဖန် ကျွန်ုပ်၏အမိန့်များကို ပြင်ဆင်ရန်နှင့် ကြိုးနီစနစ်ကြောင့် နှောင့်နှေးစေခြင်းမျိုး မဖြစ်သင့်ပေ"

ဤသို့သော အခြေအနေများကို ရင်ဆိုင်နေရသည့် ရွှန်းမဲလ်သည် အာဖရိက 'ကိုး'၏ ကျိုးနွံမှုများကို အောက်မေ့တသနေမိမည်မှာ အမှန်ပင်ဖြစ်သည်။ သဲကန္တာရထဲတွင်မူ သူ့တပ်သားများအား မည်သည့်အခါမျှ အမိန့်နှစ်ကြိမ် မပေးခဲ့ရဖူးချေ။

အချိန်လု၍ လုပ်ခဲ့ရသော အလုပ်မျိုးတွင် အထက်ပိုင်းကလည်း အားပေးအားမြှောက်မရှိ၊ အောက်ပိုင်းကလည်း တက်တက်ကြွကြွ မရှိဆိုလျှင်မူ အလုပ်လုပ်ရာတွင် မတွင်ကျယ်နိုင်သည်မှာ သဘာဝပင်။

သို့တစေ အထက်ပိုင်းမှ အားပေးအားမြှောက် မရှိသည့်အဖြစ်မျိုးကို အမြဲတစေ တွေ့ကြုံနေရသူဖြစ်၍ အရေထူနေပြီ ဖြစ်သကဲ့သို့ လက်အောက်အမှုထမ်းများ၏ စည်းကမ်းပျက်မှု၊ တာဝန်မကျေပွန်မှု၊ တက်တက်ကြွကြွမရှိမှု စသည်တို့ကိုလည်း အတွေ့အကြုံရှိပြီးသူဖြစ်လေရာ လုပ်စရာရှိသော အလုပ်များကိုသာ စိတ်ဓာတ်ပျက်ပြားခြင်းမရှိဘဲ တက်တက်ကြွကြွပင် ဆက်လက်လုပ်ကိုင်ခဲ့သည်။

ထို့အပြင် ရွှန်းမဲလ်သည် စိတ်ဓာတ်ပျက်ပြားနေသော တပ်သားများကို တက်တက်ကြွကြွဖြစ်လာအောင် ပြုလုပ်နိုင်သည့်နေရာတွင် နှစ်ယောက်မရှိသူ ဖြစ်သည်။

ယင်းကြောင့်လည်း ဗိုလ်ချုပ်ရုဂ်(ချ်)က အောက်ပါအတိုင်း ပြောပြခဲ့ခြင်း ဖြစ်၏။

"ရွှန်းမဲလ်ဟာ ရေတပ်သားတစ်ယောက်ကို ခွေးရုပ်လို ထခုန်အောင် လုပ်နိုင်တဲ့လူ ဖြစ်တယ်။ တပ်သားတွေကို ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာကိုလည်း ကောင်းကောင်းသိတယ်။ သူဟာ ကျွန်ုပ်တို့လိုပဲ။ ၁၉၁၈ ခုနှစ်အတွင်းက အရာရှိကလေးဘဝသာ ဖြစ်လေတော့ တော်လှန်ရေးပြီးတဲ့အခါ အရာရှိနဲ့ တပ်သားစပ်ကြားမှာ ရှိတတ်တဲ့ ကွာဟမှုနဲ့၊ အရာရှိနဲ့ တပ်သားဆက်ဆံရေးကို



လေးလေးနက်နက် စဉ်းစားခဲ့တယ်။ ဒါကြောင့် ကျွန်ုပ်တို့ ရေတပ်ရော ကြည်းတပ်ပါ တကယ့် ကျဉ်းကျပ်တဲ့ အခြေအနေမျိုးထဲမှာတောင်မှ စိတ်ဓာတ်မပျက်ဘဲ ကြံ့ကြံ့ခံနေနိုင်ခဲ့ကြတာပဲလို့ ကျွန်ုပ်ထင်တယ်။ ပြင်သစ်ပြည်မှာတုန်းက ကျွန်ုပ်နဲ့ သူနဲ့သွားခဲ့တဲ့ နေရာတိုင်းမှာ အကြပ်တပ်သား၊ အရာရှိလေးတွေကအစ လွတ်လွတ်လပ်လပ် ဆက်ဆံတယ်။ သူ့စိတ်ထဲမှာ ရှိတာကိုလည်း လက်အောက်အရာရှိတွေနဲ့ တပ်သားလေးတွေကို စိတ်ရှည်လက်ရှည် ရှင်းပြပြီး သူဘာလုပ်စေချင်တယ်၊ ဘာကိုင်စေချင်တယ်ကအစ နားလည်အောင် ရှင်းပြတာကို တွေ့ရတယ်၊ လူငယ်တွေဟာလည်း ရွှန်းမဲလ်ရဲ့ ပြောဆိုဆက်ဆံမှုတွေကို နားဝင်ချိုလေတော့ လူငယ်တို့သဘာဝအတိုင်း ရွှန်းမဲလ်ရဲ့အမိန့်ဆိုရင် တစ်သဝေမတိမ်း လိုက်နာကြတော့တာပဲ၊ တခြား အကြောင်းတစ်ခုကလည်း သူဟာ ထင်ပေါ်ကျော်ကြားတဲ့ လူတစ်ယောက်ဖြစ်တဲ့အပြင် ထိုးထွင်းဉာဏ် ထက်မြက်တယ်။ ဣန္ဒြေနဲ့နေတတ်ပေမဲ့ ဟာသဉာဏ်ရွှင်တယ်။ ပြဿနာတစ်ခုကို ကိုင်တွယ်တဲ့ နေရာမှာလည်း လူမှုရေးကို ဘယ်တော့မှ မေ့မထားတတ်ဘူး၊ အဲဒီ အရည်အချင်းတွေဟာလည်း တခြားဦးစီးအရာရှိတွေမှာ မရှိတတ်လေတော့ ရွှန်းမဲလ်က သူတို့ကို တွေ့ဆုံ ပြောဆိုလိုက်ရင် စိတ်ဓာတ်တွေ တက်ကြွလာကြတယ်။ လုပ်စရာရှိတာကိုလည်း ချက်ချင်း လုပ်လာကြတယ်။ အဲဒီလိုနဲ့ပဲ ကမ်းရိုးတန်းကာကွယ်ရေး လုပ်ငန်းကြီးတစ်ခုလုံးဟာ တွင်ကျယ်လာရပါတယ်"

ရေလက်ကြားတစ်ဖက်တွင်လည်း ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီသည် ရွှန်းမဲလ်ကဲ့သို့ပင် မိမိလက်အောက်ငယ်သားများ စိတ်ဓာတ်တက်ကြွအောင် ပြုလုပ်ရာတွင် သူမတူသူဖြစ်လေရာ အတ္တလန္တိတ်တံတိုင်းကြီးကို ချိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် ပြင်ဆင်နေသည့် လက်အောက်တပ်သားများအားလည်းကောင်း၊ စစ်ပစ္စည်းများ တည်ဆောက်နေသည့် စက်ရုံအလုပ်သမားများအားလည်းကောင်း၊ စိတ်ဓာတ်တက်ကြွစေရန်နှင့် လုပ်ငန်းတွင်ကျယ်စေရန် လှုံ့ဆော်ကြိုက်စကားများကို ပြောဆိုလျက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီသည် ရွှန်းမဲလ်ကဲ့သို့ စကားကို ရိုးရိုးနှင့် ရှင်းရှင်း ပြောတတ်သည်။ လိုရင်းကို တိုက်ရိုက်ပြောဆိုနိုင်သူ ဖြစ်သည်။

တပ်သားလေးများနှင့် ဆက်ဆံရာတွင်လည်း ရွှန်းမဲလ်နည်းတူ နားဝင်ချိုစေမည့် စကားများကို ရွေးချယ်ပြောဆိုတတ်သူ ဖြစ်သည်။

မည်သို့ဆိုစေကာမူ ဂျာမန် ထိပ်တန်းအရာရှိပိုင်းကရော မဟာမိတ် ထိပ်တန်းအရာရှိပိုင်းကပါ လူငယ်ကြိုက်ပြော၍ လူငယ်များနှင့် လက်ပွန်းတတီးနေသည်ကို မနှစ်သက်ကြပေ။ ဤသို့ လူငယ်များနှင့် ပြောဆိုဆက်ဆံခြင်းသည် နောက်လိုက်များအောင် ပြုလုပ်သည်၊ လူမွေးသည်ဟု ယူဆခဲ့ကြသည်။

ဗြိတိသျှသတင်းစာများအား ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီ၏ အကြောင်းကို လျှော့ပေါ့ရေးရန် ဗြိတိသျှစစ်အာဏာပိုင်ပိုင်းက အဆိုပြုဖူးသည်ဟု အယ်လင်မိုးဟက်ထိက ပြန်လည် ပြောခဲ့ဖူးသည်။

ထိုနည်းတူစွာပင် ဂျာမန်စစ်အာဏာပိုင်ပိုင်းကလည်း ၁၉၄၁ ခုနှစ် ခန့်မှစ၍ ၎င်းတို့၏ ဝါဒဖြန့်ချိရေးဌာနကို ရွှန်းမဲလ်အကြောင်း လျှော့လျှော့ပေါ့ပေါ့ရေးရန် ညွှန်ကြားခဲ့သည်။

ထိုညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့သူမှာလည်း ဗိုလ်ချုပ်ကြီးဟောလ်ဒါပင် ဖြစ်ဟန်ရှိလေသည်။

ဗွန်အီစ်ဘက်ကလည်း ရွှန်းမဲလ် မြောက်အာဖရိကတွင်ရှိစဉ်က ရွှန်းမဲလ်ထံ ပြန်သွားရန် ခွင့်တောင်းခဲ့သည်ကို ခွင့်မပြုခဲ့ချေ။

သို့သော် ရွှန်းမဲလ်အပေါ်၌ ဝန်တိုမစ္ဆရိယဖြစ်နေကြသည့် ဂျာမန် ထိပ်တန်းအရာရှိများမှာ ရွှန်းမဲလ်အား မထင်ပေါ်မကျော်စေလိုသော်လည်း မျက်မှောက်ပြုနေရသော အခြေအနေအရ ရွှန်းမဲလ်အား ထင်ပေါ်ကျော်ကြားအောင် မရှောင်မလွှဲသာ ပြုလုပ်ရမည့် အခြေအနေသို့ ဆိုက်ရောက်နေသဖြင့် အလွန်အမင်း စိတ်ထိခိုက်ခဲ့ကြရသည်။

အကြောင်းမူ မဟာမိတ်များအား ဟိတ်တစ်လုံးနှင့် ခြောက်လှန့်နိုင်ရန်မှာ အတ္တလန္တိတ် တံတိုင်းကြီး၏ တောင့်ခိုင်ပုံ အကြောင်းများကို အစွမ်းကုန် အမွှမ်းတင်၍ ဝါဒဖြန့်ချိပေးရမည် ဖြစ်သည်။

ယင်းသို့ အတ္တလန္တိတ် တံတိုင်းကြီးအား အမွှမ်းတင်လိုက်သည်နှင့်



တစ်ပြိုင်နက် ၎င်းတံတိုင်းကြီးကို တာဝန်ယူတည်ဆောက်နေသည့် ရွှန်းမဲလ် အကြောင်းကိုလည်း မရှောင်မလွှဲသာ ဖော်ထုတ်ရမည် ဖြစ်သောကြောင့် တည်း။

ထို့ကြောင့် ဂျာမန်ထိပ်တန်း အရာရှိပိုင်းသည် အတွင်း၌သာလျှိုက်၍ ရွှန်းမဲလ်အား လူကြားလူဝါတစ်ယောက်အဖြစ် လည်းကောင်း၊ မိမိ ထင်ပေါ်ကျော်ကြားမှုကိုသာ ခုံမင်သူတစ်ယောက်အဖြစ် လည်းကောင်း သိက္ခာချရင်း ၎င်းတို့၏ ဝန်တိုမစ္ဆရိယစိတ်များကို နှစ်သိမ့်နေကြရသည်။

အချို့အရာရှိကြီးများကလည်း ရွှန်းမဲလ်သည် မြောက်အာဖရိကတွင် မမာမကျန်းဖြစ်ပြီးကတည်းက ရှေ့ယခင်ကနဲ့မတူတော့ဟု သတင်းလွှင့်ခဲ့ကြသည်။

ထိုစဉ်အတွင်း ရွှန်းမဲလ်ကလည်း မောင်ဂိုမာရီကဲ့သို့ပင် သူ့နာမည်သည် တစ်ဖက်ရန်သူကို ခြိမ်းခြောက်ရာတွင် အသုံးပြုရမည့် လက်နက်တစ်ခုဖြစ်သည်ဟု သဘောပေါက်လေသောကြောင့် 'မဟာမိတ်တွေရဲ့ တိုက်ခိုက်မှုကို ရက်သတ္တတစ်ပတ်ဖြစ်ဖြစ် ရွှေ့ဆိုင်းနိုင်တယ်ဆိုရင် ငါ့နာမည်ကိုပဲဖြစ်စေ၊ ငါ့ဓာတ်ပုံကိုပဲဖြစ်စေ ကြိုက်သလို အသုံးပြုနိုင်တယ်'ဟူ၍ သူ၏ ဓာတ်ပုံဆရာချုပ်အား ပြောဆိုခဲ့ခြင်း ဖြစ်သည်။

မလိုတမာရှိသူများကား မည်သို့ပင် ပုတ်ခတ်ပြောဆိုခဲ့ကြသည် ဖြစ်စေ၊ ရွှန်းမဲလ်၏ ပင်ကိုစရိုက်မှာမူ ကြွားဝါတတ်သူမဟုတ်ဘဲ ရိုးရိုးနှင့် အေးအေးသာလျှင် နေထိုင်တတ်သူသာ ဖြစ်သည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်ကြီးရုဂ်(ချ်)က အောက်ပါအတိုင်း ထောက်ခံပြောဆိုခဲ့ခြင်း ဖြစ်သည်။

"သူဟာ ပကာသနကို မမက်သလို သူ့ကိုယ်သူ ရှေ့တန်းတင်ချင်တဲ့စိတ်မျိုးလည်း မရှိပါဘူး"

ရွှန်းမဲလ်သည် သူ့အပေါ် ပုဂ္ဂလိကဌာန် မုန်းတီးသူများကို လျစ်လျူရှုနိုင်သူ ဖြစ်သည်။ သူ့လုပ်ငန်းတွင် စိတ်ပါဝင်စားစွာ အားသွန်ခွန်စိုက် အချိန်ပြည့် လုပ်အားပေးနေသော်လည်း ပစ္စည်းရှားပါးမှုကြောင့် လုပ်ငန်းတွင်ကျယ်သင့်သလောက် မတွင်ကျယ်ဘဲ ဖြစ်နေရသည်။ ၎င်းကိစ္စကိုလည်း သူကိုယ်တိုင် မဖြေရှင်းနိုင်ချေ။

လုပ်ငန်းခွင်တွင် အခက်အခဲတွေ့နေရသော ပစ္စည်းများမှာ သံမဏိ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဘိလပ်မြေဖြစ်သည်။ ထိုအချိန်က သံမဏိနှင့် ဘိလပ်မြေမှာ ရေငုပ်သင်္ဘောစခန်းများနှင့် ဗွီ(ဝမ်း)၊ ဗွီ(တူး) ပစ်စင်များ ဆောက်လုပ်ရာတွင် အမြောက်အမြား အသုံးပြုနေရသဖြင့် ရှန်းမဲလ်အဖို့ ရသမျှနှင့်ပင် ဖြစ်သလို လုပ်ကိုင်နေရသည်။

ကမ်းခြေစောင့် အမြောက်စခန်းများတွင်လည်း လေကြောင်းအကာ အကွယ်များ ဆောက်လုပ်နေရသဖြင့် လိုအပ်သော ပစ္စည်းများကို ခက်ခက် ခဲခဲ ရှာဖွေနေခဲ့ရပြီး အမြောက်စခန်းအများအပြားကိုလည်း လေကြောင်း အကာအရံများ ဆောက်လုပ်မပေးနိုင်သဖြင့် လျစ်လျူရှုထားခဲ့ရလေရာ မဟာမိတ်တပ်များ ကမ်းတက်တိုက်ခိုက်လာသောအခါ အကာအရံမရှိသော အမြောက်စခန်းများမှာ မဟာမိတ်လေယာဉ်များ၏ လက်ချက်ဖြင့် အလွယ်တကူ ပြိုပျက်ခဲ့ရလေသည်။

❑

## ရှန်းမဲလ်နှင့် မိုင်းဗုံးများ

ရှန်းမဲလ်သည် ပစ္စည်းရှားပါးမှု အခက်အခဲများကို ရင်ဆိုင်နေရသည့်ကြားထဲကပင် လုပ်ငန်းများကို တွင်ကျယ်သင့်သလောက် တွင်ကျယ်အောင် လုပ်ကိုင်နိုင်ခဲ့သည်။ သို့တွင်ကျယ်ခဲ့သည်မှာလည်း သူ၏ ကျပန်းတီထွင်အသုံးပြုနိုင်သည့် ထိုးထွင်းဉာဏ်ကြောင့်ပင် ဖြစ်သည်။

ထို့အပြင် လွန်ခဲ့သော လအနည်းငယ်ကစ၍ ထောက်ပံ့ရေးနှင့် ဆက်သွယ်ရေးအခက်အခဲများကို ရင်ဆိုင်နေခဲ့ရသည့်ကြားမှလည်းကောင်း၊ မကြာခဏ ရန်သူ့လေကြောင်း တိုက်ခိုက်မှုကို ခံနေရသည့်ကြားမှလည်းကောင်း၊ ရေမြှုပ်ဗုံးများကို ယမန်နှစ်ကထက် နှစ်ဆတိုး၍ မြှုပ်နှံနိုင်ခဲ့သည်။ ထိုသို့ မြှုပ်နှံခဲ့သည့် ရေမြှုပ်ဗုံးအရေအတွက်မှာ လေးသန်း ဖြစ်သည်။

ရှန်းမဲလ်သည် အချိန်ရလျှင် တင့်ကားသွားနိုင်သည့် လမ်းမှန်သမျှတွင် မြေမြှုပ်ဗုံး သန်းငါးဆယ်မှ သန်းတစ်ရာအထိ မြှုပ်နှံနိုင်ရန် အစီအစဉ်များ ပြုလုပ်ခဲ့သည်။

ရှန်းမဲလ် မျက်မှောက်ပြုနေရသော ဆောက်လုပ်ရေးပစ္စည်း ရှားပါးမှုအခက်အခဲတွင် ရေမြှုပ်ဗုံးများလည်း ပါရှိလေရာ ထုံးစံအတိုင်း လက်လှမ်းမီရာ ပစ္စည်းများဖြင့် အစားထိုးတီထွင် ပြုလုပ်နိုင်ရန် ကြံဆခဲ့သည်။

ယင်းသို့ ကြံဆခဲ့သည့်အလျောက်လည်း လက်နက်ခဲယမ်း မီးကျောက်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီးများထဲတွင် အစုလိုက်အပုံလိုက် အလဟဿဖြစ်နေသည့် ဖုံးဆန် အမြောက်ဆန်အဟောင်းများကို ရှာဖွေစုဆောင်း၍ မြေမြှုပ်ဗုံးများအဖြစ်သို့ ပြောင်းလဲအသုံးချခဲ့သည်။ (၎င်းနည်းမှာ မြန်မာပြည်တွင် ဂျပန်များ အသုံးချခဲ့သည့်နည်း ဖြစ်သည်။)

ယင်းသို့ မြေမြှုပ်ဗုံးများ တီထွင်ပြုလုပ်ရာ၌လည်းကောင်း၊ မြေမြှုပ်ဗုံးများ မြှုပ်နှံနေရာချထားရာ၌လည်းကောင်း၊ တာဝန်ခံအင်ဂျင်နီယာများက ရှေးမူအတိုင်း ပြုလုပ်လိုကြပြီး ရွှန်းမဲလ်ကမူ တိုးတက်ဆန်းသစ်သောနည်းများဖြင့် ဗုံးခင်းများကို ဖြစ်နိုင်သမျှ ရှေးမူဟောင်းများနှင့် လုံးဝခြားနားသော ဗုံးခင်းနေရာချထားမှုများ ပြုလုပ်လိုခဲ့သည်။

၎င်းအကြောင်းနှင့်စပ်လျဉ်း၍ 'ဗုံးခင်းချထားတဲ့နေရာမှာ ရွှန်းမဲလ်ဟာ အင်ဂျင်နီယာများနဲ့ တိုက်ပွဲများစွာ တိုက်ခဲ့ပါတယ်'ဟူ၍ ရေကြောင်းဗိုလ်ချုပ်ရုဂ်(ချ်)က ဆိုခဲ့ပြီး ဆက်လက်၍ ပြောဆိုသည်မှာ...

"သူတို့က (အင်ဂျင်နီယာများ) မြေမြှုပ်ဗုံးတွေကို စာအုပ်ကြီးအတိုင်း မြှုပ်ချင်တယ်၊ ရွှန်းမဲလ်ကတော့ နည်းပေါင်းစုံနဲ့ မြှုပ်ချင်တယ်"

အမှန်ဆိုသော် ထိုအချိန်က ရွှန်းမဲလ်နှင့် ရုဂ်(ချ်)တို့သည် ရေ၌လည်းကောင်း၊ ကုန်း၌လည်းကောင်း တိုးတက်သောနည်းများဖြင့် ဗုံးများကို မြှုပ်နိုင်ရန် လေ့လာနေဆဲတွင် မဟာမိတ်တပ်များ ကမ်းတက်တိုက်ခိုက်ခြင်းခံလိုက်ရသည်။

ဤနယ် ရွှန်းမဲလ်၏ ပွင့်လင်းသောစိတ်ကြောင့် လည်းကောင်း၊ ရေကြောင်း အကြံပေးအရာရှိဖြစ်သူ ရေကြောင်းပါရဂူ ရုဂ်(ချ်)က ရွှန်းမဲလ်အား ပို၍တွယ်တာစေခဲ့ခြင်း ဖြစ်သည်။

"သူဟာ ရှေးမူဟောင်းကို အသေဆုပ်ကိုင်ထားတဲ့ စစ်သားကြီးတစ်ယောက် မဟုတ်သလို အခြားစစ်ဦးစီးတွေနဲ့လည်း လုံးဝမတူသူ ဖြစ်တယ်။ စက်မှုပညာကိုလည်း အလွန်ဝါသနာပါတယ်။ မမြင်ဖူးတဲ့ စက်ပစ္စည်းတစ်ခုကို တစ်ကြိမ်လောက် မြင်လိုက်ရုံနဲ့ အဲဒီစက်ပစ္စည်းရဲ့ သဘောကို ချက်ချင်း ငုံမိနိုင်တဲ့လူ ဖြစ်တယ်။ အင်ဂျင်နီယာတစ်ယောက်ယောက်က သူ့ကို ညနေပိုင်းမှာ အကြံ



ပေးလိုက်ရင် နောက်တစ်နေ့မနက်မှာ သူက အဲဒီ အကြံပေးခဲ့တဲ့ အင်ဂျင်နီယာကို တယ်လီဖုန်းနဲ့ဆက်ပြီး ပိုမိုကောင်းမွန်တဲ့ ဖြည့်စွက်ချက်တွေကို ပြောနိုင်တဲ့လူဖြစ်တယ်။ သူ့ကိုယ်၌ကလည်း စက်မှုပညာကို ဝါသနာအလျောက် လေ့လေ့လာလာ ရှိခဲ့လေတော့ သူ့ဖြည့်စွက်ချက်တွေဟာ မူလက အကြံပေးခဲ့တဲ့ အင်ဂျင်နီယာကိုယ်တိုင် တအံ့တသြ ဖြစ်ခဲ့ရတယ်"ဟူ၍ ရုဂ်(ချ်)က ဆိုခဲ့ဖူးလေသည်။

ရန်သူများကမ်းတက်ရာ၌ ခက်ခဲသည်ထက် ခက်ခဲစေရန် တီထွင်ကြံဆ၍ လုပ်ခဲ့သည့် ရွှန်းမဲလ်၏ လက်ရာမြောက်သော ကိရိယာများကို ကြည့်ခြင်းအားဖြင့် ရွှန်းမဲလ်၏ ထိုးထွင်းဉာဏ်နှင့် ကျပန်းတီထွင်မှု မည်မျှထူးချွန်ကြောင်း အကဲခတ်နိုင်ပေသည်။

ရွှန်းမဲလ် တီထွင်ခဲ့သည့် ကိရိယာများထဲတွင် ဥပမာ–ကမ်းနှင့် မလှမ်းမကမ်း ရေတိမ်၌ စိုက်ထူခဲ့သော သံချွန်သံစူးများ၊ အချို့သံချွန်များထိပ်တွင် တပ်ဆင်ခဲ့သော မိုင်းဗုံးများ၊ သံမဏိဖြတ်သွားများ၊ ကွန်ကရစ်လေးထောင့်တုံးကြီးများထဲ၌ မြှုပ်ထားသည့် လက်ဖြစ်မိုင်းဗုံးများ၊ သဘောၤရေကြောင်းတွင် မျှောထားသည့် သစ်တုံးအတု မိုင်းဗုံးများနှင့် အခြားမရေမတွက်နိုင်သော တီထွင်မှုများ ပါဝင်လေသည်"

ဤသို့ ရေထဲတွင် ကျပန်းတီထွင်မှုများဖြင့် ပြုလုပ်ခဲ့သည့်နည်းတူ ကမ်းစပ်၌ လည်းကောင်း၊ ကုန်းထက်၌ လည်းကောင်း၊ တီထွင်ဆန်းသစ်သော မိုင်းမြှုပ်နည်းများကို အသုံးပြု၍ နေရာအနှံ့ မြေမြှုပ်ဗုံးများ မြှုပ်နှံခဲ့သည်။

ကုန်းထက်အချို့နေရာများတွင် ဝါးလုံးများ စိုက်ထူကာ ထိုဝါးလုံးနှင့် မိုင်းဗုံးများကို ဝိုင်ယာကြိုးဖြင့် ဆက်သွယ်စေခဲ့သည်။ ယင်းသို့ဖြင့် စက်မဲ့လေယာဉ်များ မြေသို့သက်ဆင်းလျှင် ဝါးလုံးများနှင့်ထိမိကာ ရုတ်တရက် ပေါက်ကွဲပျက်စီးစေနိုင်သော တီထွင်မှုများကို ပြုလုပ်ခဲ့သည်။

ရွှန်းမဲလ်တီထွင်ခဲ့သည့် အချို့ကိရိယာများမှာ ပြီးစီးနေခဲ့ပြီဖြစ်သော်လည်း သယ်ယူပို့ဆောင်ရေး အခက်အခဲနှင့် အလုပ်သမားအခက်အခဲကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင်လ ၆ ရက်နေ့အထိ ရည်ရွယ်ခဲ့သောနေရာများတွင် နေရာချထားခြင်း မပြုနိုင်တော့ပေ။

ထို့အပြင် ပစ္စည်းရှားပါးမှုကြောင့် မိုင်းဗုံးအစစ်များကို မချထားနိုင်သည့် နေရာများတွင်လည်း ဗုံးခင်းအတုများ ပြုလုပ်ခဲ့ပြီး ရန်သူ့ ကင်းထောက်လေယာဉ်များကို မျက်လှည့်ပြခဲ့သည်။

သို့ပြုလုပ်ခဲ့သော ဗုံးခင်းအတုများပေါ်၌ နွားများ မကြာခဏ စားကျက်ကျတတ်သဖြင့် ဤသို့ ဗုံးခင်းအတုများပေါ်တွင် နွားများ ဖြတ်သန်းသွားလာနေခြင်းကို ခွင့်ပြုထားလျှင် ရန်သူ့ကင်းထောက် လေယာဉ်များကို မည်သို့မျှ လှည့်စားနိုင်မည်မဟုတ်ဟု အထက်သို့ အစီရင်ခံစာရေးသွင်းကာ ဗုံးခင်းအတုများပတ်လည်တွင် အစောင့်များချထားစေခဲ့သည်။

ထို့အတူ အမြောက်အစစ်များ မချထားနိုင်သော နေရာများတွင်လည်း အမြောက်စခန်းအတုများ ပြုလုပ်ခဲ့သည်။ ထိုအမြောက်စခန်းများကိုလည်း ရန်သူ့လေယာဉ်များက အမြောက်စခန်းအစစ်များဟု ထင်မှတ်ကာ ပြင်းပြင်းထန်ထန် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

ရုပ်ဖျက်မှု တီထွင်ရာ၌လည်း အမြောက်စခန်းများတွင် အသုံးပြုနေသည့် ရုပ်ဖျက်ပိုက်များမှာ အနက်ရောင်ဖြစ်နေ၍ စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်နှင့် မည်သို့မျှ မအပ်စပ်သည့် ပိုက်အနက်များကို အသုံးမပြုရန် သက်ဆိုင်ရာသို့ အစီရင်ခံစာတစ်စောင် ရေးသွင်းခဲ့သည်။

ထိုမျှသာမက ရွှန်းမဲလ်၏ အခြားအစီအစဉ်များလည်း ရှိသေး၏။ မီးခိုးမှိုင်း အသုံးပြုသင့်သည့် နေရာများ၌ မီးခိုးမှိုင်းထုတ်သော ကိရိယာ မလုံလောက်သဖြင့် ကောက်ရိုးများနှင့် သစ်ရွက်များကို မီးရှို့ကာ မီးခိုးထွက်စေခြင်းဖြင့် ရှားပါးနေသော မီးခိုးမှိုင်းထုတ်ကိရိယာများ နေရာတွင် အစားထိုး အသုံးပြုခဲ့သည်။

ယင်းအပြင် ရွှန်းမဲလ်သည် ရန်သူများ ကမ်းတက်လာသည်နှင့် တစ်ပြိုင်နက် စစ်ကြောင်းနောက်ပိုင်းရှိ အမြောက်စခန်း အတုများ၌ အမြောက်ဆန်များ ပစ်ခတ်နေသည့်ဟန်မျိုး ပေါ်လွင်စေရန် အမြောက်တုများအတွင်းမှ မီးခိုးများထွက်အောင် ပြုလုပ်ရမည်ဟု ခြေလျင်နှင့် အမြောက်တပ်မှူးများကို အမိန့်ပေးခဲ့သည်။



သို့ရာတွင် ဧပြီလ ၂၂ ရက်နေ့၌ မဟာမိတ်တပ်များ ကမ်းတက်လာသောအခါ မည်သည့်အမြောက်တု စခန်းကမျှ မီးခိုးထွက်သည်ကို မတွေ့ရပေ။

မဟာမိတ်တပ်များ ကမ်းတက်မည့်အချိန် နီးသည်ထက် နီးလာသောအခါ ရွှန်းမဲလ်သည် ပဏာမအရေးယူမှုအနေဖြင့် ဗြိတိသျှတို့၏ အချက်အချာ နယ်မြေများဖြစ်သည့် အင်္ဂလန်တောင်ပိုင်းမှ နယ်မြေများကို ဗွီ(ဝမ်း) ဒုံးပျံများဖြင့် ပစ်ခတ်တိုက်ခိုက်ထားသင့်ကြောင်း အထက်အာဏာပိုင်များထံ အစီရင်ခံခဲ့သည်။

သို့ရာတွင် ဂျာမန်စစ်ဦးစီးအဖွဲ့က ရွှန်းမဲလ်တင်သွင်းခဲ့သည့်အဆိုကို ပယ်ချခဲ့သည်။ ဤသို့ စစ်ဦးစီးအဖွဲ့က ရွှန်းမဲလ်၏ အဆိုကို ပယ်ချလိုက်ခြင်းမှာလည်း အကြောင်းရှိပေသည်။ ဤသည်မှာ ဗွီ(ဝမ်း) ဒုံးပျံပစ်စင်များ အများအပြား ဆောက်လုပ်ပြီးစီးပြီ ဖြစ်သော်လည်း ဒုံးပျံများ လုံလောက်စွာ မထုတ်လုပ်နိုင်သဖြင့် ချွေချွေတာတာ သုံးစွဲနေခဲ့ရခြင်းကြောင့် ဖြစ်သည်။

ယင်းသို့ ဗွီ(ဝမ်း) ထုတ်လုပ်မှု နှောင့်နှေးခဲ့ခြင်းကြောင့် ဂျာမန်တို့ အချိန်နှောင်းသွားခဲ့ရခြင်းလည်း ဖြစ်ပေသည်။ ၎င်း ဗွီ(ဝမ်း) အကြောင်းနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီး အိုင်စင်ပောင်းဝါးက အောက်ပါအတိုင်း မှတ်ချက်ချခဲ့ဖူးပေသည်။

"ဂျာမန်တွေသာ အဲဒီလက်နက်ကို ၆ လလောက် အချိန်စောပြီး စနစ်တကျ ထုတ်လုပ်နိုင်ခဲ့လို့ ပို့(စ်) မောက်ဆောက်သင်ပတန်နယ်ကို အဓိက ပစ်မှတ်ထားပြီး ပစ်ခတ်တိုက်ခိုက်နိုင်ခဲ့ရင် ဥရောပတိုက်ကို ဝင်ရောက် တိုက်ခိုက်မှုဟာ အခက်အခဲပေါင်းများစွာ မတွေ့ရရုံသာမက အောင်မြင်နိုင် မယ်"

ထို့အတူ ရွှန်းမဲလ်သည် ရေကြောင်းသစ်များ ဖောက်ရန် ရေတပ်ကို အကြံဉာဏ်များပေးခဲ့ပြီး 'လုစ်ဝုစ်' လေတပ်ကိုလည်း 'ဝိတ်'ကျွန်းစုအနီးတစ်ဝိုက်တွင် လေထုဖိနှိပ်မှုအားဖြင့် ပေါက်ကွဲစေသည့် မိုင်းဗုံးများ ချထားရန် တိုက်တွန်းခဲ့သည်။ သို့ရာတွင် ကမ်းခြေနှင့်နီးကပ်စွာ ရေမြှုပ်ဗုံးများ မမြှုပ်သင့်ကြောင်းဖြင့် ရေတပ်က အကြောင်းပြ ပြောဆိုကာ ရွှန်းမဲလ်၏ အဆိုကို ကန့်ကွက်ခဲ့ပြီး ခေါင်းဆောင်ကြီး ဟစ်တလာကလည်း လေထုဖိနှိပ်

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ပေါက်ကွဲစေသည့် မိုင်းဗုံးများကို အသုံးမပြုရန် ရွှန်းမဲလ်အား အမိန့်ထုတ်ခဲ့သည်။

ခေါင်းဆောင်ကြီး ဟာစ်တလာ၏ အကြောင်းပြချက်မှာမူ ဤသို့ လေထုဖိနှိပ်အားဖြင့် ပေါက်ကွဲစေသည့် မိုင်းဗုံးများချမိလျှင် နောင်အလိုမရှိသောအခါ ၎င်းဗုံးများကို ရှင်းလင်းရန် နည်းလမ်းမရှိသဖြင့် မိမိတို့ဆိပ်ကမ်းများကို ထာဝရပိတ်ထားလိုက်သည်နှင့် တူမည်ဖြစ်ကြောင်း၊ ထို့အပြင် မဟာမိတ်များက မိမိတို့၏ နည်းကို အတုယူ၍ အလားတူ မိုင်းဗုံးများချ၍ မိမိတို့ကမ်းခြေကို ပိတ်ဆို့လိုက်မည်ကိုလည်း စိုးရိမ်ရမည်ဖြစ်သောကြောင့် ဖြစ်သည်။

သို့တစေ ရွှန်းမဲလ်နှင့် ဟာစ်တလာတို့၏ သဘောကွဲလွဲချက်မှာ မဟာမိတ်တို့ ကမ်းတက်တိုက်ခိုက်ခြင်းကို မည်သို့ ခုခံကာကွယ်ရမည်ဟူသည့် 'နည်းဗျူဟာ'ပေါ်တွင်သာလျှင် သဘောကွဲလွဲခဲ့ခြင်း ဖြစ်သည်။

ရွှန်းမဲလ်၏ အယူအဆမှာ ရန်သူကို ကုန်းပေါ်သို့ အတက်မခံဘဲ ရေထဲ၌ပင် ဖျက်ဆီးချေမှုန်းရမည်ဟူ၍ ဖြစ်သည်။ ရန်သူများ တိုက်ခိုက်လာလျှင် ပထမ ၂၄ နာရီအတွင်း အရှုံးအနိုင် အဆုံးအဖြတ်ပေါ်မည်ဟု ဟူ၍လည်း တွက်ချက်ခဲ့သည်။ ရန်သူများ ခြေကုပ်ဖြန့်မသွားအောင် တားဆီးရန် အလွန်ခက်ခဲမည်ဟုလည်း ဟောကိန်းထုတ်ခဲ့သည်။

မြောက်အာဖရိကတွင် မဟာမိတ်တို့၏ လေတပ်အင်အား တောင့်ခိုင်ပုံနှင့် အရေးပါအရာရောက်ပုံတို့ကို ကိုယ်တွေ့ကြုံခဲ့ပြီးဖြစ်၍ မဟာမိတ်တို့၏ လေတပ်အင်အားကိုလည်း အထင်မသေးခဲ့ပေ။ မဟာမိတ်တို့၏ ကမ်းတက်တပ်များနောက်တွင် လိုက်ပါလာမည့် လေတပ်အင်အားမှာ အတိုင်းမသိ ကြီးမားမည်ဟူ၍လည်း ကြိုတင်ရှုမြင်ခဲ့သည်။

ဂျာမန်လေတပ်ကိုမူ ဂိုးအာရင်းကို မယုံကြည်သဖြင့် လိုအပ်သည်ထက်ပို၍ အားမကိုးခဲ့ပေ။ အကြောင်းမူ အာဖရိက စစ်ဆင်ရေးများအတွင်းက လိုအပ်သောအချိန်တွင် ဂျာမန်လေတပ် မည်သည့်အခါမျှ ရောက်မလာသည်ကို ကိုယ်တွေ့ကြုံခဲ့ဖူးသောကြောင့် ဖြစ်သည်။

ရန်သူနှင့် တိုက်ပွဲဖြစ်နေစဉ် မီးရထားလမ်းနှင့် ကားလမ်းများ အဆက်ပြတ်ကုန်မည်ဖြစ်၍ နောက်ပိုင်းနယ်မြေများတွင် သွားရေးလာရေး



အခက်အခဲတွေ့မည်။ ထို့ကြောင့် ကမ်းတက်လာမည့် ရန်သူ့တပ်များအား အကြီးစား တန်ပြန်ထိုးစစ်တစ်ရပ်ဖြင့် ခုခံတိုက်ခိုက်ရန်ဆိုသည်မှာ မဖြစ်နိုင်။ ယင်းသို့ အကြီးစား တန်ပြန် ထိုးစစ်ဆင်နိုင်ရန်မှာလည်း မိမိတို့၏ တပ်များက အသင့်ဖြစ်လိမ့်မည်မဟုတ်။ မိမိတို့တပ်များ အချိန်နှောင်းမှ ရောက်လျှင်သော်လည်း ရောက်မည်။ ရောက်ပြန်လျှင်လည်း ဖရိုဖရဲနှင့် ရောက်လာမည်သာ ဖြစ်သည်ဟူ၍ မဟာမိတ်တပ်များနှင့် ရင်ဆိုင်ရသည့် အခါတွင် မည်သို့မည်ပုံရှိမည် အစရှိသော စစ်ရေးသုံးသပ်ချက်များကို ကြိုတင်သုံးသပ်ခဲ့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ရွှန်းမဲလ်နှင့် ရန်းစတက်

တပ်မတော်ဦးစီးအဖွဲ့၊ အနောက်ပိုင်း စစ်သေနာပတိချုပ်နှင့် ဦးစီးအဖွဲ့ဝင်များအပြင် ကျန်တပ်အားလုံးက ရွှန်းမဲလ် ရှုမြင်သလိုမမြင်ဘဲ တစ်မျိုးတွက်ဆခဲ့ကြသည်။

တပ်ပေါင်း ၅၉ တပ်တည်းဖြင့်သာ ခုခံရမည့်အပြင် တပ်တို့နှင့်အတူ လိုက်ပါလာသော တပ်မတော်သားတို့မှာလည်း အများဆုံး ဒုတိယတန်းစားများ ဖြစ်ကြပြီး ဆယ်တပ်မျှသာ သံချပ်ကာပါရကား မိုင်ပေါင်း ၃၀၀၀ ရှည်လျားသည့် ကမ်းရိုးတန်းကို မကာကွယ်နိုင်၊ မဟာမိတ်တပ်များ မည်သည့်နေရာမှ ကမ်းတက်မည်ကို တပ်အပ်သေချာမသိရသဖြင့် ပို၍ပင် ခက်ခဲသည်ဟု ယူဆကြသည်။

ယင်းသို့ တွက်ဆခဲ့ကြသည့်အတိုင်း အရန်တပ်များနှင့် သံချပ်ကာတပ်များကို နောက်ပိုင်းတွင် ထားရှိကာ လိုအပ်ချိန်ကျမှ တန်ပြန်ထိုးစစ်ဆင်လိုကြ၏။

ဤသည်မှာ မဟာမိတ်တပ်များ ကမ်းပေါ်သို့ ရောက်လာချိန်တွင်ဖြစ်စေ၊ စခန်းချနေစဉ်ဖြစ်စေ၊ ထိုးစစ်ဆင်တန် ဆင်မည်။ မဟာမိတ်တပ်များ ထိုးစစ်ကျော်လွန်၍ ရှေ့သို့အချီ ခြေမမြဲမီတွင် တိုက်တန်တိုက်ရမည်ဟူသော အယူအဆဖြစ်၏။ ဗွန်ရန်းစတက်အနေဖြင့် ပတ်ဝန်းကျင်အခြေအနေကို



သုံးသပ်၍ ထိုးစစ်ဆင်ရမည့် အချိန်အခါကို အတိအကျ ရွေးချယ်နိုင်လိမ့်မည်ဟု ယုံကြည်ခဲ့သည်။

ဗိုလ်ချုပ်ကြီးရွှန်းမဲလ် ရှုမြင်သည့်အတိုင်း မဟာမိတ်လေတပ်အင်အားမှာ ကြီးမားလှသည်။ ဂျာမန်တပ်များသည် ညဦးအခါကျမှသာ အစုကလေးများခွဲ၍ ခက်ခက်ခဲခဲ ချီတက်နိုင်ခဲ့ကြသည်။ ပြင်သစ်တောင်ပိုင်းမှ တပ်မကြီးတစ်တပ်သည် မိုင်လေးရာမျှ ဝေးကွာသော နော်မံဒီသို့ချီရာ လမ်းတွင် နှစ်ဆယ့်နှစ်ရက် ကြာညောင်းခဲ့ပြီး တစ်လျှောက်လုံး ခြေကျင်ချီရသည်က များခဲ့၏။

ဗိုလ်ချုပ်ကြီးဘောရာလိန်း တိုက်ပွဲအဆင်သင့် တိုက်ခိုက်နိုင်ရန် ပြင်ဆင်ရာတွင် သုံးရက်မျှ ကြာညောင်းခဲ့ပြီး တိုက်ပွဲမဝင်မီကပင် တင့်ကား ၅ စင်း၊ ထရက်ကားအစီး ၁၃၀ နှင့် အမြောက်တော်တော်များများ ဆုံးရှုံးခဲ့၏။

'ဖဲလေး'မြောင်းကြီးအကြား လမ်းကလေးများ၊ လမ်းမကြီးများ၊ လယ်ကွင်းများမှာ ပျက်စီးယွင်းယိုနေသော စစ်ပစ္စည်းအကျိုးအပဲ့များ၊ လူသေနှင့် တိရစ္ဆာန်အသေကောင်တို့ဖြင့် ပိတ်ဆို့နေခဲ့သည်။

အမှုမဲ့ကြည့်လျှင် ရွှန်းမဲလ်သည် အတ္တလန္တိတ်တံတိုင်းကြီးအပေါ် အထင်ကြီးလွန်းခဲ့သည်။ (တစ်နည်း) အတ္တလန္တိတ်တံတိုင်းကြီးအား မဟာမိတ်များ မဖြိုဖျက်နိုင်အောင် ထိန်းသိမ်းထားနိုင်လိမ့်မည်ဟု မှားယွင်းစွာ သုံးသပ်ခဲ့သည်ဟု ထင်မည်ဆိုက ထင်နိုင်စရာ ရှိပါ၏။

တစ်ဖက်တွင်လည်း ဧပြီလကုန်လောက်တွင် 'ကျွန်ုပ်တို့ ကျန်တဲ့အချိန်ကလေးအတွင်းမှာ ခံစစ်ကြောင်းကြီး တစ်ခုလုံးကို ရန်သူရဲ့ အပြင်းဆုံးတိုက်ခိုက်မှုကို ခံနိုင်ရည်ရှိတဲ့ အဆင့်မျိုးရောက်အောင် အပြီးတည်ဆောက်ရမယ်'ဟူ၍ ရွှန်းမဲလ် ဆိုခဲ့ဖူးသော စကားများကလည်း ရှိနေပါ၏။

ရွှန်းမဲလ် မျှော်လင့်သကဲ့သို့ ဖြစ်နိုင်ရန်မှာမူ ရွှန်းမဲလ်အနေဖြင့် နှစ်နှစ်ခန့်စော၍ အတ္တလန္တိတ် တံတိုင်းကြီးကို စိတ်ကြိုက်တည်ဆောက်ခွင့် ရရှိရမည်ဖြစ်ပြီး ယင်းသို့တည်ဆောက်ရာတွင်လည်း လက်နက်ကိရိယာ လူနှင့်ပစ္စည်း အကန့်အသတ်မရှိ ရရှိမှသာလျှင် ဖြစ်နိုင်ပေသည်။

ဤသို့ အစစအရာရာပြည့်စုံ၍ စိတ်ကြိုက်တည်ဆောက်ခွင့် ရရှိစေကာမူ လုပ်ကြံ၍ မရသော 'ခံစစ်ခါးပတ်'ဟူ၍ မရှိနိုင်ပေရာ မဟာမိတ်

www.burmeseclassic.com

www.burmeseclassic.com



တို့၏ ကမ်းတက်မှုကို မည်သို့မျှ ဟန့်တားနိုင်မည် မဟုတ်ပေ။

လုပ်ကြံ၍ မရသော ခံစစ်ကြောင်းဟူ၍ မရှိနိုင်ဆိုသည်ကိုလည်း ရွန်းမဲလ်ကိုယ်တိုင် ၁၉၄၀ ပြည့်နှစ်က မဟာမိတ်တို့၏ ခံစစ်ကြောင်းများကို ချိုးဖောက်ပြခဲ့ခြင်းဖြင့် သက်သေထူခဲ့ပေသည်။

သို့ဖြစ်ခြင်းကြောင့်ပင် မဟာမိတ်တို့ ကမ်းတက်လာသောအခါ ရွန်းမဲလ်၏ ဆောက်လုပ်မှုမှာ လေးပုံတစ်ပုံမျှပင် ပြီးစီးသေးသည် မဟုတ်ပေ။ ထို့အတူ အတ္တလန္တိတ် တံတိုင်းကြီးအား စောင့်ကြပ်ခဲ့ကြသည့် တပ်များမှာလည်း ရွန်းမဲလ် စိတ်ချလောက်သည့်အဆင့်သို့ ရောက်ခဲ့သည် မဟုတ်ပေ။

ဥပမာ–အတ္တလန္တိတ် တံတိုင်းကြီး၏ အရှေ့မျက်နှာကို စောင့်ကြပ်ခဲ့ကြသည့် တပ်သားများကိုကြည့်လျှင် လုံးဝ တိုက်ပွဲမဝင်ရသေးသည့် တပ်သားသစ်များ၊ ပြည်ပြေး ပိုးလ်တပ်သားများ၊ ရူမေနီယံ တပ်သားများနှင့် ရုရှားများဖြစ်ကြသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ရွန်းမဲလ်ကိုယ်တိုင် ဟောကိန်းထုတ်ခဲ့သည့် ရေကြောင်းနှင့်လေကြောင်း တိုက်ခိုက်မှုမျိုးကိုလည်း ခံနိုင်ရည်ရှိမည် မဟုတ်သည်ကို တွေ့မြင်ရမည် ဖြစ်သည်။

အကယ်၍သာ မဟာမိတ်တပ်များ ကမ်းမတက်မီကပင် ပြင်သစ်ပြည် တောင်ပိုင်းမှ တပ်များအားလုံးကို လွိုင်ယာအထိ ရွှေ့ပြောင်းရန်ဟူသည့် ဗွန်ရွန်းစတက်တင်သွင်းခဲ့သော အဆိုကို ထိုစဉ်က ရွန်းမဲလ်ထောက်ခံခဲ့ပါမူ ရွန်းမဲလ်၏ စစ်အတတ်ကို ယခုထက်ပင် ပို၍ ချီးမွမ်းပြောဆိုကြရပေမည်။

ဗွန်းရန်းစတက် တင်သွင်းခဲ့သည့်အဆိုကို ဂျာမန်စစ်ဦးစီးအဖွဲ့က လက်ခံခဲ့လျှင်လည်း ရွန်းမဲလ်အနေဖြင့် နောက်ဆုံး စစ်ပွဲကြီးကို တိုက်ခွင့်ရရှိသွားခဲ့မည်ဖြစ်ပြီး ၎င်းစစ်ပွဲတွင် သူတစ်ဖက်ကမ်းခပ်သည့် ရွေ့လျားဗျူဟာကို အသုံးချခွင့်ရမည်ဖြစ်သဖြင့် ပြောင်ပြောင်မြောက်မြောက် လက်စွမ်းပြသွားနိုင်ခဲ့မည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

ဗွန်ရန်းစတက်၏ အဆိုကို ရွန်းမဲလ် မထောက်ခံခဲ့သည်မှာလည်း အကြောင်းရှိ၏။

ဤသည်မှာ အတ္တလန္တိတ် တံတိုင်းကြီးကို ရန်သူများ မချိုးဖောက်နိုင်အောင် ကာကွယ်ရမည့် အလုပ်ထက် ဟစ်တလာ့ထံ တပ်ဆုတ်ခွင့်တောင်း



ရသော အလုပ်က ပို၍ ခက်ခဲမည်ဆိုသည်ကို ကြိုတင်သိရှိထားခဲ့ခြင်းကြောင့် ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ရွန်းမဲလ်အား ဝေဖန်သုံးသပ်ရာတွင် တစ်ချိန်က သူရှုမြင်ခဲ့သည့် ရှုမြင်ချက်အပေါ်တွင် လည်းကောင်း၊ သူပြောခဲ့သော စကားများအပေါ်တွင် လည်းကောင်း အသေယူ၍ အဆုံးအဖြတ်ပေးပါမူ မှန်နိုင်မည်မဟုတ်ကြောင်းကို နောက်အခန်းများတွင် စာရှုသူများ ဖတ်ရှုရပေမည်။

မောင်ဂိုမာရီကလည်း ရွန်းမဲလ်၏ အစီအစဉ်များကို ကြိုတင်ခန့်မှန်းနိုင်ခဲ့သည်။ မောင်ဂိုမာရီသည် ရွန်းမဲလ်၏ ရန်သူဟောင်းကြီး ဖြစ်ခဲ့ဖူးသည်နှင့်အညီ ရွန်းမဲလ်၏ အစီအစဉ်နှင့် ရွန်းမဲလ်အသုံးပြုမည့် နည်းဗျူဟာများကို သုံးသပ်ရာတွင် စစ်ဂန္ထဝင်မြောက်အောင်ပင် သုံးသပ်နိုင်ခဲ့ပေသည်။

"လွန်ခဲ့တဲ့ ဖေဖော်ဝါရီလက ရွန်းမဲလ်ဟာ ဟော်လန်ကနေ လွိုင်ယာအထိ တာဝန်ယူလိုက်တယ်၊ အဲဒီလို တာဝန်ယူလိုက်တာကိုက ကျုပ်တို့ကို ကမ်းခြေပေါ်မှာ တိုက်ဖို့ရည်ရွယ်တယ်ဆိုတာ ရှင်းနေပါတယ်၊ သူဟာ ဇွဲကြီးပြီး ဆုံးဖြတ်ပိုင်တဲ့ တပ်မှူးတစ်ယောက် ဖြစ်တယ်၊ သူတာဝန်ယူလိုက်မှပဲ အစစအရာရာအရင်ကနဲ့ လုံးဝမတူဘဲ သိသိသာသာကြီး တိုးတက်ခဲ့တယ်။ သူဟာ တစ်ဖက်ရန်သူရဲ့ တိုက်ခိုက်ရေး ပျက်ပြားအောင် ဖျက်ဆီးနိုင်တဲ့နေရာမှာ အင်မတန်တော်တယ်၊ ရန်သူတပ် တက်တဲ့အရှိန်ရပ်သွားအောင်လည်း လုပ်နိုင်တယ်၊ သူဟာ ကျုပ်တို့ကို 'ဒန်းခတ်' လုပ်ဖို့ အတတ်နိုင်ဆုံး ကြိုးစားလိမ့်မယ်၊ ကျွန်ုပ်တို့ရဲ့ သံချပ်ကာကားတပ်တွေကို သူ့စိတ်ကြိုက် ရွေးချယ်ထားတဲ့ မြေပေါ်မှာတောင်ရင်ဆိုင်ခွင့်ပေးမှာ မဟုတ်ဘူး၊ သံချပ်ကာကား ရင်ဆိုင်တိုက်ပွဲကို ရှောင်ကွင်းနိုင်အောင်လို့ ကျွန်ုပ်တို့တင့်ကားတွေ ကမ်းမတက်နိုင်ခင် သူ့တင့်ကားတွေကို ရှေ့ကျွံအောင် ပို့ထားလိမ့်မယ်။

"ကမ်းတက်တိုက်ခိုက်တဲ့နေ့မှာ သူ ကျွန်ုပ်တို့ကို ကမ်းခြေက လန်ကျအောင် တိုက်ထားလိမ့်မယ်၊ သူ ကေးအင်းမြို့၊ ဘေးယုစ်မြို့နဲ့ ကာရင်တက်မြို့တွေကို စိတ်ချရအောင် သိမ်းပိုက်ထားလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အဲဒီအစီအစဉ်အတိုင်း လုပ်ပြီးရင် ကျွန်ုပ်တို့ကို တန်ပြန်ထိုးစစ်ဆင်လိမ့်မယ်၊ အဲဒါကြောင့် ကျွန်ုပ်တို့ ကမ်းခြေပေါ်ကို ခြေချမိအောင် ဖြစ်တဲ့နည်းနဲ့ ထိုးဖောက်ပြီး တက်ထားရလိမ့်မယ်၊ ကျွန်ုပ်တို့ရဲ့ တပ်တွေကို ကမ်းပေါ်ကပြန်တိုက်ဖို့ သူ့ရဲ့ အရန်တပ်တွေ ရှေ့တန်းခေါ်မတင်နိုင်ခင် ကျွန်ုပ်တို့ ကမ်းခြေပေါ်မှာ ခြေကုပ်ရအောင် ယူထားရလိမ့်မယ်။

"ကျွန်ုပ်တို့ရဲ့ သံချပ်ကာတပ်တွေက အမြန်ဆုံးနည်းနဲ့ အတွင်းပိုင်းကို နက်နက်ရှိုင်းရှိုင်း ဝင်ထားမိအောင် ကြိုးစားရမယ်"

"ကျုပ်တို့ရဲ့ စစ်ကြောင်းတွေက တတ်နိုင်သမျှ အတွင်းပိုင်းကို ဝင်နိုင်သမျှဝင်လာပြီး နယ်မြေများများ သိမ်းပိုက်နိုင်အောင် လက်မြန်ခြေမြန် ရှိဖို့လိုတယ်၊ အဲဒီတာဝန်တွေနဲ့ ကျုပ်တို့တပ်တွေ အလုပ်များနေတဲ့အချိန်မှာ လေတပ်က ရန်သူ့ခံစစ် ခါးပတ်တစ်လျှောက်လုံးကို အလုပ်ပေးထားပြီး ကျုပ်တို့ခြေကုပ်ယူထားတဲ့နေရာကို ရန်သူ့အရန်တပ်တွေ ရောက်မလာနိုင်အောင် လမ်းပန်းဆက်သွယ်ရေးတွေ ဖြတ်တောက်တိုက်ခိုက်ထားရမယ်၊ ကျုပ်တို့ ရန်သူ့ကမ်းခြေပေါ်မှာ ဆင်နွှဲရမယ့် တိုက်ပွဲတွေက ပြင်းပြင်းထန်ထန် ဆင်နွှဲရမှာဖြစ်တဲ့အတွက် ကျုပ်တို့ လေတပ်အကူအညီကို အချိန်ပြည့် လိုလိမ့်မယ်"

ဤကား မေလအတွင်း ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ သုံးသပ်ခဲ့သည့် သမိုင်းဝင် စစ်ရေးသုံးသပ်ချက် ဖြစ်လေသည်။

အမှန်ဖြစ်ပျက်ခဲ့သည်မှာလည်း ရွှန်းမဲလ်နှင့် မောင်ဂိုမာရီတို့၏ စစ်ရေးသုံးသပ်ချက်များအတိုင်းပင် ဖြစ်ခဲ့သည်။

ရွှန်းမဲလ်ကလည်း မဟာမိတ်တို့အား 'ဒန်းခတ်'လုပ်နိုင်ရန် ကြိုးစားခဲ့သည်။ ဗြိတိသျှလေတပ်ကလည်း ဂျာမန်တို့၏ ခံစစ်ခါးပတ်ကြီးကို အလုပ်များအောင် အလုပ်ပေးနိုင်ခဲ့ကြသည်။ ကမ်းတက်သည့် ပထမ ၂၃ နာရီသည် အရှုံးအနိုင် ဆုံးဖြတ်သည့် အချိန်များ ဖြစ်ခဲ့သည်။

မဟာမိတ်တပ်များ ကမ်းခြေပေါ်သို့ တံတားဦးထိုးမိသည်နှင့် တစ်ပြိုင်နက် ခြေကုပ်လည်း ယူနိုင်လိုက်ကြသည်။ မဟာမိတ်ကမ်းတက်



နည်းမှာ မည်မျှ 'အပိုင်အနိုင်' ရှိသနည်းဟူမူ သူတို့ကိုယ်တိုင် ဆိုးရွားသောအမှားကြီးများကို ပြုလုပ်မိမှသာလျှင် ဂျာမန်များ၏ မောင်းချခြင်းကို ခံရမည်ဖြစ်သည်။

အကယ်၍သာ ဗွန်းရန်းစတက်သည် မဟာမိတ်တပ်များနှင့် လွတ်လွတ်လပ်လပ် မြေပြင်တိုက်ပွဲများ ဆင်နွှဲခွင့်ရခဲ့လျှင် မဟာမိတ်တပ်များအပေါ် အောင်ပွဲခံနိုင်ပါမည်လောဟု မေးစရာရှိပါ၏။

အဖြေကား ရန်းစတက်တွင်ရှိသည့် တပ်အင်အားကိုလည်းကောင်း၊ မဟာမိတ်တို့၏ လေတပ်အင်အားကြီးမှုကိုလည်းကောင်း ချိန်ထိုးကြည့်ခြင်းအားဖြင့် ဗွန်ရန်းစတက် အောင်ပွဲရမည် မဟုတ်သည်မှာ သေချာလှသည်ဟူ၍သာ ဆိုရပေမည်။ အမှန်ဆိုမူ ဂျာမန်တို့အနေဖြင့် ၎င်းတို့၏ ခံစစ်ခါးပတ်ကြီး၊ ရန်သူတိုက်ခိုက်မှုကို မည်မျှ ကြံ့ကြံ့ခံနိုင်မည် ဆိုသည်ကိုပင် စမ်းသပ်ခွင့်ရလိုက်ကြသည် မဟုတ်ပေ။ ဤသို့ ဖြစ်ခဲ့ရသည်မှာလည်း ဗွန်းရန်းစတက်ရော ရွှန်းမဲလ်ပါ အနှောင်အဖွဲ့ကင်းကင်းနှင့် စိတ်ကြိုက်လုပ်ကိုင်ခွင့် မရခဲ့သောကြောင့် ဖြစ်ပေသည်။

ဟစ်တလာက ရန်သူ့တပ်များကို ကမ်းနဖူးတွင် အပြီးအပြတ်တိုက်ရေးကိုသာလျှင် အားပေးခဲ့သဖြင့် ရန်းစတက်အနေဖြင့်လည်း သူ ပွန်းတီးသည့် စစ်ဆင်ရေးများဖြင့် လက်စွမ်းပြနိုင်ရန် တပ်မတော်ဖွဲ့စည်းခွင့် မရလိုက်ချေ။

တစ်ဖက်တွင်လည်း ရန်းစတက်သည် ဟစ်တလာ၏ ထင်ကြေးနှင့် ရွှန်းမဲလ်၏ စစ်ရေးသုံးသပ်ချက်များကို ဆန့်ကျင်ကာ သူ၏ ရှေးဟောင်းအတွေးအခေါ်များ မဟာမိတ်တို့ ကမ်းတက်ခြင်းတက်လျှင် တိုက်ရိုက်အကျဆုံးသော လမ်းလည်းဖြစ်သည့်အပြင် အင်္ဂလန်နှင့် အနီးဆုံးအမှတ်လည်းဖြစ်သော ပတ်(စ်) ဒေးကဲလေးကပင် တက်နိုင်သည်ဟု အခိုင်အမာယုံကြည်ထားသဖြင့် သူထင်သည့်နေရာ၌ပင် ခံစစ်ကြောင်းများ ဆောက်ခဲ့သည်။

သို့ဖြစ်လေရာ ရွှန်းမဲလ် ရည်ရွယ်ထားသည့် နော်မန်ဒီကမ်းခြေနောက်ပိုင်းတွင် သံချပ်ကာ ကားတပ်များ ချထားရေး အစီအစဉ် ပျက်ပြားခဲ့ရပေသည်။ ရှေ့တန်းတစ်ခုလုံးအတွက် ပျော့ညံ့သည့် သံချပ်ကာကာ

www.burmeseclassic.com

www.burmeseclassic.com



တပ်မ သုံးတပ်သာလျှင် ချထားနိုင်ခဲ့ပြီး ကျန်ရှိသော သံချပ်ကာ တပ်မကိုမူ အနောက်ပိုင်းစစ်သေနာပတိ၏ လက်အောက်သို့ အရန်တပ်များအဖြစ် ပို့လိုက်ရသည်။

သို့သော် အနောက်ပိုင်းစစ်သေနာပတိကလည်း ၎င်းတပ်များကို စိတ်ကြိုက်ရွှေ့ပြောင်းနိုင်ခွင့် ရှိခဲ့သည်မဟုတ်ပေ။ တပ်များကို ရွှေ့ပြောင်းလိုလျှင် ဂျူးဒဲလ်ထံ အမိန့်ခံရမည် ဖြစ်သည်။ ပထမ ကီးတဲလ်နှင့် ဂျူးဒဲလ်၏ အမိန့်များမှာလည်း များသောအားဖြင့် အချိန်နှောင်းမှ ရောက်တတ်မြဲ ဖြစ်သည်။

နော်မန်ဒီရှေ့တန်း နယ်များတွင် ရွှန်းမဲလ်ထံ၌ လူကောင်းအနည်းအကျဉ်းမျှနှင့် ပြန်လည် ဖွဲ့စည်းထားသည့် အမှတ် ၂၁ ပန်ဇာတပ်မ တစ်တပ်သာလျှင် ရှိလေသည်။

ဗွန်အိ(စ်)ဘက် ပြောပြချက်အရ ဆိုပါမူ ၎င်းပန်ဇာတပ်မ တစ်တပ်ကိုပင် သူ့လက်အောက်၌ ကြာကြာထားခွင့်မရခဲ့ဘဲ အနောက်ပိုင်း စစ်သေနာပတိလက်အောက်သို့ ပြောင်းရွှေ့ပို့လိုက်သည်ဟု ဆိုလေသည်။

ဤကဲ့သို့ အမှတ် ၂၁ ပန်ဇာတပ်မကို ပြောင်းရွှေ့လိုက်စဉ်က ရွှန်းမဲလ်သည် ဟစ်တလာနှင့် တွေ့ဆုံရန် သွားရောက်နေခဲ့သဖြင့် တပ်ပြောင်းသွားသည်ကိုပင် မသိလိုက်ရဟူ၍လည်း ဆိုလေသည်။

၎င်းတပ်မမှာ နှယ်နှယ်ရရ မဟုတ်ပေ။ မဟာမိတ်တပ်များ ကမ်းတက်သည့် ပထမနေ့တွင် ကေးယင်းမြို့ကို မဟာမိတ်များလက်သို့ မကျရောက်စေရန် ကာကွယ်ခဲ့သည့်တပ် ဖြစ်လေသည်။

မှန်သည်၊ မှားသည်ကိုမူ အတိအကျဆိုရန် ခက်ခဲသော်လည်း ရွှန်းမဲလ်က အမှတ် ၂၁ ပန်ဇာတပ်မမှူးဖြစ်သူ ဗိုလ်ချုပ်ဖွ(ချ်)ဘင်ဂျားအား တပ်မကို ဦးစီးရာတွင် ၎င်းတပ်မ၏ တပ်မမှူးဟောင်း ဗိုလ်ချုပ်ရော်ဘင်းစတိန်း ကန္တာရထဲတွင် ပြောင်ပြောင်မြောက်မြောက် ကိုင်တွယ်ပြသွားသလို မကိုင်တွယ်နိုင်ကြောင်း ဝေဖန်ပြောဆိုခဲ့သည်ဟု ဆိုခဲ့လေသည်။

တစ်နေ့ ရှေ့တန်းစစ်မျက်နှာသို့ ရောက်ခဲ့သော ရွှန်းမဲလ်သည် ၎င်းတပ်မအား ရန်သူလေကြောင်း ချီတပ်များက တိုက်ခိုက်နေသည်ကို တွေ့လိုက်ရသဖြင့် 'စက်မဲ့လေယာဉ် (ဂလိုက်ဒါ) ဘယ်နှစင်းလောက်ရှိသလဲ'ဟု ဗိုလ်ချုပ်ဖွ(ချ်)ဘင်ဂျားအား မေးလိုက်ရာတွင် 'အများကြီးပဲ၊ ရာလိုက်ချီပြီး ရှိတယ်'ဟု ဗိုလ်ချုပ်ဖွ(ချ်)ဘင်ဂျားက ပြန်ဖြေခဲ့သည်။ 'မင်း ဘယ်နှစင်း ပစ်ချခဲ့သလဲ'ဟု ရွှန်းမဲလ်ဆက်မေးပြန်သောအခါ 'သုံးစင်း'ဟု ဗိုလ်ချုပ်ဖွ(ချ်)ဘင်ဂျားက ဖြေပြန်သည်။ ဤတွင် ရွှန်းမဲလ်က 'အေး...ဒါဖြင့် မင်းအခွင့်ကောင်း လွတ်သွားပြီ'ဟု တစ်ခွန်းတည်းသော တုံးတိတိ စကားဆိုခဲ့လေသည်။



ဗိုလ်ချုပ်ဖွ(ချ်)ဘင်ဂျားကလည်း ရွှန်းမဲလ်ရှေ့တန်းသို့ ရောက်လာသည့်အချိန်အထိ မည်သူတစ်ဦးထံမှ အမိန့်တစ်စုံတစ်ရာ မရခဲ့သည့်အပြင် တပ်မကိုလည်း မိမိသဘောအလျောက် ရွှေ့လျားနိုင်ခွင့် မရှိသဖြင့် ဤသို့ ဖြစ်ခဲ့ရပါသည်ဟု ပြန်လည် ဖြေရှင်းခဲ့လေသည်။

အထက်ပါဖြစ်ရပ်ကိုလည်း ပြောပြခဲ့သူမှာ ဗွန်အိ(စ်)ဘက်ပင် ဖြစ်ပါ၏။

အာဖရိကမှာကဲ့သို့ ဂျာမန်စစ်ဦးစီးအဖွဲ့ ကျူးလွန်ခဲ့သည့် ပြစ်မှုကြီးမှာ 'အချိန်စောလွန်းခြင်းနှင့် အချိန်နောက်ကျလွန်းခြင်းပင်' ဖြစ်သည်။

တိုက်ပွဲမစမီ ရက်သတ္တပတ် အနည်းငယ်ကပင် ရွှန်းမဲလ်က ဟစ်တလာ့လူငယ်တပ်ဖွဲ့ဖြစ်သည့် ၁၂ အက်(စ်) အက်(စ်) ပန်ဇာတပ်မကို ကာရင်တန်အနီး ဗိုင်းယားမြစ်ဝသို့ ပြောင်းရွှေ့ရန် အမိန့်ခံခဲ့သည်။

မဟာမိတ်တပ်များ ကမ်းတက်ခဲ့သည်မှာ ကာရင်တန်အနီးမှပင် ဖြစ်သည်။ သို့သော် ရွှန်းမဲလ် တပ်ပြောင်းခွင့်တောင်းခဲ့သည်ကို ရန်းစတက်က ခွင့်မပြုခဲ့ချေ။ ဤသို့ တပ်ရွှေ့ပြောင်းခွင့် မပြုသည်ကို ရန်းစတက်အား အပြစ်တင်၍လည်း မဖြစ်ပေ။

အကြောင်းမူ ရန်းစတက်အနေဖြင့် တပ်များကို တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းလိုလျှင် ဂျူးဒဲလ်ထံ အမိန့်ခံရမည်ဖြစ်ပြီး တစ်ဖန် ဂျူးဒဲလ်ကလည်း ဟစ်တလာ့ထံ အမိန့်ခံရမည်ဖြစ်သောကြောင့်တည်း။

ဤသို့သော အခြေအနေမျိုးတွင် မည်သည့် စစ်ဗိုလ်ချုပ်မှ စနစ်တကျ တိုက်ပွဲကို အုပ်ထိန်းနိုင်မည် မဟုတ်ပေ။

မဟာမိတ်တပ်များ တံတားဦးထိုးမိပြီး များမကြာမီမှာပင် ရွှန်းမဲလ်နှင့် ရန်းစတက်တို့သည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးလာကြပြီး သဘောထား

www.burmeseclassic.com

www.burmeseclassic.com



ချင်းလည်း တိုက်ဆိုင်လာခဲ့ကြသည်။

ရန်းစတက်အား ဗိုလ်ကြီးလစ်ဒဲလ်ဟတ်က 'မဟာမိတ်တွေ ကမ်းတက်ပြီးတဲ့ နောက်ပိုင်းအချိန်တွေမှာ မဟာမိတ်တပ်တွေကို တွန်းလှန်နိုင်လိမ့်မယ်လို့ မျှော်လင့်နိုင်တဲ့ အခြေအနေမျိုး ရှိခဲ့ပါသလား'ဟူ၍ တစ်ကြိမ်တွင်မေးမိရာ ရန်းစတက်က အောက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့သည်ဟု ဆိုလေသည်။

"ပထမရက်အနည်းငယ် ကြာသွားပြီးတဲ့နောက်ပိုင်းမှာတော့ မျှော်လင့်ချက် မရှိတော့ပါဘူး။ မဟာမိတ်လေတပ်က ကျုပ်တို့ရဲ့ တပ်တွေကို နေ့အချိန်မှာ လုံးဝမလှုပ်ရှားနိုင်အောင် ထိန်းချုပ်ထားပြီး ညအချိန်ကျတော့လည်း ကျုပ်တို့ရဲ့ လှုပ်ရှားမှုခက်ခဲအောင် လုပ်ခဲ့ကြပါတယ်။ ဆုမ်းမြစ်နဲ့ လွိုင်ယာမြစ်က တံတားတွေကို ဖျက်ဆီးပစ်လိုက်ကြတဲ့အတွက် တစ်နယ်လုံး ပိတ်မိသွားခဲ့ရပါတယ်၊ အဲဒီအခက်အခဲတွေကြောင့် အရန်တပ်တွေ စုစည်းတဲ့နေရာမှာ ကျုပ်တို့ မျှော်လင့်တဲ့အချိန်ထက် သုံးလေဆလောက် နှောင့်နှေးသွားခဲ့ရပါတယ်"

ကျွန်ုပ်တို့ဟုဆိုသည့် ဖွန်းရန်းစတက်၏ စကားတွင် ရွှန်းမဲလ်ပါသည် မဟုတ်ချေ။ ရွှန်းမဲလ်ကွယ်လွန်သွားမှသာ သူ၏ သုံးသပ်ချက်များမှာ မှန်ကန်ကြောင်း သက်သေထူနိုင်ခဲ့လေသည်။

ဖွန်းရန်းစတက်၏ ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ဘလူးမင်းထရစ်၏ အဆိုအရမူ လကုန်ခါနီး၌ ရန်းစတက်အား ကီးတဲလ်က တယ်လီဖုန်းဖြင့်ခေါ်ပြီး 'ကျုပ်တို့ ဘာလုပ်ကြမလဲ'ဟု ကြံရာမရလေသံဖြင့် မေးခဲ့သည်ကို ဖွန်ရန်းစတက်က 'ဘာလုပ်ကြမလဲ ဟုတ်လား၊ ငြိမ်းချမ်းရေးလုပ်ပေါ့ကွ လူမိုက်တွေရ၊ မင်းတို့မှာ တခြား ဘာများလုပ်စရာ ရှိတော့လို့လဲ'ဟူ၍ ပြန်ဖြေလိုက်ပြီး တယ်လီဖုန်းစကားပြောခွက်ကို ဆောင့်၍ချခဲ့သည်ဟု ဆိုလေသည်။

ရေတပ်ဗိုလ်ချုပ် ရုဂ်(ချ်)ကလည်း စစ်ကို ဖြစ်သည့်နည်းနှင့် ရှိသမျှ အိတ်သွန်ဖာမှောက်သုံးပြီး ပြီးဆုံးအောင် အဆုံးသတ်ရမည်ဟု ရွှန်းမဲလ်က ပြောခဲ့ဖူးသည်ဟု ဆိုခဲ့ပြီး ဆက်လက်၍ 'စစ်ကို မြန်မြန်ပြီးအောင် တိုက်မှ



ကောင်းမယ်။ ခုလို အကြောင်းမထူးမယ့် စစ်ပွဲကြီးကို တိုက်ပြီး ဂျာမနီပြည်ကြီး ပျက်စီးသွားမှာကို ကြည့်နေမယ့်အစား ဗြိတိသျှဒိုမင်နီယံအဖြစ်နဲ့ နေရတာကမှ ကောင်းဦးမယ်'ဟူ၍လည်း ရွှန်းမဲလ်က ပြောပြခဲ့ဖူးသည်ဟု ဆိုခဲ့လေသည်။

"ဆက်လက်၍ ဇွန်လ ၁၀ ရက်နေ့က ကျုပ်တို့နှစ်ယောက် ၂ နာရီကြာအောင် စကားပြောခဲ့ကြတယ်။ အဲဒီတုန်းမှာ ကျုပ်က ဟစ်တလာအနေနဲ့ နုတ်ထွက်ပေးပြီး ငြိမ်းချမ်းရေးရနိုင်မယ့် လမ်းစဖွင့်ပေးဖို့ ကောင်းတယ်၊ ဒါမှမဟုတ်ရင်လည်း သူ့ကိုယ်သူ သတ်သေဖို့ ကောင်းပါတယ်လို့ ကျုပ်စိတ်ထဲမှာရှိတာကို ရွှန်းမဲလ်ကို ပြောပြမိတယ်၊ ရွှန်းမဲလ်ကလည်း ကျုပ်ကို 'ဟစ်တလာအကြောင်း ကျုပ်သိတယ်၊ ဟစ်တလာဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေမယ့် လူမျိုးမဟုတ်သလို နုတ်ထွက်ပေးမယ့် လူမျိုးလည်း မဟုတ်ဘူး၊ ဂျာမန်ပြည်သူတွေကို နည်းနည်းကလေးမျှ မစာနာဘဲ ဂျာမနီပြည်မှာ အိမ်တစ်ဆောင်တလေမှ မကျန်အောင် ဆက်တိုက်လိမ့်မယ်'လို့ ရွှန်းမဲလ်က ပြောခဲ့တယ်"ဟူ၍လည်း ဗိုလ်ချုပ် ရုဂ်(ချ်)က ပင် ပြန်လည်ပြောပြခဲ့လေသည်။

သို့နှင့် နောက်ပိုင်းတွင် ရွှန်းမဲလ်၏ အစီရင်ခံစာများမှာ ရေးရိုးရေးစဉ် အစီရင်ခံစာများထက် အနည်းငယ် အလီမ္မာသုံး၍ ရေးလာသည်ကို တွေ့ရပေသည်။

ဇွန်လ ၁၂ ရက်နေ့တွင် တပ်များ၏ အခြေအနေကို ကျေနပ်ဖွယ် တွေ့ရှိရကြောင်း၊ မိမိတို့တပ်များ၏ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်တွန်းလှန်မှုကြောင့် မဟာမိတ်တပ်များ၏ တိုက်ခိုက်မှုအရှိန်ကို ဟန့်တားနိုင်ခဲ့ကြောင်း အစရှိသည့် တပ်များ၏ အခြေအနေ ကောင်းမွန်းမှုကို အဖွင့်တွင် ရေးသားပြီးမှသာ ဆက်လက်၍ စိတ်ပျက်ဖွယ်အကြောင်းများကို ရေးသားအစီရင်ခံခဲ့လေသည်။

၎င်းအစီရင်ခံစာမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျွန်ုပ်တို့ရဲ့ အရန်တပ်များ ရှေ့တန်းသို့ ရောက်နိုင်သည့် အခြေအနေထက် ရန်သူ့အင်အားက ပို၍များပြားလျက် ရှိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယခုအချိန်အခါတွင် ကျွန်ုပ်တို့ တပ်မတော်စုသည် အေနီမြစ်နှင့် လီရိုင်ယာမြစ်အကြား အဆက်အစပ်ပြုပြီး ဖြန့်ထားနိုင်ရုံလောက်ဖြင့်သာ ရောင့်ရဲနေရမည်ဖြစ်ပြီး ရန်သူ့ချီတက်မှုကို ခွင့်ပြုထားရမည့် အခြေအနေ ဖြစ်ပါသည်။ ကမ်းရိုးတန်း ခံစစ်စခန်းများတွင် ခုခံတိုက်ခိုက်လျက်ရှိသည့် တပ်များကို တပ်လဲရန်ဆိုသည်မှာလည်း မဖြစ်နိုင်ပါ။ နော်မန်ဒီတွင် ကျွန်ုပ်တို့၏ စစ်ဆင်မှုများမှာ အဆမတန်ကြီးမားလှသည့် မဟာမိတ်တို့၏ လေတပ်နှင့် စစ်ရေယာဉ် အကြီးစား အမြောက်များ၏ တိုက်ခိုက်မှုကြောင့် အထူးခက်ခဲလျက်ရှိပြီး အချို့နေရာများတွင် လုံးဝ တိုက်ခိုက်၍ပင် မရနိုင်သည့် အခြေအနေမျိုးတွင် ရှိနေပါသည်။

ကျွန်ုပ်ကိုယ်တိုင်ကလည်းကောင်း၊ ကျွန်ုပ်၏ ဦးစီးများကလည်းကောင်း၊ ထပ်ခါတလဲလဲ လက်တွေ့ပြသ သက်သေထူခဲ့သည့်အတိုင်း အထူးသဖြင့် ဆက်(ပ်)ဒီအက် ထရစ်(ချ်)ကဲ့သို့သော တပ်မှူးများ၏ အစီရင်ခံချက်အတိုင်း ရန်သူများသည် စစ်မျက်နှာအနောက် မိုင် ၆၀ အထိ တိုက်ပွဲဖြစ်ပွားရာ နယ်မြေတစ်ခုလုံးကို လုံးဝ ထိန်းသိမ်းထားနိုင်နေပါသည်။ နေ့အချိန်များတွင် ထူးထူးခြားခြားအင်အား ကောင်းမွန်လှသည့် ဗုံးကြဲတိုက်လေယာဉ်များနှင့် ဗုံးကြဲလေယာဉ်များက တိုက်ခိုက်ဟန့်တားနေသဖြင့် လမ်းများပေါ်တွင်သာမက ကွင်းပြင်များပေါ်၌ပါ သယ်ယူပို့ဆောင်ရေး လုပ်ငန်းအားလုံး လုံးဝရပ်တန့်သွားမတတ် ဖြစ်နေပါသည်။

တိုက်ပွဲနယ်မြေအတွင်း၌ နေ့အချိန်တွင် ကျွန်ုပ်တို့ဘက်မှ တပ်ရွှေ့ပြောင်းမှုကို လုံးဝရပ်စဲထားရမတတ် ဖြစ်နေသော်လည်း ရန်သူများကမူ လွတ်လပ်စွာ ရွှေ့ပြောင်းနေထိုင်ကြပါသည်။ ခဲယမ်း မီးကျောက်နှင့် ရိက္ခာများ ရှေ့တန်းသို့ ပေးပို့ရေးမှာလည်း ခက်ခဲ လျက်ရှိပါသည်။ ရှေ့တန်းတက်၍ နေရာယူထားသည့် အမြောက် များနှင့် စစ်ဆင်နေသည့် တင့်ကားများ အစရှိသည့်တို့မှာ ရန်သူ၏ ဗုံးကြဲတိုက်ခိုက် ဖျက်ဆီးခြင်း ခံနေပါသည်။

တပ်များနှင့် စစ်ဦးစီးအဖွဲ့များမှာ နေ့အချိန်တွင် မရှောင်မလွှဲ



သာကျင်းရို ပုန်းအောင်းနေကြရပါသည်။ ကျွန်ုပ်တို့အား ပြုတ်ပြုတ် ပြုန်းအောင်နှင့် ချည့်နဲ့အောင် တိုက်ခိုက်နေနိုင်ကြသော ရန်သူကို ကျွန်ုပ်တို့၏ လေတပ်ကသော်လည်းကောင်း၊ မည်သို့မျှ မတားဆီး နိုင်အောင် ဖြစ်နေပါသည်။

ရန်သူ၏ရေတပ်မှာ အကြီးစားအမြောက်များကို ထိရောက်စွာ အသုံးချနိုင်ကြသဖြင့် ယင်းအမြောက်ကြီးများ၏ ပစ်ကွင်းအတွင်း ရောက်ရှိနေသည့် ခြေလျင်တပ် (သို့မဟုတ်) ပန်ဇာတပ်တို့မှာ တိုက်ပွဲဆင်နွှဲ၍ မဖြစ်နိုင်လောက်သည့် အခြေအနေမျိုးသို့ ရောက်ရှိနေပါသည်။

အင်္ဂလိပ် အမေရိကန်တို့ အသုံးပြုလျက်ရှိသော စစ်လက်နက်ပစ္စည်းများမှာ အရေအတွက်အားဖြင့် များပြားသကဲ့သို့ နောက်ဆုံးပေါ် လက်နက်အသစ်အဆန်းများလည်း အများအပြားပါဝင်ပြီး ကျွန်ုပ်တို့၏ စစ်လက်နက်ပစ္စည်းများထက်လည်း အဆများစွာ သာလွန်ကောင်းမွန်ပါသည်။

ဆက်(ပ်)ဒီအက်ထရစ်(ချ်)၏ သတင်းပို့ချက်အရဆိုလျှင်မူ ရန်သူ့သံချပ်ကာ တပ်မများသည် စက်ကွင်း အကွာအဝေး ကိုက် ၃၅၀၀ အထိ ထိရောက်စွာ တိုက်ခိုက်နိုင်ကြပြီး ခဲယမ်းမီးကျောက်များကိုလည်း ရက်ရောစွာ သုံးစွဲလျက်ရှိသည်ဟု ဆိုသည့်အပြင် လေတပ်အကူအညီကိုလည်း ထူးထူးခြားခြား ရရှိနေသည်ဟု ဆိုပါသည်။

အရေအတွက်များပြားလှသည့် လေထီးတပ်သားများနှင့် လေကြောင်းချီ တပ်သားများကို ထိရောက်စွာ အသုံးပြုနေကြသဖြင့် အတိုက်ခိုက်ခံနေရသည့် ကျွန်ုပ်တို့၏ တပ်များမှာ ပြန်လှန် ထိုးစစ်ဆင်ရန်ဝေးစွ။ ၎င်းတို့ လုံခြုံရေးအတွက်ကိုပင် အနိုင်နိုင်ကြိုးစား၍ ကာကွယ်နေကြရပါသည်။

ကျွန်ုပ်တို့ လေတပ်ကလည်း မူလက စီစဉ်ထားသည့်အတိုင်း ရန်သူ့တပ်များကို တုံ့ပြန်အရေးယူမှုများ မပြုလုပ်နိုင်အောင် ရှိနေပါသည်။ ရန်သူသည် နေ့အချိန်တွင် ၎င်း၏လေတပ်ဖြင့် ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



တို့၏ တပ်ရင်းများကို ချည့်နဲ့အောင်လုပ်ထားပြီး တစ်ဖက်တွင် ၎င်း၏ လျင်မြန်စွာ ရွေ့လျားနိုင်သည့် တပ်များနှင့် လေကြောင်းချီတပ်များကို အသုံးပြုပြီး တိုက်ခိုက်ထားနိုင်သည်မှစ၍ ကျွန်ုပ်တို့၏ အခြေအနေမှာ ခက်ခဲသည်ထက် ထူးထူးကဲကဲ ခက်ခဲလာရပါတော့သည်။

ထိုအစီရင်ခံစာကို ခေါင်းဆောင်ကြီးထံသို့ တင်သွင်းပါရန် ပန်ကြားအပ်ပါသည်။

ရွှန်းမဲလ်

ရွှန်းမဲလ်သည် ယခုကဲ့သို့ ဟာစ်တလာ အရေးပေးခြင်းခံရသော နာဇီ ဆက်(ပ်) ဒီအက်ထရစ်(ချ်) အဆိုကို ရည်ညွှန်းကိုးကားခြင်းဖြင့် အရှုံးမြင်ရှုထောင့်မှ ရေးသားထားသည့် သူ၏ အစီရင်ခံစာကို ဟာစ်တလာ လက်ခံလာအောင် ဆွဲဆောင်နိုင်လိမ့်မည်ဟု ထင်မှတ်ခဲ့သည်ဆိုလျှင်မူ ရွှန်းမဲလ်မှားသည်ဟူ၍ပင် ဆိုရပေမည်။

ဇွန်လ ၁၇ ရက်နေ့တွင် ဗွန်ရန်းစတက်သည် ဆွိုင်ဆွန်အနီး မားဂီဗိလ်၌ ကျင်းပသည့် အစည်းအဝေးသို့ ဟာစ်တလာအား မတက်တက်အောင် ဖိတ်ခေါ်နိုင်ခဲ့သည်။

ဗွန်ရန်းစတက်သည် အစည်းအဝေးသို့တက်ရောက်ရန် ဟာစ်တလာကို ဖိတ်ခေါ်ပြီးသည့်နောက် ရွှန်းမဲလ်ကိုလည်း သူ့အနီး၌ ခေါ်ထားလိုက်သည်။

သို့နှင့် ဟာစ်တလာတက်ရောက်သည့် ကွန်ဖရင့်တွင် စစ်သူကြီးနှစ်ယောက်သည် မဟာမိတ်တပ်များအား ပင်လယ်ထဲသို့ မောင်းချရေးနှင့်ပတ်သက်၍ လုံးဝ မျှော်လင့်ချက်မရှိကြောင်း ဟာစ်တလာ သံသယမရှိ ယုံကြည်လာစေရန် ရင်ဖွင့်တင်ပြခဲ့ကြသည်။

အကယ်၍ ခေါင်းဆောင်ကြီး ဟာစ်တလာက ၎င်းတို့တင်ပြသော အခြေအနေမှန်ကို သံသယမရှိ ယုံကြည်လျှင် မဟာမိတ်တို့ ထိုးဖောက်ဖြတ်ကျော်မှုကို ကာကွယ်ရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည့် ဂျာမန်စစ်ကြောင်းကို အုမ်း(န်)နောက်သို့ ဆုတ်ထားရန်၊ ထိုမှသည် ဂရင်းဗီးလ်အထိ



စစ်ကြောင်းကို ဆန့်ထုတ်ရန်၊ တစ်ဖန် ဂရင်းဗီးလ်မှသည် သစ်တောထူထပ်သည့် တောင်ကုန်းများပေါ်အထိ ခြေလျင်တပ်များဖြင့် ထိန်းသိမ်းထားရန်စသည့် ခံစစ်ကြောင်း ပြောင်းရွှေ့ရေး အစီအစဉ်သစ်ကိုပါ လက်ခံအတည်ပြုရန် ဟာစ်တလာအား နားချခဲ့ကြသည်။

ထိုအခါ ဟာစ်တလာ့နှုတ်ဖျားမှ 'မဆုတ်ရဘူး'ဟူသော အမိန့်က အလိုအလျောက် ထွက်ပေါ်လာခဲ့သည်။ ယင်းသို့ ရှိနေရာမှ လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက 'အိုရေဒို'ရွာမှ အဖြစ်အပျက်တစ်ခုနှင့် စပ်လျဉ်း၍ ရွှန်းမဲလ်က ဟာစ်တလာအား တိုင်ကြားလိုက်ရာတွင် ဒေါသခြောင်းခြောင်းထွက်နေသော ဟာစ်တလာက ရွှန်းမဲလ်အား မကျေနပ်သော အမူအရာဖြင့် ကြည့်ရင်း ရွှန်းမဲလ်၏ ပြောလက်စစကားများကို ဟန့်တားလိုက်သည်။

'အိုရေဒို'ရွာကလေးမှ အဖြစ်အပျက် ဆိုသည်မှာကား ၎င်းရွာတွင် ဂျာမန်အရာရှိတစ်ဦး အသတ်ခံရသည်ကို အက်စ်အက်စ် တပ်သားများက ရန်ငြိုးထားကာ 'အိုရေဒို'ရွာမှ မိန်းမနှင့်ကလေးများကို ရွာထိပ်ဘုရားရှိခိုးကျောင်းထဲ၌ စုရုံးစေပြီး ရွာကို မီးလောင်တိုက်သွင်းခဲ့သည်။

မီးတောက်မီးလျှံများအကြားမှ ပြေးထွက်လာကြသော လူကြီးလူငယ်များကိုလည်း စက်သေနတ်များဖြင့် တံမြက်သိမ်းပစ်ခတ်ပြီး သုတ်သင်လိုက်ကြသည်။ ရွာကို မီးလောင်တိုက်သွင်းပြီးပြန်သောအခါ အက်စ်အက်စ် တပ်သားများက ဘုရားရှိခိုးကျောင်းကိုပါ ဗုံးများဖြင့် ဖောက်ခွဲ ပစ်လိုက်ကြရာ မိန်းမနှင့် ကလေးပေါင်း ၆၀၀ ကျော်မျှ မရှုမလှ သေပွဲဝင်ခဲ့ရသည်။

သို့သော် 'အိုရေဒို့'ဆိုသည့် ရွာမှာ ၎င်းနယ်တွင် နာမည်တူ ရွာနှစ်ရွာရှိလေရာ အက်စ်အက်စ် တပ်သားများ မီးတိုက်လိုက်သည့်ရွာမှာ ဂျာမန်အရာရှိ အသတ်ခံရသည့်ရွာမဟုတ်ဘဲ အပြစ်ရှိသည့် နာမည်တူရွာအစား ခံစားလိုက်ရခြင်းပင် ဖြစ်သည်။

ဤသို့ ရွာအဝင်မှားယွင်းခဲ့သည်ကို အက်စ်အက်စ် တပ်သားများက သိခဲ့ကြသော်လည်း နောက်ပြန်မဆုတ်ဘဲ လူသတ်ပွဲကို ဆက်လက် ကျူးလွန်ခဲ့ကြသည်။

ထိုတွင်မက အက်စ်အက်စ်တပ်သားများက ရွာအမှားမှားအယွင်း

www.burmeseclassic.com

www.burmeseclassic.com



ယွင်း ဖြစ်ရသည်မှာလည်း သူတို့၏အပြစ်မဟုတ်၊ နာမည်ဆင်တူ နှစ်ခုရှိသော ရွာ၌နေခဲ့မိသော ရွာသူရွာသားများ၏ အပြစ်သာလျှင် ဖြစ်သည်ဟု ဆင်ခြေပေးခဲ့ကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ရွှန်းမဲလ်က အပြစ်ရှိသူ အက်စ်အက်စ် တပ်သားများအား ပြင်းပြင်းထန်ထန် အရေးယူပေးရန် ဟာစ်တလာထံ တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

"အဲဒီလို ပြုမူတာဟာ ဂျာမန်တပ်မတော်ရဲ့ ဂုဏ်ကို ညှိုးနွမ်းအောင် ပြုလုပ်နေတာနဲ့ အတူတူပါပဲ၊ အဲဒီလို အက်စ်အက်စ် တပ်သားတွေရဲ့ ညှဉ်းပန်းနှိပ်စက်မှုကြောင့် ပြင်သစ် အမျိုးသားတွေပါ တစ်နေ့တခြား မြေအောက်တော်လှန်ရေး ဂိုဏ်းထဲဝင်ကုန်ကြလို့ ကျုပ်တို့ တပ်နောက်ပိုင်းတွေမှာ ပြင်သစ် မြေအောက်တော်လှန်ရေးဂိုဏ်း အင်အား တစ်နေ့တခြား တိုးပွားလာနေတာဟာ အံ့သြစရာ မဟုတ်ပါဘူး"

ဤကား ယင်းကွန်ဖရင့်တွင် ဖိုလ်ချုပ်ကြီးရွှန်းမဲလ်က ဟာစ်တလာအား စေ့စေ့ကြည့်ကာ ဝံ့ဝံ့စားစားဆိုခဲ့သော စကားများ ဖြစ်ပေသည်။

"မင်းနဲ့ ဘာမှမဆိုင်ပါဘူး၊ အခု မင်းပြောခဲ့တဲ့ စကားတွေဟာ မင်းတာဝန်ရဲ့ အပြင်ဘက်ကို ရောက်နေတယ်၊ မင်းတာဝန်က မဟာမိတ်တွေ ဝင်တိုက်တဲ့အခါ ခုခံဖို့ပဲ"

ဟူ၍ ဟာစ်တလာက ပြန်လည်ဖြေကြားခဲ့သည်။

ကွန်ဖရင့် ပြီးဆုံးသွားသောအခါ ဗွန်ရန်းစတက်နှင့် ရွှန်းမဲလ်က မဟာမိတ်နိုင်ငံများနှင့် စေ့စပ်ဆွေးနွေးရန်နှင့် စစ်ပြေငြိမ်းရေးများကို ဆက်လက် ဆွေးနွေးခဲ့သည်။ အစည်းအဝေးအပြီး လူချင်းခွဲခွာသောအခါတွင်လည်း သူတို့၏ မျက်နှာများမှာ မကြည်သာလှပေ။

ယင်းသို့ ရွှန်းမဲလ်နှင့် ဗွန်ရန်းစတက်တို့ ခွဲခွာ၍ မကြာမီပင် စောစောက သူတို့နှစ်ဦး ကွန်ဖရင့်ကျင်းပခဲ့ရာ ဌာနချုပ်ပေါ်သို့ ဗွီ(ဝမ်း) ဒုံးပျံတစ်ခု ကျရောက်ပေါက်ကွဲခဲ့သည်။ ၎င်းဒုံးပျံပေါက်ကွဲမှုတွင် မည်သူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာအနာတရ မရရှိခဲ့ပေ။

နောက်ပိုင်း ရက်သတ္တပတ်များအတွင်း ရွှန်းမဲလ်တင်သွင်းခဲ့သည့် အစီရင်ခံစာများတွင် လိုရင်းကိုသာ တိုတိုတုတ်တုတ် ရေးထားသည်ကို



တွေ့ ရပြီး သူ၏ ကိုယ်ပိုင်အကြံဉာဏ်များကိုသော်လည်းကောင်း၊ စစ်ရေးသုံးသပ်ချက်များကိုလည်းကောင်း ရေးသားဖော်ပြသည်ကို မတွေ့ခဲ့ရတော့ပေ။

"တပ်မတော်စု(ဘီ)သည် ရန်သူထိုးဖောက် ဖြတ်ကျော်မသွားနိုင်စေရန် ဆက်လက်၍ ခုခံကာကွယ်နေမည်ဖြစ်သည်"စသည်ဖြင့်သာ သာမန် အစီရင်ခံနည်းဖြင့် ရေးသားခဲ့လေတော့သည်။

အကျအဆုံးနှင့်ပတ်သက်၍ အစီရင်ခံရာတွင်လည်း ဇွန်လ ၆ ရက်နေ့မှ ဇူလိုင်လ ၄ ရက်နေ့အတွင်း အရာရှိအရာခံ အကြပ်တပ်သား ၁၀၀၀၀၉ ယောက် ကျဆုံးကြောင်း။

၎င်းလစ်လပ်နေသည့် နေရာများတွင် တပ်သား ၈၃၉၅ ယောက်သာလျှင် အစားထိုးနိုင်ခဲ့ပြီး တပ်သား ၈၃၀၃ ယောက်ကို ရွှေ့ပြောင်းရန် သတိပေးရုံသာ ပေးထားနိုင်ကြောင်း စသည်ဖြင့်သာ ရေးသား အစီရင်ခံခဲ့ပြီး အကျအဆုံး တိုးတက်များပြားလာသည်ကို ထောက်ရှုခြင်းအားဖြင့် လူစားဖြည့်တင်းရေး အခြေအနေမှာ စိတ်ပူစရာ ဖြစ်နေပါသည်"ဟူ၍ အစီရင်ခံစာ အဆုံးတွင် ဝေဖန်သုံးသပ်ချက် ရေးသားခဲ့ပြန်လေသည်။

စင်စစ် ရွှန်းမဲလ်သည် သာမန်အစီရင်ခံစာ ရေးနည်းဖြင့် ရေးသားနေရာမှ စိတ်ထဲတွင်ရှိသော အမြင်ကို အမှတ်မထင် အန်ထုတ်မိခဲ့ခြင်း ဖြစ်ဟန် ရှိလေသည်။

ဇွန်လ ၁၈ ရက်နေ့တွင် ဘာချ်တက်(စ်)ဂေးဒင်းသို့ သတင်းပို့ရန်ဆိုသည့် အမိန့်စာတစ်စောင် ရွှန်းမဲလ်နှင့် စစ်သူကြီးဗွန်ရန်းစတက်ထံသို့ ရောက်ရှိလာခဲ့လေသည်။

ဟာစ်တလာနှင့် တွေ့ဆုံသောအခါတွင်မူ ဟာစ်တလာက ရန်သူ့လေတပ်အင်အား ကြီးမားခြင်းနှင့် မော်တော်ယာဉ်နှင့် ဓာတ်ဆီ စက်ဆီများ ပေါများခြင်းတို့ကြောင့် ယန္တရားဗျူဟာ မဖွံ့ဖြိုးစေရန် ပိတ်ပင်တားဆီးရမည်ဟူ၍လည်းကောင်း၊ ရန်သူကို ၎င်းတို့ တံတားဦး ထိုးမိသည့်နေရာ၌ပင် ပိတ်ဆို့ထားနိုင်စေရန် စစ်မျက်နှာတစ်ခုဖွင့်ကာ ဖွဲ့ခြွေစစ်ဆင်နည်းဖြင့် ရန်သူကို အမှည့်ခြွေနေရမည်ဟူ၍လည်းကောင်း အမိန့်ပေးလေတော့သည်။ ယင်းစစ်ဆင်နည်းမှာ ပြောက်ကျားနည်းမျိုးပေါင်းစုံကို အသုံးပြု၍ တိုက်ခိုက်ရမည့်

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်နည်းဖြစ်လေသည်။

ဟစ်တလာသည် ကီးတဲလ်နှင့် ဂျူးဒဲလ်ရှေ့မှောက်၌ပင် ရွှန်းမဲလ်ကို ရည်စူးကာ စောင်းချိတ်၍ ဆိုလိုက်သည်။

"မင်းတို့သာ ကောင်းကောင်းတိုက်ရင် အားလုံးအဆင်ပြေသွားလိမ့်မယ်"

သို့နှင့် ရွှန်းမဲလ်သည် ဟစ်တလာ့အပေါ် မကျေမချမ်းဖြင့်ပင် သူ၏ဌာနချုပ်တည်ရှိရာ လာရော့ကူးယွန်းသို့ ပြန်ခဲ့လေတော့သည်။

ရွှန်းမဲလ်သည် ဌာနချုပ်သို့ ပြန်ရောက်သောအခါ ရေကြောင်းဗိုလ်ချုပ်ဂေါဆီ၏ နေရာကို ဆက်ခံသည့် ဦးစီးချုပ် ဟန့်(စ်)စပီဒဲလ်အား ဟစ်တလာပြောခဲ့သည့် စကားများကို ပြန်လည်ဖောက်သည်ချခဲ့လေသည်။

စင်စစ် စပီဒဲလ်သည် ရွှန်းမဲလ်၏ ဘဝဇာတ်ခုံတွင် ယခုကပြလျက်ရှိသော စစ်ဦးစီးတစ်ယောက်အဖြစ်ထက် ပို၍ အရေးကြီးသည့် အခန်းမှပါဝင်ကပြမည့်သူဖြစ်လေရာ သူ့အကြောင်းကို ကျွန်ုပ်တို့ အကျယ်မဟုတ်သော်မှ အကျဉ်းမျှ သိထားရန် လိုပေလိမ့်မည်။

စပီဒဲလ်၏ ရုပ်သွင်မှာမူ ထိုအချိန်က စစ်ဝန်ကြီးဌာန တာဝန်ခံဆာဂျိမ်း(စ်) ဂရစ်(ဂ်)၏ ရုပ်ရည်နှင့် အံ့အားသင့်ဖွယ်ကောင်းလောက်အောင်ဆင်တူပြီး ဆာဂျိမ်း(စ်) ဂရစ်(ဂ်)ကဲ့သို့ပင် တွေးခေါ်မြော်မြင်ဉာဏ် ထက်မြက်သူလည်း ဖြစ်သည်။ သဘာဝတ္ထုပညာရှင်တစ်ဦးဖြစ်သည့် အလျောက်လည်း ဆာဂျိမ်း(စ်) ဂရစ်(ဂ်)ထက်ပင် အတွေးအခေါ်ရှိပြီး စိတ်ရှည်ရာ၌လည်း ပိုပေ သည်။

ဤသည်မှာလည်း ဆန်းကြယ်လှသည်ဟု မဆိုနိုင်ပေ။ အကြောင်းမူ စပီဒဲလ်သည် စစ်သည်ကျော်ကြီးတစ်ယောက် ဖြစ်သကဲ့သို့ သဘာဝတ္ထုပညာရှင်တစ်ယောက်လည်း ဖြစ်သောကြောင့်တည်း။

စပီဒဲလ်သည် ၁၉၁၄ ခုနှစ် အသက် ၁၇ အရွယ်၌ စစ်ထဲသို့ဝင်ခဲ့ပြီး ပထမကမ္ဘာစစ်ကြီးတစ်လျှောက်လုံး အနောက်ဘက် စစ်မျက်နှာတွင်ရှိနေခဲ့သူ ဖြစ်သည်။ ထိုစဉ်အတွင်း သူသည် ရွှန်းမဲလ်နှင့်အတူ တပ်ပေါင်းတစ်ခုတွင် အတန်ကြာ အမှုထမ်းခဲ့ရလေသည်။

စစ်ကြီးနှစ်စစ်အကြားတွင်လည်း စစ်တပ်ထဲ၌ပင် ရှိနေခဲ့ပြီ။ ဦးစီး



တက္ကသိုလ်သို့ တက်ရောက်နိုင်ရန် စစ်ပညာများကို လေ့လာဆည်းပူးရင်းတစ်ဖက်မှလည်း သဘာဝတ္ထု ပညာရပ်များကို လိုက်စားခဲ့သည်။

သို့ဖြင့် သူသည် ဦးစီးတက္ကသိုလ်မှ ဘွဲ့များကို ဆွတ်ခူးနိုင်သကဲ့သို့ ၁၉၂၅ ခုနှစ်တွင် တူဘင်ဂင်တက္ကသိုလ်မှလည်း ရာဇဝင်နှင့် သဘာဝတ္ထုပညာရပ်များကို ဂုဏ်ထူးဖြင့် အောင်မြင်ပြီး ပါရဂူဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့လေသည်။

ဦးစီးအရာရှိတစ်ယောက် ဖြစ်လာသောအခါတွင်လည်း သဘာဝတ္ထုပညာရှင်ပီပီ အရာရာကို ခွဲခြမ်းစိတ်ဖြာ၍ အဖြေမှန်ကို ရှာကြံတတ်သကဲ့သို့မှတ်ဉာဏ်လည်း ကောင်းလှကာ မကြာမီမှာပင် အောင်မြင်ထင်ရှားသည့် စစ်ဦးစီးတစ်ယောက် ဖြစ်လာခဲ့လေတော့သည်။

ထို့ပြင် သူသည် ဖြူစင်လှသည့် နှလုံးနှင့် ကြင်နာတတ်သောစိတ်ရှိပြီး ဟာသဉာဏ်ရွှင်သူလည်း ဖြစ်ပေသည်။ ၁၉၃၃ ခုနှစ်တွင် သူသည် ပဲရစ်မြို့၌ လက်ထောက်စစ်သံမှူးအဖြစ် တာဝန်ယူခဲ့ရပြီး (ပြင်သစ်စကားကို ပြင်သစ်လူမျိုးတစ်ယောက်ကဲ့သို့ ပြောနိုင်သူဖြစ်သည်။) ဘာလင်သို့ ပြန်ရောက်သောအခါ အနောက်ဘက်နယ်ကို အုပ်ချုပ်ရသည့် ဦးစီးချုပ်ဖြစ်လာခဲ့ပြန်လေသည်။

သို့နှင့် ပြင်သစ်တပ်မတော်၏ စစ်ဆင်ရေးများကို အနီးကပ်လေ့လာခွင့် ရခဲ့သဖြင့် ၁၉၃၇ ခုနှစ်တွင် စစ်စာတမ်းတစ်စောင် ရေးသားပြုစုခဲ့ပေသည်။ ၎င်းစာတမ်းတွင် ပြင်သစ်တပ်မတော်သည် ခေတ်သစ်စစ်ပွဲကြီးများအတွက် အသင့်မဖြစ်သေးကြောင်း၊ သို့သော် ပြင်သစ်ပြည်ကို အတိုက်ခံရလျှင်မူ မရမနေ ဖြစ်သည့်နည်းဖြင့် ပြန်လှန် ခုခံရေးတွင် ပြင်သစ်ခေါင်းဆောင်များကို အားထားနိုင်ကြောင်းဖြင့် ရေးသားဖော်ပြခဲ့လေသည်။

၎င်းရေးသားဖော်ပြချက်များနှင့် စပ်လျဉ်း၍လည်း နောင်တွင် သူ၏ဟောကိန်းမမှန်သောအခါ "ကျုပ်တွက်ကိန်းမှားတာဟာ ကံကောင်းတာလား၊ ကံဆိုးတာလားတော့ မသိနိုင်ဘူး"ဟု မှတ်ချက်ချခဲ့ဖူးလေသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှတပ်များ ဒန်းခတ်မှ ဆုတ်ခွာပြေးခဲ့ရစဉ်က စပီဒဲလ်သည် ဒန်းခတ်တွင် ရောက်ရှိနေခဲ့သဖြင့် ဗြိတိသျှတပ်များ သဘော်တက်နေခိုက် ဂျာမန်သံချပ်ကာကား နှစ်တပ်ကို အသုံးပြု

www.burmeseclassic.com

www.burmeseclassic.com



ခွင့် မရလိုက်ခြင်းသည် ဟာစ်တလာက တိုက်ရိုက်အမိန့်ပေးပြီး "တကယ်လို့သာ အဲဒီတပ်နှစ်တပ်ကိုသာ သုံးခွင့်ရလိုက်မယ်ဆိုရင် ဗြိတိသျှတွေ ပြင်သစ်ကမ်းခြေက တစ်ယောက်မျှ ခွာနိုင်မှာ မဟုတ်ဘူး"ဟူ၍လည်း မှတ်ချက်ချခဲ့ဖူးလေသည်။

တစ်ဖန် စပီဒဲလ်သည် ပြင်သစ်ပြည်မှ ရုရှားစစ်မျက်နှာသို့ ပြောင်းရွှေ့၍ အထက်တန်း စစ်ဦးစီးရာထူးများကို လက်ခံအမှုထမ်းခဲ့ရပြန်သည်။

ထို့နောက် သူသည် မော်စကိုမြို့တော် အရှေ့ပြင်သို့ အမှတ် ၁ တပ်မတော်နှင့် ရောက်ရှိလာပြီး လုံးဝအောင်ပွဲခံနိုင်လုနီးနီး အခြေသို့ ရောက်ခဲ့သည့် ၁၉၄၂ ခုနှစ် နွေရာသီတောင်ပိုင်း ထိုးစစ်ကြီးကို စီစဉ်ကွပ်ကဲခဲ့လေသည်။

ထို့ပြင် အမှတ် ၈ (အီတာလျံ) တပ်မတော်တွင် စစ်ဦးစီးချုပ်အဖြစ် ထမ်းရွက်ရင်း ၁၉၄၃ ခုနှစ် တစ်နှစ်လုံးနှင့် ၁၉၄၄ ခုနှစ်ဦးပိုင်းအတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲကြီးများတွင် ပါဝင်ဆင်နွှဲခဲ့သည်။

စပီဒဲလ်အား ရုရှားစစ်မျက်နှာ အခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းကြည့်ရာ "သိပ်ဆိုးတာပေါ့ဗျာ၊ ရုရှားစစ်မျက်နှာနဲ့ ပတ်သက်လို့ မည်မည်ရရ ပြောစရာရှိတာကတော့ ကျုပ်တို့ စစ်ဦးစီးအရာရှိတွေ စာတောင် ရေးလို့မရအောင် အေးတယ်ဆိုတာပါပဲဗျာ"ဟု ဖြေခဲ့လေသည်။

ရုရှားစစ်မျက်နှာတွင် အရေးနိမ့်ခဲ့ရခြင်းနှင့် ပတ်သက်၍ မေးမြန်းကြည့်သောအခါတွင်လည်း "ရုရှားဘက်က လူအင်အား အဆမတန်များနေပြီး ဂျာမန်တွေဘက်က ဟာစ်တလာတစ်ယောက် ပိုနေလို့ ရှုံးရတာပဲ"ဟု ဖြေကြားခဲ့ပြန်သည်။

ယခုမှ စပီဒဲလ်သည် နော်မန်ဒီကမ်းခြေတိုက်ပွဲများ အထွတ်အထိပ်သို့ ရောက်ရှိနေစဉ်အတွင်း စစ်ရေးတွင်သာမက ပုဂ္ဂိုလ်ရေးကိုပါ တိုင်ပင်နိုင်နေသော နိုင်သည့် ရွှန်းမဲလ်၏ မိတ်ဆွေကောင်းတစ်ယောက် ဖြစ်ခဲ့ပေပြီ။

❑

## ရွှန်းမဲလ်နှင့် အနီးကပ်ထိုးဆင်းလာသော လေယာဉ်တစ်စင်း

ဇူလိုင်လ ၇ ရက်နေ့တွင် မဟာမိတ်လေတပ်က ရွှန်းမဲလ်အား မမီ မိအောင် လိုက်၍ အမိဖမ်းလေတော့သည်။ အခင်းဖြစ်ပွားရပုံမှာလည်း အဆန်းတကြယ်တော့ မဟုတ်ချေ။

၁၉၄၄ ခုနှစ် ဇူလိုင်လအတွင်း နေ့တစ်နေ့တွင် နော်မန်ဒီကမ်းခြေ ဝန်းကျင်မှ လမ်းပေါ်တွင် မဟာမိတ်လေယာဉ်များ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဂျာမန်မော်တော်ယာဉ်များထဲ၌ ရွှန်းမဲလ်၏ဦးစီးကားလည်း ပါဝင်ခဲ့လေ သည်။ ဖြစ်ပွားပုံကို ပြန်လည် ပြောပြခဲ့သူမှာမူ ရန်သူ့လေယာဉ် အပစ်ခံရစဉ် က ကားပေါ်တွင် ရွှန်းမဲလ်နှင့်အတူရှိနေသည့် ဗိုလ်ကြီးတဲလ်မှသ် ဖြစ်လေ သည်။

ဗိုလ်ကြီးတဲလ်မှသ် ပြောပြချက်အရဆိုပါမူ သူတို့ကြမ္မာငင်၍သာ မဟာမိတ်လေယာဉ်များ အမြဲတစေ ပစ်ခတ်တိုက်ခိုက်လေ့ရှိသော လမ်းမ ကြီးကို တမင်ရွေးချယ်ပြီး ခရီးသွားခဲ့မိခြင်းဖြစ်သည်ဟု ဆိုလေသည်။

"ဗိုလ်ချုပ်ကြီးရွှန်းမဲလ် နေ့စဉ်မပျက် လုပ်လေ့ရှိတဲ့အတိုင်း" ဟု အစချီကာ ဗိုလ်ကြီးတဲလ်မှသ်က အခင်းဖြစ်ပွားပုံနှင့် ပတ်သက်၍ အောက်ပါ အတိုင်း ပြောပြခဲ့လေသည်။

"ဇွန်လ ၁၇ ရက်နေ့က ဗိုလ်ချုပ်ကြီးရွှန်းမဲလ်ဟာ ရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



စစ်မျက်နှာကို စစ်ဆေးဖို့ ခရီးထွက်ခဲ့ပါတယ်၊ ဗိုလ်ချုပ်ကြီးရှန်းမဲလ် မနေ့ညက ရန်သူ့တိုက်ခိုက်မှုကို အပြင်းအထန် ခံလိုက်ရတဲ့ အမှတ် ၂၇၇ နဲ့ အမှတ် ၂၇၆ ခြေလျင်တပ်ရင်းတွေကို စစ်ဆေးပြီးတဲ့ နောက် အမှတ် ၂ အက်(စ်)အက်(စ်) သံချပ်ကာကားတပ် ဌာနချုပ် ကို ဆက်ထွက်ခဲ့ပါတယ်၊ အဲဒီဌာနချုပ်မှာ ဗိုလ်ချုပ်အက်ထရစ်(ချ်)၊ ဗိုလ်ချုပ်ဆက်(ပ်) ဒီအက် ထရစ်(ချ်)တို့နဲ့ စကားပြောခဲ့တယ်၊ ကားမောင်းလို့ ထလာတဲ့ဖုန်တွေက စစ်မြေပေါ်မှာ အဆက်မပြတ် ပျံသန်းကင်းထောက်နေတဲ့ ရန်သူ့လေယာဉ်တွေကို လက်ယပ်ခေါ် သလို ဖြစ်နေမှာ စိုးရိမ်ရတဲ့အတွက် အထူးဂရုစိုက်ပြီး ခရီးသွားခဲ့ ရတယ်။

ညနေ ၄ နာရီလောက်ကျတော့ ကျွန်တော်တို့ ဗိုလ်ချုပ် ဒီအက်ထရစ်(ချ်)ရဲ့ ဌာနချုပ်က ပြန်ထွက်ခဲ့ပါတယ်၊ ရန်သူ့တပ် တွေက စစ်မျက်နှာတစ်နေရာကို ချိုးဖောက်သွားပြီလို့ ကြားရတဲ့ အတွက် ဗိုလ်ချုပ်ကြီး ရှန်းမဲလ်ဟာ သူ့ရဲ့ တပ်မတော်စု(ဘီ) ဌာန ချုပ်ကို ပြန်ရောက်ချင်တဲ့စိတ်သာ စောနေပါတယ်၊ လမ်း တစ်လျှောက်လုံးမှာလည်း သယ်ယူပို့ဆောင်ရေးယာဉ်တွေ မီးလောင်နေတာကို တွေ့ခဲ့ရပါတယ်၊ တစ်ခါတစ်ခါ ရန်သူ့ဗုံးကြဲ လေယာဉ်တွေရဲ့ရန်ကို ကြောက်ရလို့ လမ်းကြမ်းတွေပေါ်ကို ဆင်း မောင်းခဲ့ရပါတယ်၊ ဒါနဲ့ ညနေ ၆ နာရီလောက်ကျတော့ ကျွန်တော် တို့ရဲ့ကားဟာ လီဗာရော့ အနီးဝန်းကျင်ကို ရောက်လာခဲ့ပါတော့ တယ်။

"ကျွန်တော်တို့ရဲ့ အနီးတစ်ဝိုက်မှာလည်း မကြာခင်ကမှ ရန်သူ့လေယာဉ် အပစ်ခံလိုက်ရလို့ မီးလောင်ပျက်စီးနေတဲ့ သယ်ယူ ပို့ဆောင်ရေးယာဉ် တော်တော်များများကို တွေ့လိုက်ရပြီး ရန်သူ့ ဗုံးကြဲ လေယာဉ်အုပ်စုတွေကလည်း ပတ်ဝန်းကျင်က မခွာသေးဘဲ သဲသဲမဲမဲ တိုက်ခိုက်နေတုန်းပဲဆိုတာ တွေ့လိုက်ရပါတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း ဗီမူတီယာစ်ကနေ နှစ်မိုင်ခွဲလောက်မှာရှိတဲ့ လမ်းခွဲရောက်ရင် လမ်းမကြီးပေါ် ပြန်တက်မယ်ဆိုတဲ့ ရည်ရွယ်



ချက်နဲ့ လမ်းမကြီးပေါ်က ဆင်းပြီး အကာအကွယ်ကောင်းတဲ့ တောလမ်းအတိုင်း လိုက်ခဲ့ပါတယ်။

"လမ်းခွဲရောက်လို့ လမ်းမကြီးပေါ် ပြန်တက်တဲ့အခါ လီဗာ ရော့မြို့ပေါ်မှာ ပျံဝဲနေတဲ့ ရန်သူ့ကျွမ်းထိုး ဗုံးကြဲလေယာဉ် ရှစ်စင်း ခန့်ကို လှမ်းမြင်လိုက်ရပါတော့တယ်၊ နောက်မှ ကျွန်တော်တို့ သိခဲ့ရတာကတော့ အဲဒီ လေယာဉ်အုပ်စုဟာ လီဗာရော့သွားတဲ့ လမ်းပေါ်က ခရီးသွားယာဉ်တွေကို နှောင့်ယှက်ဖျက်ဆီးနေခဲ့တာ နှစ်နာရီလောက် ကြာနေပြီဆိုတာပါပဲ၊ ဒါနဲ့ ကျွန်တော်တို့လည်း ရန်သူ့လေယာဉ်အုပ်စုက ကျွန်တော်တို့ရဲ့ ကားကို မမြင်သေးဘူး ထင်တာနဲ့ လီဗာရော့နဲ့ ဗီမူတီယာစ်ကိုသွားတဲ့ လမ်းမကြီးအတိုင်း ခရီးဆက်ခဲ့ကြပါတယ်။

"အဲဒီလို ခရီးနှင်နေတုန်း မျှော်ကင်းတာဝန်ပေးထားတဲ့ တပ်ကြပ်ကြီး ဟိုလ်(ခ်)က ရန်သူလေယာဉ်နှစ်စင်း ကားလမ်း အတိုင်း ကျွန်တော်တို့ဆီကို ဦးတည်လာနေပြီလို့ ရုတ်တရက် သတိပေးလိုက်ပါတယ်၊ ဒါနဲ့ ကျွန်တော်တို့လည်း ယာဉ်မောင်း သမား ဒင်နီယဲလ်ကို မြန်မြန်မောင်းခိုင်းလိုက်ပြီး ရှေ့ကိုက် သုံးရာ လောက်မှာရှိတဲ့ အကာအကွယ်ရနိုင်မယ့် လမ်းမြောင်ထဲကို ချိုးကွေ့ ခိုင်းလိုက်ပါတယ်။

"ဒါပေမဲ့ ကျွန်တော်တို့ကား လမ်းမြောင်ထဲကို ထိုးမဆင်း နိုင်ခင်မှာပဲ လမ်းမကြီးနဲ့ကပ်ပြီး တစ်ရှိန်ထိုးပျံလာတဲ့ ရန်သူ့ လေယာဉ်က ကျွန်တော်တို့ကားနဲ့ ကိုက်ငါးရာ အကွာလောက် လည်း ရောက်လာရော ကျွန်တော်တို့ကားကို ပစ်တော့တာပါပဲ။

"အဲဒီလို ရန်သူ့လေယာဉ်က စပစ်ခတ်လိုက်တဲ့အချိန်မှာ ဗိုလ်ချုပ်ကြီးက နောက်ပြန်လှည့်ကြည့်နေခိုက်နဲ့ ကြုံကြိုက်နေပါ တယ်၊ လေယာဉ်ပေါ်က ပထမဦးဆုံး စပစ်လိုက်တဲ့ စက်သေနတ် ကျည်ဆန်တွေက ကားရဲ့ လက်ဝဲဘက်ဘေးကို ထိမှန်သွားတယ်၊ ဒင်နီယဲလ်ကိုလည်း အမြောက်ဆန်တစ်ဆန် မှန်လိုက်လို့ ဘယ် ဘက်ပခုံးပြုတ်သွားပြီး လက်မောင်းတစ်ဖက် ကြေသွားပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ချုပ်ကြီးရွှန်းမဲလ်ကတော့ မျက်နှာတစ်ခုလုံး မှန်ကွဲအရှခံလိုက်ရတဲ့အပြင် ဘယ်ဘက်ပခုံးနဲ့ ပါးရိုးကို ကျည်ဆန်အမှန်ခံလိုက်ရတဲ့အတွက် ဦးဆက်အက်သွားပြီး ချက်ချင်းသတိလစ်သွားခဲ့ပါတယ်၊ ဗိုလ်မှူးနှ ဟောစ်လည်း ခါးက ခြောက်လုံးပြူးအိမ်ကို မှန်လို့ အရိုက်ပြင်းလွန်းတာနဲ့ ဆီးခုံမှာ ဒဏ်ရာရသွားပါတယ်။

"ယာဉ်မောင်းသမား ဒင်နီယဲလ်လည်း ဒဏ်ရာက ပြင်းလွန်းလို့ ကားကို မထိန်းနိုင်တော့ဘဲ သစ်ပင်တစ်ပင်ကို ဝင်တိုက်လိုက်တဲ့အတွက် ကားဟာ လမ်းချော်သွားပြီး သစ်ပင်ရဲ့ ညာဘက်က တွင်းတစ်တွင်းထဲကို ထိုးကျသွားပါတယ်၊ ဗိုလ်ကြီး လန်(ဂ်)နဲ့ တပ်ကြပ်ကြီးဟိုလ်(ခ်)က ကားတွင်းထဲ ကျမသွားခင် အချိန်မီ ခုန်ဆင်းလိုက်ပြီး လမ်းဘေးတစ်နေရာမှာ အကာအကွယ်ယူလိုက်ကြပါတယ်။

"အဲဒီလိုဖြစ်နေတုန်းမှာ ဗြိန်းခနဲ ဒုတိယလေယာဉ်တစ်စင်းက ပျံဝင်လာပြီး လမ်းပေါ်မှာ အတုံးအရုံးလဲနေတဲ့လူတွေကို ဗုံးထပ်ချပါသေးတယ်။

"အဲဒီလို အခြေအနေ ရုတ်ရုတ်သဲသဲဖြစ်သွားပြီး မကြာခင်မှာပဲ ဗိုလ်ချုပ်ကြီး ရွှန်းမဲလ်ကို ဗိုလ်ကြီးလန်(ဂ်)နဲ့ တပ်ကြပ်ကြီးဟိုလ်(ခ်)တို့ကတွဲပြီး နီးရာ အကာအကွယ် ရမယ့်နေရာကို ခေါ်သွားခဲ့ကြပါတယ်။

"ဗိုလ်ချုပ်ကြီးဟာ မြေကြီးပေါ်မှာ သွေးအလိမ်းလိမ်းနဲ့ သတိလစ်နေခဲ့ပါတယ်၊ မျက်နှာမှန်ကွဲရှတဲ့ ဒဏ်ရာတွေကလည်း သွေးတွေ သွင်သွင်စီးကျနေပြီး အထူးသဖြင့် ဘယ်ဘက်မျက်ခုံးနဲ့ ပါးစပ်က သွေးတွေ ထွက်နေပါတယ်။ ကြည့်ရတာက ဘယ်ဘက်နားထင်ကို ထိမှန်သွားပုံပါပဲ၊ သယ်ယူခဲ့လို့ လုံခြုံတဲ့နေရာရောက်တဲ့အထိ ဗိုလ်ချုပ်ရွှန်းမဲလ်ဟာ သတိပြန်လည် မလာသေးပါဘူး။

"ဗိုလ်ကြီးလန်(ဂ်)က ဒဏ်ရာရနေတဲ့ လူတွေကို ဆေးအကူအညီပေးဖို့ ကားတစ်စီးလိုက်ရှာခဲ့တာ လေးဆယ့်ငါးမိနစ်လောက်ကြာမှ ကားတစ်စီးရခဲ့ပါတယ်။



"ဒါနဲ့ ကျွန်တော်တို့လည်း ဗိုလ်ချုပ်ကြီးကို ကသိုလ်ဖြစ်ဆေးရုံတစ်ရုံကို ခေါ်ခဲ့ပါတယ်၊ အဲဒီဆေးရုံမှာ ဗိုလ်ချုပ်ကြီးရဲ့ ဒဏ်ရာတွေကို ပြင်သစ်အမျိုးသား ဆရာဝန်တစ်ယောက် ဆေးထည့်ပေးပါတယ်၊ ဒဏ်ရာပြင်းထန်လွန်းတဲ့အတွက် ပြင်သစ်ဆရာဝန်က မျှော်လင့်ချက် မရှိဘူးလို့တောင် ပြောပါတယ်။

"ဒါနဲ့ ကျွန်တော်တို့လည်း ဗိုလ်ချုပ်ကြီးနဲ့ ဒင်နီယဲလ်တို့ကို ၂၅ မိုင်မှာရှိတဲ့ ဘာနေးမြို့က လေတပ်ဆေးရုံတစ်ရုံကို ခေါ်သွားခဲ့ပါတယ်၊ လေတပ်ဆေးရုံမှာ ဆရာဝန်တွေက ဗိုလ်ချုပ်ကြီးရဲ့ ဒဏ်ရာတွေကို စစ်ဆေးတဲ့အခါမှာ ဦးဆက်အခြေ အက်သွားပြီး နားထင်မှာ ဒဏ်ရာနှစ်ချက်ရတဲ့အပြင် ပါးရိုးကျိုးသွားတာ တွေ့ရပါတယ်၊ ဘယ်ဘက်မျက်စိမှာလည်း မှန်ကွဲရှတဲ့ ဒဏ်ရာကို တွေ့ ပါတယ်၊ ဒင်နီယဲလ်ကတော့ သွေးသွင်းပေးလျက်နဲ့ပဲ ညဘက်မှာ သေဆုံးခဲ့ပါတယ်။

"နောက်ရက်နည်းနည်းကြာတော့ ဗိုလ်ချုပ်ကြီးကို စိန့်ဂျာမိန်အနီးက မိစီ နက်(စ်)မှာ ရှိတဲ့ ပါမောက္ခအက်(ချ်)ရဲ့ ဆေးရုံကို ရွှေ့လိုက်ရပါတယ်။

"ဓူလိုင်လဆန်းပိုင်းက ကီးတဲလ်ကို မဟာမိတ်တို့နှင့် ငြိမ်းချမ်းရေးလုပ်ရန် အကြံပေးခဲ့မိသော ပြစ်မှုဖြင့် စစ်သူကြီး ဗွန်ရန်းစတက်အား အနောက်ပိုင်း စစ်သေနာပတိအဖြစ်မှ ဖယ်ရှားလိုက်ကြပြီး လစ်လပ်သွားသောနေရာတွင် ရုရှားစစ်မျက်နှာရောက် စစ်သူကြီး ဂန်သာကလု(ချ်)အား အစားထိုးခန့်ထားခဲ့ကြလေသည်။

"သို့ရာတွင် ရွှန်းမဲလ်သည် စစ်ပြေငြိမ်းရန် အဆိုပြုမိသူများကို 'ရှုံးစိတ်ပေါက်သူ'ဟု ကင်ပွန်းတပ်ကာ အပြစ်ပေးလျက်ရှိသည်ကိုပင် ဂရုမမူဘဲ ဟစ်တလာ အမြင်မှန်ရရှိရေးကို တစ်ကြိမ် ထပ်မံကြိုးစားကြည့်ရန် ဆုံးဖြတ်ခဲ့ပြန်လေသည်။

"သို့နှင့် ရွှန်းမဲလ်သည် ဟစ်တလာထံသို့ တင်သွင်းမည့် အစီရင်ခံစာရေးရန် ဗွန်စပီဒဲလ်နှင့်တိုင်ပင်ပြီး စာကြမ်းရေးစေကာ ဒဏ်ရာမရမီ ၂ ရက်အလိုတွင် ၎င်းအစီရင်ခံစာကို ဟစ်တလာ

www.burmeseclassic.com

www.burmeseclassic.com



ထံသို့ ကိုယ်တိုင်သွားရောက်တင်ပေးပါရန်ဟု ရေးသားထားသည့် တောင်းပန်လွှာတစ်ခုနှင့်အတူ အစီရင်ခံစာကို စစ်သူကြီး ဗွန်ကလု(ချ်)ထံသို့ ပေးပို့ခဲ့လေသည်။

"၎င်းအစီရင်ခံစာ၏ အရေးအသားမှာမူ ဇွန်လ ၁၂ ရက်နေ့က ရေးသားတင်သွင်းခဲ့သည့် အစီရင်ခံစာနှင့် တစ်ပုံစံတည်းဖြစ်သော်လည်း ယခုရေးလိုက်သည့် အစီရင်ခံစာမှာမူ ပို၍ပင် အနိဋ္ဌာရုံဘက် နွယ်နေလေသည်။

"အစီရင်ခံစာ အဖွင့်တွင်မူ နော်မန်ဒီ ရှေ့တန်းစစ်မျက်နှာ၏ အခြေအနေမှာ တစ်နေ့တခြား တိုးတက်၍ ခက်ခဲနေပြီး နောက်ဆုံးသေရေးရှင်ရေး အခြေအနေဆိုးကြီးနှင့် လျင်မြန်စွာ နီးကပ်လျက်ရှိနေပြီဟု အစချီထားပြီး ဆက်လက်၍...

"မဟာမိတ်တို့၏ အမြောက်တပ်နှင့် သံချပ်ကာကားတပ်များ အင်အားကြီးမားပုံကို လည်းကောင်း၊ ဂျာမန်ဘက်မှ အကျအဆုံးများပြားနေပုံ၊ ထပ်ကူဖြည့်တင်းမှု မရှိပုံနှင့် ရှေ့တန်းသို့ ပို့လိုက်သည့်တပ်များမှာလည်း အတွေ့အကြုံနည်းပါးပြီး ညံ့ဖျင်းပုံကိုလည်းကောင်း၊ ဂျာမန်တပ်များဘက်မှ စစ်လက်နက်ပစ္စည်း ချို့တဲ့ပုံကိုလည်းကောင်း၊ ရန်သူလေကြောင်း တိုက်ခိုက်မှုကြောင့် မီးရထားလမ်းများ ပျက်စီးနေရပြီး ကားလမ်းများကိုလည်း အသုံးမပြုနိုင်အောင် ဖြစ်နေရသည်ကိုလည်းကောင်း၊ နောက်ဆုံး ခဲယမ်းမီးကျောက် ရှားပါးမှုနှင့် တပ်များ တိုက်ပွဲပန်းနေကြပြီကို လည်းကောင်း၊ အကိုးအကားများဖြင့် ရေးသားခဲ့ပြီး ဂျာမန်တပ်များ၏ အခြေအနေကို နိဂုံးချုပ်လိုက်သည်။

"တစ်ဖက်ရန်သူ၏ အခြေအနေကို ဆက်လက် အစီရင်ခံရာတွင်မူ ရန်သူဘက်တွင် နေ့စဉ်နှင့်အမျှ တပ်သစ်များနှင့် စစ်လက်နက်ပစ္စည်းများ အဆက်မပြတ်ရောက်ရှိနေပုံ၊ မိမိတို့လေတပ်ကလည်း ရန်သူ့ထောက်ပံ့ရေးလမ်းကြောင်းကို လုံးဝအန္တရာယ် မပေးနိုင်ပုံ၊ ရန်သူ့တပ်များကသာလျှင် နေ့စဉ်နှင့်အမျှတိုးတက်၍ ဖိစီးနိုင်ပုံများကို ဖော်ပြထားပြီး အောက်ပါအတိုင်း နိဂုံးချုပ်လိုက်သည်။



"ယင်းသို့သော အခြေအနေမျိုးတွင် ရန်သူသည် မကြာမီအတောအတွင်း ကျွန်ုပ်တို့၏ 'ပါးလျ'သည့် စစ်မျက်နှာနှင့် အထူးသဖြင့် သာလွန်၍ပင် ပါးလျသေးသည့် အမှတ် ၇ တပ်မတော်၏ စစ်မျက်နှာများကို ချိုးဖောက်ဖြတ်ကျော်ပြီးလျှင် ပြင်သစ်ပြည်ထဲသို့ တိုးဝင်သွားနိုင်တော့မည်ဆိုသည်ကို ကျွန်ုပ်တို့ မျှော်လင့်ထားရပေမည်။

ရန်သူ၏ ထိုးဖောက်ဖြတ်ကျော်မှုကို တားဆီးပိတ်ဆို့နိုင်ရန်မှာလည်း ကျွန်ုပ်တို့ထံ၌ အရန်တပ်ရင်းများ မရှိပေ။ ကျွန်ုပ်၏ လေတပ်မှာလည်း တိုက်ပွဲလုံးဝ မဝင်ရသေးသလောက် ဖြစ်နေပါသည်။

ကျွန်ုပ်တို့တပ်များသည် သူရဲကောင်းပီသစွာ မကြောက်မရွံ့ မတွန့်မဆုတ် တိုက်ပွဲဝင်လျက် ရှိပါသည်။ သို့စေကာမူ တစ်ဖက်စောင်းနင်း ညီမျှခြင်းမရှိသည့် ယင်းစစ်ပွဲကြီး မည်သို့ နိဂုံးချုပ်မည်ဆိုသည်ကို ကျွန်ုပ်တို့ အလွယ်တကူပင် ရှုမြင်နိုင်ပြီ ဖြစ်ပါ၏"

တစ်ဖန်...

ရှန်းမဲလ်သည် အစီရင်ခံစာ၏ အဆုံးတွင် လက်ရေးဖြင့်...

"ဤအခြေအနေများနှင့် ပတ်သက်၍ ဖြစ်ပေါ်လာမည့် 'အကျိုးအပြစ်'များကိုလည်း သတိမူပါရန် အထူးပန်ကြားအပ်ပါသည်။ တပ်မတော်စု သေနာပတိအနေဖြင့် အခြေအနေမှန်ကို ပွင့်ပွင့်လင်းလင်း ထင်မြင်အစီရင်ခံရန် ကျွန်ုပ်တွင် လုံးဝတာဝန်ရှိနေသည်ဟု ထင်မြင်ယူဆမိပါသည်"

ဇူလိုင်လ ၁၅ ရက် နေ့စွဲပါ ရှန်းမဲလ်၏ အစီရင်ခံစာနှင့် ပူးတွဲ၍ တင်သွင်းခဲ့သည့် ဗွန်ကလု(ချ်)၏ အစီရင်ခံစာမှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ ၎င်းအစီရင်ခံစာတွင် မိမိသည် အနောက်ပိုင်းစစ်သေနာပတိ တာဝန်ကို ဆက်ခံယူခဲ့စဉ်က မျှော်လင့်ချက်ကြီးစွာ ထားရှိခဲ့သော်လည်း မကြာမီသောအချိန် အတွင်းမှာပင် ရှန်းမဲလ်နှင့် ဗွန်ရန်းစတက်တို့၏ အမြင်မျိုးကို မြင်ခဲ့ပြီး ၎င်းတို့ကဲ့သို့ပင် အဖြေထုတ်မိပါသည်ဟု ဝံ့ဝံ့စားစား ရေးသားဖော်ပြခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ရာကို ရေးသားဝံ့သော အစီရင်ခံစာများနှင့် မှန်ရာကို ဝံ့ဝံ့စားစား ဆိုရဲသောသူများသည် ဟစ်တလာဌာနချုပ်တွင် မည်သည့်အခါမျှ မျက်နှာသာ မရနိုင်ကြောင်း သိလျက်နှင့် စိတ်၌ရှိသည်ကို ပြတ်ပြတ်သားသား ရေးသားဝံ့သည့် ဗွန်ကလု(ချ်)၏ သူရသတ္တိကား အာဂသတ္တိပါပေ။ ၎င်း အရေးအသားကို ကြည့်ခြင်းဖြင့်ပင် ဗွန်ကလု(ချ်)တွင် ကြံ့ခိုင်သော နှလုံးရည် ရှိကြောင်း သိသာလှပေသည်။

သူ၏ အစီရင်ခံစာမှာမူ…

ခေါင်းဆောင်ကြီးခင်ဗျား–

ဤအစီရင်ခံစာနှင့်အတူ စစ်သူကြီး ရွှန်းမဲလ်၏ အစီရင်ခံစာကို ပူးတွဲတင်ပြအပ်ပါသည်။ ၎င်းအစီရင်ခံစာမှာ ရွှန်းမဲလ် ဒဏ်ရာမရမီ ကျွန်တော့်ထံ ပေးပို့ခဲ့သော အစီရင်ခံစာဖြစ်ပြီး အစီရင်ခံစာပါ အကြောင်းအရာများကိုလည်း ရွှန်းမဲလ်နှင့် ကျွန်တော် ဆွေးနွေးပြီး ဖြစ်ပါသည်။

ကျွန်တော် ဤစစ်မျက်နှာသို့ ရောက်ရှိခဲ့သည်မှာ ၁၄ ရက်မျှ ရှိပြီ ဖြစ်ပါသည်။ ထိုရက်များအတွင်း ကျွန်တော်သည် စစ်မျက်နှာ အသီးသီးမှ တာဝန်ရှိသူ တပ်မှူးများနှင့် အချိန်ယူ၍ ကြေကြေ ညက်ညက် ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။

ထိုဆွေးနွေးချက်များအရ စစ်သူကြီး ရွှန်းမဲလ်၏ အစီရင်ခံစာပါ အချက်အလက်များမှာ လုံးဝမှန်ကန်နေကြောင်း ကံဆိုးစွာ တွေ့ရှိခဲ့ရပါသည်။

မိမိတို့ပိုင် နယ်မြေများကို မရှောင်မလွှဲသာ မစွန့်လွှတ်ဘဲနှင့် အဆမတန် ကြီးမားသည့် ရန်သူ၏ လေတပ်ကြီးကို ရင်ဆိုင်တိုက်ခိုက်ရန် နည်းလမ်း လုံးဝ မရှိတော့ပါ။

တိုက်ပွဲဝင်တပ်များ၊ အထူးသဖြင့် ခြေလျင်တပ်များအပေါ်သို့ မရေမတွက်နိုင်သောဗုံးများ၊ အစုလိုက်အပြုံလိုက် အဆုံးမရှိ သွန်ချနေသော ရန်သူ၏ တိုက်ခိုက်မှုအောက်တွင် ကျွန်တော်တို့ တိုက်ခိုက်ရေးတပ်များ၏ စိတ်ဓာတ်ရေးရာ အခြေအနေ မည်သို့ရှိနေသည်ကို အလေးအနက် စဉ်းစားရန် လိုအပ်ပါသည်။



ဗုံးမိုးရွာချရာ၌ ကောင်းသောတပ်အပေါ်သို့ဖြစ်စေ၊ ညံ့ဖျင်းသော တပ်အပေါ်သို့ဖြစ်စေ မည်သည့် တပ်အပေါ်သို့ ကျရောက်မည်ဆိုသည်မှာ သာမညဖြစ်၍ ဗုံးကြဲခံလိုက်ရလျှင် ကောင်းသောတပ်ရော ညံ့သောတပ်ပါ ပြုတ်ပြုတ်ပြုန်းရမည်ဖြစ်ရာ နောက်ဆုံး အင်အားတစ်ရပ်လုံးနှင့် စစ်လက်နက်ပစ္စည်းအားလုံး ပျက်စီးဆုံးရှုံးကုန်ရခြင်းသာလျှင် အဓိကဖြစ်ပါသည်။

ဤအဖြစ်မျိုးကိုလည်း ကြိမ်ဖန်များစွာ တွေ့ကြုံရန် မလိုပါ။ တစ်ကြိမ် နှစ်ကြိမ်မျှ ကြုံဆုံလိုက်ရလျှင်ပင် ခုခံမှုအင်အား တစ်ရပ်လုံး ချည့်နဲ့ပြိုပျက်သွားမည်မှာ ဧကန်ဖြစ်ပါသည်။

ကျွန်တော်သည် ဤစစ်မျက်နှာသို့ ရောက်လာခဲ့စဉ်က မည်သို့သော တန်ကြေးကို ပေးလျော်ရသည်ဖြစ်စေ ရန်သူကို မဖြစ်မနေ ကြံ့ကြံ့ခံတွန်းလှန်ရမည်ဆိုသည့် ခေါင်းဆောင်ကြီး၏ အမိန့်ကို နာခံရန် ရည်သန်ရန် လာရောက်ခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် ရန်သူကို ကြံ့ကြံ့ခံတွန်းလှန်ရာတွင် မရှောင်မလွှဲသာ ပေးလျော်ရမည့် တန်ဖိုးဖြစ်သော တဖြည်းဖြည်းနှင့် တပ်အားလုံး မှုချပျောက်ရမည်။ အထူးသဖြင့် ဂုဏ်သတင်းမွှေးလှသည့် ဟစ်တလာ၏ လူငယ်တပ်ဖွဲ့ ပျက်သုဉ်းရမည့် အရေးများကို တွေ့မြင်လာရသောအခါ ဤစစ်မျက်နှာသို့ လတ်တလောကျရောက်လာမည့် ကြမ္မာဆိုးအတွက် ပူပင်သောကဖြစ်မိခြင်းသည် လျော်ကန်သည်ဟု ထင်မြင်ယူဆမိပါသည်။

ကျွန်တော်တို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်နေသည့် အကြားမှပင် အဖန်ဖန်အလီလီ ထိုးဖောက်ခြင်းခံနေရသောကြောင့် ကျွန်တော်၏ ကာကွယ်ရေးစစ်ကြောင်းကြီးမှာ ကျိုးပေါက်မည့်အချိန်နှင့် အလွန်ပင် နီးကပ်လျက် ရှိနေပါသည်။

အဓိက တာဝန်ရှိသူ တပ်မှူးတစ်ယောက်အနေဖြင့် ခေါင်းဆောင်ကြီးထံ အခြေအနေအရပ်ရပ်မှန်ကို တင်ပြအစီရင်ခံရန် ကျွန်တော့်တွင် လုံးဝ တာဝန်ရှိနေသည်ဟု ယူဆမိပါသည် ခေါင်းဆောင်ကြီးခင်ဗျား။

ယင်းအဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီးသည့်နောက် ရက်သတ္တပတ်ငါးပတ်မျှ ကြာသောအခါတွင်မူ ဂျာမန်စစ်အာဏာပိုင်များက စစ်သူကြီး

www.burmeseclassic.com

www.burmeseclassic.com



ဗွန်ကလု(ချ်)အား ၎င်း၏ရာထူးအဆင့်မှ ဖယ်ရှားလိုက်ကြပြီး မရှေးမနှောင်းမှာပင် စစ်သူကြီး ဗွန်ကလုချ် ကွယ်လွန်သွားပြီဆိုသည့် သတင်းတစ်ရပ်လည်း ထွက်ပေါ်လာလေတော့သည်။

ယင်းအခါက သေမင်းသည် နေရာအနှံ့တွင်ရှိနေပြီး နှုတ်တစ်ချက်လွှန်ရုံမျှဖြင့်လည်း သေပွဲဝင်နိုင်သော အခါသမယဖြစ်နေသည်။

ထို့ပြင် မည်သည့်အရပ်မှ ပေါ်လာပြီး မည်သည့်ပစ်မှတ်ကို ရည်ရွယ်သည်ကို မသိရသော ကျည်လေကျည်လွင့်များကလည်း နေ့ညဉ့်မပြတ်ပျံ့ဝဲလျက်ရှိပြီး ကျီးလန့်စာစားကာလ၊ နေ့မြင်ညပျောက်အခါမျိုးတွင် သူတစ်ပါးလက်ဖြင့် မသေလိုသော ဗွန်ကလုချ်သည် သူ့လက်ဖြင့်ပင် သူ့ကိုယ်သူ အစီရင်ခံ၍ ဘဝကို ကျော်ခိုင်းသွားလေတော့သည်။

❑

## ရွှန်းမဲလ်နှင့် နိုင်ငံရေးသမားများ

၁၉၄၃ ခုနှစ် မတ်လတွင် ရွှန်းမဲလ် မြောက်အာဖရိကမှ ပြန်ခဲ့ခြင်းကို ဟစ်တလာက အမျက်ထား၍ ပြန်ခေါ်ခဲ့ခြင်းဖြစ်သည်ဟု ပြောစမှတ်ပြုခဲ့ကြသည်။ ရွှန်းမဲလ်သည် ကီးတဲလ်နှင့် ဂျူးဒဲလ်တို့က သူ့အပေါ် အလုပ်ရှင်အတွင်းမှာရော အလုပ်အပြင်မှာပါ ရန်သူတစ်ယောက်သဖွယ် သဘောထားနေကြသည်ကို အချိန်အတန်ကြာကပင် သိခဲ့ပြီးဖြစ်သည်။

သူသည် ကက်ဆဲလ်ရင်းက သူနှင့် အာဖရိက ကိုးကို အထင်အမြင်လွဲမှားအောင် စကားထည့်ထားသည် ထင်သဖြင့် ဂိုအာရင်းကို မုန်းလည်းမုန်းပြီး ယုံလည်း မယုံကြည်ချေ။

မကြာမီကလည်း ပါတီခေါင်းဆောင်အများက အငြိုးထားနေပြီဖြစ်ကြောင်းနှင့် အထူးသဖြင့် ပါတီအပေါ် လျှို့ဝှက်စွာ ဩဇာညောင်းနေသော ဘောမန်ကို သတိထားရန်လိုကြောင်း ဗိုလ်ချုပ်ရှမွန့်က ရွှန်းမဲလ်အား သတိပေးခဲ့ဖူးလေသည်။

စင်စစ် ရွှန်းမဲလ်တွင် ပါတီပိုင်းက မိတ်ဆွေဟူ၍ ဗိုလ်ချုပ်ရှမွန့်တစ်ယောက်သာ မည်မည်ရရ ရှိလေသည်။ သူ့အကြောင်း အကောင်းပြောသူကို လက်ညှိုးထိုးပြပါဆိုလျှင်လည်း ရွှန်းမဲလ်အနေဖြင့် ဗိုလ်ချုပ်ရှမွန့်ကိုသာလျှင် လက်ညှိုးထိုးပြရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ရွှန်းမဲလ်သည် အလ်အာလာမိန်းတိုက်ပွဲများ ပြီးစီးသည့်အထိ ဟာစ်တလာ့အပေါ်တွင် ဆက်လက် ယုံကြည်လေးစားလျက်ပင် ရှိနေသေးပြီး ဟာစ်တလာသည် 'မင်းပင်ကောင်းလျက် မင်းမြှောင်ဖျက်' ဆိုသည့်နှယ် အဆွယ်အမြှောင်များကြောင့်သာလျှင် ပျက်စီးနေခြင်း ဖြစ်သည်။

ယင်း မင်းမြှောင်များနှင့် ကင်းရှင်းလျှင်မူ ဟာစ်တလာသည် အမှန်တရားကို မုချမြင်နိုင်မည့်သူ ဖြစ်သည်ဟူ၍လည်း ယုံကြည်ခဲ့လေသည်။

ယခုမူ ရွှန်းမဲလ်သည် ဟာစ်တလာ၏ ဇာတိရုပ်အမှန်ကို ပီပီပြင်ပြင် မြင်စပြုလာခဲ့ပြီ ဖြစ်သည်။ ဟာစ်တလာ့အပေါ် ယခင်က ထားရှိခဲ့သော စိတ်ထားမျိုးလည်း မထားနိုင်တော့ပေ။

ထိုတွင်မက အဒေါ့ဖ်ဟာစ်တလာသည် မိမိ၏ သစ္စာတော်ခံများ အပေါ် တရားမျှတခြင်းလည်း မရှိ၊ သစ္စာလည်းမထား၊ ချီးမြှောက်သူကောင်း ပြုရန်မှာလည်း သိသူမဟုတ်ကြောင်း နားလည်စပြုလာခဲ့ပေပြီ။

ဤသို့ ခြွင်းချက်မရှိ ယုံကြည်လေးစားခဲ့သည့် ခေါင်းဆောင်ကြီး ဟာစ်တလာ၏ ဇာတိရုပ်အမှန်ကို သိလိုက်ရသောအခါ နိုင်ငံရေးကို နားလည်လိုက်စားရမှန်းမသိ၊ စစ်၌သာလျှင် မွေ့လျော်လိုပြီး လူရိုးကြီးသက်သက်သာ ဖြစ်သည့် ရွှန်းမဲလ်အဖို့ မည်မျှ စိတ်ထိခိုက်သွားမည်ကို အလွယ်တကူပင် ခန့်မှန်းနိုင်ပါပေသည်။

အမှန်လည်း ရွှန်းမဲလ် စိတ်ဓာတ်ကျဆင်းခဲ့သည်။ ပုဂ္ဂိုလ်ရေး လေးစားမှုအရ စိတ်ထိခိုက်ခဲ့ရသကဲ့သို့ အလုပ်သဘောအရလည်း စိတ်မကောင်းဖြစ်ခဲ့ရသည်။

ဤသို့ စိတ်ထိခိုက်ခဲ့ရသည်မှာလည်း ရွှန်းမဲလ်သည် ပုဂ္ဂိုလ်ရေးအရ ဟာစ်တလာ့အပေါ်တွင် စိတ်ထဲ၌ ကျိတ်၍ မိတ်ဆွေတစ်ယောက်အဖြစ် အသိအမှတ်ပြုမိသကဲ့သို့ စစ်သားတစ်ယောက်အနေဖြင့်လည်း ဟာစ်တလာ့အား ဂျာမန်လက်နက်ကိုင်တပ်များ၏ စစ်သေနာပတိချုပ်အဖြစ် ကြည်ညို လေးစားခဲ့သည်။ ယခုမူ ရွှန်းမဲလ်သည် ဟာစ်တလာအား လူပုဂ္ဂိုလ်အရလည်းကောင်း၊ လက်နက်ကိုင်များ၏ စစ်သေနာပတိချုပ် အနေဖြင့်လည်းကောင်း အယုံအကြည်ကင်းမဲ့ခဲ့လေပြီ။



သို့ ရွှန်းမဲလ်သည် ဟာစ်တလာ၏ ဗီဇရုပ်သွင်အမှန်ကို တစ်စတစ်စ သိမြင်စပြုလာသည်နှင့်အတူ ဟာစ်တလာကြောင့်ပင် ယနေ့ဂျာမန်ပြည်သူတို့သည် အောင်ပွဲရရေး၊ မရရေးကိုသာလျှင် စိုးရိမ်တကြီး ဖြစ်နေရသည်မဟုတ်တော့ဘဲ ဂျာမနီပြည်ကြီး ပျက်စီးရတော့မည့် အရေးကိုပါ မျက်မှောက်ပြုနေရပြီ ဖြစ်ကြောင်းကိုလည်း သိစမြင်စ ပြုလာခဲ့ရသည်။

သူ့မျက်စိအစုံတွင် ဖုံးကွယ်နေသော တိမ်သလ္လာများ လွင့်စဉ်ပျောက်ပျက်ခဲ့ပြီး အမှန်ကို ပြက်ပြက်ထင်ထင် မြင်စပြုလာခဲ့ရသည်မှာလည်း တပ်မတော်စု(ဘီ) လွှဲပြောင်းမယူမီ ဂျာမနီတွင်နေခဲ့ရသော လများအတွင်းက ဖြစ်လေသည်။

ရွှန်းမဲလ်သည် နာဇီ 'လူ့ပရမ်းပတာ'များကို မနှစ်မြို့ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ သို့သော် ယခုမှပင် ပိုလန်နှင့်ရုရှားတွင် အက်(စ်) အက်(စ်) တပ်များနှင့် ဂက်စတာပိုများက မည်သို့သော ဒုစရိုက်များကို ကျူးလွန်ခဲ့ကြသည်ကို လည်းကောင်း၊ ယခု မည်သို့သော ဒုစရိုက်များကို ကျူးလွန်လျက်ရှိသေးသည်ကိုလည်းကောင်း၊ သိမ်းပိုက်ထားသည့် ဥရောပ အနောက်ပိုင်းနိုင်ငံများတွင်လည်း မည်သို့သော အဓမ္မမှုများ ပြုကျင့်ဆဲပင် ရှိသေးသည်ကိုလည်းကောင်း၊ တာဝန်ရှိသူ ဂျာမန်အရာရှိများထံမှ ပထမဦးဆုံးအကြိမ် တိုက်ရိုက်သိရှိခွင့် ရလိုက်သည်။

ထို့အတူ နာဇီများ၏ ချွေးတပ်ဆွဲပုံများကိုလည်းကောင်း၊ ဂျူးများအား လက်ကားနှုန်းဖြင့် သတ်ဖြတ်နေသည်ကိုလည်းကောင်း၊ ဝါဆောမြို့ရှိ ဂျူးရပ်ကွက်တွင် လူသတ်ပွဲကြီး ဆင်နွှဲနေကြခြင်းနှင့် အဆိပ်ငွေ့ဖြင့်သတ်သော လူသတ်ဓာတ်ငွေ့ရုံကြီးများ အကြောင်းကိုလည်းကောင်း ပထမဦးဆုံးအကြိမ် သိရှိလိုက်ရခြင်း ဖြစ်လေသည်။

သို့တစေ မြောက်အာဖရိကတွင်မူ ဂျာမနီသည် 'လူကြီးလူကောင်း' စစ်ပွဲကို သိက္ခာရှိရှိ ဆင်နွှဲသွားခဲ့သည်ဟု ခံယူလျက်ပင် ရှိနေသေးသည်။

ဤသို့ မဖွယ်မရာသတင်းများကို ကြားလိုက်ရသောအခါ ရွှန်းမဲလ်သည် သူ့သဘာဝအတိုင်း ဟာစ်တလာနှင့် ချက်ချင်း သွားရောက်တွေ့ဆုံရန် ထွက်ခဲ့လေတော့သည်။

"ဒီကိစ္စမျိုးတွေကိုသာ ကြည့်နေမယ်ဆိုတော့ ကျွန်တော်တို့ စစ်ရှုံး

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ"ဟူ၍ ရွှန်းမဲလ်က ဟစ်တလာနှင့် တွေ့ခွင့်ရလိုက်သည်နှင့် ခရီးရောက် မဆိုက်ပြောလိုက်ပြီး ဂက်စတာပိုများကို ဖျက်သိမ်းပစ်ရန်နှင့် အက်(စ်) အက်(စ်) တပ်များကိုမူ အမြဲတမ်းတပ်များတွင် လူဖြန့်ပြီး အစုခွဲလိုက်ရန် အဆိုတင်လေတော့သည်။

တစ်ဆက်တည်းမှာပင် ရွှန်းမဲလ်က ဟစ်တလာအား အသက် အရွယ် နုနယ်သည့် လူငယ်ကလေးများကို တပ်ထဲသို့မသွင်းရန် တောင်းပန် ခဲ့သေးသည်။ **'နိုင်ငံရဲ့ အညွန့်အဖူးကလေးတွေကို ဖျက်ဆီးတာဟာ လူရူးတွေရဲ့ အလုပ်ပဲ'** ဟု ရွှန်းမဲလ်က အကြောင်းပြခဲ့သည်။

ဤသို့ ကြောက်ရမှန်း ရွံ့ရမှန်းမသိ မှန်ရာကို စိတ်ထဲရှိသလို ဝံ့ဝံ့ စားစားပြောလိုက်သော လူရိုးကြီး ရွှန်းမဲလ်၏ စကားများကို ကြားလိုက်ရ သောအခါ ဟစ်တလာသည် အနည်းငယ်နားဝေတိမ်တောင် ဖြစ်ကောင်း ဖြစ်သွားပေမည်။

အကယ်၍ ရွှန်းမဲလ်၏အဆိုကို ဟစ်တလာက ဟင်းမလားထံသို့ အကြောင်းကြားလိုက်လျှင်လည်း ဟင်းမလားအနေဖြင့် ဟားတိုက်၍ရယ် မည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော် အံ့ဩဖွယ်ကောင်းသည်ကား ထိုနေ့မှာပင် ဟစ်တလာက ရွှန်းမဲလ်တင်ပြသမျှကို စိတ်ရှည်လက်ရှည် နားထောင်ခဲ့ရုံမျှမက အတန် ကြာအောင်ပင် ပြန်လှန် ဆွေးနွေးခဲ့ခြင်းပင် ဖြစ်သည်။

ဤသို့ ဟစ်တလာက မည်သို့ပင် စိတ်ဝင်စားစွာ နားထောင်ခဲ့သည် ဖြစ်စေ ရွှန်းမဲလ်၏ စိတ်ထဲတွင်မူ 'ဟစ်တလာစိတ်ပြောင်းမှာ မဟုတ်ဘူး' ဆိုသည့် အသိသာလျှင် စွဲ၍ကျန်ရစ်ခဲ့သည်။

ထိုအခါမှပင် ဟစ်တလာ ကျူးလွန်ခဲ့သည့် ပြစ်မှုများမှာ သိလျက် နှင့် ကျူးလွန်ခဲ့သော ပြစ်မှုများသာဖြစ်ကြောင်း ရွှန်းမဲလ် သဘောပေါက်လာ လေတော့သည်။

ရွှန်းမဲလ်သည် နွေဦးပိုင်းတစ်ချိန်လုံး ဟစ်တလာ၏အကြောင်းများ ကိုသာလျှင် တွေးနေခဲ့သည်။ ဤသို့ ဟစ်တလာအကြောင်း အလေးအနက် တွေးတောလာသည့်နည်းတူ သူ့တစ်သက်တာတွင် ပထမဦးဆုံးအကြိမ် နိုင်ငံ ရေးကို စူးစမ်းလိုစိတ်များလည်း မွေးမြူလာခဲ့မိသည်။



ထိုစဉ်က သူ့အတွေးအခေါ်များသည် အခြားဂျာမန်ဗိုလ်ချုပ်ကြီး များ၏ အတွေးအခေါ် အယူအဆအတိုင်းပင် ဖြစ်ခဲ့သည်။ ဤသည်မှာ ဟစ်တလာသည် ဂျာမနီပြည်ကြီးအား မပျက်စီး ပျက်စီးအောင် ပြုလုပ်နေပြီ၊ ထို့ကြောင့် ဟစ်တလာကို အချိန်မီ တားဆီးပေးမှ ဖြစ်တော့မည်။

သို့သော် ဟစ်တလာကို ဖယ်ရှားပစ်ရန်မှာလည်း လွယ်ကူသော ကိစ္စမဟုတ်၊ သူ့နောက်တွင် ပါတီ၊ အက်(စ်)အက်(စ်) တပ်များနှင့် တပ်မတော်အတွင်းမှ သူ့ကိုလိုလားနေသော အရာရှိကြီးငယ်များ ရှိနေသမျှ မဖြစ်နိုင်ပါချေ။ ပြည်တွင်းစစ်ကြီး ဖြစ်ပွားအောင် လှုံ့ဆော်ပြီး ဖယ်ရှားပစ်ရုံ မှလွဲလျှင် အခြားနည်းလမ်းမရှိ။

သို့သော် သူ့ကို လုံးဝဖြုတ်ချရန်မလိုဘဲ သူ့နောက်မှ ကြိုးကိုင်များ နှင့် အကြံပေးများကို ဖယ်ရှားလိုက်ပြီး အာဏာကိုမူ သူ့လက်သို့မအပ်ဘဲ ရုပ်ပြခေါင်းဆောင်အဖြစ် ဆက်လက်ထားလိုက်ရုံဖြင့် လုံလောက်နိုင်သည်။ ဤသို့ဖြစ်အောင် မည်သို့ပြုလုပ်ရပါမည်နည်း စသည့်အတွေးများ ဖြစ်လေ သည်။

သို့ရာတွင် ရွှန်းမဲလ်သည် သူ၏ စိတ်ကူးယဉ်မှုများကို မည်သို့ အကောင်အထည်ဖော်ရမည်ကို အဖြေရှာ၍ မရသေးမီမှာပင် တပ်မတော်စု (ဘီ)သို့ ပြောင်းရွှေ့ခန့်အပ်ခြင်း ခံလိုက်သဖြင့် ပထမ အီတလီမြောက်ပိုင်းသို့ ထွက်လာခဲ့ပြီး ထိုမှတစ်ဖန် ပြင်သစ်ပြည်သို့ ရောက်ခဲ့ရလေသည်။

ဤသို့ အပြောင်းအရွှေ့ခံလိုက်ရသဖြင့် ရွှန်းမဲလ်လည်း သူ့အကြံ အစည်များကို စိတ်ထဲ၌သာလျှင် သိုသိပ်ထားခဲ့ရပြီး သူ့အကျင့်အတိုင်း မျက် မှောက်ပြုနေရသော အလုပ်ကိုသာလျှင် အာရုံတစ်ခုတည်းထားပြီး လုပ်ကိုင် နေခဲ့လေသည်။

ရွှန်းမဲလ်အနေဖြင့် စိတ်သွားတိုင်း ကိုယ်မပါသူဖြစ်၍ သူ့အကြံ အစည်များကို စိတ်ထဲ၌ပင် မျိုသိပ်ထားရခိုက် တစ်ဖက်တွင်မူ သူ့ထက် အတွေးအခေါ်ရှိသူများနှင့် တိုးတက်သောအမြင်ရှိသူများလည်း ရှိနေသေး ပေရာ ထိုပုဂ္ဂိုလ်များက ရွှန်းမဲလ်အား အချိန်အတန်ကြာကပင် မျက်စိကျခဲ့ သဖြင့် သူ၏ လှုပ်ရှားမှုများကိုလည်း စောင့်ကြည့်ခဲ့နေကြသည်။

၎င်းပုဂ္ဂိုလ်များကား အခြားသူမဟုတ်၊ လစ်(ပ်)ဇစ်မြို့တော်ဝန်

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ဂိုအာဒီလားနှင့် စစ်ဦးစီးချုပ်ဟောင်း ဗိုလ်မှူးချုပ်ဘတ်တို့ပင် ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်များမှာ ဟစ်တလာလုပ်ကြံရေးတွင် အဓိကအခန်းမှ ပါဝင်နေသူများလည်း ဖြစ်ပေသည်။

ဟစ်တလာကို ဖြုတ်ချရန် ကြံစည်ခဲ့ကြသော ထိုပုဂ္ဂိုလ်ကြီးများက ၎င်းတို့၏ အကြံအစည် အောင်မြင်ခဲ့လျှင် ဟစ်တလာနေရာတွင် အစားထိုးရန်အတွက် ပြည်သူလူထု ချစ်ခင်လေးစားခြင်းခံရသည့် ဟင်ဒင်ဘတ်လို လူမျိုးတစ်ယောက်ကို ရှာကြံထားရမည်ဟု သဘောပေါက်ခဲ့ကြသည်။

ထိုပုဂ္ဂိုလ်မှာလည်း ယခုကပင် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရရှိနေသည့် ပုဂ္ဂိုလ်ဖြစ်ရမည့်အပြင် ကိုယ်ကျိုးမဖက်ဘဲ ပြည်သူလူထုဘက်မှ ရပ်တည်နိုင်မည့် ပုဂ္ဂိုလ်တစ်ယောက်အဖြစ် ပြည်သူလူထုက မြင်နေရမည့် ပုဂ္ဂိုလ်လည်း ဖြစ်ရပေမည်။

ထို့အပြင် ဤသို့ ပြည်သူလူထု၏ ထောက်ခံမှုကို ရယူနိုင်ရုံနှင့်လည်း မပြီးသေးဘဲ တပ်မတော်ကိုပါ ပါအောင်ဆွဲဆောင်နိုင်ရမည်ဖြစ်ပေရာ အရွေးချယ်ခံရမည့် ထိုပုဂ္ဂိုလ်မှာ တပ်မတော်က ကြည်ညိုလေးစားခြင်းခံရသော စစ်မှုထမ်းတစ်ယောက် ဖြစ်ရပေမည်ဟူ၍ ဟစ်တလာ့နေရာတွင် အစားထိုးဝင်ရောက်ရမည့် ပုဂ္ဂိုလ်၏ အရည်အချင်းကို သတ်မှတ်ခဲ့ကြလေသည်။

ဤသို့ လူရွေးရာတွင် ပထမဦးဆုံး ဗိုလ်မှူးချုပ်ဘတ်ကို စဉ်းစားခဲ့ကြသည်။ သို့သော် ဗိုလ်မှူးချုပ်ဘတ်မှာ လက်ရုံးရည်အရရော နှလုံးရည်အရပါ ထိပ်တန်းမှ ပြေးနေသူဖြစ်သော်လည်း ဗိုလ်မှူးချုပ်ကို ဂျာမန်ပြည်သူအများစုကြီးက မသိကြသည့်အပြင် ၁၉၃၈ ခုနှစ်လောက်ကစပြီး ဟစ်တလာက တပ်မတော်မှ ထုတ်ပယ်လိုက်သူဖြစ်သဖြင့် ဟစ်တလာ့နေရာတွင် ထား၍ မဖြစ်ဟုဆိုကာ နေရာအတွက် လျာထားသည့်စာရင်းမှ ပယ်ထုတ်လိုက်ရလေသည်။

သို့ဖြင့် စဉ်းစားခံရပြီးမှ အပယ်ခံလိုက်ရသော ဗိုလ်မှူးချုပ်ဘတ်မှလွဲ၍ တပ်မတော်တွင် လက်ရှိအမှုထမ်းနေသော ထိပ်တန်းဗိုလ်ချုပ်ကြီးများစာရင်းကို ကြည့်လိုက်သောအခါတွင် အကျော်ကြားဆုံး၊ လူသိအများဆုံး ပုဂ္ဂိုလ်ဟူ၍ ရွှန်းမဲလ်တစ်ယောက်ကိုသာလျှင် တွေ့ခဲ့ကြသည်။



ရွှန်းမဲလ်ကို မျက်စိကျခဲ့သည်မှာလည်း သဘာဝကျသည်ဟူ၍ပင် ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ရွှန်းမဲလ်သည် ဂျာမနီပြည်တွင် ဟစ်တလာကလွဲလျှင် အကျော်ကြားဆုံးနှင့် လူသိအများဆုံး ဗိုလ်ချုပ်တစ်ဦး ဖြစ်သောကြောင့်တည်း။

ထို့အပြင် ရွှန်းမဲလ်တွင် နိုင်ငံရေးအားဖြင့်လည်း အစွန်းအထင်း ရှိသည် မဟုတ်ပေ။ သို့သော် သူ့ဆန္ဒမပါဘဲနှင့် ဝါဒဖြန့်ချိရေးဌာနက သူ့အား နာဇီပါတီဝင်ကောင်း တစ်ယောက်အဖြစ် ဝါဒဖြန့်မှုများတော့ ရှိခဲ့လေသည်။

တစ်ချိန်တည်းမှာပင် ရွှန်းမဲလ်ကို ဗြိတိသျှတို့ကပင် လေးစားရသည်ဟူသော အဆိုကလည်း ရှိနေလေရာ နောင်အရေးကြုံလာ၍ ဗြိတိသျှတို့နှင့် ဆက်ဆံရလျှင် ရွှန်းမဲလ်ကိုပင် အသုံးချရမည်ဟု တွက်ချက်ခဲ့ကြသည်။

ရွှန်းမဲလ်နှင့် ဟစ်တလာ မသင့်မြတ်ကြသည်ကိုလည်း လက်တစ်ဆုပ်စာမျှသာရှိသော အတွင်းပိုင်းကျကျ လူတစ်စုကလွဲ၍ ပြင်ပလူများ သိကြသည် မဟုတ်ပေ။

ထို့ကြောင့် ရွေးခြင်းရွေးလျှင် ရွှန်းမဲလ်ကိုသာလျှင် ရွေးရမည်ဖြစ်သကဲ့သို့ ရွှန်းမဲလ်ကလွဲ၍ အခြားလူ ရွေးချယ်ရန်မှာလည်း ရွှန်းမဲလ်နှင့် ဆင်ဆင်တူသူမျှပင် မရှိချေ။

ဤသို့ ရွှန်းမဲလ်ကို မျက်စိကျနေစဉ် အတွင်းမှာပင် လုပ်ကြံရေးသမားများက အဆက်အသွယ်ကောင်း တစ်ယောက်ကို ရရှိခဲ့ကြသည်။

ထိုအဆက်အသွယ်မှာ စတပ်ဂက်မြို့တော်ဝန် ကာလ်စထရိုးလင်း ဖြစ်သည်။ ဒေါက်တာကာလ်စထရိုးလင်းသည် ၁၉၃၃ ခုနှစ်မှစ၍ စတပ်ဂက်မြို့တော်ဝန် ဖြစ်ခဲ့သူဖြစ်၍ စတပ်ဂက်တွင် လူအများကြည်ညိုလေးစားခြင်း ခံရသူဖြစ်သည်။

ဟစ်တလာနှင့် နာဇီပါတီကို ပထမဦးဆုံး တက်တက်ကြွကြွ ထောက်ခံခဲ့သူများအနက် ဒေါက်တာကာလ်စထရိုးလင်းလည်း တစ်ယောက်အပါအဝင် ဖြစ်လေသည်။

၁၉၃၄ ခုနှစ်မှ ၁၉၄၈ ခုနှစ် ကာလအတွင်း ဒေါက်တာကာလ်စထရိုးလင်းနှင့် ရင်းရင်းနှီးနှီးနေခဲ့ဖူးသည့် အမေရိကန်သံအမတ်ကြီးတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ရေးသားခဲ့သော စာအုပ်တစ်အုပ်တွင် ဒေါက်တာကာလ်စထရိုးလင်းအား သီလ၊ သမာဓိနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ရေးသားခဲ့သည်။

အမေရိကန်သံအမတ်ကြီး ရေးသားခဲ့သည့်အတိုင်းပင် ဒေါက်တာကာလ်စထရိုးလင်းနှင့် ပတ်သက်၍ ကျုန့်ပ်ကြားခဲ့ရသော သတင်းများမှာလည်း အကောင်းချည်းဖြစ်သည်။ ဒေါက်တာကာလ်စထရိုးလင်းအား အမေရိကန်နှင့် ဂျာမန်လူမျိုးများက လေးစားခဲ့ကြသည်ထက် ဂျူးလူမျိုးများက ပို၍ပင် လေးစားကြည်ညိုခဲ့ကြလေသည်။

ထို့အပြင် ဒေါက်တာကာလ်စထရိုးလင်းသည် ဒုက္ခရောက်နေသူများကို ကူညီစောင့်မရန် မည်သည့်အခါမျှ ဝန်မလေးတတ်သူလည်းဖြစ်၍ ဂျာမန်လူမျိုးထဲတွင် အထူးလေးစားထိုက်သော လူတစ်ယောက်ဖြစ်သည်ဟူ၍ပင် ဆိုရပေမည်။

ဒေါက်တာစထရိုးလင်း ဟစ်တလာကို အကြည်ညိုပျက်ခဲ့သည်မှာ ဂျာမန်များ ချက်ကိုစလိုဗေးကီးယားကို အဓမ္မပြုကျင့်ခဲ့သည်မှာ အစပြုခဲ့သည်။ ဤသို့ ဒေါက်တာစထရိုးလင်းက ဟစ်တလာကို အော့နှလုံးနာနေစဉ် ဒေါက်တာဂိုအာဒီလားနှင့် ရင်းနှီးခဲ့ပြန်ပြီး ဟစ်တလာဖြုတ်ချရေး ကြံစည်မှုကြီးတွင် ပါဝင်လာခဲ့ခြင်း ဖြစ်လေသည်။

ဒေါက်တာစထရိုးလင်းသည် စတပ်ဂက်မြို့တော်ဝန်အဖြစ် စစ်ကြီးပြီးသည်အထိ တည်မြဲရန် ကြိုးစားအားထုတ်ခဲ့သော်လည်း ၁၉၃၉ ခုနှစ်မှစ၍ နာဇီပါတီဆန့်ကျင်ရေးတွင် အားတက်သရော ပါဝင်ဆင်နွှဲခဲ့သည်။

ဒေါက်တာစထရိုးလင်းက ဂျာမန်များ သေဒဏ်ပေးခဲ့သည့် ပြင်သစ်တော်လှန်ရေးသမား နှစ်ဆယ့်တစ်ယောက်အား အဲလ်ဆေ့၌ မည်သို့ စွန့်စွန့်စားစား ကယ်တင်ခဲ့သည်ကို မြင်ခဲ့ရသူတစ်ယောက်က ပြန်လည် ပြောပြခဲ့ဖူးလေသည်။

ယင်းသို့ စွန့်စွန့်စားစား သူတစ်ပါးအသက်ကို ကယ်တင်ခဲ့ခြင်းကပင် ဒေါက်တာစထရိုးလင်း၏ ကြံ့ခိုင်သောစိတ်ဓာတ်နှင့် ထူးခြားပြောင်မြောက်သည့် သူ့သတ္တိကို ဖော်ပြရာ ရောက်ပေသည်။

စထရိုးလင်းသည် ပထမကမ္ဘာစစ်ကြီးအတွင်းက ခြေလျင်တပ်မှ ဗိုလ်ကြီးတစ်ယောက်ဖြစ်ပြီး ၁၉၁၈ ခုနှစ်တွင် ရွမ်းမဲလ်နှင့် တစ်တပ်တည်း



အမှုထမ်းခဲ့ဖူးသူလည်း ဖြစ်သည်။ အမှတ် ၆၅ တပ်တွင် ဦးစီးအရာရှိတစ်ယောက်အဖြစ် အမှုထမ်းနေစဉ်အတွင်း နှစ်ကြိမ်မျှ ဒဏ်ရာရရှိခဲ့သည်။

သူနှင့်ရွမ်းမဲလ်သည် ရှေ့တန်းပျော် စစ်သားကြီးများဖြစ်သည့်နည်းတူ ဦးစီးအဖွဲ့၌ တာဝန်ထမ်းရွက်နေရသည်ကိုလည်း ပျော်ပိုက်သူများမဟုတ်လေရာ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ဆိုသည့်နှယ် တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုပမာ ချစ်ခင်ရင်းနှီးလာခဲ့ကြသည်။

စထရိုးလင်း၏ မှျော်မှန်းချက်များမှာ ရွမ်းမဲလ်ထက် ကျယ်ပြန့်သော်လည်း သူတို့နှစ်ဦးသည် စစ်ကြီးနှစ်စစ်အတွင်း ရင်းနှီးမှုမပျက်ပြားဘဲ ခင်မင်မြဲ ခင်မင်ခဲ့ကြသည်။

ဤသို့ ခင်မင်ရင်းနှီးမှု ရှိသည့်အလျောက်လည်း မကြာမီကပင် ရွမ်းမဲလ်၏ မိသားစု ဂူတင်ဘာဂ်သို့ ပြောင်းရွှေ့နိုင်ရန်ပင် ကူညီခဲ့သေးသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ရွှန်းမဲလ်နှင့် တော်လှန်ရေးသမားများ

၁၉၅၂ ခုနှစ်၊ ဩဂုတ်လတွင် စထရိုးလင်းသည် သူနှင့် ဂိုအာဒီလား နှစ်ယောက်ပေါင်း၍ ရေးသားခဲ့သည့် စာတမ်းတစ်စောင်တွင် နာမည်အမှန်ကို မကွယ်မဝှက်ဘဲ သတ္တိရှိရှိ လက်မှတ်ရေးထိုးခဲ့သည်။

၎င်းစာတမ်းမှာ ဂျူးများကို ညှဉ်းပန်းနှိပ်စက်နေခြင်းနှင့် ဘုရားရှိခိုးကျောင်းများကို ဖိနှိပ်နေခြင်းတို့ကို ရပ်တန်းကရပ်ရန်၊ ပြည်သူ့အခွင့်အရေးများကို ပြန်လည်ပေးအပ်ရန်နှင့် ပါတီလက်တွင်းမှ အုပ်ချုပ်ရေးအာဏာကို ပြန်လည် ရုပ်သိမ်းပေးရန် စသည့် တောင်းဆိုချက်များ ပါဝင်သည့်စာတမ်း ဖြစ်သည်။

၎င်းစာတမ်းကို ရေးသားပြုစုပြီး ပြည်ထဲရေးဌာန အတွင်းဝန်ထံသို့ တင်သွင်းလိုက်သောအခါတွင်မူ စထရိုးလင်းအား ငြိမ်ဝပ်ပိပြားစွာ မနေလျှင် ဖခင်နိုင်ငံကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်သူအဖြစ် တရားရုံးတော်တွင် တင်၍ စစ်ဆေးအပြစ်ပေးခြင်း ခံရမည်ဟု လောလောလတ်လတ် သတိအပေးခံလိုက်ရလေသည်။

သို့သော် သတိအပေးခံလိုက်ရသော စထရိုးလင်းကမူ ခေါင်းငုံ့ခံခဲ့သည်မဟုတ်ဘဲ "အဲဒီစာတမ်းကို တင်လိုက်ရခြင်းအားဖြင့် ဒီနိုင်ငံမှာ ဘာကိုမှ တရားဥပဒေဘောင်အတွင်းက လုပ်လို့မရဘူးဆိုတာ သိခွင့်ရလိုက်



တဲ့အတွက် ကျုပ်အဖို့ အဖြတ်ထွက်တယ်လို့ပဲ ယူဆတယ်"ဟု ပြန်လည်ချေပပြောဆိုခဲ့လေသည်။

စထရိုးလင်းသည် ပြည်ထဲရေးဌာနသို့ တင်သွင်းခဲ့သည့် စာတမ်းကို ဖရောရွှန်းမဲလ်မှတစ်ဆင့် ရွှမ်းမဲလ်ထံသို့ ပို့ခဲ့သည်။

နိုဝင်ဘာလကုန်ခါနီးလောက်ပေလော သို့မဟုတ် ရွှန်းမဲလ် နာတာလူးပွဲတော်အတွင်း ခွင့်ရက်တိုယူ၍ ပြန်လာစဉ်ကပေလော ဟူ၍ ဖရောရွှန်းမဲလ်က မမှတ်မိသော်လည်း ၎င်းရက်များအတွင်း တစ်ရက်ရက်တွင် ရွှန်းမဲလ်လက်သို့ စထရိုးလင်း၏ စာတမ်းကို အပ်ခဲ့ပါသည်ဟု ဆိုခဲ့လေသည်။

ရွှန်းမဲလ်အနေဖြင့်လည်း စထရိုးလင်း၏ စာတမ်းပါ တောင်းဆိုချက်များနှင့် ပတ်သက်၍ ကန့်ကွက်စရာ မမြင်ရုံမျှမက စာတမ်းပါ အကြောင်းအရာများသည်ပင် သူ့သဘောထားနှင့် တစ်ထပ်တည်းဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် စာတမ်းရေးဆွဲသူ စထရိုးလင်းကိုလည်းကောင်း၊ စာတမ်းကိုလည်းကောင်း ရွှန်းမဲလ်စိတ်ထဲတွင် သံမှိုနှက်သလို စွဲမှတ်သွားလေတော့သည်။

သို့နှင့် စထရိုးလင်းသည် ရွှန်းမဲလ်၏ ဦးစီးချုပ် ဗိုလ်ချုပ်ဂေါ်ဆီမှာ ဖရောရွှန်းမဲလ်နှင့်အတူ ရှိနေမည်ကိုသိသဖြင့် ဒီဇင်ဘာလလောက်တွင် ကြိုးစား၍ ဘာလင်ဂျင်းရှိ နေအိမ်သို့ အလည်သွားရောက်ခဲ့သည်။

ဤသို့ စထရိုးလင်း ဖရောရွှန်းမဲလ်ထံသို့ အလည်သွားရောက်ရခြင်း၏ ရည်ရွယ်ချက်မှာ ရွှန်းမဲလ်နှင့် တွေ့ခွင့်ရနိုင်ရန် ဗိုလ်ချုပ်ဂေါ်ဆီကို ရက်ချိန်းတောင်းခိုင်းရုံမျှသာ ဖြစ်သော်လည်း ဗိုလ်ချုပ်ဂေါ်ဆီနှင့် တွေ့ဆုံသောအခါ သူ မမျှော်လင့်ခဲ့သော ဗိုလ်ချုပ်ဂေါ်ဆီ ကိုယ်တိုင်ပင်လျှင် ဟစ်တလာနှင့် မသင့်မြတ်သူဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ရာ တွေ့လိုက်ရသည်။

ဤသို့လျှင် ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလ အကုန်လောက်တွင် ဘာလင်ဂျင်းရှိ ရွှန်းမဲလ်၏နေအိမ်၌ ကြိုဟ်ဆိုးမွေမည့် ဟစ်တလာဖြုတ်ချရေး ဆွေးနွေးပွဲတစ်ရပ် ကျင်းပဖြစ်ခဲ့လေတော့သည်။

ယင်းဆွေးနွေးပွဲကို စထရိုးလင်း တက်ရောက်ခဲ့သည်မှာ လျှို့ဝှက်၍

www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်ခဲ့ရခြင်း ဖြစ်သည်။ ဤသို့ လျှို့ဝှက်၍ လာခဲ့ရခြင်းမှာလည်း ဂျာမနီတွင် အစိုးရဆန့်ကျင်ရေး အရေးအခင်းများ ပေါ်ပေါက်လာလျှင် ချက်ချင်းဖမ်းဆီး ဖျောက်ဖျက်ပစ်ရန် သတ်မှတ်ထားသည့် နာမည်စာရင်းတွင် ပါဝင်နေကြောင်း ရဲမင်းကြီးဟောင်းက သတိပေးထားခဲ့ခြင်းကြောင့် ဖြစ်သည်။

ထိုရဲမင်းကြီးဟောင်းကို ရွှန်းမဲလ်လည်း ၁၉၁၉ ခုနှစ်က သိကျွမ်းခဲ့ဖူးလေသည်။

ထိုတွင်မက စထရိုးလင်း၏ တယ်လီဖုန်းကို ထောက်လှမ်းရေးဌာနမှ အမြဲတစေ ကြားဖြတ်နားထောင်နေပြီး သူပြောသမျှ စကားများကို မှတ်တမ်းတင်ထားသည်ကိုလည်း သိထားခဲ့ရလေသည်။

ရွှန်းမဲလ်နှင့် ဆွေးနွေးပွဲမှာ ၅ နာရီကျော်ကျော် ၆ နာရီခန့်မျှ ကြာခဲ့ပြီး ၎င်းဆွေးနွေးပွဲတွင် ရွှန်းမဲလ်နှင့် ဆွေးနွေးခဲ့သမျှ စကားများကိုလည်းကောင်း၊ ဆွေးနွေးပွဲ၏ မြင်ကွင်းကိုလည်းကောင်း၊ ယခုတိုင်ကောင်းစွာ မှတ်မိလျက်ပင် ရှိသေးသည်ဟု ဒေါက်တာစထရိုးလင်းက ဆိုခဲ့ပြီး ရွှန်းမဲလ်နှင့် ဆွေးနွေးခဲ့သည့် ဆွေးနွေးချက်များကိုလည်း အောက်ပါအတိုင်း ပြန်လည်၍ ပြောပြခဲ့လေသည်။

ရွှန်းမဲလ်ကို ဂျာမနီနိုင်ငံရေး အခြေအနေနဲ့ စစ်ရေးအခြေအနေတွေကို ကျုပ်ကပဲ စပြီး တင်ပြလိုက်ပါတယ်။ ကျုပ်တို့နှစ်ယောက် သဘောထားချင်း တိုက်ဆိုင်တဲ့အတွက် ကျုပ်တင်ပြသမျှ ရွှန်းမဲလ်က တစ်လုံးမကျန် လက်ခံခဲ့ပါတယ်။

ကျုပ် တင်ပြသမျှ နိုင်ငံရေး အခြေအနေတွေကို ရွှန်းမဲလ်က လက်ခံတာ တွေ့လိုက်ရတဲ့အတွက် ကျုပ်က ရွှန်းမဲလ်ကို "ကျုပ်တင်ပြတဲ့စာတမ်းနဲ့ နိုင်ငံရေး အခြေအနေတွေကို ခင်ဗျားလက်ခံရင် ကျုပ်တို့ ဘာလုပ်ဖို့လိုနေပြီဆိုတာ ခင်ဗျား စဉ်းစားပေါ့ဗျာ" လို့ ပြောလိုက်တယ်။

နောက် ကျုပ်ကပဲ ဆက်ပြီး အရှေ့ဘက်စစ်မျက်နှာက တပ်မတော်အရာရှိကြီး တချို့က ဟစ်တလာကို ဖမ်းပြီး သူ့သဘောအတိုင်း ရာထူးက နုတ်ထွက်လိုက်ပြီ ဆိုတဲ့အကြောင်း ပြည်သူ



လူထုကို ကြေညာခိုင်းဖို့ ကြံစည်နေကြပြီလို့ ရွှန်းမဲလ်ကို ပြောပြလိုက်ပါတယ်။ အဲဒီအကြံအစည်ကို ရွှန်းမဲလ်က သဘောကျတယ်။

အဲဒီတုန်းကရော နောင်အချိန်တွေပါ ဟစ်တလာကို လုပ်ကြံမယ့် အကြံအစည်တွေကို ရွှန်းမဲလ် မသိခဲ့တော့ပါဘူး။

ကျုပ်ကပဲ ဆက်ပြောမိတယ်၊ သူဟာ ဂျာမန်ဗိုလ်ချုပ်တွေထဲမှာ အကြီးမြင့်ဆုံး ဗိုလ်ချုပ်ကြီးဖြစ်သလို ပြည်သူလူထုရဲ့ ချစ်ခင်လေးစားမှုကို အများဆုံးရနေတဲ့ လူဖြစ်ပြီး ပြင်ပနိုင်ငံများကပါ လေးစားထိုက်ဆုံး ဗိုလ်ချုပ်တစ်ယောက်အဖြစ် အသိအမှတ်ပြုထားရတဲ့အတွက် စစ်ကိုတားဆီးနိုင်မယ့် ပုဂ္ဂိုလ်ဆိုလို့ ဂျာမနီမှာ သူတစ်ယောက်ပဲရှိတယ်လို့ ကျုပ်ကပြောလိုက်ပြီး ပြည်တွင်းစစ်ကြီးမဖြစ်ပွားအောင် သူ့နာမည်ကို အသုံးပြုခွင့်ပေးမှ ဖြစ်တော့မယ်လို့လည်း တင်ပြလိုက်တယ်။

သူ့ကို သမ္မတမြှောက်ဖို့ ရည်ရွယ်ထားတယ်ဆိုတဲ့ အကြောင်းကိုတော့ အဲဒီတုန်းက သူ့ကို မပြောခဲ့ပါဘူး။ အမှန်ကလည်း အဲဒီအကြံအစည် ဒီတုန်းက မပေါ်ခဲ့သေးပါဘူး။ အဲဒီအကြံအစည်ပေါ်ကလည်း ကျုပ်ပြန်သွားပြီး ဂိုအာဒီလားနဲ့ ဆွေးနွေးတော့မှ ပေါ်လာတာပါ၊ ကျုပ်တို့ သူ့ကို သမ္မတမြှောက်ဖို့ ကြံရွယ်ခဲ့တယ်ဆိုတာကိုလည်း ရွှန်းမဲလ်မသေခင် သိသွားခဲ့ဟန် မတူပါဘူး။

ကျုပ်ပြောတဲ့စကားကြောင့် ရွှန်းမဲလ်တွေဝေသွားတာကို တွေ့လိုက်ရတယ်။ ဒါနဲ့ ကျုပ်က သူ့ကို "စစ်နိုင်မယ့် နည်းလမ်းများ ခင်ဗျားမြင်သေးသလား၊ နောက်ဆုံးပေါ် လျှို့ဝှက်လက်နက်ဆန်းနဲ့ပဲဖြစ်ဖြစ် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ်ပေါ့လေ"လို့ မေးလိုက်မိတယ်။

ရွှန်းမဲလ်က လျှို့ဝှက်လက်နက်ဆန်းနဲ့ ပတ်သက်တာဆိုရင် ဝါဒဖြန့်ချိရေးဌာနက ထုတ်ပြန်နေတဲ့ ဝါဒဖြန့်သတင်းတွေထဲမှာ ပါတာကို ဖတ်ရတာကလွဲလို့ ဘာမှ အတိအကျ မသိရတဲ့ အကြောင်း ပြန်ဖြေရင်း သူ့အမြင်အရ စစ်နိုင်မယ့် နည်းလမ်းကို မမြင်တော့တဲ့အကြောင်း၊ စစ်ရေးအရလည်း အဖတ်ဆယ်လို့ မရ

www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့တဲ့အကြောင်း သူ့အမြင်ကို တင်ပြလာတယ်။

ဒီလောက် အခြေအနေဆိုးရွားနေတာကို ဟစ်တလာ ရိပ်မိကော ရိပ်မိရဲ့လားလို့ မေးကြည့်တဲ့အခါကျတော့လည်း ရွှန်းမဲလ်က ဟစ်တလာသိမယ်လို့ သူမထင်ကြောင်းနဲ့ ဟစ်တလာဟာ သူ့မောဟနဲ့သူ စိတ်ကူးယဉ်နေတဲ့လူဖြစ်တဲ့အကြောင်း ပြန်ဖြေတယ်။

ဒါနဲ့ ကျုပ်ကပဲဆက်ပြီး သူ့အနေနဲ့ ဟစ်တလာကို ဝင်တွေ့ပြီး အမြင်မှန်ရလာအောင် နားမချနိုင်ဘူးလားလို့ မေးလိုက်ပြန်တယ်။ "ကျုပ် အကြိမ်ပေါင်းများစွာ ကြိုးစားခဲ့ပါတယ်၊ မအောင်မြင်လို့သာ ကြည့်နေရတာပါ၊ ကျုပ် ထပ်ကြိုးစားကြည့်ဖို့တော့ ဝန်မလေးပါဘူး။

ဒါပေမဲ့ ဌာနချုပ်က ကျုပ်ကို သက်ာယနမကင်းဖြစ်နေတဲ့အတွက် ဟစ်တလာနဲ့ကျုပ်ကို နှစ်ယောက်တည်းလွှတ်ထားမှာ မဟုတ်ဘူးဆိုတာ သေချာတယ်။ နောက်ပြီး ဘောမန်းဆိုတဲ့ ငနဲကလည်း ဟစ်တလာ့အနားမှာ အမြဲရှိနေတာ"လို့ ရွှန်းမဲလ်က ဖြေတယ်။

ကျုပ်တို့နှစ်ယောက် ဆွေးနွေးပြီးတဲ့ အခါကျတော့ သူ့ကို ကျုပ်က တာဝန်ပေးတယ်၊ အဲဒီတာဝန်တွေကတော့ သင့်လျော်တဲ့ အချိန်မှာ သူက ဟစ်တလာနဲ့ တွေ့ခွင့်တောင်းပြီး အမြင်မှန်ရအောင် နားချဖို့ ကြိုးစားရမယ်။ အဲဒီလို တွေ့ခွင့်တောင်းလို့မှ ဟစ်တလာက တွေ့ခွင့်မပေးရင် စစ်နိုင်တော့မှာ မဟုတ်တဲ့အတွက် ကျရောက်လာမယ့် နိုင်ငံရေးသက်ရောက်မှုကို ရင်ဆိုင်သင့်တဲ့အကြောင်း ဟစ်တလာကို စာရေးရမယ်။ အဲဒီလို စာနဲ့ပေးပြီး ဟစ်တလာကို နားချလို့မှမရရင် နောက်ဆုံး သူ့အနေနဲ့ တိုက်ရိုက်အရေးယူရမယ်ဆိုတာတွေပါပဲ။

ကျုပ်ပေးတဲ့ တာဝန်တွေကို ရွှန်းမဲလ်က ချက်ချင်းလက်မခံသေးဘဲ တွေပြီး တော်တော်ကြာအောင် စဉ်းစားနေပြီးမှ သဘောတူလိုက်တယ်။ "ဂျာမနီပြည်ကို ကယ်တင်ဖို့ တာဝန်ဟာ ကျုပ်တာဝန်ပဲဆိုတာ သဘောပေါက်ပါတယ်"လို့ ပြောပြီး ရွှန်းမဲလ်က



နောက်ဆုံး ကတိပေးလိုက်တယ်။

ကျုပ်လည်း ရွှန်းမဲလ် အဲဒီလို ကတိပေးလိုက်တော့မှပဲ ဘဝင်ကျသွားတော့တယ်။ သူ့ကတိကို ကျုပ်သံသယမရှိ ယုံကြည်တယ်။ ရွှန်းမဲလ်ဟာ အသိအမြင်ကြွယ်ဝတဲ့ အသိပညာရှင်ကြီး တစ်ယောက် မဟုတ်ဘူးဆိုတာလည်း မှန်ပါတယ်။ နိုင်ငံရေး အတွေးအခေါ် မရေလည်ဘူးဆိုတာလည်း မှန်ပါတယ်။

ဒါပေမဲ့ သူဟာ သမာဓိအား ကြီးမားတဲ့လူ ဖြစ်တယ်။ ဂုဏ်သိက္ခာကို အင်မတန် စောင့်သိရှိသေတဲ့ လူဖြစ်တယ်။ ဒါကြောင့် ကတိတစ်ခုပေးမိရင် ဘယ်တော့မှ ပျက်ကွက်မယ့်လူ မဟုတ်ဘူး၊ နောက်ပြီးတော့ တခြားဗိုလ်ချုပ်တွေနဲ့ မတူတဲ့ အရည်အချင်းတစ်ခု ရှိတယ်။ အဲဒါကတော့ သူ့ရဲ့ ထူးခြားလှတဲ့ သူရသတ္တိပါပဲ"

ဧပြီလ၌ ဗိုလ်ချုပ်စပီဒဲလ်အား ရွှန်းမဲလ်၏ ဦးစီးချုပ်အဖြစ် ခန့်အပ်လိုက်သဖြင့် စထရိုးလင်းအတွက် တော်လှန်ရေးရဲဘော်အသစ် တစ်ယောက် တိုးလာခဲ့လေသည်။

စပီဒဲလ်သည် စထရိုးလင်းနှင့် မစပ်မိခင်ကပင် လုပ်ကြံရေးသမားများနှင့် အဆက်အသွယ် ရထားခဲ့လေပြီ။

ထိုနေ့မှအစပြု၍ စထရိုးလင်းက ဆက်သားတစ်ယောက်ကြားတွင်ထားကာ စပီဒဲလ်နှင့် ဆက်သွယ်နေခဲ့ပြီး ရွှန်းမဲလ်နှင့်လည်း စပီဒဲလ်မှတစ်ဆင့် အဆက်အသွယ် လုပ်နေလေတော့သည်။

စပီဒဲလ်ကလည်း သူ၏ အရာရှိဟောင်းဖြစ်သူ ယခုပြင်သစ်ပြည် စစ်ဘုရင်ခံ ဗိုလ်ချုပ်ကြီးဟိန်းဟာင်းနရစစ်(ချ်) ဗွန်စတူးမနေးဂ်(လ်)နှင့် ဘဲလ်ဂျီယံစစ်ဘုရင်ခံ ဗိုလ်ချုပ်ကြီး ဗွန်ဖော်လ်ကင်ဟောစင်တို့ကို ဟစ်တလာဖြုတ်ချရေး အကြံအစည်များနှင့် ပတ်သက်၍ ဆွေးနွေးပြီး စည်းရုံးခဲ့သည်။

အချို့ ဆွေးနွေးပွဲများတွင် ရွှန်းမဲလ်ကိုယ်တိုင် ဦးဆောင်ဆွေးနွေးခဲ့ပြီး ရွှန်းမဲလ်ကိုယ်တိုင် မပါဝင်နိုင်သော ဆွေးနွေးပွဲများတွင်လည်း အခြေအနေအရပ်ရပ်ကို ရွှန်းမဲလ်အား အသိပေးခဲ့ရလေသည်။

စတူးမနေးဂ်(လ်)မှာမူ လုပ်ကြံရေးတွင် အတွင်းကျကျပိုင်းမှ ပါဝင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး စပီဒဲလ်နှင့်အတူ အိုင်ဆင်ဟောင်းဝါး၊ မောင်ဂိုမာရီတို့နှင့် အထွေထွေ စစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆိုရန် စစ်ပြေငြိမ်းရေး စာချုပ်မူကြမ်းများကို ရေးဆွဲခဲ့ကြသည်။

ဤသို့ ငြိမ်းချမ်းရေး စာချုပ်မူကြမ်း ရေးဆွဲထားရသည့် ရည်ရွယ်ချက်မှာမူ အကယ်၍ ဟစ်တလာအား ရာထူးမှ ဖြုတ်မချနိုင်သေးခဲ့လျှင် ဟစ်တလာမပါဝင်သော သီးခြားစစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆိုရန်ပင် ဖြစ်သည်။

၎င်းမူကြမ်း စာချုပ်တွင် အနောက်ပိုင်း၌ သိမ်းပိုက်ထားသည့် နယ်မြေများမှ တပ်များကို ပြောင်းရွှေ့ပေးရမည်ဟူ၍ လည်းကောင်း၊ အရှေ့ပိုင်းတွင်လည်း စစ်မျက်နှာတိုတောင်းပစ်ရမည်ဟူ၍ လည်းကောင်း တောင်းဆိုချက်များ ပါရှိလေသည်။

စင်စစ် ၎င်းတောင်းဆိုချက်များမှာ အနောက်ဘက်မှ မဟာမိတ်တို့အနေဖြင့် သဘောတူနိုင်မည် မဟုတ်သော တောင်းဆိုချက်များ ဖြစ်သည်။

တစ်ဖက်တွင်လည်း အနောက်မဟာမိတ်များက ရုရှားမပါဘဲ သီးခြားစစ်ပြေငြိမ်းရေး မပြုလုပ်ပါဟု ဝန်ခံကတိပြုထားမိခဲ့ကြသည့်အပြင် ဂျာမနီ ခြွင်းချက်မရှိ လက်နက်ချမှသာလျှင် စစ်ပြေငြိမ်းမယ်ဟု ခြေလှမ်းလက်လှမ်း စကားများကို ပြောခဲ့မိကြသဖြင့် ဂျာမန်များ ရေးဆွဲသည့်မူကြမ်းကို သဘောတူသည်ဟုပင်ဆိုစေကာမူ စစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆိုရန် ဝန်လေးနေကြမည် ဖြစ်သည်။

ဤသို့ မဟာမိတ်တို့၏ ဈေးကိုင်မှုကြောင့်ပင် ပြိုစပြုနေပြီဖြစ်သော ဂျာမန်လူမျိုးတို့အား စကြာအလံတော်အောက်သို့ နှင်တံနှင့် ရိုက်သွင်းလိုက်သကဲ့သို့ ပြန်လည် စည်းရုံးသွားစေခဲ့သည့်အပြင် ဟစ်တလာ၏ ဆုတ်ယုတ်နေသော အင်အားကိုလည်း ပြန်လည် အားသစ်လောင်းပေးသလို ဖြစ်စေခဲ့ပြီး စစ်ကြီးကို ကြာရှည်စေခဲ့ခြင်းအားဖြင့် ထောင်ပေါင်းများစွာသော အင်္ဂလိပ်၊ အမေရိကန် စစ်သားများလည်း သေကျေပျက်စီးခဲ့ရလေသည်။

သို့စဉ်လျက် စတူးမနေဂ်လ်နှင့် စပီဒဲ(လ်)တို့ကမူ ချာချိုနှင့် ရုစဗဲ့လ်အနေဖြင့် ဟစ်တလာနှင့်လည်းကောင်း၊ နာဇီများနှင့်လည်းကောင်း၊ စစ်ပြေငြိမ်းရေး ဆွေးနွေးရန် ဝန်လေးကြမည်ဖြစ်သော်လည်း တပ်မီတော်ကို ဥရော



အနောက်ပိုင်းမှ ထုတ်ပယ်နိုင်မည့် အခွင့်အရေးကိုမူ လက်လွှတ်ခံနိုင်ကြလိမ့်မည်မဟုတ်ဟု ယုံကြည်ခဲ့ကြလေသည်။

သို့နှင့် မေလ ၂၇ ရက်နေ့တွင် ဖရုဒင်စတတ် စပီဒဲလ်၏ နေအိမ်၌ အရေးကြီးသော လျှို့ဝှက်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြန်လေသည်။ ၎င်းအစည်းအဝေး ခေါ်ဆိုခဲ့ရသည်မှာလည်း ရွှန်းမဲလ်၏ ဆန္ဒကြောင့်ပင် ဖြစ်သည်။

ဤသို့ အရေးပေါ်အစည်းအဝေးတစ်ရပ် ခေါ်ရန် ညွှန်ကြားခဲ့သော်လည်း ရွှန်းမဲလ်ကိုယ်တိုင် မတက်ရောက်နိုင်ခဲ့သဖြင့် စပီဒဲလ်က မိမိကိုယ်တိုင်အတွက်ရော ရွှန်းမဲလ်၏ တရားဝင်ကိုယ်စားလှယ်အနေဖြင့်ပါ တက်ရောက်ခဲ့ရသည်။

အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော အခြားပုဂ္ဂိုလ်များမှာမူ ဒေါက်တာ စထရိုးလင်းနှင့် ဗွန်နူးရက်ဘ်တို့ ဖြစ်သည်။

ဗွန်နူးရက်ဘ်သည် နိုင်ငံခြားရေးဝန်ကြီးဟောင်း တစ်ဦးဖြစ်ပြီး စစ်ကြီးပြီးဆုံးသောအခါ နူရင်ဘတ်၌ ထောင်ဒဏ် ၁၀ နှစ် အပြစ်ပေးခံရသူလည်း ဖြစ်သည်။

စထရိုးလင်းသည် အကြောင်းကြီးငယ်မရွေး စနစ်တကျစာရေး၍ မှတ်တမ်းတင်လိုသော ဂျာမန်လူမျိုးတို့၏ ဝါသနာအတိုင်း လုပ်ကြံရေးလုပ်ငန်းစဉ်အားလုံးကို အသေးစိတ် ဖော်ပြသည့် မှတ်တမ်းရှည်ကြီးတစ်စောင်ကို ရေးသားခဲ့သည်။

စထရိုးလင်း၏ ရည်ရွယ်ချက်မှာမူ ၎င်းမှတ်တမ်းရှည်ကြီးကို ရွှန်းမဲလ်၏ ရှေ့လုပ်မည့် လုပ်ငန်းစဉ်များတွင် ရှေ့ဆောင်လမ်းပြအဖြစ် အသုံးပြုနိုင်ရန်အတွက် ဖြစ်သည်ဟု စထရိုးလင်းက ကျွန်ုပ်အား ပြန်လည် ပြောပြခဲ့လေသည်။

"နေစမ်းပါဦး၊ ခင်ဗျားပြောတဲ့ အမိပ္ပာယ်က လုပ်ကြံရေး အစီအစဉ်အားလုံးကို စာရွက်ပေါ် တင်ရေးတယ်လို့ ဆိုလိုတာလား"ဟု စထရိုလင်းအား ကျွန်ုပ်က မေးမိရာ...

"ဟုတ်ပါတယ်၊ ကျုပ်အကြမ်းရေးထားတဲ့ မှတ်တမ်းကို ကျုပ်ရုံးက အမှုထမ်းတစ်ယောက်ကို လက်ရေးရှည်နဲ့ ကူးခိုင်းခဲ့ပါတယ်။ စာကူးပေးရတဲ့

www.burmeseclassic.com

www.burmeseclassic.com



အမှုထမ်းက ကြောက်လွန်းလို့ စာခံကူးတဲ့ မင်နှိပ်စက္ကူကိုတောင် မီးရှို့ပစ်လိုက်တယ်။ စပီဒဲလ်ကလည်း အဲဒီစာကို အိတ်ထဲ ထည့်ယူသွားရမှာကိုတောင် ဝန်လေးနေခဲ့ပါတယ်။ ဒါပေမဲ့ ဘာမှ ပြန်မပြောဘဲ စာကို အိတ်ထဲထည့်ပြီး ထွက်သွားပါတယ်။ ကျုပ်လည်း ကျုပ်အတွက် မှတ်တမ်းမိတ္တူတစ်စောင်ကို စတပ်ဂက်ကို ယူလာခဲ့ပါတယ်”ဟု စထရိုးလင်းက ဆက်လက်ရှင်းပြခဲ့လေသည်။

ဤသို့သောစာမျိုးကို အိတ်ထောင်ထဲထည့်၍ သယ်ဆောင်ခြင်းသည် ပင်ဖြုတ်ပြီးသား လက်ပစ်ဗုံးကို အိတ်ထောင်ထဲ ထည့်ခဲ့ရသည်နှင့်သာ တူပေတော့သည်။

❑

## ရွှန်းမဲလ်နှင့် နိုင်ငံတော်သမ္မတရာထူး

ယခုမူ ရွှန်းမဲလ်သည် ရှေးကကဲ့သို့ မိမိလုံခြုံမှုကို ဂရုမမူတော့ဘဲ အရာရှိရိပ်သာထဲတွင် စစ်အကြောင်းများကိုလည်းကောင်း၊ ဟစ်တလာ၏ အကြောင်းများကိုလည်းကောင်း မဆင်မခြင် လွတ်လွတ်လပ်လပ် ဝေဖန်ပြောဆိုနေလေတော့သည်။

ဤသို့ နှုတ်လွန်ပြောဆိုနေသည်ကို သူ့လက်အောက်အရာရှိများက သူ့အား ခြွင်းချက်မရှိ လေးစားကြည်ညိုသူများဖြစ်၍ သူပြောသမျှ စကားများ ပြင်ပသို့ ပေါက်ကြားနိုင်မည်မဟုတ်ဟု ဆိုရန်ရှိသော်လည်း သူ၏ တာဝန်မှူးဖြစ်သူ ဗိုလ်ကြီးဟဲလ်မုသ်လန်းဂ်၏ ဆင်ခြင်တုံတရား ကင်းမဲ့သော တာဝန်ကျေပွန်မှုကြောင့် ရွှန်းမဲလ်၏ လုံခြုံရေးမှာ ရင်မအေးနိုင်စရာ ဖြစ်နေလေတော့သည်။

အကြောင်းမူ တာဝန်မှူးဗိုလ်ကြီး ဟဲလ်မုသ်လန်းဂ်သည် စစ်မှတ်တမ်းများကို ရေးမှတ်ရာတွင် ပထမနာမ်စားကို အသုံးပြုပြီး ရွှန်းမဲလ်ကိုယ်တိုင်ရေးသည့် ရေးဟန်ဖြင့် ရေးသားမှတ်တမ်းတင်နေရုံမျှမက ဤသို့ မှတ်တမ်းတင်ရာတွင် နေ့စဉ် စစ်ရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကိုသာ မှတ်တမ်းတင်သည်မဟုတ်ဘဲ စစ်သူကြီးရွှန်းမဲလ်၏ လှုပ်ရှားမှုများကိုပါ နာရီနှင့်တကွ မှတ်တမ်းတင်နေသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဗိုလ်ကြီးဟဲလ်မှသ်က ရွှန်းမဲလ်၏ နေ့စဉ်လှုပ်ရှားမှုမှန်သမျှ ကို မှတ်တမ်းတင်နေသည်မှာလည်း သူ့တွင် တာဝန်ရှိသည်ဟု မှတ်ယူထား သဖြင့် စေတနာလွန်မိခြင်းသာ ဖြစ်လေသည်။

ဗိုလ်ကြီးဟဲလ်မှသ် အထက်တွင်ဆိုခဲ့သည့်အတိုင်း ဆင်ခြင်တုံ တရား ကင်းမဲ့လောက်အောင် တာဝန်ကျေပွန်သူဖြစ်ရုံမက အထူးတလည် ဇွဲစပ်သေချာသူလည်းဖြစ်၍ တစ်နေ့တွင် သူ့မှတ်တမ်းကို ရွှန်းမဲလ်ကြည့်မိ သဖြင့် မပြုံးဘဲမနေနိုင်အောင် ဖြစ်ခဲ့ရသည်။

ရွှန်းမဲလ်ပြုံးမိသော မှတ်တမ်း၏ အဖွင့်တွင် ၀၇:၀၀ နာရီ နံနက် စာစားသည်။ (မည်သည့်ဟင်းလျာကိုစားသည်ကိုပါ ဖော်ပြထားသည်)ဟု တွေ့လိုက်ရပြီး ဒုတိယစာကြောင်းကို ဆက်ဖတ်သောအခါ "ဗိုလ်ကြီးလန်းဂ် စစ်သူကြီး ဗွန်ကလု(ချ်)တို့နှင့်အတူ လမ်းလျှောက်ထွက်သည်"ဟု တွေ့ရ ပြန်သဖြင့် ရွှန်းမဲလ်က ထပ်၍ပြုံးမိပြန်သည်။ သို့နှင့် မှတ်တမ်းတစ်နေရာကို ဖတ်လိုက်မိပြန်သည်တွင် "ဗိုလ်ကြီးလန်းဂ်နှင့် စစ်ရေးအခြေအနေ ဆွေးနွေး သည်၊ သူနှင့်ကျုပ် အမြင်တစ်ထပ်တည်း ဖြစ်သည်"ဟု တွေ့ရပြန်လေသည်။

ဤနည်းဖြင့် ရွှန်းမဲလ်က မှတ်တမ်းကို တစ်ရွက်ပြီးတစ်ရွက် ဆက်၍လှန်လေသောအခါတွင်မူ စာကြောင်းတစ်ကြောင်းကို စူးစူးစိုက်စိုက် ကြည့်လိုက်မိသဖြင့် စောစောက ပြုံးစိစိဖြင့် သဘောကျနေသည့် သူ့အမူ အရာမှာ တစ်မုဟုတ်ချင်း မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားရလေတော့ သည်။

"ဟစ်တလာ၏ အမိန့်များမှာ အဓိပ္ပာယ်မရှိ၊ ရူးနေပြီဟု
ထင်မိသည်၊ နေ့စဉ် အသက်ပေါင်းများစွာ အချည်းနှီး သေဆုံး
နေရသည်၊ ယခုချက်ချင်း ငြိမ်းချမ်းရေးလုပ်မှ ဖြစ်တော့မည်"

ဤကား ရွှန်းမဲလ် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်လိုက်မိသော စာကြောင်းများ ဖြစ်ပါ၏။

"ဘုရားရေ...လန်းဂ် လာပါဦးကွ၊ မင်းလုပ်တာနဲ့ ငါတော့ ကြိုးစင် တက်ရပါတော့မယ်ကွာ"ဟု ရွှန်းမဲလ်က ရေရွတ်ညည်းလိုက်ရင်း စေတနာ လွန်မိသော ဗိုလ်ကြီးဟဲလ်မှသ်၏ မှတ်တမ်းအချို့ကို အငြိအစွန်းများ ဖယ်ရှားနိုင်ရန် အဲလ်ဒင်ဂျာအား ပြန်ပြီး အရေးခိုင်းခဲ့ရလေသည်။



အဲလ်ဒင်ဂျာကလည်း မှတ်တမ်းအသစ် ကူးပြီးသည့်နောက် မူရင်း မှတ်တမ်းကို သိမ်းဆည်းထားရန် စိတ်ကူးခဲ့သေးသော်လည်း ရွှန်းမဲလ်က သားဖြစ်သူ မန်းဖရက်၏ အကူအညီဖြင့် မူရင်းမှတ်တမ်းကို မီးတင်ရှို့လိုက် သဖြင့် အဲလ်ဒင်ဂျာခမျာ မူရင်းကို သိမ်းခွင့်မရလိုက်တော့ချေ။

ဤသို့ အရာရာ မှတ်တမ်းတင်တတ်ပြီး အသေးအဖွဲကလေးများမှ အစ ရာဇဝင်တော်သင့်မည့် မှတ်စုမှတ်ရာများအထိ စက္ကူပေါ် အက္ခရာတင် လိုကြသည့် ဂျာမန်လူမျိုးတို့၏ ဝါသနာကပင်လျှင် လုပ်ကြံရေးသမား အများ အပြားကို ကြိုးစင်သို့ ပို့ခဲ့သည်ဆိုလျှင် မှားနိုင်မည် မဟုတ်ချေ။

မေ ၂၇ ရက်နေ့၌ ကျင်းပသည့် အစည်းအဝေးတွင် ဗိုလ်ချုပ် စပီဒဲလ်က စစ်ရေးအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့သည်။

ဗိုလ်ချုပ်စပီဒဲလ် ဆွေးနွေး၍အပြီးတွင် ဗွန်နုရက်သ်က "ဟစ်တလာ နဲ့တော့ ကျုပ်တို့ ငြိမ်းချမ်းရေး ဘယ်တော့မှရမှာမဟုတ်ဘူး၊ ဒါကြောင့် ခင်ဗျား ရွှန်းမဲလ်ကို သူ့တာဝန်သူယူပြီး အဆင်ပြေသလို လုပ်ဖို့ အသင့်ပြင် ဆင်ထားပါလို့ ပြောပေတော့"ဟု အဆိုတင်လေတော့သည်။

အစည်းအဝေး တက်ရောက်သူတိုင်းကလည်း ဗွန်နုရက်သ်၏ အဆိုကို သဘောတူကြလေရာ ထိုနေ့က ဗိုလ်ချုပ်စပီဒဲလ် ရီချီဂူယွန်ရှိ ရွှန်းမဲလ်၏ ဌာနချုပ်သို့ သယ်ဆောင်သွားခဲ့သော အစည်းအဝေးဆုံးဖြတ် ချက်မှာလည်း ဗွန်နုရက်သ်၏ အဆိုကို အတည်ပြုလိုက်သော ဆုံးဖြတ်ချက် ပင် ဖြစ်ခဲ့လေသည်။

ထိုစဉ် အချိန်အတွင်းမှာပင် ဟစ်တလာဖြုတ်ချရေးတွင် တက်တက် ကြွကြွ ပါဝင်စေရန် ရွှန်းမဲလ်အား လှုံ့ဆော်စေမည့် အကြောင်းတစ်ခုလည်း ပေါ်ပေါက်လာခဲ့လေသည်။

ဤသို့ စစ်သားကြီး ရွှန်းမဲလ်အား အတွေးအခေါ်သစ်များဖြင့် နိုင်ငံ ရေးလောကအတွင်းသို့ တွန်းပို့လိုက်သူမှာမူ 'သံမဏိမုန်တိုင်း'ဆိုသည့် စာအုပ်ကို ရေးသားခဲ့သူ အားနက်စ်ဂျူးဂါးဆိုသူပင် ဖြစ်သည်။

ဂျူးဂါးသည် ၁၉၁၄–၁၈ ခုနှစ် စစ်ပွဲကြီးပြီးသည့်နောက်ပိုင်း၌ပင် လူသားတို့၏ အမွန်မြတ်ဆုံးအလုပ်မှာ စစ်တိုက်ခြင်းသာလျှင် ဖြစ်သည်ဟု ခွဲခြမ်းယုံကြည်ခဲ့သူဖြစ်ပြီး ရေ့တန်းပျော် စစ်သားဟောင်းကြီးတစ်ယောက်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ထိုစစ်ဝါဒီသမားကြီးကပင် မည်သမျှ နာဇီဆန့်ကျင်ရေးစာပေများကို မရေးသားဝံ့သောအချိန်တွင် 'ကျောက်ကမ္ဘာကြီး'ဆိုသည့် အမည်ဖြင့် နာဇီဆန့်ကျင်ရေးစာအုပ်ကို ရေးသားပြုစုခဲ့ပြီး နာဇီများကို ဆန့်ကျင်၍ လူမျိုးပေါင်းစုံ စည်းလုံးကြရန် လှုံ့ဆော်ခဲ့သည်။

၎င်းစာအုပ်ကို မထုတ်ဝေနိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် မဖြန့်ချိနိုင်ရန် နာဇီများက ချုပ်ချယ်ခဲ့လေသည်။

ထိုတွင်မက ဂျူးဂါးသည် ငြိမ်းချမ်းရေး စာချုပ်မူကြမ်းတစ်စောင်ကို လျှို့ဝှက်ရေးသားခဲ့ပြီး ၎င်းစာချုပ်ကိုလည်း ခရစ်ယာန် သာသနာတော်ကို အခြေခံ၍ ဥရောပတစ်တိုက်လုံး စည်းလုံးညီညွတ်ကြရန်၊ ငါ့တိုင်းပြည် ငါ့နိုင်ငံဟု သတ်မှတ်ထားသည့် ပထဝီအပိုင်းအခြားများကို ဖျက်သိမ်းပြီး လူမျိုးမရွေး၊ ခရစ်ယာန်သာသနာတော်ကို ပြန်လည် သက်ဝင်ယုံကြည်ကြရန်၊ ဤသို့ မှန်မြတ်သော ကျင့်စဉ်များဖြင့်သာလျှင် ဖောလ်ရှီဗစ်ဝါဒကို ဥရောပသို့ မပြန့်ပွားစေရန် တားဆီးနိုင်မည် စသည့် ဘာသာရေးဦးတည်ချက်ဖြင့် ဥရောပ စည်းလုံးညီညွတ်ရေးကို အခြေခံ၍ ရေးဆွဲခဲ့လေသည်။

ရွှန်းမဲလ်သည် ကျောက်ကမ္ဘာကို ဖတ်မိပြီး ဂျူးဂါး၏ အတွေးအခေါ်များကို လွန်စွာ နှစ်သက်သဖြင့် ၎င်းစာအုပ်ကို အခွင့်ခါသင့်လျှင် ထုတ်ဝေရန်ပင် ရည်ရွယ်ခဲ့လေသည်။

ယခုမူ သူအလွန်နှစ်သက်သည့် စာအုပ်ကို ထုတ်ဝေနိုင်ရန် သူကိုယ်တိုင်ပင် တာဝန်အရ အခြေအနေသစ်တစ်ရပ်ကို ဖန်တီးရမည့် အခွင့်အရေးများ ရရှိခဲ့လေပြီ။

အကြောင်းမူ ရွှန်းမဲလ်သည် တစ်ဖက်တွင် အတ္တလန္တိတ် တံတိုင်းကြီးကို ကာကွယ်စောင့်ရှောက်ရန် ရွေးချယ်၍ သူကောင်းပြုခြင်းခံရသည့် စစ်သူကြီးတစ်ယောက်ဖြစ်ပြီး ရန်သူများ ကမ်းတက်တိုက်ခိုက်လာလျှင် ကမ်းခြေတွင်ပင် တွန်းလှန်တိုက်ခိုက်ရန် ဟစ်တလာကိုယ်တိုင်က ယုံယုံကြည်ကြည် တာဝန်လွှဲထားခြင်း ခံရသူလည်း ဖြစ်သည်။

ယင်းအကြောင်းကြောင့်ပင် ဂျာမန်ဝါဒ ဖြန့်ချိရေးဌာနက သူ့အကြောင်းကို လူသိမများများအောင် မလေးစား လေးစားလာအောင်၊



အထင် မကြီး ကြီးလာအောင် ဝါဒဖြန့်ပေးနေရလေသည်။

ယင်းအကြောင်းကြောင့်ပင် သူ့အား မဟာမိတ်များသာမက ဂျာမန်တပ်မတော်ကြီး တစ်ခုလုံးကပါ အထင်ကြီးလာခဲ့ရသည်။

အခြားတစ်ဖက်တွင်လည်း ရွှန်းမဲလ်သည် မဟာမိတ်တို့၏ ကမ်းတက်တိုက်ခိုက်မှုကို မည်သည့်နည်းနှင့်မျှ ဟန့်တားနိုင်မည် မဟုတ်ကြောင်း သိထားပြီးသည့်အပြင် ပထမ ဟစ်တလာကို နားဝင်အောင် ဆွဲဆောင်မည်၊ မရသည့်အဆုံးတွင် မဟာမိတ်များကလည်း ကမ်းတက်၍ အောင်မြင်ခဲ့လျှင် ဗိုလ်ချုပ်ကြီးအိုင်ဆင်ဟောင်းဝါး၊ မောင်ဂိုမာရီတို့နှင့် စစ်ပြေငြိမ်းရေး စေ့စပ်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် လျှို့ဝှက်အစီအစဉ်များလည်း ပြုလုပ်ထားခဲ့လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ရွှန်းမဲလ်နှင့် ငြိမ်းချမ်းရေးခေါ်သံ

ရွှန်းမဲလ်သည် သူ့အယူအဆများနှင့် ပတ်သက်၍ ရေကြောင်း ဗိုလ်ချုပ်ရုဂ်(ချ်)နှင့် မကြာခဏ ဆွေးနွေးခဲ့သည်။

"စစ်ပွဲကို ဆက်တိုက်နေတာဟာ စိတ်မနံ့လို့ တိုက်နေတာပဲ ဖြစ်တယ်။

နေ့စဉ်နဲ့အမျှ ကျုပ်တို့မြို့တွေ တစ်မြို့ပြီးတစ်မြို့ အဖျက်အဆီး ခံနေရတယ်။

အဲဒါ ဘာအတွက်နဲ့ ဆုံးရှုံးနေရတာလဲ၊ အဲ...တစ်ခုတော့ ရှိတယ်။ ဒီလိုလုပ်နေခြင်းအားဖြင့် ဥရောပတစ်တိုက်လုံး ကွန်မြူနစ်ဝါဒ လွှမ်းမိုးသွားမှာနဲ့ အနောက်လက်နက်နိုင်ငံအားလုံး တစ်စုတစ်ရုံးတည်း ပြုတ်ပြုတ်ပြုန်းသွားမှာကို သေချာသထက် သေချာအောင် လုပ်နေတာနဲ့ အတူတူပဲ။

တစ်ခုတော့ ရှိပါရဲ့၊ ကျုပ်တို့မှာ အဏုမြူဗုံး ရှိမယ်ဆိုရင် စစ်တိုက်တာဟာ အဓိပ္ပာယ်ရှိပါတယ်။

ဘာကြောင့်လဲဆိုတော့ အဏုမြူဗုံးရှိတဲ့လူက အရင်စသုံးမှာပဲ၊ သုံးတဲ့လူကလည်း နိုင်မှာပဲကိုး၊ ဒါပေမဲ့ ကျုပ်အနေနဲ့ တစ်ခုသေချာတာကတော့ ကျုပ်တို့ဆီမှာ အပြောသာရှိနေတာ အဏုမြူနဲ့တူတဲ့ လက်နက်တောင် မရှိသေးပါဘူး ဆိုတာပါပဲ။



ဒီတော့ ကျုပ်တို့ ငြိမ်းချမ်းရေးလုပ်ဖို့ကလွဲလို့ တခြား ဘာနည်းမှ မရှိဘူး"

ဟူ၍ ရွှန်းမဲလ်က ရေကြောင်းဗိုလ်ချုပ်အား တင်ပြခဲ့သည်။

ဤသို့ ငြိမ်းချမ်းရေးခေါ်သံများကို ပြောဆိုနေခဲ့သော်လည်း မဟာမိတ်တပ်များ ကမ်းတက်တိုက်ခိုက်မှု မအောင်မြင်မချင်း ဟစ်တလာမပါသော သီးခြားငြိမ်းချမ်းရေး ကမ်းလှမ်း၍ ဖြစ်နိုင်မည်မဟုတ်ကြောင်း ရွှန်းမဲလ် သိထားနှင့်ပြီး ဖြစ်သည်။

"အာဖရိကမှာဆိုရင် ကျုပ်ကိုကျုပ်ပိုင်တယ်၊ ကျုပ်အထက်မှာ ဆရာမရှိဘူး။ တပ်တွေကလည်း ဆုံးဖြတ်စရာရှိရင် ကျုပ် အဆုံးအဖြတ်ကိုပဲ တောင်းခံရတယ်။

ဒါပေမဲ့ ဒီမှာတော့ ကျုပ်က ဟစ်တလာရဲ့ လက်ထောက်တစ်ယောက်သာ ဖြစ်တယ်"ဟု ရွှန်းမဲလ်က လုဂ်(ချ်)နှင့် ဆွေးနွေးရာတွင် မကြာခဏ ထည့်သွင်းပြောဆိုခဲ့သည်။

မှန်ပေသည်။ ရွှန်းမဲလ်၏ အခြေအနေမှာ လူတစ်ယောက်တည်း စိတ်နှစ်စိတ်ဖြစ်နေပြီး တစ်ချိန်တည်းမှာပင် အထက်မှ ဟစ်တလာ၏ အမိန့်အမျိုးမျိုးကိုလည်း နာခံနေခဲ့ရလေသည်။

ထို့ပြင် နေ့စဉ်နှင့်အမျှ လက်နက်အသစ်အဆန်းများနှင့် ပတ်သက်သည့် ဝါဒဖြန့်ချိရေး သတင်းများကို ကြားနေခဲ့ရသည်။

ဤသို့ နားလျှံအောင်ကြားရသည့် အတိုင်းလည်း တပ်မတော်တစ်ခုလုံးက လျှို့ဝှက်လက်နက်ဆန်းကြီးများ ပေးအုံ့နိုး၊ ပေါ်လာနိုးနှင့် မျှော်လင့်ချက်ကြီးစွာ ထားနေကြပြီး တပ်မတော်တွင် တစ်ဦးတစ်ယောက်က လက်နက်ချမည်၊ ငြိမ်းချမ်းရေးကမ်းလှမ်းမည် စသည့် အညှံ့ခံမည့်စကားများကို ပြောဆိုလာလျှင် ချက်ချင်းသစ္စာဖောက်ဟု စွပ်စွဲကာ ဖမ်းဆီးသတ်ပစ်တော့မယောင် ဖြစ်နေတော့သည်။

ငြိမ်းချမ်းရေးကမ်းလှမ်းရန် တစ်ဦးတစ်ယောက် ခေါင်းဆောင်လျှင်လည်း မည်သည့်တပ်မတော်သားကမျှ နောက်ကလိုက်မည်မဟုတ်သော အခြေအနေမျိုး ဖြစ်သည်။

သို့ဖြင့် ရွှန်းမဲလ်သည် မဟာမိတ်များ၏ ကမ်းတက်တိုက်ခိုက်မှု

www.burmeseclassic.com

www.burmeseclassic.com



တွန်းလှန်နိုင်မည် မဟုတ်ဟူသော အသိကြောင့် တစ်ဖက်တွင် မဟာမိတ်တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် စိတ်ပြင်းပြနေရပြီး အခြားတစ်ဖက်တွင်လည်း တပ်မတော်သားများ၏ လက်ရှိအခြေအနေကြောင့် မဟာမိတ်တို့၏ ကမ်းတိုက်တိုက်ခိုက်မှုကို တွန်းလှန်နိုင်ရန် ပြင်ဆင်မှုများ ပြုလုပ်နေရသဖြင့် စိတ်နှစ်ခွ ဖြစ်ခဲ့ရလေသည်။

ရွှန်းမဲလ်သည် လူတစ်ကိုယ်တည်း စိတ်နှစ်ခုခွဲပြီး လှေနံနှစ်ဖက်နင်းသည့်ဇာတ်ကို ကပြနေခဲ့ရသော်လည်း သူ့စိတ်မှာထွေပြားမနေဘဲ အလုပ်နှစ်ခုစလုံးကို တစ်ချိန်တည်း အာရုံစိုက်နိုင်သူ ဖြစ်သည်။

စစ်သားကောင်း တစ်ယောက်အနေဖြင့် အနောက်ဘက်စစ်မျက်နှာတွင် ငိုက်မျဉ်းနေသည့် တပ်များကို တပ်လှန့်နှိုးထားပြီး လက်နက်ကိုင်တပ်အားလုံးကိုလည်း မဟာမိတ်တပ်များ ကမ်းတက်တိုက်ခိုက်လျှင် ရှုပ်ရှုပ်ချွံချွံ ခုခံနိုင်စေရန် စိတ်ဓာတ်များသွင်းပေးရေးအတွက် အစွမ်းကုန်ကြိုးစားခဲ့သည်။

ယခင်က ဥပေက္ခာပြုထားသည့် ကမ်းရိုးတန်းတစ်လျှောက်မှ ခံစစ်စခန်းများကို ပြန်လည်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်းများ ပြုလုပ်ရင်း နေ့မအား ညမနား အလုပ်များနေခဲ့ရလေသည်။

သူ ထုတ်ပြန်သမျှ အမိန့်များတွင် အတ္တလန္တိတ် တံတိုင်းကြီးသည် မကြာမြင့်သော ရက်များအတွင်း ရန်သူများ လုံးဝထိုးမဖောက်နိုင်သည့် မဟာတံတိုင်းကြီးအဖြစ် တည်ဆောက်ပြီးစီးတော့မည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြကာ အတ္တလန္တိတ်တံတိုင်းကြီးအား သူ့တပ်များ အထင်ကြီးအောင် ဝါဒဖြန့်ခဲ့လေသည်။

ဗိုပိရိရိရှိလှသော ရွှန်းမဲလ်၏ လှုံ့ဆော်မှုကြောင့် မဟာမိတ်တပ်များကပင် အတ္တလန္တိတ် တံတိုင်းကြီးအား အထင်ကြီးသင့်သည်ထက် ပို၍ အထင်ကြီးခဲ့ကြသည်။

ဤသို့ ဂျာမန်တပ်သားများက ၎င်းတို့ အတ္တလန္တိတ် တံတိုင်းကြီးအား အထင်ကြီးခဲ့ကြသဖြင့် မဟာမိတ်တပ်များ ကမ်းတက်တိုက်ခိုက်လာသောအခါ မည်သူမျှ ချိုးဖောက်၍ မရနိုင်သော မဟာရံတံတိုင်းကြီးကို ကျောပေး၍ တိုက်ခိုက်ရသည့်အလား ရင်မြေကတုတ်လုပ်၍ မဟာမိတ်တပ်များကို ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့ကြလေသည်။



ရွှန်းမဲလ်ကလည်း ၎င်း၏တပ်များ စိတ်ဓာတ်တက်ကြွနေခိုက် မဟာမိတ်တပ်များကို ကမ်းပေါ်တွင်ပင် အနိုင်ယူနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားခဲ့သည်။

အကယ်၍သာ ရွှန်းမဲလ်သည် စိတ်တစ်စိတ်တည်းရှိပြီး အတ္တလန္တိတ်တံတိုင်းကြီးနှင့်ပတ်သက်၍ သူကြိုတင်တွက်ချက်ခဲ့သည့် ဟောကိန်းကို အစွဲအလမ်းကြီးနေမည်ဆိုပါက ယခုကဲ့သို့ အတ္တလန္တိတ်တံတိုင်းကြီးအား စွန့်စွန့်စားစား ကာကွယ်တိုက်ခိုက်ခဲ့မည် မဟုတ်ပေ။

ထို့အတူ ရွှန်းမဲလ်ကဲ့သို့လည်း မည်သည့်ဗိုလ်ချုပ်မှ စွန့်စားဝံ့ကြမည် မဟုတ်ပေ။

ဤနည်းဖြင့် ရွှန်းမဲလ်သည် တာဝန်အရ နိုင်ငံ့ဦးသျှောင်ဖြစ်သော ဟစ်တလာကို သစ္စာစောင့်သိခဲ့ပြီး စစ်သည်တော်ကျင့်ဝတ်အရလည်း တပ်မတော်အပေါ် သစ္စာစောင့်သိခဲ့ပေသည်။

ယင်းသို့ တိုက်ပွဲဝင်ရာ၌လည်းကောင်း၊ ဦးဆောင်မှုပေးရာ၌ လည်းကောင်း ရွှန်းမဲလ်သည် ပြတ်သားလှပြီး ချီတုံချတုံ ဖြစ်မှုမျိုးလည်းမရှိ၊ တစ်စုံတစ်ခုကို ဆုံးဖြတ်ရာတွင်လည်း ဇဝေဇဝါ မပိုင်မနိုင်ဖြစ်ခြင်းမျိုး မရှိခဲ့ပေ။

ရွှန်းမဲလ်သည် သူ့တပ်များအား အချည်းနှီး စွန့်စားသည့် စွန့်စားမှုကို မည်သည့်အခါကမျှ ခွင့်မပြုခဲ့သော်လည်း မဟာမိတ်တို့ကို တန်ပြန်ထိုးစစ်ဆင်သောအခါတွင်မူ သူ့တပ်သားများကို ပစ်ပစ်ခါခါ အသုံးပြုခဲ့သည်။

မည်သည့်ရည်ရွယ်ချက်ဖြင့် ရွှန်းမဲလ် ဤသို့ ပြုမူခဲ့သည်ကိုမူ စာဖတ်သူကိုယ်တိုင် ချင့်ချိန်ကြည့်ရန်ပင် ဖြစ်သည်။

"ကျုပ် ဘယ်တော့မှ ကျုပ်လူတွေကို ကျိန်းသေ သေပွဲဝင်ရမယ့် နေရာမျိုးကို မလွှတ်ဘူး"ဟု ရွှန်းမဲလ်က ရေကြောင်းဗိုလ်ချုပ်ရုဂ်(ချ်)အား မပြောပြခဲ့ဖူးသည်။

သူ၏ စစ်ဆင်ရေးနှင့်ပတ်သက်၍ အမျိုးမျိုးဝေဖန်ကောင်း ဝေဖန်ကြမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ရွှန်းမဲလ်သည် အတ္တလန္တိတ်တံတိုင်းကြီး ကာကွယ်ရေးအတွက် အချိန်မအားမလပ်အောင် အလုပ်များနေခဲ့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်ဝါရီလက ဒေါက်တာစထရိုးလင်းအား ပေးခဲ့သော ကတိကိုမူ မေ့ခဲ့သည်မဟုတ်ပေ။

အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ခဲ့သည်။

ဇွန်လ ၁၂ ရက်နေ့ နေ့စွဲနှင့် တင်သွင်းခဲ့သည့် အစီရင်ခံစာတွင် စစ်ရေးအခြေအနေများကို ပကတိအတိုင်း မကွယ်မထောက် ရေးသားဖော်ပြခဲ့ပြီး အခြေအနေမှာ တစ်စတစ်စ ပိုမိုဆိုးရွားလာပြီဖြစ်ကြောင်း သတိပေးခဲ့လေသည်။

အထူးသဖြင့် လေတပ်အင်အား ကြီးမားမှုကြောင့် မဟာမိတ်တို့၏ တိုက်ခိုက်မှုကို ဟန့်တားနိုင်တော့မည် မဟုတ်ကြောင်းဖြင့် သူ့ထင်မြင်ချက်များကိုပါ ဖြည့်စွက်၍ ဟစ်တလာထံ ရေးသားတင်သွင်းခဲ့သည်။

ဟစ်တလာနှင့် ကိုယ်တိုင်ဝင်ရောက် တွေ့ဆုံရန်ဟူ၍ စထရိုးလင်းအား ကတိပေးခဲ့သည်ကို ဖြည့်စွမ်းနိုင်ရန် ဇွန်လ ၁၇ ရက်နေ့က ဆွိုင်ဆွန်၌ ဟစ်တလာနှင့် ကိုယ်တိုင် ဝင်ရောက်တွေ့ဆုံခဲ့သည်။

ဟစ်တလာနှင့် ဆွေးနွေးသောအခါတွင်မူ အကြံပေးနေကျအတိုင်း ငြိမ်းချမ်းရေးစကား ကမ်းလှမ်းရန်ဆိုသည့် အကြံဉာဏ်အစား အော်နီတွင် ခံစစ်ကြောင်းတစ်ခု ဖွင့်ရန်ဆိုသည့် စစ်ရေး အကြံဉာဏ်ပေးခဲ့သည်။

သို့သော် ရွန်းမဲလ်သည် ပြောင်းလဲ၍ တင်ပြခဲ့သည့်အဆိုကို ဟစ်တလာက ငြင်းဆန်လိုက်သောအခါ ရွန်းမဲလ်သည် ဗိုလ်ချုပ်ကြီးရန်းစတက်နှင့် ပူးပေါင်း၍ အနောက်ဘက်နိုင်ငံများနှင့် စေ့စပ်ရေးပြုလုပ်ရန် ကြံစည်ပြန်လေတော့သည်။

သို့နှင့် ရွန်းမဲလ်သည် ဇူလိုင်လ ၁၆ ရက်နေ့တွင် နောက်ဆုံးအနေဖြင့် ဟစ်တလာ့ထံ အစီရင်ခံစာတစ်စောင် ရေးသားတင်သွင်းခဲ့လေသည်။

ဤသို့ အစီရင်ခံစာ တင်သွင်းရာတွင် ဟစ်တလာထံမှ ပြန်စာမရမီ မဟာမိတ်တပ်မှူးများနှင့် အဆက်အသွယ်ယူမည်ဟု ကြံစည်နေခိုက် ရုတ်တရက် ဒဏ်ရာရလိုက်သဖြင့် ၎င်းအကြံအစည်မှာလည်း ပျက်ပြားခဲ့ရလေတော့သည်။

ဤသို့ ဒဏ်ရာရခဲ့ခြင်းကြောင့်လည်း စထရိုးလင်းကို ပေးခဲ့သော



ကတိများအနက် နောက်ဆုံးအပိုင်းကို အကောင်အထည် မဖော်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ဖြစ်ပျက်ပုံများကို ကြည့်လျှင်လည်း ဒဏ်ရာရစဉ်က အသက်ပါသွားလျှင် သူ့အတွက် ကောင်းပေလိမ့်မည်။

သူရရှိသော ဒဏ်ရာများကို အခြားလူတစ်ယောက် ရရှိလျှင်လည်း အချင်းဖြစ်ပွားခဲ့သော နေရာတွင်ပင် သေပွဲဝင်ခဲ့မည်မှာ အမှန်ပင် ဖြစ်သည်။

ယင်း အဖြစ်အပျက်များတွင်လည်း ရွန်းမဲလ်သည် အသက်ပြင်းသည့် လူတစ်ယောက်အဖြစ် (ဝါ) ဒေါင်လိုက်ကျကျ ပြားလိုက်ကျကျ ခံနိုင်ရည်ရှိသည့် လူတစ်ယောက်ဖြစ်ကြောင်း သက်သေထူသွားခဲ့လေသည်။

ဗွန်အီ(စ်)ဘက်လည်း သေပွဲမှ သီသီကလေး လွတ်မြောက်သွားခဲ့သူဟု ဆိုရပေမည်။

အဘယ်ကြောင့်ဆိုသော် ရွန်းမဲလ် ခရီးသွားတိုင်း ဗွန်အီ(စ်)ဘက် အမြဲတမ်း လိုက်ပါလေ့ရှိပြီး ထိုနေ့မှပင် ရွန်းမဲလ်အကြောင်းနှင့်ပတ်သက်၍ ဆောင်းပါးတစ်စောင်ရေးရန် ဌာနချုပ်၌ နေရစ်ခဲ့ခြင်းကြောင့် ဖြစ်လေသည်။

ဇူလိုင်လ ၂၃ ရက်နေ့တွင် စပီဒဲလ်က ရွန်းမဲလ်အား ဆေးရုံတွင် သွားရောက်ကြည့်ရှုခဲ့သည်။

လူမမာဖြစ်သူ ရွန်းမဲလ်အား ခုတင်ပေါ်တွင် ထိုင်နေသည်ကို တွေ့လိုက်ရသည်။

"ခင်ဗျားလာတာ ကျုပ်ကျေးဇူးတင်တယ်ဗျာ၊ ခင်ဗျားကို ဖြုန်းခနဲ တွေ့လိုက်ရတော့ ဆရာဝန်မှတ်လို့၊ ကျုပ်ကို ဆရာဝန်က မထိုင်ရဘူးလို့ ပြောထားတယ်"ဟု ရွန်းမဲလ်က စပီဒဲလ်ကို ဆီးကြို၍ ပြောလိုက်သည်။

ထို့နောက် ရွန်းမဲလ်က ဆက်လက်၍ "ဆရာဝန်က ကျုပ်ကို သေမှာပဲလို့ ကျိန်းသေတွက်နေမှာပဲဗျ၊ ဒါပေမဲ့ ကျုပ်က သေချင်စိတ် မရှိသေးဘူး"ဟု ပြောပြန်သည်။

သို့နှင့် အတန်ကြာသောအခါ ရွန်းမဲလ်ကပင် "ကျုပ်ကို ဓာတ်ပုံတစ်ပုံလောက် ရိုက်ပေးစမ်းဗျာ"ဟု ဆိုကာ လူနာဝတ်စုံအပေါ်မှာ အကျီတစ်ထည်စွပ်လိုက်ပြီး ဒဏ်ရာမရသည့်ပါးကို တစ်ဖက်သို့ လှည့်၍ ဓာတ်ပုံအရိုက်ခံလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံရိုက်ပြီးသောအခါ "ကျုပ်ဓာတ်ပုံ မြင်ရင်တော့ သူတို့ ကျုပ်ကိုသတ်ပေမဲ့ မသေဘူးဆိုတာ သိသွားကြမှာပဲ"ဟု ရွှန်းမဲလ်က ဆိုပြန်ကာ ဇွန်လ ၁၂ ရက်နေ့က ဗွန်အီ(စ်)ဘဂ်အား ပြောပြခဲ့ပြီးသော စကားများကိုပင် ပြန်ပြောရင်း လူကောင်းပကတိအတိုင်း စပီဒဲလ်နှင့် အေးအေးလူလူ စကားလက်ဆုံကျနေလေတော့သည်။

"သူ့စိတ်ထဲမှာ ဂျာမန်လေတပ် တိုက်ပွဲလုံးဝမဝင်နိုင်သလို ဖြစ်နေတာကို ခါးခါးသီးသီး မကျေမချမ်း ဖြစ်နေပုံရတယ်၊ ဟာစ်တလာကို လုပ်ကြံမယ့်သတင်းနဲ့ ပတ်သက်လို့တော့ ရွှန်းမဲလ်က ဘာမှမပြောခဲ့ပါဘူး"ဟု အီ(စ်)ဘဂ်က ပြန်လည် ပြောပြခဲ့လေသည်။

ရွှန်းမဲလ် ဒဏ်ရာရခဲ့ပြီး ရက်အနည်းငယ်ကြာသောအခါ စပီဒဲ(လ်) နှင့် ရုဂ်(ချ်)တို့သည်လည်း ရွှန်းမဲလ်၏ အခြေအနေကို မေးမြန်းရန် ဆေးရုံသို့ သွားရောက်ခဲ့သည်။

သူတို့ရောက်သောအခါတွင်မူ ရွှန်းမဲလ်က မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကိုပင် ရိတ်နေသည်ကို တွေ့ရသည်။

ရွှန်းမဲလ်ကို မလှုပ်မရှားရန် သတိပေးမိသော ဆေးမှူးများမှာလည်း ရွှန်းမဲလ်၏ ပြန်လှန်ကြိမ်းမောင်းခြင်းကို ခံရသည်။

"ကျုပ်ကို ဘာလုပ်ရမယ်၊ ဘာမလုပ်ရဘူးလို့ ပြောစရာမလိုဘူး၊ ကျုပ်လုပ်နိုင်တာ ကျုပ်သိတယ်"ဟု ရွှန်းမဲလ်က ဆေးမှူးကို ပြန်လှန်အော်ဟစ်ခဲ့သည်။

❑

## ရွှန်းမဲလ်နှင့် လူသတ်သမားဇာ၏ ခြေရာ

ထိုနေ့မှစ၍ ရုဂ်(ချ်)က နေ့စဉ် ရွှန်းမဲလ်ထံသို့ သွားရောက်ပြီး စာဖတ်ပြနေရပေတော့သည်။

"ကျွန်တော်က ကဲလာမန်ရေးတဲ့ 'ဥမင်လိုဏ်ဂူ'ကို ဖတ်ပြတယ်။

ဒီစာအုပ်ထဲမှာ ဥရောပတိုက်ကနေပြီး အမေရိကန်ပြည်ကို လိုဏ်ဂူတူးတဲ့အကြောင်းတွေ ရေးထားလေတော့ ရွှန်းမဲလ်အကြိုက် ဖြစ်နေတာပေါ့ဗျာ၊ အဲဒီလို စာဖတ်ပြီးတဲ့အခါတိုင်း ကျွန်တော်တို့နှစ်ယောက် စစ်ပြီးချိန်က အကြောင်းတွေ ပြန်ပြောလေ့ ရှိကြပါတယ်။

ဘာရစ်တန်နီကမ်းခြေက ဒီရေအတက်အကျအကြောင်းကို ပြောပြတော့ သူ တော်တော် သဘောကျတယ်။

ဒီရေရဲ့ အားကိုယူပြီး တစ်နေရာရာမှာ သုံးကြည့်ချင်တယ်လို့ ပြောတယ်။

သူက စက်မှုပညာနဲ့ ပတ်သက်လာရင် အမြဲတမ်း လက်တွေ့လုပ်ကြည့်ချင်တယ်"ဟု အီ(စ်)ဘဂ်က ပြောပြခဲ့လေသည်။

ရုဂ်(ချ်)နှင့် တွေ့ဆုံသောအခါများတွင် ဟာစ်တလာ ဖြုတ်ချပစ်ရေး အကြံအစည်များကို မကွယ်မဝှက်ဘဲ လွှတ်လွှတ်လပ်လပ် ပြောဆိုတိုင်ပင်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူလုပ်နေတာတွေကတော့ အကုန်လုံး အလွဲချည်းပါပဲဗျာ၊ သူက သရဲသဘက် ဝင်စားတဲ့လူ၊ အဲဒီလို သရဲ သဘက် ဝင်နေတဲ့လူကို ဘာဖြစ်လို့များ သူ့ရဲကောင်းကြီး လုပ်နေတာလဲ မသိပါဘူး၊ သူ့ကို တပ်မတော်က ဖမ်းပြီး ခုံရုံးတင် စစ်ဆေးရမယ်။

သူ့ဒုစရိုက်တွေကို ဂျာမန်လူမျိုးတွေ မသိသမျှကာလပတ်လုံး သူခေတ်စားနေဦးမှာပဲ"ဟု ရွန်းမဲလ်က ဟစ်တလာအပေါ် မည်သို့ မြင်ပုံကို တင်ပြခဲ့သည်။

"ရွန်းမဲလ်အတွက် ကျုပ် စိတ်မအေးနိုင်အောင် ဖြစ်ခဲ့ရတယ်၊ တစ်နည်းနည်းနည်းနဲ့ သူ့ကို ဗြိတိသျှတွေလက်ထဲ မြန်မြန်ပို့နိုင်ပါစေလို့လည်း ဆုတောင်းမိတယ်၊ သူနဲ့ကျွန်တော် မိတ်ဆွေရင်းတွေ ဖြစ်ကြပေမဲ့ အဲဒီအကြောင်းကို သူ့ကို မပြောရဲဘူး၊ သူကလည်း အိမ်ပြန်ဖို့ စိတ်အားထက်သန်နေတယ်"ဟု ရက်(ချ်)က ဆိုခဲ့လေသည်။

ဩဂုတ်လ ၈ ရက်နေ့တွင် တပ်မတော်မှ ဆေးမှူးချုပ်နှင့် ဆေးရုံမှ ဆရာဝန်ကြီးများကပါ ကန့်ကွက်သော်လည်း ရွန်းမဲလ်က သူ့ကို အိမ်သို့ ပြန်ပို့ရန် မရမက တောင်းဆိုလေတော့သည်။

"သူက ဒီလို မထူနိုင် မထနိုင် ဒဏ်ရာရနေတဲ့အချိန်မှာ ရန်သူ့လက်ထဲတော့ အရောက်မခံဘူးလို့ ဆုံးဖြတ်ထားတဲ့အတွက်ပဲ ဖြစ်ပါတယ်"ဟု ရွန်းမဲလ်ဇနီးသည် ဖရောရွန်းမဲလ်က ပြန်လည် ပြောပြခဲ့ဖူးလေသည်။

သို့နှင့် ဆရာဝန်ကြီး နှစ်ဦးစလုံးကပင် ရွန်းမဲလ်အား အိမ်အရောက် လိုက်ပို့ပေးခဲ့ကြပြီး ဦးနှောက်ပါရဂူ ပါမောက္ခ အဲလ်ဘရက်(ချ်)နှင့် သမားတော်ကြီး စတောက်တို့၏ လက်တွင်းသို့ အပ်နှံခဲ့ကြသည်။

ပါမောက္ခ အဲလ်ဘရက်(ချ်)က ရွန်းမဲလ်၏ ဒဏ်ရာများကို စစ်ဆေးပြီးသောအခါ "ကျွန်တော်တော့ တပည့်တွေကို သင်ပေးထားတဲ့ သင်ခန်းစာတွေကိုတောင် ပြန်ပြင်ရမလို ဖြစ်နေပြီ၊ ဒီလို ဒဏ်ရာမျိုးနဲ့ ဘယ်လိုသူမျိုးမှ အသက်မရှင်နိုင်ဘူး"ဟု မှတ်ချက်ချခဲ့လေသည်။

သို့သော် ရွန်းမဲလ်မှာမူ ဆရာဝန်ကြီးများ မျှော်လင့်သလို ဖြစ်မလာဘဲ သူ၏ဒဏ်ရာများမှာ တစ်နေ့တခြား သက်သာ၍ လာခဲ့လေသည်။

ယင်းသို့ ရွန်းမဲလ် ဒဏ်ရာများကို ကုသနေစဉ်အတွင်း ဂျာမန်



အစိုးရပိုင်းမှ အထက်တန်းခေါင်းဆောင်များနှင့် စစ်အာဏာပိုင်ပိုင်းမှ ဦးစီးအရာရှိများမှာ လူကိုယ်တိုင်လာရောက် မေးမြန်းစုံစမ်းရန်ပင် မဆိုထားဘိ၊ တယ်လီဖုန်းဖြင့်ပင် ရွန်းမဲလ်၏ ကျန်းမာရေး အခြေအနေကို စုံစမ်းမေးမြန်းခြင်း မပြုဝံ့ကြပေ။

ဤသို့ အထက်တန်း အရာရှိပိုင်းမှ ရွန်းမဲလ်၏ ကျန်းမာရေးအခြေအနေကို လာရောက်မေးမြန်းဖော် မရသည်ကို ရွန်းမဲလ်၏ ဇနီးသည်က အံ့အားသင့်ခဲ့ရပါသည်ဟု ဆိုခဲ့လေသည်။

သို့သော် ဟစ်တလာနှင့် သူ့နောက်လိုက်များ၏ ဆိတ်ငြိမ်မှုမှာ သားကောင်ကို ခုန်အုပ်အံ့သော ကျားရဲတစ်ကောင်၏ ဆိတ်ငြိမ်မှုမျိုးဖြင့် အရှိန်ယူစဉ် ခဏတွမျှ ငြိမ်သက်နေခြင်းမျှသာ ဖြစ်သည်ကိုမူ ဖရောရွန်းမဲလ် သိရှာမည် မဟုတ်ချေ။

အခြားအကြောင်းများကြောင့် ဟစ်တလာက ရွန်းမဲလ်အား အထင်မမှားခဲ့လျှင်လည်း သူ၏ ရှုံးမည်ဟု ယူဆထားသည့် ရှုထောင့်မှ ရေးသားတင်သွင်းနေသည့် အစီရင်ခံစာများကြောင့်ပင် မရှောင်မလွှဲသာ အထင်မှားခံရမည် ဖြစ်သည်။

သို့သော် ဟစ်တလာက ရွန်းမဲလ်အပေါ် အမျက်ထားနေသည်မှာမူ သူ၏ ရှုံးသံပါနေသော အစီရင်ခံစာများကြောင့်မဟုတ်ဘဲ ရွန်းမဲလ်အပေါ် အထင်မှားစေမည့် သဲလွန်စတစ်ခုကို ရရှိသွားခြင်းကြောင့်သာ ဖြစ်ပေသည်။

ဇူလိုင်လ ၂၀ ရက်နေ့ ညနေတွင် ဟစ်တလာအား လုပ်ကြံသည့် လုပ်ကြံမှုကြီး မအောင်မြင်သည့်အပြင် လူသတ်သမားများကို ဖမ်းဆီးနိုင်ရန်အတွက် ဟစ်တလာကိုယ်တိုင်ပင် အမိန့်များပေးလျက် ရှိသည်ဟု ကြားလိုက်ကြရသောအခါ စစ်သူကြီး ဗွန်ကလု(ချ်)က ဗိုလ်ချုပ်ဟိန်းရစ်ဗွန်စတုလ်မနေးဂ်လ်အား လာရှိချီဂူယွန်ဌာနချုပ်သို့ ခေါ်ယူလိုက်သည်။

ဟစ်တလာအား ဖြုတ်ချနိုင်ရန် ကြံစည်နေသည့် အဖွဲ့ထဲတွင် ဗွန်ကလု(ချ်)ကိုယ်တိုင် ပါဝင်နေသော်လည်း တက်တက်ကြွကြွ ရှိလှသော အပိုင်းမှတော့ မဟုတ်ပေ။

အကယ်၍သာ လုပ်ကြံမှုကြီး အောင်မြင်ခဲ့လျှင် လုပ်ကြံရေးသမားများနှင့် လူသိရှင်ကြား ပူးပေါင်းသွားမည့်သူဖြစ်ပြီး စစ်ပြေငြိမ်းရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင် မဟာမိတ်များနှင့် အဆက်အသွယ်ပြုလုပ်မည့်သူ ဖြစ်သည်။

ဗွန်ကလုဂ်(ချ်)က ယခုဖြစ်ပေါ်နေသော အခြေအနေအရ သူတို့လုပ်ငန်းစဉ်မှာ ပြီးပျက်သွားပြီဖြစ်၍ မျှော်လင့်ချက် လုံးဝမရှိတော့ကြောင်း ယုံကြည်ထားလေသည်။

ထို့ကြောင့် ဆင့်ခေါ်၍ ဌာနချုပ်သို့ သတင်းပို့လာသော စတုလ်မနေးဂ်လ်အား သူ့ထင်မြင်ချက်များကို ပြောပြလိုက်တော့သည်။

ယင်းသို့ စတုလ်မနေးဂ်လ်နှင့် ဆွေးနွေးနေစဉ် စတုလ်မနေးဂ်လ်တင်ပြလာသော သတင်းတစ်ရပ်ကြောင့် ဗွန်ကလုဂ်(ချ်) မျက်လုံးပြူးမျက်ဆန်ပြူး သွားရလေတော့သည်။ ၎င်းသတင်းများမှာ စတုလ်မနေးဂ်လ်က ပဲရစ်မြို့မှ မထွက်ခွာမီ ဂက်စတာပို အက်(စ်) အက်(စ်)နှင့် အက်(စ်) ဒီများကို ဖမ်းဆီးရန် အမိန့်ပေးခဲ့သည်ဆိုသောသတင်း ဖြစ်သည်။

ထိုတွင်မက စတုလ်မနေးဂ်လ်က ဗွန်ကလုဂ်(ချ်)ကို ယခင်ချမှတ်ထားသည့် လမ်းစဉ်အတိုင်း ဆက်လက် ဆောင်ရွက်ရမည်ဟု မျှော်လင့်ထားခဲ့လေသည်။

ဤသို့ စတုလ်မနေးဂ်လ်က ဗွန်ကလုဂ်(ချ်)အပေါ်တွင် မျှော်လင့်ချက် အပြည့်ထားနေသည်ကိုလည်း ဗွန်ကလုဂ်(ချ်)က ၎င်းအနေဖြင့် ရှေ့ဆက်မလုပ်လိုတော့ကြောင်း အဖန်တလဲလဲ ရှင်းပြနေရသည်။

သို့ဖြင့် တစ်ယောက်နှင့်တစ်ယောက် အပြန်ပြန် အလှန်လှန် ရှင်းပြနေရင်းမှပင် လိပ်ခဲတည်းလည်း ငြင်းခုံပွဲကြီးအသွင်သို့ ကူးပြောင်းခဲ့ရပြီး ဗွန်ကလုဂ်(ချ်)က စတုလ်မနေးဂ်လ်အား ပဲရစ်မြို့သို့ ပြန်သွားရန်နှင့် ဖမ်းဆီးထားသော နာဇီများကို ချက်ချင်းလွှတ်ပစ်ရန် တိုက်တွန်းပြောဆိုလိုက်ရလေတော့သည်။

အက်(စ်)အက်(စ်) တပ်မှူးချုပ် အိုဘင်ကလည်း ၎င်းကိစ္စနှင့်ပတ်သက်၍ ရေငုံ့ထားပြီး စတုလ်မနေးဂ်လ်၏ ဖမ်းမိန့်မှာ အရေးပေါ် အစမ်းလေ့ကျင့်မှုတစ်ရပ်သာ ဖြစ်သည်ဟု အကြောင်းပြရန် ပြင်ဆင်ခဲ့လေသည်။

သို့သော် နောက်တစ်နေ့တွင် ဗိုလ်ချုပ် ဗွန်စတုလ်မနေးဂ်လ်အား ဘာလင်မြို့ တပ်မတော်ဌာနချုပ်များသို့ သတင်းပို့ရန် အမိန့်ရောက်လာလေတော့သည်။



စတုလ်မနေးဂ်လ်သည် မိမိ အလျင်စလို ထုတ်ခဲ့သော အမိန့်ကို ပြန်လည်ပြင်ဆင်နိုင်ရန် ကြိုးစားခဲ့သော်လည်း ဘာလင်ဌာနချုပ်သို့ သတင်းပို့ရန် အမိန့်ရောက်ရှိလာသဖြင့် ဘာလင်သို့ ကားတစ်စီးဖြင့်ပင် အဆောတလျင် ထွက်ခဲ့ရသည်။

သို့ထွက်ခဲ့ရင်း ၎င်းကိုယ်သူ သတ်သေရန် မည်သည့်အချိန်တွင် ဆုံးဖြတ်ချက် ချခဲ့သည်ကိုမူ မည်သူမျှ အတိအကျ ပြောနိုင်ခဲ့မည် မဟုတ်ပေ။ ဘာလင်သို့ ရောက်ခါနီး၌ပင် ဆုံးဖြတ်ချက် ချခဲ့သည်ဟူ၍မူ ဆိုနိုင်စရာ ရှိပေသည်။

အဘယ်ကြောင့်ဆိုသော် ၎င်းနေရာတွင် ပထမကမ္ဘာစစ်ကြီးအတွင်းက သွေးချောင်းစီးတိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ပြီး ၎င်းတိုက်ပွဲကြီးများတွင် သူကိုယ်တိုင် ပြောင်ပြောင်မြောက်မြောက် ပါဝင်ဆင်နွှဲခဲ့သော နေရာဖြစ်သောကြောင့်တည်း။

မည်သို့ဆိုစေ ၎င်းနေရာတွင် သူ့ကိုယ်သူ အဆုံးစီရင်နိုင်ရန် ကြိုးစားခဲ့သည်ဖြစ်၍ ၎င်းနေရာကိုပင် သူတမင် ရွေးချယ်ခဲ့သည်ဟူ၍ မှတ်ယူရပေတော့မည်။

သူသည် ယာဉ်မောင်းသမားအား မြူး(စ်) တူးမြောင်းကမ်းပါးသို့ လိုက်ပို့ရန် အမိန့်ပေးလိုက်ပြီး မြူး(စ်) တူးမြောင်းကမ်းစပ်တစ်နေရာသို့ ရောက်သောအခါ ကားပေါ်မှဆင်းခဲ့ပြီး ကားကို ပြန်လွှတ်လိုက်သည်။

ယာဉ်မောင်းသမား ကားမောင်းထွက်သွားသည်နှင့် တစ်ပြိုင်နက် စတုလ်မနေးဂ်လ်သည် ရေထဲသို့ဆင်းခဲ့ပြီး ခါးမှ ပစ္စတိုသေနတ်ကို ဆွဲကာ နားထင်တစ်ဖက်တွင် တေ့၍ မောင်းဖြုတ်လိုက်လေတော့သည်။

ဤသို့ သူ့ဇီဝိန်ကို သူခြွေရန် ကြိုးစားလိုက်သော်လည်း သေကံမရောက်ခဲ့ဘဲ မျက်လုံးတစ်ဖက်သာလျှင် ပျက်စီးခဲ့ရသည်။

သူ့အမိန့်ဖြင့် ကားမောင်းထွက်ခဲ့ရသော ယာဉ်မောင်းသမားသည် ကမ်းခြေဆီမှ သေနတ်သံကြားလိုက်ရသဖြင့် ကားပြန်ကာသို့မောင်းခဲ့ပြီး စတုလ်မနေးဂ်လ်ကို လိုက်လံရှာဖွေရာ သွေးအိုင်ထဲတွင် လဲနေသော စတုလ်မနေးဂ်လ်အား တွေ့လိုက်ရသည်။

သို့နှင့် ယာဉ်မောင်းသမားသည် သတိလစ်နေသော စတုလ်

www.burmeseclassic.com

www.burmeseclassic.com



မနေးဂ်လ်ကို ကားပေါ်တင်ခဲ့ပြီး နီးရာဆေးရုံတစ်ခုသို့ မောင်းခဲ့ရသည်။

ဆေးရုံသို့ ရောက်သောအခါတွင်မူ စတုလ်မနေးဂ်လ်၏ ဦးခေါင်းမှ သေနတ်ဒဏ်ရာကို ခွဲစိတ်လိုက်ကြပြီး မျက်လုံးတစ်ဖက်ကို ထုတ်ပစ်ကြရသည်။

စတုလ်မနေးဂ်လ်သည် သတိကင်းလွတ်နေရာမှ သတိပြန်လည်ရစပြုလာသောအခါ 'ရွှန်းမဲလ်' 'ရွှန်းမဲလ်' ဟူ၍ ရွှန်းမဲလ်၏ နာမည်ကို ကယောင်ကတမ်း ရေရွတ်နေလေတော့သည်။

ဗိုလ်မှူးကြီး ဝုလ်ဂန်း၏ အဆိုအရ စတုလ်မနေးဂ်လ်က ရွှန်းမဲလ်၏ နာမည်ကို ရေရွတ်နေသည့်အကြောင်းနှင့် ဒဏ်ရာရခဲ့သည့် အကြောင်းတို့ကို ပဲရစ်မြို့ရှိ ဂက်စတာပိုမြို့များထံသို့ သတင်းပို့ခဲ့သူမှာ ဆေးရုံမှ ခွဲစိတ်ကုသရေး ဆရာဝန်တစ်ယောက်ဖြစ်သည်ဟု သိရလေသည်။

သို့သော် ဗိုလ်ချုပ် စပီဒဲလ်ကမူ စတုလ်မနေးဂ်လ်က ဒဏ်ရာရရှိပြီး ဆေးရုံသို့ စရောက်သော အချိန်ကပင် စတုလ်မနေးဂ်လ်၏ ခုတင်အနီးတွင် ရှိနေကြသော အက်(စ်)အက်(စ်)နှင့် ဂက်စတာပိုများက ၎င်းကိစ္စကို အလိုအလျောက် သိခဲ့ကြခြင်းလော၊ သို့တည်းမဟုတ် တစ်ဆင့်ခံပင် သိခဲ့ကြခြင်းလောဆိုသည်ကို တိတိကျကျ မသိခဲ့ရသော်လည်း စတုလ်မနေးဂ်လ်သည် ဆေးရုံမှ ဘာလင်ဌာနချုပ်သို့ ခရီးဆက်ခဲ့ရာတွင်မူ ဂက်စတာပိုများ၏ အစောင့်အရှောက်ဖြင့်သာလျှင် ခရီးဆက်ခဲ့ရခြင်း ဖြစ်ပေသည်။

ဘာလင်ဌာနချုပ်သို့ ရောက်သောအခါတွင်မူ စတုလ်မနေးဂ်လ် မျှော်လင့်ခဲ့သည့်အတိုင်းပင် ဂက်စတာပိုများက ညှဉ်းပန်းနှိပ်စက်လေတော့သည်။

ဤသို့ ဂက်စတာပိုများက စတုလ်မနေးဂ်လ်အား ညှဉ်းပန်းနှိပ်စက်ကြရာတွင် မည်သည့် အစစ်ခံချက်များကို ထွက်ဆိုခဲ့သည်ကို မည်သူမျှ တပ်အပ်မပြောနိုင်ခဲ့ကြသော်လည်း သူ သတိရစက ဆေးရုံတွင် ပြောခဲ့သော စကားနှင့်ပင် ဂက်စတာပိုများအဖို့ သက်သေခံ လုံလောက်နေပေပြီ။

ဂက်စတာပိုများက စတုလ်မနေးဂ်လ်အား စိတ်ကြိုက် စစ်ဆေးပြီးသောအခါ ခုံရုံးတင်၍ စစ်ဆေးခဲ့ကြပြီး ကြိုးစင်တင် သတ်လိုက်ကြတော့သည်။



စပီဒဲလ်ကမူ စတုလ်မနေးဂ်လ်အား သူ့ရသတ္တိနှင့် ပြည့်စုံပြီး ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ဖြစ်သည်ဟူ၍ ချီးမွမ်းပြောဆိုခဲ့လေသည်။

မည်သို့ဖြစ်စေ သူ့ကိုယ်သူ ပစ္စတိုဖြင့် ပစ်ခဲ့စဉ်က လက်မှန်းမတည့်ခဲ့သည်မှာ သူ့အတွက် ကံဆိုးသည်ဟူ၍သာ ဆိုရန်ရှိပေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ရွှန်းမဲလ်နှင့် ဂက်စတာပို ဗိုလ်ချုပ်ကြီးနှစ်ဦး

ဩဂုတ်လ ၁၈ ရက်နေ့သို့ တိုင်သောအခါ စစ်သူကြီး ဗွန်ကလုဂ်(ချ်) သည် စတုလ်မနေးဂ်လ် မြန်းရာလမ်းသို့ လိုက်ခဲ့ရသည်။

သို့သော် ဘာလင်ဌာနချုပ်သို့ သွားရာလမ်းခရီးတွင် စတုလ်မနေးဂ်လ်ကဲ့သို့ ခြေချော်လက်ချော် ဖြစ်နိုင်သော နည်းလမ်းကို မရွေးချယ်ခဲ့ဘဲ သေချာလှသည့်အဆိပ်ကို ရွေးချယ်လိုက်ပြီး သူ့ကိုယ်သူ အဆုံးစီရင်ခဲ့လေတော့သည်။

ဟာလင်ဂျင်း အရပ်တွင်မူ ရက်သတ္တပတ်ပေါင်း များစွာ တိတ်ဆိတ်ငြိမ်သက်စွာပင် ကုန်လွန်ခဲ့ပြီး စိုစိုပြည်ပြည်ဖြစ်သည့် အချိန်ကလေးများ ဟူ၍ ပါမောက္ခကြီး အဲလ်ဘရက်(ချ်) ဝင်ထွက်သွားလာတတ်သည့် အချိန်တိုကလေးများကိုပင် ပြရပေမည်။

ပါမောက္ခကြီးကလည်း လူနာ၏ နေ့စဉ်နှင့်အမျှ တိုးတက်ကောင်းမွန်သော အခြေအနေကြောင့် ဝမ်းပန်းတသာ ဖြစ်နေပေသည်။

ရွှန်းမဲလ်၏ အခြေအနေမှာ တစ်နေ့ထက်တစ်နေ့ တိုးတက်ကောင်းမွန်လျက် ရှိသောကြောင့် အိပ်ရာမှ ထူနိုင် ထနိုင် ဖြစ်လာကာ နေပူစာလှုံရန် ခြံထဲသို့ပင် ဆင်းနိုင်ခဲ့လေသည်။

သို့နှင့် မကြာမီမှာပင် အိမ်နှင့် မလှမ်းမကမ်းသို့ လမ်းလျှောက်



ထွက်နိုင်ခဲ့သည့် အခြေအနေအထိ တိုးတက်ကောင်းမွန်လာခဲ့ပြန်လေသည်။

ဤသို့ ရွှန်းမဲလ် အားသစ်များ မွေးမြူနေသော နာလန်ထစ အချိန်အတွင်း ထူးဆန်းသည့် အဖြစ်တစ်ရပ် ပေါ်ပေါက်ခဲ့သည်။

၎င်းအဖြစ်အပျက် ဖြစ်ပွားခဲ့သည်မှာ ရွှန်းမဲလ် ဆေးရုံမှဆင်းပြီး အိမ်သို့ပြန်ရောက်စ ဩဂုတ်လ အလယ်လောက်တွင် ဖြစ်သည်။

တစ်နေ့တွင် လူတစ်ယောက်သည် ဗုံးခိုကျင်းသို့သွားရာ လူတစ်ကိုယ်စာ မလွယ်ပေါက် လမ်းကလေးမှ အိမ်အတွင်းသို့ ဖောက်ထွင်းဝင်နိုင်ရန် ကြံစည်ခဲ့သည်။

အစောင့်များက လူရိပ်တွေ့လိုက်ရသဖြင့် အော်ဟစ်မေးမြန်းလိုက်ရာ တစ်ဖက်မှ ပြန်မပြောသဖြင့် သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။ ဤတွင် မသင်္ကာဖွယ် လူရိပ်သဏ္ဌာန်မှာလည်း ထွက်ပြေးပျောက်ကွယ်လေတော့သည်။

သို့သော် ၎င်းအဖြစ်အပျက်ကို ဖောက်ထွင်းမှုကလေး တစ်ခုအဖြစ်ဖြင့်သာလျှင် သဘောထားလိုက်ကြပြီး မေ့ပျောက်ပစ်ခဲ့ကြလေသည်။

ထိုစဉ်ကလည်း ဂျာမနီတွင် မသင်္ကာဖွယ် လူလေလူလွင့်များ၊ တပ်ပြေးများနှင့် ထွက်ပြေးတိမ်းရှောင်နေသည့် စစ်သုံ့ပန်းများ နေရာအနှံ့ရှိနေသော အခါသမယဖြစ်သဖြင့် ရွှန်းမဲလ်တို့မိသားစုက ဤသို့ အမှုမဲ့ နေလိုက်မိကြခြင်းလည်း ဖြစ်လေသည်။

စက်တင်ဘာလ ၆ ရက်နေ့သို့ တိုင်သောအခါ ရွှန်းမဲလ်ထံသို့ မမျှော်လင့်သော ဧည့်သည်တစ်ယောက် ရောက်လာခဲ့လေသည်။

ထိုဧည့်သည်မှာ ဗိုလ်ချုပ် စပီဒဲလ်ဖြစ်ပြီး လာရောက်ရသည့် အကြောင်းမှာမူ သူ့အား တပ်မတော်စု(ဘီ) ဦးစီးချုပ်အဖြစ်မှ ခေတ္တ ရာထူးချထားလိုက်ပြီဖြစ်ကြောင်း ရွှန်းမဲလ်အား အသိပေးရန် လာရောက်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နောက်တစ်နေ့နံနက်တွင် တပ်မတော်ဦးစီးအဖွဲ့တွင်ယခု ဦးစီးချုပ်အဖြစ် ထမ်းရွက်လျက်ရှိသော ဗိုလ်ချုပ် ဂူဒါရီးယန်းရှိရာ ဘာလင်ဌာနချုပ်သို့ သူကိုယ်တိုင် သွားရောက်သတင်းပို့ရမည် ဖြစ်ကြောင်းကိုလည်း စပီဒဲလ်က ရွှန်းမဲလ်အား ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စပီဒဲလ်က ကျွန်မတို့ကို ပြောပြတယ်"ဟု အစချီကာ ဖရော ရွှန်းမဲလ်က သူမခင်ပွန်းသည်အား စပီဒဲလ် သတိပေးသွားပုံကို အောက်ပါ အတိုင်း ပြန်ပြောခဲ့လေသည်။

"ကီးတဲလ်နဲ့ ဂျူးဒဲလ်က ကျွန်မယောက်ျားကို ရှုးနေတဲ့လူလို့ စွပ်စွဲပြောဆိုနေကြတာတွေကို ကြားခဲ့ရတဲ့အတွက် ကျွန်မခင်ပွန်းကို သတိထားနေပါလို့ ပြောသွားတယ်။ ကျွန်မခင်ပွန်းရဲ့ ကျန်းမာရေး အခြေအနေကြောင့် စကားကုန်အောင်တော့ ပြောမသွားဘူး၊ ဒါပေမဲ့ အနောက်ဘက်စစ်မျက်နှာမှာ မရှုမလှ အရေးနိမ့်နေရတဲ့ အတွက် တစ်ယောက်ယောက်ကို အပြစ်ပုံချဖို့ လိုအပ်နေတယ်၊ ဒါကြောင့် ဟာစ်တလာနဲ့ သူ့နောက်လိုက်တွေက ကျွန်မခင်ပွန်းကို အပြစ်ပုံချဖို့ ကြံစည်နေပုံရတယ်၊ ဒီလို အကြံအစည်မျိုးရှိလို့သာ ကျွန်မခင်ပွန်း ဒဏ်ရာရတာကို ရေဒီယိုနဲ့ သတင်းစာတွေက သာမန်ကာလျှံကာ ကြေညာပြီး ရန်သူ့လက်ချက်ကြောင့် ဒဏ်ရာ အပြင်းအထန် ရတဲ့အကြောင်း ဖော်မပြခဲ့တာပဲ ဖြစ်ရမယ်၊ ဒီလောက် သတင်းလေးကိုတောင် နိုင်ငံခြား သတင်းစာတွေထဲမှာ ပါပြီး ရက်တော်တော်ကြာမှ နောက်က လိုက်ရေးခဲ့တယ်လို့ ပြောသွားပါတယ်။ ဗိုလ်ချုပ် စပီဒဲလ်ကိုမှု ဘာလင်သို့ သတင်းပို့ ရန် ခွင့်မပြုတော့ချေ"

ဤသို့ စပီဒဲလ်ကို ဘာလင်သို့ လူကိုယ်တိုင် လာရောက်သတင်းပို့ ခွင့် မပြုခဲ့သည်မှာလည်း စပီဒဲလ်အား စစ်သူကြီး ဗွန်ကလု(ဂ်) (ချ်)၊ ဗိုလ်ချုပ် ဘဂ်စ်တုလ်မနေးဂ်လ်နှင့် အခြားသူများနည်းတူ ကိုယ့်ကိုယ်ကိုယ် အဆုံး စီရင်ပြီး အလွယ်လမ်းလိုက်သွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်ဟန်ရှိလေ သည်။

နံနက် ၆ နာရီခန့်တွင် ရှဒင်စကက်ရှိသော စပီဒဲလ်၏နေအိမ် အပေါက်ဝဆီမှ တံခါးမကြီးကို ပြင်းပြင်းထန်ထန် ထုနှက်နေသံများ ထွက် ပေါ်လာခဲ့သည်။

ဤသို့ စပီဒဲလ်၏ အိမ်တံခါးမကြီးကို အချိန်မတော် လာရောက် ထုနှက်နေသူများမှာမူ လက်နက်ကိုင် အစောင့်တပ်စုတစ်ခုကို ဦးဆောင်လာ



သည့် အက်(စ်)အက်(စ်) အရာရှိတစ်ယောက်ပင် ဖြစ်သည်။

ထိုအရာရှိက သူ့တွင် စပီဒဲလ်အား ခေါ်ဆောင်ရန် အထက်အမိန့် ပါကြောင်း၊ ထို့ကြောင့် သူနှင့် ယခုချက်ချင်း လိုက်ရမည်ဖြစ်ကြောင်း၊ တံခါးဖွင့်ပေးလိုက်သော စပီဒဲလ်အား အမိန့်ပေးလိုက်လေသည်။

စပီဒဲလ်အား ခေါ်ဆောင်ရန် ရောက်ရှိလာသည့် အက်(စ်) အက်(စ်) အရာရှိမှာ မည်သည့်အကြောင်းကြောင့်မှန်းမသိ ဒရောသောပါး ဖြစ်နေသဖြင့် စပီဒဲလ်၏အိမ်ကို ရှာဖွေရန်ပင် မေ့လျော့ခဲ့လေရာ ဖရောစပီဒဲလ် (စပီဒဲလ်၏ ဇနီး)က ယင်းအရာရှိ သတိမေ့လျော့နေခိုက်တွင် ဧည့်ခန်း၌ တခမ်းတနား ချိတ်ဆွဲထားသည့် ဗိုလ်ချုပ်ဘဂ်၏ ဓာတ်ပုံကို အချိန်မီ ဖြုတ်ချလိုက်ရပြီး အရေးကြီးသော စာရွက်စာတမ်း အချို့ကိုလည်း ဝှက်လိုက်ရသည်။

ထို့နောက်တွင်မူ သူမ၏ ခင်ပွန်းသည်အား ကားဖြင့် စတပ်ဂက်သို့ ခေါ်ဆောင်သွားလေတော့သည်။

စတပ်ဂက်မှတစ်ဆင့် စပီဒဲလ်အား အစောင့်အရှောက်များ ခြံရံ လျက် ဘာလင်မြို့သို့ မီးရထားဖြင့် ခေါ်ဆောင်သွားခဲ့ပြီး ဂက်စတာပို အထူး အကျဉ်းထောင်၌ ချုပ်နှောင်ထားလိုက်တော့သည်။

ယင်းသို့ စပီဒဲလ်အား ဖမ်းဆီးသွားပြီးသည့် နံနက် နေအတန်မြင့်မှ ပင် စပီဒဲလ်၏ အပါးတော်မြဲက ရွှန်းမဲလ်ကို တယ်လီဖုန်းဖြင့် အကြောင်း ကြားနိုင်ခဲ့လေသည်။

ရွှန်းမဲလ်မှာ တပ်မတော်စု(ဘီ)၏ စစ်သေနာပတိအဖြစ် တရားဝင် ဆက်လက် တည်မြဲနေသေးသော်လည်း စပီဒဲလ်အား ဖမ်းဆီးလိုက်သည့် ကိစ္စနှင့် ပတ်သက်၍ တာဝန်ရှိသောဌာနက ရွှန်းမဲလ်ထံသို့ တရားဝင် အကြောင်းကြားခြင်း၊ သတင်းပို့ခြင်းများ မပြုလုပ်ခဲ့ပေ။

သို့ရာတွင် ရွှန်းမဲလ်သည် ချက်ချင်း ကန့်ကွက်စာတစ်စောင် ကောက်ရေးလိုက်ပြီး ဆက်ပ်ဒီ အက်ထရစ်(ချ်)ထံမှတစ်ဆင့် ဟာစ်တလာထံ သို့ ပို့လိုက်သည်။

သို့သော် ၎င်းကန့်ကွက်လွှာမှာ ဟာစ်တလာထံသို့ ရောက်သည် မရောက်သည်ကိုမူ မသိရပေ။ စာကိုလည်း ပြန်မရခဲ့ချေ။

ထိုနေ့ ညနေတွင် ဟာလင်ဂျင်းရှိ မိတ်ဆွေများက ဖရောရွှန်းမဲလ်

www.burmeseclassic.com

www.burmeseclassic.com



အား မသင်္ကာဖွယ် လူနှစ်ယောက်ကို တွေ့ရကြောင်း၊ ထိုလူနှစ်ယောက်မှာလည်း အိမ်ထဲသို့ဝင်နိုင်ရန် ကြိုးစားနေကြဟန်တူကြောင်း တယ်လီဖုန်းဖြင့် သတိပေးခဲ့ကြသည်။

အိမ်နီးချင်းများ၏ သတင်းပေးချက်အရ အိမ်အနီး၌ ယောင်ချာချာလုပ်နေသည့် လူနှစ်ယောက်အနီးသို့ အစောင့်များက ကပ်သွားသောအခါ ထိုလူနှစ်ယောက် ထွက်ပြေးသွားကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူနှစ်ယောက်မှာ မည်သူမည်ဝါ ဖြစ်သည်ကိုမူ အခြားလူများ မသိလိုက်ကြသော်လည်း အဲလ်ဒင်ဂျာက သိလိုက်လေသည်။

ညနေ ၃ နာရီခန့်တွင် မသင်္ကာဖွယ် လူနှစ်ယောက်အနက် မျက်မှန်အနက် တပ်ထားသည့် လူတစ်ယောက်က အိမ်၏ အနောက်ဘက် တောင်ကောင်းသော ကုန်းမြင့်ပေါ်တွင် နေရာယူခဲ့ကြောင်း၊ ၎င်းတို့ လက်ဝယ်ရှိသော မှတ်ပုံတင်များကလည်း ၎င်းတို့အား ရိုဂင်စဘတ်မြို့မှ အင်ဂျင်နီယာများ ဖြစ်ကြောင်း ဖော်ပြထားပြီး ၎င်းတို့ပါရှိသော ခရီးသွားလက်မှတ်များပေါ်တွင် စစ်နှင့်ပတ်သက်သည့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နေရာမှ ဟာလင်ဂျင်းအရပ်သို့ ခရီးထွက်ခဲ့ကြောင်း ဖော်ပြထားသည်ဟု အဲလ်ဒင်ဂျာက သတင်းရထားပြီး ဖြစ်သည်။

ရပ်ကွက်မှ ထမင်းဆိုင်ရှင် တစ်ဦးကလည်း ရွှန်းမဲလ်၏ အတွင်းရေးမှူးဖြစ်သူ တပ်ရေး ဘော့တ်ချားအား မိမိဆိုင်အနီး၌ မသင်္ကာဖွယ် လူနှစ်ယောက်၏ ကားရပ်ထားသည်ကို တွေ့ရကြောင်း သတင်းပေးခဲ့လေသည်။

စပီဒဲလ် အဖမ်းခံရသည့်သတင်းကို ကြားလိုက်ရသည်နှင့် ညနေပိုင်းလောက်တွင် စထရိလင်းသည် စတပ်ဂက်ရှိ ၎င်း၏နေအိမ်မှ ဟာလင်ဂျင်းသို့ သတင်းစုံစမ်းရန် စွန့်၍ ထွက်ခဲ့သည်။

ရွှန်းမဲလ်၏ အိမ်အနီးဝန်းကျင်းသို့ ရောက်သောအခါတွင်မူ အစောင့်များချထားသည်ကို တွေ့လိုက်ရပြီး အိမ်ထဲသို့ ဝင်မိသောအခါ စိတ်စနောင့်စနင်း ဖြစ်နေသည့် အမူအရာဖြင့် ဆီးကြိုနေသော ရွှန်းမဲလ်ကို တွေ့လိုက်ရပြန်သည်။

ရွှန်းမဲလ်၏ အမူအရာမှာ ညှိုးငယ်နေသည့်အပြင် တစ်စုံတစ်ခုကို



ကြောက်ရွံ့နေဟန်ရှိပြီး စကားတိုးတိုးပြောရန် လက်ရိပ်ပြလိုက်သည်ကိုလည်း အံ့အားသင့်ဖွယ် တွေ့လိုက်ရပြန်လေသည်။

ဤသို့ လက်ရိပ်ပြလိုက်ရသည်မှာ ဂက်စတာပိုများက အိမ်ထဲတွင် အသံဖမ်းစက်များ ဆင်ကောင်း တပ်ဆင်ထားမည်ဖြစ်၍ အသံနိမ့်ပြောရန် သတိပေးရခြင်းဖြစ်သည်ဟု ရွှန်းမဲလ်က ရှင်းပြလေသည်။

ရွှန်းမဲလ်၏ အနီးမှ စားပွဲပေါ်တွင် ပစ္စတိုသေနတ်တစ်လက် တင်ထားသည်ကို စထရိလင်းက တွေ့လိုက်ရသဖြင့် မည်သည့်အတွက်ကြောင့် ပစ္စတိုကို အသင့်ထားရသနည်းဟု ရွှန်းမဲလ်အား ကောက်ကာငင်ကာ မေး လိုက်သောအခါ ရွှန်းမဲလ်က "အင်္ဂလိပ်နှင့် အမေရိကန်ကို ကြောက်လို့မဟုတ်ဘူး၊ ရုရှားတွေနှင့် ဂျာမန်တွေကို ကြောက်လို့ပါပဲ"ဟု ညည်းညည်းညူညူ အဖြေပေးလေသည်။

ထိုနောက် ရွှန်းမဲလ်ကပင် ဟစ်တလာထံသို့ ပေးပို့ခဲ့သော ကန့်ကွက်လွှာမိတ္တူကို စထရိလင်းအား ထုတ်ပြလိုက်ရင်း စပီဒဲလ်၏ လွတ်မြောက်ရေးကို မည်သို့ အကူအညီပေးသင့်ကြောင်း အသံခပ်အုပ်အုပ်ဖြင့် စထရိလင်းနှင့် တိုင်ပင်ကြလေတော့သည်။

ရွှန်းမဲလ်က မိမိအနေဖြင့် တပ်မတော် ဦးစီးအဖွဲ့ကို တယ်လီဖုန်းဖြင့် မေးပြီးကြောင်း၊ သို့သော် ၎င်းဌာနမှ စပီဒဲလ်ကိစ္စနှင့် ပတ်သက်၍ ကျေနပ်လောက်အောင် မဖြေရှင်းခဲ့ကြောင်း၊ ထို့အပြင် စပီဒဲလ်မှာ သူ၏ ဦးစီးချုပ်ဖြစ်၍ ဖမ်းဆီးစဉ်က သူ့အား တရားဝင်အကြောင်းကြားရမည် ဖြစ်ပါလျက် တာဝန်မဲ့စွာ အကြောင်းမကြားခဲ့သည့်အပြင် သူ့အနေဖြင့် တရားဝင်မေးမြန်းစုံစမ်းသောအခါတွင်လည်း စပီဒဲလ်အား ဖမ်းဆီးကြောင်းကိုပင် စစ်ဦးစီးအဖွဲ့မှ ဝန်မခံကြောင်း စထရိုးလင်းအား ဆက်လက် ရှင်းပြလိုက်သည်။

စထရိုးလင်း ယခုကဲ့သို့ ရွှန်းမဲလ်အား အသက်ရှင်လျက် တွေ့ရခြင်းမှာ နောက်ဆုံး တွေ့ဆုံခြင်းပင် ဖြစ်သည်ဟုပင် ဆိုရပေမည်။

အဘယ်ကြောင့်ဆိုသော် ဤသို့ ရွှန်းမဲလ်နှင့် နောက်ဆုံးအကြိမ် တွေ့ဆုံပြီး၍ ရက်အနည်းငယ်အကြာတွင် ဖရောရွှန်းမဲလ်က သူ့အား တယ်လီ ဖုန်းဖြင့် နောက်ထပ် ဟာလင်ဂျင်းအိမ်သို့ မလာရန် တားမြစ်

www.burmeseclassic.com

www.burmeseclassic.com



သတိပေးခဲ့ ခြင်းကြောင့် ဖြစ်လေသည်။

ဖရော့ရွှန်းမဲလ်က စထရိုးလင်းအား သတိပေးလိုက်ရသည်မှာလည်း သူမအိမ်ကို မျက်ခြည်မပြတ် အကဲခတ်နေသည့် ဂက်စတာပိုများ၏ ရန်ကို ကြောက်ရွံ့၍ပင် ဖြစ်လေသည်။

ရက်အတန်ငယ် ကြာသောအခါ အခြားဧည့်သည် တစ်ယောက် ထပ်မံ ရောက်ရှိလာပြန်သည်။

ယခု ရောက်လာသော ဧည့်သည်မှာမူ အူး(မ်)နယ်မှ ဒေသဆိုင်ရာ ပါတီခေါင်းဆောင် မေယာဆိုသူပင် ဖြစ်သည်။

သူ ရောက်လာပုံမှာ မိတ်ဆွေရင်းချာ တစ်ယောက် အလည်အပတ် လာရောက်သည့် ဟန်ပန်အမူအရာမျိုးဖြစ်ပြီး လက်ဖက်ရည်ဝိုင်း၌ ထိုင်မိသောအခါ မေယာက အိမ်ဖော်များကို စိတ်ချရပါမည်လားဟု၍ ရွှန်းမဲလ်အား မေးမြန်းလိုက်သည်။

ရွှန်းမဲလ်က မိမိ တပည့်တပန်းများမှာ စိတ်ချရသူများဖြစ်ကြောင်း ပြန်လည် ဖြေကြားလိုက်သောအခါတွင်မူ မေယာက အူးမ်နယ်မှ အက်(စ်)အက်(စ်) ခေါင်းဆောင်တစ်ဦး ၎င်းထံသို့ ရောက်လာကာ ရွှန်းမဲလ်သည် စစ်နိုင်တော့မည်မဟုတ်ဟု ယုံကြည်နေသည့်အပြင် ဟစ်တလာနှင့် စစ်ဦးစီးအဖွဲ့ကိုလည်း မကောင်းသတင်းများ ပြောဆိုဝေဖန်နေကြောင်း ၎င်းအား ပြောပြခဲ့သည်ဟူ၍ ရွှန်းမဲလ်အား တစ်ဆင့် ဖောက်သည်ချလေတော့သည်။

ရွှန်းမဲလ်သည် မေယာနှင့် စကားပြောရာတွင် လွတ်လွတ်လပ်လပ် ပြောလွန်းအားကြီးသည်ဟု မိမိထင်မိကြောင်းဖြင့် လက်ဖက်ရည်ဝိုင်းတွင် ဖခင်နှင့် အတူရှိနေသော မန်းဖရက်က ပြန်လည် ပြောပြခဲ့လေသည်။

"အောင်ပွဲ ဟုတ်လား၊ ခင်ဗျား မြေပုံ မကြည့်ဘူးလား၊ ဗြိတိသျှတွေက ဒီမှာ၊ အမေရိကန်တွေက ဒီမှာ၊ ရုရှားတွေက ဒီမှာ၊ အဲဒီတော့ ကျုပ်တို့ အောင်ပွဲစကားပြောနေလို့ အပိုပဲ"

ဟု ရွှန်းမဲလ်က မြေပုံကို ထောက်ပြရင်း မေယာကို စိတ်ထဲရှိသမျှ ပွင့်ပွင့်လင်းလင်း ရှင်းပြနေလေသည်။

ယင်းသို့ ရှိရာမှ မေယာက ရွှန်းမဲလ်အား ဟစ်တလာနှင့်ပတ်သက်သည့် အကြောင်းတစ်ခုကို စကားစ ဖော်ပေးလိုက်လေရာ 'ဒီအရူး'ဟု



ရွှန်းမဲလ်က ရေရွတ် ကျိန်ဆဲလိုက်သည်။

ထိုအခါ မေယာက ဟစ်တလာအကြောင်းကို ပြောဆိုရာတွင် သတိနှင့်ပြောသင့်ကြောင်း ရွှန်းမဲလ်အား တောင်းပန်ပြီး...

"ဒီလို စကားမျိုးကို ပြောဆိုဖို့ မသင့်ပါဘူး စစ်သူကြီးခင်ဗျား၊ အဲဒီလို မဆင်ခြင်ဘဲ ပြောနေရင် ခင်ဗျားနောက်ကို ဂက်စတာပိုတွေ လိုက်လာလိမ့်မယ်၊ အခု မလိုက်သေးရင်လည်း နောက်လိုက်လာမှာ သေချာပါတယ်"ဟု နောက်ဆုံး သတိပေးစကား ပြောကြားသွားခဲ့လေသည်။

မကြာမီသော အချိန်အတွင်း အီတာလျံ သတင်းစာဆရာတစ်ဦးက မေယာသည် ရွှန်းမဲလ်နှင့် စကားပြောပြီး၍ အိမ်ပြန်ရောက်သောအခါ ရွှန်းမဲလ် နှင့် ပြောသမျှ စကားများကို တစ်လုံးမကျန် ရေးသားထားသည့် အစီရင်ခံစာ တစ်စောင်ကို နောက်တစ်နေ့တွင် ဘာလင်သို့ သွားရောက်ပြီး ဘောမန်း လက်တွင်းသို့ ကိုယ်ထိလက်ရောက် ပေးအပ်ခဲ့သည်ဟု ထုတ်ဖော်ရေးသားခဲ့လေ၏။

ရွှန်းမဲလ်၏ မိသားစုကမူ အီတာလျံ သတင်းစာဆရာ၏ အဆိုကို မယုံကြည်ခဲ့ပေ။

ဟောဒင်ဟိမ်းသားဖြစ်သူ မေယာသည် ပြင်သစ်စစ်သုံ့ပန်း စခန်းတစ်ခု၌ မန်းဖရက်နှင့်အတူ လပေါင်းအတန်ကြာ နေခဲ့ရသဖြင့် မန်းဖရက်အား ရွှန်းမဲလ် အသတ်ခံရသည်ကို မိမိသိပင် မသိရကြောင်း ကျိန်တွယ်၍ ပြောပြခဲ့သည်ဟု အဆိုရှိလေသည်။

ယင်းကိစ္စ မှန်မမှန်ကို မေးမြန်းစုံစမ်းရန်မှာလည်း ကာယကံရှင်ဖြစ်သူ မေယာသည် အမေရိကန် စစ်သုံ့ပန်းစခန်း၌ မကြာမီက ကွယ်လွန်သွားခဲ့သဖြင့် မမေးမြန်းနိုင်ခဲ့တော့ချေ။

သို့သော် လူယုံတစ်ယောက်ကို လွှတ်၍ စကားတောင်းသောအလုပ်မျိုးမှာ နာဇီတို့၏ လက်သုံးနည်း ပရိယာယ်တစ်ခုဖြစ်သဖြင့် အီတာလျံသတင်းစာဆရာ၏ အဆိုမှာ မှန်နိုင်စရာ အကြောင်းများစွာ ရှိပေသည်။

နောက်တစ်လခန့် ကြာသောအခါ ရွှန်းမဲလ်၏ ကျန်းမာရေး အခြေအနေ များစွာ ကောင်းမွန်လာပြီဖြစ်၍ ဆေးထည့်ရန် ကူဘင်ဂျင်သို့ ကားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်သော အခြေအနေသို့ပင် ရောက်ရှိလာခဲ့လေပြီ။

သက်ဆိုင်ရာ ဆရာဝန်များကလည်း ၁၀ ရက်နေ့တွင် ကူဘင်ဂျင်သို့ လာရောက်ဆေးထည့်ရန် ရွှန်းမဲလ်အား မှာကြားထားလေသည်။

ဤသို့ ဆေးထည့်ရန် ချိန်းဆိုထားသည့် ရက်မတိုင်မီ ၇ ရက်နေ့တွင် စစ်သူကြီး ကီးတဲလ်ထံမှ ရွှန်းမဲလ်အတွက် တယ်လီဖုန်းအမိန့်တစ်ခု ရောက်ရှိလာခဲ့သည်။

ရင်းအမိန့်တွင် ရွှန်းမဲလ်သည် ၁၀ ရက်နေ့၌ အရေးကြီးသော ကိစ္စတစ်ခုအတွက် စစ်သူကြီး ကီးတဲလ်နှင့် ဘာလင်မြို့တွင် လာရောက်တွေ့ဆုံရမည်ဟု ပါရှိပြီး ရွှန်းမဲလ် ဘာလင်သို့ လာရန်အတွက် ၉ ရက်နေ့ ညနေတွင် အထူးမီးရထားတစ်စင်း စီစဉ်ထားသည်ဟူ၍လည်း ဆိုထားလေသည်။

ထို့ကြောင့်ပင် ရွှန်းမဲလ်သည် အရေးတကြီးကိစ္စတစ်ခုကြောင့် ၁၀ ရက်နေ့တွင် ဘာလင်မြို့သို့ သွားရောက်ရမည်ဖြစ်၍ ဆေးထည့်ရန် ချိန်းဆိုထားသည့်ရက်ကို ရွှေ့ပေးပါရန် တယ်လီဖုန်းဖြင့် ဆေးပါမောက္ခ အဲလ်ဘာရက်(ချ်)ထံသို့ အကြောင်းကြားလိုက်ရသည်။

သမားတော်ကြီး စတော့ကလည်း ရွှန်းမဲလ်အား ခရီးရှည်သွားနိုင်လောက်အောင် ကျန်းမာရေး အခြေအနေမကောင်းသဖြင့် ထိုမျှလေးလံလှသော ခရီးကို မသွားရန် တားမြစ်လေတော့သည်။

သို့ဖြင့် ရွှန်းမဲလ်သည် တပည့်ဖြစ်သူ အဲလ်ဒင်ဂျာအား ကီးတဲလ်ထံသို့ တယ်လီဖုန်း ဆက်သွယ်ပေးရန် ခိုင်းစေလိုက်သည်။

ဘာလင်ဌာနချုပ်ရှိ ကီးတဲလ်၏ ရုံးခန်းမှ တယ်လီဖုန်း ပြန်ပြောသူမှာ ကီးတဲလ်ကိုယ်တိုင် မဟုတ်ဘဲ ဗိုလ်ချုပ် ဘားဒေါ့(ဖ်) ဖြစ်နေသည်။

"တယ်လီဖုန်း အဆက်အသွယ်ရတော့ ကျွန်မ ယောကျ်ားကိုယ်တိုင် စကားပြောပါတယ်။ ကျွန်မနဲ့ အဲလ်ဒင်ဂျာကလည်း အခန်းထဲမှာပဲ ရှိနေပါတယ်။ သူက သူ့ရဲ့ လက်ရှိ ကျန်းမာရေး အခြေအနေအရ ဒီလောက်ပေးလံတဲ့ ခရီးကို မသွားရဘူးလို့ ဆရာဝန်တွေက တားမြစ်ထားတဲ့အကြောင်း ကီးတဲလ်ကို ပြောလိုက်ပါလို့ မှာနေတာကို ကြားရပါတယ်၊ နောက်ပြီး ကီးတဲလ်နဲ့ သူလာတွေ့ရမယ့်ကိစ္စက ဘယ်လိုလဲလို့ မေးပါတယ်။ နောက်ပြီး



သူကိုယ်တိုင်မလာဘဲ တခြားအရာရှိတစ်ယောက် ကိုယ်စားလှယ်လွှတ်ပြီး ကီးတဲလ်နဲ့ တွေ့ခိုင်းလိုက်ရင်ကော မရဘူးလားလို့ မေးပါတယ်။ ဗိုလ်ချုပ်ဘားဒေါ့(ဖ်)က ကျွန်မခင်ပွန်းရဲ့ တာဝန်သစ်နဲ့ ပတ်သက်ပြီး ကီးတဲလ်နဲ့ ကိုယ်တိုင် တွေ့ဆုံဆွေးနွေးရန် ဟစ်တလာကိုယ်တိုင် အမိန့်ပေးထားတဲ့ အတွက် ကိုယ်တိုင် လာတွေ့မှ ဖြစ်မယ်လို့ ပြန်ဖြေပါတယ်"ဟု ဖရောရွှန်းမဲလ်က ပြန်ပြောခဲ့လေသည်။

ရွှန်းမဲလ်အနေဖြင့်မူ သူနှင့်ဟစ်တလာ ယခုတစ်လော မသင့်မြတ်ကြသဖြင့် ဤမျှ မြန်မြန်ဆန်ဆန် တာဝန်သစ်တစ်ခု ပေးလိမ့်ဦးမည်ဟု မမျှော်လင့်ခဲ့ပေ။

မည်သို့ပင်ဖြစ်စေ ရွှန်းမဲလ်၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လှသည်မဟုတ်ရကား စစ်ဆင်ရေးတာဝန်များကို ပေးအပ်လာလျှင်လည်း ရွှန်းမဲလ်အနေဖြင့် တာဝန်ယူနိုင်ဦးမည်မဟုတ်ပေ။

အဲလ်ဒင်ဂျာကမူ ထိုစဉ်က ရွှန်းမဲလ်ကို ကြည့်ရသည်မှာ စိတ်ချမ်းသာပုံမရကြောင်း၊ စိတ်စနောင့်စနင်း ဖြစ်နေသည့် အကြောင်းများကိုလည်း မိမိအား ထုတ်ဖော်ပြောဆိုခြင်း မပြုခဲ့ကြောင်း ပြန်လည် ပြောပြခဲ့လေသည်။

ယင်းသို့ ရွှန်းမဲလ်သည် လူယုံတော် အဲလ်ဒင်ဂျာအား ထုတ်ဖော်မပြောပြရုံမျှမက သူ၏ ဇနီးသည်ကိုပင် ထုတ်ဖော်ပြောဆိုခဲ့သည် မဟုတ်ပေ။

ဖရောရွှန်းမဲလ်ကသာလျှင် ဗိုလ်ချုပ် စပီဒဲလ်ကို အမေးခံလိုက်ရပြီဆိုသည့် သတင်းကို ကြားရသည်မှစ၍ ခင်ပွန်းသည်အတွက် စိတ်မအေးနိုင်အောင် ဖြစ်နေရှာလေသည်။

ထိုနေ့တွင်ပင် မန်းဖရက်လည်း သူ၏ မိခင်တပ်ရင်းဖြစ်သည့် လေယာဉ်ပစ် အမြောက်တပ်သို့ ပြန်သွားလေတော့သည်။

သို့ဖြင့် ငါးရက်မျှ ကုန်လွန်သွားခဲ့သော်လည်း ဘာလင်မြို့မှ နောက်ထပ် မည်သည့် သတင်းအစအမျှ မကြားရသေးချေ။

အောက်တိုဘာလ ၁ ရက်နေ့တွင်မူ ရေကြောင်းဗိုလ်ချုပ် ရုဂ်(ချ်)သည် ညနေစာစားရန် ရွှန်းမဲလ်၏ အိမ်သို့ ရောက်ရှိလာပြီး တစ်ညအိပ်

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့လေသည်။

ထိုညတွင် ရွှန်းမဲလ်နှင့် ရုဂ်(ချ်)သည် ညဉ့်နက်သည်အထိ စကား ပြောခဲ့ကြပြီး ရွှန်းမဲလ်က ဘာလင်သို့ ဆင့်ခေါ်သော အမိန့်စာအကြောင်းနှင့် သူ့ကျန်းမာရေး အခြေအနေကြောင့် ဘာလင်သို့သွားရန် ငြင်းဆိုခဲ့ကြောင်း များကို ရုဂ်(ချ်)အား ပြောပြခဲ့လေသည်။

ထို့နောက် "ကျုပ် ဘာလင်ကို မသွားဘူး၊ သွားရင်လည်း အသက် ရှင်လျက်နဲ့ ရောက်မှာမဟုတ်ဘူး"ဟု ရွှန်းမဲလ်က ပြောပြသဖြင့် ရုဂ်(ချ်)က တိုးတိုးတိတ်တိတ်ပြောရန် ရွှန်းမဲလ်အား တောင်းပန်လိုက်ရသေးသည်။

သို့သော် ရွှန်းမဲလ်သည် ထိုမျှနှင့် ရပ်ဆိုင်းသွားသည် မဟုတ်ဘဲ "ကျုပ်ကို သူတို့ လမ်းမှာ သတ်ကြလိမ့်မယ်ဆိုတာ ကျုပ်သိတယ်၊ ကျုပ်ကို သတ်ပြီးရင် မတော်တဆ ထိခိုက်မှုတစ်ခုခုနဲ့ သေဆုံးသွားတယ်လို့ အကြောင်းပြကြလိမ့်မယ်"ဟု ပြောပြန်ချေသေးသည်။

ရွှန်းမဲလ်သည် ထိုဥပါဒါန်ကြောင့်ပင်လျှင် နောက်နှစ်ရက်မျှကြာ လတ်သောအခါ ဥပဒ်ရောက်ခဲ့ရသည် ဟူ၍ပင် ဆိုရချေတော့မည်။

အောက်တိုဘာလ ၁၃ ရက်နေ့တွင် စတပ်ဂက်မြို့ရှိ အမှတ် ၅ စစ်နယ်မြေဌာနချုပ်မှ တယ်လီဖုန်းဖြင့် ရွှန်းမဲလ်အား ဆက်သွယ်ပြန်လေ သည်။

တယ်လီဖုန်းခေါ်ချိန်တွင် ရွှန်းမဲလ်နှင့် အဲလ်ဒင်ဂျာမှာ အပြင်သို့ လမ်းလျှောက်ထွက်သည်နှင့် ကြုံနေသဖြင့် အိမ်စောင့်ရဲဘော်တစ်ယောက်က တယ်လီဖုန်းသတင်းကို လက်ခံယူလိုက်ရသည်။

၎င်းသတင်းမှာ နောက်တစ်နေ့ မွန်းတည့်အချိန်၌ ဟာလင်ဂျင်းသို့ ဗိုလ်ချုပ်ဘားဒေါ့(ဖ်) ရောက်လာမည်ဖြစ်ကြောင်း ထိုဗိုလ်ချုပ်နှင့်အတူ ဗိုလ်ချုပ်မေစဲလ်လည်း ပါလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းဗိုလ်ချုပ်နှစ်ဦး နှင့် တွေ့ဆုံရန် ရွှန်းမဲလ်အား အသင့်ပြင်ဆင်ထားစေလိုကြောင်းဖြင့် သက် ဆိုင်ရာမှ ညွှန်ကြားလိုက်သည့် သတင်းပင် ဖြစ်လေသည်။

ဗိုလ်ချုပ် မေစဲလ်ဆိုသူမှာ ဇူလိုင်လ ၂၀ ရက်နေ့မှစ၍ ဟစ်တလာ လုပ်ကြံမှုတွင် ပါဝင်နိုင်သည်ဟု ယူဆရသော အရာရှိများကို စုံစမ်းစစ်ဆေး နေသူ ဖြစ်သည်။



တယ်လီဖုန်းသတင်းကို ရွှန်းမဲလ် လက်ခံရရှိသောအခါ နှုတ်ဆိတ် သွားလေသည်။ သို့သော် အဲလ်ဒင်ဂျာကိုမူ ၎င်းဗိုလ်ချုပ်ကြီးနှစ်ဦး လာရောက် မည်ဆိုသောကိစ္စသည် မဟာမိတ်တို့ ကမ်းတက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ဖြစ်ကောင်းဖြစ်မည်၊ သို့မဟုတ် သူ၏ တာဝန်သစ်နှင့်ပတ်သက်၍ ဖြစ် ကောင်းဖြစ်မည်ဟု ပြောပြလေသည်။

ထိုသို့ အဲလ်ဒင်ဂျာကို ပြောပြီးသည့်နောက်ပိုင်းတွင် ရွှန်းမဲလ်သည် တစ်နေ့တာလုံး ထူးထူးခြားခြား နှုတ်ဆိတ်နေလေတော့သည်။

နောက်တစ်နေ့ နံနက်တွင် မန်းဖရက်သည် ၆ နာရီရထားဖြင့် ဟာလင်းဂျင်းသို့ ရောက်လာခဲ့ပြန်သည်။

သူ အိမ်သို့ရောက်သောအခါ ဖခင်ဖြစ်သူမှာ အိပ်ရာမှ ထနှင့်နေ သည်ကို တွေ့လိုက်ရသည်။

သို့နှင့် သားအဖနှစ်ယောက်သည် နံနက်စာကို အတူစားကြပြီး လမ်းလျှောက်ထွက်ခဲ့ကြသည်။

ရွှန်းမဲလ်က မန်းဖရက်အား ထိုနေ့တွင် ဗိုလ်ချုပ်ကြီးနှစ်ဦး ရောက် လာမည့်အကြောင်းကို ပြောပြလိုက်သည်။

ထိုအခါ မန်းဖရက်က ဖခင်ဖြစ်သူကို မော့်ကြည့်ကာ "သူတို့ ဘာ အတွက်လာကြမှာလဲ၊ ဖေဖေ့အတွက် တာဝန်သစ်ပေးဖို့အတွက်လား"ဟု မေးရှာလေသည်။

"သူတို့ကတော့ အဲဒီအကြောင်းတွေအတွက်ပဲလို့ ဆိုကြတာပဲ"ဟု ရွှန်းမဲလ်က ပြန်ဖြေလိုက်သည်။

မန်းဖရက် စိတ်ထဲတွင်မူ သူ့ဖခင် စိတ်ညစ်ညူးနေသည်ဟု ထင် လိုက်မိသည်။

ယင်းသို့ရှိခိုက် ရွှန်းမဲလ်သည် သူ့အမူအရာကို သားဖြစ်သူ အကဲ ခတ်နေသည်ကို ရိပ်မိလိုက်ဟန်ဖြင့် ဣန္ဒြေပြန်ဆည်လိုက်ကာ မန်းဖရက်၏ နောင်ရေးများကို စကားစရှာ၍ ပြောနေလေတော့သည်။

ရွှန်းမဲလ်သည် သားဖြစ်သူအား ဆရာဝန်တစ်ဦး ဖြစ်စေလိုပြီး စစ်သားမဖြစ်စေလိုခဲ့ပေ။ ဤသို့ဖြင့် နံနက် ၆ နာရီမှ လမ်းလျှောက်ထွက်ခဲ့ ကြသည့် သားအဖနှစ်ယောက်သည် နံနက် ၁၁ နာရီထိ မှပင် အိမ်သို့ပြန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ကြလေတော့သည်။

နေ့လယ် ၁၂ နာရီတိတိအချိန်တွင် ဗိုလ်ချုပ်ဘားဒေါ့(ဖ်)နှင့် ဗိုလ်ချုပ်မေစဲလ်သည် ဗိုလ်မှူး အာရင်ဘာဂျားနှင့်အတူ ရွှန်းမဲလ်အိမ်သို့ ရောက်လာခဲ့လေသည်။

သူတို့စီးလာသောကားမှာ ကားစိမ်းကလေးဖြစ်ပြီး ယာဉ်မောင်း သူမှာမူ အက်(စ်)အက်(စ်) ဝတ်စုံဖြစ်သော အနက်ရောင်ဝတ်စုံကို ဝတ်ဆင် ထားသည်။

အိမ်အပေါက်ဝသို့ရောက်လျှင် ဗိုလ်ချုပ်နှစ်ဦးက ရွှန်းမဲလ်နှင့် လက်ဆွဲနှုတ်ဆက်ကြသည်။ ထို့နောက် ရွှန်းမဲလ်က ဖရောရွှန်းမဲလ်၊ မန်းဖရက်၊ အဲလ်ဒင်ဂျာတို့နှင့် ဗိုလ်ချုပ်ကြီးနှစ်ဦးအား မိတ်ဆက်ပေးလိုက် သည်။ ယင်းသို့ရှိရာမှ ခဏမျှကြာသောအခါ ဗိုလ်ချုပ် ဘားဒေါ့ဖ်က စစ်သူကြီး ရွှန်းမဲလ်နှင့် နှစ်ဦးချင်းတွေ့လိုကြောင်း စကားမြွက် ပြောလိုက် သဖြင့် ဖရောရွှန်းမဲလ်က အပေါ်ထပ်သို့ တက်၍ ရှောင်ပေးလိုက်ရသည်။

ရွှန်းမဲလ်သည် ဘားဒေါ့ဖ်အား အောက်ထပ်မှ အခန်းတစ်ခန်းထဲသို့ ခေါ်ဆောင်သွားလေသည်။ သူတို့နှစ်ဦးနောက်မှ ဗိုလ်ချုပ်မေစဲလ်ကလည်း လိုက်လာသည်။ အခန်းထဲသို့မဝင်မီ ရွှန်းမဲလ်က မလှမ်းမကမ်းမှ လိုက်လာ သော အဲလ်ဒင်ဂျာအား အလုပ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ အသင့်ပြင်ဆင်ထားရန် လှမ်း၍ အမိန့်ပေးလိုက်သည်။

ရွှန်းမဲလ်သည် ဗိုလ်ချုပ်နှစ်ဦး ရောက်မလာမီကပင် နော်မန်ဒီ တိုက်ပွဲ စဉ်များအကြောင်းကို မေးမြန်းစုံစမ်းခြင်း ခံရမည်ထင်ခဲ့သဖြင့် တိုက်ပွဲများ အတွင်း ထုတ်ပြန်ခဲ့သည့် အမိန့်စာများနှင့် စစ်ဦးစီးအဖွဲ့သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာများကို အသင့်ပြင်ဆင်ထားရန် အဲလ်ဒင်ဂျာအား မှာကြားခဲ့သော သည်။

အဲလ်ဒင်ဂျာကလည်း သက်ဆိုင်ရာ စာရွက်စာတမ်းများကို အသင့် ပြင်ဆင်ထားပြီး ဖြစ်သည်။

အခန်းထဲတွင် ရွှန်းမဲလ်သည် ဗိုလ်ချုပ်ကြီးများနှင့် စကားပြောနေ ခိုက် အခန်းအပြင်ဘက်မှ အဲလ်ဒင်ဂျာကလည်း ဗိုလ်မှူးအာရင်ဘာဂျာနှင့် စကားပြောနေကြသည်။



ယင်းအခိုက် မန်းဖရက်ကလည်း သူ့ဖခင်၏ စစ်မြေပုံများကို ဆေး ရောင်စုံခြယ်ရန် အိမ်အပေါ်ထပ်သို့ တက်သွားခဲ့လေသည်။

တစ်နာရီနီးပါးခန့် ကြာသောအခါတွင်မူ အခန်းထဲမှ မေစဲလ် ပထမဆုံးထွက်လာပြီး ၎င်းနောက်မှ တစ်မိနစ် နှစ်မိနစ်ခန့် ခြား၍ ဘား ဒေါ့ဖ်လည်း ထွက်လာခဲ့သည်။

သူတို့နောက်မှ ရွှန်းမဲလ် ထွက်လာသည်ကို မတွေ့ရတော့ချေ။ ဤသို့ ဗိုလ်ချုပ်နှစ်ဦးနောက်မှ ရွှန်းမဲလ် ထွက်လိုက်လာသည်ကို မတွေ့လိုက် ရသည်မှာလည်း အပေါ်ထပ်တွင်ရှိနေသော သူ့ဇနီးသည်ထံ ရောက်ရှိနေ သောကြောင့် ဖြစ်သည်။

"သူအခန်းထဲဝင်လာတော့ သူ့မျက်နှာပေါ်မှာ အင်မတန် တုန်လှုပ်ချောက်ချားနေတဲ့ အမူအရာကို တွေ့လိုက်ရတဲ့အတွက် ကျွန်မက လန့်ဖျပ်ပြီး ရှင် ဘာဖြစ်တာလဲ၊ ဘယ်လို အရေးတွေ ပေါ်လာလို့လဲ၊ နေများ မကောင်းလို့လားလို့ အော်ဟစ်မေးလိုက်မိ တယ်။

"အဲဒီအခါမှာ သူက မျက်နှာကို စေ့စေ့ တစ်ချက်စိုက်ကြည့် လိုက်ပြီး 'မင်းကို ငါ နောက်ဆုံး လာနှုတ်ဆက်တာပဲ၊ ခုအချိန်က စပြီး နောက် ၁၅ မိနစ်ကြာတဲ့အခါမှာ ငါ သေရတော့မယ်၊ သူတို့က ငါ့ကို ဟစ်တလာ့ လုပ်ကြံမှုထဲမှာ ပါတယ်လို့ တပ်အပ်စွပ်စွဲနေ ကြပြီ၊ ဒီလို စွပ်စွဲတာဟာလည်း မဟုတ်ကာမှလွဲရော ဂိုအာ ဒီးလားရဲ့ သမ္မတ လျာထားတဲ့ စာရင်းထဲမှာ ငါ့နာမည် ပါနေပြီ ထင်တယ်။

"ငါ တစ်သက်လုံး ဂိုအာဒီးလားကို မမြင်ဖူးပါဘူးကွာ၊ သူတို့ အပြောကတော့ ငါ့ကို ဟစ်တလာ့ လုပ်ကြံမှုထဲမှာ ပါတယ်လို့ ဗွန်စတုလ်မနေးဂ်လ်၊ ဗိုလ်ချုပ် စပီဒဲလ်၊ ဗိုလ်မှူးကြီး ဗွန်ဟိုဖက် ကားတို့က ဖော်ကောင်လုပ်တယ်လို့ ဆိုတာပဲ၊ ဒါက ယုံကြည်နိုင် စရာ မရှိပါဘူး၊ အဲဒီလို အပြောမျိုးကတော့ သူတို့ရဲ့ အကြံအဖန်သုံး နည်း ပရိယာယ်တစ်ခုပါပဲ၊ ဒါနဲ့ ငါက ခင်ဗျားတို့ ပြောတာတွေကို ကျုပ် ယုံလည်း မယုံဘူး၊ ဟစ်တလာ လုပ်ကြံမှုမှာ ကျုပ်မပါဘူး

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြန်ပြောလိုက်တယ်၊ ဘာပဲဖြစ်ဖြစ်လေ ဒါက ငါ့အပြောပဲ ရှိတာပဲ၊ ခုတော့ ငါ့ကို ခေါင်းဆောင်ကြီး ဟစ်တလာက သေမိန့် ချမှတ်လိုက်ပြီ၊ ရွေးချယ်စရာ လမ်းနှစ်လမ်းကိုတော့ ပေးပါရဲ့၊ တစ်လမ်းက အဆိပ်သောက် သေဖို့ပဲ၊ နောက်တစ်လမ်းကတော့ အဲဒီလို အဆိပ်သောက်မသေချင်ရင် ပြည်သူ့ခုံရုံးကို တင်ပြီး အပြစ် ပေးခံရမယ်လို့ ပြောတယ်၊ အဆိပ်ကိုလည်း သူတို့ တစ်ပါတည်း ယူလာကြတယ်၊ အဲဒီအဆိပ်က သုံးစက္ကန့်အတွင်းမှာ သေနိုင်တယ် လို့ သူတို့ ပြော ကြတာပဲ'လို့ သူက ပြန်ပြောပြရှာတယ်"

ဤသို့လျှင် ခင်ပွန်းသည်ဖြစ်သူ၏ နောက်ဆုံးစကားများကို ဖရောရွှန်းမဲလ်က ပြန်လည် ပြောပြခဲ့ပါ၏။

"သည်ကြေကွဲဖွယ်ရာ နှုတ်ဆက်စကားများကို ဆိုလာသော ခင်ပွန်းသည်အား ဖရောရွှန်းမဲလ်က ပြည်သူ့ခုံရုံးတွင် အစစ်ဆေး ခံရန် တိုးလျှိုးတောင်းပန်သောအခါတွင်မူ မဖြစ်ဘူး၊ ပြည်သူ့ရှေ့ မှာ အစစ်ဆေးခံရမှာကို ငါ မကြောက်ပါဘူး၊ ငါ လုပ်သမျှကို ငါ မရှင်းပြနိုင်တာ မရှင်းပြဝံ့တာ ဘာတစ်ခုမှ မရှိဘူး၊ ဒါပေမဲ့ ပြည်သူ့ခုံရုံးရှိတဲ့ ဘာလင်ကိုမရောက်ခင် လမ်းခုလတ်မှာ ငါ့ကို သူတို့ သတ်ကြမယ်ဆိုတာ ငါသိတယ်"

ဟူ၍ ရွှန်းမဲလ်က ဖရောရွှန်းမဲလ်အား ဖြေကြားလိုက်သည်။

သို့နှယ် ရွှန်းမဲလ်က ဇနီးသည်ထံ ခွင့်ပန်နေခိုက်မှာပင် ဖြစ်ရပ် အမှန်ကို မသိရှာသော မန်းဖရက်သည် ရွှင်ပျသော အမူအရာဖြင့် ဖခင်ကြီး အား အကျိုးအကြောင်း မေးမြန်းရန် အခန်းတွင်းသို့ ဝင်ရောက်လာလေတော့ သည်။

□

## ရွှန်းမဲလ်နှင့် တစ်လမ်းသွားခရီး

မပြန်လမ်းသို့ ခေါ်ဆောင်သွားမည့် သေမင်းတမန်တော် ဗိုလ်ချုပ် နှစ်ဦးသည်လည်း ရွှန်းမဲလ်အလာကို အောက်ထပ်တွင် စောင့်ဆိုင်းလျက် ရှိနေကြလေပြီ။

အပေါ်ထပ်တွင်မူ ရွှန်းမဲလ်သည် ဘုမသိ ဘမသိဖြင့် ဝင်လာရှာ သော သားကလေး မန်းဖရက်အား နောက်ဆုံး နှုတ်ဆက်ခြင်းဖြင့် ဖက်လဲ တကင်း နှုတ်ဆက်လိုက်ပြီး ချာခနဲလှည့်ကာ ဗိုလ်ချုပ်နှစ်ဦး စောင့်ဆိုင်း နေရာသို့ ထွက်ခဲ့သည်။

မန်းဖရက်ကလည်း ဖခင်နောက်မှ ထက်ကြပ်မကွာ လိုက်လာခဲ့ သည်။

အောက်ထပ်သို့ ဆင်းလာရင်း လှေကားတစ်ဝက်သို့အရောက်တွင် ရွှန်းမဲလ်က အိမ်စောင့် ရဲဘော်တစ်ယောက်အား အဲလ်ဒင်ဂျာကို ရှာဖွေရန် အမိန့်ပေးလိုက်သည်။

သူ့ရှေ့မှောက်သို့ အဲလ်ဒင်ဂျာ ရောက်သောအခါ သူ့အခြေအနေကို ရှင်းပြလိုက်သည်။ ထိုအချိန်တွင်မူ ရွှန်းမဲလ်၏ အမူအရာမှာ တည်ငြိမ်အေး ဆေးလျက်ရှိပြီး အထက်ခန်းတွင်မူ ဖရောရွှန်းမဲလ်၏ ရှိုက်ကြီးတငင် ငိုကြွေး နေသည့် အသံကို ကြားနေရသည်ဟု အင်လ်ဒင်ဂျာက ပြန်လည် ပြောပြခဲ့

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

အဲလ်ဒင်ဂျာသည် မျက်စိရှေ့တွင် သေဘေးကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရန် တည်ငြိမ်သော ဣန္ဒြေဖြင့် ရပ်လျက်ရှိသော မိမိ၏ခေါင်းဆောင်ကို တွေ့ရပြီး နားတစ်ဖက်မှလည်း ဖရောရှွန်းမဲလ်၏ မရိုတင်ကဲ ငိုကြွေးနေသံကို ကြားလိုက်ရသောအခါ လက်ပိုက်၍ ကြည့်မနေတော့ဘဲ တစ်ခုခု ပြုလုပ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

"ကျွန်တော်က သူ့ကို အနည်းဆုံး လွတ်အောင် ပြေးဖို့ ကြံစည်သင့်ကြောင်း အကြံပေးပါတယ်။ ကျွန်တော်တို့ သူတို့ သုံးယောက်ကို ပစ်သတ်ပြီး ထွက်ပြေးရင် မလွတ်နိုင်ဘူးလား၊ ကျွန်တော်တို့ ဒီထက်ဆိုးတဲ့ အခြေအနေမျိုးနဲ့တောင် ရင်ဆိုင်ခဲ့ဖူးတယ် မဟုတ်လားလို့ ကျွန်တော်ကပြောလိုက်တော့ 'မကြံစည်ပါနဲ့တော့ သူငယ်ချင်းရယ်၊ လမ်းတွေကိုလည်း အက်(စ်)အက်(စ်)ကားတွေနဲ့ ပိတ်ထားပြီးပြီ၊ အိမ်ကိုလည်း ဂက်စတာပိုတွေ ဝိုင်းထားလိုက်ကြပြီ၊ တို့တပ်ထဲကို တို့ဘယ်လိုမှ ပြန်မရောက်နိုင်တော့ဘူး၊ တယ်လီဖုန်းလိုင်းတွေကိုလည်း ဖြတ်လိုက်ကြပြီ။ ငါ့ဌာနချုပ်ကိုတောင် ငါ တယ်လီဖုန်း မဆက်နိုင်တော့ဘူးလို့ သူက အကြောင်းပြပြီး ငြင်းတယ်။

ဒါနဲ့ ကျွန်တော်က အနည်းဆုံး ဘားဒေါ့ဖ်နဲ့ မေစဲလ်ကို အလွယ်တကူ ပစ်သတ်နိုင်မှာပဲလို့ ပြောပြန်တဲ့အခါကျတော့ 'မဟုတ်သေးဘူးလေကွာ၊ သူတို့ လာရတာက အထက်အမိန့်ကြောင့် လာရတာပါ၊ နောက်ပြီးတော့ ငါ့မိန်းမနဲ့ မန်းဖရက်တို့နောင်ရေးကိုလည်း စဉ်းစားရမယ်ကွ'လို့ ပြောပြန်တယ်။

နောက် ဘားဒေါ့ဖ်နဲ့ မေစဲလ်တို့က သူသာ အေးအေးဆေးဆေး အဆိပ်သောက် သေသွားမယ်ဆိုရင် ဖရောရှွန်းမဲလ်၊ မန်းဖရက်တို့ကို ရန်မရှာပါဘူး'လို့ ကတိပေးတဲ့အကြောင်းလည်း ကျွန်တော့်ကို ပြောပြနေပြီး သူသေသွားပြီးတဲ့ နောက်ပိုင်းမှာလည်း သူ့မိသားစုကို ရသင့်ရထိုက်တဲ့ ပင်စင် လစာတွေ ဆက်ပေးမယ်။

သူ့ရဲ့ ဈာပနာကိုလည်း နိုင်ငံတော် ဈာပနအဖြစ် ကျင်းပ



ပေးမယ့်အပြင် သူ့ရုပ်ကလာပ်ကို သူ့ဇာတိဖြစ်တဲ့ ဟာလင်ဂျင်းမှာ သင်္ဂြိုဟ်မြှုပ်နှံပေးမယ်လို့ ကတိပေးတဲ့ အကြောင်းတွေကိုပါ ပြောပြရှာတယ်၊ အသေးစိတ် အစီအစဉ်တွေကိုတောင် ဗိုလ်ချုပ်နှစ်ဦးက သူ့ကို ရှင်းပြပြီးပြီလို့လည်း ပြောသေးတယ်။

တကယ်လို့ အဆိပ်မသောက်ဘဲ ပြည်သူ့ခုံရုံးကိုတက်ဖို့ ကြံစည်ရင်လည်း ပြည်သူ့ခုံရုံးက သေဒဏ် အပြစ်ပေးမှာ သေချာတယ်၊ သေတာချင်းတော့ အတူတူပဲ၊ ဒါပေမဲ့ ပြည်သူ့ခုံရုံးက သေဒဏ်ပေးလို့ သေရရင် ခုပေးမယ့် အာမခံချက်မျိုးကို မပေးနိုင်ဘူး'လို့ သူတို့က ပြောပြတဲ့အကြောင်း ကျွန်တော့်ကို ရှင်းပြတယ်။

နောက်ပြီး 'ငါ့မိန်းမကိုလည်း ပြောပြီးပြီ၊ ငါ့စိတ်ကိုလည်း ငါပိုင်းဖြတ်ပြီးပြီ၊ ဟစ်တလာလို ငါ့ကို ကြိုးပေးမှာကိုလည်း ငါ မခံဘူး၊ သူ့ကို သတ်ဖို့လည်း ငါ ဘယ်တုန်းကမှ မကြံစည်ခဲ့ဘူး။ တိုင်းပြည်က ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ဖို့ တစ်သက်လုံး ငါကြိုးစားခဲ့တယ်၊ ခုလည်း ငါကြိုးစားဆဲပဲ၊ ငါဆုံးဖြတ်ပြီးတဲ့အတိုင်း တိုင်းပြည်ကို သစ္စာရှိရှိနဲ့ အသေခံရမှာပဲ၊ နောက် နာရီဝက်လောက်ကြာတဲ့အခါမှာ အူး(မ်)ကနေပြီး ငါ မတော်တဆ ထိခိုက်ဒဏ်ရာရလို့ ကွယ်လွန်သွားပြီဖြစ်တဲ့ အကြောင်း တယ်လီဖုန်း လာလိမ့်မယ်။

အဲဒီအချိန်မှာ ငါလူ့ပြည်မှာ မရှိတော့ဘူးလို့ မှတ်လိုက်ပေတော့"

လို့ ပြောပြန်တယ်။ သူ တစ်ခုခုကို ဆုံးဖြတ်ပြီးရင် ဘယ်တော့မှ ပြန်ပြီး ပြောင်းလဲအောင် ပြောလို့ မရတော့ဘူး။

ဤကား အဲလ်ဒင်ဂျာက သူ၏ ခေါင်းဆောင်နှင့် နောက်ဆုံး ပြောလိုက်ရသော စကားများကို ပြန်လည် ပြောပြခဲ့ခြင်းပင် ဖြစ်သည်။

လုပ်ကြံမှုတွင် ပါဝင်သော်လည်း အသက်မသေဘဲ ကျန်ရစ်သူ အချို့ကမူ ရွန်းမဲလ်သည် အဆိပ်သောက်မည့်အစား ပြည်သူ့ခုံရုံးတွင် အစစ်အဆေးခံပြီး ရုံးတော်၌ ဟစ်တလာ၏ အပြစ်များကို ဂျာမနီတစ်ပြည်လုံး

www.burmeseclassic.com

www.burmeseclassic.com



သိသွားအောင် ထုတ်ဖော်သင့်ကြောင်းဖြင့် ဝေဖန်ခဲ့ကြသည်။

တချို့ကလည်း တရားခွင်ပေါ်တွင် ရွှန်းမဲလ်ကို မြင်လိုက်ရုံဖြင့်ပင် အစိုးရအပေါ် ယုံကြည်နေသော ပြည်သူတို့၏ စိတ်ဓာတ်မှာ တစ်မျိုးတစ်မည် ပြောင်းလဲသွားနိုင်သည်ဟု ဆိုခဲ့ကြသည်။

အကယ်၍ ရွှန်းမဲလ်သာ တစ်ယူသန်စိတ် ရှိခဲ့၍ သားမယားကို ငဲ့ကွက်သောစိတ်များ မရှိခဲ့လျှင်၊ ထိုစဉ်က သူ၏ ကျန်းမာရေး အခြေအနေကောင်းမွန်ခဲ့လျှင် ၊ ဘာလင်မြို့သို့ အသက်နှင့်ကိုယ် မြဲလျက် ရောက်နိုင်လိမ့်မည်ဟု အာမခံချက်များ ရှိခဲ့ပါလျှင် စသည့် အကြောင်းအချက်များ ညီညွတ်ခြင်း ရှိခဲ့ပါမူ စကားတစ်လုံးမျှမပြောဘဲ ပြည်သူ့ခုံရုံးကို ရွေးခဲ့ဖွယ်ရာရှိပေသည်။

သူရွေးသင့်သည့် လမ်းကိုသာ အချေအတင် ပြောရသော် ဆုံးနိုင်မည်မဟုတ်ပေ။

သူ၏ ရွေးချယ်မှုသည် သူ့ရဲကောင်းပီသသည်ဖြစ်စေ၊ မပီသသည်ဖြစ်စေ သူ့အနေဖြင့် ဤမျှ အရေးကြီးလှသော သေရေးရှင်ရေးကို တစ်နာရီအတွင်း စဉ်းစားဆုံးဖြတ်ခဲ့ရသည် ဆိုသည်ကိုမူ ကျွန်ုပ်တို့ ဂရုပြုသင့်လှပေသည်။

ထိုသို့ ယတိပြတ် ဆုံးဖြတ်ပြီးသောအခါ ရွှန်းမဲလ်သည် အဲလ်ဒင်ဂျာနှင့် မန်းဖရက်တို့အား ဦးဆောင်၍ အောက်ထပ်သို့ဆင်းခဲ့သည်။

ဗိုလ်ချုပ်နှစ်ဦးမှာကား ပန်းခြံထဲရှိ ပန်းပင်များကို စိတ်ဝင်စားဟန်ပြု၍ စိုက်ကြည့်နေကြသည်။ ရွှန်းမဲလ် ကားအနီးသို့ ရောက်လာသောအခါ ဗိုလ်ချုပ်နှစ်ဦးသည်လည်း ကားအနီးသို့ ရောက်လာကြသည်။

ရွှန်းမဲလ်က နောက်ဆုံးထိုင်ခုံတွင် ပထမဝင်ထိုင်လိုက်သည်။

ဗိုလ်ချုပ်ဘားဒေါ့(ဖ်)၊ ဗိုလ်ချုပ်မေစဲ(လ်)တို့က ရွှန်းမဲလ်၏နောက်မှ ကားပေါ်သို့ တက်ခဲ့ကြသည်။ ဗိုလ်မှူး အာရင်ဘာဂျာမှာမူ ရှေ့အစီအစဉ်များပြုလုပ်ရန် ကြိုတင်ထွက်ခွာသွားခဲ့လေသည်။

သို့နှင့် ရွှန်းမဲလ်အား မပြန်လမ်းသို့ ခေါ်ဆောင်သွားမည့် ကားအစိမ်းကလေးသည် ဟာလင်ဂျင်းနေအိမ်မှ အရှိန်ပြင်းစွာ မောင်းနှင်ထွက်ခွာသွားလေတော့သည်။



နှစ်ဆယ့်ငါးမိနစ်ခန့် ကြာသောအခါ ဟာလင်းဂျင်းနေအိမ်အတွင်းရှိ တယ်လီဖုန်းခေါ်သံ ပေါ်လာသည်ကို ကြားလိုက်ရသည်။

အဲလ်ဒင်ဂျာက တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ တစ်ဖက်မှပြောနေသူမှာ ဗိုလ်မှူး အာရင်ဘာဂျာဖြစ်ပြီး အူး(မ်)မှ တယ်လီဖုန်း ဆက်နေခြင်း ဖြစ်သည်။

"အခု စကားပြောနေတာ အဲလ်ဒင်ဂျာလား ဒုက္ခလှလှကြီး တွေ့ပြီဟေ့၊ ကားထဲမှာ စစ်သူကြီး ရွှန်းမဲလ် ဦးနှောက်ကြောပြတ်လို့ သွေးတွေလျှံလာပြီး သေဆုံးသွားပြီ"ဟူသော အမင်္ဂလာသတင်းကို အာရင်ဘာဂျာထံမှ ကြားလိုက်ရသည်။

အဲလ်ဒင်ဂျာကမူ နားထောင်၍သာနေပြီး မည်သို့မျှ ပြန်မဖြေချေ။

"ခင်ဗျား ကျုပ်ပြောတာ ကြားရဲ့လား"ဟု အာရင်ဘာဂျာက ထပ်မံမေးသောအခါမှပင် အဲလ်ဒင်ဂျာက "အင်း...ကြားပါတယ်"ဟု ပြန်ဖြေလိုက်သည်။

ထို့နောက် အာရင်ဘာဂျာက ဆက်လက်၍ "ဒါဖြင့် ဖရောရွှန်းမဲလ်ကို ကျုပ် အခု ချက်ချင်း အိမ်ကို လာခဲ့မယ်လို့ပြောလိုက်ပါ"ဟု အဲလ်ဒင်ဂျာကို မှာလိုက်ပြီး တယ်လီဖုန်းစကားပြောခွက် ချသွားလေတော့သည်။

အဲလ်ဒင်ဂျာသည် လေးလံသော ခြေလှမ်းများဖြင့် မိနစ်ပိုင်းအတွင်းမှာပင် မုဆိုးမဘဝသို့ ရောက်ရှိသွားခဲ့ရသော ဖရောရွှန်းမဲလ်ရှိရာ အထက်ထပ်သို့ တစ်လှမ်းချင်း လှမ်းတက်ခဲ့သည်။

အဲလ်ဒင်ဂျာအနေဖြင့် အမင်္ဂလာသတင်းကို ဖရောရွှန်းမဲလ်အား အထူး လက်ဆင့်ကမ်း နေစရာ မလိုပေ။ နာရီဝက်ကြာမည်ဟု ခန့်မှန်းရပြီး ခြံအတွင်းသို့ဝင်လာသော ကားသံကို ကြားလိုက်ရသည်။

အဲလ်ဒင်ဂျာက တံခါးဆီသို့ လျှောက်သွားသည်။ အိမ်ပေါ်သို့ လှမ်းတက်စပြုပြီးဖြစ်သော အာရင်ဘာဂျာက ဖရောရွှန်းမဲလ်နှင့် တွေ့လိုကြောင်း အဲလ်ဒင်ဂျာကိုပြောလိုက်ရာ အဲလ်ဒင်ဂျာက တွေ့ခွင့်ရမည်မဟုတ်ကြောင်း ပြန်ပြောလိုက်သည်။

အာရင်ဘာဂျာကလည်း ဖရောရွှန်းမဲလ်နှင့် မတွေ့လျှင် မဖြစ်ဟု မပြောချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် သူတို့နှစ်ဦးသည် အတွေးကိုယ်စီ တွေးလျက် နှုတ်ဆိတ်နေကြပြီး အူး(မ်)ရှိ ဆေးရုံသို့ ကားဖြင့်ထွက်ခွာခဲ့ကြလေသည်။

ဆေးရုံသို့ ရောက်သောအခါ အာရင်ဘာဂျာက အဲလ်ဒင်ဂျာအား ရွှန်းမဲလ်၏ ရုပ်ကလာပ်ရှိရာ အခန်းကျဉ်းလေးတစ်ခု အတွင်းသို့ ခေါ်ဆောင်သွားသည်။

"ကျွန်တော် ခေါင်းဆောင်ကြီးနဲ့ နှစ်ယောက်တည်း နေပါရစေလို့ ပြောပေမဲ့ အာရင်ဘာဂျာက ကျွန်တော့်အနားက မခွာဘူး"ဟု အဲလ်ဒင်ဂျာက ပြန်ပြောပြသည်။

အဲလ်ဒင်ဂျာသည် ထိုအကြောင်းများကို ကျွန်ုပ်အား ပြန်ပြောပြသောအခါ သူ့မျက်လုံးအစုံမှ မျက်ရည်များ တသွင်သွင် စီးကျနေသည်ကို တွေ့ခဲ့ရလေသည်။

မှန်ပေသည်။ ရွှန်းမဲလ်သည် အနှစ်သုံးဆယ်ခန့်မျှ လက်ပွန်းတတီး ရင်းနှီးခဲ့ရသည့် သူ၏ မိတ်ဆွေကောင်းတစ်ယောက် ဖြစ်သကဲ့သို့ သူကြည်ညိုလေးစားလှသော သူရဲကောင်းကြီး တစ်ယောက်လည်း ဖြစ်သည်မဟုတ်ပါလော၊ သူ မျက်ရည်ကျမည် ဆိုကလည်း ကျလောက်စရာပင်။

အစိုးရ ရုံးတစ်ရုံး၌ စာရေးစာချီ အလုပ်မျိုးကိုသာလျှင် ဝင်ရောက်လုပ်ကိုင်ရန် သင့်လျော်သည့် အဲလ်ဒင်ဂျာကဲ့သို့ လူညက်ကလေးတစ်ယောက်က စစ်သူကြီးနှင့် စစ်အတွင်း တိုက်ပွဲပေါင်း များစွာ ဆင်နွှဲခဲ့သည်မှာလည်း အံ့ဖွယ်တစ်ရပ်ပင်။

အဲလ်ဒင်ဂျာ၏ ဇနီးသည်မှာလည်း အရုပ်အမောင်း ခပ်ပျပ်ပျပ်ဖြစ်ပြီး အဲလ်ဒင်ဂျာနှင့် ကျွန်ုပ် စကားပြောနေစဉ် စက်ချုပ်နေရာမှ ချုံးပွဲချငိုကြွေးလိုက်သည်ကို တွေ့ရသဖြင့် ကျွန်ုပ် များစွာ စိတ်မကောင်း ဖြစ်ခဲ့ရပါသည်။

ယခုအချိန်၌မူ ကမ္ဘာ့အရပ်ရပ်တွင် ကွယ်လွန်သူ ရွှန်းမဲလ်အား မေ့တန်ကောင်း မေ့နေကြမည်ဖြစ်သော်လည်း အဲလ်ဒင်ဂျာ၏ အိမ်ကလေး၌ကား အာဇာနည် စစ်သည်တော်ကြီး ရွှန်းမဲလ်ကို ယနေ့တိုင် မေ့နိုင်ကြသေးမည် မဟုတ်ပေ။

❑

## ရွှန်းမဲလ်နှင့် နိုင်ငံတော် ဈာပန

အဲလ်ဒင်ဂျာမရှိခိုက်တွင် အိမ်၌ရှိသော ကိုယ်ရံတော်တပ်၏ တပ်မှူး ဗိုလ်မှူးကြီး ကူ(ဓ်) မာနီသည် ဟာလင်ဂျင်းအိမ်သို့ ရောက်လာသည်။

၎င်း ဗိုလ်မှူးကြီးအား ဖရောရွှန်းမဲလ်ကိုယ်တိုင် တွေ့ဆုံဧည့်ခံသည်။ ကူ(ဓ်) မာနီမှာ အဖြစ်မှန်ကို သိပုံမရသော်လည်း သူ့မျက်နှာပေါ်တွင် ဖရောရွှန်းမဲလ်ကို အလွန်ကြင်နာသနားသည့် အမူအရာများ ပေါ်လွင်ထင်ရှားနေလေသည်။

သူရောက်လာသော အကြောင်းမှာမူ ရွှန်းမဲလ်၏ ဈာပနကို နိုင်ငံတော်ဈာပနအဖြစ် သင်္ဂြိုဟ်ရန် ဗိုလ်ချုပ်ဘားဒေါ့ဖ်နှင့် မေစဲလ်တို့နှစ်ဦးက ၎င်းအား အမိန့်ပေးကြောင်း ဖရောရွှန်းမဲလ်အား အသိပေးရန် ဖြစ်လေသည်။

ရွှန်းမဲလ်ကို ဆေးရုံသို့ ယူဆောင်သွားပြီးနောက် ဗိုလ်ချုပ်ဘားဒေါ့ဖ်နှင့် မေစဲလ်တို့က သူ့ဌာနချုပ်သို့ လာရောက်ပြီး စစ်သူကြီး ရွှန်းမဲလ် ရုတ်တရက် ကွယ်လွန်ကြောင်း ပြောဆိုကာ နိုင်ငံတော် ဈာပနအဖြစ် အစီအစဉ်များ ပြုလုပ်ရန် သူ့အား အမိန့်ပေးသွားကြောင်းဖြင့် ဗိုလ်မှူးကြီး ကူ(ဓ်) မာနီက ဖရောရွှန်းမဲလ်အား အသေးစိတ် ရှင်းပြလေသည်။

ထိုနေ့ညနေတွင် ဖရောရွှန်းမဲလ်နှင့် မန်းဖရက်တို့ သား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အား ဆေးရုံသို့ ကားဖြင့် ခေါ်ဆောင်သွားကြလေသည်။

ဆေးမှူးချုပ်က ရွှန်းမဲလ်အား နေ့လယ် ၁ နာရီ ၂၅ မိနစ်အချိန်တွင် ဆေးရုံသို့ သယ်ဆောင်လာကြကြောင်း၊ ထိုဗိုလ်ချုပ် နှစ်ယောက်ကပင် အမိန့်ပေးသဖြင့် ရွှန်းမဲလ်အား နှလုံးဆေးတစ်လုံး ထိုးပေးရကြောင်း ရှင်းပြလေသည်။

ထို့နောက် "ဆေးထိုးပေမဲ့ ဘယ်လို တုံ့ပြန်မှုမျိုးမှတော့ မတွေ့တော့ပါဘူး"ဟူ၍ ဆေးမှူးချုပ်က အဓိပ္ပာယ်ပါပါ ပြောလိုက်သည်။

ထိုအခါ အဲလ်ဒင်ဂျာသည် တစ်စုံစုံ ပြောတော့မယောင် နှုတ်ခမ်းပြင်လိုက်ပြီးမှ စကားလုံးများကို အနိုင်နိုင် ပြန်လည်မျိုချလိုက်ရဟန်ဖြင့် သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

အမှန်လည်း တစ်ခုခုပြောရန် ရည်ရွယ်ခဲ့သည်။ သို့သော် မပြောဝံ့၍သာ နှုတ်ပိတ်လိုက်ရသည်။

ထို့အပြင် ဆေးမှူးချုပ်က အထက်အမိန့်အရ ရွှန်းမဲလ်အား ရင်ခွဲ၍ မစစ်ဆေးနိုင်ကြောင်း ဖရောရွှန်းမဲလ်အား ဆက်လက် ရှင်းပြသည်။

ဖရောရွှန်းမဲလ်သည် ဆေးမှူးချုပ်နှင့် အတန်ကြာအောင် စကားပြောပြီးမှပင် ခင်ပွန်းသည်၏ အလောင်းကို တွေ့ခွင့်ရတော့သည်။

"ကျွန်မယောကျ်ားအလောင်းကို မြင်တာနဲ့ သူ့မျက်နှာမှာ စက်ဆုပ်တဲ့ အမူအရာ ပေါ်လွင်နေတာကို ချက်ချင်း သတိပြုလိုက်မိတယ်။

ဒီလို အမူအရာမျိုးကို ကျွန်မတို့ ပေါင်းသင်းလာတဲ့ အိမ်ထောင်သက်တမ်းတစ်လျှောက်လုံး တစ်ခါမှ မတွေ့ဖူးခဲ့ဘူး"ဟူ၍ ဖရောရွှန်းမဲလ်က ခင်ပွန်းသည်၏အလောင်းကို ကြည့်ခွင့်ရစဉ်က အတွေ့အကြုံကို ပြန်လည်ပြောပြခဲ့လေသည်။

နောက်တစ်နေ့ ညနေတွင် ဖရောရွှန်းမဲလ်နှင့် မန်းဖရက်သည် စတာပ်ဂက်မှ ရောက်ရှိလာမည့် ရွှန်းမဲလ်၏ အစ်မအား ကြိုရန် ဘူတာရုံသို့ ထွက်ခဲ့ကြသည်။

အဲလ်ဒင်ဂျာမှာလည်း အူး(မ်) ဌာနချုပ်သို့ သတင်းပို့ရန် ရှိသဖြင့် မန်းဖရက်တို့ သားအမိနှစ်ယောက်နှင့်အတူ လိုက်ခဲ့သည်။

"ကျွန်မတို့ ဘူတာရုံအပြင်ဘက်မှာ ရထားအဝင်ကို စောင့်နေတုန်း



ဗိုလ်ချုပ်မေစဲလ် ရုတ်တရက် ကျွန်မအနားကိုရောက်လာပြီး ဝမ်းနည်းစကားပြောရင်း ကျွန်မကို လက်ကမ်းပေးတယ်၊ ကျွန်မလည်း သူကမ်းပေးတဲ့ လက်ကို မမြင်ဟန်ပြုပြီး စကားမပြောဘဲ တစ်ဖက်ကို မျက်နှာလွှဲလိုက်ရတယ်"ဟု ဖရောရွှန်းမဲလ်က ပြန်ပြောခဲ့လေသည်။

အဲလ်ဒင်ဂျာအားလည်း မေစဲလ်က ဖရောရွှန်းမဲလ်သည် မည်သည့်နေရာတွင်ရှိကြောင်း မေးပြီး "သူ ဘယ်လိုနေသလဲ"ဟု ဖရောရွှန်းမဲလ်၏ အခြေအနေကို စူးစမ်းခဲ့သည်ဟု ဆိုလေသည်။

မေစဲလ်၏ မေးခွန်းကို အဲလ်ဒင်ဂျာက "ဖရောရွှန်းမဲလ် ကားထဲမှာ ရှိပါတယ်"ဟု ပထမမေးခွန်းကို ပြန်ဖြေလိုက်ပြီး "ခင်ဗျားက ဖရောရွှန်းမဲလ် ဘယ်လို ဖြစ်လိမ့်မယ် ထင်နေလို့လဲ"ဟု မေစဲလ်၏ ဒုတိယမေးခွန်းကို အဖြေပေးရမည့်အစား တန်ပြန် မေးခွန်းထုတ်ခဲ့ပါသည်ဟု အဲလလ်ဒင်ဂျာက ပြောပြခဲ့လေသည်။

ရွှန်းမဲလ်၏ အစ်မဖြစ်သူသည် သူ့မမောင်၏ အလောင်းကို မြင်လိုက်ရသောအခါ ယမန်နေ့ညက ဖရောရွှန်းမဲလ် မြင်ခဲ့သလိုပင် ရွှန်းမဲလ်၏ မျက်နှာပေါ်မှ မကျေချမ်းသည့် အမူအရာကို မြင်မြင်ချင်း သတိပြုမိပြီး သူမ၏အမြင်ကိုလည်း နှုတ်မှ ထုတ်ဖော်ပြောဆိုခဲ့လေသည်။ သူမ၏မောင် မည်သည့်နည်းဖြင့် သေပန်းပွင့်ခဲ့ရသည်ကိုကား မည်သူ တစ်ဦးတစ်ယောက်ကမျှ သူမအား ထုတ်ဖော်ပြောဆိုခြင်း မပြုကြသေးပေ။

ရွှန်းမဲလ်၏ ရုပ်ကလာပ်ကို အိမ်သို့ ပြန်ယူခဲ့ကြပြီး နာဇီစကြာအလံဖြင့် လွှမ်းထားလိုက်ကြသည်။ အလောင်းပြင်ထားသည့် အခန်းမှာလည်း ရွှန်းမဲလ်နှင့် ဗိုလ်ချုပ်ကြီးနှစ်ဦး နောက်ဆုံးစကား ပြောခဲ့သော အခန်းပင် ဖြစ်လေသည်။

ရွှန်းမဲလ်၏ မျက်နှာကိုမူ အသုဘရှုသူများ မြင်နိုင်ရန် လှပ်ထားသည်။ အူး(မ်) စစ်ဌာနချုပ်အမိန့်ဖြင့် ဓားလွတ်ကိုင်အရာရှိနှစ်ယောက်က အိပ်ဖန်စောင့်များသဖွယ် ရွှန်းမဲလ်၏ ရုပ်ကလာပ်အနီးတွင် စောင့်ကြပ်နေကြသည်။

ဗိုလ်ချုပ် ဘားဒေါ့(ဖ်)နှင့် ဗိုလ်ချုပ်မေစဲလ်တို့လည်း ဘာလင်သို့ ပြန်သွားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့နှစ်ဦး ထွက်ခွာသွားကြမှပင် အဲလ်ဒင်ဂျာသည် ရွှန်းမဲလ်၏ အရာရှိဆောင်း ကက်ဦးထုပ်နှင့် စစ်သူကြီးကိုင် လက်ကိုင်တုတ် ပျောက်ဆုံးနေသည်ကို သတိပြုမိတော့သည်။

အဲလ်ဒင်ဂျာသည် ဆရာကောင်းတပည့်ပီပီ၊ သတ္တိမခေသူဖြစ်ပေရာ ဗိုလ်ချုပ်ဘားဒေါ့(ဖ်)ထံ ချက်ချင်း တယ်လီဖုန်း ကောက်ဆက်၍ ပျောက်ဆုံးနေသော ပစ္စည်းများနှင့် ရွှန်းမဲလ်အသက်ရှင်စဉ်က အင်္ကျီအိတ်ထဲတွင် ပါသွားသော စာရွက်စာတမ်းများကို အလျင်အမြန် ပြန်ပို့ရန် တောင်းဆိုလိုက်သည်။

ထိုတောင်းဆိုချက်ကြောင့် ကက်ဦးထုပ်နှင့် လက်ကိုင်တုတ်ကို ပြန်ပို့လိုက်သော်လည်း ရွှန်းမဲလ်၏ အပေါ်အင်္ကျီအိတ်ထဲတွင် ပါသွားသည်ဟု အဲလ်ဒင်ဂျာ တပ်အပ်သေချာ သိထားသော ဇူလိုင်လ ၁၅ ရက်နေ့စွဲပါ စာတစ်စောင်ကိုမူ ဗိုလ်ချုပ်နှစ်ဦးက လက်စဖျောက်လိုက်ကြသည်။

ဗိုလ်ချုပ် ဘားဒေါ့(ဖ်)မှာ ဘာလင်မြို့ နောက်ဆုံးတိုက်ပွဲတွင် ကျဆုံးသွားခဲ့ပြီး မေစဲလ်မှာမူ အမေရိကန်နယ်မြေထဲတွင် ယခုတိုင် အသက်ရှင်ဆဲရှိနေသေးသည်ဟု သိရလေသည်။

လွန်ခဲ့သော ၂ နှစ်ခန့်က ဖရန့်ဖတ်မြို့ရှိ နာဇီဝါဒစွဲချွတ်သည့် ရုံးတော်တွင်တင်၍ အစစ်ခံရစဉ် မေစဲလ် ထွက်ဆိုသည်မှာ ရွှန်းမဲလ်အား ကားဖြင့် တင်ဆောင်ခေါ်ခဲ့ရာ သူ့အိမ်နှင့် ကိုက်လေးငါးရာခန့်အကွာ ဘလောဘီရင်လမ်းပေါ်တွင် ကားကိုရပ်ခဲ့ကြောင်း၊ မိမိနှင့် ယာဉ်မောင်းသူအား ဗိုလ်ချုပ် ဘားဒေါ့(ဖ်)က ငင်းသည် ရွှန်းမဲလ်နှင့် နှစ်ယောက်ချင်း စကားပြောလို၍ ကားပေါ်မှဆင်းပြီး ခေတ္တရှောင်ပေးရန် ပြောသဖြင့် မိမိနှင့် ယာဉ်မောင်းသူတို့ ကားပေါ်မှ ဆင်းပေးခဲ့ရကြောင်း ထွက်ဆိုခဲ့ပြီး ဆက်လက်၍...

"ငါးမိနစ်လောက်ကြာတော့ ဗိုလ်ချုပ် ဘားဒေါ့(ဖ်) ကားပေါ်က ဆင်းပြီး ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေတာ ကျွန်တော် တွေ့ရပါတယ်။

အဲဒီလို လမ်းလျှောက်နေရင်း နောက်ထပ် ငါးမိနစ်လောက်ကြာတဲ့အခါကျမှ ကျွန်တော်တို့ကို ဗိုလ်ချုပ် ဘားဒေါ့(ဖ်)က လက်ယပ်ခေါ်လိုက်ပါတယ်။



ကျွန်တော်တို့ ကားအနီးကို ရောက်သွားတဲ့အခါ စစ်သူကြီး ရွှန်းမဲလ်ဟာ အသက်ပျောက်နေသလို ကားနောက်ပိုင်းက ထိုင်ခုံနောက်မှီပေါ်မှာ ပျော့တိပျော့ခွေ မှီနေတာကို တွေ့လိုက်ရပါတယ်"ဟူ၍ ရုံးတော်တွင် အစစ်ခံခဲ့လေသည်။

အက်(စ်) အက်(စ်) တပ်သား ယာဉ်မောင်းသမား ဒို့စ်ကမူ ငင်းတို့နှစ်ဦး ကားအနီးသို့ ရောက်သွားသောအခါ ရွှန်းမဲလ်သည် သတိလွတ်ကင်းလျက်ရှိပြီး ရှိုက်နေသည်ကို တွေ့ရသဖြင့် အသက်ငင်နေပြီဟု ယူဆရကြောင်း အစစ်ခံခဲ့သည်။

ဤသို့ လူတစ်ယောက် အသက်ငင်နေသည်၊ မငင်သည်ကို အကဲခတ်ရာတွင် အက်(စ်) အက်(စ်) တပ်သားများထက် တော်သူများ ရှိနိုင်မည်မဟုတ်ပေ။

ဒို့စ်ကပင် ရွှန်းမဲလ် ကိုယ်နေဟန်ထားကို ပြင်ပေးလိုက်ရပြီး ကားထဲ၌ ကျနေသော ဦးထုပ်ကိုလည်း ကောက်ယူ၍ ဆောင်းပေးလိုက်ရသည်ဟု ဆိုလေသည်။

မေစဲလ်၏ ထွက်ဆိုချက်ထဲတွင် ရွှန်းမဲလ်လို ဟစ်တလာ့ကို အထူးကြည်ညိုလေးစားသော လူတစ်ယောက်က ဟစ်တလာ လုပ်ကြံမှုတွင် ပါဝင်သည်ဟု ဆိုခြင်းကို ပထမတွင် မိမိ လုံးဝ မယုံကြည်အောင် ဖြစ်ရကြောင်း၊ သို့သော် ဗိုလ်ချုပ်ဘားဒေါ့(ဖ်)က လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ထားသော စာရွက်နှစ်ရွက် အပြည့်ပါရှိသည့် စွပ်စွဲချက်များကို ဖတ်ပြသည်ကို ကြားခဲ့ရပြီး ရွှန်းမဲလ်ကို စေ့စေ့ အကဲခတ်ကြည့်သောအခါမှပင် မှန်ကန်သည်ဟု မိမိယုံကြည်လာခဲ့ရသည်ဟု ပါရှိလေသည်။

မေစဲလ်၏ ထွက်ဆိုချက် မှန်သည်၊ မမှန်သည်ကိုမူ စိစစ်ခွင့် မရလိုက်ကြပေ။

ဖရောရွှန်းမဲလ်အား သက်သေအဖြစ် အစစ်ခံရန် ရုံးတော်မှ ဖိတ်ကြားခဲ့သော်လည်း တရားခွင်ပေါ်တွင် မရှောင်မလွှဲသာ တွေ့ရမည်ဖြစ်သည့် မေစဲလ်၏ မျက်နှာကို မတွေ့လိုသည့်အတွက် မတက်ရောက်နိုင်ကြောင်းဖြင့် ရုံးတော်သို့ ပြန်ကြားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဖရောရွှန်းမဲလ် ရုံးတော်သို့ မတက်ရောက်နိုင်သဖြင့် ဆက်လက် ကြားနာရန် ရုံးချိန်းရွှေ့လိုက်ရသည်။

သို့နှင့် ၁၉၄၉ ခုနှစ် ဇွန်လ နေ့ရာသီတွင် ဗိုလ်ချုပ်မေစဲလ်အား နာဇီဝါဒ အစွဲချွတ်ရေး ဥပဒေအပိုဒ် ၂ အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသည်ဟု ရုံးတော်မှ ယူဆသဖြင့် ထောင်နှစ်နှစ်ကျခံစေရန် စီရင်ချက်ချမှတ်ခြင်း ခံရလေသည်။

သို့သော် အမှုစစ်ဆေးနေစဉ်အတွင်း အချုပ်ရက်မှာ နှစ်နှစ်မျှမက ကြာညောင်းခဲ့သဖြင့် ထောင်ကျရက်နှင့် ချုပ်ရက်ကို ထေခဲ့၍ မေစဲလ်မှာ ထောင်မကျတော့ဘဲ လွတ်မြောက်ခဲ့လေသည်။

ဗိုလ်ချုပ် ဘားဒေါ့(ဖ်) အကြောင်းကို သိသူများက...

"အရက်သမား၊ အပုပ်နံ့ တထောင်းထောင်း ထနေတဲ့ သားသတ်သမား၊ ဘယ်လိုမှ စစ်ဗိုလ်ချုပ်ရာထူးနဲ့ မထိုက်တန်တဲ့သူ" စသည်ဖြင့် ဗိုလ်ချုပ်ဘားဒေါ့(ဖ်)ကို ဝေဖန်ပြောဆိုသည်ကို ကြားခဲ့ရသည်။

ဗိုလ်ချုပ် မေစဲလ်ကိုမူ ရင်းနှီးသူ ဗိုလ်ချုပ်တစ်ယောက်က...

"ညစ်ပတ်စုတ်ပဲ့ပြီး လက်သိပ်ထိုးရမယ့် အလုပ်မျိုးကို ဘယ်နေရာမှာရှိမလဲ၊ အဲဒီလို နေရာမျိုးမှာလည်း မေစဲလ်ကို အတွင်းကျဆုံးပိုင်းက ပါဝင်နေတာ ကျိန်းသေ တွေ့ရမယ် မှတ်ပါ"ဟု ဝေဖန်ပြောဆိုခဲ့လေသည်။

"ဗိုလ်ချုပ် မေစဲလ်ကို ကျုပ်ကိုယ်တိုင် ကိုယ်ထိလက်ရောက် သတ်ချင်ပါရဲ့ဗျာ"ဟူ၍လည်း အာဖရိက ကိုးမှ ဗိုလ်ချုပ်ဂျိုဟန် ကရေးမားက မကျေမချမ်း ညည်းညူပြောဆိုခဲ့လေသည်။

ရွှန်းမဲလ် ကွယ်လွန်အနိစ္စရောက်ကြောင်း တိုင်းပြည်သို့ ကြေညာလိုက်သောအခါတွင်မူ စာဖြင့်တစ်မျိုး၊ သံကြိုးစာဖြင့် တစ်ဖုံ၊ လွမ်းသူ့စာချွေများ ဝင်လာမစဲ တသဲသဲ ဖြစ်နေတော့သည်။

အောက်တိုဘာလ ၁၇ ရက်နေ့တွင် ဝတ်ကျေတမ်းကျေ ပို့လိုက်ဟန်ရှိသော ဝမ်းနည်းကြောင်း ကြေးနန်းစာစောင်ကို ဟစ်တလာထံမှ ရောက်ရှိလာသည်။

ကြေးနန်းစာ၏ အဆိုမှာမူ...

"သင်၏ ခင်ပွန်းသည် ကွယ်လွန်အနိစ္စရောက်သည့်အတွက်



ကျွန်ုပ် လိုက်လှဲစွာ ကြေကွဲမိပါသည်။ စစ်သူကြီး ရွှန်းမဲလ်၏ နာမည်သည် ထူးချွန်ပြောင်မြောက်စွာ ဆင်နွှဲခဲ့သည့် မြောက်အာဖရိက သမိုင်းဝင် တိုက်ပွဲကြီးများနှင့် ထာဝစဉ် ဒွန်တွဲလျက်ရှိနေမည်ဟု ဖော်ပြအပ်ပါသည်" ဟူ၏။

အဆိုပါ ကြေးနန်းစာတွင် ရွှန်းမဲလ် ဆင်နွှဲခဲ့သည့် နော်မန်ဒီတိုက်ပွဲကြီးများ အကြောင်းကို သော်လည်းကောင်း၊ နော်မန်ဒီတွင် ရွှန်းမဲလ် ဒဏ်ရာရခဲ့သည့် အကြောင်းကို သော်လည်းကောင်း စိုးစဉ်းမျှ ဖော်ပြခြင်း မရှိသည်ကို သတိပြုသင့်လှပေသည်။

ဒေါက်တာဂိုဘဲလ်တို့ ဇနီးမောင်နှံကလည်း ရွှန်းမဲလ် ကွယ်လွန်အနိစ္စရောက်သဖြင့် ဝမ်းနည်းကြေကွဲကြောင်း လွမ်းသူ့စာချွေ ကြေးနန်းတစ်စောင် ပေးပို့ခဲ့လေသည်။

ဂျိုခင် ဗွန်ရစ်ဘင်တရော့(ဗ်)ကမူ ပြင်သစ်ပြည်တွင် ရရှိသည့် ပြင်းထန်လှသော ဒဏ်ရာကြောင့် ရွှန်းမဲလ် ကွယ်လွန်ရကြောင်း ကြားသိရသည့်အတွက် လွန်စွာမှ ထိခိုက်မိပါသည် ဟူ၍ လည်းကောင်း၊ ရွှန်းမဲလ်၏ အောင်မြင်မှုများသည် စင်စစ် ဤမဟာရာစုနှစ်၏ အောင်မြင်မှု ကဗ္ဗာသစ်အဖြစ် သတ်မှတ်ရမည် ဖြစ်သည်ဟူ၍လည်းကောင်း၊ လွမ်းသူ့စာချွေ တစ်စောင် ရေးသားကာ ဖရောရွှန်းမဲလ်ထံသို့ ပေးပို့ခဲ့သည်။

ကတ်ဆဲရင်းကလည်း ရက်အတန်ကြာမှ ဝမ်းနည်းစာတစ်စောင် ပေးပို့ခဲ့သည်။ ၎င်းစာတွင်မူ...

သူနှင့်ကျွန်ုပ် သဘောချင်း မတိုက်ဆိုင်သော အချိန်ပေါင်းများစွာ ရှိခဲ့ဖူးသလို သူကလည်း ကျွန်ုပ်တို့ နားမလည်သော အချိန်ပေါင်းများစွာ ရှိခဲ့ဖူးပါ၏။ သို့သော် အနောက်ဘက်စစ်မျက်နှာတွင် သူ့အား အရေးကြီးလှသည့် ဦးစီးမှူးတာဝန်ကို ခန့်အပ်လိုက်သောအခါ ကျွန်ုပ်မှာ လွန်စွာမှပင် ဝမ်းမြောက်မိခဲ့ပါသည်။ အကြောင်းမှာမူ ဗြိတိသျှနှင့် အမေရိကန်တို့ကို ကာယကံမြောက် တိုက်ခိုက်ခဲ့ဖူးသည့် သူ၏ အတွေ့အကြုံ ဗဟုသုတများမှာ ကျွန်ုပ်တို့အတွက် ထိရောက်စွာ အသုံးဝင်လိမ့်မည်ဟု ကျွန်ုပ် သိထားခြင်းကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် သူ၏ မကုန်ခန်းနိုင်သော လုံ့လဥဿဟ၊ မြင်သူတိုင်း အားသစ် အင်သစ်ဖြစ်စေသော ဥပဓိရုပ်၊ ထိုးထွင်းသိတင်သော ဉာဏ်တို့သည် မဖြစ်တန်ရာ မဖြစ်စေရအောင် ကာကွယ်ပေးနိုင်လိမ့်မည်ဟု ကျွန်ုပ် အကြွင်းမဲ့ ယုံကြည်ခဲ့မိပါသည်"ဟု ဖော်ပြထားလေသည်။

အီတာလျံ ဗိုလ်ချုပ်များထဲတွင် အထူးချွန်ဆုံး ဗိုလ်ချုပ်ဖြစ်သည့် ဗိုလ်ချုပ်ဂမ်ဘာရာကလည်း...

"ရန်သူ့အပစ်အခတ်ကြားထဲတွင် မကြောက်မရွံ့၊ မတွန့်မဆုတ် တည်ငြိမ်သော ဣန္ဒြေဖြင့် မားမားမတ်မတ် ရပ်နေသော ရွှန်းမဲလ်ကို ကံကောင်းထောက်မစွာ ကျွန်ုပ် တွေ့မြင်ခွင့် ရခဲ့သလို တွေ့မြင်ခွင့် ရသူမှန်သမျှသည် ရွှန်းမဲလ်အား ကျွန်ုပ်ကဲ့သို့ အသည်းစွဲအောင် အမှတ်တရ ဖြစ်နေကြမည်မှာ အမှန်ပင် ဖြစ်သည်"ဟု ၎င်းပေးပို့လိုက်သော လွမ်းသူ့စာချွေတွင် ဖော်ပြထား၏။

အနောက်ပိုင်း စစ်သေနာပတိအဖြစ် ဗွန်ကာလု(ချ်) နေရာကို ဆက်ခံသူ စစ်သူကြီး မိုဒဲလ်က ရွှန်းမဲလ် ကွယ်လွန်အနိစ္စရောက်သည့် အထိမ်းအမှတ်ဖြင့် စစ်ပြန်တမ်းတစ်စောင် ထုတ်ပြန်ခဲ့သည်။ ၎င်းပြန်တမ်းတွင်...

"စစ်သူကြီး ရွှန်းမဲလ်သည် ဂျာမန်တပ်မှူးအကျော်အမော်ထဲတွင် အထူးချွန်ဆုံး၊ အကျော်အမော်ဆုံး မဟာစစ်သူကြီးတစ်ယောက် ဖြစ်သည်။ လျှပ်ပြက်သကဲ့သို့ တစ်မုဟုတ်ချင်းဆုံးဖြတ်နိုင်စွမ်းရှိပြီး ရွေ့လျားရာတွင် သူမတူအောင် လျင်မြန်သည်။ သူရသတ္တိ အထူးချွန်ဆုံးသော ဂျာမန်စစ်သည်တော်ကြီးတစ်ဦးလည်း ဖြစ်သည်။

သူ့အား အမြဲတစေ ရှေ့တန်းတွင် တွေ့မြင်ရမည်ဖြစ်ပြီး သူ၏ စွန့်စားမှုကို နမူနာပြကာ သူရဲကောင်းတို့၏ စွမ်းဆောင်ချက်များကို တစ်ကြိမ်ထက်တစ်ကြိမ် ထူးခြားစွာ ဆောင်ရွက်လိုစိတ်များ ဝင်လာအောင် သူ့ရဲဘော်ကလေးများကို ရဲစိတ်ရဲမာန် သွင်းပေးခဲ့သည်"

ဟု ဖော်ပြထားသည်ကို တွေ့ရသည်။



နာဇီထိပ်တန်း ခေါင်းဆောင်ပိုင်းမှ စာဖြင့်ရော ကြေးနန်းစာဖြင့်ပါ၊ လွမ်းသူ့စာချွေ မပေးပို့သော ပုဂ္ဂိုလ်နှစ်ဦးမှာမူ ဂီးတဲလ်နှင့် ဂျူးဒဲလ်တို့ပင် ဖြစ်ကြလေသည်။

ဟစ်တလာ၏ တပ်ရေး ဟိန်းရစ်(ရှ်) ဘော်မန်က လွမ်းသူ့စာချွေအဆုံးတွင် ထုံးစံအတိုင်း ထည့်ရမည့် 'ဟိုင်းဟစ်တလာ'ဟူသော ကြေးကြော်ချက်ကို ထူးထူးခြားခြား ချန်လှပ်ထားခဲ့သည်။

ထိုစာပို့ပြီးသည့်နောက် ရက်အနည်းငယ် အတွင်းမှာပင် ဘော်မန်သည် ထမ်းဆောင်နေသော ရာထူးမှ နုတ်ထွက်ခဲ့ရလေတော့သည်။

ဟင်းမလား၏ ဝမ်းနည်းစာ ရောက်ရှိလာပုံမှာ ထူးခြားလှသဖြင့် ရေးနည်းရေးဟန်မှာလည်း အများနှင့်မတူ တစ်မူဆန်းပြားနေလေသည်။

ရွှန်းမဲလ် ကွယ်လွန်ပြီးသည့် သုံးရက်မြောက်သောနေ့တွင် ဟင်းမလားသည် သူ၏ အပါးတော်မြဲဖြစ်သူ ဘန့်တ်အား (၎င်းပုဂ္ဂိုလ်သည် ဝါဒဖြန့်ချိရေးဌာနမှ အာဖရိကကိုးသို့ ပြောင်းရွှေ့အမှုထမ်းခဲ့သူ ဖြစ်သည်။ ၎င်း၏ အကြောင်းကိုလည်း 'ရွှန်းမဲလ်' ပထမတွဲတွင် အသေးစိတ်ဖော်ပြထားပြီး ဖြစ်သည်။)

လွမ်းသူ့စာချွေကို ဖရောရွှန်းမဲလ်ထံသို့ ကိုယ်တိုင်သွားရောက်ပေးပို့ရန် စေလွှတ်ခဲ့သည်။

၎င်းစာတွင် သူသည် ဤအဖြစ်အပျက်အလုံးစုံကို သိကြောင်း၊ သူလည်း လွန်စွာမှ တုန်လှုပ်ချောက်ချားမိကြောင်း၊ သူ့အနေဖြင့်လည်း ဤသို့သော မဖွယ်ရာသည့် အလုပ်မျိုးကို မည်သည့်အခါမျှ ကျူးလွန်မိမည်မဟုတ်ကြောင်း စသည်ဖြင့် အံ့ဖွယ်ရေးသားဖော်ပြခဲ့သည်။

ဘန့်တ်မှာမူ ယခုအချိန်တွင် အက်(စ်)အက်(စ်) တပ်၌ ဝင်ရောက်အမှုထမ်းလျက်ရှိနေပြီး ဘန့်တ်သည် အက်(စ်)အက်(စ်) တပ်ထဲသို့ မဝင်ရောက်မီ ဝါဒဖြန့်ချိရေးဌာနသို့ ပြန်လည် ပြောင်းရွှေ့ခဲ့ရပြီးနောက် ရွှန်းမဲလ်၏ သံယောင်လိုက်ကာ စစ်ရှုံးမည်ဟု ထုတ်ဖော်ပြောဆိုမိခဲ့သဖြင့် ၎င်းအား ဂိုဘဲလ်က ရာထူးမှ ထုတ်ပစ်ခဲ့သည်။

ဟင်းမလား၏ ဝမ်းနည်းစာတွင် ဘန့်တ်က ဟစ်တလာသည် အပြစ်ကင်းကြောင်း၊ ဤကိစ္စမှာ ဂီးတဲလ်နှင့် ဂျူးဒဲလ်တို့၏ လက်ချက်သာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်းဖြင့် သူ၏ ထင်မြင်ချက်ကို ဖြည့်စွက်ရေးသားခဲ့သည်။

ငင်းအပြင် သူ တိုက်ပွဲတွင် မကျမီ ရှေ့တန်း စစ်မျက်နှာတစ်နေရာမှ ထူးဆန်းသည့် စာတစ်စောင်ကို ဖရောရွှန်းမဲလ်ထံသို့ ရေးသားပေးပို့ခဲ့သေးသည်။

ယင်းစာတမ်းတွင် ရွှန်းမဲလ် သေဆုံးရခြင်းနှင့် ပတ်သက်၍ သာမန်ထက်လေးနက်သော အကြောင်းချင်းရာအချို့ ရှိနေကြောင်း၊ သို့သော် ဟစ်တလာ၌ အပြစ်မရှိကြောင်း ရေးသားဖော်ပြထားလေသည်။

မှန်သည်။ ယင်း ယုံကြည်ချက်မှာ ဘန့်တ် ထာဝစဉ် စွဲမြဲစွာ ယုံကြည်ခဲ့သည့် ယုံကြည်ချက် ဖြစ်သည်။ ဟစ်တလာအပေါ်တွင် အယုံအကြည် မပျက်သေးသူပီပီ ဤသို့သာလျှင် ဟစ်တလာအား အပြစ်မှ ခွင့်လွှတ်မည်မှာ သဘာဝပင်။

ရွှန်းမဲလ်အား သတ်ဖြတ်ခဲ့ကြရာတွင် ဟင်းမလား မပါဝင်ခဲ့ဟု ဆိုစေကာမူ ရွှန်းမဲလ်ကဲ့သို့သော ထင်ရှားသည့် ပုဂ္ဂိုလ်တစ်ဦးကို ကီးတဲလ်နှင့် ဂျူးဒဲလ်တို့အနေဖြင့် ၎င်းတို့အထက်မှ အမိန့်မရဘဲ သတ်ပစ်ရန်ဝေးစွ၊ လက်ဖျားများဖြင့်ပင် ထိဝံ့မည် မဟုတ်ချေ။

အခြား သတ်ဖြတ်သုတ်သင်မှုများတွင်လည်း ဟင်းမလားအား မတိုင်ပင်ဘဲနှင့် မနေခဲ့ပေ။

ထို့ကြောင့် ရွှန်းမဲလ်ကိစ္စတွင် အနည်းဆုံး ဟင်းမလား သိရမည်ဟု ခန့်မှန်းနိုင်သည်။ ဤကိစ္စမျိုးကို စုံစမ်းရာတွင် မည်သူမည်ဝါတွင် လုံးဝ တာဝန်ရှိသည်ဟု တပ်အပ်သေချာ စွပ်စွဲရန် ခဲယဉ်းလှပေသည်။

မည်သည့်ကိစ္စမျိုးမဆို စာရွက်ပေါ် အက္ခရာတင်၍ မှတ်တမ်းတင်လေ့ရှိသော ဂျာမနီပြည်၌ပင် ယခုကဲ့သို့ စစ်သူကြီးအဆင့်ရှိသည့် ပုဂ္ဂိုလ်များကို သတ်ဖြတ် သုတ်သင်ရာတွင် အမိန့်စာများကို စာရွက်စာတမ်းများနှင့် တရားဝင် ရေးမှတ်မထားခဲ့ကြပေ။ သို့သော် ရွှန်းမဲလ်၏ မိသားစုနှင့် မိတ်သင်္ဂဟများကမူ ရွှန်းမဲလ်အား သတ်စေဟူသော အမိန့်ကိုမူ မည်သူပေးခဲ့ကြောင်း အတပ်သိခဲ့ကြသည်။

ရွှန်းမဲလ်၏ ဈာပန အခမ်းအနား ကျင်းပသောနေ့မှာ အောက်တိုဘာလ ၁၈ ရက်နေ့ ဖြစ်သည်။



အခမ်းအနားမှာလည်း ကြီးကျယ်ခမ်းနားလှပေသည်။ ချီကာဂိုမြို့ ဒုစရိုက်ဂိုဏ်းသားများကဲ့သို့ နာဇီများမှာလည်း အသုဘချရေး ကိစ္စအဝဝတွင် ကျွမ်းကျင်လိမ္မာလှပါ၏။ ဈာပန အခမ်းအနား ပြင်ဆင်ရာ၌လည်း နမြောတွန့်တိုခြင်း မရှိတတ်ပေ။

ထို့ကြောင့်လည်း ရွှန်းမဲလ်၏ နိုင်ငံတော်ဈာပနမှာ စည်ကားသိုက်မြိုက်သည်နှင့်အမျှ ကြီးကျယ်ခမ်းနားလှသည်။

ဟစ်တလာ ကိုယ်တိုင်ကလည်း တစ်မျိုးသားလုံး ဝမ်းနည်းသည့် အထိမ်းအမှတ် ပြုလုပ်ရန် အမိန့်ထုတ်ခဲ့သည်။ ထို့အပြင် ရွှန်းမဲလ်အား စစ်အဆောင်အယောင်၊ စစ်အခမ်းအနား အပြည့်အစုံဖြင့် သင်္ဂြိုဟ်ရန်လည်း အမိန့်ထုတ်ခဲ့သည်။

အနီးဝန်းကျင်မှ တပ်အားလုံး ဈာပနကို လိုက်ပါပို့ဆောင်ကြရသည်။ ရွှန်းမဲလ်၏ ရုပ်ကလာပ်ကို နေအိမ်မှ သယ်ဆောင်ရာတွင် ခေါင်းပေါ်ဝယ် ကြီးမားသည့် စကြာအလံကြီးဖြင့် ဖုံးလွှမ်းထားပြီး သံခမောက်ဆောင်း၊ လက်အိတ်အဖြူများ ဝတ်ဆင်ထားသော အထူးတပ်တစ်တပ်က အရိုအသေပြုကြသည်။

ထိုမှသည် ရွှန်းမဲလ်၏ ရုပ်ကလာပ်အား အူး(မ်) မြို့တော်ခန်းမရှိရာသို့ သယ်ဆောင်သွားကြသည်။ မြို့တော်ခန်းမအဆောက်အအုံအတွင်းရှိ မြို့သူမြို့သားများ မင်္ဂလာ အခမ်းအနားကျင်းပရာ ခန်းမဆောင်ကြီးတစ်ခုအတွင်း၌ အများပြည်သူ အလေးပြုရန် ရွှန်းမဲလ်၏ ရုပ်ကလာပ်ကို ပြင်ဆင်ထားကြသည်။

မြို့တော်ခန်းမ အဆောက်အအုံ၏ အပြင်ဘက်တွင်မူ အလံပေါင်းမြောက်မြားစွာ လွှင့်ထူထားကြသည်။ ခန်းမအတွင်းမှ တိုင်ကြီးများတွင်လည်း လင်းယုန်ငှက်ရုပ်များ၊ တံခွန်များ၊ ပန်းနွယ်ပန်းခက်များဖြင့် ရစ်ပတ်၍ လှပအောင် ပြင်ဆင်ထားကြသည်။

ခေါင်းပေါ်တွင်ကား စစ်သူကြီးတို့၏ အဆောင်အယောင်ဖြစ်သည့် ရွှန်းမဲလ် အသက်ထင်ရှားရှိစဉ်က ကိုင်ဆောင်ခဲ့သော လက်ကိုင်တုတ်၊ သံခမောက်နှင့် ဓားရှည်ကို တင်ထား၏။

စစ်ပွဲကြီးနှစ်ပွဲအတွင်း ချီးမြှင့်ခြင်း ခံခဲ့ရသည့် သူ့ရဲကောင်းတံဆိပ်

www.burmeseclassic.com

www.burmeseclassic.com



များနှင့် အဖိုးတန် ကျောက်မျက်ရတနာတို့မှာ ကတ္တီပါ အခင်းပေါ်ဝယ် တဝင်းဝင်း တဖျပ်ဖျပ် တောက်ပနေကြသည်။

ရွှန်းမဲလ်၏ လက်စွဲတော်တပ်ဖြစ်သည့် အာဖရိကကိုး၏ စစ်ဝတ်စုံကို ဝတ်ဆင်ထားသော အရာရှိလေးယောက်ကလည်း ရွှန်းမဲလ် ရုပ်ကလာပ်တစ်ဖက်တစ်ချက်တွင် နှစ်ယောက်ကျစီ အိပ်ဖန်စောင့်နေသည့်အလား စောင့်ကြပ်နေကြသည်။

ဈာပန အခမ်းအနား ကျင်းပချိန် နီးကပ်လာသောအခါ ၎င်းအိပ်ဖန်စောင့် အရာရှိလေးယောက် နေရာတွင် စစ်ဗိုလ်ချုပ် လေးယောက်က အစားဝင်ရောက်လာကြသည်။ မြို့တော်ခန်းမဆောင် အပြင်ကွက်လပ်ထဲတွင်မူ ခြေလျင်တပ်ခွဲနှစ်တပ်၊ လေတပ်မှ တပ်ခွဲတစ်တပ်အပြင် ရွှန်းမဲလ်အား အထူးဂုဏ်ပြုလို၍လော၊ လှောင်ပြောင်လို၍သော မသိရသော အက်စ်အက်စ်တပ်ဖွဲ့တစ်ဖွဲ့ကပါ စစ်အဆောင်အယောင် အပြည့်အစုံဖြင့် စမ်းရေးပြနေကြသည်။ ထိုတပ်များနှင့်အတူ စစ်တီးဝိုင်းတစ်ခုလည်း ရှိနေလေသည်။

ထောင်ပေါင်းများစွာသော လူထုပရိသတ်ကြီးမှာ စစ်ရေးပြနေသော ကွက်လပ်ကို ပတ်လည်ဝိုင်း၍ ကြိတ်ကြိတ်တိုး ကြည့်နေကြသည်။

၎င်းလူထုထဲတွင် ရွှန်းမဲလ်အား မိမိတို့၏ ပုဂ္ဂလိကပိုင် အာဇာနည်သူရဲကောင်းကြီးအဖြစ် ကြည်ညိုလေးစားကြသည့် ယောကျ်ားကလေး မိန်းကလေး အမြောက်အမြားလည်း ပါဝင်လေသည်။

လူထုကြီးသည် ကြည်း၊ ရေ၊ လေ တပ်အသီးသီးမှ အထက်တန်းအရာရှိကြီးများ၊ နာဇီထိပ်တန်းခေါင်းဆောင်များ၊ အရာရှိအရာခံများ၊ မဟာမိတ်နိုင်ငံများမှ သံတမန်ကြီးများနှင့် ကိုယ်စားလှယ်တော်ကြီးများ ဈာပနအခမ်းအနားသို့ တက်ရောက်လာကြသည်ကို စူးစူးစိုက်စိုက် ကြည့်နေကြသည်။

နောက်ဆုံး ရောက်ရှိလာသူမှာ ဂျာမန်တပ်မတော်တွင် ယခုတိုင်အမှုထမ်းလျက်ရှိသေးသော စစ်သူကြီး ဗွန်ရန်းစတက်ပင် ဖြစ်သည်။

စစ်သူကြီး ရန်းစတက်သည် ရွှန်းမဲလ်၏ မိသားစုနှင့်အတူ ခန်းမဆောင်တွင်းသို့ လှမ်း၍ ဝင်လိုက်သည်နှင့် စစ်တီးဝိုင်းမှ ဝမ်းနည်းကြေကွဲဖွယ် ကောင်းလှသော စစ်တူရိယာသံများကို တီးမှုတ်လိုက်ကြသည်။



ထို့နောက်တွင်မူ စစ်သူကြီး ဗွန်ရန်းစတက်က "ဂုဏ်အပေါင်းနှင့်ပြည့်စုံသည့် စစ်တလင်းတွင် ကျဆုံးခဲ့ရသော စစ်သူကြီးအား နောက်ဆုံးဂုဏ်ပြုအလေးပြုရန်အတွက် ငါတို့အား ဤနေရာသို့ စုဝေးရောက်ရှိစေရန် ငါတို့တပ်မတော်၏ စစ်သေနာပတိချုပ်က ဆင့်ဆိုလိုက်သည်"ဟူ၍ စစ်သေနာပတိချုပ်အမည်ဖြင့် အမိန့်ပြန်လေတော့သည်။

အသက်အရွယ် အိုမင်းရင့်ရော်လှပြီဖြစ်သော ဗွန်ရန်းစတက်က နော်မန်ဒီစစ်မျက်နှာတွင် ရွှန်းမဲလ်၏ ဒဏ်ရာရခဲ့ပုံ အနီးအနားက လူများအား ဂုဏ်ယူစွာဖြင့် ပြန်လည် ပြောပြနေသည်ကို သတိပြုမိသူက ပြုမိကြလေသည်။

"ကြင်နာခြင်း ကင်းမဲ့လှသည့် ကြမ္မာဆိုးက ကျွန်ုပ်တို့၏ စစ်ပွဲသေရေးရှင်ရေးတမျှ အရေးကြီးနေသည့် အချိန်ရောက်ခါမှ ရွှန်းမဲလ်ကို ကျွန်ုပ်တို့ထံပါးမှ အဓမ္မ ဆွဲခေါ်သွားခဲ့လေပြီ"ဟူ၍ ဈာပနအခမ်းအနားတွင် ဗွန်ရန်းစတက်က ထုတ်ဖော်ပြောခဲ့သည်ကို ကြားမိခဲ့သူကလည်း ကြားမိခဲ့လေသည်။

သို့ဖြင့် ရန်းစတက်က စစ်ကြီးနှစ်စစ်အတွင်း ရွှန်းမဲလ် သက်စွန့်ဆံဖျား စစ်မှုထမ်းခဲ့ပုံများ၊ အာဖရိကတွင် ရွှန်းမဲလ်၏ သမိုင်းဝင်တိုက်ပွဲများအကြောင်းနှင့် ရွှန်းမဲလ်အား ရန်သူကပင် လေးစားရပုံ စသည့် ရွှန်းမဲလ်၏ စွမ်းရည်များကို ထုတ်ဖော်ပြောဆိုခဲ့သည်ဟူ၍လည်း ဆိုလေသည်။

နော်မန်ဒီအကြောင်းနှင့် ပတ်သက်၍မူ သာမန်အားဖြင့်သာ ဖော်ပြပြောဆိုခြင်းပြုပြီး ရွှန်းမဲလ်သည် မဟာမိတ်တို့၏ ကမ်းတက် တိုက်ခိုက်မှုကို ကာကွယ်ရန် အစွမ်းကုန် ကြိုးစားခဲ့ကြောင်း၊ မဟာမိတ်များ ကမ်းတက်တိုက်ခိုက်သည့်အခါ မိမိလုံခြုံမှုကိုပင် လုံးဝ ဥပေက္ခာပြုလျက် ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ခဲ့ကြောင်း စသည်ဖြင့် သာမန်အားဖြင့် အတိုချုံးလျက် ကောက်ချက်ချခဲ့သည်။

သို့သော် ဗွန်ရန်းစတက်၏ မိန့်ခွန်းများအနက် အခမ်းအနားတွင် နောက်ဆုံး ပြောလိုက်သည့် ချီးမွမ်းခြေကျောက် မိန့်ခွန်းကိုမူ ဗွန်ရန်းစတက်ကိုယ်တိုင်ရေးသားပြီး ကျက်မှတ်ခဲ့သလော၊ သို့မဟုတ် တစ်ဦးတစ်ယောက်ကပင် ရေးသားပေးခဲ့သလော မပြောတတ်ပေ။ ၎င်းမိန့်ခွန်းကား…

www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံတော်ခေါင်းဆောင်ကြီးနှင့်တကွ ဖခင်ဂျာမနီပြည်၏ အကျိုးကို မကုန်ခန်းနိုင်သော လုံ့လဥဿာဟဖြင့် သယ်ပိုးထမ်းရွက်ခဲ့သည့် တိုက်ပွဲကျော် ဤစစ်သည်ကျော်ကြီးသည် အမျိုးသားဆိုရှယ်လစ်ဝါဒကို အကြွင်းမဲ့ သက်ဝင်ယုံကြည်ကြောင်း၊ ယင်းဝါဒရေး ခံယူချက်ကပင် သူ့အား ထူးခြားပြောင်မြောက်သော စွမ်းအင်များကို ပေးခဲ့ပြီး ယင်းဝါဒ၏ လမ်းညွှန်ချက်ကြောင့်ပင်လျှင် သူ့အား တိုက်ပွဲပေါင်းများစွာကို အောင်မြင်စေခဲ့ကြောင်း၊ (နိဂုံးတွင်) သူသည် နိုင်ငံတော်ခေါင်းဆောင်ကြီးအား မယိမ်းမယိုင်သောစိတ်ဖြင့် အမြဲတစေ ကြည်ညိုလေးစားသူဖြစ်ကြောင်း"
စသည်တို့ ဖြစ်လေသည်။

'အဒေါ့ဖ်ဟစ်တလာ' အမည်ပါရှိပြီး လှပသည့် လွှမ်းသူ့ပန်းခွေကြီးကို ဗွန်ရန်းစတက်က ကိုင်ဆောင်၍ ရွှန်းမဲလ်၏ ရုပ်ကလာပ်ခြေရင်း၌ ချထားလိုက်ရာ စစ်တီးဝိုင်းမှလည်း ဆွေးမြည့်ဖွယ်ကောင်းလှသော တီးကွက်တစ်ခုကို တီးမှုတ်ဂုဏ်ပြုလိုက်လေသည်။

အမှန်ဆိုမူ ယင်းတီးကွက်ကား စစ်သည်တော်တစ်ဦးက အခြားတစ်ဦးအား ဂုဏ်ပြုရာ၌ တီးမှုတ်အပ်သော တီးကွက်များအနက် စိတ်ထိခိုက်ဖွယ် အကောင်းဆုံးသော တီးကွက်လည်း ဖြစ်ပေသည်။

ဟစ်တလာမှာလည်း အမှန်အားဖြင့် အလွှမ်းသမားနှင့် စိတ်ကူးယဉ် သမားကြီးပင် မဟုတ်ပါလော။

မြို့တော်ခန်းမဆောင်မှ ရွှန်းမဲလ်၏ ရုပ်ကလာပ်အား အမြောက်တင်ယာဉ်ပေါ်သို့တင်ကာ ခြေလျင်တပ်သုံး မော်တော်ယာဉ်များဖြင့်ဆွဲလျက် မီးသင်္ဂြိုဟ်ရာနေရာသို့ သယ်ဆောင်သွားကြသည်။

သက်ဆိုင်ရာက ဤသို့ မီးသင်္ဂြိုဟ်ရန် စီစဉ်ခဲ့သည်မှာလည်း မြေမြှုပ်သင်္ဂြိုဟ်လျှင် အလောင်းကို အချိန်မရွေး ပြန်လည် တူးဖော်နိုင်ပြီး စစ်ဆေးနိုင်သည်ကို တွေး၍ ပူမိခဲ့သောကြောင့်သာတည်း။

ရှေ့ဆွဲမော်တော်ယာဉ်များပေါ်တွင် ပါလာသော တပ်သားများမှာ သေနတ်ပြောင်းများကို စောက်ထိုးကိုင်ဆောင်လျက် လက်ပိုက်ပြီး မလှုပ်မယှက် လိုက်ကြရသည်။ အစောင့်များက တစ်ကြိမ် ထပ်မံ၍ အလေးပြု



ကြပြန်ပြီး တီးဝိုင်းကလည်း တစ်ဖန် ကျူး၍ စစ်တူရိယာများဖြင့် ဂုဏ်ပြုကြပြန်သည်တွင် ဗိုလ်ချုပ်များနှင့် ပါတီခေါင်းဆောင်များက သတိအနေအထားဖြင့် တည့်မတ်စွာ ရပ်ကြရပြန်လေတော့သည်။

မိန့်ခွန်း မြွက်သူများကလည်း ထပ်မံ၍ မြွက်ကြားပြန်လေသည်။ ရွှန်းမဲလ်၏ သူရဲကောင်းတံဆိပ်များကို ကတ္တီပါခုံကလေးပေါ်တွင် တင်ကာ ရုပ်ကလာပ်ရှေ့မှ ဆောင်ယူခဲ့ကြရာ ဟစ်တလာ၏ လွှမ်းသူ့ပန်းခွေကလည်း ရှေ့ဆုံးသို့ ရောက်လာရလေတော့သည်။

ဘာလင်မြို့မှ အထူးမီးရထားဖြင့် ဆိုက်ရောက်လာသော ရေကြောင်း ဗိုလ်ချုပ် ရက်(ဒ်)သည် ဈာပန အခမ်းအနားသို့ ရေတပ်မတော်၏ ကိုယ်စား တက်ရောက်ခဲ့သည်။ ရက်(ဒ်)မှာမူ အဖြစ်မှန်ကို မသိသေးသော်လည်း မြို့တော်ခန်းမထဲမှ ရန်းစတက်၏ ထူးခြားနေသော အမူအရာများကို အကဲခတ်မိ၍လည်းကောင်း၊ မီးသင်္ဂြိုဟ်ရာ နေရာသို့ ရန်းစတက်ကိုယ်တိုင် လိုက်မလာသည်ကို သတိပြုမိ၍လည်းကောင်း မသင်္ကာစိတ်များ ဖြစ်ပေါ်လာခဲ့သည်။

ဈာပနသို့ တက်ရောက်လာကြသူများထဲတွင် ဖရောစပီဒဲလ်၊ စထရိုလင်းနှင့် ဗွန်နူးရက်(တ်)တို့လည်း ပါဝင်လေသည်။ ထိုပုဂ္ဂိုလ်များအနေဖြင့် ဤသို့ ရွှန်းမဲလ်၏ အသုဘကို ပို့ဆောင်ရန် လာရောက်ခဲ့ကြသည်မှာလည်း စွန့်စား၍ လာရောက်ခဲ့ခြင်း ဖြစ်သည်။

ဖရောစပီဒဲလ်အဖို့ ဆိုလျှင်မူ သူမခင်ပွန်းအား ပြန်လည်တွေ့ဆုံရန် မျှော်လင့်ရန် မရှိသလောက်ပင် ဖြစ်နေလေသည်။ အကြောင်းမူ စပီဒဲလ် အချုပ်ခံနေရသော အဲလ်ဘရက်(ချ်)လမ်းမှ အကျဉ်းထောင်တံခါးသည် အပြင်သို့ ပွင့်ခဲ့သောကြောင့် ဖြစ်လေသည်။ ဖရောစပီဒဲလ်နှင့် ကလေးများမှာလည်း နေ့အချိန်လာ၍ ရန်ရှာလေမည်လား၊ ညလာ၍ ရန်ရှာလေမည်လား ဟူ၍ ကျီးလန့်စာ စားနေရရှာပါ၏။

စထရိုလင်းကမူ ၁၄ ရက်နေ့ ညနေက ရွှမ်းမဲလ် ကွယ်လွန်သွားကြောင်း ဖရောရွှန်းမဲလ်ထံမှ တယ်လီဖုန်းသတင်း ရရှိလိုက်စဉ်ကပင် အဖြစ်မှန်ကို ရိပ်မိခဲ့လေသည်။ သူကိုယ်တိုင်မှာလည်း စပီဒဲလ်အား ဖမ်းဆီးသွားပြီးကတည်းက သူ့အိမ်တံခါး လာခေါက်မည့်အသံကို အရဏ်တက်တိုင်

www.burmeseclassic.com

www.burmeseclassic.com



နားစွင့်နေမိသည်။

သူ နောက်ကျောမလုံ ဖြစ်မည်ဆိုကလည်း ဖြစ်စရာပင် ဖြစ်သည်။ ရွှန်းမဲလ်အား သေလမ်းသို့ ညွှန်ပြခဲ့သူမှာလည်း သူပင် မဟုတ်ပါလော။ ဗွန်နူးရက်(သ်)လည်း ဟစ်တလာလုပ်ကြံမှုထဲတွင် လည်ပင်းနင့်အောင် ပါဝင်နေသူ ဖြစ်သည်။

ယင်းသို့ အပြစ်မကင်းသည့် လူတစ်စုက ဂက်စတာပိုများ မြေကြီး လက်ခတ်မလွဲ ပျားပန်းခပ်အောင် ခြေချင်းလိမ်နေမည်ဖြစ်သည့် ရွှန်းမဲလ်၏ ဈာပနအခမ်းအနားသို့ ဝုံဝုံစားစား တက်ရောက်ခဲ့သဖြင့် ၎င်းတို့၏ သတ္တိကို မချီးမွမ်းဘဲ မနေနိုင်အောင် ဖြစ်ရလေတော့သည်။

အမှန်မှာလည်း ဂက်စတာပိုများက ရွှန်းမဲလ်၏ ဈာပနတွင် ခြေချင်းလိမ်နေကြသည်။ လူအုပ်ကြားထဲတွင် ခပ်ယိုယိုနေပြီး စကား အပြော အဆို ပြေပြစ်သော လူရွယ်များသည် အရပ်ဝတ် အရပ်စားများကို သေသေ သပ်သပ် ဝတ်ဆင်လျက် နံရံနောက်မှနေ၍ ဈာပနသို့ လာရောက်ကြသောသူ များကို စူးစမ်းသော မျက်လုံးများဖြင့် ကြည့်နေကြသည်ကို တွေ့ရသည်။

သို့ဖြစ်၍ စထရီလင်းက နှုတ်ဆက်သည်ကို ပြန်လှန်၍ နှုတ် မဆက်ဝံ့လောက်အောင် ဖရောစပီဒဲလ် ကြောက်ရွံ့နေသည်မှာ အံ့သြစရာ မဟုတ်ပေ။

အဘယ်ကြောင့်ဟူမူ...

ဇာတ်လမ်းတစ်ခုလုံးကို စီစဉ်ညွှန်ကြားနေသော ဒါရိုက်တာက ဇာတ်လမ်း၏ ဤမည်သော နောက်ဆုံးအခန်းကို ဂုဏ်သရေရှိသော တည် ငြိမ်သော အထိမိဆုံး ဆွေးမြည့်ဖွယ်အကောင်းဆုံးသော အခန်းတစ်ခန်း အဖြစ် အနုပညာမြောက်စွာ ဇာတ်သိမ်းရန် စီစဉ်ထားပြီးဖြစ်၍ ယခုလို နေရာ မျိုးတွင် အဖမ်းအဆီးများ ပြုလုပ်လိုက်လျှင် သဘာဝယုတ္တိနှင့် ကင်းလွတ် သွားနိုင်သည် မဟုတ်ပါလော။

ထို့ကြောင့်လည်း ကျဆုံးလေသော စစ်သူကြီးရွှန်းမဲလ်အား (အလေးအနက် ဂါရဝပြုရန်ဟူသည်မှာ) ဤဇာတ်လမ်း၏ အဓိက ရည်ရွယ် ချက်ပင် ဖြစ်သည်။

❑

## ရွှန်းမဲလ်နှင့် ရွှန်းမဲလ်၏ လျှောင်းစက်ရာမြေ

နောက်တစ်နေ့တွင် ရွှန်းမဲလ်၏ အရိုးပြာများကို ဟာလင်ဂျင်း နေအိမ်သို့ ယူဆောင်လာကြသည်။

ဟာလင်ဂျင်းရွာကလေးမှာ စိမ်းညို့သောသစ်အုပ်များဖြင့် အုပ် ဆိုင်းသည့် မတ်စောက်သော တောင်နှစ်လုံးကြားတွင် တည်ရှိနေပြီး အုတ် ကြွပ်နီမိုး အိမ်ဖြူကလေးများ အစီအရီရှိကာ ရှုမောဖွယ်ကောင်းသော တောင် ကြားရွာကလေးတစ်ရွာ ဖြစ်လေသည်။

ကြည်လင်အေးမြသလောက် ရေစီးအဟုန် လျင်မြန်လှသည့် ချောင်းငယ်တစ်ခုလည်း ယင်းတောင်ကြား ရွာကလေးကို ဖြတ်သန်းစီးဆင်း လျက် ရှိလေသည်။

ယင်းရွာကလေး၏ အတင့်တယ် အသာယာဆုံး သမယကို ဆိုညွှန်းရပါမူ ပန်းမန်တို့ အားသစ်အင်သစ်ဖြင့် ဝေဆာပွင့်ဖူးသော ဂိမာန်ဦး သမယဟူ၍ပင် ဆိုရပေမည်။

ထို့အဝ္စ ပန်းမန်တို့ မြစိမ်းရောင် ချပ်ဝတ်လွှာများကို လှစ်ခွာကာ ရွှေညိုရောင်ဘက်သို့ လှ၍ ကူးပြောင်းစ ဟေမာန်ဦး သမယ၌လည်း ယင်း တောင်ကြားရွာကလေးသည် တစ်မျိုးတစ်ဖုံ သာယာရှုမောဖွယ် ကောင်း တတ်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာဦးထိပ်မှ ထုံးဖြူသုတ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီးသည် စုလစ်မွန်းချွန်တို့ဖြင့် ကောင်းကင်ထက်သို့ ထိုးတက်နေသယောင်ရှိပြီး ရွာ၏ ကျက်သရေကို တစ်နည်းတစ်ဖုံ တိုးမြှင့်စေလေသည်။

၎င်း ဘုရားရှိခိုးကျောင်းကြီးမှာ ရှေးမင်းများ တည်ဆောက်လှူဒါန်းခဲ့သော အမိကရ ကျောင်းတော်ကြီးတစ်ဆောင် ဖြစ်ခဲ့သည့်အလျောက် ၎င်း ကျောင်းကြီးထဲတွင် ဆယ့်လေးရာစုနှစ်က မော်ကွန်းများပင် သိုမှီးသိမ်းဆည်းထားနိုင်ခဲ့သည်။ ဘုရားဝတ်ကျောင်း ပတ်လည်တွင်မူ အိမ်ငယ်ကလေးများကလည်း ခြံရံလျက်ရှိသည်။

ထိုဘုရားဝတ်ကျောင်းကြီးမှာ ဗရင်ဂျီ ဘာသာဂိုဏ်းဝင်တို့ချည်းသာ မဟုတ်ဘဲ ပရိုတက်စတင့် ဂိုဏ်းဝင်များပါ ပူးတွဲဝတ်ပြုကြသည်ကို တွေ့ရလေသည်။

ကျောင်းဝင်းအဆုံးမှာ လမ်းပေါ်တွင် မေးတင်လျက်ရှိပြီး ထိုသည်မှ အခြားမဲ့တွင်မူကား ချောင်းငယ်က ဦးတိုက်ဖြတ်ကာ စီးဆင်းလျက်ရှိနေပေ၏။

ဆောင်းဦးပေါက်တွင် ကျောင်းဝင်းထဲမှ ဂူများပေါ်တွင် ခေါင်းလောင်းပန်းနှင့် နံ့ရုံကပ်ပန်းများ ပေါက်ရောက်တတ်ကြလေသည်။

ဂူများ၏ရှေ့တွင် စစ်သချိုင်းများ၌ တွေ့ရမြဲဖြစ်သည့် သစ်သားလက်ဝါးကပ်တိုင်ငယ်ကလေးများ ရှိလေသည်။

၎င်းလက်ဝါးကပ်တိုင်ငယ်ကလေးများမှာမူ အာဖရိကတိုက်ပွဲ၊ ကတ်စီနိုတိုက်ပွဲ၊ ရိုင်ဂါတိုက်ပွဲ စသည့်တိုက်ပွဲများတွင် ကျဆုံးခဲ့ရသည့် ဟာလင်းဂျင်းရွာသား လူငယ်လူရွယ်တို့အတွက် အမှတ်တရ စိုက်ထူထားသည့် လက်ဝါးကပ်တိုင်ကလေးများ ဖြစ်လေသည်။ ကျောင်းဝင်းကို အုတ်တံတိုင်းအဖြူဖြင့် ပတ်ရံထားပြီး တံတိုင်းပေါ်တွင်လည်း ပန်းမန်များဝေဆာအောင် စိုက်ထားကြသေးသည်။

ယင်းသို့သော အဆင်အယင်များဖြင့် ပြီးအပ်သည့် အမိကရ ကျောင်းတော်ကြီး၏ ထောင့်တစ်ထောင့်တွင်မူ ရွှန်းမဲလ်၏ ရုပ်ကလာပ်မြှုပ်နှံသင်္ဂြိုဟ်ရန် နေရာကွက်လပ်တစ်ခု ပြင်ဆင်ခဲ့ကြသည်။ ရွှန်းမဲလ်၏ ဝိညာဉ်မဲ့ရုပ်ကလာပ် လဲလျောင်းအံ့သော ယင်းနေရာကလေးကား ဆိတ်ငြိမ်



သလောက် ငြိမ်းငြိမ်းချမ်းချမ်းလည်း ရှိလှပါဘိ၏။

ယင်းနေရာကလေးမှသည် အနောက်ဘက်သို့ မျှော်ကြည့်သော် ထုံးဖြူသုတ် ကျောင်းအိုကြီးသာလျှင် ထီးတည်းရှိပြီး အရှေ့သို့ ကြည့်ပြန်မူ လမ်းမကြီးအလွန်မှ မြင့်မားလှသော သစ်ပင်အိုကြီးကိုပင် စီးမိုးလျက်မိုးထက်သို့ လွင့်တက်နေသယောင်ရှိသော တောင်ကတုံး တစ်တောင်ကို တွေ့ရပေသည်။

ယင်းတောင်ကတုံးကြီးသည် ‘မောင့်တီးမာကျူး’ တောင်ထွတ်လောက်ပင် မြင့်မားသည်ဟု ဆိုကြသည်။

ဤမည်သောနေရာ၌ သူသာလျှင် အသက်ဝိညာဉ် တစ်ဖန်ရှင်လာမည်ဆိုငြားအံ့၊ မိမိတို့အသက်ဖြင့် လဲယူရန် ဆန္ဒပြင်းပြလျက်ရှိကြသော သူ၏ ဆွေမျိုးသင်္ဂဟတစ်စုက သူ့ရုပ်ကလာပ်ကို မြေသို့ ချလိုက်ကြသည်။

လူသတ်သမားလက်ချက်ဖြင့် သေပွဲဝင်ခဲ့ရသည့် ခင်ပွန်းသည်၏ မြေပုံဘေးတွင် အံကြိတ်ကာရပ်နေသည့် မိန်းမတစ်ဦး၏ရင်၌ ပြည့်သိပ်သော ခံစားချက်မည်သို့ ရှိချိမ့်မည်ကို မေးမြန်းရမည့်အလုပ်မှာ လွယ်ကူလှသည့် ကိစ္စတစ်ရပ် မဟုတ်ပါပေ။

ကျွန်ုပ်သည် အတွင်းရေးကလေးများကိုပင် မေးနိုင်လောက်သည်အထိ ဖရောရွှန်းမဲလ်နှင့် ရင်းနှီးနေသူဖြစ်၍ ရွှန်းမဲလ်၏ မြေပုံဘေး၌ ရပ်နေစဉ်အတွင်း သူမ၏စိတ်ကို သူမ မထိန်းချုပ်နိုင်ဘဲ ဖြစ်လိုရာဖြစ်စေတော့ဟူသော စိတ်ဖြင့် သူမ၏ခင်ပွန်းသည်ကို မည်သူမည်ဝါ သတ်ပါသည်ဟု လူသတ်သမားကို လူသိရှင်ကြား ထုတ်ဖော်ပြောဆိုလိုစိတ်များ မပေါ်ပေါက်ခဲ့ဘူးလားဟု ကျွန်ုပ်က ဖရောရွှန်းမဲလ်အား မေးခဲ့မိပါ၏။

“မအော်မိအောင် မနည်းချုပ်တည်းခဲ့ရပါတယ်၊ မြို့တော်ခန်းမထဲမှာ စစ်သူကြီး ဗွန်ရန်းစတက် မိန့်ခွန်းတွေ ပေးနေတုန်းကများဆိုရင် ဒီလူတွေဟာ မုသားတွေ ပြောနေကြတာပါ၊ လိမ်ညာနေကြတာပါလို့ အော်ဟစ်လိုက်ချင်တဲ့ စိတ်တွေ ပေါ်ပေါက်ခဲ့မိတယ်။ ဒါပေမဲ့ အော်လို့ရော ဘယ်လိုများ အကြောင်းထူးလာမှာလဲ၊ ကျွန်မ အဲဒီတုန်းက အော်ဖြစ်ရင်လည်း သူတို့က ကျွန်မကို တစ်နည်းနည်းနဲ့ နှုတ်ပိတ်ကြမှာပါပဲ၊ ဒါတွင်မကဘူး ကျွန်

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လီဆယ်ပြီး တိုင်းသိပြည်သိဖြစ်အောင် အသရေဖျက်ကြမှာ အမှန်ပါပဲ၊ ဘာပဲ ဖြစ်ဖြစ်လေ သူသေသွားပြီ မဟုတ်လားရှင်၊ ကျွန်မအနေနဲ့ သားကလေး မန်းဖရက်ရဲ့ နောင်ရေးကိုလည်း ကြည့်ရပါဦးမယ်၊ ကျွန်မကိုယ် ကျွန်မတော့ ဖြစ်ချင်တာ ဖြစ်ပါစေရှင်၊ ဂရုမစိုက်ပါဘူး၊ ဒါပေမဲ့ ဇူလိုင်လ ၂၀ ရက်နေ့နောက်ပိုင်းမှာ အသတ်ခံရတဲ့ လူတွေရဲ့ အစွန်အဖျားက ဆွေမျိုးသားချင်းတွေတောင် ရန်ရှာခဲ့ကြတယ်ဆိုတာ သိထားရတော့ ကျွန်မ တစ်ခုခု လုပ်မှားကိုင်မှား ဖြစ်ခဲ့ရင် ကျွန်မ သားကလေးပါ အသတ်ခံရမှာပါပဲ၊ သူတို့က အဲဒီလို အဘက်ဘက်က ပြင်ဆင်ထားပြီး ကျွန်မကို ချုပ်ကိုင်ခဲ့ကြပါတယ်၊ သူတို့က ကောက်ကျစ်စဉ်းလဲတဲ့ နေရာမှာ သူမတူတဲ့ လူတွေပါရှင်၊ ဒီထက် အရေးကြီးတာက ကျွန်မခင်ပွန်းသည် မသေခင်က ဆုံးဖြတ်သွားတဲ့ ဆုံးဖြတ်ချက်ကို သူသေပြီးမှ ကျွန်မ ဘယ်လိုလုပ်ပြီး ပြင်ရက်နိုင်ပါ့မလဲရှင်"

ဤကား ဖရောရွှန်းမဲလ်က ကျွန်ုပ်ကို ပြန်လည် ဖြေကြားခဲ့သော အဖြေပင် ဖြစ်သည်။

❑

## ရွှန်းမဲလ်နှင့် ရွှန်းမဲလ်၏ ကျောက်ဆစ်ရုပ်တု

သို့လျှင် ရျာပနက်ိဇ္ဇအဝဝသည် စီစဉ်သည့်အတိုင်း စနစ်တကျ ပြီးဆုံးသွားခဲ့သည်။ စစ်စစ်ပေါက်ပေါက် မြင်တတ်သူမှသာလျှင် မိန့်ခွန်း မဖတ်ကြားမီ မိနစ်အနည်းငယ်ကမှ မိန့်ခွန်းကို တစ်ဦးတစ်ယောက်က ပေးသွားသည့်အလား ဗွန်ရန်းစတက် မိန့်ခွန်းဖတ်ရာ၌ ထစ်ထစ်ငေါ့ငေါ့ ဖြစ်ခဲ့သည်ကို သတိပြုမိပေလိမ့်မည်။

ဗွန်ရန်းစတက်သည် မည်သည့်အတွက်ကြောင့် ဖရောရွှန်းမဲလ်အား စကားမပြောခဲ့သနည်း။ အဘယ်ကြောင့် ဗွန်ရန်းစတက်သည် စထရိုလင်းနှင့် ဗွန်နူးရက်(သ်)တို့၏ အနီးမှ ဖြတ်လျှောက်သွားစဉ် ထိုလူနှစ်ယောက်အား စိန်းစိန်းဝါးဝါး ကြည့်သွားခဲ့ရပါသနည်း။ "သူသိရမယ်၊ မသိရင်လည်း အနည်းဆုံး ရိပ်မိနေရမယ်။ ဒါကြောင့်လည်း သူ ကရမယ့်အခန်းကို သူ မကြိုက်ဖြစ်နေခဲ့တာပေါ့"ဟု စထရိုလင်းက ပြောခဲ့သည်။

မှန်ပေသည်။ ဗွန်ရန်းစတက်သည် သူ ကရမည့်အခန်းကို သူ မည်သည့်နည်းနှင့်မျှ နှစ်သက်ခဲ့သည် မဟုတ်ပေ။

အဘယ်ကြောင့်ဟူမူ သူသည် စစ်သားစိတ် ရှိလှသော စစ်သားကြီး တစ်ယောက်ဖြစ်သကဲ့သို့ လူကြီးလူကောင်း တစ်ယောက်လည်းဖြစ်ပြီး ဟစ်တလာနှင့် နာဇီပါတီကိုလည်း ကြာမြင့်စွာကပင် စက်ဆုပ်ရွံရှာနေခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဖြစ်သောကြောင့်တည်း။

ထို့ကြောင့်လည်း ဗွန်ရန်းစတက်သည် အထက်အမိန့်အရ မိန့်ခွန်းပြောခဲ့ရသော်လည်း စိတ်ပါလှမည်တော့ မဟုတ်ပေ။

ရွှန်းမဲလ် ကွယ်လွန်သွားခြင်းနှင့်ပတ်သက်၍ သင်္ကာမကင်းဖြစ်နေသော စစ်သားတစ်ဦးကိုလည်း မမျှော်လင့်သည့် အသိုင်းအဝန်းထဲ၌ ရှိနေသည်ကို တွေ့ခဲ့ရသည်။

ထိုစစ်သားမှာ အက်(စ်)အက်(စ်) အရာရှိ စထရိုလင်း၏မိတ်ဆွေတစ်ဦးဖြစ်ပြီး ၎င်းက "ဂျာပနက ဘယ်လိုမှန်းလဲ မသိဘူး၊ ကျွန်တော့်စိတ်ထဲမှာ တစ်ခုဖြစ်တယ်လို့ ထင်တာပဲ"ဟူ၍ စထရိုလင်းအား ဂျာပနအခမ်းအနားမှ အပြန်လမ်းတွင် ပြောခဲ့သည်။

ထိုသို့သော သံသယမျိုးကို လူတိုင်း ဖြစ်ပေါ်ခဲ့သည်တော့ မဟုတ်ပေ။ နာဇီပါတီနှင့် အထက်ဦးစီးအဖွဲ့မှ အတွင်းကျသူများမှအပ အခြားဂျာမန်လူမျိုးသား လူများစုကြီးက ရွှန်းမဲလ် ကွယ်လွန်ရခြင်းသည် တိုက်ပွဲမှ ရခဲ့သော ဒဏ်ရာများကြောင့် ဖြစ်သည်ဟု ယုံကြည်ကြပြီး မိမိတို့မျက်မှောက် ပြုနေရသော သောကများအကြားမှပင် ရွှန်းမဲလ်အား ရိုးသားစွာလွမ်းဆွတ် တသခဲ့ကြသည်။

ကျွန်ုပ်သည် အခွင့်သာခိုက် ဟောဒင်ဟိမ်မြို့သားကြီး ဗိုလ်ကြီးဟာတ်မန်းဆိုသူအား ရွှန်းမဲလ် ကွယ်လွန်သွားခြင်းနှင့် ပတ်သက်၍ သံသယဖြစ်မိသလားဟု မေးမြန်းကြည့်မိရာ ၎င်းက အောက်ပါအတိုင်း ပြန်လည် ဖြေကြားခဲ့သည်။

"အစကတော့ ကျွန်တော် ဘယ်လိုမှ သံသယမဖြစ်မိပါဘူး၊ ဂျာပနကိစ္စပြီးလို့ လေးငါးဆယ်ရက်လောက်ကြာတော့ သူငယ်ချင်းတစ်ယောက်နဲ့ ကျွန်တော် လမ်းလျှောက်ထွက်ခဲ့ပါတယ်။ လမ်းမှာ သူငယ်ချင်းက ကျွန်တော့်ဘက်ကို ရုတ်တရက် လှည့်ပြီး 'အကြောင်းထူးတစ်ခုရှိတယ်'ဆိုတာတော့ သေချာတယ်ဗျ၊ အဲဒီကိစ္စနဲ့ ပတ်သက်လို့ ခင်ဗျား 'ဘာများသိထားသလဲ'လို့ မေးတယ်၊ ဒါနဲ့ ကျွန်တော့်ခေါင်းထဲကို ချက်ချင်း အတွေးတစ်ခု ဝင်လာတယ်၊ ရွှန်းမဲလ်ရဲ့ ရုပ်ကလာပ်ကို ကျွန်တော် မြင်ရတော့လည်း မျက်နှာ



အမူအရာက လုံးဝ မပျက်ဘူး၊ သေခါနီး မချိတင်ကဲ ရုန်းကန်သွားရတဲ့ အသွင်မျိုးလည်း မရှိသလို သေနတ်ဒဏ်ရာတို့ ဘာတို့လည်း မတွေ့ရဘူး၊ ရောဂါတစ်ခုခုနဲ့ ရိုးရိုးသားသား သေတဲ့ပုံမျိုးပါပဲ၊ ရွှန်းမဲလ် မကွယ်လွန်မီ သုံးပတ်ခန့်လောက်က ဟာလင်ဂျင်းမှာ ရွှန်းမဲလ်နဲ့အတူ တစ်နေကုန် နေခဲ့ပါတယ်၊ အဲဒီတုန်းက ကျွန်တော်သိသလောက်ဆိုရင် သူ့ဒဏ်ရာတွေဟာ လုံးလုံးပျောက်လုနီးပါးပါပဲ၊ နောက်ပြီး သူ့ကြည့်ရတာလည်း ရွှင်ရွှင်ပျပျနဲ့ စိတ်လက်ချမ်းသာပုံလည်း ရပါတယ်။ မှတ်ဉာဏ်လည်း ကောင်းလျက်ပါပဲ၊ ကျွန်တော်နဲ့တောင် ပထမကမ္ဘာစစ်ကြီးအတွင်းက အကြောင်းတွေကို ပြောရင်း သူက နာမည်တွေ၊ နေ့စွဲတွေတောင် ပြန်ပြောနိုင်တာ တွေ့ရပါတယ်။ အဲဒီတုန်းက သူ့စိတ်ထဲမှာ သူ့ကို အလုပ်ပြန်ဝင်ခိုင်းမယ်လို့တောင် မမျှော်လင့်ခဲ့ဘူး။ အဲဒါလည်း ဂိုအားရင်း၊ ကီးတဲလ်နဲ့ တပ်မတော် ဦးစီးအဖွဲ့ဝင်တွေကပါ သူ့ကို သဘောမကျတာ သိနေခဲ့လို့ပါပဲ၊ သူက စစ်ကို အဖတ်ဆယ်မရအောင် ရှုံးနေပြီလို့ ယုံကြည်ထားတယ်။ ဒါပေမဲ့ သူ့အသက်ကို သူစိုးရိမ်တဲ့အကြောင်းတော့ စကားရိပ်တောင် မသန်းခဲ့ပါဘူး"

ထိုသို့ တွေးခဲ့ရင်း ဗိုလ်ကြီး ဟာတ်မန်းက စိတ်မသန့်စရာ ကောင်းသော ရွှန်းမဲလ်၏ ကွယ်လွန်ပုံကို အဖြေရှာခဲ့မိပါသည်ဟူ၍လည်း ပြောပြခဲ့သည်။

သို့သော် ၁၉၄၅ ခုနှစ်၊ ဧပြီလသို့ရောက်မှပင် ဖရောရွှန်းမဲလ် ပြောပြခဲ့သဖြင့် ဗိုလ်ကြီး ဟာတ်မန်းခမျာ ရွှန်းမဲလ်၏ အဖြစ်မှန်ကို သိခွင့်ရခဲ့လေတော့သည်။

ဤအတောအတွင်း တောင်ကုန်းထက်မှ ထီးတည်းရပ်တည်နေသည့် အိမ်ကလေး၌ကား ရွှန်းမဲလ်၏ မိသားစုမှာ ဣန္ဒြေမပျက် ဆက်လက်၍ နေထိုင်လျက်ပင် ရှိသည်။ ၎င်းအိမ်ကလေးတွင် အပြောင်းအလဲဟူ၍ တစ်ခုသာလျှင် ရှိသည်။

အိမ်ထောင်မှုကိစ္စတွင် ဝေယျာဝစ္စ ကူညီလုပ်ကိုင်ရန် စစ်သားအိုကြီးတစ်ယောက်ကို ဖရောရွှန်းမဲလ်အတွက် ပေးထားခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ငင်း စစ်သားအိုကြီးမှာ ကျည်သင့်သည့် ဒဏ်ရာကြောင့် ခြေတစ်ဖက်ပြတ်နေသဖြင့် မစွမ်းမသန် ဂီလာန အဘိုးအိုကြီးသက်သက်မျှသာ ဖြစ်ပေသည်။

နူရာဝဲစွဲဆိုသည့်နှယ် ငင်းစစ်သားအိုကြီး၏ ရင်အုံ၌ ဗုံးဆန်မှန်သော ဒဏ်ရာဟောင်းများလည်း ရှိသည်။ ထို့ကြောင့် ဖရောရှွန်းမဲလ်က ငင်းစစ်သားအိုကြီးအား ဗာဟီရ အလုပ်ကလေးများကိုသာလျှင် ပေးထားတတ်ပြီး ငင်း ပေါ့ပါးသော တာဝန်ကလေးများအနက် များသောအားဖြင့် အဘိုးအိုလုပ်ရသောအလုပ်မှာ တယ်လီဖုန်းခေါ်သံကြားလျှင် နားထောင်ရသောအလုပ်ပင် ဖြစ်သည်။

အောက်တိုဘာလ ၁၃ ရက်နေ့က ဗိုလ်ချုပ်ဘားဒေါ့ဖ်နှင့် ဗိုလ်ချုပ်မေစဲလ်တို့ လာရောက်မည့်အကြောင်း ဘာလင်ဌာနချုပ်မှ တယ်လီဖုန်းဖြင့် အကြောင်းကြားခဲ့စဉ်ကလည်း အဘိုးအိုပင် နားထောင်ခဲ့သည်။

ဈာပနကိစ္စပြီး၍ မကြာမီပင် ငင်း စစ်သားအိုကြီးအား သက်ဆိုင်ရာတပ်သို့ ပြန်ပို့ရန် ဖရောရှွန်းမဲလ်ထံ အမိန့်စာတစ်စောင် ရောက်ရှိလာခဲ့သည်။ ထိုအခါ ဖရောရှွန်းမဲလ်က ငင်းစစ်သားအိုကြီးမှာ ဂီလာန ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သဖြင့် အိမ်၌ပင်လျှင် ဆက်လက် ထားခွင့်ပြုပါရန် သက်ဆိုင်ရာသို့ တောင်းပန်လျှာ တင်သွင်းခဲ့သည်။

သို့သော် စစ်သားအိုကြီးအား ပြန်ပို့ရန် အမိန့်စာ အသစ်တစ်စောင် ထပ်မံရောက်ရှိလာသဖြင့် ပြန်ပို့လိုက်ရာ ပရတ်မြို့အနီးရှိ တပ်စခန်းသို့ ရောက်သွားလေတော့သည်။

တပ်မတော်ဌာနချုပ်မှ မိတ်ဆွေတစ်ဦးထံ ဖရောရှွန်းမဲလ်က တယ်လီဖုန်းဖြင့် အကူအညီတောင်းသဖြင့် ထိုစစ်သားအိုကြီးကို တစ်ကြိမ် ပြန်ရခဲ့ရသေးသည်။

သို့သော် စစ်သားအိုကြီး အိမ်ရောက်၍မှ မကြာမီပင် တပ်သို့ ပြန်ပို့ရန် အမိန့်ရောက်လာပြန်သဖြင့် ပြန်ပို့ခဲ့ရပြန်သည်။ သို့ဖြင့် မကြာမီမှာပင် လူးလာခေါက်တုံ့ဖြစ်နေရသော စစ်သားအိုကြီး သေဆုံးသွားကြောင်း ကြားလိုက်ရလေတော့သည်။

ယခုကဲ့သို့ စစ်သားအိုကြီးတစ်ယောက်အား ရေးကြီးခွင်ကျယ်



လုပ်၍ တပ်သို့ ပြန်လည်ခေါ်ယူခဲ့ခြင်းသည် လူအင်အားချို့တဲ့မှုကြောင့် ‘တစ်ယောက်လည်း တစ်ယောက်အလျောက်’ ဆိုသည့်သဘောဖြင့် ပြန်လည်ခေါ်ယူခြင်းပင်လော၊ သို့မဟုတ် ဖရောရှွန်းမဲလ်အနေဖြင့် ကွယ်လွန်သူစစ်သူကြီး ဇနီးမျှသာလျှင် ဖြစ်ခြင်းကြောင့် စစ်သား ကူဖော်လောင်ဘက်တစ်ယောက် မလိုအပ်တော့ဟု ယူဆကြ၍ပေလော ဆိုသည်မှာ များစွာ သံသယဖြစ်ဖွယ် ရှိပေသည်။

သို့သော် ယခုတိုင်ပင် ဖရောရှွန်းမဲလ်၏ စိတ်ထဲတွင် မသန်စွမ်းသည့် စစ်သားအိုကြီးတစ်ယောက်၏ ဘဝကို ဤသို့ အထက်အာဏာပိုင်များက ထူးထူးကဲကဲ စိတ်ဝင်စားခဲ့သည်ကို အံ့သြ၍ မဆုံးနိုင်အောင် ဖြစ်နေရသည်ဟု ဆိုလေသည်။

ဤသို့ အိမ်ဖော်စစ်သားအိုကြီးနှင့် ပတ်သက်၍ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသည်မှအပ ဖရောရှွန်းမဲလ်တွင် အခြား အနှောင့်အယှက်များ မရှိခဲ့ပေ။

ညဉ့်တစ်ညဉ့်တွင် ခြံဝင်းထဲသို့ အက်(စ်)အက်(စ်) တပ်သားနှစ်ယောက် ကျူးကျော်ဝင်ရောက်ခဲ့သည်မှာလည်း မသမာသည့်စိတ်ဖြင့် တစ်ခုခုကြံစည်ရန် လာရောက်သည်ဟု မဆိုသာပေ။

ငင်းတို့ ဝင်ရောက်လာခဲ့စဉ်က “ဘာလုပ်နေတာလဲ၊ မပြောရင် ပစ်လိုက်မယ်”ဟု ဖရောရှွန်းမဲလ်က ခြိမ်းခြောက်လိုက်ရုံဖြင့်ပင် ခြံထဲမှ ငြိမ်သက်စွာ ထွက်ခွာသွားခဲ့ကြသည် မဟုတ်ပါလော။

“ကျွန်မအနေနဲ့တော့ မကြောက်ပါဘူး၊ သူတို့ရဲ့ အတွင်းရေးတွေ သိတဲ့လူတွေကို သုတ်သင်နေတဲ့အခါ ဖြစ်လေတော့ နောက်ဆုံး ကျွန်မ အလှည့် ရောက်လာမှာပဲလို့ သေချာပေါက် တွက်ထားပြီးသားပါ။ ကျွန်မကတော့ သားကလေး မန်ဖရက်အတွက်ပဲ ပူခဲ့ရပါတယ်။ သူတို့ စိတ်မထင်လို့ ကျွန်မသားကလေးကို သတ်ပစ်ချင်ရင် လွယ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် တိုက်ပွဲမှာ ကျတယ်လို့ ဆိုရုံနဲ့ ပြီးနိုင်တယ် မဟုတ်လား”ဟု ဖရောရှွန်းမဲလ်က ပြန်ပြောပြခဲ့ပြီး သားဖြစ်သူ မန်ဖရက်ကလည်း ကျွန်ုပ်သူ၏မိခင်ကို မေးမြန်းနေစဉ်အတွင်း မိခင်ကြီး ပခုံးကို တယုတယ မှီရင်းမှ ကျွန်ုပ်အား အောက်ပါအတိုင်း ဖြည့်စွက်၍ ပြောပြခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ မေမေ့အတွက်ရော၊ ကျွန်တော့်အတွက်ပါ စိတ်ပူခဲ့တာပါပဲ၊ ကျွန်တော်ကလည်း သူတို့အတွင်းရေးတွေကို တော်တော်များများ သိထားတဲ့အတွက် လူငယ်တစ်ယောက်ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ စကားလုံးမှားမှာ မဟုတ်ဘူး၊ တစ်နေ့မဟုတ်တစ်နေ့ ပြန်ပြောမှာပဲဆိုတဲ့ အတွေး သူတို့ခေါင်းထဲ ဝင်နိုင်စရာအကြောင်းရှိတာကို ကျွန်တော်က စိုးရိမ်မိတယ်။

မိခင်တပ်ရင်းဖြစ်တဲ့ လေယာဉ်ပစ် အမြောက်တပ်က ခြေလျင်တပ်ရင်းကို ပြောင်းတဲ့အခါမှာ အဲဒီခြေလျင်တပ်က တပ်ရင်းမှူးက နာဇီတစ်ယောက် ဖြစ်လေတော့ ကျွန်တော့်ကို မသင်္ကာစိတ်နဲ့ မျက်ခြည်မပြတ် စောင့်ကြည့်နေတယ်လို့ ကျွန်တော် ထင်ခဲ့မိတယ်။

အဲဒီအတွေးဟာ ကျွန်တော့်ရဲ့ အစိုးရိမ်လွန်တဲ့ စိတ်ကူးသက်သက် ဖြစ်ချင်ဖြစ်မယ်။ ဒါနဲ့ပဲ ကျွန်တော်လည်း အူး(မ်)ကို အမေရိကန်တွေ ဝင်ပြီဆိုတဲ့ သတင်းလည်းကြားရော တစ်ဖက်ကလည်း မေမေ့အခြေအနေက စိတ်ချရစပြုလာတဲ့အတွက် အမေရိကန်တွေဆီသွားပြီး သုံ့ပန်းအဖြစ် အဖမ်းခံလိုက်ဖို့ ဆုံးဖြတ်ခဲ့တယ်"

အမေရိကန်များ၏ လက်တွင်းသို့ မရောက်မီ လမ်းခုလတ်တွင် သေကံမရောက်ခဲ့သည်မှာ မန်းဖရက်အတွက် ကံကောင်းသည်ဟု ဆိုရပေမည်။

ပြင်သစ်တပ်များရှိရာ 'ရိုဒဲလင်ဂင်'သို့ အသွားတွင် အက်(စ်)အက်(စ်) တိုက်ကင်းတစ်ခုနှင့် ပက်ပင်းတိုးခဲ့မိသည်။

မန်းဖရက် ရင်ဆိုင်တိုးခဲ့သော အက်(စ်)အက်(စ်) တိုက်ကင်းမှာ နောက်ဆုံးတာဝန်ကို ထမ်းဆောင်နေသူများဖြစ်လေရာ သူတို့သဘောအလျောက် ထင်ရာစိုင်းမည့်တပ် ဖြစ်သည်ကို မန်းဖရက်က အကဲခတ်မိသည်။

သို့ဖြစ်လေရာ ဂျာမန်စစ်သားတစ်ယောက်ကို အကြောင်းမလုံလောက်ဘဲနှင့် တပ်အပြင်ဘက်၌ တွေ့ရှိလျှင် ထိုတပ်သားအား ဖမ်းဆီးပြီး နီးရာသစ်ပင်တွင် ကြိုးဆွဲချသတ်ရန်မှာ ၎င်းတို့၏ တာဝန်ဖြစ်သကဲ့သို့ ထိုရက်စက်ကြမ်းကြုတ်မှုမျိုးကိုလည်း ဝမ်းမြောက်ဝမ်းသာ လုပ်ကိုင်လိုသူများ



ဖြစ်လေသည်။

ဘလက်ဖောရက်စစ်နှင့် အခြားသစ်တောများတွင် ကြိုးဆွဲချအသတ်ခံရသည့် ဂျာမန်စစ်သား အလောင်းများကို တွေ့မြင်ခဲ့ရသော မဟာမိတ်တပ်သားများအနေဖြင့် တုန်လှုပ်ချောက်ချားကြမည်မှာ အမှန်ပင်ဖြစ်သည်။

တိုက်ကင်းက မန်းဖရက်အား နေရာတွင်ပင် ရပ်တန့်ခိုင်းလိုက်ပြီး တိုက်ကင်းခေါင်းဆောင်က မေးခွန်းထုတ်ခဲ့လေသည်။

မန်းဖရက်ကလည်း ဤသို့ ဖြစ်လိမ့်မည်ဟု မျှော်လင့်ခဲ့သည့်အတွက် သူဖြေကြားရမည့် အဖြေကို ပြင်ဆင်ခဲ့ပြီး ဖြစ်လေရာ သူသည် လွန်ခဲ့သည့် မိနစ်အနည်းငယ်အတွင်းက ပြင်သစ်တပ်များ လက်တွင်းသို့ ကျရောက်တော့မည့်ဆဲဆဲမှ လွတ်မြောက်ခဲ့ရသူဖြစ်ကြောင်း၊ ယခု သူသည် မိမိ၏ တပ်ခွဲမှူးကို ရှာဖွေရန် အဆောတလျင် ထွက်လာခဲ့ရကြောင်း၊ ပြင်သစ်တပ်များမှာမူ မနီးမဝေးမှ ရွာတစ်ရွာတွင် ရောက်ရှိနေပြီဖြစ်ကြောင်း စသည်ဖြင့် ယုတ္တိတန်သော လုပ်ကြံဇာတ်လမ်းတစ်ပုဒ်ကို ဣန္ဒြေမပျက် ပြောပြလိုက်သည်။

ဤသို့ဖြင့် မန်းဖရက်သည် အက်(စ်)အက်(စ်) တပ်သားများလက်မှ လွတ်မြောက်ခဲ့ပြီး ပြင်သစ်တပ်များ လက်ထဲသို့ သုံ့ပန်းအဖြစ် ရောက်ရှိသွားလေတော့သည်။

မန်းဖရက်အား ပြင်သစ်တပ်က ကောင်းကောင်းမွန်မွန် ပြုစုစောင့်ရှောက်ခဲ့ကြသည်။ ပြင်သစ်ဗိုလ်ချုပ် ဒီတလ်၊ ဒီတက်ဆင်(ဂ်)နီကမူ မန်းဖရက်အား ရွှန်းမဲလ်၏ သားမှန်းသိသွားသောအခါ သက်သာသည့် စကားပြန် တာဝန်ကိုပေးကာ ဖရောရွှန်းမဲလ်၏ သတင်းများကိုလည်း ဒုက္ခခံပြီး စုဆောင်းပေးရှာလေသည်။

အဲလ်ဒင်ဂျာမှာမူ အခြားသူများနည်းတူ အတွင်းရေးများကို သိထားသူဖြစ်သော်လည်း နာဇီများ၏ အနှောင့်အယှက် မခံရသဖြင့် အံ့သြစရာကောင်းလှသည်ဟု ဆိုရပေမည်။

သို့သော် ဂျာမန်များ လက်နက်မချမချင်း ထိတ်ထိတ်ပျာပျာ နေခဲ့ရပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com



စထရိလင်းလည်း အဖမ်းမခံရချေ။ စထရိလင်း အဖမ်းမခံရခြင်းမှာ ဂက်စတာပို ထောက်လှမ်းရေးဌာန၏ ညံ့ဖျင်းမှုကြောင့် ဖြစ်သည်ဟု ဆိုစမှတ်ပြုခဲ့ကြသည်။

အချို့ကလည်း စထရိလင်းအား စတပ်ဂက်တစ်နယ်လုံးက ကြည်ညိုလေးစားကြပြီး ပြင်ပနိုင်ငံများ၌လည်း ထင်ရှားကျော်ကြားသူတစ်ယောက်ဖြစ်သည့်အတွက် စထရိလင်းအား ဖမ်းဆီးခြင်းထက် အမှုမဲ့ အမှတ်မဲ့ နေလိုက်ခြင်းက ပို၍ကောင်းမည်ဆိုသည့် စိတ်ကူးဖြင့် ဟာစ်တလာနှင့် အပေါင်းပါများက တွက်ချက်ခဲ့ကြခြင်းကြောင့်သာ ဖြစ်သည်ဟု ဆိုခဲ့ကြလေသည်။

သို့မဟုတ် စထရိလင်း၏ မိတ်ဆွေ ရဲမင်းကြီးဟောင်း၏ ကျေးဇူးကြောင့် ဤသို့ သက်သာခွင့် ရလိုက်သည်ဟူ၍လည်း ဆိုခဲ့ကြလေသည်။

ဆိုခဲ့သည့်အတိုင်း အမျိုးမျိုး ဝေဖန်ခဲ့ကြသော်လည်း ကာယကံရှင် စထရိလင်း ကိုယ်၌ကမူ သူ့အား မဖမ်းဆီးခဲ့ခြင်းကို ယခုတိုင် အဖြေရှာ၍ မရဟု ဆိုလေသည်။

ဗိုလ်ချုပ် စပီဒဲလ် လွတ်မြောက်ရခြင်းမှာ အမှန်ပင် အံ့သြစရာကောင်းလှပေသည်။ ဉာဏ်အမြော်အမြင် ရှိမှုနှင့် ကြံ့ခိုင်သော သံမဏိစိတ်ဓာတ်ကြောင့် လွတ်မြောက်လာခဲ့ရခြင်း ဖြစ်သည်။

စပီဒဲလ် လွတ်မြောက်ရခြင်းကို ကြည့်လျှင်မူ သဘာဝတ္တပညာရှင်တစ်ယောက်သည် ရက်စက်ကြမ်းကြုတ်လှသော လူသတ်သမားများကိုပင် ခေါင်းအေးအေးဖြင့် အနိုင်ယူနိုင်ကြောင်း သက်သေထူလိုက်သည်နှင့် တူပေတော့သည်။

ထောင်ထဲ၌ ဂက်စတာပိုများ စစ်ဆေးစဉ်က စပီဒဲလ်တွင် အပြစ်ရှိသည်ဟု တပ်အပ်သေချာ ယုံကြည်ခဲ့ကြသည်။

ဒေါက်တာ ဂိုအာဒီလား၏ စာရင်းထဲတွင်လည်း စပီဒဲလ်၏ နာမည်ပါဝင်မည်မှာ သေချာလှသည်။

ထို့အပြင် ဂိုအာဒီလားအား ရိုက်နှက်စစ်ဆေးခဲ့ကြစဉ်က ဂိုအာဒီလားက ဟာစ်တလာ လုပ်ကြံမှုတွင် မည်သူမည်ဝါ ပါကြောင်း ထုတ်ဖော်အစစ်ခံခဲ့လေသည်။



"ကျုပ်အထင်ကတော့ သူတို့မေးခွန်းတိုင်းကို မကြောက်မရွံ့ ရှေ့စကားနှင့် နောက်စကား ညီအောင် ပြန်ဖြေနိုင်ခဲ့လို့ပဲ ထင်တယ်၊ နောက်ပြီး သေရမှာ ကြောက်လို့ ဆင်ခြေပေးနေတာထက် အဖြေမှန်သာ ဖော်ထုတ်လိုလို့ ပြန်လှန်ငြင်းခုံနေတဲ့ သဘောမျိုး ရောက်အောင် ပြောနိုင်ဆိုနိုင်လို့ ဆိုရင်လည်း မှားမယ် မဟုတ်ပါဘူး။

သူတို့ ကျွန်တော့်ကို ဗိုလ်ချုပ် ဗွန်စတုလ်မနေဂ်လ်နဲ့ ဦးစီးအဖွဲ့ဝင် ဗိုလ်မှူး ဗွန်ဟိုဖက်ကားတို့နဲ့ မျက်နှာချင်းဆိုင်ပေးပြီး မေးခွန်းထုတ်တဲ့ အခါတုန်းက အတော့်ကို သတိထားခဲ့ရပါတယ်။ ဟိုဖက်ကားကို ဆေးခတ်သလိုလို၊ ညှဉ်းဆဲပြီး မေးခွန်းထုတ်ခဲ့သလိုလို ကြားထားတဲ့အတွက် ဟိုဖက်ကား မျက်လုံးကို ကျွန်တော်က စူးစူးစိုက်စိုက်ကြည့်ပြီး သတိပေးလိုက်ရတယ်။ ဒါနဲ့ပဲ သူလည်း သတိရလာပြီး သူထွက်ဆိုခဲ့သမျှတွေကို ဂက်စတာပိုတွေက အဓိပ္ပာယ်မှန်အောင် မကောက်နိုင်ပါဘူးလို့ ပြန်ဖြေတယ်"ဟူ၍ ဖြစ်လေသည်။

ဗိုလ်ချုပ် စပီဒဲလ်သည် အဲလ်ဘရက်စထရက် ထောင်ထဲ၌ နှစ်ကြိမ်မျှ ပြင်းပြင်းထန်ထန် အစစ်ဆေးခံရပြီး သာမန်စစ်ဆေးခြင်းများကိုလည်း အကြိမ်ပေါင်းများစွာ ခံခဲ့ရသည့် ကြားမှပင် ဂက်စတာပိုတို့၏ လက်ထဲမှ လွတ်မြောက်လာခဲ့သူ ဖြစ်သည်။

ယင်းသို့ ဗိုလ်ချုပ်ကြီး စပီဒဲလ်သည် အကြိမ်ပေါင်းများစွာ နည်းမျိုးစုံဖြင့် စစ်ဆေးခြင်းခံခဲ့ရသော်လည်း တစ်စက္ကန့်မျှလောက်ပင် အငိုက်မမိခဲ့ချေ။

သဘာဝတ္တပညာရှင်တစ်ဦးဖြစ်သည့် အားလျော်စွာ ဂက်စတာပိုများထက် အမြော်အမြင် ကြီးလေရကား သူ့တွင် အပြစ်မရှိဟု ဂက်စတာပိုများ လုံးဝ ယုံကြည်အောင် မပြုလုပ်နိုင်ခဲ့သော်လည်း သူ့တွင် အပြစ်ရှိချင်မှ ရှိမည်ဟု ဂျာမန်များ စိတ်ထဲ၌ သံသယဖြစ်အောင်တော့ ဖန်တီးနိုင်ခဲ့သည်။ ထို့ပြင် သူတို့ကိုယ်သူတို့ မိုက်မဲရာများ ကျနေပြီလားဟူသော အတွေးကို ဂက်စတာပိုများ၏ စိတ်အတွင်းသို့ သွတ်သွင်းပေးခဲ့သည်။

ဤနည်းဖြင့် သူသည် ဂက်စတာပိုများ လက်ချက်ဖြင့် သေရမည့်ဘေးမှ သီသီကလေး လွတ်ခဲ့သည်။ ထိုတွင်မက စပီဒဲလ်သည် "သားရေ

www.burmeseclassic.com

www.burmeseclassic.com



ထမ်းလာတာကို မြင်ချင်တယ်"ဆိုသည့်နှယ် မိမိလွတ်မြောက်ရေးကိုသာမက ရွှန်းမဲလ်၏ လွတ်မြောက်ရေးကိုပင် ကြိုးပမ်းခဲ့သည်။ သူ့ကြိုးပမ်းချက်မှာ အောင်မြင်လုမတတ် ဖြစ်ခဲ့သည်။

အဘယ်ကြောင့်ဟူမူ "၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ အရေးအခင်းထဲမှာ ရွှန်းမဲလ် ဘယ်နည်းနဲ့မှ မပါဝင်နိုင်ဘူး"ဟုသော သဘာဝယုတ္တိဆောင်၍ ပြောတတ်သည့် စပီဒဲလ်၏ ထွက်ဆိုချက်ကို ဂက်စတာပိုများက လက်ခံလုမတတ် ဖြစ်ခဲ့သောကြောင့်တည်း။

စပီဒဲလ်သည် သဘာဝတ္တပညာရှင် ဖြစ်သည့်အလျောက် ဤသို့ယုတ္တိတန်အောင် ဂက်စတာပိုများကို ဆင်ခြင်ပေး လျှောက်လဲရာတွင် "ငြင်းခုံခြင်းဖြင့် အမှန်တရားကို ရှာဖွေသောပညာရပ်"ဖြစ်သည့် အနုပဋိလောမနည်းကို အသုံးပြုကာ ဆန္ဒ၏ စေစားချက် လုံးဝမပါစေဘဲ ဆင်ခြင်တုံတရားသက်သက်ဖြင့်သာ အမှန်ကို ရှာဖွေလေဟန် ဂက်စတာပိုများ ထင်မြင်လာအောင် အယုံသွင်းခဲ့သည်။

သာမန်အားဖြင့်ဆိုလျှင် စပီဒဲလ်၏ ကြိုးပမ်းချက်ဖြင့်ပင် ရွှန်းမဲလ် လွတ်မြောက်နိုင်စရာအကြောင်း ရှိပါ၏။

ယခုမူ စေတစ်လုံးပိုင်ရှင် ဟစ်တလာကိုယ်တိုင်က ရွှန်းမဲလ်အပေါ်၌ အမျက်ထားနေခြင်းကြောင့် စပီဒဲလ်၏ ကြိုးပမ်းချက်များ အချည်းနှီးဖြစ်ခဲ့ရသည်။

ရွှန်းမဲလ်အပေါ် ဟစ်တလာ အမျက်ထားခဲ့ခြင်းမှာမူ သူ့အပေါ် သစ္စာဖောက်ခြင်းထက် သူ့အား မထောက်မညှာ မှန်ရာကို တင်ပြပြောဆိုခဲ့ခြင်းကြောင့် ဖြစ်သည်။

မှန်သည်။ သူ ကီးတဲလ်နှင့် ဂျူးဒဲလ်တို့သည် အာဖရိကအရေးတွင်လည်းကောင်း၊ နော်မန်ဒီအရေးတွင် လည်းကောင်း၊ အတွက်အချက် အမှားကြီးမှားခဲ့သည်။ ၎င်းအရေးအခင်း နှစ်ခုစလုံးပင် ၎င်းတို့၏ မျက်နှာပျက်လောက်အောင်ပင် ရွှန်းမဲလ်၏ ဟောကိန်းများက မှန်ကန်ခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့်ပင် ဆိုရေးရှိသော စကားကို ဆိုဝံ့သော ရွှန်းမဲလ်အား ဟစ်တလာသည် အမုန်းကြီး မုန်းခဲ့ပြီး ထိုခါးသီးလှသော မုန်းစိတ်ကို ဖြေ



ဖျောက်ရန်ကလည်း ရွှန်းမဲလ်ကို သတ်ပစ်ရုံမှတစ်ပါး တခြားနည်းလမ်း မရှိပါပေ။

စပီဒဲလ်အနေဖြင့်မူ ဟစ်တလာ ခါးခါးသီးသီး မုန်းလောက်အောင် အပြစ်မကျူးလွန်ခဲ့သဖြင့် ဟစ်တလာ၏ စက်ကွင်းမှ လွတ်ကင်းရခြင်း ဖြစ်သည်။

အကြောင်းကမူ စပီဒဲလ်ကဲ့သို့သော ရွှန်းမဲလ်၏ ဦးစီးချုပ်တစ်ဦးအား ဖျောက်ဖျက်ပစ်လိုက်ပါက ရွှန်းမဲလ်အား ဖျောက်ဖျက်ပစ်ရန် ဆင်ထားသည့် ဇာတ်ကွက်တစ်ခုလုံး အများပြည်သူ သင်္ကာယနမကင်းဖြစ်ပြီး ဘူးပေါ်သလို ပေါ်သွားမည်ကို ဟစ်တလာက အစိုးရိမ်လွန်ခဲ့မိသောကြောင့် ဖြစ်လေသည်။

ထိုစဉ်က ဗိုလ်ချုပ် သို့မဟုတ် သဘာဝတ္တပညာရှင် စပီဒဲလ်သည် နာဇီတို့၏ တရားမဲ့မှုကို ခုနစ်လတိုင်တိုင် ခံခဲ့ရသည်။

သို့သော် နာဇီတို့က သူ့အား ချက်ချင်း လွှတ်ခဲ့သည်ကား မဟုတ်ချေ။

ဂက်စတာပိုတို့သည် ၎င်းတို့ဖမ်းဆီးထားသော လူများကို လွယ်လွယ်နှင့် ပြန်လွှတ်တတ်သူများ မဟုတ်လေရကား စပီဒဲလ်အား အပြစ်ပေးနိုင်ရန် သက်သေ သို့မဟုတ် သဲလွန်စများ မမျှော်လင့်သောနေရာမှ ပေါ်ပေါက်လာလိုလာငြား ဆိုသည့် မျှော်လင့်ချက်ဖြင့် အချိန်ဆွဲ၍ စောင့်မျှော်ခဲ့ကြဟန် တူလေသည်။

သို့နှင့် စပီဒဲလ်သည် စစ်ကြီးပြီးခါနီး နောက်ဆုံးရက် သတ္တပတ်အထိ ကွန်စတင့် ရေကန်ကြီးအနီးရှိ အကျဉ်းစခန်းတစ်ခု၌ မသင်္ကာ၍ ဖမ်းဆီးထားသော အခြားအကျဉ်းသားများနှင့်အတူ အချုပ်အနှောင်နှင့် နေခဲ့ရသည်။

၎င်းတို့ကို အက်(စ်)အက်(စ်) အရာရှိတစ်ဦး ခေါင်းဆောင်သည့် အထူးကင်းအဖွဲ့တစ်ဖွဲ့က စောင့်ကြပ်ထားပြီး ၎င်းအက်(စ်)အက်(စ်) အရာရှိကိုလည်း သက်ဆိုင်ရာက အကျဉ်းသားများအား အသက်ရှင်လျက်ဖြင့် မဟာမိတ်များလက်တွင်းသို့ မကျရောက်စေရန် အမိန့်ထားသည်ဟု စပီဒဲလ်က ယုံကြည်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ချုပ်နှောင်ခြင်း ခံနေရစဉ် စပီဒဲလ်၏ ဦးနှောက်အတွင်းရှိ အဘိဓမ္မာဆိုင်ရာ အတွေးအခေါ်များ နေရာတွင် သူ၏ စစ်ပညာနှင့် စစ်အတတ်များက ရှင်သန်နိုးကြားလာကြသည်။

ထိုအချိန်၌ စပီဒဲလ်သည် အကျဉ်းထောင်စခန်းမှူးနှင့် ခင်မင်နေပြီဖြစ်သဖြင့် ထိုသဘောကောင်းလှသော အကျဉ်းထောင်စခန်းမှူး၏ အကူအညီကိုယူကာ ဟင်းမလားထံမှ ပို့လိုက်သည့်ပုံဖြင့် သံကြိုးစာစောင် အတုလုပ်၍ ကင်းမှူး အက်(စ်) အက်(စ်) အရာရှိလက်သို့ ရောက်အောင် ကြံစည်ခဲ့သည်။

ယင်းသံကြိုးစာ အတုထဲတွင် အကျဉ်းသားများအား ပိုမိုလုံခြုံသည့်နေရာသို့ ပြောင်းရွှေ့ရန် အသင့်ပြင်ထားရမည်ဟု အမိန့်ပါရှိပြီး ၎င်းသံကြိုးစာ လက်ဝယ်သို့ရောက်ရှိလျှင် အကျဉ်းသားများအား ပြောင်းရွှေ့ရေးအတွက် ဟင်းမလားထံသို့ တယ်လီဖုန်းဖြင့် တိုက်ရိုက်အမိန့်ခံယူရန် ဟူ၍လည်း ညွှန်ကြားထားလေသည်။

ထောင်မှ တယ်လီဖုန်းပျက်နေသဖြင့် သံကြိုးစာပါ ညွှန်ကြားချက်အတိုင်း ဟင်းမလားထံသို့ တယ်လီဖုန်းဆက်၍ အမိန့်ခံယူရန် ကင်းမှူးဖြစ်သူ အက်(စ်)အက်(စ်) အရာရှိမှာ ထောင်အပြင်သို့ထွက်ပြီး တယ်လီဖုန်းဆက်ရလေတော့သည်။

အက်(စ်)အက်(စ်) အရာရှိအပြင်သို့ ထွက်နေခိုက် အကျဉ်းစခန်းမှူးက စပီဒဲလ်နှင့် အကျဉ်းသား ၂၀ ခန့်အား လွှတ်ပေးခဲ့လေသည်။

စပီဒဲလ်ခေါင်းဆောင်သော ထောင်ပြေးအဖွဲ့သည် ခရစ်ယာန်ဘုန်းကြီးတစ်ပါးထံ၌ ခိုလှုံခဲ့ကြသဖြင့် ၎င်းတို့အား ထိုဘုန်းတော်ကြီးက လုံခြုံသည့်နေရာသို့ ပို့ပေးခဲ့သည်။

သို့နှင့် နာဇီများက ထောင်ပြေးများကို အပူတပြင်း ရှာဖွေနေခိုက်မှာပင် မဟာမိတ်များက ထိုနယ်မြေကို သိမ်းပိုက်လိုက်သဖြင့် စပီဒဲလ်နှင့်အဖွဲ့မှာ နာဇီများလက်မှ လွတ်မြောက်ခဲ့လေသည်။

ရွှန်းမဲလ်၏ အတ္ထုပ္ပတ္တိကား ဤတွင် နိဋ္ဌိတံလေပြီ။

* * *



သို့ရာတွင် ရွှန်းမဲလ်၏ ဘဝဇာတ်ခုံ၌ အရေးအကြီးဆုံး အခန်းဟုဆိုရမည့် ရွှန်းမဲလ် ကွယ်လွန် အနိစ္စရောက်ပြီးသည့်နောက် ရက်သတ္တပတ် အနည်းငယ်အတွင်း ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တစ်ခုကို တင်ပြရန် ကျွန်ုပ်တွင် တာဝန်ရှိနေသည်ဟု ထင်မြင်မိပါသည်။

ဤသည်မှာ ၁၉၄၅ ခုနှစ်၊ မတ်လဆန်း၌ ဟစ်တလာ၏ စိတ်ကူးယဉ်ကမ္ဘာကြီး ပြိုပျက်နေစဉ်အတွင်း စစ်သချိုင်း ကော်မရှင်မှ ပေးပို့လိုက်သော မတ်လ ၇ ရက် နေ့စွဲပါ စာတစ်စောင်ကို ဖရောရွှန်းမဲလ် လက်ခံရရှိလိုက်သော အကြောင်းပင် ဖြစ်လေသည်။

စာပါ အကြောင်းအရာကား...

"ကွယ်လွန်သူ စစ်သူကြီး အမှတ်တရ ဖြစ်စိမ့်သောငှာ ကျောက်ဆစ်ရုပ်တု တစ်ခု ထုလုပ်စိုက်ထူရန် ကျွန်ုပ်အား ခေါင်းဆောင်ကြီး ဟစ်တလာက အမိန့်ပေးခဲ့ပါသည်။

၎င်းအမိန့်အရ ကျွန်ုပ်သည် ကျောက်ဆစ်ပညာရှင်များထံမှ ရုပ်တုပုံစံများ တင်သွင်းရန် ခေါ်ယူခဲ့ပါသည်။ ၎င်းပုံစံအချို့ကိုလည်း ယခုစာနှင့်အတူ ပူးတွဲပေးပို့လိုက်ပါသည်။

ယခုအချိန်မျိုးတွင် ကျောက်ရုပ်ကို စိုက်ထူရန်သော်လည်းကောင်း၊ ပို့ဆောင်ရန် သော်လည်းကောင်း ဖြစ်နိုင်ဦးမည် မဟုတ်ပါ။ လုပ်နိုင်လျှင်လည်း နမူနာပုံစံငယ်မျှသာ ပြုလုပ်နိုင်ပါလိမ့်ဦးမည်။

စစ်သူကြီးအား ကေသရာဇာ ရုပ်တုဖြင့် တင်စားနှိုင်းယှဉ်လျှင် သင့်မြတ်လျော်ကန်လိမ့်မည်ဟု ထင်မြင်မိပါသည်။ ကျောက်ဆစ်ပညာရှင်တစ်ဦးက ဗိုဝိန်ချုပ်ငြိမ်းအံ့သော ကေသရာဇာခြင်္သေ့မင်း၏ပုံကို တင်သွင်းခဲ့ပြီး တစ်ဦးကမူ ငိုကြွေးသော ခြင်္သေ့ပုံကို လည်းကောင်း၊ အခြားတစ်ဦးကလည်း သားကောင်ကို ခုန်အုပ်အံ့သော ခြင်္သေ့ပုံတစ်ပုံကိုလည်းကောင်း အသီးသီးတင်သွင်းခဲ့ကြပါသည်။

ကျွန်ုပ်အနေဖြင့် နောက်ဆုံးပုံကို သဘောကျ နှစ်ခြိုက်မိပါသည်။ အကယ်၍ သင်က ဗိုဝိန်ချုပ်ငြိမ်းအံ့သော ခြင်္သေ့ပုံကို ကြိုက်နှစ်သက်လျှင်လည်း စီစဉ်ပေးနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီး စပီးယားထံမှ အထူးခွင့်ပြုချက် ရထားသဖြင့် ကုန်ကြမ်းများအတွက်မူ ပူပင်စရာ မရှိပါ။ ချက်ချင်းပင် ပြုလုပ်ပေးနိုင်ပါသည်။

သာမန်အားဖြင့်ဆိုလျှင် ယခုအချိန်မျိုးတွင် ရုပ်တုများကို ကျောက်ဖြင့် ထုလုပ်ရန် ခဲယဉ်းလှပါသည်။

သို့သော် ယခုကဲ့သို့သော အထူးကိစ္စအတွက်မူ ကျောက်ဖြင့် ချက်ချင်း ထု၍ သင်္ဘောဖြင့် အမြန်တင်ပို့နိုင်ပါသည်"ဟူ၍ ဖြစ်လေသည်။ ၎င်းစာကို ဖရောရွှန်းမဲလ်က အရေးတယူလုပ်၍ စာမပြန်ခဲ့ပါချေ။

❑

## ရှုထောင့် အထွေထွေမှ ရွှန်းမဲလ်

### ရွှန်းမဲလ်နှင့် မောင်ဂိုမာရီ

စစ်ပွဲကြီးများ ဖြစ်ပွားတိုင်း ယင်းစစ်ပွဲများ၏ အကြောင်းအရာတို့သည် နောင်းလူများအတွက် ဇာတိသွေး ဇာတိမာန် တက်ကြွစေမည့် ပုံပြင်များအဖြစ် မှတ်တမ်းတင် ကျန်ရစ်ခဲ့တတ်ကြသည်။

ထိုနည်းတူစွာပင် ယင်းစစ်ပွဲကြီးများတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် တပ်သား၊ အကြပ်၊ ဗိုလ်၊ ဗိုလ်ချုပ်၊ စစ်သူကြီး စသည့် သူရဲကောင်းတို့ အကြောင်းအရာများသည်လည်း နောင်းလူများအတွက် ပုံပြင်သဖွယ် လက်ဆင့်ကမ်းပြော၍ မကုန်နိုင်အောင် ဥဒါန်းတွင်ရစ်တတ်ကြပါသည်။

မှန်ပေသည်။ ဒုတိယကမ္ဘာစစ်ကြီး၏ တိုက်ပွဲများအကြောင်းနှင့် ပါဝင်တိုက်ခိုက်ခဲ့ကြသည့် ဗိုလ်ချုပ်များအကြောင်း၊ စစ်သေနာပတိကြီးများအကြောင်း စသည်တို့ကို စာအုပ်ပေါင်း မြောက်မြားစွာ ရေးသားပြုစုခဲ့သည်။

ယနေ့တိုင် ရေးသားနေကြဆဲဖြစ်၍ နောင်ကိုလည်း ရေး၍ ဆုံးနိုင်ကြမည် မဟုတ်ပေ။

ဤသို့ ရေးစရာအကြောင်းများ မကုန်နိုင် မခန်းနိုင်အောင် အကြောင်းအရာများ ရရှိနေသည်မှာလည်း ဝါဒဖြန့်ချိမှုအတတ်၌ လည်းကောင်း၊ သတင်းအပို့အယူအတတ်၌ လည်းကောင်း၊ ယခုခေတ်သည် ရှေ့

www.burmeseclassic.com

www.burmeseclassic.com



ခေတ်အခါကထက် တိုးတက်နေခြင်းကြောင့် ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း စစ်ပွဲကြီးတစ်ပွဲ ပြီးဆုံးလေတိုင်း သူရဲကောင်းများ ပေါ်ပေါက်လာရစမြဲ ဖြစ်လေရာ ဒုတိယကမ္ဘာစစ်ပွဲကြီးအတွင်း အိုက်ဆင်ဟောင်းဝါး၊ မောင်ဂိုမာရီ၊ အော့ချင်လက်၊ မောင့်ဘက်တန်၊ မက်အာသာ၊ ဗီရိုရှီးလော့ဖ်၊ ဇူးကော့ဖ်၊ ရန်းစတက်၊ ရွှန်းမဲလ် စသည့် သူရဲကောင်းများ ကမ္ဘာတစ်လွှားတွင် ကျော်ကြားခဲ့ရသည်။

ယင်းဗိုလ်ချုပ်ကြီးများသည် ဤကဲ့သို့ ကမ္ဘာကျော် ဗိုလ်ချုပ်ကြီးများအဖြစ် ထင်ရှားကျော်ကြားလာသည်နှင့်အမျှ လက်ရုံးရည်၌ လည်းကောင်း၊ နှလုံးရည်၌ လည်းကောင်း မည်သည့် ဗိုလ်ချုပ်ကြီးများက အတော်ဆုံး ဖြစ်ပါသနည်းဟူသည့် မေးခွန်းများကိုလည်း မကြာခဏ မေးမြန်းလာခဲ့ကြသည်။

ယင်းမေးခွန်းကို ဖြေကြားသူများအနက် အချို့က စစ်သူကြီးတစ်ယောက်တွင် ရှိအပ်သည့် စွမ်းရည်ကို ပေတံအဖြစ် ထား၍ တိုင်းတာလျှင်မူ ဂျာမန်စစ်သူကြီး ရွှန်းမဲသာလျှင် လက်ရုံးရည်၊ နှလုံးရည် နှစ်ရပ်စလုံးနှင့် ပြည့်စုံပြီး အချွန်အမွန်ဆုံး ဖြစ်ပါသည်ဟု အဖြေပေးခဲ့ကြလေသည်။

မဟာမိတ် ဗိုလ်ချုပ်များကမူ ရွှန်းမဲလ်အား သာမန် စစ်ဗိုလ်ချုပ်တစ်ဦးမျှသာ ဖြစ်ပါသည်ဟု ဆိုခဲ့ကြသည်။

၎င်းတို့က ရွှန်းမဲလ်အား သာမန်မျှသာဟူ၍ သတ်မှတ်ပညတ်ခဲ့သော်လည်း ၎င်းတို့မှာ ရှေ့စကားနှင့် နောက်အလုပ် ညီညွတ်သူများ မဟုတ်ကြပေ။

အကြောင်းမူ ၎င်းတို့သည် ရွှန်းမဲလ်အား သာမန်ဟု နှုတ်ဖြင့် သတ်မှတ်ခဲ့ပြီး လက်တွေ့တွင်မူ သာမန် ဗိုလ်ချုပ်တစ်ယောက်မျှသာ ဖြစ်သည့် ရွှန်းမဲလ်နှင့် ယှဉ်ပြိုင်စစ်ထိုးရာတွင် မဟာမိတ်တို့သည် စစ်သူကြီးများကို တစ်ယောက်ပြီးတစ်ယောက် လဲလှယ်၍ တိုက်ခိုက်ခဲ့ရခြင်းကြောင့် ဖြစ်လေသည်။

သို့ဖြစ်၍ တစ်ဖက်ရန်သူတွင် ရှိသည့် အရည်အချင်းကို အသိအမှတ်ပြုရန် ဝန်လေးတတ်သော၊ ချီးမြှင့်ဂုဏ်ပြုရန် နှုတ်နှေးတတ်သော လူ့သဘာဝအရ ရွှန်းမဲလ်အား သာမန်ဟု သတ်မှတ်ခဲ့ကြသည်ကို ထောက်



ချင့်သော် အရည်အချင်းအရာတွင် ရွှန်းမဲလ်မှာ ၎င်းတို့ထက် မနိမ့်ကျကြောင်း ထုတ်ဖော်ဝန်ခံလိုက်သည်နှင့်သာ တူနေပေတော့သည်။

တချို့ကလည်း ရွှန်းမဲလ်သည် သူဦးစီးကွပ်ကဲရသော တိုက်ပွဲကို သာလျှင် ပိုင်ခဲ့ပြီး စစ်ပွဲကို မပိုင်ဟူ၍ လည်းကောင်း၊ ရွှန်းမဲလ်သာ ဟစ်တလာ၏ နေရာမျိုးကို ရရှိခဲ့လျှင် မဟာမိတ်တို့၏ စစ်သေနာပတိချုပ်ကဲ့သို့ အနှောင်အဖွဲ့ကင်းမဲ့စွာ ဦးစီးကွပ်ကဲမှုရပြီး နောက်ပိုင်းမှလည်း လူအင်အား လက်နက်အင်အား အကန့်အသတ်မရှိ ရရှိခဲ့လျှင် အိုက်ဆင်ဟောင်းဝါး၏ အာဏာပိုင်ဆိုင်မှုများနှင့် အခွင့်အရေးများ ရခဲ့လျှင် ကမ္ဘာကိုပင် ခါးစောင်းတင်နိုင်မည့်သူ ဖြစ်သည်ဟု ဆိုခဲ့ကြ၏။

ဗြိတိသျှနန်းရင်ဝန် မစ္စတာ ချာချီကလည်း ရွှန်းမဲလ်အား 'မဟာစစ်သူကြီး'ဟူ၍ ဗြိတိသျှပါလီမန်တွင် နှုတ်ဖြင့် ဖွင့်ဟဝန်ခံခဲ့ရလေသည်။

ထိုမျှသာ မဟုတ်သေးဘဲ 'သဲကန္တာရမြေခွေး'ဟူသော အမည်ဖြင့် ရွှန်းမဲလ်နှင့် ရွှန်းမဲလ်၏ တိုက်ပွဲများအကြောင်းကို ရုပ်ရှင်ရိုက်ကူးခဲ့ကြပြီး ရွှန်းမဲလ်၏ အတ္ထုပ္ပတ္တိကိုလည်း ဘာသာပေါင်းစုံဖြင့်ရေးသား၍ ကမ္ဘာစာပေလောကတွင် ပျံ့နှံ့စေလေသည်။

အဆုံးဆိုရချေသော် စစ်ဘုရင် နပိုလီယံ ကျော်ကြားခြင်းသည်ပင်လျှင် စစ်အတတ် တစ်ခုတည်းကြောင့် မဟုတ်မူဘဲ အခြားအကြောင်းများကြောင့် ဖြစ်သည်။

စစ်အတတ်သက်သက်ဖြင့် ဆိုလျှင်မူ ရွှန်းမဲလ်သည် နပိုလီယံထက်ပင် ကျော်ကြားသေးသည် ဟူ၍လည်း ဆိုစမှတ်ပြုခဲ့ပါသေးသည်။

အထက်ဖော်ပြပါ ဝေဖန်ချက်များအပြင် အခြား ဝေဖန်ချက်များလည်း ရှိပေသေးသည်။

ဤသို့ ရွှန်းမဲလ်သည် ကမ္ဘာတစ်လွှား လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော်လည်း အရင်းစစ်လျှင်မူ စစ်ရှုံးသော စစ်သူကြီးတစ်ယောက်မျှသာ ဖြစ်သည်ကို သတိမူသင့်လှပေသည်။

မဟာမိတ် ဗိုလ်ချုပ်များ ကျော်ကြားရခြင်းမှာ စစ်နိုင်ခြင်းကြောင့် ကျော်ကြားရခြင်းဖြစ်သဖြင့် အောင်ပွဲ၏ ရောင်ပြန်ဟပ်မှုကြောင့်သာ ကိုယ်ရည်ကိုယ်သွေး တောက်ပြောင်လာရခြင်း ဖြစ်သည်ဟုဆိုလျှင် မှားနိုင်မည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ချေ။

ထို့ကြောင့်လည်း အောင်ပွဲမှ ဆိုင်းသံဗုံသံများ ခြိမ့်ခြိမ့်သဲနေသည့် တစ်ခဏမှာပင် ၎င်းတို့၏ ဂုဏ်သတင်းမှာ ကျော်ကြားခဲ့ရပြီး ဆိုင်းသံဗုံသံ တိတ်ဆိတ်သည်နှင့် ၎င်းတို့၏ ဂုဏ်သတင်းများမှာလည်း မှေးမှိန်ပျောက်ကွယ်မြဲ ဖြစ်ခဲ့ရလေသည်။

ရွှန်းမဲလ်၏ ကျော်ကြားခြင်းမှာမူကား ဆိုခဲ့ပြီးသည့်အတိုင်း ရေပွက်ပမာ တစ်ခဏမျှသာ မဟုတ်ပါချေ။ ရွှန်းမဲလ် ဆွတ်ခူးခဲ့သမျှ အောင်ပွဲများမှာ စွမ်းရည်သတ္တိ အကြောင်းရင်းကြောင့်သာလျှင် ဖြစ်သဖြင့် စိုင်ကော်၍ ချုံပေါ်ရောက်ခြင်းမျိုး မဟုတ်လေရကား အသက်ပင် သေခဲ့ရလင့်ကစား သူ့နာမည်ကို မသေနိုင်ဘဲ ရှင်သန်လန်းဆန်းဆဲ၊ ပန်းနှယ်မွှေးနေဆဲ ဖြစ်နေရပေသည်။

စစ်သမိုင်းတွင် လက်ရုံးရည် နှလုံးရည်ဖြင့် ကမ္ပည်းထိုးခဲ့သူများစာရင်းတွင် ရွှန်းမဲလ်၏ နာမည် အခွန့်ရှည်စွာ တည်ရစ်ဦးမည်မှာလည်း သံသယဖြစ်ဖွယ် မလိုပြီ။

သို့တစေ သူသည် စစ်ရှုံးသည့် စစ်သူကြီးတစ်ယောက် ဖြစ်လေရာ သူ့အကြောင်း ပြောလေတိုင်း သူအရေးရှုံးနိမ့်ခဲ့သည့် တိုက်ပွဲများ အကြောင်းပါ ပါဝင်ရမည်ဖြစ်ပြီး သူရှုံးနိမ့်ခဲ့သည့် တိုက်ပွဲများတွင် သူ့ကို အနိုင်ယူသွားခဲ့သော မဟာမိတ် ဗိုလ်ချုပ်များအကြောင်းလည်း မရှောင်မလွှဲသာ ပါဝင်လာရမည်မှာ သဘာဝပင် ဖြစ်လေသည်။

သို့ဖြစ်ရာ သဲကန္တာရစစ်မြေတွင် အောင်ပွဲခံသော ရွှန်းမဲလ်၏ အောင်ပွဲများအကြောင်းကို ရေးသားပြုစုခဲ့ပြီး ဖြစ်သဖြင့် ရွှန်းမဲလ် အရေးနိမ့်ခဲ့ရသည့် အဲလ်အာလာမိန်း တိုက်ပွဲကြီးအကြောင်းကို လည်းကောင်း၊ ယင်းတိုက်ပွဲကြီးတွင် 'အကောင်းဆုံးခံစစ်သည် ထိုးစစ်သာဖြစ်သည်'ဆိုသည့် စစ်အဘိဓမ္မာကို ရင်ဝယ်ပိုက်ခဲ့သော ရွှန်းမဲလ်အား "အကောင်းဆုံး ထိုးစစ်ဆိုသည်မှာ ခံစစ်ကို အခြေပြုပြီး အဆင့်ဆင့် တိုးတက်တိုက်ခိုက်သောနည်းသာလျှင် ဖြစ်သည်"ဆိုသည့် စစ်ပညာကို လက်ဝယ်ပိုင်ပိုင် ကိုင်ခဲ့သော ခံစစ်ဘုရင် မောင်ဂိုမာရီအကြောင်း ဖော်ပြရန်မှာလည်း တာဝန်တစ်ရပ် ဖြစ်လာရပေ တော့သည်။



အမှန်မှာလည်း ရွှန်းမဲလ်နှင့် မောင်ဂိုမာရီတို့၏ အတ္ထုပ္ပတ္တိအကြောင်းအရာများသည် စိတ်ဝင်စားစရာ ကောင်းလှသကဲ့သို့ ဇာတိစိတ်ဇာတိမာန်လည်း တက်ကြွဖွယ် ကောင်းလှပေ၏။

ဤမျှ ထင်ရှားကျော်ကြားပြီး သမိုင်းဝင် တိုက်ပွဲတစ်ရပ်ကို စစ်ပညာသားပါပါဖြင့် တိုက်ခိုက်ခဲ့ကြသော စစ်သူကြီးနှစ်ဦး၏ စစ်ထိုး၊ စစ်ခံ၊ စစ်ဆုတ်၊ စစ်တက်ပုံနှင့်တကွ နှလုံးရည်၊ လက်ရုံးရည်၊ အမူအကျင့်၊ စရိုက်တို့ကို နှိုင်းယှဉ်၍လည်းကောင်း၊ စံထိုး၍ လည်းကောင်း ကြည့်ရှုကာ စစ်ရှုံးရသော အကြောင်းရင်းနှင့် စစ်နိုင်သော အကြောင်းရင်းတို့ကို လေ့လာသင့်ပေသည်။

ထိုကမ္ဘာကျော် ဗိုလ်ချုပ်ကြီးနှစ်ဦး ဦးစီးတိုက်ခိုက်ခဲ့သည့် စစ်ပွဲများ၏ အကြောင်းခြင်းရာ အလုံးစုံကို ခြုံငုံမိရန်မှာ ၎င်းတို့၏ စစ်မှုထမ်းမှတ်တမ်းမှပင် အခြေပြု၍ စူစမ်းရပေမည်။

မောင်ဂိုမာရီသည် ရွှန်းမဲလ်ထက် အသက်လေးနှစ်မျှ ကြီးသည်။

စစ်ဘက်တွင် လုပ်သက် နှစ်နှစ်ခန့်စော၍ အရာရှိဖြစ်ခဲ့သည်။

သို့ရာတွင် ရာထူးတစ်ဆင့်မှ တစ်ဆင့်သို့ တိုးတက်လာရသည့် ကာလအပိုင်းအခြားတွင်မူ အတူတူလိုပင် ဖြစ်လေသည်။

အရာရှိဖြစ်ခါစ စောစောပိုင်းများတွင် နှစ်ဦးစလုံး ရာထူးအတက်နှေးခဲ့ကြပါ၏။

ဤသို့ ဖြစ်ရသည်မှာလည်း ရွှန်းမဲလ်၏ မိသားစုထဲတွင် ဖခင်လုပ်သူ အမြောက်တပ်ထဲတွင် ခေတ္တ စစ်မှုထမ်းဖူးသည်မှလွဲ၍ စစ်မှုထမ်းမျိုးရိုးအစဉ်အလာ မရှိခဲ့သဖြင့် ဩဇာတိက္ကမရှိသော စစ်ဘက်အရာရှိ အသိုင်းအဝိုင်းတွင် မိတ်ဆွေသင်္ဂဟဟူ၍ မရှိသလောက် ဖြစ်ခဲ့ရပြီး အခြားမှူးမျိုးမတ်နွယ် ပရပ်ရှင်းအရာရှိများကဲ့သို့ စစ်ထဲဝင်စဉ်ကပင် မိမိကြိုက်နှစ်သက်ရာ တပ်ကို ရွေးချယ်နိုင်သည့် အခွင့်အရေးများကို လည်းကောင်း၊ တန်ရုံသင့်ရုံ အရည်အချင်းရှိရုံဖြင့် ရာထူးဌာနန္တရ တစ်ရှိန်ထိုး တိုးတက်နိုင်သည့် အခွင့်အရေးမျိုးကို လည်းကောင်း ရရှိခဲ့သူမဟုတ်သဖြင့် ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်လမ်းကိုယ်ထွင်ခဲ့ရခြင်းကြောင့် ဖြစ်လေသည်။

မှန်သည်။ ယင်းအခါ ရွှန်းမဲလ်ကဲ့သို့ အဆက်အသွယ်မဲ့၊ အကာ

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်အဖို့ လုပ်သက်တစ်ဆုံး ကျူးလုပ်ပါမှ အမြင့်ဆုံး ဗိုလ်မှူးကြီး အဆင့်လောက်သော ရရှိနိုင်မည်ဖြစ်ပြီး ထိုအဆင့်လောက်ကို ရရှိလိုက်လျှင်ပင် ကံကောင်းသည်ဟု ဆိုစမှတ်ပြုရမည့် အခါသယမ ဖြစ်သည်။

ထိုသို့ဖြစ်ရာ ရွှန်းမဲလ်သည် ၁၉၃၃ ခုနှစ်ကျမှသာ ဗိုလ်မှူး အဆင့်သို့ လည်းကောင်း၊ ၁၉၃၅ ခုနှစ်ကျမှသာ ဒုဗိုလ်မှူးကြီး အဆင့်သို့ လည်းကောင်း တက်နိုင်ခဲ့လေသည်။

မောင်ဂိုမာရီမှာမူ ၁၉၃၀ ပြည့်နှစ်မှစ၍ ဒုဗိုလ်မှူးကြီး ဖြစ်ခဲ့သည်။ သို့ရာတွင် နှစ်ဦးစလုံးပင် ဗိုလ်ချုပ်အဆင့်သို့ ပြိုင်တူလိုလို ရောက်ခဲ့ကြသည်။

ခုနှစ်သက္ကရာဇ်ဖြင့် နှိုင်းယှဉ်ရပါမူ မောင်ဂိုမာရီက ၁၉၈၃ ခုနှစ်တွင် ဗိုလ်ချုပ်ဖြစ်၍ ရွှန်းမဲလ်က ၁၉၃၉ ခုနှစ်ဦးပိုင်းတွင် ဗိုလ်ချုပ်ဖြစ်ခဲ့သည်။

ဗိုလ်ချုပ်ဖြစ်ခဲ့ပြီးနောက် ခြောက်လအကြာတွင် နှစ်ဦးစလုံး ဗိုလ်ချုပ်ကြီး (တပ်မမှူး)များအဖြစ် အဆင့်အတန်းပြည့် ဗိုလ်ချုပ်ကြီးများ ဖြစ်ခဲ့ကြလေသည်။ စစ်သေနာပတိချုပ် ရာထူးကိုမူ ရွှန်းမဲလ်က မောင်ဂိုမာရီထက် နှစ်နှစ်ခန့်စော၍ ရရှိခဲ့လေသည်။

ရွှန်းမဲလ်သည် ၁၉၁၂ ခုနှစ်မှ ၁၉၃၅ ခုနှစ်အထိ ၂၃ နှစ်တိုင်တိုင် စစ်မြေပြင်၌သာ ကျင်လည်ခဲ့ရသည်။

ဤသို့ ရွှန်းမဲလ် စစ်မြေပြင်၌ ကျင်လည်နေရစဉ်အတွင်း မောင်ဂိုမာရီမှာ တိုက်ပွဲတစ်ပွဲတွင် ဒဏ်ရာရခဲ့သဖြင့် စစ်ဆေးရုံများ၌ လည်းကောင်း၊ ဦးစီးတက္ကသိုလ်နှင့် တက္ကသိုလ်များ၌ လည်းကောင်း အမှုထမ်းနေလေရာ အခြားတစ်ဖက်တွင် ရွှန်းမဲလ်က လက်တွေ့တိုက်ပွဲဝင် စစ်ပရိယာယ်များကို လိမ္မာကျွမ်းကျင်နေသလောက် အခြားတစ်ဖက်တွင်မူ မောင်ဂိုမာရီက ဦးစီးဌာနချုပ်မှနေ၍ စစ်ဆင်မှုရေးရာနှင့် အုပ်ချုပ်မှုရေးရာများကို ထူးချွန်နေလေသည်။

မောင်ဂိုမာရီသည်လည်း ရံဖန်ရံခါ ဆိုသကဲ့သို့ ပထမစစ်ကြီး အတွင်းက ကိုယ်တိုင် ဦးစီးကွပ်ကဲ၍ တိုက်ပွဲဆင်ခဲ့ဖူးပါ၏။

သို့သော် တိုက်ရသော တိုက်ပွဲများမှာ ကာလအတိုင်းအတာအားဖြင့် မရှည်ကြာခဲ့ပါချေ။

သို့ဖြစ်ရာတွင် ရွှန်းမဲလ်သည် တိုက်ပွဲအတွေ့အကြုံနှင့် စစ်မြေပြင်



ဗဟုသုတအရာတွင် မောင်ဂိုမာရီထက် ကြွယ်ဝသည်ဟု ဆိုရပေမည်။

ရွှန်းမဲလ်သည် ပထမကမ္ဘာစစ်ကြီးအစမှ အဆုံးတိုင် ပြင်သစ်၊ ရူးမေးနီးယားနှင့် အီတလီပြည်များတွင် တပ်မှူးအဖြစ် တိုက်ခိုက်ခဲ့ရသည်။

သူတို့ တိုက်ခိုက်ခဲ့ရသည့် တိုက်ပွဲတိုင်းတွင် သူ၏ ထူးချွန်လှသော စစ်စွမ်းရည်နှင့် သူရသတ္တိတို့ကို ပြသနိုင်ခဲ့သဖြင့် ထင်ပေါ်ကျော်ကြားခဲ့သည်။

မောင်ဂိုမာရီအနေဖြင့်မူ ပထမကမ္ဘာစစ်ကြီးအတွင်း ၁၉၁၄ ခုနှစ်တွင် တိုက်ပွဲအနည်းငယ်မျှသာ ဆင်းခဲ့ရပြီး စစ်ကြီးအစလောက်၌ပင် ဒဏ်ရာရခဲ့သဖြင့် စစ်မြေပြင်ရှိ ဆေးရုံတစ်ရုံတွင် တက်ရောက်ကုသရင်း အချိန်ကုန်ခဲ့ရသည်။

ထို့အပြင် ရွှန်းမဲလ်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၂ ခုနှစ်တွင် မောင်ဂိုမာရီနှင့် ယှဉ်ပြိုင်စစ်ထိုးခွင့် မရသေးမီကပင် စစ်မြေပြင်၌သာလျှင် ကျင်လည်ခဲ့ရသည်။

ရွှန်းမဲလ်သည် သံချပ်ကာကား တပ်မတစ်တပ်ကို အုပ်ချုပ်၍ တိုက်ခိုက်ခဲ့ရပြီးနောက် ၁၉၄၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၁၉၄၂ ခုနှစ်၊ ဩဂုတ်လအထိ အာဖရိကကိုး၏ တပ်မှူးအဖြစ် တိုက်ခိုက်ခဲ့ရလေသည်။

မောင်ဂိုမာရီမူကား ၁၉၄၀ ပြည့်နှစ်တွင် တပ်မမှူးအဖြစ် ခေတ္တမျှ စစ်မြေပြင်၌ အမှုထမ်းခဲ့ရသည်။ သို့သော် မောင်ဂိုမာရီသည် စစ်ဦးစီးအဖွဲ့တွင် လည်းကောင်း၊ စစ်တက္ကသိုလ်များတွင် လည်းကောင်း၊ ကြာရှည်ကြာမျှော ကျင်လည်ခဲ့ရသဖြင့် ဦးစီးမှုပညာနှင့် စစ်ဆင်မှုရေးရာတို့တွင် ရွှန်းမဲလ်ထက် ထူးချွန်ခဲ့ရပေသည်။

ထို့ပြင် မောင်ဂိုမာရီသည် စစ်အထက်တန်း ပညာရပ်များကို ရွှန်းမဲလ်ထက် ပို၍ သင်ကြားခွင့် ရခဲ့သည်။ ရွှန်းမဲလ် တက်ရောက်သင်ကြားခွင့် မရသည့် စစ်ဦးစီးပညာရပ်များကိုလည်း သင်ကြားခွင့်ရခဲ့သည်။ စစ်အေးကာလ၌လည်း ရွှန်းမဲလ်အုပ်ချုပ်ခွင့် ရခဲ့ဖူးသည့် တပ်များထက် ပိုမိုများပြားကျယ်ပြန့်သော တပ်များကို ကွပ်ကဲအုပ်ချုပ်ခွင့် ရခဲ့သည်။

အမှန်မှာမူ ရွှန်းမဲလ်နှင့် မောင်ဂိုမာရီတို့၏ စွမ်းရည်ပြိုင်ရသည့် ကာလအတိုင်းအတာကား လွန်စွာမှပင် တိုတောင်းလှပါ၏။

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့နှစ်ဦးသည် အာဖရိကတွင် ၁၉၄၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှ ၁၉၄၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ခုနစ်လခန့်မျှသာ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသည် ဖြစ်လေရာ သူတို့နှစ်ဦး၏ အရည်အချင်းကို တိတိပပ နှိုင်းယှဉ်တင်ပြရန်မှာမူ အလွန်ပင် ခဲယဉ်းပေလိမ့်မည်။

ရွှန်းမဲလ်၏ စွမ်းရည်ကိုမူ ၁၉၄၀ ခုနှစ် ပြင်သစ်ပြည်တွင် ဆင်နွှဲခဲ့သည့် တိုက်ပွဲများနှင့် ၁၉၄၂ ခုနှစ်၊ ဩဂုတ်လမတိုင်မီ မောင်ဂိုမာရီနှင့် နဖူးတွေ့ ဒူးတွေ့ ရင်မဆိုင်ရမီ ဆင်နွှဲခဲ့ရသည့် သဲကန္တာရစစ်ပွဲများအကြောင်းကို လေ့လာကြည့်ခြင်းဖြင့်ပင် သိသာနိုင်ပေသည်။

ပြင်သစ်ပြည်တွင် ရွှန်းမဲလ်သည် အမှတ် ၇ သံချပ်ကာကား တပ်မဖျူးအဖြစ် ဦးစီးတိုက်ခိုက်ခဲ့စဉ်ကပင် သူ၏စွမ်းရည်ကို ကမ္ဘာသိအောင် ပြသနိုင်ခဲ့သည်။ ရွှန်းမဲလ်သည် ၁၉၄၀ ခုနှစ်၊ မေလ ၁၄ ရက်နေ့၌ ဒဏ်ရာ အနည်းငယ် ရရှိခဲ့ပြီး မဟာမိတ်တို့၏ လက်မှ သီသီကလေး လွတ်မြောက်ခဲ့ရသည်။

သူ၏ သံချပ်ကာကား တပ်မတပ်ကို သုံးလခန့်မျှသာ ဦးစီးကွပ်ကဲခွင့် ရခဲ့ဖူးသော်လည်း ပြင်သစ်ပြည် တိုက်ပွဲများ၏ ပထမကဏ္ဍဖြစ်သည့် ကလဲရာဖေး၊ အိုဗိန်းစ်၊ လဲလန်ဒရေးစီးလ် လီမဲတိုး၊ စိန့်အီလွိုင်နှင့် စိန့်ဗီလာရီ တိုက်ပွဲများတွင် ဆက်တိုက် တစ်ပွဲပြီးတစ်ပွဲ အပြတ်အသတ် အနိုင်ယူခဲ့ပြီး ဝိုင်းရံထားသော ရန်သူစစ်ကြောင်းများကို ထိုးဖောက်ကာ အမှတ် ၅ သံချပ်ကာကား တပ်မနှင့် လက်ချင်းဆက်နိုင်လိုက်သည်။

ပြီး ဒုတိယကဏ္ဍတွင် ပြင်သစ်တပ်သား ၃၀၀၀၀ မျှဖြင့် အကာအကွယ်ပြုထားသည့် ရှားဘိုးမြို့ကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။ ရွှန်းမဲလ်၏ တပ်မသည် ရှားဘိုးမြို့ ခံတပ်မှ လက်နက်များကို ရေတွက် လွှဲပြောင်းယူခြင်း မပြုလုပ်နိုင်မီ ရှေ့ဆက် ချီခဲ့ရသော်လည်း မေလ ၁၀ ရက်နေ့မှ စတင်တိုက်ခိုက်ခဲ့သော စစ်ဆင်ရေးအတွင်း ရှောင်တခင် ဖမ်းဆီးသိမ်းပိုက်မိလိုက်သည့် သုံ့ပန်းနှင့် လက်နက်များသည်ပင် မည်မျှ များပြားကြောင်း အောက်ပါ စာရင်းကို ကြည့်ခြင်းအားဖြင့် သိသာနိုင်ပေသည်။

ပြင်သစ် ရေတပ်မတော် မြောက်ပိုင်း ဗိုလ်ချုပ်ကြီး (၁)၊ ရေတပ်ဗိုလ်ချုပ်(၄)၊ တပ်မမှူးကြီး (ကြည်း) (၁)၊ တပ်မှူး (၄)၊ ၎င်းဦးစီးအဖွဲ့ဝင်



များ၊ အမြောက်အလက် ၂၇၇ ခန့် လေယာဉ်ပစ်အမြောက် ၆၄ ခန့်၊ တင့်ကားနှင့် သံချပ်ကာကား ၄၅၈ ခန့်၊ ထရပ်ကား (၄၀၀၀၊ ၅၀၀၀)ခန့်၊ ရိုးရိုးမော်တော်ကား (၁၅၀၀၊ ၂၀၀၀) ခန့်၊ မြင်းဆွဲလှည်း မြင်းလှည်း (၁၅၀၀၊ ၂၀၀၀)ခန့်၊ ဘတ်စ်ကား (၃၀၀၊ ၄၀၀) ခန့်၊ မော်တော်ဆိုင်ကယ် (၃၀၀၊ ၄၀၀)ခန့်တို့ ဖြစ်သည်။ စစ်ဆင်ရေး တစ်ရပ်လုံးတွင် ၉၇၄၆၈ ဖမ်းမိပြီး ထိုအထဲတွင် ရွှန်းမဲလ်တပ်မမှ သုံ့ပန်းအများဆုံး ဖမ်းဆီးပေးနိုင်ခဲ့သည်။

ရွှန်းမဲလ်တပ်မမှ ပစ်ချခဲ့သော လေယာဉ်စင်းရေမှာ ၅၂ စင်းဖြစ်လျက် လေယာဉ်ကွင်းတွင် ဖမ်းဆီးရမိသော လေယာဉ် ၁၅ စင်းကိုလည်း ဖျက်ဆီးပစ်ခဲ့သည်။

ရွှန်းမဲလ်၏ တပ်မမှာ စစ်ချီရာတွင် မြန်ဆန်လွန်းသဖြင့် မသိမ်းပိုက်နိုင်ဘဲ ချန်ထားခဲ့သော စစ်ပစ္စည်းများမှာ မနည်းပေ။

တိုက်ပွဲတစ်လျှောက် ရန်သူတပ်သား အကျအဆုံးများကိုလည်း ရေတွက်ရန် မဆိုထားဘိ၊ ခန့်မှန်းနိုင်စွမ်းပင် မရှိပါချေ။

စစ်ဆင်ရေးတစ်ရပ်လုံးအတွင်း ရွှန်းမဲလ်တပ်မမှ အကျအဆုံးများမှာမူ အရာရှိ ၄၃ ယောက်ကျ၊ ဒဏ်ရာရ ၇၇၊ တပ်ကြပ်ကြီးနှင့် တပ်ကြပ်ကြီးမှ အထက်ကျ ၃၁၇၊ ဒဏ်ရာရ ၉၅၂၆၊ တပ်သားကျ ၁၂၅၂၊ ဒဏ်ရာရ ၃ ယောက်နှင့် အပျောက်အဆုံးအရာရှိ ၃၊ တပ်ကြပ်နှင့် တပ်ကြပ်ကြီးအထက် ၃၄၊ တပ်သား ၂၉၉ အပြင် တင့်ကားအပျက်အစီးများမှာမူ မတ်(၁) အမျိုးအစား ၃ စီး၊ မတ်(၃) အမျိုးအစား ၅ စီး၊ မတ်(၃) အမျိုးအစား ၂၆ စီး၊ မတ်(၄) အမျိုးအစား ၈ စီးဖြစ်ပြီး ရွှန်းမဲလ်၏ အဆုံးအရှုံးသည် ဖမ်းဆီးရမိသော လူသူလက်နက် အရေအတွက်အပါအဝင် အောင်မြင်မှုကြီး တစ်ရပ်လုံးနှင့် နှိုင်းစာလျှင် မပြောပလောက်ဟု ဆိုရပေမည်။

အထက်ပါ အောင်မြင်မှုများကို အကြောင်းပြု၍ ဟစ်တလာ၏ အထူးအရေးပေးမှုတို့ကြောင့် ရွှန်းမဲလ်သည် ထိပ်တန်းစစ်ဗိုလ်ချုပ်ကြီးအဖြစ်သို့ ရောက်မှန်းမသိ ရောက်လာခဲ့လေတော့သည်။

၁၉၄၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရွှန်းမဲလ်သည် အာဖရိက သဲကန္တာရ စစ်မြေပေါ်တွင်ရှိ စတင်၍ ခြေချခဲ့သည်။ သူ့အား အာဖရိက ကိုးတပ်မှူးအဖြစ် ခန့်အပ်လိုက်ပြီး ထရစ်ပိုလီမြို့ကို ဗြိတိသျှ

www.burmeseclassic.com

www.burmeseclassic.com



တပ်များ စီးနင်းမှုရန်မှ ကာကွယ်ရန် သာမန် တာဝန်တစ်ရပ်အနေဖြင့်သာ အာဖရိကသို့ ပို့ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် သူသည် ထရစ်ပိုလီမြို့ကို ခုခံကာကွယ်ရန် အာဖရိကကိုးကို စတင်ဖွဲ့စည်းလေတော့သည်။ ထိုသို့ အာဖရိကကိုးကို ဖွဲ့စည်းနေစဉ်အတွင်း အီတာလျံတပ်များမှ ဗြိတိသျှဗိုလ်ချုပ် ဝေဘဲလ်၏ လက်ချက်ဖြင့် တပ်လုံးပျောက်မတတ် အရေးနိမ့်နေသဖြင့် မူလရည်ရွယ်ရင်းဖြစ်သည့် ထရစ်ပိုလီမြို့ကို ခုခံကာကွယ်မည့် အစီအစဉ်များကို ဖျက်ကာ ထရစ်ပိုလီမြို့မှ ထွက်တိုက်သည်က ပို၍ အကျိုးရှိမည်ဟု ဆုံးဖြတ်လိုက်သည်။

သို့နှင့် ၁၉၄၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ရွန်းမဲလ်သည် မိမိတပ်များ နေသားတကျ မရှိသေးသည်ကို လည်းကောင်း၊ မိမိ၏ ရန်သူ့ထက် သံချပ်ကာကား တပ်မတစ်ခု လျော့နည်းနေသည်ကို လည်းကောင်း၊ ဂရုမမူတော့ဘဲ ထရစ်ပိုလီမြို့မှထွက်ကာ အဂေးဒါဘီယာမြို့နှင့် ၎င်းမြို့၏ အနီးဝန်းကျင်မှ ရန်သူ့စစ်ကြောင်းထဲသို့ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်ကင်းထောက်ရန် ကင်းထောက်တပ်ခွဲ အများအပြားကို စေလွှတ်ခဲ့သည်။ ထိုသို့ အကြီးစား ကင်းထောက်မှု ပြုလုပ်ရာမှ တိုက်စစ်အသွင်သို့ ကူးပြောင်းခဲ့သည်။

ရွန်းမဲလ်သည် ပြင်သစ်ပြည်၌ ဆင်နွှဲခဲ့သည့် တိုက်ပွဲများမှာကဲ့သို့ပင် ရဲရင့်ပြောင်မြောက်စွာ တိုက်ခိုက်ခဲ့သည်။

မည်မျှ ရဲရဲရင့်ရင့် စွန့်စားခဲ့သနည်းဟူမူ သူ၏ လက်စွဲတော် အာဖရိကကိုးအား မီချီလီနှင့် ဒါနားမြို့သို့ရောက်အောင် မိုင် ၈၀၀ ခန့်မျှသော ခရီးကို လမ်းပန်းအဆက်အသွယ်မရှိသော တောင်ကုန်းများပေါ်မှ ဖြတ်ကျော်ပြီး တာ့စ်ဟုန်ထိုး ထိုးစစ်ဆင်ကာ ဘင်ဂါဇီမြို့ရှိ ဗြိတိသျှတပ်အချို့ကို ဘေးမှပန်း၍ ဝိုင်းလိုက်ပြီး ထောက်ပံ့ရေး အဆက်အသွယ်များကို ဖြတ်တောက်နိုင်လိုက်သည်အထိ ဖြစ်လေသည်။

ထိုသို့ ရွန်းမဲလ်သည် အကြီးစား ကင်းထောက်မှုအသွင်မှ ထိုးစစ်အသွင်သို့ ရုတ်ခြည်း ကူးပြောင်းနိုင်လိုက်သည်မှာလည်း သဲကန္တာရ စစ်မြေပေါ်သို့ ခြေချ၍မှ မကြာမီပင် သဲကန္တာရ ဥပဒေသကြီးကို အပိုင်အနိုင် သုံးသပ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

သဲကန္တာရသည် ပင်လယ်နှင့် တူသည်ဟူ၍ လည်းကောင်း၊



သဲကန္တာရ တိုက်ပွဲသည် ရေကြောင်းတိုက်ပွဲနှင့် တူသည်ဟူ၍ လည်းကောင်း စစ်အဘိဓမ္မာသစ်တစ်ရပ်ကို ဦးစွာ ဖော်ထုတ်နိုင်သူမှာ ရွန်းမဲလ်ပင် ဖြစ်သည်။

သဲကန္တာရစစ်ပွဲသည် စစ်ဂန္ထဝင် ကျမ်းဂန်လာ ကုန်းကြောင်းတိုက်ပွဲကြီးများနှင့် လုံးဝ ခြားနားသည်ကို သတိပြုမိခဲ့သဖြင့် သဲကန္တာရစစ်ပွဲတွင် အနိုင်အမာပြု၍ ကြံ့ကြံ့ခံနေသော ရန်သူကို စွန့်စားတိုက်ခဲ့လျှင် ရန်သူတပ်လုံးပျက်သည်အထိ အောင်ပွဲရနိုင်သည်ဟု သုံးသပ်နိုင်ခဲ့သည်။

တစ်နည်းဆိုသော် ဤသို့ အခိုင်အမာ ခံတပ်ကြောင်းတစ်ခုကို ကျိုးပေါက်သွားသည်နှင့်တစ်ပြိုင်နက် ၎င်းခံတပ်ကြောင်းနောက်မှ အတားအဆီး အဆုံးအစမရှိသော သဲကန္တာရကြီးကို အလွယ်တကူ သိမ်းပိုက်နိုင်လိမ့်မည်ဟူသော သုံးသပ်ချက်ဖြင့် ရွန်းမဲလ် ထိုးစစ်ဆင်ခဲ့ခြင်းပင် ဖြစ်သည်။

ထိုသို့ အသိပေးခြင်းမရှိဘဲ ရုတ်တရက် ထတိုက်လိုက်သော ရွန်းမဲလ်၏ လျှပ်တစ်ပြက် ထိုးစစ်ကို အီတာလျံဗိုလ်ချုပ်များက သဘောမတူခဲ့ကြပေ။

ထိုမှတပ်မကာ ဂျာမန် စစ်ဦးစီးအဖွဲ့ကလည်း မေလမတိုင်မီအတွင်း အကြီးစား စစ်ဆင်မှုကြီး မပြုလုပ်ရန် ရွန်းမဲလ်အား သတိပေးထားခဲ့သည်။

သို့သော် သဲကန္တာရစစ်မြေပြင်ပေါ်သို့ ခြေချမိပြီး မကြာမီမှာပင် သဲကန္တာရဥပဒေသကြီးကို အပိုင်အနိုင် သုံးသပ်နိုင်ခဲ့သော ရွန်းမဲလ်က အဲလ်ဘဂေးလားအနောက်ဘက်ရှိ သဲခုံများပေါ်တွင် တပ်စွဲထားသည့် ဗိုလ်ချုပ်ကြီး ဝေဘဲလ်၏ တပ်များအနက်မှ တပ်အချို့ကို ဂရိ(စ်) စစ်မျက်နှာသို့ ပြောင်းရွှေ့ပို့ခဲ့သဖြင့် ရန်သူအင်အား တပ်များ၏ ထောက်ပံ့ရေး လမ်းကြောင်းမှာလည်း ကိုင်ရိုမှ ဘာဒီယာသို့ လည်းကောင်း၊ ဘာဒီယာမှ တိုဘရုပ်သို့ လည်းကောင်း၊ တိုဘရုပ်မှသည် ဘင်ဂါဇီသို့ လည်းကောင်း၊ နောက်ဆုံး အဲလ်ဘဂေးလားအနောက်ဘက် သဲခုံပေါ်တွင် တပ်စွဲထားသည့် တပ်များရှိရာသို့ ရောက်သည်အထိ ရိက္ခာနှင့် ခဲယမ်းမီးကျောက်များကို အဆင့်ဆင့် ရှည်လျားခက်ခဲစွာ ပို့ဆောင်နေသဖြင့် ထောက်ပံ့ရေးအခက်အခဲ တွေ့နေရသည်ကို လည်းကောင်း ထောက်လှမ်းမိထားပြီ ဖြစ်သည်။

ထို့အပြင် ရန်သူသည် ၎င်းတို့ အင်အားချို့တဲ့နေသည့် နေရာများကို အကာအကွယ်ပေးနိုင်ရန်အတွက် ခံတပ်ကတုတ်များ အဆောတလျင်

www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်နေသည်ကိုလည်း သတင်းရရှိထားပြီး ဖြစ်သည်။

တစ်ဖက်တွင် မာဆာအဲဘရီးဂါး မြောင်ကို အလျင်အမြန် သိမ်းပိုက်ထားနိုင်လျှင် စစ်ရေးအရ မည်မျှ အကျိုးရှိမည်ကိုလည်း မြင်ထားသည်။

ထိုစစ်ရေး သုံးသပ်ချက်များအပြင် စစ်ဦးစီးအဖွဲ့မှ ညွှန်ကြားထားသည့်အတိုင်း မေလရောက်မှ ထိုးစစ်ဆင်လျှင် ရန်သူများ ကတုတ်ဆောက်၍ ပြီးစီးသည့်တိုင်အောင် စောင့်ဆိုင်းနေသည်နှင့် တူနေမည်ဖြစ်ပြီး မိမိဘက်မှ အသက်ပေါင်းများစွာ အချည်းနှီး စတေးရမည် စသည့် သုံးသပ်ချက်များကြောင့်ပင် အထက်စစ်ဦးစီးအဖွဲ့၏ အမိန့်ကိုလည်းကောင်း၊ အီတာလျံစစ်ဦးစီးအဖွဲ့၏ ကန့်ကွက်ချက်ကို လည်းကောင်း ဥပေက္ခာပြုလိုက်ပြီး ထိုးစစ်ဆင်ခဲ့ခြင်း ဖြစ်သည်။

သို့နှင့် ရွှန်းမဲလ်သည် မေလ ၃၁ ရက်နေ့တွင် စတင် ထိုးစစ်ဆင်ခဲ့သည်။ ယင်းသို့ မမျှော်လင့်ဘဲ ထိုးစစ်ဆင်လိုက်ခြင်းကြောင့် ဗြိတိသျှတပ်များ အငိုက်မိခံလိုက်ရသကဲ့သို့ ဂျာမန်စစ်ဦးစီးအဖွဲ့ကလည်း အံ့အားသင့်ခဲ့ရသည်။

အကယ်၍သာ ရွှန်းမဲလ်သည် ဆိုင်ရင်နီးကားပြည် ပြန်လည် သိမ်းပိုက်ရေး စီမံကိန်းကို ရေးဆွဲ၍ ဧပြီလ ၂၀ ရက်နေ့ထက် နောက်မကျစေဘဲ စစ်ဦးစီးအဖွဲ့သို့ တင်ပြရန် ဗြိတိသျှတပ်များ၏ အင်အားကြီးမားမှုကြောင့် အမှတ် ၁၅ ပန်ဇာတပ်မ မရောက်မီ အဲလ်ဘဂေးဒါးဘီးယားထက် ကျော်လွန်၍ ထိုးစစ်မဆင်ရန်ဟူသည့် အထက်ဦးစီးအဖွဲ့၏ ညွှန်ကြားချက်အတိုင်း စီမံကိန်း ရေးဆွဲတင်သွင်းပြီး အထက်မှ အမိန့်ပြန်ကျလာသည်အထိ စောင့်ဆိုင်းခဲ့လျှင်မူ ထိုမျှအထိ အောင်ပွဲခံနိုင်မည်မဟုတ်ပေ။

ယခုမူ စီမံကိန်း ရေးဆွဲတင်ပြရန် သတ်မှတ်ထားသည့် ရက်မတိုင်မီ ၉ ရက်အလိုတွင် တိုပရပ်မြို့ တစ်မြို့တည်းကိုသာ ကွင်းချန်ခဲ့ပြီး အီဂျစ်ရှင်းနယ်စပ်အရောက် ဆိုင်ရင်နီးကား တစ်ခွင်လုံးကို သိမ်းပိုက်နိုင်လိုက်လေသည်။

ထိုစဉ်က ရွှန်းမဲလ် မျက်မှောက်ပြုခဲ့ရသော အန္တရာယ်မှာ ကြီးမားလှသည်ဟူ၍ ဆိုရပေမည်။



အဘယ်ကြောင့်ဟူမူ ထောက်ပံ့ရေး လမ်းကြောင်းကို ရှည်လျားစွာ ဆန့်ထားရသဖြင့် ရန်သူလေတပ်က ထိရောက်စွာ အနှောင့်အယှက် ပေးနိုင်ရုံမျှမက မသိမ်းပိုက်နိုင်သေးသော တိုပရပ်မြို့မှ ဩစတြေးလျ မြို့စောင့်တပ်များကလည်း ရွှန်းမဲလ်၏ ပါးလျသော ထောက်ပံ့ရေးလမ်းကြောင်းကို မကြာခဏ ဒုက္ခပေးနေခဲ့ခြင်းကြောင့် ဖြစ်သည်။

ထိုအချိန်တွင် ဗြိတိသျှတပ်များက ဆစ်(ဒ်)နီအိုမာမြို့အား ပြန်သိမ်းရန် ကြိုးစားကြသည်ကို ရွှန်းမဲလ်က အောင်မြင်စွာ တွန်းလှန်လိုက်ပြီးနောက် သူ၏တပ်များ အခိုင်အမာ ချထားနိုင်ရေးကို ပြုလုပ်လိုက်သည်။

ခေတ်ဆီဖြည့်တင်းရေး စခန်းတစ်ခုကိုလည်း ဖွင့်လှစ်လိုက်သည်။ ယင်းပြင်ဆင်မှုများ ပြီးစီးသွားသောအခါ တိုပရပ်မြို့ကို သိမ်းပိုက်ရန် စီစဉ်လေတော့သည်။

ထိုစဉ်အတွင်းမှာပင် သူ၏ စစ်မှုထမ်း သက်တမ်းတစ်လျှောက်တွင် တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသေးသည့် စစ်ရှုံးခြင်း၏ အရသာကို မြည်းစမ်းခွင့်ရရန် အကြောင်းဖန်လာလေတော့သည်။

နိုဝင်ဘာလ အလယ်လောက်တွင် ဗိုလ်ချုပ် ကန်နင်ဂန်းက အရှေ့အရပ်မှနေ၍ အမှတ် ၈ တပ်မတော်နှင့် ရွှန်းမဲလ်၏ တပ်များအား တိုက်ခိုက်သည်။

ထိုတိုက်ပွဲတွင် ဗြိတိသျှတို့ဘက်မှ တင့်ကားအရေအတွက်နှင့် လေယာဉ်အရေအတွက်မှာ ရွှန်းမဲလ်ထက် အဆများစွာ သာလေသည်။

ထိုသို့ တစ်ဖက်ရန်သူက အဆများစွာ သာလွန်နေသော်လည်း ရွှန်းမဲလ်သည် ဗြိတိသျှတို့၏ တန်ပြန်ထိုးစစ်ကို ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့အထိ ရက် ၂၀ ကြာမျှ ကြံ့ကြံ့ခံနေခဲ့ပြီး အမှတ် ၁၅ နှင့် အမှတ် ၂၁ ပန်ဇာတပ်မများကို ဗြိတိသျှတပ်များ၏ နောက်ပိုင်းမှ အလစ်၌ ဝင်ရောက်တိုက်ခိုက်စေခဲ့သည်။

မကြာမီမှာပင် ရွှန်းမဲလ်သည် သူ၏ စစ်ကြောင်းများကို အနောက်သို့ ဆုတ်စေခဲ့ပြီး အီဂျစ်ရှင်း နယ်စပ်ခံတပ်များ၌ သံချပ်ကာ ကားတပ်အချို့ကို ချထားခဲ့ရာ ၎င်းတပ်များအား ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလအထိ ခုခံစေခဲ့သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ရွှန်းမဲလ်သည် ဗြိတိသျှတို့၏ ထိုးစစ်ကြောင့် တပ်များ ဆုတ်ပေးခဲ့ရပြီး ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မာဆာအဲလ် ဘာရီဂါမြို့ နောက်ဘက်တွင် တပ်စွဲနေရာယူလိုက်သည်။ ၎င်းတိုက်ပွဲတွင် ရွှန်းမဲလ်က အထိနာခဲ့သည်။ လူပေါင်း ၆၀၀၀၀ ခန့်မျှနှင့် တင့်ကားအစီးရေ ၃၈၆ စီး ဆုံးရှုံးခဲ့ရသည်။

ဤသို့ မာဆာအဲလ်ဘာရီဂါ၌ နေရာယူပြီး ၆ ရက်အကြာတွင် ရွှန်းမဲလ်သည် အထက်စစ်ဦးစီး အဖွဲ့များထံမှ အမိန့်ခံယူခြင်းမပြုဘဲ တစ်ရှိန်ထိုး ထိုးစစ်ဆင်လိုက်ပြန်လေရာ ဗြိတိသျှတပ်များ အငိုက်မိခံလိုက်ရသဖြင့် ဂါဇာလာမြို့အထိ ဆုတ်ခွာပေးလိုက်ကြရလေသည်။

ထိုတိုက်ပွဲများအတွင်း၌ ဂျာမန် အင်ဂျင်နီယာတပ်ဖွဲ့၏ လုံ့လ ကြောင့် တင့်ကားအစီးရေ များစွာကို အပျက်အစီးဘဝမှ ပြန်လည် အဖတ်ဆယ်နိုင်ခဲ့သည်။

ယင်းအခါက ဂျာမနီမှ တင့်ကားအစီးရေ အနည်းငယ်မျှသာ တင်ပို့နိုင်သေးသဖြင့် ဂျာမန်အင်ဂျင်နီယာတပ်ဖွဲ့က ဝီရိယမရှိခဲ့ပါမူ ရွှန်းမဲလ် အနေဖြင့် များစွာ အကျပ်အတည်း တွေ့ရမည် ဖြစ်သည်။

ယခုမူ ၁၉၂၂ ခုနှစ်၊ မတ်လနှင့် မေလ ၃ လအတွင်း လက်ကျန် တင့်ကားစီးရေ ၂၀၀ မှ ၅၆၀ အထိ တိုးတက်ခဲ့သည်။ ၎င်းတို့အနက်မှ ၃၃၂ စီးမှာ ဂျာမန်ပြည်ထွက် တင့်ကားဖြစ်လေသည်။

ရွှန်းမဲလ်သည် မိမိအင်အား စည်ပင်စ ပြုလာသည်နှင့်တစ်ပြိုင်နက် မေလ ၃၁ ရက်နေ့တွင် ဗြိတိသျှ အမှတ် ၈ တပ်မတော်၏ ဗိုလ်မှူးချုပ် ရစ်ချီဆင်နွှဲနေသည့် စစ်ကြောင်းကို ခုန်ကျော်ကာ အမှတ် ၈ တပ်မတော် နောက်ပိုင်းတွင်ရှိသော ဗြိတိသျှ ပြင်သစ်စစ်ကြောင်းသစ်ကို တိုက်စစ်ဆင် လေတော့သည်။ ထိုတိုက်ပွဲတွင် ရွှန်းမဲလ်၏ တပ်များအား ဗြိတိသျှ တပ်များက နှစ်ဖက်ညှပ်၍ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ခဲ့ကြသည်။

သို့သော် ယင်းတိုက်ပွဲတွင် အောင်ပွဲရသူမှာ ရွှန်းမဲလ်ပင် ဖြစ်သည်။ ရွှန်းမဲလ်သည် မိမိဘက်မှ အရေးသာလိုက်သည်နှင့် ကစဥ့်ကလျား ဆုတ်ခွာ သွားရသော မဟာမိတ်တပ်များကို သဲသဲမဲမဲ လိုက်လံချေမှုန်းခဲ့လေသည်။ ထို့နောက် ဇွန်လ ၇ ရက်နေ့တွင် ဩစတြေးလျတပ်များ ကြံ့ကြံ့ခံနေသော



တိုပရပ်မြို့ကို သိမ်းပိုက်လိုက်လေသည်။

ရွှန်းမဲလ်သည် မိမိတပ်များ တိုက်ပွဲပန်းနေပြီကို လည်းကောင်း၊ မိမိတွင် တင့်ကားစီးရေ ၅၀ မျှသာ ကျန်တော့သည်ကို လည်းကောင်း သိလျက်နှင့်ပင် အဲလ်အာလာမိန်းမြို့အနီးမှ နယ်မြေတစ်ခုသို့ ဖွတ်ချီခဲ့ပြန် သည်။

ယင်းစစ်ဆင်ရေးတွင် ရန်သူ့သုံ့ပန်း ၃၀၀၀၀ ခန့်၊ သံချပ်ကာကား ၁,၀၀၀ ခန့်နှင့် အမြောက် ၅၀၀ ခန့်ကို သိမ်းဆည်းရမိလိုက်လေသည်။

ရွှန်းမဲလ်သည် မြောက်အာဖရိကတွင် နှစ်နှစ်ကျော်မျှ ကြာခဲ့သည်။ ထိုနှစ်နှစ်အတွင်း စစ်ရေးအရှုံးအနိုင် အခြေအနေပြ ဇယားကိုကြည့်ပါမူ ၁၉၄၁ ဧပြီလအတွင်း ပထမအောင်ပွဲကြီးကြောင့် အခြေအနေပြမျဉ်းသည် အပေါ်သို့ မတ်လျက်ထောင်တက်သွားသည်ကို တွေ့ရပေမည်။

မေလ ၁ ရက်နေ့တွင် တိုပရပ်မြို့ ဝင်ရောက်စီးနင်းရာ၌ တပ်လန် ခဲ့သဖြင့် အခြေအနေပြ မျဉ်းမတ်သည် အနည်းငယ် လျှောကျသွားသည်ကို တွေ့ရပေမည်။ သို့ရာတွင် မေလနှင့် ဇွန်လလယ်တွင် ဆင်နွှဲခဲ့သည့် ဗိုလ်ချုပ် ကြီး ဝေဘဲလ်၏ အသေးစား တိုက်စစ်များ ရှုံးနိမ့်ခြင်းကြောင့် အနည်းငယ် လျှောကျနေသော အခြေအနေပြမျဉ်းသည် နဂိုအတိုင်း ပြန်တည့်မတ်သွား၏ ။

ထို့နောက်တွင် စစ်ရေးအခြေအနေပြ မျဉ်းသည် လျင်မြန်သော အဟုန်ဖြင့် အထက်မှအောက် အောက်မှအထက်သို့ နိမ့်တုံ မြင့်တုံ ဖြစ်နေ သည်ကို တွေ့ရမည် ဖြစ်၏။

နိုဝင်ဘာလနှင့် ဒီဇင်ဘာလဆန်းကို ရောက်သောအခါ ဗိုလ်ချုပ် အော့ချင်လက်နှင့် ဗိုလ်ချုပ် ရစ်ချီတို့၏ တိုက်စစ်ဆင်မှုကြောင့် ရွှန်းမဲလ် မရှုမလှ ရှုံးနိမ့်ခဲ့ပြီး ဆိုင်ရင်နီးကားအထိ ဆုတ်ပြေးရပြန်သဖြင့် စစ်ရေးအခြေ အနေပြ မျဉ်းမှာ နိမ့်တုံမြင့်တုံ ဖြစ်နေရာမှ အောက်သို့ တစ်ရှိန်ထိုး ကျဆင်း သွားရပြန်လေသည်။

တစ်ဖန် ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရွှန်းမဲလ်သည် ရှောင်တခင် ထိုးစစ်ပြန်ဆင်ကာ ဗြိတိသျှတပ်များကို ဂါဇာလာအထိ ပြန်လည် မောင်းနှင်ထုတ်လိုက်ပြန်သည်တွင် ကျဆင်းနေသော မျဉ်းသည် တစ်ရှိန်ထိုး

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်သွားပြန်လေသည်။

သို့သော် ဤအကြိမ်တွင်မူ စစ်ရေးပြ မြေပုံပေါ်တွင် လည်းကောင်း၊ စစ်မြေပြင်တွင် လည်းကောင်း ယမန်နှစ် ဧပြီလက ရောက်ခဲ့သော အမှတ်၏ သုံးပုံတစ်ပုံမျှပင် ခရီးမပေါက်ခဲ့ကြောင်း တွေ့မြင်ရပေမည်။

မေလကုန်အတွင်း ပဏာမကျဆင်းမှုသည် ရက်အနည်းငယ်မျှသာ ကြာခဲ့၏။

ထို့နောက် ဆက်တိုက်ကျဆင်းလာကာ တပ်ပျက်လုမတတ် အခြေအနေဆိုးကြီးနှင့် ရင်ဆိုင်လိုက်ရပြီး မမျှော်လင့်ဘဲ တစ်လအတွင်း တိုက်စစ်စင်လိုက်သော အံ့ဖွယ် သရဲအောင်ပွဲကြီးက ရွှန်းမဲလ်အား တိုပရပ်မြို့သို့ လည်းကောင်း၊ အီဂျစ်ရှင်း နယ်စပ်ကို ဖြတ်လျက် မာဆာမထရုတ်ဂတ်ရှ်နှင့် အဲလ်ဒါဘာသို့ လည်းကောင်း၊ ထိုအမှတ်မှသည် အဲလ်အာလမိန်းသို့ လည်းကောင်း ရောက်ရှိခဲ့ပြီး အဲလ်လစ်ဇင်းဒီရီးယား တံခါးပေါက် အရောက် ပို့ဆောင်ခဲ့လေသည်။

ရွှန်းမဲလ် ရောက်ရှိသော နောက်ဆုံးအမှတ်မှာ ဗိုလ်ချုပ်အော့ချင်လက်၏ ဆီးပိတ်မှုကြောင့် ရှေ့ဆက်မတက်နိုင်တော့ဘဲ ရပ်တန့်သွားပြီး အောက်သို့ ကျမှန်းမသိ တအိအိကျဆင်းနေစဉ် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၏ ဩဂုတ်လတွင် အဲလ်လမ်တဲလ်ဖာ၊ နိုဝင်ဘာလဦးပိုင်းတွင် အဲလ်အာလမိန်း အောင်ပွဲများကြောင့် ရွှန်းမဲလ်၏ စစ်ရေးအခြေအနေပြမျဉ်းသည် အဆုံးမရှိ ထိန်းမနိုင် သိမ်းမရ ထိုးဆင်းသွားသည်မှာ ၁၉၄၃ ခု၊ မေလ ၁၂ ရက်နေ့ တူးနစ်စီးယားတွင် အာဖရိကကိုး လက်နက်ချ အညံ့ခံလိုက်ရသည်အထိပင် ဖြစ်လေတော့သည်။

ရွှန်းမဲလ်မှာမူ အာဖရိကိုး လက်နက်မချမီ သုံးလကပင် အာဖရိကကိုး ကယ်တင်ရေးအတွက် ဟစ်တလာ့အား တောင်းပန်ရန် ဂျာမနီသို့ ရောက်ရှိနေခဲ့လေသည်။

အမှန်ဆိုမူ ဤကား သဲကန္တာရ ဇာတ်ခုံတွင် နှစ်နှစ်တာမျှသော ကာလအတွင်း ရွှန်းမဲလ် ကပြခဲ့သည့် ဇာတ်လမ်း ဖြစ်လေသည်။

ရွှန်းမဲလ် ဒုတိယအကြိမ် ရယူခဲ့သည့် အောင်ပွဲမှာ သူ၏ နောက်ဆုံး အောင်ပွဲပင် ဖြစ်သည်။



ယင်းအောင်ပွဲများမှာလည်း ရွှန်းမဲလ်သည် အာဖရိက သဲကန္တာရ ပေါ်သို့ ခြေချစက သဲကန္တာရ စစ်ပွဲများအကြောင်းကို နားမလည်ခဲ့သော်လည်း မကြာမီမှာပင် မြေစမ်း ခရမ်းပျိုးသည့်သဘောဖြင့် အကြီးစား ကင်းထောက်မှု ပြုလုပ်ရင်းမှ ရန်သူ၏ အားနည်းချက်များကို သိရှိသွားကာ ကင်းထောက်မှု အသွင်မှ ထိုးစစ်အသွင်သို့ ရုတ်ခြည်း ကူးပြောင်းလိုက်ပြီး ပေါ်ပေါက်လာစေသော အခွင့်အရေးကို လိမ္မာပါးနပ်စွာ အသုံးချလိုက်ခြင်းကြောင့် ရယူနိုင်ခဲ့သော အောင်ပွဲများပင် ဖြစ်ပါ၏။

တိုပရပ်မြို့ကို ရွှန်းမဲလ် သိမ်းပိုက်လိုက်သောအခါများတွင်မူ နှောင်ကြိုးမဲ့ ကမ္ဘာတစ်ခုလုံးက ရွှန်းမဲလ်၏ ပန်ဇာတပ်များကို မဟာမိတ်တပ်များက မည်သည့်နည်းနှင့်မျှ ဟန့်တားနိုင်ကြတော့မည် မဟုတ်ဟူ၍ပင် မှတ်ယူခဲ့ကြပြီး ရွှန်းမဲလ်၏ နာမည်ကို ကြားရုံဖြင့်ပင် ကျဉ်စက်ဖြင့် အတို့ခံလိုက်ရဘိသို့ တုန်လှုပ်ခဲ့ကြသည်။

ဗြိတိသျှတပ်များ ရင်ဆိုင်လိုက်ရသည်မှာ ဂျာမန်တင့်ကားများ၏ အဆင့်အတန်းမြင့်မှုပင် ဖြစ်၏။ ထိုတင့်ကား အဆင့်အတန်း သာလွန်မှုကို အဲလ်အာလာမိန်း တိုက်ပွဲမတိုင်မီ ရှားမင်းတင့်ကားများ ရောက်လာမှပင် ဗြိတိသျှတပ်များ အသက်ရှူပေါက် ချောင်ခဲ့ရ၏။

ထိုသို့ ဂျာမန်တင့်ကားများ သာလွန်ကောင်းမွန်မှု အရည်အချင်းကို အရေအတွက်ဖြင့် ထေနိုင်သည်ဟု တရားသေ မှတ်ယူနေကြသော ဗြိတိသျှ ကက်ဘိနက်နှင့် စစ်ဦးစီးအဖွဲ့က ဗြိတိသျှတပ်များ ရင်ဆိုင်နေရသော အခက်အခဲများကို အသိအမှတ်မပြုခဲ့ချေ။

တိုပရပ်မြို့ကို သိမ်းပိုက်ပြီး အဲလ်အာလာမိန်း တောင်ကြားဒေသသို့ ဖွတ်ချီခဲ့သော ရွှန်းမဲလ်၏ ပန်ဇာတပ်များသည် အာရှတိုက်မုခ်ဦးသို့ပင် ဆိုက်ခဲ့သည်။

အကယ်၍သာ ထိုစဉ်က ရွှန်းမဲလ်တပ်များ အာရှတိုက်အတွင်းသို့ တောက်လျှောက် ဝင်နိုင်ခဲ့လျှင်မူ အာဏာရှင် ဟစ်တလာ၏ လက်အောက်သို့ ကမ္ဘာတစ်ခြမ်းခန့်ပင် ရောက်ရှိသွားမည်မှာ ဧကန်ပင် ဖြစ်သည်။

သို့သော် မဟာမိတ်တပ်များက ရွှန်းမဲလ်၏ တပ်များအား အာ[illegible] တိုက်တံခါးဝဖြစ်သည့် အီဂျစ်ပြည် နိုင်းမြစ်ဝှမ်းမှ ဆီး၍ ပိတ်ဆို့ထား[illegible]ပြီး

www.burmeseclassic.com

www.burmeseclassic.com



တန်ပြန်ထိုးစစ်ဆင်ခဲ့သည်။ ယင်းသို့ ထိုးစစ်ဆင်နိုင်ရန်အလို့ငှာ မြောက်အာဖရိက စစ်မြေပြင်ပေါ်ရှိ မဟာမိတ်တပ်များအား တိုက်ပွဲမဝင်ရသေးသည့် တပ်မအသစ် လေးတပ်ဖြင့် အင်အားဖြည့်တင်းခဲ့သည်။ ၎င်းတပ်များမှာ အမှတ် ၈၊ အမှတ် ၁၀ သံချပ်ကာကားတပ်မ နှစ်တပ်နှင့် အမှတ် ၄၄၊ အမှတ် ၅၁ ခြေလျင်တပ် နှစ်တပ်တို့ ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် မဟာမိတ်တို့သည် ၎င်းတို့ လေတပ်အင်အားကိုလည်း ဖြည့်တင်းခဲ့ပြီး မြောက်အာဖရိက စစ်ဆင်ရေးကို ဦးဆောင်နေသည့် စစ်သူကြီးများကိုလည်း အပြောင်းအလဲ ပြုလုပ်ခဲ့သည်။

တပ်မတော်စုမှူး စစ်သေနာပတိချုပ် အော့ချင်လက်၏ နေရာတွင် ဗိုလ်ချုပ်မှူး အဲလ်လစ်ဇန်းဒါးကို လည်းကောင်း၊ အမှတ် ၈ တပ်မတော် ဗိုလ်ချုပ်မှူး ရစ်ချီ၏နေရာတွင် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီကို လည်းကောင်း ပြောင်းရွှေ့ခဲ့ကြသည်။

ထိုသို့ စစ်သူကြီး အပြောင်းအလဲ ရှုပ်ထွေးနေခိုက်၌ပင်လျှင် မဟာမိတ်တပ်များဘက်သို့ ရိက္ခာနှင့်စစ်ပစ္စည်းများ ရောက်လာမစဲ ဖြစ်နေသော်လည်း ဂျာမန်တပ်များဘက်တွင်မူ ရန်သူ့ရိက္ခာနှင့် စစ်ပစ္စည်းများပေါ်တွင် ရပ်တည်အားထားနေရမလောက်အောင် ထောက်ပံ့ရေး အခြေအနေမှာ ဆိုးရွားခဲ့ရသည်။

ထိုအချိန်မှစ၍ စစ်စလီရှိ ဂျာမန်နှင့် အီတာလျံ လေထီးတပ်များက မော်လတာကျွန်းကို လေကြောင်းမှ ဝင်ရောက်သိမ်းပိုက်ရန် အသင့်ဖြစ်နေသဖြင့် မော်လတာကျွန်း၏ အခြေအနေမှာ အထူးစိုးရိမ်ဖွယ် ဖြစ်လာရသည်။ မော်လာတာကျွန်းသို့ ပေးပို့နေသည့် ရိက္ခာထက်ဝက်ခန့်မှာလည်း လမ်းမှ ဖြတ်၍ ဖျက်ဆီးခြင်းခံနေရသဖြင့် တစ်ကျွန်းလုံး ဒုဗ္ဘိက္ခန္တရကပ် စိုက်ရောက်တော့မတတ် ဖြစ်နေရလေသည်။ ယင်းအဖြစ်အပျက်များ ဖြစ်ပွားနေစဉ်အတွင်း ဩဂုတ်လ ၁၃ ရက်နေ့မှာပင် ဗိုလ်ချုပ်မှူး တာဝန်ကို လွှဲပြောင်းယူခဲ့သည်။

မောင်ဂိုမာရီသည် တာဝန်လွှဲပြောင်းယူ ပြီးလျှင်ပြီးချင်း မိမိတပ်များ၏ စိတ်ဓာတ်မြင့်မားရေးကို လှုံ့ဆော်လိုက်သည်။ မိမိတပ်များအား လိုအပ်နေသည့် စစ်ရေး လေ့ကျင့်မှုကိုလည်း အဆောတလျင် ပြုလုပ်စေလေ



သည်။ လက်အောက်ခံ တပ်အသီးသီးကိုလည်း စနစ်တကျ ပြန်လည်စုစည်းစေ၍ တပ်သားတိုင်း အထက်အမိန့်ကို လိုက်နာစေသည်။

ယင်းအစီအစဉ်များ ပြီးစီးလျှင်မူ မောင်ဂိုမာရီသည် ယခင်စစ်သူကြီးများ အသုံးပြုခဲ့သည့် တိုက်ပွဲသဏ္ဌာန် တစ်ရပ်လုံးကို အခြေမှစ၍ ပြောင်းလဲလိုက်ပြီး ပစ္စည်းအားကိုး ရှေးရိုးတိုက်ပွဲအသွင်မှ ဖဲကြဉ်ကာ ဉာဏ်ကွန့်ထားသော အပေါ်ယံရုပ်ဖျက်မှုဖြင့် တိုက်ခိုက်သည့် တိုက်ပွဲအသွင်သစ်သို့ ပြောင်းလဲယူလိုက်သည်။

ဤသည်မှာ မိမိတပ်များကို တောင်ဘက်တွင် စုရုံးစေကာ တိုက်ရောင်ပြထားပြီး မြောက်ဘက်မှ အမှန်တိုက်မည့် ပင်မထိုးဖောက်မှု အစီအစဉ်ကို ရန်သူမသိအောင် ဖုံးကွယ်တိုက်ခိုက်ခြင်းပင် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် တိုက်ယောင်ပြထားသည့် တောင်ဘက်တွင်လည်း ပြင်ဆင်ဆဲကာလတွင် ရှိနေသေးဟန် (တစ်နည်း) ရုတ်ခြည်း တိုက်နိုင်လောက်သည့် အခြေအနေမျိုးတွင် မရှိသေးဟန် ပြထားလိုက်သည်။ ထို့အပြင် အခြားအပြင်အဆင်များဖြစ်သည့် ပင်မထိုးဖောက်မှုပြုလုပ်မည့် တစ်ဆင့်ခုန် စခန်း၌ ရာပေါင်းများစွာသော တင့်ကားအစစ်များကို တင့်ကားတုများအောက်တွင် ဝှက်ထားလိုက်၏။

အမြောက်များ နေရာယူမည့် ရှေ့တန်းတွင် ကုန်တင်ကား အတုမျိုးစုံကို ချထားလိုက်ပြီး ညအခါများတွင် အမှောင်ကိုခို၍ နောက်ပိုင်းမှ အမြောက်များကို တိတ်တဆိတ် ရွှေ့ပြောင်းခဲ့ကာ ထိုကုန်တင်ကား အတုများအောက်တွင် ဝှက်ထားလိုက်ပြန်သည်။ နောက်တန်းမှ ရှေ့တန်းသို့ ပြောင်းရွှေ့လိုက်သော တင့်ကားများနှင့် အမြောက်များနေရာတွင် တင့်ကားအတု၊ အမြောက်အတုများဖြင့် ထပ်မံ အစားထိုးလိုက်ပြန်သည်။

တိုက်ယောင်ပြထားသည့် တောင်ဘက်တွင်လည်း ဓာတ်ဆီပိုက်လိုင်းများချနေဟန်၊ ရိက္ခာဂိုဒေါင်ကြီးများ တည်ဆောက်နေဟန် ရုပ်ပြထားပြီး ထိုအလုပ်များကိုလည်း အချိန်ဆွဲ၍ လုပ်၏။ ယင်းရုပ်ဖျက်မှု အစီအစဉ်များဖြင့် တောင်ဘက်မှ တိုက်မည်၊ သို့သော် စတင်တိုက်ခိုက်ရန် အသင့်မဖြစ်သေး၊ ပြင်ဆင်ဆဲကာလတွင်သာ ရှိသည်။ စသည့် အတွေးအခေါ်များကို ဂျာမန်များ၏ ခေါင်းထဲသို့ ဝင်ရောက်သွားစေရန် ဂျာမန်ထောက်လှမ်းရေး

www.burmeseclassic.com

www.burmeseclassic.com



ဌာနအား မျက်စိလှည့်လိုက်သည်။

ယင်းအစီအစဉ်များ မည်မျှ အောင်မြင်သနည်းဟူမူ ဂျာမန်ထောက်လှမ်းရေးဌာနက ရန်သူထိုးစစ် စတင်မည့်နေရာကို လည်းကောင်း၊ အဓိကတိုက်မည့် ပင်မ ထိုးဖောက်မှုကို လည်းကောင်း၊ လုံး၀ မရိပ်မိလိုက်သည့်အထိပင် ဖြစ်သည်။

ထိုမျှသာမက အမြောက်အလက် ၂၄၀၊ တင့်ကားစီးရေ ၁၅၀၊ တပ်ဆင်ထားသည့် နောက်ဆုံး ရောက်ရှိလာသော တပ်မနှစ်တပ်နှင့် ဓာတ်ဆီတန်ချိန် ၇၅၀၀ ကိုလည်း ဂျာမန်များမသိအောင် မောင်ဂိုမာရီက ပိပိရိရိ ဖုံးကွယ်နိုင်ခဲ့သည်။

ရွမ်းမဲလ် နောက်ဆုံးရောက်နေသော နေရာကား အဲလ်စ် ဇင်းဒရီးယားမုခ်ဦးပင် ဖြစ်ပါ၏။ ရင်ဆိုင်နေရသော ရန်သူမှာ သဲကန္တာရစစ်ပွဲတွင် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသေးသော အနေအထားမျိုးဖြင့် ခံနေရာယူထားသည့် မောင်ဂိုမာရီ၏ ခံစစ်ကြောင်းပင် ဖြစ်သည်။

အပြောကျယ်သော သဲကန္တာရထဲတွင် တစ်ဖက်ရန်သူအား ဝဲယာတောင်ပံမှလည်းကောင်း၊ ရှေ့မျက်နှာစာမှ လည်းကောင်း ဖောက်၍ လိုအပ်သလို တိုက်ခိုက်နိုင်သော်လည်း ယခုမူ ရွမ်းမဲလ် ရင်ဆိုင်နေရသော ဗြိတိသျှခံစစ်ကြောင်းမှာ လက်ယာစစ်နံကို ပင်လယ်ကမ်းခြေပေါ်တွင် မေးတင်ထားပြီး လက်ဝဲစစ်နံကိုမူ ဖြတ်ကျော်၍မရနိုင်သော သဲနုန်းအစပ်တွင် မေးတင်ထားသည်ကို တွေ့လိုက်ရသည်။

ယင်းသို့ ရွမ်းမဲလ်၏ တပ်များ ဝဲယာစစ်နံမှ ဖြတ်ထွက်ထိုးဖောက်၍ မရအောင် ဗြိတိသျှတပ်များက ပိတ်ဆို့ထားကြရုံမျှမက ၎င်းတို့၏ ခံစစ်ကြောင်းကိုလည်း အခိုင်အမာ ဆောက်လုပ်ခဲ့လေသည်။

ရွမ်းမဲလ် ရည်ရွယ်ချက်သည်ကား ဘေးကျပ်နံကျပ် မရှန်းသာမလွန့်သာအောင် ပိတ်ဆီးထားသော ရန်သူ့ခံစစ်ကြောင်းကို ဖြစ်သည့်နည်းဖြင့် ထိုးဖောက်ဖြတ်ကျော်၍ စူးအက်တူးမြောင်းသို့ အရောက်ချီတက်ရန် ဖြစ်သည်။

ထိုရည်မှန်းရာအရပ်သို့ အရောက်ချီနိုင်ရေးမှာလည်း ရွမ်းမဲလ်၏ သံချပ်ကာကားများကို ဓာတ်ဆီ အချိန်မီ အလုံအလောက် ရရှိရေးအပေါ်



တွင် တည်ပေသည်။

ယင်းဓာတ်ဆီပြဿနာ ပြေလည်ရန်အတွက် ဩဂုတ်လ ၂၇ ရက်နေ့၌ ကျင်းပခဲ့သော အီတာလျံ ဦးစီးကွန့်ဖရင့်တွင် ရွမ်းမဲလ်က တင်ပြခဲ့သည်။

စစ်သူကြီး ကက်ဆဲလ်ရင်းနှင့် ကဘူလ်လာရီတို့က တပ်များ ဖြည့်ပေးမည်ဟူ၍လည်းကောင်း၊ ထောက်ပံ့ရေး ပြဿနာ ပြေလည်အောင် ဖြေရှင်းပေးမည်ဟူ၍ လည်းကောင်း၊ လိုအပ်သော ဓာတ်ဆီအတွက် တန် ၆၀၀၀ ပို့ပေးမည်၊ ထိုဓာတ်ဆီများအနက် တန် ၁၀၀၀ ကို လေကြောင်းမှ ပို့ပေးမည်ဟု ကတိပြုခဲ့ကြသည်။

ရွမ်းမဲလ်သည် ဂျာမန်အီတာလျံ ဦးစီးအဖွဲ့၏ ကတိကို ယုံကြည်စွာဖြင့် ဩဂုတ်လ ၃၁ ရက်နေ့တွင် စတင် တိုက်စစ်ဆင်သည်။

သို့ရာတွင် ရွမ်းမဲလ်သည် တိုက်ပွဲစမီကပင် အဘက်ဘက်မှ ရှုံးနိမ့်နေခဲ့ရပါ၏။ အကြောင်းမူ ဗြိတိသျှတပ်များဘက်မှ အမြောက်အင်အားနှင့် ခဲယမ်းမီးကျောက်အင်အား သာလွန်နေသည့်အပြင် လေကြောင်းမှလည်း အာကာသကို ပြိုင်ဘက်မရှိ စိုးမိုးနိုင်ခဲ့သောကြောင့် ဖြစ်လေသည်။

ဤနှယ် မဟာမိတ်တပ်များဘက်တွင် လိုအပ်သမျှများဖြင့် ပြည့်စုံနေခိုက် ဂျာမန်များဘက်၌မူ ခဲယမ်းမီးကျောက်များပင်လျှင် ချို့တဲ့နေရလေသည်။

ထိုသို့ အဘက်ဘက်မှ ချို့တဲ့နေမှုများကြောင့် ရွမ်းမဲလ်သည် ရန်သူခံစစ်ကြောင်းကို ရှေ့မျက်နှာစာ ဖိစီးတိုက်ခိုက်မှုမှ အထူးရှောင်ကွင်းရန် ဆုံးဖြတ်လိုက်လေတော့သည်။

သို့ဖြင့် ရွမ်းမဲလ်သည် တစ်လမ်းတည်းသာ ကျန်ရှိတော့သော ထွက်ပေါက်ကိုပင် ရွေးချယ်လိုက်ရသည်။ ဤသည်မှာ ရန်သူစစ်ကြောင်း၏ မြောက်ဘက်စွန်းတွင် လည်းကောင်း၊ ရန်သူ့စစ်ကြောင်း ဗဟိုတွင် လည်းကောင်း တပ်များ ဖြန့်ထားကာ ၎င်းအမှတ်နှစ်ခုမှ ပင်မထိုးဖောက်မှု ပြုလုပ်တော့မယောင် တပ်ရိပ်ပြထားလိုက်ပြီး အမှန်ထိုးဖောက်မည့်နေရာကို သဲနုန်းမြေအစပ်ရှိ ခံစပ်ကြောင်း ပါးလျသည့်နေရာကို ရွေးချယ်လိုက်ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသဲနုန်းမြေအစပ်မှ ထိုးဖောက်မိလျှင် မြောက်ဘက်သို့ ချိုးကွေ့ကာ အာလမ်အဲဟ်ဟဲလ်ဖာအရှေ့ဘက်သို့ ဆက်လက် ချီတက်ရန် ဖြစ်သည်။

ထိုနည်းမှာ ဂါဇလာတွင် ရွှန်းမဲလ်အသုံးပြုခဲ့သော နည်းပင်ဖြစ်သည်။ ရည်ရွယ်သည့်အတိုင်း အောင်မြင်လျှင်မူ အမှတ် ၈ တပ်မတော်ကို ပတ်လည်ဝိုင်းမိသွားမည်ဖြစ်ပြီး ရန်သူ့တပ်နောက်ပိုင်းရှိ ဆက်သွယ်ရေးနှင့် ထောက်ပံ့ရေးလမ်းကြောင်းများကိုလည်း ဖြတ်တောက်ပစ်လိုက်နိုင်ပေသည်။

ထိုနည်းပရိယာယ်ကိုပင် ရွှန်းမဲလ် မုချသုံးလိမ့်မည်ဟူ၍ ဗိုလ်ချုပ်ကြီး အဲလ်လစ်ဇင်းဒါးနှင့် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီတို့က တင်ကြိုတွက်ချက်ခဲ့ကြသည်။

မောင်ဂိုမာရီသည် အနောက်ပိုင်း သဲကန္တာရသို့ ရောက်၍မှ မကြာမီပင် အာလမ်အဲလ်ဟဲလ်ဖာ တောင်တန်းအနီးဝန်းကျင်မှ အချက်အချာ နေရာမှန်သမျှတွင် အခိုင်အမာ စစ်ကြောင်းများ တည်ဆောက်ထားခဲ့ရုံမျှမက တင့်ကားအများစုကိုလည်း အာလမ်အဲလ်ဟဲလ်ဖာ တောင်ကြားတွင်ချထားပြီး ခံစစ်ပြုရန် အသင့်ပြင်ဆင်ထားခဲ့သည်။

ထိုမျှသာမက မောင်ဂိုမာရီသည် အာလမ်အဲလ်ဟဲလ်ဖာတောင်ကြားတွင် တင့်ကားများ ကောင်းမွန်စွာ သွားလာနိုင်ကြောင်း လမ်းအမှတ်အသားပြ မြေပုံအတုတစ်ချပ်ကိုပင် ပြုလုပ်၍ ရွှန်းမဲလ်လက်သို့ရောက်အောင် ကြံစည်ခဲ့လေသည်။

သို့နှင့် ရွှန်းမဲလ်၏ ထိုးစစ်မှာ တိုက်ပွဲသက်တမ်း ၅ နာရီမျှ မပြည့်မီမှာပင် ရှုံးရိပ်သန်းလာလေတော့သည်။ ဤသို့ ၅ နာရီခန့်မျှ ထိုးစစ်ဆင်မိပြီဖြစ်သော်လည်း ရန်သူ့ခံစစ်ကြောင်းရှေ့မှ မြေမြှုပ်ဗုံးခင်းကိုပင် သိမ်းပိုက်နိုင်ခြင်း မရှိသေးသဖြင့် ရွှန်းမဲလ်သည် မိမိအလစ်ဖမ်းမှု မအောင်မြင်ကြောင်း သိရှိလာကာ တိုက်ပွဲကို ခေတ္တရပ်နားထားရန် ဆုံးဖြတ်လိုက်သည်။

သို့သော် ဗိုလ်ချုပ် ဗေယာလိန်းက သဲမုန်တိုင်းကျနေခိုက် အခွင့်ကောင်းယူကာ အာလမ်အဲလ်ဟဲလ်ဖာတောင်ကြားမှ ဗြိတိသျှတပ်များကို တိုက်ခိုက်ရန် အမိန့်ခံလာသဖြင့် ရွှန်းမဲလ်က ခွင့်ပြုလိုက်ရသည်။

သို့တစေ ဗိုလ်ချုပ် ဗေယာလိန်း၏ ကြိုးစားချက်မှာလည်း မအောင်



မြင်ခဲ့ပေ။ ရွှန်းမဲလ်တပ်များသည် အဲလ်အာလမိန်း အရှေ့တောင်ဘက်နှင့် ၁၈ မိုင်ခန့်ကွာလှမ်းသော နေရာအထိသာလျှင် တက်ရောက်နိုင်ခဲ့ကြသည်။

အာလမ်အဲလ်ဟဲလ်ဖာတောင်ကြား၏ အရေးပါမှုကို ရွှန်းမဲလ်သိမြင်သဖြင့် ယင်းနယ်မြေကို သိမ်းပိုက်နိုင်ရန် အစွမ်းကုန် ကြိုးစားခဲ့သည်။

သို့သော် ရွှန်းမဲလ်၏ ကြိုးပမ်းမှုမှာ ရိက္ခာအခက်အခဲများ တွေ့နေရခြင်းကြောင့် တစ်ကြောင်း၊ ဓာတ်ဆီ စက်ဆီ မလုံမလောက်ဖြစ်နေရခြင်းကြောင့်တစ်ကြောင်း၊ အာလမ်အဲလ်ဟဲလ်ဖာမှ ထွက်ပေါက်ကို ပိတ်ဆို့ထားသည့် ဗြိတိသျှတပ်များ၏ ကြံ့ကြံ့ခံနေမှုကြောင့်တစ်ကြောင်း စသည့် အကြောင်းကြောင်းတို့ကြောင့် အချည်းနှီး ဖြစ်ခဲ့ရလေသည်။

ထို့ကြောင့် ရွှန်းမဲလ်သည် အာလမ်အဲလ်ဟဲလ်ဖာကို တိုက်နေရာမှ စက်တင်ဘာလ ၃ ရက်နေ့တွင် ဆုတ်ခွာခဲ့ရလေတော့သည်။ ဤသို့ ရွှန်းမဲလ် ဆုတ်ခွာသည်ကို လိုက်လံတိုက်ခိုက်ခြင်း မပြုရန်နှင့် မိမိ မူလတည်နေရာများ၌ပင် နေမြဲနေရန် မောင်ဂိုမာရီက သူ၏ တပ်များအား အမိန့်ထုတ်လိုက်သည်။

ပင်ပန်းနွမ်းနယ်နေသည့် ရန်သူ့တပ်များအား လိုက်လံမတိုက်ခိုက်ရန် မောင်ဂိုမာရီ အမိန့်ထုတ်ခဲ့သည်မှာလည်း အကြောင်းရှိလေသည်။

ဤသည်မှာ ရန်သူ၏ ဆုတ်ခွာမှုမှာ ရိုးသားသော ဆုတ်ခွာမှုပေလော၊ သို့တည်းမဟုတ် ပရိယာယ်ဖြင့် ဆုတ်ခွာသွားခြင်းပေလောဆိုသည်ကို မဝေခွဲနိုင်ခြင်းကြောင့် ဖြစ်သည်။ ထို့အပြင် မောင်ဂိုမာရီသည် မိမိ၏တပ်များ ရွှန်းမဲလ် ပရိယာယ်ကျော့ကွင်းထဲသို့ သက်ဆင်းမိမှာကိုလည်း အထူးပင် ကြောင့်ကြခဲ့လေသည်။

တစ်ဖန် မိမိ၏ တပ်များသည် ဆုတ်ခွာသွားသော ရန်သူကို ထက်ကြပ်လိုက်၍ ထိုးစစ်ဆင်နိုင်မည့် အရည်အချင်း ရှိမရှိကိုလည်း သေချာစွာ မသိရသေးသည့်အပြင် မိမိလက်ထဲတွင်လည်း အရန်ရိက္ခာလည်းမရှိဖြစ်နေပြီး ဆုတ်ခွာနေသည့် ရွှန်းမဲလ်၏ တပ်များအား ဖွတ်လိုက်၍ ထိုးစစ်ဆင်လျှင် အဆုံးအဖြတ်ပေးနိုင်မည့် အောင်မြင်မှုမျိုးကို ရရှိနိုင်မည် မရရှိနိုင်မည်ကိုလည်း တပ်အပ်သေချာ မခန့်မှန်းနိုင်သောကြောင့် ဖြစ်လေသည်။

တစ်ဖက်တွင်လည်း မောင်ဂိုမာရီသည် မိမိလိုချင်သော အခွင့်အခါ

www.burmeseclassic.com

www.burmeseclassic.com



ကောင်း မကြာမီ ပေါ်ပေါက်လာလိမ့်မည်ဟု ယုံကြည်လျက်ရှိပြီး ယခုအချိန် အတွင်း၌ပင် မိမိဘက်သို့ အလေးသာနေပြီ ဖြစ်သည်ဟု ယူဆထားလေသည်။

ထို့ကြောင့်ပင် မောင်ဂိုမာရီသည် အဆုံးအဖြတ်ပေးမည့် အောင်ပွဲရရှိရေးအတွက် နှိုင်းနှိုင်းချိန်ချိန် သုခမိန်လမ်းစဉ်ကို လိုက်ခဲ့ခြင်း ဖြစ်လေသည်။

ယင်းသို့ ရွှန်းမဲလ်၏ တပ်များ ဆုတ်ခွာစပြုနေသော အချိန်၌ပင် မောင်ဂိုမာရီသည် အောက်ပါသံကြိုးစာတစ်စောင်ကို နန်းရင်းဝန် မစ္စတာချာချီထံသို့ ပေးပို့လိုက်သည်။

> "စက်တင်ဘာလတွင် တိုက်လျှင် နိုင်မည်မဟုတ်၊ အောက်တိုဘာလအထိ စောင့်ဆိုင်းပြီးမှ တိုက်လျှင် ရွှန်းမဲလ်၏ အာဖရိက ကိုးကို အပြတ်အသတ် အနိုင်ရရှိလိမ့်မည်ဟု ကျွန်ုပ် အာမခံသည်၊ စက်တင်ဘာလတွင် တိုက်ရမည်လော"

အင်္ဂလန်ပြည်ရှိ ဗြိတိသျှ စစ်ကက်ဘိနက် အဖွဲ့တွင်လည်း နေ့စဉ်နှင့်အမျှ မဖျှိမအရှေ့ စစ်ရေးနှင့်ပတ်သက်၍ အချေအတင် ပြောဆို ဝေဖန်နေကြရသောအချိန် ဖြစ်သည်။

စစ် ကက်ဘိနက်အဖွဲ့က မော်လတာကျွန်း၏ အရေးကို အထူးစိုးရိမ်နေလေသည်။ မော်လတာကျွန်းတွင် ရိက္ခာ လုံးဝ ပြတ်လုနီးပါးဖြစ်နေပြီး စစ်စလီမှ ဂျာမန် အီတာလျံ လေကြောင်းချီတပ်များ၏ ရန်ကို အထူးစိုးရိမ်နေကြလေရာ စစ်ကက်ဘိနက်အဖွဲ့က ဗိုလ်ချုပ် အဲလ်လစ်ဇင်းဒါးအား ရွှန်းမဲလ်၏ တပ်များကို စက်တင်ဘာအတွင်း ထိုးစစ်ဆင်နိုင်ပါမည်လောဟူ၍ သံကြိုးဖြင့် မေးမြန်းခဲ့သည်။

ထိုအခါ အဲလ်လစ်ဇင်းဒါးသည် စစ်ကက်ဘိနက်အဖွဲ့မှ ရိုက်လိုက်သော သံကြိုးစာကို မောင်ဂိုမာရီလက်သို့ တစ်ဆင့်ကမ်းလိုက်သည်။ မောင်ဂိုမာရီက ပထမအကြိမ် 'မဖြစ်နိုင်သေးပါ၊ ကျွန်ုပ် အသင့် မဖြစ်သေးပါ'ဟု ပြန်ဖြေလိုက်သည်။ မောင်ဂိုမာရီ၏ ဖြေကြားချက်ကို မကျေနပ်သဖြင့် နောက်တစ်ကြိမ် စစ်ကက်ဘိနက်အဖွဲ့က စက်တင်ဘာလအတွင်း တိုက်ရမည်ဟု ဇွတ်အမိန့်ပေးပြန်သဖြင့် အထက်ပါသံကြိုးစာကို မောင်ဂိုမာရီက



မစ္စတာချာချီသို့ ပေးပို့ခဲ့ခြင်း ဖြစ်လေသည်။

မောင်ဂိုမာရီ၏ ပြတ်သားသော အဖြေကြောင့် ဗြိတိသျှ စစ်ကက်ဘိနက်အဖွဲ့လည်း နှုတ်ဆိတ်သွားလေတော့သည်။

မောင်ဂိုမာရီသည် စစ်ကက်ဘိနက်အဖွဲ့ကို ပေးခဲ့သော ကတိအတိုင်း အောက်တိုဘာလတွင် ထိုးစစ်ဆင်နိုင်ရန် ချက်ချင်း ပြင်ဆင်လေသည်။ အဲလ်လစ်ဇင်းဒါးကလည်း မောင်ဂိုမာရီအလိုကျ ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အချုပ်အချယ်မရှိ တာဝန်ပေးပြီး လိုအပ်သောလက်နက်၊ လူသူအင်အား ဖြည့်တင်းမှုများကိုလည်း ပြုလုပ်ပေးလေသည်။

သို့ဖြင့် စက်တင်ဘာလ ၁၅ ရက်နေ့သို့ တိုင်သောအခါ မောင်ဂိုမာရီ၏ လက်ဝယ်တွင် သံချပ်ကာ ကားတပ်မ ၃ တပ်၊ သံချပ်ကာကားတပ်မဟာ ၃ တပ်၊ ခြေလျင်တပ်မ ၇ တပ်၊ အမြောက်ကြီး အလက် ၂၁၀၀ နှင့် တင်ကားစီးရေ ၁၁၁၄ အသင့် ဖြစ်နေတော့သည်။

ရွှန်းမဲလ်ဘက်တွင်မူ သံချပ်ကာကား တပ်မ ၅ တပ်နှင့် အီတာလျံတပ်မ ၇ တပ်သာလျှင် ရှိလေရကား နှစ်ဖက်အင်အားမှာ တစ်ဖက်စောင်းနင်း ဖြစ်နေရလေတော့သည်။

ထိုသို့ မောင်ဂိုမာရီ ပြင်ဆင်နေချိန်တွင် ရွှန်းမဲလ်ကိုယ်တိုင်မှာ မမာမကျန်း ဖြစ်နေပေသည်။ အသားဝါရောဂါကို ကြာရှည်ကြာမြော ဥပေက္ခာပြုထားမိသဖြင့် အသည်းရောင်ရောဂါပင် ကူးစက်လာကာ ထိပ်ကပ်နာလည်း စွဲကပ်လာတော့သည်။

ထို့ကြောင့် ထရပ်ကားထဲတွင်သာ နေနေရပြီး တိုက်ပွဲများတွင် ကိုယ်တိုင်ကိုယ်ကြပ် ဦးစီးကွပ်ကဲမှု မပြုလုပ်နိုင်အောင် ဖြစ်နေရသည်။

ရွှန်းမဲလ်သည် မူသေရေးဆွဲထားသော တိုက်နည်းမျိုးထက် တိုက်ပွဲဖြစ်စဉ်ပေါ်တွင် ကိုယ်တိုင် ကြည့်ရှုဆုံးဖြတ်ရမှ ကျေနပ်သူဖြစ်လေရာ ယခုတိုက်ပွဲတွင် အကြီးအကျယ် တစ်ပန်းရှုံးနေရလေသည်။

သို့သော် ဤသို့ ကားထဲတွင် လှဲနေသော်လည်း ရွှန်းမဲလ်၏ ဆဋ္ဌမအာရုံမှာမူ အလုပ်လုပ်လျက် ရှိနေသောကြောင့် ရန်သူကို အငိုက်မဖမ်းနိုင်မှန်း သိသည်နှင့် တိုက်ပွဲရပ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လေသည်။

ထိုစဉ် ဗြိတိသျှတပ်များက ရွှန်းမဲလ်၏ ဝဲယာ တောင်ပံကို ဖိတိုက်

www.burmeseclassic.com

www.burmeseclassic.com



လာကြ၏။ ပြိုင်ဘက်မရှိ လေကြောင်းစိုးမိုးမှုကို ရရှိနေသော ဘုရင့်လေတပ်မတော်ကလည်း ရွှန်းမဲလ်၏ တပ်များပေါ်သို့ တန်ပေါင်း များစွာသော ဗုံးများကို ဖြုတ်ချနေကြ၏။

ထို့ကြောင့် ရွှန်းမဲလ်၏ တပ်များမှာ အကျအဆုံး များပြားနေပြီး စိတ်ဓာတ်ရေးရာကိုပင် ထိခိုက်စ ပြုနေလေသည်။

မစားရဝခမန်း ကာဘဲလာရီ ကတိပေးခဲ့သော ဓာတ်ဆီများကလည်း ရောက်ရှိမလာ။ ဓာတ်ဆီတင်လာသော သင်္ဘောကြီးနှစ်စင်းကိုလည်း ရန်သူများက လမ်းတစ်ဝက်တွင် နှစ်မြှုပ်လိုက်ကြပြီး တတိယဓာတ်ဆီတင် သင်္ဘောကြီးမှာလည်း တိုပရပ်အထွက်၌ပင် ရန်သူ့တိုပီဒို ထိမှန်နှစ်မြုပ်ခဲ့ရလေသည်။

ကက်ဆဲလ်ရင်း ကတိပြုခဲ့သော လေကြောင်း အကူအညီမှာလည်း အရိပ်အယောင်မျှပင် မတွေ့ရချေ။ ထို့ကြောင့် ရွှန်းမဲလ်သည် မရှောင်မလွှဲသာ တစ်ခုတည်းသော ဆုံးဖြတ်ချက်ကို ချလိုက်ရလေတော့သည်။

ဤသည်မှာ ထိုးစစ်ကိုရပ်၍ ဆုတ်ခွာရန်ပင် ဖြစ်သည်။ သို့နှင့် စက်တင်ဘာလ ၃ ရက်နေ့တွင် အထူးတလည် အားနည်းနေပြီဖြစ်သော ရွှန်းမဲလ်၏တပ်များ ဆုတ်ခွာစ ပြုလေတော့သည်။

ရက်သတ္တ သုံးပတ်ခန့် ကြာသောအခါ ရွှန်းမဲလ်သည် စစ်မှုထမ်းတစ်သက်လုံး ဒဏ်ရာရသည့် အခါမျိုးမှလွဲ၍ မတိုင်ဖူးသော ဆေးခွင့်ကို တိုင်ကြားကာ ဂျာမနီပြည်သို့ ဆေးကုရန် ပြန်ခဲ့ရလေသည်။

ရွှန်းမဲလ် မြောက်အာဖရိကမှ မထွက်ခွာမီ ခံစစ်အစီအစဉ်အတွက် တပ်အနေအထားနှင့် နေရာထားမှုမှအစ အသေးစိတ် ရေးဆွဲ၍ ထားခဲ့သည်။

ထိုအစီအစဉ်တွင် ရွှန်းမဲလ်သည် တစ်ခါမျှ မကျင့်သုံးခဲ့ဘူးသောနည်းဖြစ်သည့် သံချပ်ကာ ကားတပ်များ ခွဲဝေသုံးသောနည်းကို အသုံးပြုခဲ့သည်။

အမှတ် ၁၅ ပန်ဇာတပ်မကို မြောက်အစွန်သို့ ပို့ပြီး အမှတ် ၂၁ ပန်ဇာတပ်မကို တောင်အစွန်သို့ ပို့ထား၏။ ထိုတင့်ကားများသည် ရန်သူစစ်ကြောင်းနှင့် နီးကပ်နေပြီး အုပ်စုကြီးများသဏ္ဌာန်ဖြင့် အကွဲကွဲအပြားပြား



ဖြစ်နေကြသည်။ ယင်းသို့ ရွှန်းမဲလ် အစီအစဉ် ရေးဆွဲရခြင်းမှာလည်း အီတာလျံ တပ်မများကို စိတ်မချခြင်းကြောင့် ဖြစ်ဟန်ရှိသည်။

ရွှန်းမဲလ် တွေးပူမည်ဆိုလျှင်လည်း ပူစရာပင် ဖြစ်ပါ၏။ ရန်သူများက အဘက်ဘက်မှ အမြောက်အလက် တစ်ထောင်ကျော်ခန့်ဖြင့် တရကြမ်း ပစ်ခတ်နေရုံမက လေကြောင်းမှလည်း အဆက်မပြတ် ပစ်ခတ်နေသဖြင့် အီတာလျံများမှာ စစ်တိုက်လိုသော ဆန္ဒများပင် ကြက်ပျောက် ငှက်ပျောက် ပျောက်ပျက်ကုန်ပြီး အလိုလို သွေးလန့်ကာ ကြောက်ဒူးတုန်နေကြသည်။ ဂျာမန်ခြေလျင်တပ်များနှင့် လေထီးတပ်များက ကြားညှပ်ထားခြင်းကြောင့်သာ ထိုမျှ အချိန်ကြာအောင် တောင့်ခံနေနိုင်ခြင်း ဖြစ်သည်။

ရွှန်းမဲလ် ဂျာမနီသို့ရောက်လျှင် ဆေးရုံမတက်မီ ဟစ်တလာနှင့် သွားရောက်တွေ့ဆုံပြီး မိမိ၏ ပန်ဇာတပ်များ အဲလ်လစ်ဖမ်းဒရီးယား မုခ်ဦးသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ တပ်ကူနှင့် ထောက်ပံ့ရေးပြဿနာကို မဖြေရှင်းပေးနိုင်လျှင် ရှေ့ဆက် ထိုးဖောက်နိုင်မည် မဟုတ်ကြောင်း၊ သတင်းပို့ရင်း အာဖရိကကိုး အဓိက ရင်ဆိုင်နေရခြင်းမှာ ဓာတ်ဆီပြဿနာပင်ဖြစ်ကြောင်း၊ ဓာတ်ဆီမရှိလျှင် မည်သည့်အရာကိုမျှ ပြုလုပ်နိုင်မည် မဟုတ်ကြောင်း အစီရင်ခံလိုက်သည်။

ဟစ်တလာကလည်း ရှေးနည်းအတိုင်း ရွှန်းမဲလ်အား မစားရဝခမန်း အားပေးစကားများ ပြောကြားပြီး ၈၈ မီလီမီတာ အမြောက်များ တပ်ဆင်ထားသည့် ရေတိမ်သွားသင်္ဘောများဖြင့် ထောက်ပံ့ရေး အခက်အခဲများကို ဖြေရှင်းပေးမည်ဟူ၍ လည်းကောင်း၊ နောက်ဆုံးပေါ် ကျားတင့်ကားများကိုလည်း ပို့လိုက်မည်ဟူ၍ လည်းကောင်း ကတိများ ပေးခဲ့ပြန်လေသည်။

ရွှန်းမဲလ်သည် ဟစ်တလာကို ယခင်ကများကဲ့သို့ လွယ်လွယ်ဖြင့် မယုံကြည်တော့ဘဲ ဟစ်တလာအား ပြန်လှန်၍ အငြင်းအခုံများ ပြုလုပ်ခဲ့သည်။

ထို့ကြောင့်ပင် ဟစ်တလာနှင့် တွေ့ဆုံပြီး နှစ်ပတ်ခန့်အကြာတွင် သိသိသာသာ ဟစ်တလာ့အပေါ် သံသယစိတ်များ ဝင်လာပြီး ဇနီးသည်လုပ်သူအား 'ဟစ်တလာက ငါ့ကို ကတိပေးတာတွေဟာ ငြိမ်ဆေးတိုက်လို့

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ တူပါတယ်ကွာ'ဟူ၍ တီးတိုးပြောခဲ့ခြင်း ဖြစ်သည်။

ထိုဆွေးနွေးပွဲမှာပင် ဟစ်တလာသည် ရွှန်းမဲလ်အား မြောက်အာဖရိကသို့ ပြန်မပို့ရန် ဆုံးဖြတ်လိုက်ပြီး ရွှန်းမဲလ် ဆေးရုံမှဆင်းလျှင် ယူကရိန်းတောင်ဘက်ရှိ တပ်မတော်စုတစ်ခုကို တာဝန်ယူခိုင်းရန် ရည်ရွယ်ခဲ့လေသည်။

တစ်ဖန် ဟစ်တလာက ရွှန်းမဲလ်အား ဤသို့ ပြောင်းရွှေ့လိုက်ရခြင်းသည် ၎င်း၏ ကျန်းမာရေးအတွက် ဥတုအပြောင်းအလဲ ပြုလုပ်နိုင်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း ပြောဆိုကာ ရွှန်းမဲလ်အား ပြောင်းရွှေ့ရခြင်း၏ ရည်ရွယ်ရင်းအမှန်ကို ဖုံးကွယ်ရန် ကြိုးစားခဲ့ပေသည်။

စင်စစ် ထိုအစီအစဉ်များမှာ ဟစ်တလာ၏ စိတ်ကူးထဲမှ ရည်ရွယ်ချက်များသာ ဖြစ်သည်။

လက်တွေ့တွင်မူ အောက်တိုဘာလ ၂၄ ရက်နေ့ ရွှန်းမဲလ် ဇင်းမားရင်းဆေးရုံတွင် တက်နေစဉ်အတွင်း ဟစ်တလာကိုယ်တိုင် ရွှန်းမဲလ်အား ဖုန်းဆက်၍ မြောက်အာဖရိကသို့ စေလွှတ်ရန် ပြန်ခေါ်ရလေတော့သည်။

ရွှန်းမဲလ် ဆေးရုံတက်ပြီး ကုသခွင့်ရခဲ့သည်မှာ ရက်သတ္တသုံးပတ်ခန့်မျှသာ။

စင်စစ် ရွှန်းမဲလ်သည် မမာမကျန်းဆဲပင် ရှိသေးပြီး သဲကန္တာရထဲသို့ ပြန်သွားနိုင်လောက်အောင် ကျန်းမာရေး အခြေအနေမှာ ကောင်းလှသေးသည် မဟုတ်ပေ။

သို့သော် ရွှန်းမဲလ်သည် ပေးလာသော အမိန့်ကို ငြင်းဆန်ရန် စိတ်မကူးမိ၊ အချစ်တော် အာဖရိက ကိုးအပေါ်တွင်သာ စိတ်ရောက်နေသည်။

နောက်တစ်နေ့နံနက်တွင် ရွှန်းမဲလ်သည် လေကြောင်းဖြင့် ခရီးထွက်ခဲ့ပြီး အီတလီတွင် ခေတ္တရပ်နားကာ ရင်းတဲလင်နှင့် တွေ့ဆုံ၍ ခေတ်ဆိုထောက်ပံ့ရေးပြဿနာများ ဆွေးနွေး၏။

ထိုမှတစ်ဖန် ကရိကျွန်းတွင် ခေတ္တပြန်ဆင်းပြီး နောက်ဆုံး မြောက်အာဖရိက ဌာနချုပ်သို့ ရောက်ခဲ့လေတော့သည်။

သို့သော် ရွှန်းမဲလ်ရောက်ချိန်တွင် စစ်ပွဲမှာ ရှုံးနေပြီဖြစ်သည်။



“အဲအာလမိန်း တိုက်ပွဲဟာ မတိုက်ခင်ကတည်းက ရှုံးနေတာပါဗျာ၊ ကျုပ်တို့မှာ ခေတ်ဆီမှမရှိပဲ”ဟု ဗိုလ်ကရေးမားက ဆိုခဲ့သည်။

ရွှန်းမဲလ် ပြန်ရောက်၍ နှစ်ရက်အကြာတွင် ခွင့်မှပြန်ရောက်လာသော ဗိုလ်ချုပ်ဗေယာလိန်ကလည်း “ရွှန်းမဲလ် ဘာမှ မတတ်နိုင်ရှာတော့ဘူး၊ သူ့အရန်တပ်တွေ အကုန်လုံး တိုက်ပွဲဝင်ပြီးမှ ပြန်ရောက်လာတော့ အခြေအနေ တစ်မျိုးတစ်မည် ပြောင်းလဲနိုင်မယ့် အဆုံးအဖြတ်မျိုးကို မပေးနိုင်တော့ဘူး”ဟု ဆိုခဲ့လေသည်။

ရွှန်းမဲလ်သည် မြောက်အာဖရိကသို့ ရောက်လျှင် ရောက်ချင်းပင် စစ်ရှုံးနေပြီဖြစ်ကြောင်း ရိပ်မိခဲ့ပြီး ၎င်း၏အမြင်ကိုလည်း ဗိုလ်ချုပ်ဗေယာလိန်ကို ထုတ်ဖော်ပြောကြားခဲ့လေသည်။ သို့သော် ယင်းဝန်ခံချက်သည် ရွှန်းမဲလ်အား မတိုက်မီကပင် ရှုံးနေပြီဖြစ်သော စစ်ပွဲကို အဖတ်ဆယ်ရန် အစွမ်းကုန်ကြိုးစားကြည့်လိုမှုကိုမူ မတားဆီးနိုင်ခဲ့ချေ။

မြောက်ဘက်တွင် အမှတ် ၁၅ ပန်ဇာတပ်မသည် အင်အားကောင်းမွန်လှသော ဗြိတိသျှ အမှတ် ၁၀ သံချပ်ကာကားတပ်မ၏ ချေမှုန်းခြင်းကို အလူးအလဲ ခံနေရသည်။

ရွှန်းမဲလ်သည် လူစုကွဲပြီး အသက်မသေဘဲ ကျန်နေသူများကို စုပေါင်းလိုက်ကာ အမှတ် ၂ ပန်ဇာတပ်မကို တောင်ဘက်မှ မြောက်ဘက်သို့ အပြင်းချီစေ၏။

တစ်ဖန် အမှတ် ၉၀ အပေါ့စား မော်တော်ယာဉ် တပ်မသုံးတပ်ကိုလည်း ရှေ့တန်းသို့ မောင်းတင်ထားပြီး ထိုးစစ်ဆင်ရန် ပြင်ဆင်လိုက်သည်။

ထိုပြင်ဆင်မှုများမှာ ရွှန်းမဲလ် မြောက်အာဖရိကသို့ ရောက်လာပြီး နာရီပိုင်းအတွင်းမှာပင် ပြင်ဆင်ခဲ့သော ပြင်ဆင်မှုများ ဖြစ်ပေသည်။ မှန်ကန်သော အမှတ်ကိုလည်း ရုတ်ခြည်း သုံးသပ်နိုင်ခဲ့သည်။

လွန်ခဲ့သော နှစ်ရက်က ရွှန်းမဲလ်သည် ဇင်မာရင်း ဆေးရုံခုတင်ပေါ်တွင် လဲလျောင်းနေခဲ့၏။

ယနေ့ညနေတွင်မူ ရွှန်းမဲလ်သည် နေကို ကျောပေးကာ တင့်ကားအလုံးအရင်းနှင့် တိုက်စစ်ဆင်ရန် တိုက်ရည်ခိုက်ရည်တွင် စိတ်ချရသော နောက်ပါးတော် တပ်မနှစ်တပ်ကို ဦးဆောင်ချီတက်လျက် ရှိနေပေပြီ

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၂ ခုနှစ်ကစ၍ စစ်ဘင်ပုံ စစ်ဆင်နည်း သေနင်္ဂဗျူဟာမှာ အလွန်တရာ ခက်ခဲနက်နဲသောပညာရပ် ဖြစ်လာရသည်။

ရှေးဟောင်း ကတုတ်ကျင်းဗျူဟာမှ ဉာဏ်ကို အလွှာလိုက်သုံး၍ စစ်ပညာသားပါပါဖြင့် တိုက်ခိုက်ရသော သေနင်္ဂဗျူဟာသို့ ကူးပြောင်းခဲ့သည်။

တစ်နည်းဆိုသော် စစ်ဦးနှောက်ဖြစ်သည့် စစ်သူကြီးတစ်ဦးတည်း၏ စေညွှန်ရာ ဆုံးဖြတ်ရာကို စစ်လက် စစ်ခြေများဖြစ်သော စစ်လက်ရုံးများက အထက်မှအောက်၊ အောက်မှ အထက်သို့ အပြန်အလှန် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခွင့် မရဘဲ စက်ရုပ်ကြီးများသဖွယ် လှုပ်ရှားရသော နည်းဟောင်းများမှသည် စစ်လက်ရုံး အသီးသီးညီညွတ်ကြကာ အထက်မှအောက် ဆွေးနွေးညှိနှိုင်း၍ အကောင်းဆုံးနည်းလမ်းများကို ရှာဖွေရွေးထုတ်အသုံးပြုသော အသွင်သို့ ကူးပြောင်းခဲ့ကြခြင်းပင် ဖြစ်သည်။

အဲလ်အာလမိန်း တိုက်ပွဲမှစ၍ နောက်ပိုင်း တိုက်ပွဲများ၌ မောင်ဂိုမာရီ အသုံးပြုခဲ့သည့် စစ်ဆင်နည်းသည် အထက်ပါအတိုင်း ဖြစ်သည်။

မောင်ဂိုမာရီသည် သူ၏ ဦးစီးအဖွဲ့အား အစည်းအဝေးခေါ်ယူ၍ မိမိလုပ်ချင်သည့် အကြံအစည်ကို ဦးစွာ ရှင်းလင်းပြောပြလိုက်သည်။

ဆိုလိုသည်မှာ မည်သည့်နေရာတွင်ရှိသော ရန်သူ၏တပ်ကို တိုက်ခိုက်လိုသည်၊ မည်သည့်လမ်းမှ ချီတက်၍ မည်သည့်အမှတ်ကို သိမ်းပိုက်လိုသည် စသည်တို့ ဖြစ်သည်။

ထိုသို့ မောင်ဂိုမာရီက တင်ပြသောအခါ သူ၏ ဦးစီးအဖွဲ့က စစ်ဆင်မှုအတွက် အသေးစိတ် အစီရင်ခံစာကို ရှုထောင့်အထွေထွေမှ ရေးဆွဲပြီး မောင်ဂိုမာရီအား တင်ပြကြရသည်။

စစ်ဦးစီးအဖွဲ့က တင်ပြသော နည်းလမ်းအမျိုးမျိုးတို့၏ အကျိုးအပြစ်တို့ကိုမူ နောက်တစ်ကြိမ်ခေါ်သော အစည်းအဝေးပွဲတွင် ဆွေးနွေးသည်။ ၎င်းဆွေးနွေးချက်များအနက် ကြိုက်နှစ်သက်ရာ အဖြေကို ရွေးချယ်လိုက်ကြကာ ထိုအဖြေကို စစ်ဆင်ရေးမှုအဖြစ် ချမှတ်လိုက်သည်။

ထို့အပြင် မောင်ဂိုမာရီသည် သူ့တပ်မတော်၏ စစ်လက်ရုံးအသီးသီးမှ တပ်မှူးများကို တစ်ယောက်ချင်း ခေါ်ယူကာ သူသိလိုသော



အရာများကို အသေးစိတ် မေးမြန်းတတ်လေသည်။

ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးတပ်မှူး၊ ထောက်လှမ်းရေးတပ်မှူး၊ အမြောက်တပ်မှူး၊ သံချပ်ကာ တပ်မှူး၊ အချက်ပြ ဆက်သွယ်ရေးတပ်မှူး စသည်တို့အား တစ်ဦးချင်းခေါ်ယူလိုက်ပြီး အမြောက်တပ်မှူးကို "သင့်မှာ အမြောက် ဘယ်နှလက်ရှိသလဲ၊ အမြောက်များကို အချိန် နှစ်နာရီလောက် ဆက်တိုက်ပစ်ရလျှင် အမြောက်ဆန် ဘယ်လောက်ကုန်မလဲ"ဟူ၍ လည်းကောင်း၊ သံချပ်ကာကားတပ်မှူးကို "သင့်မှာ တင့်ကား ဘယ်နှစင်းရှိသလဲ၊ အဲလ်အာလာမိန်းက တိုပရပ်ကို ချီတက်ရလျှင် ဓာတ်ဆီ ဘယ်လောက်ကုန်မလဲ"ဟူ၍ လည်းကောင်း၊ ထောက်ပံ့ရေးတပ်မှူးကို "ရိက္ခာ ဘယ်တော့ထုတ်ပေးနိုင်မလဲ၊ အကယ်၍ စစ်ပွဲမှာ ခန့်မှန်းသည်ထက် ရှည်ကြာမည်ဆိုလျှင် ဘယ်နှရက် ဘယ်နှနှစ်ခန့်ထိ ရိက္ခာထောက်ပံ့နိုင်မလဲ၊ ဘယ်အချိုးနဲ့ ထုတ်ပေးမလဲ"ဟူ၍ လည်းကောင်း၊ ထောက်လှမ်းရေးမှူးကို သင့်ကိုယ်သင် ရန်သူ ဗိုလ်ချုပ်နေရာတွင်ထားပြီး ကျုပ်က ဒီလို တိုက်မယ်ဆိုရင် သင်က ဘယ်လို ပြန်တိုက်မလဲဖြေပါ၊ ဂျာမန်တပ်တွေ ဘယ်နေရာမှာ အင်အား ဘယ်လောက်ရှိနေသလဲ၊ မနေ့က ဂျာမန်တွေ လက်ထဲမှာ အမြောက်ကြီး ဘယ်နှလက်ရှိသလဲ၊ ဒီနေ့ ဂျာမန်တွေလက်ထဲမှာ ဘယ်နှလက် တိုးလာသလဲ၊ ဘယ်နှလက် လျော့သွားသလဲ၊ ရန်သူ့လေတပ်အင်အားအရေအတွက်ကို ပြောပြပါ၊ ရန်သူမှာ တင့်ကားပေါင်း ဘယ်နှစီးရှိသလဲ၊ ရန်သူအင်အားဟာ ဘယ်အချိန်မှာ ဘယ်လောက်အထိ တိုးလာနိုင်မယ်လို့ ထောက်လှမ်းထားသလဲ"ဟူ၍ လည်းကောင်း မေးမြန်းတတ်သည်။

အမေးခံရသူ တပ်မှူးများကလည်း မောင်ဂိုမာရီမေးသမျှကို တိတိကျကျ ပြန်ဖြေကြရသည်။ ညာဝါးဖြီးဖြန်း၍ မရ၊ တပ်မှူးတစ်ယောက်က ညာဝါးဖြီးဖြန်းသည်ကို မောင်ဂိုမာရီ သိရှိလျှင်လည်း ထိုတပ်မှူးမှာ သက်သာခွင့် ရတော့မည် မဟုတ်ပေ။

တပ်မှူးတစ်ယောက် အမှားပြုလုပ်လျှင် လည်းကောင်း၊ အတွက်အချက်များ မှားလျှင်သော်လည်းကောင်း မောင်ဂိုမာရီသိလျှင် အမှားပြုမိသော တပ်မှူးအား ချက်ချင်း ဖြုတ်ပစ်တတ်သည်။

ဤသို့သော သံမဏိစည်းမျဉ်းများကြောင့်ပင် မောင်ဂိုမာရီ၏

www.burmeseclassic.com

www.burmeseclassic.com



လက်အောက်ရှိ စစ်လက်ရုံးအသီးသီး၏ တပ်မှူးတို့မှာ ဒေါင်ဒေါင်မြည်သော လက်ရွေးစင် တပ်မှူးများအဖြစ်သို့ ရောက်ရှိလာရလေတော့သည်။

မောင်ဂိုမာရီသည် စစ်ဆင်မှုအတွက် လုံအပ်သမျှ အချက်အလက်အားလုံးကို စေ့ငစွာ ချိုင့်မိမှသာလျှင် စစ်ဆင်ရေး စီမံကိန်းများ ရေးဆွဲတတ်သည်။ မောင်ဂိုမာရီ၏ အမိန့်များသည် တိုတိုနှင့် လိုရင်းကို အထိအမိဆုံး ပေါ်လွင်အောင် ဖော်ပြနိုင်သည်။

ထို့ကြောင့်လည်း တပ်မတော်တစ်ခုလုံးက မောင်ဂိုမာရီ၏ ဆိုလို ရင်းကို သိရှိနားလည်ကြကာ မိမိတို့ မည်သည့်အရာကို ပြုလုပ်ရမည်ကို လည်းကောင်း၊ မိမိတို့ စစ်သူကြီးတွင် မည်သည့် ရည်ရွယ်ချက်များ ရှိနေသည်ကို လည်းကောင်း၊ အလွယ်တကူ သဘောပေါက်ခဲ့ကြခြင်း ဖြစ်သည်။

ဤသည်တို့မှာ ကြည်းတပ်အတွက် မောင်ဂိုမာရီ ပြင်ဆင်ပုံများ ဖြစ်လေသည်။

လေတပ်နှင့် ပူးပေါင်းစစ်ဆင်မှုတွင်မူ ပို၍ပင် အခက်အခဲ တွေ့ရလေသည်။ လေတပ်ဗိုလ်ချုပ်နှင့် ကြည်းတပ်ဗိုလ်ချုပ်များသည် နှစ်ပေါင်းများစွာကပင် လေတပ်နှင့် ကြည်းတပ် ပူးပေါင်းစစ်ဆင်မှုကို အချေအတင် ငြင်းခုံခဲ့ကြသည်။

လေတပ်ဗိုလ်ချုပ်များက စစ်အောင်နိုင်ရေးအတွက် လေတပ်ကို ကြည်းတပ်နှင့် တွဲဖက်မပေးဘဲ သီးခြားတပ်မတော်အနေဖြင့် စစ်ဆင်သင့်သည်ဟူ၍ အဆိုပြုကြပြီး ကြည်းတပ် ဗိုလ်ချုပ်များကမူ လေတပ်မတော် သီးခြား စစ်ဆင်ခြင်းကို လုံးဝ သဘောမတူကြဘဲ ရုရှား၊ ဂျာမနီနှင့် အမေရိကန်နိုင်ငံများမှ လေတပ်နှင့် ကြည်းတပ်များကဲ့သို့ ပူးပေါင်းစစ်ဆင်သင့်သည်ဟူ၍ လည်းကောင်း၊ အမြောက်တပ်မ၊ သံချပ်ကာ ကားတပ်မ အစရှိသည့် တပ်မတော်များတွင် လေတပ်၊ တပ်ခွဲတစ်ခုစီ တွဲဖက်ထားသင့်ပြီး ၎င်း လေတပ် တပ်ခွဲများသည် ကြည်းတပ် တပ်မှူး၏ အုပ်ချုပ်မှုအောက်တွင် ရှိရမည်ဟူ၍ လည်းကောင်း ဆိုခဲ့ကြသည်။

မောင်ဂိုမာရီ၏ လမ်းစဉ်မှာမူ အလယ်အလတ် လမ်းစဉ် ဖြစ်သည်။

မောင်ဂိုမာရီအနေဖြင့် လေတပ်မတော်ကို ကြည်းတပ်မများတွင် အလီလီစိတ်၍ ခွဲဝေထားခြင်းကို မလိုလားဘဲ အရေးပေါ်လျှင် ပေါ်သလို



လေတပ်အင်အားစု အားလုံးကို တစ်စုတစ်စည်းတည်း အသုံးပြုသင့်သည်ဟု ယုံကြည်ကြသည်။

ဤသို့ အမြဲတမ်း တစ်စုတစ်စည်းတည်း အသင့်ရှိနေရန်နှင့် အရေးကြီးသော နေရာများတွင် အင်အားကုန် အလုံးအရင်းနှင့် အသုံးပြုနိုင်ရန်မှာမူ လေတပ်မတော် ဌာနချုပ်နှင့် ကြည်းတပ်မတော် ဌာနချုပ်တို့သည် သေနင်္ဂဗျူဟာ ဌာနချုပ်တွင် အတူပေါင်း၍ ရုံးစိုက်ရမည်ဟု ယူဆလေသည်။

သို့မှသာလျှင် လေတပ်မတော် ဗိုလ်မှူးချုပ်များနှင့် ကြည်းတပ်မတော် ဗိုလ်မှူးချုပ်များသည် လက်ရည်တစ်ပြင်တည်း ရှိနေမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုတွင် အောင်မြင်မှု ရနိုင်မည်ဟု ဆိုလေသည်။

ယင်း ယုံကြည်ချက်ကြောင့်ပင် မောင်ဂိုမာရီသည် အဲလ်အာလာမိန်းနှင့် အာလမ်အဲလ်ဟဲလ်ဖာ တိုက်ပွဲများ မတိုင်မီ ကြည်းတပ်မတော် ဌာနချုပ်ရှိရာသို့ လေတပ်မတော်ကို ပြောင်းရွှေ့ရုံးစိုက်စေခဲ့သည်။

လေတပ်မတော် ဗိုလ်ချုပ်များအနေဖြင့်လည်း မကြာမီသောအတော အတွင်းကပင် လေတပ်နှင့် ကြည်းတပ်ပူးပေါင်းဆောင်ရွက်ရေး အယူအဆဘက်သို့ စိတ်ယိုင်လာကြသဖြင့် လေတပ်ဗိုလ်ချုပ် ကန်နင်ဂန်းနှင့် တက်ဒါတို့သည် မောင်ဂိုမာရီ၏ အယူအဆကို ခြွင်းချက်မရှိ ထောက်ခံကြပြီး ကြည်းတပ်မတော်နှင့် စိတ်တူသဘောတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုအချိန်မှာပင် မောင်ဂိုမာရီသည် သူမျက်မှောက်ပြုနေရသော ရန်သူကို အာရုံစိုက်၍ အကဲခတ်လျက် ရှိသည်။

မောင်ဂိုမာရီသည် ရန်သူ ဂျာမန်အီတာလျံ ဗိုလ်ချုပ်များ၏ ကိုယ်တစ်ပိုင်းဓာတ်ပုံများကို ၎င်း၏ဌာနချုပ်တွင် ချိတ်ဆွဲထားပြီး ရွှန်းမဲလ်၏ ဓာတ်ပုံကိုမူ အလုပ်စားပွဲပေါ်တွင် ထောင်ထားလေသည်။

ဤနည်းဖြင့် အလုပ်စားပွဲတွင် ထိုင်မိတိုင်း ရွှန်းမဲလ်၏ ဓာတ်ပုံကို မောင်ဂိုမာရီက ကြည့်မိသည်။

သို့ ရွှန်းမဲလ်၏ ဓာတ်ပုံကို မြင်တိုင်းလည်း မောင်ဂိုမာရီသည် မိမိက ဤသို့တိုက်လျှင် ရွှန်းမဲလ်က မည်သို့တိုက်မည်ဟု သူ့ကိုယ်သူ အကြိမ်ကြိမ် အဖန်ဖန် မေးမြန်း၍ အဖြေရှာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရွှန်းမဲလ်၏ ကြီးမားထူထဲသော နှုတ်ခမ်းကို လည်းကောင်း၊ စိတ်ဓာတ် ကြံ့ခိုင်သူတို့တွင် ရှိတတ်သည့် လေးထောင့်စပ်စပ် မေးစေ့ကို လည်းကောင်း မိမိကိုယ်မိမိ အကြွင်းမဲ့ ယုံကြည်သည့်လူမျိုးတွင် ရှိတတ်သည့် ရွှန်းမဲလ်၏ တလက်လက် တောက်ပနေသော မျက်လုံးအစုံကို လည်းကောင်း၊ ကြီးမားလှသည့် ဦးခေါင်းကို လည်းကောင်း စေ့စေ့ကြည့်ရင်း ရွှန်းမဲလ်၏ စိတ်ထဲကိုဝင်၍ စူးစမ်းတတ်သည်။ သူ့ကိုယ်သူ ရွှန်းမဲလ်၏ နေရာတွင်ထား၍ သုံးသပ်တတ်သည်။

ဤသို့ ရွှန်းမဲလ်၏ ဥပဓိရုပ်ကို ကြိမ်ဖန်များစွာ လေ့လာမိသောအခါ မောင်ဂိုမာရီသည် ရွှန်းမဲလ် လုပ်သည့်အလုပ်နှင့် ရွှန်းမဲလ် မလုပ်နိုင်သည့်အလုပ်ကို ခွဲခြားဝေဖန် လာနိုင်လေတော့သည်။ ထို့အပြင် ရွှန်းမဲလ်၏ ပုဂ္ဂိုလ်ရေးသတင်း အတိုအထွာလေးများကိုလည်း စိတ်ဝင်စားစွာ စုဆောင်း၍ ဆက်စပ်ကြည့်တတ်လေသည်။

ဤသို့ အဘက်ဘက်မှအရ လည်းကောင်း၊ ရန်သူတပ်များ၏ တည်နေရာများအရ လည်းကောင်း၊ ညတိုက်ပွဲများ ဆင်နွှဲရန် လိုအပ်သည်ဟူ၍ ဆုံးဖြတ်လိုက်သည်။

ယင်းအခါက မီးမောင်း၊ မီးကျည်များ မပေါ်သေးသဖြင့် ညတိုက်ပွဲများကို လရောင်အားကိုးဖြင့်သာလျှင် ဆင်နွှဲကြရမည်ဖြစ်လေရာ မောင်ဂိုမာရီသည် လဆန်းတစ်ရက်တွင် ညတိုက်ပွဲဆင်နွှဲရန် ဆုံးဖြတ်လိုက်သည်။

လဆန်းရက်ကို ရွေးချယ်လိုက်ရခြင်းမှာမူ မလင်းလွန်း မမှောင်လွန်းသော အလင်းရောင်မျိုးကိုသာလျှင် အလိုရှိသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် မောင်ဂိုမာရီသည် မိမိအလိုရှိသော အလင်းရောင်မျိုးကို ရရှိရန် မည်သည့် နေ့ရက်အထိ စောင့်ဆိုင်းရမည်ကို မိုးလေဝသအရာရှိများနှင့် တိုင်ပင်ရပြန်လေတော့သည်။

မိုးလေဝသဌာနမှ အခါပေးသော နေ့ရက်ကား အောက်တိုဘာလ ၂၃ ရက်နေ့ဟူ၏။

သို့ဖြင့် မောင်ဂိုမာရီသည် ရွှန်းမဲလ်၏ တပ်များအား အောက်တိုဘာလ ၂၃ ရက်နေ့တွင် ထိုးစစ်ဆင်လေတော့သည်။

မောင်ဂိုမာရီ၏ ထိုးစစ်ဒဏ်ကို ရွှန်းမဲလ်၏ တပ်များ မရှုမလှ



ခံလိုက်ရသည်။

သို့သော် အထက်တွင် ဆိုခဲ့သည့်အတိုင်း ဝင်ရိုးတန်း တပ်များဘက်တွင် အဘက်ဘက် ချို့တဲ့နေသဖြင့် မောင်ဂိုမာရီ၏ အောင်ပွဲမှာ အံ့ဖွယ်ကောင်းသော အောင်ပွဲတစ်ရပ်တော့ မဟုတ်ပါပေ။

တစ်ဖန် မောင်ဂိုမာရီ၏ ထိုးစစ်မှာ ရွှန်းမဲလ်၏ ဆေးရုံတက်ခိုက် ဆင်နွှဲခံသော ထိုးစစ်ဖြစ်သဖြင့် ခေါင်းဆောင်ခဲ့သော ရန်သူတပ်ကို တစ်ဖက်စောင်းနင်း အနိုင်ယူလိုက်သော ထိုးစစ်သာလျှင် ဖြစ်လေသည်။

ရွှန်းမဲလ် ဆေးရုံမှ ဆင်းခဲ့ပြီးနောက် ဆင်နွှဲသော ထိုးစစ်မှာလည်း ခြေကုပ်မရမီ ပြိုကွဲသွားခဲ့ရသည်။

နောက်တစ်နေ့တွင် တိုက်ပွဲအသစ် ထပ်မံဆင်နွှဲပြန်သော်လည်း မောင်ဂိုမာရီ၏ အမှတ် ၂ ရိုင်ဖယ်တပ်ပေါင်းနှင့် ဩစတြေးလျတပ်ပေါင်းက ပြန်လှန်ခုခံသဖြင့် ရွှန်းမဲလ်၏ တပ်များ တပ်လန့်ခဲ့ကြပြန်သည်။

ငင်းတိုက်ပွဲနှစ်ပွဲတွင် အစားထိုးရန် မျှော်လင့်ချက်မရှိလောက်အောင်ပင် ရွှန်းမဲလ်ဘက်မှ တင့်ကား အများအပြား ဆုံးရှုံးခဲ့ရသည်။

ထိုနောက် အမှတ် ၉ ဩစတြေးလျ တပ်မက မြောက်ဘက်သို့အဓိက ထိုးဖောက်မှု ပြုလုပ်သောအခါတွင်မူ ရန်သူတပ်များက ရွှန်းမဲလ်၏ တပ်များကို စိတ်ကြိုက် ဝှေ့ခြေသွားခဲ့လေသည်။

ဤသို့ ရွှန်းမဲလ် ထိုးစစ်ကို ချေဖျက်ပြီးသောအခါ မောင်ဂိုမာရီသည် တိုက်နေသော စစ်ဦးကိုနေရာကို ရွှေ့ပြောင်းလိုက်ပြန်ကာ နိုဝင်ဘာလ ၂ ရက်နေ့ အရုဏ်တက်အချိန်တွင် အီတာလျံတပ်များနှင့် ဂျာမန်တပ်များဆုံရာ တောင်ဘက်သို့ မြားဦးလှည့်၍ စစ်ဆင်ပြန်လေသည်။

မောင်ဂိုမာရီ၏ တပ်များက ကိုက် ၄၀၀၀ အလျားရှိသော ရန်သူစစ်မျက်နှာစာကို ထိုးဖောက်ဝင်ရောက်သွားပြီး သံချပ်ကာ ကားတပ်များဆက်ဝင်လာနိုင်ရန် လမ်းထွင်ပေးလိုက်သည်။ သို့သော် သံချပ်ကာ ကားတပ်များ လွယ်လွယ်ကူကူနှင့် ဝင်ရောက်လာနိုင်သည်ကား မဟုတ်ပါပေ။

ဗြိတိသျှ သံချပ်ကာ ကားများ ဖြစ်ရိုးဖြစ်စဉ်အတိုင်း ရွှန်းမဲလ်၏ ကျည်ကာနံ့လန့်ကာ စက်ကွင်းအတွင်းသို့ ကျရောက်မိသွားသဖြင့် အမှတ် ၉ သံချပ်ကာ ကားတပ်ပေါင်းမှ တင့်ကား ၈၇ စီး ပျက်စီးဆုံးရှုံးခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေလျင်တပ်များ ထွင်ထားသည့် မလွယ်ပေါက်အတိုင်း ဆက်ဝင်လာသော အမှတ် ၁ သံချပ်ကာ ကားတပ်မှာမူ ရွှန်းမဲလ်၏ အမှတ် ၂ ပန်ဇာတပ်မက ဆီးကြိုတိုက်ခိုက်သဖြင့် ဝင်မိသမျှနှင့်ပင် ရပ်တန့်လိုက်ရသည်။

"ရန်သူဟာ ဒီတိုက်ပွဲအပေါ်မှာ သူ့ရဲ့ သေရေးရှင်ရေး တည်နေတယ်ဆိုတဲ့ အသိကြောင့် လပေါင်းများစွာ တွေ့ကြုံလေ့ကျင့်ခဲ့တဲ့ ယန္တရားဗျူဟာ နည်းပရိယာယ်အားလုံးကို အိတ်သွန်ဖာမှောက် အသုံးချပြီး တိုက်သွားတာပါပဲ"

ဤကား ရွှန်းမဲလ်အပေါ် ဗြိတိသျှတပ်မှူးတို့ ရှုမြင်ခဲ့ရသော အမြင်ဖြစ်သည်။

မောင်ဂိုမာရီ စစ်ဆင်ရေးမှာ နိဂုံး၏ အစသို့ပင် ရောက်ခဲ့လေပြီ။

ရွှန်းမဲလ်သည် ထိုညဥ့်တွင်ပင် ဆုတ်ခွာရန် ဆုံးဖြတ်လိုက်သည်။ သူ့တွင် ကျန်ရှိနေသေးသော သယ်ယူပို့ဆောင်ရေး ယာဉ်အရေအတွက်များမှာ ဂျာမန်တပ်အားလုံးကို သယ်ထုတ်သွားနိုင်သော အခြေအနေတွင် ရှိနေသေး၏။

ထိုသို့ ဂျာမန်တပ်များကိုသာ ရွေးချယ်တင်သွင်းသွားလျှင်မူ အီတာလျံတပ်များအနေဖြင့် ခြေကျင်ဆုတ်ခွာရမည် ဖြစ်သည်။

တစ်ဖက်တွင်လည်း အီတာလျံ အများအပြားက ခရီးရှည် ခြေကျင်ဆုတ်ခွာရင်း ဘုရင့်လေတပ်မတော်၏ လေကြောင်းတိုက်ခိုက်မှုကို ခေါင်းငုံ့ခံခြင်းထက် လက်နက်ချအညံ့ခံလိုက်ပြီး အေးအေးလူလူ နေရစ်လိုသော ဆန္ဒများ ပြင်းပြနေကြလေသည်။

တပ်များ ဆုတ်ခွာစအချိန် နိုဝင်ဘာလ ၃ ရက်နေ့တွင်မူ ရွှန်းမဲလ်ထံသို့ ဂျာမန်စစ်ဦးစီးအဖွဲ့မှ အမိန့်စာတစ်စောင် ရောက်ရှိလာလေတော့သည်။

ထိုအချိန်တွင် "အဲလ်အာလမိန်ကို နောက်ဆုံးတစ်ယောက် ကျန်သည်အထိ ထိန်းသိမ်းထားရမည်။ တစ်လက်မမျှပင် နောက်မဆုတ်စေရ" ဟူ၍ ပါရှိပြီး အမိန့်စာအဆုံးတွင် အဒေါ့ဖ် ဟစ်တလာဟု လက်မှတ်ရေးထိုးထားလေသည်။

"ကျွန်ုပ် လောလောဆယ် အလိုရှိနေတာက နယ်မြေတွေကို မဖြစ်မနေ ထိန်းသိမ်းထားရမယ်ဆိုတဲ့ အမိန့်စာတွေ မဟုတ်ဘူး၊



အမြောက်တွေ လေယာဉ်ပျံတွေ ဓာတ်ဆီတွေပဲ ဖြစ်တယ်။"

ဤသို့ ရွှန်းမဲလ်က သူ၏ မှတ်တမ်းတွင် ရေးထိုးမှတ်တမ်းတင်ခဲ့သည်။

ရွှန်းမဲလ်သည် ၎င်းအမိန့်စာကြောင့် သူ၏ ပုဂ္ဂိုလ်ရေးကို အစော်ကားခံလိုက်ရသည့်အလား နာကျင်ခြင်း ကြီးစွာ ခံစားလိုက်ရသည်။

ထို့ကြောင့်လည်း အာဖရိကစစ်ပွဲ စတိုက်ခဲ့သည်မှ ယခုနောက်ဆုံးအချိန်အထိ တစ်ကြိမ်တစ်ခါမျှ မဖြစ်ခဲ့ဘူးသော ချီတုံချတုံ စိတ်များ ဖြစ်ပေါ်ခဲ့ရသည်။ မည်သို့ ဆုံးဖြတ်ရမည်ကို မဝေခွဲနိုင်ဘဲ တွေဝေခဲ့ရသည်။

ယခုအချိန်တွင်မူ ရွှန်းမဲလ်သည် ကျန်းမာရေး အခြေအနေကလည်း မကောင်း၊ စစ်ရေး အခြေအနေများကလည်း ရှုံးနိမ့်နေသဖြင့် စိတ်ပန်းလူပန်း ဖြစ်နေပြီး သူ့ဦးစီးများကလည်း ရွှန်းမဲလ်အား ခါတိုင်း ဆက်ဆံရ ခက်ခဲခြင်းမျိုးထက် လွန်ကဲ၍ အဆက်ဆံရ ခက်လာသည်ကို တွေ့နေရသည်။

သို့စဉ်လျက် ရွှန်းမဲလ်သည် စိတ်ပန်းကိုယ်ပန်း ဖြစ်နေရသည့်ကြားမှပင် ဆုတ်ခွာမှုကြီးကို ကျွမ်းကျွမ်းကျင်ကျင် ဆုတ်ခွာနိုင်ခဲ့လေသည်။

ဤအကြိမ် ဆုတ်ခွာရခြင်းသည် ယခင် ဆုတ်ခွာခြင်းမျိုးကဲ့သို့ နောက်မှ တိုက်ခိုက်လာသော ရန်သူများအား နောက်တုံ့ပြန်၍ အနိုင်ယူရန် လမ်းမရှိသော ဆုတ်ခွာခြင်းမျိုး ဖြစ်ပါ၏။

ရွှန်းမဲလ်သည် နောက်ဆုံး ကျန်ရှိသော တပ်များ အားလုံးကို စုစုပေါင်းမှ တပ်မတစ်တပ် ပြန်ဖြစ်ရန် အနိုင်နိုင်စုစည်းရမည့် အခြေအနေသို့ ရောက်ရှိနေပေပြီ။

ရန်သူ၏ ၆၀၀ မျှသော အရေအတွက်ရှိသည့် တင့်ကားများကို ရင်ဆိုင်ရန် သူ့တွင် တင့်ကားစင်းရေ ၈၀ သာ ရှိတော့၏။

မည်သို့ပင်ဖြစ်စေ သူ့တာဝန်မှာ အပျက်အစီးများကြားမှ ရသမျှ အဖတ်ဆယ်ရမည်သာ ဖြစ်သည်။

သင်္ဘောပျက်ကို ဆန်ဆေးပလုံးနှင့် ဆယ်သည်ဟုဆိုစေ တင့်ကားတစ်စင်း ကယ်တင်နိုင်လိုက်လျှင်ပင် ကံကောင်းသည်ဟု ဆိုရမည့် အခါမျိုးပင် မဟုတ်ပါလော။

နိုဝင်ဘာလ ၆ ရက်နေ့ညဥ့်တွင် ပဲကန္တာရကြီး ဓား ရှုံ့ညွှန့်

www.burmeseclassic.com

www.burmeseclassic.com



ကြီးသဖွယ် ပြောင်းလဲစေပြီး ရွှန်းမဲလ်၏ တပ်များအား ဖြတ်တောက်တိုက်ခိုက်ရန် လိုက်လာသော ဗြိတိသျှတပ်များအား မရွေ့လျားနိုင်အောင် ဟန့်တားလိုက်သည့် မိုးကြီး ထိုနေ့က မရွာသွန်းခဲ့လျှင်မူ ရွှန်းမဲလ်တပ်များမှာထရှည်တွင်ပင် အဝိုင်းခံလိုက်ရမည်မှာ သေချာလှပါ၏။

ယခုတိုင်လည်း တောင်းထားသော တပ်ကူများ ရွှန်းမဲလ်ထံသို့ ရောက်မလာသေးပေ။ သို့သော် တူနစ်စီးယားသို့ လေကြောင်းမှ လည်းကောင်း၊ ရေကြောင်းမှလည်းကောင်း ဂျာမန်တပ်သစ်များ ဝင်လာမစဲ တသဲသဲ ဖြစ်နေ၏။

ထိုတပ်များ ရောက်ရှိလာခြင်းမှာ နောင် ၆ လအတွင်း ရန်သူ့လက်ထဲသို့ သုံ့ပန်းအဖြစ် ကျရောက်ရန် ဂျာမန်စစ်ဦးစီးအဖွဲ့က ပို့လိုက်ခြင်းဖြစ်သည်ဟူ၍သာ ဆိုရပေတော့မည်။

စစ်ဦးစီးအဖွဲ့က ရွှန်းမဲလ်အား တိုက်ခိုက်ခဲ့သမျှ ဆေးခါးများထဲတွင် နောက်ဆုံး ရွှန်းမဲလ် သောက်လိုက်ရသော ဆေးခါးမှာ အခါးသီးဆုံး ဖြစ်ပေမည်။

အဘယ်ကြောင့်ဆိုသော် ဂျာမန် စစ်ဦးစီးအဖွဲ့သည် တကယ်လိုအပ်သောအချိန်တွင် အကူအညီပေးရန် မည်မျှ ပျက်ကွက်ခဲ့ပြီး မလိုသောအချိန်တွင် မည်မျှအထိ စွမ်းစွမ်းတမံ အကူအညီပေးနိုင်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

နိုဝင်ဘာလထဲတွင် လေကြောင်းချီ တပ်မနစ်တပ်နှင့် အင်ဂျင်နီယာ တပ်ရင်းတစ်တပ် လေကြောင်းဖြင့် ဝင်ရောက်လာ၏။

ထိုတပ်များ နောက်မှ ဆက်တိုက် ရောက်ရှိလာသော တပ်များမှာ ခြေလျင်တပ်၊ တင့်ကားတပ်၊ အမြောက်တပ်၊ သောင်းပြောင်းထွေလာ တပ်မတစ်တပ်စာ ဖြစ်၏။ ဒီဇင်ဘာလအလယ်တွင် အမှတ် ၁၀ ပန်ဇာတပ်မ ရောက်ရှိလာပြန်၏။

လကုန်ပိုင်းတွင် အမှတ် ၃၃၄ ခြေလျင်တပ်မ တစ်တပ် ထပ်မံရောက်ရှိလာပြန်ပြီး ကရိကျွန်းမှလည်း တပ်မတစ်တပ်ကို ပြောင်းရွှေ့ခေါ်ယူလိုက်ပြန်၏။

ရွှန်းမဲလ်အား ဟစ်တလာ ကတိပြုခဲ့ဖူးသည့် 'ကျား'တင့်ကား



တပ်ရင်းလည်း ရောက်ရှိလာ၏။ ဂိုအာရင်း၏ လက်ရွေးစင်တပ်မကလည်း လမ်းတစ်ဝက်တွင် ရောက်ရှိနေလေပြီ။

ယင်းသို့ဖြင့် ဂျာမန်တပ်ရင်းများအပြင် အီတာလျံ တပ်ပေါင်းများစွာတို့ကို ပို့နေရာ မဟာမိတ်တို့အတွက် သုံ့ပန်းစခန်းကြီးမှာ ချဲ့၍ မဆုံးနိုင်အောင် ဖြစ်စေလေတော့သည်။

ထိုတပ်အင်အား တစ်ဝက်မျှသာ လွန်ခဲ့သော ၆ လက ရွှန်းမဲလ် ရရှိခဲ့လျှင် ကမ္ဘာကိုပင် ခါးစောင်းတင်ခဲ့မည်မှာ သံသယဖြစ်ဖွယ် မလိုပြီ။

ထို့ကြောင့် ရွှန်းမဲလ်၏ တပ်ဆုတ်ပုံကိုလည်းကောင်း၊ အမှတ် ၈ တပ်မတော်၏ စစ်ချီပုံကိုလည်းကောင်း ထက်ကြပ်မကွာ လိုက်လံကြည့်ရှုခြင်းဖြင့် မည်သို့မျှ အကျိုးထူးဖွယ် မမြင်ပြီ။

ရွှန်းမဲလ်သည် အီတာလျံတပ်သား ၂၅၀၀၀၊ ဂျာမန်တပ်သား ၁၀၀၀ နှင့် တင့်ကားစီးရေ ၆၀ ဖြင့် ဖြည်းဖြည်းမှန်မှန် ဆုတ်ခွာခဲ့၏။

ဆုတ်ခွာရာ လမ်းတစ်လျှောက်တွင် မြေမြှုပ်ဗုံးများ ထောင်ခြင်း၊ လမ်းများဖျက်ဆီးခြင်း၊ ထောင်မိုင်းများဆင်ခြင်း စသည့် ရန်သူကို အဟန့်အတားဖြစ်စေမည့် လုပ်ငန်းများကို တွင်တွင်ကျယ်ကျယ်နှင့် ကျွမ်းကျွမ်းကျင်ကျင် ပြုလုပ်သွားခဲ့၏။

ယခုအကြိမ် ဆုတ်ခွာရာတွင် အီတာလျံ တပ်များကို ရှေ့တင်၍ ဆုတ်ခွာခဲ့သဖြင့် ဂျာမန် နောက်ရန်တပ်များမှာ မကြာခဏ ပြင်းပြင်းထန်ထန် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ပေးနေရ၏။

ခြေကုပ်ယူ၍ ရန်သူများကို ခံစစ်ပြုရန် စခန်းကောင်းများ တွေ့ရှိခဲ့သော်လည်း ထိုစစ်စခန်းများကို ထိန်းသိမ်းနိုင်ရန် လူအင်အားမရှိသဖြင့် လက်လွှတ်ခဲ့ရသည်။

ရွှန်းမဲလ် ဆုတ်ခွာစဉ် နောက်မှ ထက်ကြပ်မကွာ လိုက်မတိုက်ခဲ့ခြင်းကြောင့် မောင်ဂိုမာရီအား မိတ်ဆွေရော ရန်သူကပါ 'သတိအလွန်ထားသူ' ဟူ၍ ဝေဖန်ပြောဆိုခဲ့ကြသည်။

"ဗိုလ်ချုပ် ပက်တန်သာ မောင်ဂိုမာရီရဲ့ နေရာမျိုးမှာရှိရင် ကျုပ်တို့ ဒီလောက် လွယ်လွယ်ကူကူနဲ့ လစ်ထွက်နိုင်မှာ မဟုတ်ဘူး"ဟူ၍ ဗိုလ်ချုပ် ဗေယာလိန်က ဝေဖန်ပြောဆိုခြင်းမှာ ရွှန်းမဲလ်နှင့် ပတ်သက်၍မူ "မြေခွေး

www.burmeseclassic.com

www.burmeseclassic.com



အာဖရိကမှာ ရွှန်းမဲလ် အကောင်းဆုံး လုပ်ခဲ့တာကတော့ အဲဒီဆုတ်ခွာမှုကြီးပါပဲ"ဟူ၍ ထုတ်ဖော်ချီးကျူးခဲ့သည်။

သို့သော် မောင်ဂိုမာရီ၏ အမှတ် ၈ တပ်မတော်က ၁၇ ရက်အတွင်း အဲလ်အာလာမိန်းမှ ဘင်ဂါဇီအထိ မိုင်ပေါင်း ၇၀၀ မျှ ချီတက်ခဲ့ပြီး ရွှန်းမဲလ်ကလည်း ဤအကြိမ်တွင် အငေးလား၍ ခံစစ်ပြုခွင့် မရသဖြင့် စစ်သူကြီးနှစ်ဦးစလုံး၏ အရည်အချင်းကို ဝေဖန်ပြောဆိုရန် ခက်ခဲလှပေသည်။

တပ်၏ စွမ်းရည်နှင့် တပ်မှူး၏ စွမ်းရည်ကို စမ်းသပ်ရာတွင် ခရီးရှည်ဆုတ်ခွာမှုကြီးနှင့် စမ်းသပ်ခြင်းထက် အခြားကြီးကျယ်ခက်ခဲသော စမ်းသပ်မှုမျိုး ရှိနိုင်မည် မထင်ပေ။

တိုက်ခိုက်နေရခြင်းမှာလည်း ရန်သူကို အနိုင်ရရှိရန် တိုက်ခိုက်နေရခြင်းမျိုးမဟုတ်ဘဲ ဆုတ်ခွာနိုင်ရုံလောက်ကိုသာပင် အသေအလဲ တိုက်ခိုက်နေရသည်ဟူသော အသိဖြင့် တိုက်ခိုက်ရခြင်းလောက် စိတ်ပျက်အားငယ်ဖွယ်ကောင်းသော အလုပ်မျိုးလည်း ရှိမည် မထင်ပါပေ။

မည်သို့ပင်ဖြစ်စေ သန္တေပါ စစ်သားကြီး ရွှန်းမဲလ်ကမူ ဤနှယ်ကြီးကျယ်ခက်ခဲလှသော စမ်းသပ်မှုကြီးကို ၎င်း၏ ခရီးရှည် ဆုတ်ခွာမှုကြီးဖြင့် အောင်အောင်မြင်မြင် အစမ်းသပ်ခံခဲ့လေပြီ။

ရွှန်းမဲလ်နှင့် မောင်ဂိုမာရီ မည်သူပို၍ ချွန်မွန်သည်ကိုမူ ဤမျှဖြင့် ချိန်ထိုးနိုင်မည် မဟုတ်သကဲ့သို့ ၎င်းစစ်သူကြီး နှစ်ဦးစလုံးသည် တစ်ဦးလျှင် တစ်မျိုးစီ ထူးချွန်သူများ ဖြစ်ကြသဖြင့် ၎င်းတို့နှစ်ဦးတွင်ရှိသည့် အတုယူဖွယ် အရည်အချင်းများကို ထုတ်နုတ်မှတ်သားခြင်းက ပို၍ အကျိုးရှိတန်ရာပေသည်။

ထို့ကြောင့် ၎င်းတို့နှစ်ဦးသည် စွမ်းရည်ပြိုင်ပွဲမှ မှတ်သားဖွယ် အချက်အချို့တို့ကို အောက်တွင် အတိုချုံး၍ ဖော်ပြလိုက်ရပေသည်။ အကျယ်ကိုမူ 'ရွှန်းမဲလ် အပိုင်း(၁)'တွင် ရှုကြပါကုန်။

အဲလ်အာလာမိန်း တိုက်ပွဲတွင် ရွှန်းမဲလ်က မောင်ဂိုမာရီ စတင်၍ တိုက်စစ်ဆင်ရမည်ကို တင်ကြို တွက်ချက်နိုင်ခဲ့သည်။

မောင်ဂိုမာရီကမူ အမှားမခံဘဲ သတိကြီးစွာဖြင့် ထိုးစစ်ဆင်ခဲ့သည်။ ရွှန်းမဲလ်အနေဖြင့် အဲလ်လစ်ဖင်းဒရီးယားကို သိမ်းပိုက်ပြီး ဂရိပြည်အထိ



စစ်ကြောင်းဆန့်ထားနိုင်ခဲ့လျှင် တစ်ဖက်နှင့်တစ်ဖက် ပင်ပန်းကြီးစွာ တိုက်ခိုက်ရမည်ဖြစ်ပြီး စစ်ကာလလည်း ရှည်လျားမည် ဖြစ်သည်။

ယခုမူ ရွှန်းမဲလ်သည် အဲလ်လစ်ဖင်းဒရီးယားကို မသိမ်းပိုက်နိုင်လိုက်ခြင်းကြောင့် လည်းကောင်း၊ အဲလ်ဂျီးရီးယားကမ်းခြေမှ အမေရိကန်တပ်များ တက်လာသည်ကို အဟန့်အတား မပြုလုပ်နိုင်ခြင်းကြောင့် လည်းကောင်း အရှုံးနှင့် နိဂုံးချုပ်ခဲ့ရခြင်း ဖြစ်သည်။

မောင်ဂိုမာရီသည် ရွှန်းမဲလ် စစ်ရှုံးသည့်အချိန်ကို ပို၍ တိုတောင်းသွားအောင် အခွင့်သာပါလျက် ဖိ၍ မတိုက်ခဲ့ပေ။

ရွှန်းမဲလ်နှင့် မောင်ဂိုမာရီတို့သည် တစ်ဦးနှင့်တစ်ဦး စွမ်းရည်ချင်း ထပ်တူထပ်မျှ တူညီသည် မဟုတ်ပေ။

မောင်ဂိုမာရီသည် အုပ်ချုပ်ရေးရာ၊ စစ်မှုရေးရာနှင့် သေနင်္ဂဗျူဟာပိုင်းတွင် သူမတူအောင် တော်ပြီး ရွှန်းမဲလ်ကမူ စစ်ပရိယာယ် အလိမ္မာရာ၌ လည်းကောင်း၊ တပ်သားများကို စိတ်ဓာတ် မြှင့်တင်ပေးရာ၌ လည်းကောင်း၊ စွန့်စားရာ၌ လည်းကောင်း လက်လှမ်းမီရာ လက်နက်၊ ရှိသမျှအင်အားဖြင့် ကျပန်းစစ်ဆင်မှုတွင် သူမတူအောင် ထူးချွန်လေသည်။

မောင်ဂိုမာရီသည် အနေအထိုင် အပြောအဆို ရိုးသား၏။ သူ့အား အရပ်ဝတ် အရပ်စားနှင့် တစ်နေရာတွင် တွေ့လျှင် စစ်သားတစ်ယောက်ဟု မည်သူမျှ ထင်မည်မဟုတ်ပေ။ ရွှန်းမဲလ်သည် ရဲစွမ်းသတ္တိရှိရာ၌ သူရဲဘော့ခံသူတို့၏ ထွတ်ခေါင်ဖြစ်ပြီး သူရသတ္တိဖြင့် ကမ္ဘည်းထိုးခဲ့သူများတွင် ရှေ့ဆုံးမှ ပါဝင်နိုင်ခဲ့သူ ဖြစ်သည်။

မောင်ဂိုမာရီသည် စစ်ပြင်ရာတွင် ရွှန်းမဲလ်ထက် ဇွဲစပ်သေချာပြီး ကိစ္စမြားမြောင်တို့ကို အတိုတောင်းဆုံးသော အချိန်အတွင်း၌ တစ်ပြိုင်နက်ပြီးစီးအောင် စီမံနိုင်စွမ်းရှိသူ ဖြစ်သည်။ အသိပညာ ကြီးမားသည်။ သို့သော် တိုက်ပွဲတွင်မူ ရွှန်းမဲလ်သည် သက်စွန့်ဆံဖျား စွန့်စားရာတွင် လည်းကောင်း၊ 'သစ်မရလျှင် ဝါးပေါင်း'တတ်သည့် ဖြတ်ထိုးဉာဏ်တွင် လည်းကောင်း၊ စစ်ပရိယာယ်၌ ပွန်းတီးလိမ္မာရာတွင် လည်းကောင်း မောင်ဂိုမာရီထက် သာလွန်လေသည်။

မောင်ဂိုမာရီသည် ဆင်ခြင်တုံတရားတွင် လည်းကောင်း၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com



စနစ်ရှိမှုတွင် လည်းကောင်း၊ မိမိအလိုရှိသော အခြေအနေမျိုးကို ဖန်တီးရယူရာတွင် လည်းကောင်း ရွှန်းမဲလ်ထက် ပို၍ ထူးချွန်သည်။

မောင်ဂိုမာရီသည် အသိပညာရှင်ပီပီ နှိုင်းနှိုင်းချိန်ချိန် ရှိသည်။ မည်သည့်အခါမျှ စည်းစနစ်၏ အခြားမဲ့မှ အလုပ်များကို မလုပ်။

တစ်နည်းဆိုသော မပိုင်သော အလုပ်ကို မလုပ်၊ မနိုင်သောဓာတ်ကို မခင်းတတ်ဘဲ ပိုင်မှလုပ်၍ နိုင်မည်ထင်မှ တိုက်တတ်သည်။

ရွှန်းမဲလ်ကမူ စွန့်ဝံ့သူတည်း။ အောင်ပွဲရမည်ဟု ယုံကြည်လျှင် မည်သည့် စွန့်စားမှုမျိုးကိုပင်ဖြစ်စေ၊ သက်စွန့်ဆံဖျား စွန့်စားရန် ဦးမလေးတတ်။ ရှေ့နောက် မြော်ခေါ်စဉ်းစားခြင်းထက် မျက်မှောက်ကို ဦးစားပေး၏။

ဤနှယ် လုပ်ဖွယ်ရှိသော အလုပ်ကို ရှေ့နောက် စဉ်းစားနေခြင်းဖြင့် အချိန်မလင့်စေသောကြောင့်ပင် သူရတို့၏ ရှေ့ဆောင် ဖြစ်ပေသည်။

ရွှန်းမဲလ်သည် မောင်ဂိုမာရီကဲ့သို့ ထောက်ပံ့ရေးနှင့် ရေတပ်အင်အားကို ဂရုမပြုဘဲ စစ်ဆင်တတ်သည်။ စစ်ဆင်တိုင်လည်း ရန်သူအင်အားနည်းသည်များသည်ကို အလေးအနက် စဉ်းစားခြင်းမပြုဘဲ 'ရန်ကို ချုပ်သိမ်းနယ်သုတ်'ဆိုသည့် ရန်သူကို အငိုက်ဖမ်းနိုင်မှု (Principle of surprise) စစ်မူတရားကို အခါခပ်သိမ်း ကျင့်သုံးသူပီပီ ရန်သူကို အလစ်တွင် ပိုင်နိုင်ရန် ကြိုးစားတတ်လေသည်။

"အရေအတွက်သည် သာမည၊ အရည်အချင်းသာ အဓိက"ဟု သတ်မှတ်ယူဆပြီး "အကောင်းဆုံး ခံစစ်သည် တိုက်စစ်သာလျှင် ဖြစ်သည်" ဟု အကြွင်းမဲ့ ယုံကြည်လေသည်။ သို့သော် ရွှန်းမဲလ် လက်အောက်ခံတပ်များမှာ များသောအားဖြင့် အရည်မမီ အသွေးမပြည့်သူ များသောကြောင့် မကြာခဏ အခက်အခဲများနှင့် ကြုံရတတ်ပြီး တိုက်ပွဲတိုင်းမှာလိုလိုပင် ယန္တရားတပ်များကို အဖန်ဖန်အလီလီ ထပ်ကျော့၍ အသုံးပြုခဲ့ရသည်။

ယင်း အခက်အခဲများကြားမှပင် ရွှန်းမဲလ်သည် သူ၏ အံ့မခန်းသော စစ်တပ်များကို ရန်သူရော မိတ်ဆွေပါ မျက်ပြူးဆန်ပျာဖြစ်အောင် ပြသနိုင်ခဲ့ပေသည်။

အမှန်မှာမူ ရွှန်းမဲလ်အား နောက်မှ မီးထိုးပေးရန် မလိုသော်လည်း ချွန်းအုပ်ပေးမည့်သူတော့ လိုပေသည်။ သူမျှော်လင့်သည့် နောက်ပိုင်းမှ



အကူအညီ အထောက်အပံ့များ မရရှိသောအခါများတွင် ပို၍ပင် ချွန်းအုပ်ရန် လိုအပ်လေသည်။

တိုက်ပွဲနိုင်သူဖြစ်၍ စစ်ကိုနိုင်အောင် တိုက်နိုင်သော်လည်း နိုင်တိုင်းမတိုက်ရန် သူ့အား ပညာဉာဏ်ဖြင့် ချွန်းအုပ်မည့်သူ လိုခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ စစ်ကို နိုင်အောင် တိုက်နိုင်သူဖြစ်ပါလျက် စစ်ရှုံးခြင်းမှာမူ ဂျာမန်စစ်အာဏာပိုင်များက သူ့ပေါ်တွင် ပုဂ္ဂိုလ်ရေး မလိုမုန်းထားမှုများ ပွားများခဲ့ကြသဖြင့် သူလိုသောအရာကို သူလိုသောအခါချိန်တွင် မပေးခဲ့ခြင်းကြောင့် ဖြစ်သည်ဟူ၍ပင် ဆိုရပေတော့မည်။

မောင်ဂိုမာရီအနေဖြင့် ချွန်းအုပ်ရန် မလိုပေ။ သူ့နောက်တွင် ချွန်းအုပ်မည့် သူနှင့် မီးထိုးပေးမည့်သူများ ရှိခဲ့သော်လည်း မီးထိုးမခံသကဲ့သို့ ချွန်းအုပ်ခြင်းကိုလည်း မခံခဲ့ချေ။ လက်နက် ခဲယမ်းမီးကျောက် လူသူအင်အား ထောက်ပံ့ဖြည့်တင်းရေးတွင် အခက်အခဲမတွေ့ရဘဲ လိုသမျှ စေ့ငစေခဲ့သည်။

ရွှန်းမဲလ်ဘက်တွင်မူ မည်သည့်အခါမျှ လိုသောအရာ လိုသောအချိန်တွင်မရ။ အကောင်အထည်မပေါ်သော နှုတ်ကတိများသာလျှင် ရခဲ့သည်။

မောင်ဂိုမာရီသည် အန္တရာယ်ရှိမည့်တိုက်ပွဲမျိုးကို မည်သည့်အခါမျှ စွန့်စား၍ မတိုက်၊ နိုင်မည်ထင်မှ တိုက်သည်။

နိုင်လောက်မည့်အချိန်ကိုလည်း စောင့်သည်။ ဤသို့ စိတ်ကြိုက်အချိန်ကို စောင့်ဆိုင်းနိုင်သည့် အခြေအနေမျိုးကိုလည်း ရရှိခဲ့သည်။

(ဥပမာ–နန်းရင်းဝန် ချာချီ၏ စက်တင်ဘာလတွင် တိုက်ရမည်ဆိုသည့် အမိန့်ကို အောက်တိုဘာလရောက်မှ တိုက်မည်ဟု နန်းရင်းဝန်၏ အမိန့်ကို အချိန်ရွှေ့ပြောင်းနိုင်သော အခြေအနေမျိုးဖြစ်သည်။)

ရွှန်းမဲလ်သည် မောင်ဂိုမာရီကဲ့သို့ အချိန်စောင့်ဆိုင်းခြင်းမပြုဘဲ ရှေ့တွင် တိုက်စရာရှိလျှင် ဇွတ်တိုက်ရသည်မှာလည်း သူ့တွင် မောင်ဂိုမာရီကဲ့သို့ နောက်ပိုင်းမှ တပ်ကူသော် လည်းကောင်း၊ အထောက်အပံ့သော်လည်းကောင်း မျှော်လင့်နိုင်သည့် အခြေအနေမျိုး မရှိခဲ့လေရာ အချိန်စောင့်ခြင်းဖြင့် အင်အားပို၍ ပြည့်တင်းလာမည်မဟုတ်ဘဲ ဆုတ်ယုတ်စရာ ရှိလျှင်သာ ဆုတ်ယုတ်မည်ဖြစ်၍ တိုက်ရန်ရှိသော ရန်သူကို လတ်တလော တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်ခဲ့ရခြင်း ဖြစ်လေသည်။

မောင်ဂိုမာရီသည် ခဲယမ်းမီးကျောက်နှင့် စစ်လက်နက်ပစ္စည်းကို လိုသည်ထက် ပို၍ သုံးတတ်သော်လည်း နယ်မြေကိုမူ လောဘတကြီး သိမ်းပိုက်ခြင်းမပြု၊ မိမိထိန်းသိမ်းနိုင်သော နယ်မြေလောက်သာလျှင် သိမ်းယူတတ်သည်။

သဘာဝအကာအကွယ်များကို အခွင့်အရေးယူ၍ တိုက်တတ်ကြပြီး ယင်း သက်မဲ့ပစ္စည်းများ၏ အကာအကွယ်ဖြင့် လူသူလက်နက် အကျအရှုံး နည်းပါးအောင် ကြံစည်တတ်ကြသည်။

ရွှန်းမဲလ်နှင့် မောင်ဂိုမာရီတို့ စွမ်းရည်ပြိုင်သော စစ်တလင်းမှာ ကမ်းရိုးတန်းဒေသဖြစ်၍ စစ်နံများကို စိတ်ကြိုက် ဖြန့်ပြီး တိုက်ခိုက်ခွင့် မရခဲ့ကြသည့်အပြင် သဲကန္တာရဖြစ်သဖြင့် သဘာဝ အကာအကွယ်မဲ့ခြင်း ကြောင့် လည်းကောင်း၊ ဆိပ်ကမ်းမြို့နှင့် မနီးသဖြင့် သယ်ယူပို့ဆောင်ရေး နှင့် ထောက်ပံ့ရေး ခက်ခဲနေရခြင်းကြောင့် လည်းကောင်း စစ်ဆင်မှု ဖင့်နွှဲ ခဲ့ရပြီး စွမ်းရည်ကုန်အောင် တိုက်ခိုက်ခွင့် မရခဲ့ကြပေ။

သဲကန္တာရ ဇာတ်ခုံတွင် ရွှန်းမဲလ်၏ စစ်ပညာသားပါပါ စွမ်းရည် ပြသွားခဲ့သော တိုက်ပွဲများမှာမူ သဲကန္တာရထဲသို့ ရောက်စက ဆင်နွှဲခဲ့သည့် ထိုစစ်သုံးပွဲနှင့် သူ၏ ခရီးရှည် ဆုတ်ခွာမှုကြီးပင် ဖြစ်သည်။

မောင်ဂိုမာရီ၏ အကောင်းဆုံး တိုက်ပွဲမှာမူကား အဲလ်အာလမိန်း တိုက်ပွဲတွင်ပင် ဖြစ်လေသည်။

အကျဉ်းချုံး၍ ဆိုပါမူ စစ်သူကြီးရွှန်းမဲလ်နှင့် စစ်သူကြီး မောင်ဂိုမာရီ တို့သည် တစ်ဦးနှင့်တစ်ဦး စွမ်းရည်၊ စိတ်နေသဘောထား၊ စစ်အမြင်၊ ခံယူချက်၊ စစ်ဆင်မှုရေးရာနှင့် အသုံးပြုသော နည်းပရိယာယ် စသည်များ မတူကွဲပြားကြသော်လည်း နှစ်ဦးစလုံးပင် သမိုင်းဝင်တိုက်ပွဲကြီးများကို ဆင်နွှဲ ကြသည့် ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများဖြစ်ကြပြီး မည်သည့် စစ်ပွဲများကို မဆိုနိုင်အောင် တိုက်ခိုက်နိုင်ကြကြောင်း အကြိမ်ကြိမ် အဖန်ဖန် သက်သေထူ ခဲ့ကြသည့် စစ်ပညာရှင်ကြီးများလည်း ဖြစ်ကြသည် ဟူ၍ပင်။

ရဲဘော်ဖေသန်း

❑

## ဗိုလ်ချုပ်ကြီးနှစ်ဦး၏ စစ်စွမ်းရည် နှိုင်းယှဉ်ချက်

### ရွှန်းမဲလ်

၁။ အန္တရာယ်ကြီးငယ်မဟူ သက်စွန့်ဆံဖျား စစ်ဆင်တတ်သည်။

၂။ စစ်ရေးသာလျှင် အဆုတ်အဆိုင်းမရှိ ဖိစီးတိုက်ခိုက်တတ်ပြီး ပေါ် ပေါက်လာသော အခွင့်အရေးကို စိုးစဉ်းမျှ မကျန်အောင် ယူတတ်သည်။

၃။ စစ်ပရိယာယ်ကြွယ်ပြီး ရဲရင့်သည်၊ မိမိတပ်သားများ ဇာတိစိတ် ဇာတိမာန် တက်ကြွလာအောင် လှုံ့ဆော်ရာတွင် သူမတူအောင် ဖြစ်သည်။

၄။ လျှပ်ပြက်သကဲ့သို့ လျင်မြန်သည်၊ လတ်တလော ဉာဏ်ရွှင်သည်။

၅။ အသိဉာဏ်ရွှင်သူ ဖြစ်သော်လည်း ရှေ့နောက် မျှော်ခေါ် စဉ်းစား ခြင်းမပြု။

၆။ လုံ့လဝီရိယရှိသည်။ သာမန်တပ်သား တစ်ယောက်ထက်ပင် အပင် ပန်းခံနိုင်သည်။ လုပ်ဖွယ်ရှိသော အလုပ်ကို ကိုယ်တိုင်ကိုယ်ကြပ် ပြုလုပ်တတ်သည်။ မိမိလုပ်လိုသောအလုပ်ကို သူတစ်ပါးကို မလုပ်စေသူ ဖြစ်သည်။ အအိပ်အနေ နည်းသည်။

၇။ ကျပန်း စစ်ဆင်မှုတွင် တစ်ဖက်ကမ်းခပ်သည်။ လုပ်သလိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လျှင် ဖြစ်သလို လုပ်နိုင်ရန်အတွက် သစ်မရလျှင် ဝါးပေါင်းကူသည့် နည်းဖြင့် တိုက်ခိုက်တတ်သည်။

၈။ စွန့်ဝံ့သူ ဖြစ်သည်။

၉။ ရန်သူကို အလစ်ဖမ်းနိုင်ရန် အမြဲကြိုးစားတတ်သည်။ ထောက်ပံ့ရေးနှင့် လေတပ်အကူအညီကို ဂရုမပြု။

၁၀။ ထိုးစစ်တွင် ကဝိတစ်ဆူဖြစ်ပြီး ဆုတ်စစ်တွင် တစ်ဖက်ရန်သူကို အထင်မကြီးတတ်သော မဟာမိတ် ဗိုလ်ချုပ်များကပင် လက်ဖျားခါရလောက်အောင် ပါရဂူမြောက်သည်။

၁၁။ မိမိ အရည်အချင်းကို အကြွင်းမဲ့ ယုံကြည်သည်။

၁၂။ အကောင်းဆုံး ခံစစ်သည် ထိုးစစ်သာဖြစ်ကြောင်း ခံယူသည်။

၁၃။ တိုက်ပွဲတစ်ပွဲတွင် ယန္တရားတပ်များသည်သာလျှင် အခရာဖြစ်သည်ဟု ယုံကြည်သည်။

၁၄။ လူသူအင်အားကို အသုံးပြုသည့်အခါ စစ်အောင်နိုင်မှုကိုသာလျှင် ပဓာနထား၍ တိုက်သည်။ သို့သော် မိမိတပ်သားတစ်ယောက် အချည်းနှီး မကျဆုံးစေရန် ဉာဏ်ကို လွှာသုံးတတ်သည်။

၁၅။ သူ၏ လျှပ်တစ်ပြက် ထိုးစစ်ကိုလည်းကောင်း၊ စည်းစနစ် ကျလှသော ဆုတ်စစ်တို့ကို လည်းကောင်း၊ ရုတ်ခြည်း ကူးပြောင်းတတ်သည့် ပြောင်းလဲစစ်တို့ကို လည်းကောင်း ရန်သူရော မိတ်ဆွေပါ ချီးမွမ်းရသည်။

၁၆။ တိုက်ပွဲတွင် အရှိန်အဟုန်ဖြင့် တိုက်တတ်သည်။ တစ်ခါတစ်ရံ အထိန်းအချုပ် လိုတတ်သည်။ သို့သော် ရှေ့သို့ ချီရန်ကိုကား မီးထိုးပေးရန် မလို။

၁၇။ ခဲယမ်းမီးကျောက်၊ လက်နက်ရိက္ခာ လိုအပ်သောအချိန်တွင် လိုသလို မရခဲ့ရသောကြောင့် ချွေတာသည်။

၁၈။ မောင်ဂိုမာရီထက် လေးနှစ်ငယ်ပြီး စစ်မှုထမ်းသက်တမ်း တစ်လျှောက်တွင် စစ်တလင်း၌ တိုက်ခိုက်နေရသော အချိန်က များသည်။

၁၉။ ဇနီးသည်ထံ ညစဉ် ဝတ္တရားမပျက် စာရေးသည်။ သူ့ထံသို့ အပြည်



ပြည်အရပ်ရပ်မှ ပေးပို့နေသော စာများကို စေ့စေ့အောင် စာပြန်တတ်သည်။

၂၀။ စကားကို အချွေအတာဆုံးပြောပြီး များများနားထောင်တတ်သည်။

* * *

## မောင်ဂိုမာရီ

BURMESE CLASSIC .com

၁။ အမှားပြုမိမည်ကို လွန်စွာ စိုးရိမ်ကာ အမှားမရှိအောင် စစ်ဆင်တတ်သည်။

၂။ စစ်ရေးသာသော်လည်း ဖိ၍ မတိုက်တတ်။

၃။ စစ်ဆင်မှုရေးရာ၊ သေနင်္ဂဗျူဟာနှင့် အုပ်ချုပ်ပုံ၊ စုစည်းပုံ၊ စစ်ပြင်ပုံ၊ သေသပ်ပိရိသည်။

၄။ ကိစ္စကြီးမြောင်တို့ကို အတိုတောင်းဆုံး အချိန်အတွင်း တစ်ပြိုင်နက်တည်း ပြီးစီးစေနိုင်သည်။

၅။ အသိဉာဏ် ကြီးသည်။

၆။ လုံ့လရှိသော်လည်း စောစောပဲ အိပ်ရာဝင်တတ်၍ စောစောထတတ်သည်။ မိမိလက်အောက် တပ်မှူးများအား ကျပ်တည်းစွာ စည်းကမ်းလိုက်နာစေပြီး အမှားပြုလျှင် ကြီးလေးစွာ အရေးယူတတ်သည်။

၇။ လွယ်လင့်တကူ မလုပ်တတ်၊ လုပ်လျှင် သပ်ရပ်သည်။ လိုသည့်ပစ္စည်းကိုရမှ တိုက်သည်။ ကြိုက်သည့်အချိန်ရောက်မှ တိုက်သည်။

၈။ သုခမိန်ကဲ့သို့ နူးနူးညံ့ညံ့ ချိန်ချိန် ရှိသည်။ သို့သော် တစ်ခါတစ်ရံ သတိအထား လွန်တတ်သည်။

၉။ မိမိ နိုင်လောက်သည့် အခြေအနေမျိုး ရရှိအောင် အမြဲကြိုးစားတတ်သည်။ ထောက်ပံ့ရေးနှင့် လေတပ်အကူအညီကို အထူးဂရုပြုတတ်သည်။

၁၀။ ခံစစ်မှ ထိုးစစ်အသွင်သို့ အဆင့်ဆင့် ကူးပြောင်းရာတွင် စစ်ဂုဏ်မြောက်အောင် ထူးချွန်သည်။ စစ်ချီ စစ်တက် ပိရိသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၁။ မိမိအရည်အချင်းကို ယုံကြည်ပြီး မိမိလက်အောက် တပ်မှူးများ၏ အရည်အချင်းကိုပါ ယုံကြည်စိတ်ချရသော အဆင့်ရောက်အောင် ပုံသွင်းယူတတ်သည်။

၁၂။ အကောင်းဆုံး တိုက်စစ်ဆိုသည်မှာ ခံစစ်ကို အခြေပြု၍ အဆင့်ဆင့် ကူးပြောင်းတိုက်ခိုက်ခြင်း ဖြစ်သည်ဟု ခံယူသည်။

၁၃။ တိုက်ပွဲတစ်ပွဲတွင် ခြေလျင်တပ်သာလျှင် အခရာ ဖြစ်သည်ဟု ယုံကြည်ပြီး ယန္တရားတပ်များကို ခြေလျင်တပ်များ၏ အကာအကွယ်အဖြစ် အသုံးပြု၍ တိုက်သည်။

၁၄။ လူသူအင်အား ချွေတာနိုင်သမျှ ချွေတာ၍ တိုက်သည်။

၁၅။ ထိုးစစ် တိုက်စစ်၊ လိုက်စစ်ထက် သူ၏ ခံစစ်က ချီးမွမ်းဖွယ် ဖြစ်သည်။

၁၆။ အလောမကြီး၊ အထိန်းအချုပ်မလို၊ မီးထိုးပေးမည့်သူ ရှိသော်လည်း မီးထိုးမခံ။

၁၇။ ခဲယမ်းမီးကျောက်၊ လက်နက်ရိက္ခာ လိုသလောက်တို့ကို ရခဲ့ပြီး လိုသည်ထက် ပို၍ သုံးသည်။

၁၈။ စစ်မှုထမ်း သက်တမ်းတစ်လျှောက်တွင် စစ်ဦးစီးရုံးခန်းများတွင် လည်းကောင်း၊ စစ်တက္ကသိုလ် စစ်ကျောင်းများတွင် လည်းကောင်း ရုံးထိုင်နေရသောအချိန်က များသည်။

၁၉။ စစ်တပ်တွင် တွင်ကျယ်အောင် နေတတ်သည်။ အနေအထိုင် အပြောအဆို၌သာသည်။

၂၀။ ဆင်ခြေဆင်လက် များသည်။

❑

BURMESE CLASSIC .com

## ဘာသာပြန်သူ၏ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

ဦးဖေသန်းသည် ၁၈၃၁ ခုနှစ်တွင် ဟင်္သာတမြို့နေ ရဲမှူးကြီး ဦးသက်ဖေ၊ အမိ ဒေါ်ဒီဒီတို့မှာ မွေးဖွားခဲ့ပါသည်။ တစ်ဦးတည်းသော သား ဖြစ်ပြီး ၁၉၃၆ ခုနှစ်မှစ၍ ဟင်္သာတမြို့ အမျိုးသားကျောင်းတွင် စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့ပါသည်။ ၁၉၄၀ ခုနှစ်တွင် ဟင်္သာတမြို့ အမျိုးသားအထက်တန်းကျောင်း၌ ဆက်လက် ပညာသင်ယူပြီး ၁၉၅၄–၅၅ တွင် တက္ကသိုလ်ဝင်တန်းကို ပြန်လည်တက်ရောက် ဖြေဆို အောင်မြင်ခဲ့ပါသည်။

၁၉၆၁ ခုနှစ်ထိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ဘုတ်အဖွဲ့၌ ရုံးအုပ်တာဝန်အဖြစ် ထမ်းဆောင်ခဲ့ပါသည်။

၁၉၆၂ ခုနှစ်မှ စတင်ပြီး စာပေရေးသားခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ပါသည်။


၁၉၈၂ မှ ၁၉၈၄ ခုနှစ်အထိ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနလက်အောက်ရှိ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနခွဲတွင် လ/ထ စာပေ စိစစ်ရေးဌာနမှူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၈၉ ခုနှစ်အထိ စာပေရေးသားခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ရာ ဘာသာပြန်စာအုပ်ပေါင်း ၆၀ ကျော် ရေးသားခဲ့ပြီး ၁၉၈၉ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေစခန်းမှာ စစ်ထိုင်တိုက်နေလို့
ဘယ် ရေကြောင်းဗိုလ်ချုပ်မှ
ရေကြောင်းတိုက်ပွဲတွေကို နိုင်မယ်မထင်ဘူး။

ရွှန်းမဲလ်

NF0063

5,000.00 KS

www.burmeseclassic.com